

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
နှစ်ပတ်လည်မဂ္ဂဇင်း
၂၀၁၈ ခုနှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

# နှစ်ပတ်လည်မဂ္ဂဇင်း

၂၀၁၈


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

MOPF

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## နှစ်ပတ်လည်မဂ္ဂဇင်း၊ ၂၀၁၈

# မာတိကာ




ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၏ ဥယျာဉ်ခြေ ၈
ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်း၏ နှုတ်ခွန်းဆက်စကား ၉
ဒုတိယဝန်ကြီးဦးဆက်အောင်၏ နှုတ်ခွန်းဆက်စကား ၁၀

**ကာတွန်းကဏ္ဍ**

- ရွှေမင်းသား၊ သစ်ထွဏ်း၊ တင်အောင်နီ၊ မောင်မောင်အောင်၊ ဝင်းအောင်၊ ကိုရွှေထူး(ပြည်)၊ ကလျာဟန် (အာမခံ) ၃၆

**ကဗျာကဏ္ဍ**

- တစ်သွေး .... တစ်သား တစ်ပြည်ထောင် — မအိ — ၁၃
- အစွန်း — မြေလတ်မောင်မြင့်သူ — ၁၄
- ခရီးရှေ့မှာ — မြင်းမူမောင်နိုင်မိုး — ၁၅
- ပြည်ထောင်ကို စည်အောင်အရေးကိုလ — ရွှေဘိုတင်အောင် — ၁၆
- ကော်ဖီဆိုင် — စည်သူငြိမ်း — ၁၇
- စစ်ကြီးထဲမှာ ငါတို့မနေဘူး — ငြိမ်းသစ် — ၁၈
- လူ — မောင်လှမျိုး(ချင်းချောင်းခြံ) — ၁၉
- ညချမ်းတေး — မောင်ညီအေး(ပန်းတော) — ၂၂
- မကွယ်လွန်မီ ရေးလက်စကဗျာ — ညီမင်းညို — ၂၀
- ဖားစည်မြေရဲ့ အရူဏ်သစ် — ကိုနိုင်(ဘားအံ) — ၂၃
- ကကြိုး — ဇော်ဖေ — ၂၄
- တြိလိုင်း — ကိုပေါက် (FRD) — ၂၅
- နင်းပြင်းများ — မင်းဆွေ(ကျောင်းကုန်း) — ၂၆
- အဖေ — လေလွင့်ငှက် — ၂၇
- နိုင်ငံ့ဂုဏ် — မိုး(သရက်) — ၂၈
- ကျွန်မက စာရင်းကောက်ပါမောင် — မေဇလေပ်ဖြူ(ချင်းတောင်တန်း) — ၂၉
- သို့ .... — စလုံး — ၃၀
- သူငယ်ချင်းများ — ရသကျော် — ၃၁
- သဇင်ပြိုင်ဘက် မေ့သက်နှင်းဆီ မလေးကခရေပါ မောင် — မလေးနော် (ပန်းတနော်) — ၃၂







## မှတ်တမ်းစာတိပုံကဏ္ဍ

### ဝတ္ထုကဏ္ဍ


| | | |
|---|---|---|
| မြောက်ပြန်လေ၏ နှုတ်ဆက်တေး | မောင်ကိုဦး | ၅၀ |
| တိုးညင်းပွတ်ရှ ကျီကျီလောင်လောင် အော်သံတစ်ခု | မိချမ်းဝေ | ၉၀ |
| ဖြတ်မျဉ်းတို့၏ ဆုံမှတ်သစ် | မောင်လွင်မွန်(ကသာ) | ၉၈ |
| မေမေ့မျက်ရည် မခန်းခြောက်တော့ပါ | နုမျက်ချယ်(မန္တလေး) | ၁၀၆ |
| မေတ္တာစေတနာ အရှုံးမှာ | နန်းဦးလှိုင် | ၁၂၄ |
| ရန္တပိုမှာ ရှာတဲ့မိုး | မာန်(တောင်လုံးပြန်) | ၁၃၀ |
| ရာစုတို့ နိုင်ငံရဲ့ တံခါးမှူး | ယုဒါ | ၁၅၈ |
| လေးပါးသီလ | လင်းနိုင် | ၁၆၈ |
| ကိုယ်ချင်းစာတရားဖြင့် | ကိုနေမျိုး(ကလေးဝဘဏ်ခွဲ) | ၂၀၆ |
| နာကျင်မှုနဲ့ လွမ်းရရက်များ | ခင်မြတ်ထိုက် | ၂၁၈ |
| ကြေကွဲစရာအိပ်မက်တို့ဖြင့် လူလားမြောက်ခဲ့သော | နှင်းဝေငြိမ်း | ၂၃၄ |





### ဆောင်းပါးကဏ္ဍ


| | | |
|---|---|---|
| တို့များလည်း သူတို့လို | M ကျော်ဝင်း | ၄၄ |
| စီမံဘဏ္ဍာနဲ့ မီဒီယာ | ခင်မောင်ညို (ဘောဂဗေဒ) | ၄၆ |
| လှပသောအနာဂတ်သည် သင့်လက်ထဲမှာ | ချစ်နိုင်(စိတ်ပညာ) | ၇၅ |
| မြန်မာ့စီးပွားတိုးတက်ဖွံ့ဖြိုးမှုအတွက် .... | ဒေါ်ယဉ်ယဉ်မြ | ၈၀ |
| ပီတိအားဖြင့် ပျောက်ပျက်ခဲ့ရသော ချွေးစက်များ | မိုင်းဖြတ်စုပါ | ၈၅ |
| အကောက်ခွန်လုပ်ငန်းများ ပြုပြင်ပြောင်းလဲမှုနှင့် .... | စိုးစိုးလွင် (နိုင်ငံတကာအကောက်ခွန်) | ၈၇ |
| စာရင်းအင်းအချက်အလက်များ ပိုမို.... | ဒေါက်တာဝါဝါမောင် | ၁၁၅ |
| လူနှင့်ငွေ | ကောင်းသန့် | ၁၂၀ |
| အခွန်ပညာပေးခြင်းနှင့် မင်္ဂလာဆောင် | ထင်လင်းကျော် | ၁၄၀ |
| မြန်မာပြည်တွင် လူသိအလွန်နည်းသော ငွေ.... | ဦးခိုင်ဇင်ဝင်း | ၁၄၆ |
| အာဖရိကသို့ အမေရိကန်နှင့် ခရီးသွားခြင်း | သန့်ဇင် (FRD) | ၁၄၈ |
| အရွှေ့အတွက် အားလုံးတွန်းကြစို့ | ရွှေရည်လင်း | ၁၅၀ |
| လုပ်ခ-ဈေးနှုန်း သံသရာ | သန်းဇော် | ၁၅၅ |
| ဒေသဆိုင်ရာအာဏာပိုင်တို့၏ ဘဏ္ဍာရေး | မျိုးမင်းမင်း | ၁၇၇ |
| ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နိုင်ငံခြားအကူအညီ ... | ဒေါက်တာပင်လုံအေး | ၁၇၉ |
| ကျောက်သားကျောက်စိုင်ပမာ | မနှင်းဝေ | ၁၉၀ |
| မျှတ၍ နည်းစနစ်ကျသော ပူးပေါင်းဆောင်ရွက်မှု | ထက်မာန် | ၂၀၀ |
| နိုင်ငံ့ဝန်ထမ်းပင်စင်စနစ်ဖွံ့ဖြိုးတိုးတက်ရေး | ချယ်ရီခင် | ၂၀၅ |
| Beautiful Quotes on Facebook | မြကျောက် | ၂၂၇ |
| မြန်မာနိုင်ငံအခွန်ဆိုင်ရာ မက်လုံးပေးမှုများနှင့် .... | စောသက်စုဝင်း | ၂၂၉ |
| ကမ္ဘာ့တစ်လွှားကျော်ကြားတာတွေ | စန္ဒာကိုကို | ၂၅၀ |
| To Conduct Millennium Development .... | Mai Ester | ၂၅၅ |
| Gate Way to Success | Ommar Lin | ၂၆၀ |
| မြန်မာပြည်ကို တကယ်ချစ်သလား | မောင်မျိုးထွဋ် (ရက္ခဗေဒ) | ၂၆၃ |




## ပြန်လည်ဆန်းသစ်ဂုဏ်ပြုခြင်းကဏ္ဍ


### ကဗျာကဏ္ဍ

- မေတ္တာသုတ် ၁၁
  မင်းသုဝဏ်
- အနိရုဒ္ဓ၏ပုဂံ ၁၂
  တင်မိုး

### ကာတွန်းကဏ္ဍ

- ဦးဘဂျမ်း ၃၃
- ဦးဘထွေး ၃၄
- ဦးဖေသိန်း ၃၅

### ဝတ္ထုကဏ္ဍ

- ငါးရာတမ်း ၆၄
  ရွှေဥဒေါင်း
- ညောင်ဦးကမ်းပါး
  ပြိုသောအခါ ၁၈၄
  ခင်နှင်းယု
- ရိုဆာ ၁၉၆
  မောင်ထွန်းသူ
- တိုမေတ္တာ သီတာဒေဝီ ၂၄၂
  ချစ်ဦးညို


# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မဂ္ဂဇင်း


| | |
|---|---|
| ဦးဆောင်အယ်ဒီတာ | • ဦးကျော်ကျော်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန |
| အုပ်ချုပ်မှုအယ်ဒီတာ | • ဦးကိုမြင့်<br>လက်ထောက်အတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| ဘဏ္ဍာရေးမှူး | • ဦးဌုန်စိန်ဂီ<br>ညွှန်ကြားရေးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန |
| အယ်ဒီတာ | • သန့်ဇင် (FRD) |
| တာဝန်ခံစာတည်း | • နှင်းဝေငြိမ်း |
| မျက်နှာဖုံးဓာတ်ပုံ | • သူရထင်ကျော်မိုး<br>ညွှန်ကြားရေးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန |
| ပုံနှိပ်သူ | • ဦးတင်အောင်ကျော်<br>စွယ်တော်ပုံနှိပ်တိုက် (၀၀၄၁၁)<br>အမှတ် (၁၁၆)၊ ၅၁လမ်း၊<br>ပုဇွန်တောင်မြို့နယ်။ |
| ပန်းချီသရုပ်ဖော် | • ဝင်းသိန်း၊ မောင်နိုး၊ လင်းဝဏ္ဏ |
| ဒီဇိုင်း | • ဟန်မျိုး၊ နိုင်လင်း(စွယ်တော်) |
| အုပ်ရေ | • ၄၀၀၀ |
| တန်ဖိုး | • ၅၀၀၀ |
| ထုတ်ဝေသည့်ကာလ | • ၂၀၁၈ ခုနှစ်၊ ဧပြီလ |
| ထုတ်ဝေဖြန့်ချိရေး | •(၁) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန<br>ရုံးအမှတ် (၂၆)၊ နေပြည်တော်<br>•(၂) ပြည်တွင်းအခွန်များ ဦးစီးဌာန<br>ရုံးအမှတ် (၄၆)၊ နေပြည်တော် |






စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးဆက်အောင်

# ဥယျောဇဉ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ်တွင် လုပ်ငန်းများ ကျစ်လစ်သိပ်သည်းစွာ ဆောင်ရွက်နိုင်ရန် လုပ်ငန်းသဘောသဘာဝချင်း ဆက်စပ်တူညီသည့် ဝန်ကြီးဌာနများကို ပေါင်းစည်းမှု အရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ပြန်လည်ပူးပေါင်း၍ ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုစီးပွား လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငွေကြေးဝန်ဆောင်မှုကဏ္ဍများ၊ ဘဏ်လုပ်ငန်းကဏ္ဍများ၊ ပြည်သူ့ ဘဏ္ဍာငွေ စီမံခန့်ခွဲမှုကဏ္ဍ၊ အခွန်ကောက်စနစ်များ ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်းနှင့် ဘဏ္ဍာ ရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေသည့် ကဏ္ဍ အသီးသီးအတွက် စီမံကိန်းများရေးဆွဲခြင်း၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆက်သွယ်ဆောင်ရွက်ခြင်း လုပ်ငန်းများတွင် မိမိတို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အဓိက အခန်းကဏ္ဍမှပါဝင် ဆောင်ရွက်လျက် ရှိပါသည်။

သို့ဖြစ်ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နှစ်ပတ်လည်အခါသမယမှသည် ရတုအဆက်ဆက်များဆီသို့ ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်သော အစဉ်အဆက်မပြတ် တိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ထိရောက်စွာ အထောက်အကူပြုနိုင်ရေးအတွက် စိတ်ရော ကိုယ်ပါ စွမ်းစွမ်းတမံအားထုတ်၊ ကြိုးပမ်းဆောင်ရွက်သွားကြပါရန် အားပေးတိုက်တွန်း ဆန္ဒပြုလိုက်ရပါသည်။

**ကျော်ဝင်း**

**ပြည်ထောင်စုဝန်ကြီး**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၏
# နှုတ်ခွန်းဆက်စကား

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဖွဲ့စည်းရာ သမိုင်းကြောင်းသည် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း တော်လှန်ရေးကောင်စီတက်လာသည့် ၁၉၆၂ ခု နှစ်မှစတင်ကာ ၁၉၇၂ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့အထိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းဝန်ကြီး ဌာနဟူ၍ သီးခြားစီဝန်ကြီးဌာနများအဖြစ် ဖွဲ့စည်းထားရှိခဲ့ပြီး ဆိုရှယ်လစ်စနစ်တွင် အုပ်ချုပ်မှုပုံစံအရ ၁၉၇၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှ စတင်ပြီး ဝန်ကြီးဌာန ၂-ခုအား ပေါင်းစပ်၍ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန အမည်တစ်ခုတည်းအဖြစ်ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၂/၉၃ ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာနအမည်ကို ပြောင်းလဲသတ်မှတ်ပေးခဲ့ပြန်ပါသည်။ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ နေ့စွဲပါ နိုင်ငံတော်သမ္မတရုံး၏ ကြေညာချက်အမှတ် ၁/၂၀၁၆ ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်းရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ၂-ခုအား ပြန်လည်ပူးပေါင်း၍ ယခု စီမံကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာနဟု ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် အရေးကြီးသော အရေးပါသော အဖွဲ့အစည်းတစ်ခုအဖြစ် ခေတ်အဆက်ဆက်တွင် အုပ်ချုပ်သူအစိုးရများက အစိုးရဖွဲ့စည်းမှုယန္တရားနှင့် လိုက်လျောညီထွေဖြစ်စေရန် စီမံကိန်းကဏ္ဍနှင့်ဘဏ္ဍာရေးကဏ္ဍနှစ်ရပ်ကို သီးခြားစီဖွဲ့စည်းခဲ့ခြင်း၊ ပူးပေါင်းဖွဲ့စည်းခြင်း အစရှိသဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပါသည်။ မည်သို့ပင်ဖွဲ့စည်းထားသည်ဖြစ်စေ စီမံကိန်းကဏ္ဍနှင့် ဘဏ္ဍာရေးကဏ္ဍကို ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရန် စီမံခန့်ခွဲရသည်သာဖြစ်ရာ နိုင်ငံတော်အတွက် အရေးပါသည့်ကဏ္ဍတွင် အစဉ်အမြဲရှိနေပါသည်။ လက်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်တွင် ဦးစီးဌာနနှင့် လုပ်ငန်းများအနေဖြင့် ဌာန ၂၁ ခုဖြင့် ဖွဲ့စည်းထားရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းကဏ္ဍနှင့် ဘဏ္ဍာရေးကဏ္ဍတွင် ကျယ်ပြန့်များပြားလှသည့် လုပ်ငန်းတာဝန်များရှိနေရာ အဆိုပါ ဌာန ၂၁ ဌာနဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်နှင့်အား မမျှသော်ငြား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ကြရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် - နိုင်ငံတကာတွင် အာမခံလုပ်ငန်းများနှင့် အသေးစားငွေရေးကြေးရေး လုပ်ငန်းများကို သီးခြားဘုတ်အဖွဲ့အစည်းတစ်ခုက စီမံခန့်ခွဲလျက်ရှိသော်လည်း လက်ရှိစီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအောက်ရှိ ငွေရေးကြေးရေး စစ်ဆေးရေးဦးစီးဌာနအနေဖြင့်သာ အာမခံလုပ်ငန်းနှင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများကို ကြီးကြပ်စီမံခန့်ခွဲနေရခြင်း၊ စတော့အိပ်ချိန်း လုပ်ငန်းတာဝန်များကိုလည်း လွတ်လပ်သည့် သီးခြားအဖွဲ့အစည်းတစ်ခုဖြင့် ကြီးကြပ်ခြင်း မပြုနိုင်ဘဲ မိမိတို့ဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်စတော့အိပ်ချိန်းရုံးမှ ကြီးကြပ်စီမံခန့်ခွဲ ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များသည် များပြားကျယ်ပြန့်သော သဘောသဘာဝရှိသည့် လုပ်ငန်းတာဝန်များဖြစ်သလို ပြည်သူနှင့်လက်တွေ့ ထိတွေ့ဆောင်ရွက်ရသည့် လုပ်ငန်းတာဝန် အများအပြားလည်း ပါဝင်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူနှင့်အတူဟူသော စေတနာရည်မှန်းချက်၊ ပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်လာစေရေး ရည်မှန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ချမှတ်ထားသည့် ဘဏ္ဍာရေးမူဝါဒများနှင့်အညီ တစ်စိုက်မတ်မတ် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရေးနှင့် နိုင်ငံတော်အကျိုးကို ဆထက်ထမ်းပိုး သယ်ပိုးနိုင်ရေး အစဉ်ကြိုးပမ်းဆောင်ရွက်သွားကြရန် ဝန်ကြီးဌာနအတွင်းရှိ လုပ်ဖော်ကိုင်ဖက် အဆင့်ဆင့်သော နိုင်ငံ့ဝန်ထမ်းများအား တိုက်တွန်းအပ်ပါသည်။

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၏ နှုတ်ခွန်းဆက်စကား

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနှင့် အစိုးရသစ်လက်ထက်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုး တက်ရေး စီမံချက်နှင့် ၎င်းစီမံချက်ကို အကောင်အထည်ဖော်မည့် ဗျူဟာများ၊ လုပ်ငန်းစဉ်များကို အသေးစိတ် ရေးဆွဲထားပြီး ဖြစ်ပါသည်။ နိုင်ငံတကာက သတ်မှတ်ထားသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ၊ ဒေသတွင်းနိုင်ငံများနှင့် အတူ မြန်မာနိုင်ငံက ကတိကဝတ်ပြုထားသော လုပ်ငန်းစဉ်များ၊ နိုင်ငံတော်က ချမှတ်ထားပြီးသော စီးပွားရေးမူဝါဒ ၁၂ ချက် စသည်တို့ကို ပေါင်းစပ်၍ မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ကို ရေးဆွဲထားသည့်အတွက် ၎င်းစီမံချက်တွင် အသေးစိတ်ဖော်ပြထားသည့် ဗျူဟာနှင့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံတကာ၊ ဒေသတွင်းနှင့် နိုင်ငံတော်က ချမှတ်ထားသည့်ပန်းတိုင်များ၊ ကတိကဝတ်များ၊ လုပ်ငန်းစဉ်များကို တစ်ပြိုင်နက် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် စီမံချက်နှင့် စီမံကိန်းများ ဆက်စပ်မှု၊ စီမံကိန်းများ နှင့် ဘတ်ဂျက်လုပ် ငန်းစဉ်ဆက်စပ်မှုတို့ကိုလည်း ပိုမိုအားကောင်းလာစေမည်ဖြစ်ပါသည်။ ထို့အပြင် စီမံကိန်းများနှင့် နိုင်ငံတော်ဗျူဟာများကို တိုက်ရိုက်အကောင်အထည်ဖော်ဆောင်နိုင်မှုနှင့် ပုဂ္ဂလိကလုပ်ငန်းများ ဗျူဟာ မြောက်စီမံကိန်း များတွင် နိုင်ငံတော်နှင့်အတူ ပါဝင်တည်ဆောက် အကောင်အထည်ဖော်ဆောင်နိုင်မှု အတိုင်းအတာကို ပိုမိုမြှင့်တင်နိုင် မည် ဖြစ်ပါသည်။

မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များသည် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ နိုင်ရေး၊ မေခရိုစီးပွားရေးတည်ငြိမ်မှုရရှိရေး၊ ပုဂ္ဂလိက ကဏ္ဍဦးဆောင်နိုင်သော စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများပေါ်ပေါက်စေရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု မြှင့်မားရေး၊ သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှုများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှု အားကောင်းစေရေး စသည့်ပန်းတိုင် များကို အခြေခံ၍ ရေးဆွဲထားသည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှုနှင့် ငြိမ်းချမ်းရေးရရှိမှုစသည့် အချက်များကို ဟန်ချက်ညီ အကောင်အထည်ဖော်နိုင်မည့် စီမံချက်များဖြစ်ပါသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ယခင် မူဝါဒဆိုင်ရာလမ်းညွှန်ချက်များကို ထုတ်ပြန်ခဲ့သော်လည်း ၎င်းလမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်မည့် အသေးစိတ်ဗျူဟာများ၊ လုပ်ငန်းစဉ်များကို ချမှတ်ခြင်း မပြုနိုင်ခဲ့သည့်အတွက် အကောင်အထည်ဖော်ဆောင်မှု အားနည်းချက်များ ရှိခဲ့ပါသည်။ သို့သော် ယခုအချိန်တွင် အကောင်အထည်ဖော်နိုင်ဖို့သာ ရှိပါသည်။ လုပ်ငန်းစဉ်တစ်ခုခြင်း အကောင်အထည်ဖော်ဆောင်နိုင်ရန် စီမံကိန်းများ အသေးစိတ်ဖော်ထုတ်ခြင်း၊ ဦးစားပေးစီမံကိန်းများရွေးချယ်ခြင်း၊ ပုဂ္ဂလိကကဏ္ဍနှင့် ပေါင်းစပ်ဆောင်ရွက်မည့် စီမံကိန်းများ၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့်စီမံကိန်းများ၊ ဖွံ့ဖြိုးမှုအကူအညီဖြင့် ဆောင်ရွက်မည့် စီမံကိန်းများ အမျိုးအစားခွဲ၍ ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းစဉ်များသည် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပုဂ္ဂလိကကဏ္ဍရှိ လုပ်ငန်းများ အကြား ပွင့်လင်းမြင်သာရှိ၍ ကြိုတင်တွက်ဆနိုင်သော ဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်မည်ဖြစ်သည့် အပြင် ဗျူဟာမြောက် စီမံကိန်းကြီးများကို လျင်မြန်စွာအကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း လျှင်မြန်စွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု စီမံချက်ရေးဆွဲထားသည့် အသေးစိတ်ဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့် ၎င်းစီမံချက်ကိုအခြေခံသည့် စီမံကိန်းများကို အင်တိုက်အားတိုက် လျှင်မြန်စွာအကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုက်တွန်းအပ်ပါသည်။




စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးကော်မတီ (၁/၂၀၁၆)
အစည်းအဝေး ကျင်းပခြင်း



အမျိုးသားစီမံကိန်းဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခြင်း

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မှတ်တမ်းဓာတ်ပုံများ



ပုဗ္ဗသီရိဘဏ်ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးမှ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခြင်း



ဂျပန်နိုင်ငံအစိုးရမှ စီမံချက်(၃)ခုအတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာများ
လက်မှတ်ရေးထိုးပွဲ အခမ်းအနား

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မှတ်တမ်းဓာတ်ပုံများ



မော်ဘီမြို့နယ်အတွင်း မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (၂၀၁၇) ကောက်ယူနေမှု



အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲ မှတ်တမ်း



ကုလသမဂ္ဂဖွံ့ဖြိုးမှု အကူအညီမူဘောင်(UNDAF) ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မှတ်တမ်းဓာတ်ပုံများ



မော်ကွန်းပြခန်း (နေပြည်တော်)



Training of Trainers (TOT) on Myanmar Investment Law သင်တန်းကျင်းပခြင်း




ဘဏ်တွင် ATM စက်များထားရှိမှု

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မှတ်တမ်းဓာတ်ပုံများ




Customer များမှ မေးမြန်းမှုများအား 24/7 ဖြေကြားပေးနိုင်မည့် Customer Complaint section ထားရှိမှု



ဝန်ဆောင်မှုပေးသည့်စနစ် (Electronic Queuing System) ဖြင့် ဝန်ဆောင်မှုပေးနေပုံ



ကမ္ဘာ့ဘဏ်မှငွေတိုက်ဦးစီးဌာန၊ ကြွေးမြီစီမံခန့်ခွဲမှုဌာနခွဲရှိ ဝန်ထမ်းများအား ပြည်သူ့ကြွေးမြီခံနိုင်ရည်ရှိမှု လေ့လာဆန်းစစ်ခြင်းဆိုင်ရာသင်တန်း (၁၂-၉-၂၀၁၆ မှ ၁၄-၉-၂၀၁၆ အထိ)

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မှတ်တမ်းဓာတ်ပုံများ



အသစ်ပြင်ဆင်ထားသော ပထမထပ်ရှိ သူတပါးထိခိုက်မှုအာမခံဌာန



အသစ်ပြင်ဆင်ထားသော ပထမထပ်ရှိ သူတပါးထိခိုက်မှုအာမခံဌာန



အသစ်ပြင်ဆင်ထားသော ပထမထပ်ရှိ သူတပါးထိခိုက်မှုအာမခံဌာန

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မှတ်တမ်းဓာတ်ပုံများ



JICA, Two Step Loan ချေးငွေ Pilot Project အဖြစ်
တောင်သူများသို့ စက်ကိရိယာများပေးအပ်ပွဲ



JICA, Two Step Loan ချေးငွေ အစီအစဉ်ဖြင့်
တောင်သူများသို့ စက်ကိရိယာများပေးအပ်ပွဲ
အခမ်းအနား



ညွှန်ကြားရေးမှူး ဦးအောင်မြတ်ကျော်မှ
ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၏ အခြေအနေအား
ပြန်လည် သုံးသပ်တင်ပြနေပုံ




ကမ္ဘာ့ဘဏ်မှကျင်းပပြုလုပ်သည့်
Public Expenditure Review - 2
အလုပ်ရုံဆွေးနွေးပွဲ (၂၀-၇-၂၀၁၇)



ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ
ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား အခွန်ဆိုင်ရာကိစ္စရပ်များ
ရှင်းလင်းဆွေးနွေးစဉ်

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မှတ်တမ်းဓာတ်ပုံများ



၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၉)ရက်နေ့တွင် မင်းကွန်းတောရကျောင်းတိုက်၌
ကျင်းပပြုလုပ်သော ကေဒသမအကြိမ်မြောက် အခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏
ဝါဆိုသင်္ကန်းဆပ်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားသို့
ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်နှင့် ဇနီး တက်ရောက်ခြင်း




အသေးစား ငွေရေးကြေးရေးလုပ်ငန်း
ကြီးကြပ်မှုကော်မတီ (၁/၂၀၁၇)ကြိမ်မြောက်
အစည်းအဝေး



အငြိမ်းစားလစာ(ပင်စင်)လာရောက်
ထုတ်ယူနေသည့် အငြိမ်းစားများအား
သွားရောက်တွေ့ဆုံ




SECM နှင့် IFC တို့အကြား
နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ
အခမ်းအနား



အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ
အမှုများအား ကြားနာစစ်ဆေးဆောင်ရွက်သည့်
မှတ်တမ်းဓာတ်ပုံ



# မေတ္တာသုတ်

ဒေါသဖြစ်၍
ပူခြစ်လောင်တောက်၊ ငါစိတ်ဖောက်သည်
မြွေဟောက်ပါးပျဉ်း နှယ်တကား။

စာပေနှီးနှော၊ စကားပြောက
ဒေါသပြေခဲ့ဖူး၏ သျှင့်။

စာပေကြည့်လျက်၊ ကြံလေ့ကျက်က
အမျက်ပြေခဲ့ဖူး၏ သျှင့်။

ဤတစ်ခါမူ
ပူသည် ဒေါသ၊ ထသည် အမျက်
ထွက်သည် စိတ်ကျန်း၊ မနိုင်စွမ်း၍
အေးချမ်းမေတ္တာ၊ သုတ်ကို နာသော်
ပမာတောက်ညီး၊ တောင်ထက်မီးကို
မိုးကြီးငြိမ်းသို့ ငြိမ်းသည်တည်း။

■ မင်းသုဝဏ်
(၁၁၊ ၈၊ ၆၀)



# အနိရုဒ္ဓ၏ ပုဂံ

အနိရုဒ္ဓ၊ ဒေဝတမန်
ငါနန်းစံသည်
ပုဂံမည်သော နေပြည်တော်။

ကြေးနီအဆင်း၊ မြေတလင်း၌
မင်းမင်းစံတည်၊ ပုဂံပြည်ကား
စေတီမြင့်မြင့်၊ ကြာဖူးပွင့်သို့
အတင့်အတယ်၊ အဖွယ်အရာ
နန်းတော်သာနှင့်
ရောဝတီ၊ သာမောစည်စိမ့်။

ငါ့ပြည်ရပ်ဌာန်၊ ငါ့နိုင်ငံဟု
ပုဂံပြည်သူ၊ ခွန်အားယူ၍
စိုက်ထူခဲ့ချေ၊ ပုဂံမြေကား
ရောဝတီ၊ အစွန့်ရှည်သို့
ဤပြည်ဤမြေ၊ အသရေဖြင့်
ရည်စေသတည်း၊ တည်စေသတည်း။

ပြည်သူတို့လက်၊ ငါ၏လက်ဖြင့်
မြေမျက်နှာပြင်၊ မြကောက်ပင်တို့
ပြုံးရွှင်ကြစေ၊ ရယ်ကြစေလော့။


ယာမြေခရောင်း၊ ဆည်တူးမြောင်းဖြင့်
မြစ်ချောင်းစီးရေ၊ ငါနိုင်းစေအံ့။

ရွှေပင်ဝါဝင်း၊ ပြည်လုံးလင်းအောင်
နတ်မြင်းချွာသံ၊ ပြည်လုံးလျှံအောင်
လှံပျံကိုင်စွဲ၊ ပြည်လုံးရဲအောင်
ကောက်ပဲသီးနှံ၊ နတ်ရေကန်ဖြင့်

သန်သန်စွမ်းစွမ်း၊ အံ့မခန်းဖွယ်
ပြည့်ဝမ်းမောက်လျှံ စေသတည်း။
ငါတို့အားမာန်၊ ငါ့တို့ဉာဏ်ဖြင့်
ဖန်တီးခဲ့သည်၊ ပုဂံပြည်တည့်။
ပုဂံပြည်အား၊ ပုဂံသားတို့
လှံစားကိုင်၍ စောင့်ကုန်လော့။
တရားလည်းဖြောင့် မှားလည်းဖြောင့်၍
စောင့်ရှောက် မြဲကြစေသတည်း။

■ တင်မိုး

(ရှမ၀)(၃၀–၈–၇၅မှာရေး၁၇–၁၂–၇၆မှာပြီး)



# တစ်သွေး ...
# တစ်သား ...
# တစ်ပြည်ထောင်

- တောင်ဇလပ်နီနီ ပွင့်ဝေဆာ
  နွားဒိုပွဲတော် တစ်ခါတစ်ခေါက်
  ချင်းပြည်နယ်ဆီ ရောက်အောင်လာ။
  ဖော်ရွေပျူငှာ "ထန်ကိုမင်း"
  ညီတော် နောင်တော် သွေးရင်းချာ။
- မနောမြေမှာ ဘင်သံလွှမ်းပျော်
  ကချင်ပြည်နယ် လွှမ်းစရာ။
  ခေါင်ရည်ဝါးဆစ် လက်ဆင့်ကမ်းချိန်
  ကြယ်စုံဝင်းပြက် ထိန်ထိန်သာ။
  မျိုးနွယ်ပေါင်းစုံ အရှိန်အဟုန်ကျင်းပ
  ထောင်ကာ ကရင်း မိုးလင်းမှာ။
  ငြိမ်းချမ်းခြင်းသည် ရတနာတစ်ပါးမို့
  မပျက်ပြားဖို့ ထိန်းသိမ်းပါ။

- ကိန္နရာ ကိန္နရီ တူယှဉ်တွဲလို့
  ရှမ်းအိုးစည်တီး ထုံ...ဗေ... ဗေ...။
  ရိုးရာဆိုစကား မေ့မထားဖို့
  ဘိုးဘွားမိဘ မှာဖူးသလေ။
  "တစ်မူးရလို့ တစ်ပဲလှူ
  တို့ရှမ်းတောင်သူ တူနိုင်ရိုးလား"။
  မြူနိုးတဝေဝေ တောင်တွေမှိုင်းပျ
  တိုင်းကမ္ဘောဇ ရှမ်းဌာနေ။


- "ဗျာလ" ရုပ်ပုံ အဆောင်အယောင်ပ
  နောင်... ညီ... ညီမတို့ ရခိုင်မြေ။
  ရှေးရိုးစဉ်အလာ အမွေအနှစ်ကွဲ
  ရင်ခွင်ထွေးပိုက် လိုက်နာစေ။
  လောင်းလှေထဲမှာ ရေအပြည့်ထည့်
  တစ်ပြန်တစ်လှည့်စီ ပက်ကြမယ်လေ။
  အတာသင်္ကြန်ရေ ရခိုင်ယဉ်ကျေးမှု
  အဘုရှေ့တို့ ဂုဏ်ယူနေ။

- "မိချမ်းဝေလေး" မွန်က ကတော့
  ကြည့်မဝ ရှုမဝ ယဉ်စွလေ။
  မြစ်သံလွင်ကို သက်သေထား
  ယဉ်ကျေးမှုများ ဖြန့်ကာဝေ။
  ဘာသာ သာသနာ ရောင်ဖြာလင်းပ
  သာစွ "ရာမည" မွန်တို့မြေ။

- ဒိန်း...ဒိန်း... မြည်အောင် ဖားစည်တီးကြ
  ဒုံးယိမ်းအက ရွှင်မြူးနေ။
  "ဖွဲကပင်" ခေါ် တောင်တောင်ဦးနိုက်
  ဆိုလိုက်... ကလိုက်... မမောပေ။

- တောတောင်ရေမြေ လှုပ်ခါနိုးတော့
  ကောက်ပင်တွေလည်း တိုးပြီလေ။
  တို့ဘိုးဘွားတွေ ပိုင်တဲ့မြေ
  တို့ပြည်၊ တို့မြေ။ ။

■ မအိ




# အဓွန်း

ဘယ်အရာမဆို၏
မင်းတစ်ခု ငါတစ်ခုစိတ် မထားနိုင်သရွေ့
အရိပ်တစ္ဆေခြောက်နေမယ်
သူ့ရှိတာ ငါ့ရှိသလို အပြုံးပွားရင်
နှလုံးသားမှာ
မုဒိတာပန်း အလိုလိုပွင့်တယ်
လောကစံဥယျာဉ်မှာ
ကျွန်းတစ်ပင်ရှင်သန်ဖို့
ပျဉ်းကတိုးတစ်ပင် သတ်ပစ်ရမယ်ဆိုရင်
အဲဒီအနုပညာ ဘယ်လိုရသမြောက်ပါ့မလဲ
ငြိမ်းချမ်းရေးစကား
ငြိမ်းချမ်းရေးတံတား
ငြိမ်းချမ်းရေးတရား
လိပ်ပြာမလုံဘဲ မရနိုင်တဲ့ရတနာ ။

■ မြေလတ်မောင်မြင့်သူ

၁၈-၁၂-၂၀၁၇



# ခရီးရှေ့မှာ

* မိသားတစ်စု၊ ရပ်တည်မှုကို
ရှေးရှုနောင်ရေး၊ ချင့်မျှော်တွေးသော်
ငွေကြေးသပြာ၊ အရေးပါ၏
ကျန်းမာဖို့အရေး၊ ပညာရေးနှင့်
သာရေး နာရေး၊ လူမှုရေးနှင့်
အရေးများစွာ၊ တင့်တယ်ပါအောင်
ဘဏ္ဍာငွေကြေး ပြည့်စုံမှ။
လူ့ရေးလူ့ရာ ဝင်ဆံ့စွ။
စီမံခန့်ခွဲ သုံးစွဲရ။

* မိသားစုများ၊ စုစည်းထားသည့်
တိုင်းကားပြည်ရွာ၊ စည်ပင်သာဖို့
သေချာတွေးကာ၊ အဖြေရှာလည်း
ဘဏ္ဍာငွေက၊ အဓိကတည့်
ရသုံး မှန်းခြေ၊ တွက်ဆလေ၍
ငွေလုံးငွေရင်း၊ ခွဲဝေခြင်းလည်း
ဖြည့်တင်းနုတ်ပယ်
သွယ်သွယ်ထပ်ထပ်၊ မလစ်လပ်အောင်
ကြပ်မဖြည့်ဆည်း၊ အရေးကြီး၏
စီးပွားတိုးမြင့်၊ ပြည့်ဂုဏ်မြင့်ရန်
ထောက်ချင့်ကြံဆ၊ ကြိုးပမ်းရသည့်
ဌာနကြီးမှာ၊ အရေးပါသည်
ဘဏ္ဍာငွေကြေး ပြည့်စုံရေး။
စီမံဆောင်ရွက်အလေးပေး။
တိုင်းပြည်အတွက် ကြံဆောင်တွေး။

* အို…ပြည်သူများ၊ အလေးထား၍
ကြိုးစားဝင်ပါ၊ ကူညီပါလော့
မေတ္တာရစ်သိုင်း၊ သဒ္ဓါလှိုင်းဖြင့်
တိုင်းပြည့်ဘဏ္ဍာ၊ ကြွယ်ဝပါအောင်
ကောင်းစွာကြံတွေး၊ စီမံပေးသည့်
လေးမြတ်မွန်စွမ်း၊ ပြည့်ဝန်ထမ်းတို့
ပွင့်လန်းသင့်မျှ၊ ဖူးပွင့်ကြပြီ
တက်ကြွညီညာ၊ ဝိုင်းဝန်းပါမှ
မြန်မာပြည်ကြီး၊ ခံ့ထည်ဟည်းကာ
ခရီးရှေ့မှာ သာလိမ့်တကား။ ။

■ မြင်းမူ မောင်နိုင်မိုး



# ပြည်ထောင်ကို စည်အောင်အရေးကိုလ

ကိုယ့်နိုင်ငံ ကမ္ဘာ့အမြင်အကြားတွေနဲ့
ဖြိုးခိုင်ရန် နေအင်အားကိုလ
အရပြင်ထားစို့ တူတူညီ။

စီးပွားကုန်သွယ်လို့
နည်းများ အစုံစုံ အမယ်မယ်နဲ့
ကြီးပွားအဟုန် အကျိုးဆက်
တိုးတက် ရှယ်ရည်။

စက်မှုလက်မှုတွေနဲ့
အဖက်ဖက် ယခုအခြေ၌
ဥပဒေအညီ လေးစားပါလို့
အခွန်မရှောင် တံခွန်ထောင်လွှားနိုင်ဖို့
ရိုးသားမှုအခြေတည်
တိုးပွား အချိုးအစားအညီနဲ့ ရှင်းပြီးထုတ်ပြန်ရင်း
ကိုးကား ကြိုးစားမည်ကွဲ့ ရင်းနှီးမြုပ်နှံသွင်း။

ကမ္ဘာနှင့်အညီ
မြန်မာအဆင့်အမှီပေါ်
ပြည်ထောင်ကို စည်အောင်အရေးကိုလ
အလုပ်အကျွေးပြုကာ တိုးပွား၍ မယွင်းရအောင်
မဟုတ်မနေ့းယခုအခါ အကျိုးများစေမင်းရယ်လို့
(အိုကွယ်..) ဘိုးဘွား မြေအရင်းကိုတဲ့
ကြိုးစားဖြည့်တင်း။ ။

■ ရွှေဘိုတင်အောင်




# ကော်ဖီဆိုင်

သူ့နှုတ်ခမ်းပေါ်
ကိုယ့်နှုတ်ခမ်းတင်မိတာနဲ့ကို
ရင်တွေခုန်မိ။

နူးညံ့တဲ့ခါးသက်မှုက
ကိုယ်ထဲစီးဆင်းလာ
တစ်ခန်းလုံး သူ့ကိုယ်နံ့နဲ့မွှေးရော။

■ ညီသူငြိမ်း

# စစ်ကြီးထဲမှာ
# ငါတို့မနေဘူး



- နောက်ခြေလှမ်းရဲ့အစကို
  ကျွန်မတို့ အုတ်မြစ်ချခဲ့ကြတယ်
  သဘောကွဲလွဲမှုတွေကနေ
  ဘုံသဘောတူညီမှုတွေ ရရှိလာဖို့။

- ယဉ်ကျေးတာဟာ ပျော့ညံ့တာမဟုတ်ဘူး
  ညှိနှိုင်းတာဟာ အလျှော့ပေးတာမဟုတ်ဘူး။


- ဒီအလင်းရောင် မှိန်ဖျော့လာမလား
  ပိုပြီးတောက်ပလာမလားဆိုတာက
  ကမ္ဘာကြီးမှာ
  မြန်မာနိုင်ငံရဲ့နေရာကို ပြသလိမ့်မယ်။

- တာတိုခရီးမှာ
  ခွန်အားကြီးသူတွေ အသာရတတ်ပေမယ့်
  တာဝေးခရီးမှာ
  စိတ်ဓာတ်ခိုင်မာသူတွေကပဲ
  အမိကအောင်ပွဲရကြတယ်။

- နိုင်ငံတော်တည်ဆောက်ခြင်းဟာ
  အဆုံးမရှိတဲ့ လုပ်ငန်းစဉ်ပါ
  တစ်ဆင့်ပြီးမြောက်တာနဲ့
  နောက်တစ်ဆင့်ကို စကြရတယ်။

- အမေဟာ ပန်းတိုင်ရှိရာ မဆုတ်မနစ်
  အမေဟာ ငြိမ်းချမ်းရေးဆီ မဆုတ်မနစ်။

■ ငြိမ်းသစ်



# လူ


ကဲ့ရဲ့ချင်သလိုလို
ချီးကျူးချင်သလိုလို
အပြုံးတုတွေကြားမှာ
ငါ, ဘုရားရှိခိုးခဲ့ဖူးတယ်။

ဝေဖန်တာလိုလို
တိုက်ခိုက်တာလိုလို
ဝန်တိုမှုတွေကြားထဲမှာ
ငါ, ကမ္ဘာ့ဌာန်းထိုင်ဖူးတယ်။

ဆုံးမတာလိုလို
သရော်တာလိုလို
အကျိုးအပေါက်
အပြောက်အကြားတွေ …
ကြားထဲမှာ
ငါ, အမှားတွေ လုပ်ဖူးတယ် ။

ငါ့အိမ် ဖိနပ်ချွတ်လောက်တောင်
မရောက်ဘူးခဲ့တဲ့
အဝေးပစ် မြှားတံတွေကြားထဲမှာ
ငါ, လမ်းဆက်လျှောက်တယ်။ ။


■ မောင်လှမျိုး (ချင်းချောင်းခြံ)



# မကွယ်လွန်မီ ရေးလက်စ ကဗျာ


ရက်စွဲတစ်ခုနဲ့ သတင်းစာတစ်စောင်
စားပွဲရှေ့ရောက်လာ
ခါတိုင်းလိုပဲ နောက်ဆုံးစာမျက်နှာရဲ့
အတွင်းဘက်မှာရှိတဲ့
နာရေးသတင်းတွေကို အရင်ဖတ်
ကိုယ့်နာမည်မပါတာ သေချာတဲ့အခါ
သတင်းစာကို ပြန်ချထားပြီး
ရေးလက်စ ကဗျာကို
ဆက်ရေးဖို့ ကြိုးစားရ
ကဗျာရေးတာ
ထမင်းဝတဲ့ အလုပ်မဟုတ်ပေမယ့်
ကြိုးစားရ အားထုတ်ရ
ကဗျာဆရာဘဝက မသေချာ မရေရာပေမယ့်
ကဗျာကိုတော့ သေချာရေရာအောင်
ရေးရ သားရ
ကဗျာဆရာက ဘာမှမဖြစ်နိုင်ပေမယ့်
ကဗျာဆရာ့သား သမ္မတဖြစ်တဲ့ နိုင်ငံမှာ
ကဗျာဆရာတွေနဲ့ သူတို့ရဲ့ကဗျာတွေဟာ
သူတို့ကလေးတွေရဲ့ အနာဂတ်အတွက်
ပို ပို အရေးကြီးလာ
ခုလိုပဲ
အွန်လိုင်းသုံးပြီး ကဗျာရေးနေတုန်း
ဘရိတ်ကင်းနယူးစ် နိုတီ တက်လာ
အမြန်လမ်းမ မိုင်တိုင် တစ်နေရာမှာ
ကားမှောက်တဲ့သတင်းနဲ့အတူ
ယာဉ်မောင်းအပေါ်အဝင် ခရီးသည် ၅ ဦး
အဖိတ်အစင်ရှိတဲ့ သတင်း
ကဗျာ ခဏရပ်ပြီး
အဲဒီခရီး ကိုယ်သွားမသွား ပြန်စဉ်းစားတော့
လက်မှတ်ဝယ်ပြီးမှ မသွားဖြစ်တာသေချာ
အစကတည်းက
ယာဉ်မောင်းဟာ ကိုယ်မဟုတ်တဲ့အတွက်
သေဆုံးသူယာဉ်မောင်းဟာ
ဘယ်နည်းနဲ့မှ ကိုယ်မဖြစ်နိုင်တော့
ခရီးမသွားတာ သေချာတဲ့အတွက်
ပွဲချင်းပြီး သေဆုံးသူ
ခရီးသည် ၅ ဦးထဲက တစ်ဦးဦးဟာလည်း
ကိုယ်မဖြစ်နိုင်တော့
အစစ အရာရာ သေချာတော့မှ
ရေးလက်စကဗျာဆီ အာရုံပြန်ပို့လွှတ်ရ
ဒီလိုပါပဲ
ကဗျာဆရာတွေရဲ့ အနာဂတ်ရ
ဘဝဖြတ်သန်းမှု

လမ်းကြောင်းအထွေထွေကနေ
ခေတ်အဆက်ဆက်
ဘယ်တော့မှ သွေးမတိတ်တဲ့
နာကျင်ဒဏ်ရာ သမိုင်းစာသားတွေ
ထွက်ကျလာ
သွေးနဲ့ရင်းတဲ့ သမိုင်းသစ်ပင်မို့
သွေးနဲ့ပဲ မြေတောင်မြှောက်
သွေးနဲ့ပဲ ပြုစုပျိုးထောင်ရ
သွေးနဲ့ပဲ လက်ဆင့်ကမ်း သယ်ဆောင်ရ
အဲဒီအချိန်
သေခြင်းရဲ့ တံခါးများ တေးသွားနဲ့
တယ်လီဖုန်းသံမြည်လာ
ဘဂ္ဂဒက်မှာ
ကားဗုံး ထပ်မံပေါက်ကွဲတဲ့သတင်း
အထိအရှ အသေအပျောက်
စံချိန်တင်တဲ့သတင်း
သတင်းသမားက ကိုယ့်ထံ
တာဝန်တစ်ရပ်အနေနဲ့ သတင်းဖြန့်ဖြူး
ကိုယ်က
ဘဂ္ဂဒက်ကို
သွေးထွက်သံယို စစ်သားဦးရေ ၄၀၅၅ နဲ့
သံယောဇဉ်ဖြတ် ရပ်တန့်ထားခဲ့သူ



သတင်းသမားရွှတ်ပြတဲ့
သေဆုံးသူတွေရဲ့နာမည်ထဲ
ကိုယ့်နာမည် ပါ မပါ
စိတ်ရှည် လက်ရှည် မေးရ မြန်းရ စုံစမ်းရ
နာမည်မပါတာ သေချာမှ ကဗျာကို ပြန်ကိုင်ရ
ပြန်ချိတ်ရ ပြန်တွေးရ
လူတွေဟာ
တန်ဖိုးကြီးကြီး ဂုဏ်သိက္ခာရှိရှိ
ကျော်လွန်ပြီးမြောက်ရမယ့်
သေခြင်းတရားကို
ဘာလို့များ
ခပ်ပေါပေါ ခပ်ချာချာ အလွယ်တကူ
အဆုံးသတ်ချင်ကြတာပါလိမ့်
လူတွေဟာ အရသာရှိရှိ ဖြတ်သန်းကုန်လွန်ရမယ့်
သေခြင်းတရားကို
ဘာလို့များ
ဟင်းရွက်ကန်စွန်းလို
တန်ဖိုးနည်း
သဘောထားချင်ကြတာပါလိမ့်
ရုတ်တရက် ကြေးစည်ထုသံနဲ့အတူ
တညီတညာတည်း ပေါ်ထွက်လာတဲ့
သံဝေဂရေရွတ်သံတွေ
ဝမ်းနည်းပူဆွေးသံတွေ
အားပေးစကားတွေ
နာမည်ကို အော်ပြီးခေါ်လိုက် တ,လိုက်တဲ့
အသံတွေ
ကွယ်လွန်သူရဲ့နာမည်ဟာ
ခုချိန်အထိ
ကိုယ်မဟုတ်သေးတာနဲ့ပဲ
ခါးကိုမတ်မတ်ထား အသက်ကိုပြင်းပြင်းရှူပြီး
ရေးလက်စကဗျာကို ကောက်ကိုင်လိုက်ရ
လူ့ဘဝရဲ့ ဒဏ်ရာဒဏ်ချက်များနဲ့

■ ညီမင်းညို



# ညချော့တေး

နွေမဦးခင်
ပိတောက်တို့ အပွင့်စော

မပျော်တစ်ဝက်
ပျော်တစ်ဝက်နဲ့
အိပ်မက်လမ်းမှာ တမ်းတ၍ပြော။

ညမခူးခင်
ငွေလရောင် အရောက်စော

အလွမ်းမဖူးခင်
သူ့အနမ်းနဲ့ ပင့်သက်မော

မျှော်လင့်ဆုခြွေ
ကြယ်တွေကြွေတုန်း
နှလုံးစိတ်ဝမ်း လွမ်းတ၍ပြော။

■ မောင်ညီုအေး (မန်းတော)



# ဖားစည်မြေရဲ့ အရုဏ်သစ်

သောင်ရင်း ခေါ် မိုးအိ
သင်သိခဲ့တယ်
ညီအစ်ကိုတွေ အချင်းချင်း
သတင်းများတွေကြောင့်
ရန်ဖြစ်ခဲ့တာ

သောင်ရင်း ခေါ် မိုးအိ
သင်သိခဲ့တယ်
နှစ်ကြာရှည် ရန်ပွဲမှာ
သွေးအသက်တွေ ပြုန်းတီး
နှလုံးသားတွေ မီးသင့်ခဲ့တာ

သောင်ရင်း ခေါ် မိုးအိ
သင်တွေ့ရပြီ
သံသယတွေ ချေဖျက်
ငြိမ်းချမ်းတဲ့ မနက်ခင်းမှာ
ညီအစ်ကိုတွေ လက်တွဲ
နေ့သစ်ထဲ အတူသွားကြတာ

တောင်မင်း ဖွဲ့ကပင်
ဝန်းကျင်ကို မျှော်ကြည့်ပါ
စက်မှုဇုန်၊ မြို့ပြသစ်
ဓာတ်အားစနစ်နဲ့ စီမံကိန်းတွေ

ရွှေရင်မျှော်ကို ဦးပန်
သံလွင်ရဲ့အားမာန်
ပြန်နိုးထမယ့် အချိန်တွေ။

ဒေါနတောင်သခင်
ဝန်းကျင်ကို မျှော်ကြည့်ပါ
ကုန်သွယ်မှု၊ စီးပွားဇုန်
အရှိန်အဟုန်ပြည့် တိုးတက်မှုနဲ့
သင့်ရင်ခွင်ကို ဖြတ်သန်း
ချောမွေ့တဲ့ အာရှလမ်းတွေ

သောင်ရင်း ခေါ် မိုးအိ
သင်သိရမယ်
ပြန်လာမယ့် ကလေးတွေနဲ့
ပျော်နေမယ့် မိဘအိုတွေ
ပြန်ဆုံမယ့် နှစ်ကူးရဲ့
မိဖုးယော် ပွဲတော်တွေ
ပြန်ဆုံမယ့် မောင်မယ်တွေရဲ့
ဝါခေါင်ချိန် လက်ချည်ပွဲတွေ

သောင်ရင်း ခေါ် မိုးအိ
သင်နားထောင်ကြည့်
တို့မြေရဲ့ ကောင်းကင်ယံ
ဖားစည်သံ တဖန် ဟိန်းတော့မယ်။

■ **ကိုနိုင် (ဘားအံ)**

မိဖုးယော် - ကရင်ရိုးရာ စပါးစောင့်နတ်သမီး



# ကကြိုး


ခန္ဓာကျစ်လျစ် ဝင်းဝါသွယ်လျ
ရှန်းလဲ့မျက်လုံး ညို့ရစ်ခွေပြုံး
တောင်စဉ်မျက်ခုံး ထင်ရှားလို့ကုံး
မယောက်ဂနီ နှုတ်ခမ်းအစုံမယ်
ကြည်သာနွဲ့ပြုံး သူပြုံးတတ်၏····

တူရိယာစုံ အဖုံဖုံ မျိုးစုံတီးမှုတ်
သံစဉ်တေးလှ နားဝင်မှာချိုမြ
ငြိမ့်ညောင်းတေးသီ ရွှေရင်အေးအောင်
သူခတ်တတ်၏···

ကကြိုးဟန်မာန် စည်းဝါးခြေခံ
ခေါင်းမှခြေအဆုံး ပညာအရာ ပြည့်ဝသူသာ
သံစဉ်အကျ လက်အချမို့
နန်းတွင်းဂုဏ်ရောင် ထွန်းပအောင်မှု
ဦးဆောင်လမ်းပြ သူ က တတ်၏···

မည်သို့မည်မျှ ကျွမ်းကျင်ပြောင်မြောက်
ဂုဏ်ရောင်ထွန်းတောက် ရေမြေသခင်ရှေ့
ယိမ်းစဉ်ခါက အမှားတစ်ခါရှိပါသော်ငြား
အမျက်ရှကာ ကြိမ်ဒဏ်သင့်မှာမို့
ဝမ်းတွင်းမသာ စိုးရိမ်စိတ်တွေများ
စိတ်ထိပ်တိုင်မှာ သောကထားရ
သီဆိုယိမ်းနွဲ့ သံစဉ်များကြား
စည်းချက်ညီညီ ကရ·· ရယ်ရတဲ့
နန်းလှကျက်သရေဆောင်
ကချေသည်အယောင်·····။

■ ဇော်ဇေ



# ဝိလိုင်း

““အနိစ္စ””..အမြဲမရှိ..တဲ့ အနက်ထွက်တယ်..
ပုံစံခွက်ဝင်
ယေဘုယျဘဝပြဋ္ဌာန်းချက်မှာတော့
‘ဒုက္ခ’... ဆိုတာနဲ့...
ဆင်းရဲခြင်းတွေ... အမြဲအပြည့်...လို့
ဒက်ကနဲ...သိ
ကြည့်လေ..
သူ..မင်း..ငါ.. ခန္ဓာအငှားတွေများ..
တစ်ခဏတာ ဘဝအပူတွင်းမှာ
မြုပ်လိုက်..နစ်လိုက်..ပျော်ဝင်နေလိုက်ကြတာ
အေးပါ...ထားလိုက်
ငရဲပန်းကို..ရွှေပန်းထင်ပန်တဲ့ခေါင်းတွေဆိုတော့
ကျွဲခြေရာခွက်ထဲ..ရေထ,ပွက်တာ...
မြဲလှ..ကြာလှ..ထင်မှာပေါ့..

မရှိတာတွေအရှိမှတ် မှတ်နေတော့
အဘိဓမ္မာတွေ ဘယ်လိုဖတ်ဖတ်
သိတာတွေက နက်နက်မလာ
ကြာကြာဝါးလည်း ခါးမှန်းမသိ
ဘဝတွေနာလည်း...ဘာဝနာမရှိကြ..

အဲ့ဒီ..အဲ့ဒီ..ဘဝတွေကိုပဲ
ကံကြမ္မာက...ဘယ်လိုစာလုံးပေါင်းပေါင်း
‘အနတ္တ’..‘အစိုးမရခြင်း’..ခေါင်းစဉ်အောက်
အားလုံး..ပြားပြားမှောက်ကျ..

ဘာလဲ...ဘာလဲ
သူ...ချမ်းသာတာလား
မင်း...အောင်မြင်မှုတွေလား
ငါ...ကြီးမြတ်ခြင်းတွေလား
အားလုံး...
ဒီ လိုင်း သုံး ခု အောက် မှာ...။

■ **ကိုပေါက်** (FRD)




# နှင်းပြင်းများ

တစ်ခါတစ်လေကျတော့လည်း
ဘဝဆိုတာ....
ပခုံးချင်းယှဉ်တိုက်ဖို့နေနေသာသာ
ကြိုးဝိုင်းထဲက
ပြိုင်ဘက်တစ်ယောက်လိုတောင်
ကိုယ်ထင်မပြခဲ့

တိမ်တွေကို မီးရှို့နေချင်သူတွေနဲ့
မြေကြီးကိုမှ ပိုပြားနေချင်သူတွေအတွက်
မြေစာပင်တွေကတော့
အလိုက်တသိ။ ။

■ မင်းဆွေ (ကျောင်းကုန်း)



# အမေ

သစ္စာတံတိုင်း
ကျောမှီးဒိုင်းကာ
ဖနီးမယား၊ သမီးသားအတွက်
လောကဓံနောက်ထား
အံတုထားတဲ့အမေ
အပြောမချို့ အမောပိုလည်း
မညည်းမတွား
လမ်းပြကြယ်တာရာပုံပြင်များ
အမေပြောကြား
ငယ်ဘဝက ကြားခဲ့တယ်
ပုံပြင်တွေထဲ တိမ်ဖုံးတဲ့ည
ကြယ်ကြွေချိန်
နေမင်းအောက်ကမျက်ရည်ချွေးစက်
ဘယ့်အတွက်နဲ့
အမေဘာကြောင့် မပြောသနည်း…။ ။

■ လေလွင့်ငှက်




# နိုင်ငံ့ဂုဏ်

ရွှေရည်ဖြန်း ပန်းသစ္စာ
ဖြာရောင်လွှမ်း ခမ်းနားကာ
ဘာသာရေး တွေးလို့သာ
မှာတော်ဦး ထူးလို့ပါ
ကြာတော်ဖူး ထူးပေတာ
ရွှာပြည်ပန်း လန်းလို့လေ
မွှေ့ရှာဓော မောမည်ပေ
ဆွေတို့လာ ရှာပါလေ
မေတို့ပြည် သာပါလေ
နိုင်ငံ့ဂုဏ် မြဲတင့်ဝေ။ ။


■ မိုး (သရက်)

# ကျွန်မက စာရင်းကောက်ပါ မောင်

မျှော်မှန်းပန်းတိုင် ရောင်ခြည်လမ်းက
ချမှတ်ရေးဆွဲ စီမံကိန်းများ
ဖွံ့ဖြိုးတိုင်းပြည် အနာဂတ်ဆီသွား…။


လူမှုစီးပွားညွှန်းကိန်းစုံများ
စံနှုန်းနမူနာထား
ရှည်‥တို‥အလတ်‥ကာလသတ်
စစ်တမ်းတွက်ချက် ဂဏန်းအချက်အလက်
စာရင်းကောက်ထွက်မယ့်
ကျွန်မက စာရင်းကောက်ပါမောင်။

စစ်တမ်းများနဲ့ဗျာများ
စာရင်းနဲ့သတင်းစု
မူဝါဒသွင်းအားစုအတွက်
အောက်ခြေဆင်း ခက်ခဲရင်း
အားတင်းကာထား
ကျွန်မက စာရင်းသမားပါ မောင်။



စာရင်းအမှန်ရရေး
အစိုးရနဲ့တင်မပြီး
ပြည်သူဗဟိုပြု
ပုဂ္ဂလိကနဲ့လည်း လက်တွဲမှုပြုရပါတယ်
ကိန်းဂဏန်းအမှန်ပြည့်ဝရန်
အားနည်းအားသာမှတ်
နှိုင်းယှဉ်သုံးသပ်
ကမ္ဘာ့တစ်ဝှမ်း အတွေ့အကြုံနဲ့လည်း
လွှမ်းခြုံကဲခတ်
ဆောင်ရွက်တတ်ရပါတယ် မောင်‥။
စာရင်းသမားဘဝ
ရင်းထားရတာ တိုင်းပြည်ရဲ့သားသမီး
ဘယ်ခါမှ မညည်းညူ
အချက်အလက်ကောက်ယူရင်း
အဓိက…စာရင်းတိကျဖို့အရေး
ကျွန်မက စာရင်းကောက်ပါ မောင်။ ။

■ မေဂလပ်ဖြူ (ချင်းတောင်တန်း)



# သို့.....

ဘဝရဲ့အလယ်အလတ်ခေတ်မှာ
လတ်လျားလတ်လျား တစ်ချို့က ပြောကြတယ်
ငါသိတယ်··· ငါတတ်တယ်တဲ့။
ကျောင်းအိုကြီးကပြုံးတယ်
သူတောင် သိခြင်းနဲ့တတ်ခြင်းကို
ဆက်လက်သင်ယူနေရ။ ။

နွားနို့နဲ့သံပုရာသီးကို ခွဲခြားသိရုံနဲ့တော့
ဘဝကပညာရှိဖြစ်မလာနိုင်ဘူး
အငြင်းသန်ပြီးရိုင်းတတ်ခြင်းကလည်း
ဂုဏ်ပုဒ်လှလှတစ်ခုသာ တိုးလာနိုင်ရဲ့
ယဉ်ကျေးမှုနဲ့ ရိုးရာသာကွယ်ရင်
ကမ္ဘာကြီးဟာ အမှောင်ခေတ်ရောက်ပြီပေါ့
စာနာပါ··· ဖေးမပါ··· နှိမ့်ချပါ··· ဆိုတဲ့
မေတ္တာရှင်ကို ကိုးကွယ်ရှိသေတတ်ပါစေ
ဘယ်လိုပဲဖြစ်ဖြစ်
ကျောင်းအိုကြီးက ပြုံးတယ်
ကိုယ်ကတော့ အပြုံးစစ်ဖို့ပဲ ကြိုးစားနေတယ်···

■ စလုံး




# သူငယ်ချင်းများ

ပျိုးခင်းထဲက ပျိုးပင်တွေလို
အချိန်တန်တော့လည်း
ဒီလယ်ကွင်းပြင်ထဲ
ရှင်သန်တိုးဝင်ခဲ့ကြရတာပဲ
စပါးက ဆန်ဖြစ်နေတာ
သိသိကြီးနဲ့
စပါးလုံးတွေ ရွေးကောက်ပစ်
ဒါဟာဘဝဖြစ်တယ်။

သူငယ်ချင်း…
ဘဝဆိုတာ
ပျိုးပင်ငယ်အလား
ငါတို့ငယ်ဘဝလို
ဘယ်တော့မှ ပြန်မဖြစ်ပေမယ့်
တစ်ခါပြန်ဆုံရင်လည်း
ငယ်ငယ်တုန်းကလိုတော့
ပြန်ဆုံချင်တယ်။ ။

■ ရသကျော်



# သဇင်ပြိုင်ဘက် မေ့သက်နှင်းဆီမွှေး မလေးက ခရေပါ မောင်

ပန်းဘုရင် သဇင်ခက်ကိုဖြင့်
ယှဉ်ဖက်လို့ မစွမ်းသာ။
မြေနှင့်ရန် ဘုန်းကံမြင့်
သုံးခွင့် မဟာ။
နန်းထက်ဖွား သင်းမာလာရယ်
မင်းဘဏ္ဍာအဖြစ် တင့်တယ်ထား။
မြင်နေပါတယ်
ခင်မေ ကညာသွယ် တော်ဝင်နန်းမှာ
မော်သဇင်ပန်းသာ စိန်လက်ဆောင်မို့
ဝတီထက်ခေါင် မြင့်ဖူးရယ်
(သြော်)
    လှဂုဏ်ထူးခြား။ ။


မေ့မှာလေ အကြွေပန်းမို့
ရွှေနန်းမြင့် မထိုက်သာ။
ကံကြမ္မာ သူခြွေနှမ်းလေငဲ့
မြေနမ်း မာလာ။
(မောင်ကလေ)
ပျိုတိုင်းကြိုက် နှင်းဆီလွှာ
သင်းကြည်ဖြာလို့ ရင်မှာနွေး။
ချစ်တယ်ဆိုရင်
ပစ်ပယ်မငြိုငြင် လမ်းတလျှောက်ဘေးက
ပန်းခြောက်ဖွေးကို တစ်ပွင့်ချင်းသီ
အချစ်ခြင်းညီရင် ဆူးငြိကြောက်ပါနဲ့
(ချစ်သူရယ်··· ခရေမလေးကို)
    ဒူးထိကောက်မွှေး။ ။
(လေးဆစ်တွဲ)

■ မလေးနော်

# CARTOON



# CARTOON



MOPF

# CARTOON



MOPF

# CARTOON






# CARTOON

## ပြုံးရယ်ပါး



# CARTOON



# CARTOON


လူတွေ စာမဖတ်ကြရင် ဖတ်ချင်အောင် ရေးနည်း အသစ် ထပ်ရှာပေါ့ တော်..
နိုင်ငံ ဖိုးဝဇီတို့ လူတွေ များလာသလို ဖိုးဝဇီအုတ်တို့ ဥတွေ များလာရင် ဒုက္ခ နော်
ရည်းစားတစ်ထောင် လင်ကောင် တစ်ယောက် ဆို
ဖုန်းထဲမှာ ရည်းစားတစ်ထောင်
ရောက်လာပါပြီ..

# CARTOON



MOPF

# CARTOON



# CARTOON


ဖုန်းဝင်လာတယ်..သင်ကံစမ်းမဲ ပေါက်တယ်တဲ့..(၁၀)သိန်းတန် ဖုန်းကို(၂)သိန်းနဲ့ရမယ်တဲ့ တော်ရေ..
ငွေ(၂)သိန်းဘဏ်မှာ သွင်းလိုက်ရုံနဲ့ဖုန်းကိုအိမ် တိုင်ရာရောက်လာပို့ ပေးမှာတဲ့လေ..
ငါပြန်ဆက်လိုက် မယ်..ဖုန်းလေး..
ဟုတ်ကဲ့..ငွေသားကျပ်(၂)သိန်း တိတိပေါက်မယ့်စားသောက်ကုန် ပစ္စည်းတစ်မျိုးမှာကံစမ်းထားပါတယ်.. အဲဒီကပေါက်တော့မှပဲပြန်ဆက် သွယ်မယ်...နော်..

MOPF

# CARTOON






# တို့များလည်း သူတို့လို

M ကျော်ဝင်း

အာစီယံဒေသ တွင်း လွတ်လပ်သောဈေးကွက် ထူထောင်ခြင်းဆိုသည်ကား တကယ်တမ်းဆိုရပါလျှင် ဒေသတွင်း ၁၁ နိုင်ငံမှ လုပ်ငန်းများ၏ ကာလရှည် ပြိုင်ပွဲကြီး ကျင်းပခြင်း ဖြစ်သည်။ ကုန်ပစ္စည်းထုတ် ထုတ် ဝန်ဆောင်မှုပေးပေး ကျန် ၁၀ နိုင်ငံမှ ဝင်ရောက် လာကြမည့် လုပ်ငန်းများနှင့် ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ လူ့စွမ်းရည်၊ ဖွဲ့စည်း စီမံစွမ်းရည်နှင့် အမြော်အမြင်၊ အကြံအဆ၊ တီထွင်ဆန်းသစ်မှုတို့ အပါအဝင် ဘက်စုံဒေါင့်စုံမှ ဉာဏ်လည်းသုံး ဗျူဟာ လည်းဆင် အားလည်းထုတ်ခါ အပြိုင်ကျဲရမည့် Globalization အဆင့်ဝင်ပြိုင်ပွဲကြီးဖြစ်သည်။

အဘယ့်ကြောင့်ပြိုင်ရသနည်း... ဆိုပါမူ မိမိ ထုတ်ကုန်များ၊ မိမိဝန်ဆောင်မှုများအတွက် ဈေးကွက် အနိုင်အမာ ရရှိမှသာ လုပ်ငန်း၏ အောင်မြင်မှု ရရှိ သည်ဟု ဆိုနိုင်သည်ဖြစ်ရာ ဈေးကွက်ဝေစု ကြီးမား ကျယ်ပြန့်ခိုင်မာစေရန်၊ တစ်နည်းအားဖြင့် စားသုံးသူ များ၊ ဖောက်သည်များ ကျေနပ်နှစ်သက်မှု ရနေစေရန် အမြဲတမ်းအားထုတ်ကြိုးပမ်း လုပ်ကိုင်နေရန် လိုပေ သည်။ သို့သော် မိမိနှင့် အလားတူ လုပ်ငန်းများသည် လည်း ၎င်းတို့မျှော်မှန်းသည့်အတိုင်း အောင်မြင်မှု ရရှိစေရန် အားထုတ်ကြိုးပမ်းနေမည်ဖြစ်ရာ ဈေးကွက် အတွင်း၌ရှိသော သူ့ကုန်... ကိုယ့်ကုန်ကို ဝယ်ယူသူ များက နှစ်သက်ရာကို စိတ်ကြိုက်ရွေး ဝယ်ယူကြသည့် အခါ မိမိကုန်စည် အရည်အသွေးကို နှစ်သက်ကျေနပ် မှု မရှိလျှင် ဝယ်ယူသုံးစွဲကြမည် မဟုတ်ပေ။ ယင်း သည် ဈေးကွက်ပျောက်ဆုံးသွားခြင်းဖြစ်ပြီး ယင်းသည် ပင်လျှင် လုပ်ငန်း၏ ကျရှုံးခြင်းဖြစ်သည်။ ထို့ကြောင့် မရှုံးရ မဆုံးရအောင် အားထုတ်ရခြင်း ကြိုးပမ်းရခြင်း သည်ပင် ပြိုင်ဆိုင်မှုဖြစ်လာရပေသည်။

❖

မည်သည့် ပြိုင်ပွဲမျိုးဖြစ်စေ ပြိုင်ပြီဆိုတိုင်း အရည် အသွေး အရည်အချင်းများကိုသာ ပြိုင်ကြသည်ဖြစ်ရာ ပြိုင်၍ အနိုင်ရရေး အဓိကအချက်သည် 'သူမတူ အရည်အသွေး'... ဖြစ်သည်ဟု သတ်မှတ်ရပါလိမ့် မည်။

အရည်အသွေးဟူသော Quality ကို ကမ္ဘာ့အဝှမ်း ရှိရှိသမျှ မည်သည့်လုပ်ငန်းမဟူ အာရုံပြုလုပ်ဆောင်ရ သော အချက်ဖြစ်သလို Quality ရှိမှ စားသုံးသူကြိုက်၊ စားသုံးသူကြိုက်မှ ဈေးကွက်ရ၊ ဈေးကွက်ရမှဝင်ငွေ ရပြီး အမြတ်အစွန်းကြီးမားရေး (Profit Maximization) ဟူသည့် ရည်မှန်းချက် ပြည့်ဝရမည်ဖြစ်လေရာ Profit Maximization အတွက် Quality ထုတ်လုပ်ရေးက လုပ်ငန်း၏ဗဟိုဝင်ရိုးဖြစ်နေသည်။

ထို ရောအခါ Quality Product, Quality

Serviceဖြစ်လာဖို့သည် အရည်အသွေး ထိန်းသိမ်းရေးနှင့် အရည်အသွေး အာမခံချက်ရှိရေးကို အသုံးချနည်းစနစ်အဖြစ် လက်ကိုင်ပြုရန် အဓိကလိုအပ်ချက် ဖြစ်လာသည်။ အရည်အသွေး ထိန်းသိမ်းရေး (Quality Control)သည် လိုအပ်အရည်အသွေးကောင်းရရှိရန် ထုတ်လုပ်မှုနည်းစနစ်နှင့် လုပ်ဆောင်ချက်များကို အသုံးချခြင်းဖြစ်ပြီး၊ အရည်အသွေးအာမခံချက်ရှိရေး (Quality Assurance)သည် ထိုသို့ လုပ်ဆောင်ရန် စီမံကိန်း၊ စီမံချက်များနှင့် စနစ်ကျကျ အစီအမံချပုံဖော် ဆောင်ရွက်နိုင်မှုပင် ဖြစ်သည်။

❖

လုပ်ငန်းတော်တော်များများ၌ အရည်အသွေး… အရည်အသွေး… ဟူသော နှုတ်ဆော်သံများ ကြားနေသည့်တိုင် Quality Assurance (QA) အတွက် ကွပ်ကဲစီမံမှုတွင် လျော့နေတတ်ပါသည်။ Quality Control (QC) နှင့် Quality Assurance (QA) အတူယှဉ်ကြည့်လျှင် မတူညီသော အလုပ်များကို တွေ့ရပါမည်။ (QC) သည် ထုတ်လုပ်ကုန်ပစ္စည်းအပေါ်တွင် အာရုံပြုထားပြီး လုပ်ဆောင်ချက်များကို တိုးတက်ရှင်သန်နေစေရန် လုပ်သား ဝန်ထမ်းများ၏ လုပ်ဆောင်ချက်မှန်ကန်မှုကို ဂရုထားပြီး အားနည်းချက်နှင့် နိမ့်ကျမှုများကို စိစစ်ဖော်ထုတ်နေခြင်းဖြစ်သည်။ (QA)သည်ကား ထုတ်လုပ်မှုဖြစ်စဉ် အဆင့်ဆင့်၏ နည်းလမ်းတကျရှိမှု၊ လုပ်ဆောင်ချက်များကို ကြိုတင်စီမံပြင်ဆင်မှု သေချာရေးနှင့် လုပ်သားဝန်ထမ်းများ၏ အလုပ်တာဝန် သတ်မှတ်ပြဋ္ဌာန်းချက် မှန်ကန်စေရေးကို စီမံခြင်းနှင့် အားနည်းချက်နှင့် နိမ့်ကျမှုများကို ဖယ်ရှားကာကွယ်တားဆီးရေးပင်ဖြစ်သည်။ ၎င်းတို့ကို ပုံဖော်နှိုင်းယှဉ်လျှင်…

| Quality Control (QC) | Quality Assurance (QA) |
| --- | --- |
| Product | Process |
| Reactive | Proactive |
| Line function | Staff function |
| Find defeats | Prevent defeats |

ဟူ၍ ကွဲပြားစွာ မြင်ရပါသည်။ (QA)ပိုင်းတွင် အားနည်းချက်ရှိနေကြသည်ကို လုပ်ငန်းတို့၌ Process နှင့် Process Flow များ ရှိ/မရှိကို ကြည့်၍ သိနိုင်ပြီး (QA) ၏ အားနည်းမှုသည် (QC) ကို များစွာ ထိခိုက်စေနိုင်ကြောင်း သတိမူရန် လိုအပ်ပါသည်။


- ကျွန်းဆွယ်ပွဲတွင် အကြိမ်ကြိမ်အထပ်ထပ် အစမ်းလေ့ကျင့်ခြင်းသည်လည်းကောင်း၊ (Rehearsal)
- စင်တင်ဂီတပွဲအတွက် အသံပိုင်းတပ်ဆင်မှုကို စမ်းသပ်မှုပြုလုပ်ခြင်းသည်လည်းကောင်း(Testing)
- စစ်ဆင်ရေးမစမီ ဖွဲ့စည်းမှုအားလုံးကို အပြီးသပ်စစ်ဆေးခြင်းသည်လည်းကောင်း (Inspection)
- ထုတ်လုပ်မှုလမ်းကြောင်းတစ်လျှောက် စစ်ဆေးမှု (Checkpoint review) ဖြင့် စံမမီပစ္စည်းဖယ်ထုတ်ခြင်း

စသည်တို့သည် အရည်အသွေး ထိန်းသိမ်းစီမံခြင်းများ ဖြစ်ပါသည်။ ၎င်းတို့ကို မြန်မာ့ SMES များ ကောင်းစွာရင်းနှီးနေကြပြီးဖြစ်ပါသည်။ သို့သော် အသက်ဝင် ရှင်သန်နေရေးက ပိုအရေးပါပြီး စစ်ဆေးသူများ အာရုံထားလုပ်ဆောင်သည့် အပိုင်းတွင် ရံဖန်ရံခါ လစ်ဟင်းတတ်သည့် သဘောရှိသဖြင့် ထပ်ဆင့်စစ်ခြင်း Counter Checking ကို ပိုသုံးလျက် ကာကွယ်သင့်သည်ဟု ယူဆပါသည်။


သို့သော် အရည်အသွေး အာမခံချက်ကောင်းစေရန် **ရွေးကျ**… ဟု အလွယ်ခေါ်သော Quality မမီသည့် ပစ္စည်းများ ထွက်လာရခြင်းကို ဆန်းစစ်ခြင်း (Quality Audit) အလုပ်ကို သုတေသနနှင့် ဖွံ့ဖြိုးရေးဟု ခေါ်သော ဌာနမျိုးမှ လုပ်ဆောင်ပေးရန် လိုပါသည်။ ထိုမှတစ်ဆင့်တွေ့ရှိလာသော ရလာဒ်များကို သုံးသပ်လျက် လုပ်ငန်းစဉ်ပြဋ္ဌာန်းမှု (Defining Process) ကို လုပ်ပေးသင့်ပါသည်။ ထို့အတူ အလုပ်သုံးကိရိယာများမှအစ သတ်မှတ်ပေးရပါမည်။ (Selection of tools)၊ ထိုမှတစ်ဆင့် ပြဋ္ဌာန်းသတ်မှတ်ချက်များကို စနစ်တကျ အသုံးချ လိုက်နာဆောင်ရွက်တတ်စေရန် လုပ်ငန်းခွင် သင်တန်းကဲ့သို့ သင်တန်းများ

(Training) ဖြင့် Quality Assurance ထိရောက်စွာ လုပ်ဆောင်ရာရောက်ပါသည်။ ခေတ်မီပစ္စည်းများသည် အလုပ်စွမ်းရည် မြင့်မားသောကြောင့် အသုံးလွဲမှားသွားပါက လူအပေါ် ပစ္စည်းအပေါ် သက်ရောက်အကျိုးကြီးမားသောကြောင့် ပျက်စီးဆုံးရှုံးနိုင်ခြေလည်းကြီးမားလေ့ရှိပါသည်။ အထူးသဖြင့် စားသောက်ကုန်၊ လူသုံးကုန်များ ထုတ်လုပ်မှုတွင် များစွာသတိမူရမည့် အခြေအနေများ ရှိပါသည်။ ပြည်တွင်းစားသောက်ကုန် လုပ်ငန်းများသည် ထိုအချက်ကို Business Ethic အဖြစ် သတ်မှတ်လုပ်ဆောင်ခြင်းဖြင့် အလွန်ကြီးမားသော Image ကို ရရှိစေနိုင်ပါသည်။ အရည်အသွေးပြဿနာကြောင့် ဖြန့်ဖြူးရောင်းချပြီး ပစ္စည်းများကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းရသော ကုမ္ပဏီကြီးငယ်တို့၏ သတင်းများကို ကမ္ဘာ့အဝှမ်းမကြာခဏကြားသိနေရသည်မှာလည်း ယင်း QC/QA၏ အရင်းခံပြဿနာပင်ဖြစ်ပါသည်။

**အရည်အသွေး ထိန်းသိမ်းမှု လုပ်ငန်းစီမံရေး**




**အရည်အသွေးအာမခံချက်ရှိစေရေးလုပ်ငန်းစဉ်**




QCသည် ပြဿနာများကို စီမံဖြေရှင်းခြင်းလည်း သက်ဝင်ပါသည်။ ပြဿနာအရင်းခံအကြောင်းကို ရှာယူလျက် ပြဿနာကို ဆန်းစစ်ကြည့်ခြင်းဖြင့် အဖြေကောင်းတွေ့ရှိကာ ပြုပြင်ခြင်းဖြင့် အရည်အသွေးကို ထိန်းချုပ်ရနိုင်ပါသည်။ ထိုမှတစ်ဆင့် အရည်အသွေးအာမခံမှုကို အထောက်အကူရစေရန် ဖြစ်စဉ်၏ သဘောသဘာဝကို အချက်အလက်ပေးပို့မှုဝေခြင်းဖြင့် မှန်ကန်သော လုပ်ထုံးလုပ်နည်းများကို QA အနေဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးနိုင်လျှင် လိုလားအပ်သော ကျင့်စဉ်ကောင်းများ ရှင်သန်ပေါ်ထွန်းနေသည့် အဖွဲ့အစည်း တစ်ရပ်အနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ရယူတည်ဆောက်နိုင်ကြပါမည့်အရေး မြန်မာ့ SMES များကို အားပေးလိုက်ရပါသတည်း။

■ M ကျော်ဝင်း

**တာဝန်သိသိ သစ္စာရှိ အခွန်ထမ်းဆောင်ကြပါစို့။**



# စီမံဘဏ္ဍာနဲ့ မီဒီယာ

ခင်မောင်ညို (ဘောဂဗေဒ)

လက်ကိုက်နေတာနဲ့ စာမရေးတာကြာပြီ။ ဒါပေမဲ့ တပည့် (ဟောင်း) ဒေါ်ခင်ယမုံအောင်က ဌာနစာစောင်အတွက် မရေးမနေရ ရေးပေးရမယ်ဆိုတော့ တာဝန်ယူလိုက်ရပြန်တယ်။ ကြားထဲမေ့နေတာ၊ ထပ်ပြီးသတိပေးတော့ မရှောင်မလွှဲသာပေဘူး။

ကိုယ်က သာမန်စာဖတ်သူ၊ စာရေးသူဆိုတော့ စီမံအကြောင်း၊ ဘဏ္ဍာအကြောင်းတွေ သိတာရေးလို့ မဖြစ်ဘူး။ ဝန်ကြီးဌာနထဲမှာက နိုင်ငံတကာ သင်တန်းပေါင်းစုံတက်၊ ဘွဲ့တွေ တသီကြီး ရထားတဲ့သူတွေက အများကြီး၊ ဘာအကြောင်းရေးရမလဲ ရွေးရတာအခက်သား။

တလောက ဆွေးနွေးပွဲတစ်ခုမှာ ဌာနဆိုင်ရာတွေကို မီဒီယာအကြောင်းနားလည်ဖို့ (Media Literate) နဲ့၊ မီဒီယာတွေနဲ့ကျွမ်းဝင်ဖို့ (Media Friendly) ဖြစ်ဖို့ စာနယ်ဇင်း မိတ်ဆွေတစ်ယောက်ကပြောတော့ မီဒီယာတွေဖက်ကလည်း ဘာသာရပ်နားလည် တတ်မြောက်တဲ့မီဒီယာ (Literate Media) ဖြစ်ဖို့၊ ဌာနဆိုင်ရာတွေကို ရန်မလိုဘဲ ကျွမ်းဝင်ရင်းနှီးတဲ့မီဒီယာ (Friendly Media) ဖြစ် စေချင်တဲ့အကြောင်း ပြန်ပြောမိတော့ သူက သဘောတူလက်ခံပါတယ်။

စီမံဘဏ္ဍာအကြောင်းလည်း စာနယ်ဇင်းတွေက အတော်ရေးကြရာမှာ ဒီနှစ်ချက်နဲ့ နှစ်ဖက်စလုံးက ဘယ်လောက်ကိုက်ညီခဲ့ကြသလဲ၊ စဉ်းစားစရာပါ။ အများအားဖြင့် အစိုးရဝန်ထမ်းတွေကို လုပ်ရည်ကိုင်ရည်နဲ့ ပတ်သက်လို့ ဝေဖန်တာတွေရင် ဝန်ထမ်းဟောင်း တစ်ယောက်ဖြစ်တဲ့ ကိုယ်က တယ်သဘောမကျလှဘူး။ သတ္တိရှိရင်ကျုပ်တို့လုပ် နေတဲ့အလုပ်တွေလာ လုပ်ကြည့်လှည့်လို့ စိန်ခေါ်မိတယ်။ ဝန်ထမ်းတွေဟာ (၂၄) နာရီ တာဝန်ပေးလို့ရတယ်။ ဘာအချိန်ပိုလုပ်ခတွေဘာတွေမှ တောင်းဆိုခွင့်ရှိတာမဟုတ်ဘူး။ ပြီးတော့ မိုးကျရွှေကိုယ် တချို့ကလွဲရင် ဒီနေရာ ဒီတာဝန်ရောက်ဖို့ဆိုတာ နှစ်ပေါင်းများစွာ လှေကျင့် ဖျိုးထောင်ပြီးမှ ရောက်ကြရတာ။ ကိုယ့်ဘာသာကိုယ် ကျွဲကြီးထောင်သလို ရာထူးအကြီးကြီးတွေ ပေးလို့ ရတာမဟုတ်ဘူး။ ဒါကြောင့် ဝန်ထမ်းတချို့ဆို အလုပ်က ထွက်ခွင့်ရတယ်၊ နားခွင့်ရတယ်ဆိုရင် ထီပေါက်သလောက်ဝမ်းသာကြတာ။ ဒီတော့လည်း အရေးယူခံချင်ကြတယ်လေ။ ဒါကြောင့် စီမံဘဏ္ဍာကို ပုဂ္ဂလိကလုပ်ငန်းက အနိမ့်ဆုံးလုပ်ခထက်၊ အခအများကြီးပေးပြီး၊ တာဝန်နဲ့ ရပိုင်ခွင့်မျှတအောင် လုပ်ပေးပါလို့ အရင်ဆုံးတောင်းဆိုချင်တာပါ။

အခွန်နဲ့ တိုင်းပြည်ဝင်ငွေအချိုး နိမ့်နေတယ်ဆိုတာလေး၊ ဉာဏ်မီသလောက်ပြောချင်သေးတယ်။ တိုင်းပြည်ဝင်ငွေ တိုးတက်တယ်ဆိုတာ (ဖြစ်ဖို့) လွယ်ပေမဲ့ အဲဒီနှုန်းအတိုင်း အခွန်လိုက်တိုးဖို့ ဆိုတာလွယ်တဲ့ကိစ္စမဟုတ်။ ပြီးတော့အလွတ်သဘောစီးပွားရေးလုပ်ငန်းတွေ(Informal Sector) ကြီးနေလေတော့ အခွန်ကောက်ဖို့ကခက်၊ အဲဒီအပြင် အလွတ်သဘော စီးပွားရေး လုပ်ငန်းတွေဘက်က Explicit Tax တကယ်ပေးရတဲ့ အခွန်သာမဟုတ်၊ အခွန်နာမည် မပေါက်ဘဲ ရပ်ရေးရွာရေး၊ လှူရေးဒါန်းရေး၊ သာရေးနာရေးတွေအတွက် ပေးရတဲ့ Inplicit Taxတွေပါ ထည့်တွက်ရင်တော့ နည်းတာမဟုတ်ဘူး။

စီးပွားရေးလုပ်ငန်းတွေလုပ်သမျှမြတ်နေတာမဟုတ်လားလို့တော့ မမေးနဲ့လေ။ ဈေးကွက်ဝေစုလည်း မလျှော့ချင်၊ လုပ်ငန်းလည်းဆက်လက် ရပ်တည်ချင်လို့ အောင့်သက်သက်နဲ့ ပြေးနေရတာတွေလည်း ရှိသေးတယ်။ လုပ်ငန်းရှင်တွေက မြတ်ရင်တောင် မြတ်တယ်လို့ မပြောတတ်ကြတာ မှန်ပေမဲ့၊ အမြဲတမ်းမြတ်နေတာ မဟုတ်တာ အမှန်ပဲ။

ကုန်စည်ခွန် နှုန်းထားတွေ ကြည့်လိုက်တော့ ဇိမ်ခံပစ္စည်းလို တချို့ဟာတွေကလွတ် စက္ကူလို အခြေခံအသုံးအဆောင်တွေက ထိနေတာ တွေ့ရပြန်တော့ ရေများရေနိုင်၊ မီးများမီးနိုင်တဲ့သဘောကို ဆင်ခြင်မိရတယ်။ Lobby တွေရဲ့ အင်အားကို လျှော့တွက်လို့မရဘဲကိုး။

ပြည်သူဆီကအခွန်တွေ ပြည်သူ့စာရင်းကို ဖြောင့်ဖြောင့်တန်းတန်း ဘယ်လောက်ရောက်သလဲ ရှိုးမသွားရပဲ အွန်လိုင်းကပေးလို့ အခွန်ဆောင်လို့မရနိုင်ဘူးလား။ ပြည်သူ့အသုံး လုပ်ငန်းတွေရဲ့အသုံးကိုရောနာခံဖို့မသင့်ဘူးလား။

တိုင်းပြည်ဝင်ငွေ တိုးတက်မှုနှုန်း နိမ့်ကျနေတဲ့အချိန် အစိုးရအပြောင်းအလဲကို လုပ်ငန်းတွေက အမီမလိုက်နိုင် သေးတဲ့အချိန် ဈေးကွက်ထဲကို ငွေဝင်အောင် လုပ်ပေးရမယ့် အချိန်မျိုးတွေမှာ အခွန်တွေပိုရတယ်ဆိုတာမျိုးဟာ ကြည့်ရတာ သိပ်အဆင်မပြေ…

ပျားက ပန်းဝတ်ရည်စုတ်တယ်ဆိုတာ ပန်းလည်းမထိခိုက်မနစ်နာ ပျားလည်းဝတ်ရည်ရပန်းတွေဝတ်မှုံကူးဖို့တောင် အထောက်အကူဖြစ်။ ဒါပေမဲ့ ဝတ်ရည်မထွက်တဲ့ ပန်းတွေ နွမ်းစရာကိုတော့ ဘယ်သူမှ လိုလားမယ်မထင်။

အမှန်အတိုင်းတင်ပြတဲ့စာရင်းတွေကို လက်မခံနိုင်တာ အခွန်ထမ်းပြည်သူစေတနာပျက်အောင်ကြောက်လန့်အောင် လုပ်နေတာတွေကိုလည်း တချို့နေရာမှာ ကြားနေရပေမယ့် ဌာနဆိုင်ရာတွေ ငြိငြင်မှာစိုးလို့ ကျိတ်ခံနေရတာတွေလည်း ရှိနေသေးသတဲ့··

ဘတ်ဂျက်လိုငွေ လျှော့နည်းဖို့၊ ဘတ်ဂျက်ကို ထိထိရောက်ရောက် သုံးဖို့တွေလိုအပ်တာ မှန်ပေမယ့်၊ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုမှာ ဖွံ့ဖြိုးရေးအတွက် သုံးစရာတွေကများ၊ အခွန်အကောက်က ရငွေကလည်း အားမကိုးလောက်၊ သယံဇာတကိုလည်း တစ်သက်လုံးအားကိုးလို့ မဖြစ်ဆိုတာတွေက စာနယ်ဇင်းတွေ၊ မီဒီယာတွေက မသိကြပြန်ဘူး။ ဒီလိုပဲ သွင်းကုန်တွေလျှော့ချလို့မဖြစ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ၊ ကုန်ကြမ်းတွေ၊ စက်ကိရိယာတွေ၊ အရင်းအနှီးတွေပါနေတယ် ဆိုတာကျတော့လည်း မမြင်ကြပြန်ဘူး။ အရပ်ကတို့ရေ··

စီးပွားရေး သတင်းတွေဆိုတာက ဘာသာရပ်လေး အတန်အသင့်တီးမိခေါက်မိရှိမှ ရေးဖို့ကောင်းပေမယ့်၊ ဒီမှာက ဘာသာရပ်နောက်ခံ ရှိတဲ့သူကခပ်ရှားရှား။ အဲဒီအခါ ကျကုန်ဈေး နှုန်းတက်လာလို့ ငွေဖောင်းပွမှုဖြစ်ဆိုပြီး ရေးကြတာမျိုးတွေ တွေ့ရပြန်တယ်။

ပြီးတော့ သတင်းသမားဆိုတာသတင်းကောင်းထက် သတင်းဆိုးတွေကို ပိုပြီးစိတ်ဝင်စားတယ်။ လူဆိုတာကည်း သတင်းကောင်းထက်သတင်း ဆိုးကို

ပိုပြီးအာရုံကျတတ်လေတော့ သတင်းဆိုးပေးဖို့ ပိုအားသန်တယ်။ ပြီးတော့ ရှေ့နောက် အတွင်းကျကျ သိပ်စဉ်းစားနေတာမဟုတ်ဘူး။

ဥပမာ- မြန်မာနိုင်ငံမှာ အကြွေးတွေများနေတယ်ဆိုတာမျိုး စိတ်ဝင်စားတယ်။ တကယ်တမ်းက ခေတ်အဆက်ဆက်မှာ မြန်မာနိုင်ငံကို ဘယ်သူတွေကများ အကူအညီတွေ ပေးခဲ့ကြတယ်။ ငွေတွေဘယ်လောက် တောင်းချေးခဲ့ကြသလဲ ဆိုတာ ဘယ်သူမှ မသိဘူး။ ကိုယ့်ကိုငွေချေးငှားမယ့်သူတွေဆိုတာမျိုးကလည်း လက်လွှတ်စပယ် ထုတ်ချေးတာ မဟုတ်ဘူး။ သူတို့ချေးထားတဲ့ငွေ ပြန်ဆပ်နိုင်စွမ်း ရှိ-မရှိဆိုတာ၊ သူတို့ဘက်ကလည်း တွက်ကြစဉ်းစားတတ်ကြမို့ ကိုယ်က ချေးချင်တယ်ဆိုတိုင်း သူတို့လည်း ချေးမယ်မထင်နဲ့။

တစ်ခါတစ်ရံကျတော့လည်း တကယ့်အရေးကြီးတဲ့သတင်းကို သူတို့နားမလည်တာနဲ့ မထင်မရှားဖြစ်သွားတာမျိုးလည်းရှိတယ်။ ၂၀၁၇ ဇူလိုင်လက ဗဟိုဘဏ်ရဲ့ ညွှန်ကြားချက်နဲ့ပတ်သက်လို့ နောက်ဆက်တွဲဖြစ်တဲ့ ပြဿနာတွေကို စောင့်ကြည့်ပြီးရင်တမမဖြစ်နေချိန်မှာ စာနယ်ဇင်း အတော်များများက ဘာဖြစ်နေမှန်းကို သိလိုက်ကြပုံမရဘူး။

ပြီးတော့စာနယ်ဇင်းတွေဆိုတာလည်း အရောင်ရှိတယ်။ ဘက်လိုက်တတ်တယ်။ အစိုးရရဲ့အာဘော်၊ အစိုးရအသံကို လိုက်ရေးတယ်ဆိုတာမျိုး အဖြစ်မခံချင်ဘူး။ အစိုးရရဲ့ လုပ်ရပ်တွေကို အသိအမှတ်ပြုဖို့ ခက်တယ်။ အမှားအယွင်းလုပ်မိရင်၊ ပြောမိရင်၊ ချက်ချင်းတုံ့ပြန်တတ်တယ်။ တစ်ခါတစ်ခါလည်း ပုဂ္ဂိုလ်ရေးဆန်တတ်တယ်။

မြန်မာ့သမိုင်းကို ပြန်ကြည့်ရင် အကြွေးသက်သာဖို့ LCD ခေါ်တဲ့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံထဲ စာရင်းဝင်ဖို့ ကြိုးစားရေး တကယ်တမ်းကျ အကူအညီထိထိရောက်ရောက်မရ၊ စီးပွားရေး ပိတ်ဆို့မှုနဲ့ကြုံရ။

LCDဘဝက လွတ်အောင်ကြိုးစားကြတာ တော့စောနေမလားထင်မိ။ ဒီလိုပဲ GSP အခွင့် အရေးက ပေးချင်သလိုလို၊ မပေးချင်သလိုလိုဖြစ်။ ပေးတဲ့ အကူအညီတွေက ကိုယ့်ကို ကူညီချင်တာလား။ သူ့ကိုယ်သူကူညီချင်တာလား မသဲကွဲ၊ ညီအစ်ကို မသိတသိဆိုတော့ မိတ်ဆွေလား၊ မိတ်ဆွေယောင်ဆောင်တာလား မသဲကွဲ။

ဆင်းရဲတဲ့ဘဝတုန်းက သူတို့ဖြတ်သန်းခဲ့တာတွေကိုချမ်းသာတဲ့ ဘဝရောက်တဲ့ အခါကျမှ မင်းတို့ ဒီလိုမလုပ်နဲ့လို့ပြောတာ မတရားရာ မကျဘူးလားလို့ ဘယ်သူမှမစိစစ်၊ အင်အားရှိတော့ ပြောသမျှမှန် လုပ်သမျှတင့်တယ်။

ဘေးကကြည့်တဲ့သူ တစ်ယောက်အနေနဲ့ စိတ်ပူတာတွေ ရှိသေးတယ်။

ဝန်ကြီးဌာနတွေ ပေါင်းလိုက်တာ စရိတ်မသက်သာ မနိုင်ဝန်ထမ်းနေရသလို ဖြစ်နေလေမလား။

ဘတ်ဂျက်နှစ်ပြောင်းတာက မနိုင်မနင်းတွေဖြစ် အချိတ်အဆက်တွေ လွဲချော်ဖြစ်နေမလား။

နှစ်တိုင်း ဥပဒေထုတ် အခွန်နှုန်းထားတွေ သတ်မှတ်နေရတာလည်း သိပ်သဘာဝကျတယ်မထင်။

မြန်မာပြည်ကြီး အင်အားရှိဖို့ စီမံဘဏ္ဍာ အင်အားရှိရမယ်။ တောင့်တင်းခိုင်မာရမယ်။

စီမံဘဏ္ဍာမှာ အတွေ့အကြုံရော၊ ပညာရောရှိတဲ့ သူတွေ အများကြီး။ ပညာတွေပေးနိုင် ဝေမျှနိုင်တယ်။ အသိပညာတွေ ပေးဖို့လိုတယ်။

စီမံဘဏ္ဍာလက်တွေ လျှို့ထားသလားထင်ရ။ အစွမ်းအစ ရှိသလောက်မပြသေး မလုပ်သေးလို့၊ ဘေးကမြင်ကြောင်း ပြောရတာ အားနာစရာ။

ဌာနတွင်းမှာ အင်အားတွေ အများကြီးရှိ။ မိတ်ဆွေတစ်ယောက်အနေနဲ့စီမံဘဏ္ဍာကိုစောင့်မျှော်နေပါတယ်။ အားကိုးပါတယ်။ အားကိုးထိုက်ကြောင်း ပြကြပါ။

**ချစ်ခင်စွာ**

**■ ခင်မောင်ညို (ဘောဂဗေဒ)**

ဆောင်းအဦးရဲ့ သန့်စင်လွန်းသော လေဟာပြင်၏ နောက်ခံ
ကောင်းကင်ပြာလွင်လွင်သည် ရာသီသစ်၏ နိမိတ်ပုံကို
ဆောင်နေပြီး ပင်မြင့်ပင်ပျို သစ်ရိပ်တောတန်းတို့
သည်လည်း စိမ်းရင့်ညိုမှောင်စွာ တင့်တယ်ပနံရ
နေသည်။ လေနောရီ ထိုးလှုပြီ၊ ကျနေက ပူတတ်သည်
ဆိုသော်လည်း

# မောင်ကိုဦး

## မြောက်ပြန်လေ၏ နှုတ်ဆက်တေး





ရာသီဦးအေးမြမြ အထိအတွေ့ကြောင့် ပူငွေ့မသန်းသေးပေ။ ယာယီသုံးရန် ခင်းကျင်းထားသော ထိုင်ခုံတန်းများတွင် ဆရာ ဆရာမများက နေရာယူထား နှင့်ကြလေပြီ၊ ဘောဂဗေဒဌာနမှူးလည်းဖြစ်၊ စီးပွားရေးတက္ကသိုလ် ဘောလုံးအသင်းဥက္ကဋ္ဌလည်းဖြစ်သူ ပါမောက္ခဒေါက်တာရှိန် ရောက်လာသည်နှင့် ပန်းစည်းကမ်းမည့် မိန်းမလှကျွန်းသူတို့သည် ကစားသမားများ တန်းစီထားရာသို့ အိန္ဒြေပိုပိုဖြင့် အစီအရီ လျှောက်လာကြသည်။

ဒီညနေ စက်မှုတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ် ဘောလုံးလက်ရွေးစင် နှစ်သင်းချစ်ကြည်ရေး မိတ်ဆက်ပွဲ ကစားကြမည်ဖြစ်သည်။

ပါမောက္ခက ကစားသမား တစ်ဦးချင်းစီ နှုတ်ဆက်အပြီး စီးပွားရေးတက္ကသိုလ်၏ လှပျိုဖြူများကလည်း တစ်ဦးချင်းစီ ပန်းစည်းများ ကမ်းပေးကြသည်။ ဇာတ်လမ်းဒီက စတော့သည်...။

"အင့်"

ပန်းစည်းကိုမယူ ပန်းစည်းကမ်းသူ အလှသခင်၏ လက်ကို အုပ်မိုး ဆုပ်ကိုင်လိုက်သည့် ကျော်ကျော့ကြောင့် ရုတ်တရက် ရှက်ရွံ့စိတ်ဖြင့် သူမထံမှ ထွက်လာသော အာမေဋိတ်သံဖြစ်သည်။

သူ့လက်ကလေးများကို ခပ်ဆဆ ရုန်းနေသည့်တိုင် ကျော်ကျော်ဆိုသော သကောင့်သားက ကျေးဇူးတင်စကားကို တမင်လေကြောရှည်ပြောရင်း လွှတ်မပေးသဖြင့် အခြားသူများ ထွက်ခွာချိန်တွင်ပင် သူတို့နှစ်ဦးသား လွန်ဆွဲနေကြဆဲ။

နံဘေးမှ တာတီးသိန်းမြင့်က တံတောင်နှင့်တွက်သည်။ တန်းထိပ်ရှိ အသင်းအုပ်ချုပ်သူ ဆရာဦးခင်ညိုက ချက်ချင်းရိပ်မိပြီး မျက်မှောင်တစ်ချက် ကုတ်ကြည့်လေမှ သူ့ခမြာအဖော်များ နောက်သို့ ကသုတ်ကရက်အပြေးကလေး လိုက်သွားခွင့်ရရှာသည်။ ရှက်သွေးဖြာနေသော ပါးမို့မို့ နီတွေးတွေးလေးများကို ကျော်ကျော် လျှပ်တစ်ပြက် မြင်လိုက်ရသည်။ ထူးထူးခြားခြား နက်မှောင်သွယ်လျစွာ ရှည်လျားသော သူ့ဆံမြိတ်ထုံးထက်မှ ကံ့ကော်ပန်းလေး လှုပ်ခါကျသွားသည်ကို သူလှည့်ကြည့်သေးသည်။ သို့သော် မကောက်အား၊ ဤသည်ကို မြင်သော ကျော်ကျော်က ပန်းပွင့်ကလေးကို တယုတယ ကောက်ယူထားလိုက်သည်။

အို...လှသောပန်း၊ မွှေးသောပန်း၊ ချစ်မက်ဖွယ်ပန်းကလေးပါလား။

•

"ဟော့ကောင်... ကျွဲ...မင်းလုပ်လိုက်ရင် ဒီအတိုင်းချည့်ပဲ ဆရာညို မင်းကို စိတ်တိုနေတယ်"

စိန်ဂျွန်းနှင့် ကျော်ကျော်သည် အခန်းချင်းကပ် သူငယ်ချင်းဖြစ်သလို ဘောလုံးလက်ရွေးစင်လည်း ဖြစ်ကြသောကြောင့် မေခဆောင်ရှိ ကျန်သူငယ်ချင်းများထက် ပိုတွဲမိကြသည်။ နာမည်ရင်းက ထွန်းရွှေ...ဟု အနွတ္တသညာတွင်သော်လည်း အဆောင်ထုံးစံအတိုင်း အမည်ပြောင်တပ်၍ သရုပ်ဆောင် စိန်ဂျွန်းထွန်းရွှေ၏ နာမည်ကို ပေးထားခြင်းဖြစ်သည်။ အရပ်နှင့် လိုက်ဖက်စွာ တုတ်တုတ်ခိုင်ခိုင်ရှိသော ကျော်ကျော့်ကိုမူ 'ကျွဲ'ဟူ၍ ခေါ်ခြင်းဖြစ်၏။

"အာဟ... ပျော်လို့ပါ သူငယ်ချင်းရာ၊ ဘောလုံးပွဲကို သူတို့တစ်ခါမှ ဒီလိုအားမပေးကြဘူးလေ၊ အဲဒါကြောင့် ဝမ်းသာလုံးဆို့သွားပြီး လက်ကလေးယောင်ကိုင်မိတာများကွာ"

"တော်တော်... မင်းဝမ်းသာတာကြီးက ကောင်မလေး မျက်ရည်လည်သွားတယ်တဲ့"

"မင်း ဘယ်သူပြောလဲ"

"မနက်က အတန်းထဲမှာ မာလာက သူငယ်ချင်းပြန်ပြောလို့"

"ဟာ သူဒီလောက်တောင် ဖြစ်သွားတာလား"ပြောရင်း ကျော်ကျော် စိတ်မကောင်းဟန်ဖြင့် ခပ်တွေတွေဖြစ်သွားသည်။

"လာမယ့် တနင်္ဂနွေမှာ ကမ္ဘောဇက မောင်မယ်သစ်လွင် ကြိုဆိုပွဲ ဖိတ်ထားတယ်။ မင်း လိုက်မှာလား"

"ဟ မေးစရာလားကွ ဌျန်းရ ... ဒါလေးပဲမျှော်နေတာကို"

တက္ကသိုလ်က မောင်နှမတွေအတွက် ခုလိုပွဲများက တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးမှုမျှသာမက ကျောင်းတော်သူ ကျောင်းတော်သားစိတ်ကို ပိုမိုသက်ဝင်စေပြီး လေးနှစ်တာ ကာလတစ်လျှောက် မြကျွန်းညိုကဗျာတောမှ သာမောငြိမ်းချမ်း စိမ်းလန်းသစ်လွင်သော အတွေးအမြင်များဖြင့် တက္ကသိုလ်၏ ဘဝအပိုင်းအဆစ်တို့ကို ထုဆစ်ဖြစ်တည်ရစ်စေခဲ့ကြသည်သာ မဟုတ်ပါလား...။

ကမ္ဘောဇအဆောင် ပေါ်တီကိုတွင် ကြိုပို့ကားရပ်၍ ကျော်ကျော်ဆင်းလိုက်သည်နှင့် ဘယ်အချိန်ဘယ်အခါက စောင့်နေသည်မသိသော ကျောင်းတော်မှ အစ်မ တော်စပ်သူ မကြင်ဝင်းက ကျော်ကျော့်ကို နားရွက်ဆွဲခေါ်ပါလေတော့သည်။ မာလာဆောင်သူ မကြင်ဝင်းနှင့် မဘုတ်တို့က ကျော်ကျော့်ထက် တစ်တန်းကြီးပြီး အမျိုးသမီး လှေလှော်အဖွဲ့ကဖြစ်၍ ဘောလုံးအပြင် လှေလည်းလှော်သော ကျော်ကျော်နှင့် အစ်မများသဖွယ် ခင်မင်ကြသည်။ သူ့ကို မောင်အရင်းအခြာလို ချစ်ကြသည်။

"ကဲ ပြော နင်ဘောလုံးပွဲနေ့က ဘာလုပ်လဲ။ မေခက ကျော်ကျော်ဆိုပြီး မာလာကော၊ ကမ္ဘောဇကော ကျောင်းထဲမှာကော နာမည်ကြီးလို့ နင်သာမသိတာ" ပြောရင်းက နားရွက်ကို မလွှတ်သေးသည့်အတွက် ကျော်ကျော် ကိုယ်တစ်ခြမ်းစောင်းဖြင့် အစ်မတော်ခေါ်ရာနောက်သို့ လိုက်သွားရသည်။

"ရှော့၊ နင်ခုတောင်းပန်လိုက်၊ ငါတို့ရှေ့မှာ သေသေချာချာတောင်းပန်လိုက်"

မကြင်ဝင်းစကားကြောင့် ငုံ့ထားသောခေါင်းကို ကျော်ကျော်မော့လိုက်ချိန်၌ ထူထူသွယ်သွယ် မျက်ခုံးများဖြင့် မျက်ဝန်းကြည့်လဲ့လဲ့တွင် ဒေါသငွေ့မရှိ ပကတိ ဖြူစင်သောစိတ်ကို မြင်သာလွယ်သည့် မပြုံးတုံ့ ပြုံးတုံ့သူ့ဟန်ကြောင့် ကျော်ကျော် ဘာကို ပြောရမည်နည်း မသိတတ်အောင် မင်သက်ငေးကြည့်နေမိသည်။ ဟုတ်ပါသည်။ သူ့ကို ပန်းစည်းကမ်းခဲ့သူ ပြာလဲ့ညက်စင် နောင့်သခင်ပါလား...။

မကြင်ဝင်းက သူ့ပခုံးကို ပုတ်လိုက်ခါမှ သတိဝင်ကာ -

"ကျွန် ... ကျွန်တော် ... တောင်းပန်ပါတယ်၊ ဟို ... ဟို ... စိတ်မဆိုးပါနဲ့တော့နော်၊ တကယ်တောင်းပန်တာပါဗျာ"

အစ၌ စကားထစ်နေသော်လည်း အသေအချာ ပြောလိုက်မိသော သူ့တောင်းပန်စကားအဆုံးတွင်ပင်...

"ထား...နားလည်ပါတယ်၊ အဲဒီတုံးကတော့ ရုတ်တရက်မို့ ထား မနေတတ်ဖြစ်သွားတာပါ။ ထားစိတ်ထဲမှာ ဘာမှမရှိတော့ဘူး။ မမကို အားနာလိုက်တာ မမရယ်"

တစ်ဆက်တည်းမှာပင် ကျော်ကျော့်ကို ခေါ်လာသော မကြင်ဝင်း ဘက်လှည့်၍ ပြန်တောင်းပန်နေသေးသည်။ ယဉ်ကျေးသော သူ့အမူအရာတွင် အပိုဟန် စိုးစဉ်းမျှမပါ ရင်တွင်းဖြစ် စစ်စစ်ကြောင့် သိမ်မွေ့နူးညံ့ခြင်းများ သက်ဝင်နေသည်ဟုလည်း ကျော်ကျော် ထင်သည်။ ဖြူလဲ့လဲ့ဖြင့် ဝင်းစိုနေသော သူ့အသားတော်ညက်ဝယ် မွေးညင်းနုတို့ ရှိန်းမြမြထင်၍ တင်နေသည်ကိုလည်း ကျော်ကျော်မြင်မိသည်။ နဖူးထက်နားမှ ဆံယဉ်စလေးများက လေတိုး၍ သိမ့်သိမ့်လေးလှုပ်နေသည့်နှယ်။ မရမ်းရင့်နှင့် ရောင်စုံစပ် ချည်ချော လုံချည်ကို ပန်းနုရောင်ဖျော့ဖျော့ လက်တိုပိုးသားပျော့ ရင်စေ့လေးကို လိုက်ဖက်စွာ ဝတ်ထားပြီး ရင်ထက်သို့ လွဲယူချထားသော ဆံမြိတ်နွယ်ဖြင့် နန်းဆန်ဆန် လှနေပြန်သည်။

"မမ မမတို့က ဘယ်နေရာမှာလဲ၊ ထားတို့က ရှေ့က အဝိုင်းဘေးမှာ နေရာယူရမယ်"

မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့်အတူ အဆောင်စုပေါင်း သန့်ရှင်းရေး အစီအစဉ်ပါ ပါသည်မို့ သူတို့တာဝန်ကျရာနေရာကို သူက ပြောပြနေသဖြင့် -

"မမတို့လည်း အဲဒီမှာလေ ဒါကြောင့် ဒီလူရှုပ်ကို ခေါ်လာတာ

သွားကြစို့''ဟု ပြောသည်တွင် သုံးယောက်သား အဆောင်ရှေ့ အဝိုင်းပတ်လမ်းသို့ လျှောက်လာခဲ့ကြသည်။

''ထား နာမည်က နှင်းသက်ထားပါ၊ သူငယ်ချင်းတွေကတော့ ထား လို့ပဲခေါ်ကြတယ်''

''ကျွန်တော် ကျော်ကျော်ပါ ပုသိမ်ကလေ''

''ဟုတ်လား ထားတို့က ကျောက်မဲကပါ''

''ထား...ထား...နှင်းသက်ထားတဲ့။ အမည်လေးလှသလို အဓိပ္ပာယ်ကလည်း လေးနက်ပါလား ထားသခင်ရယ်''

•

''ချစ်ပန်းရနံ့လေး ကြူကြူအေး...တူတူမွှေး...မွှေးချင်တာ... မေတ္တာ တေးသံသာသာ... ကြားချင်ကြတဲ့ မောင်မယ်နှစ်ဖြာ... နားဆင်သမကွဲ ဆောင်လယ်မှာ... တစ်ဦးကို တစ်ဦး''...

ငြိမ်သက်နေသော ခန်းမဆောင်အတွင်း သံစဉ်ကျနစွာ စည်းဝါးညီညီ ကြည်လင်ပီသစွာ သီဆိုနေသည့် ကျော်ကျော့်အသံသည် ခါတိုင်းထက် ပိုကောင်းလွန်းနေသည်ဟု မေဆောင် အဖွဲ့သားများအားလုံး ခံစားကြရသလို ညည... မာလာဆောင်မှာ လာလာဟစ်သော အသံနဲ့ တခြားစီပါလားဟုလည်း သူ့အစ်မတော် မာလာဆောင်သူတို့ကပါ ကျော်ကျော့်သီချင်းသံတွင် တိမ်းတိမ်း မူးမူးခံစားမိကြသည်။

''အေးအေးချမ်းချမ်း... စိမ့်စမ်းရေပမာ... သွန်းဖျန်းပါစေကြောင်း...ဆုတောင်းရအခါခါ...''

သီချင်းပြီးဆုံးသွားသည်နှင့် ခန်းမဆောင်တစ်ခုလုံး လက်ခုပ်သံများ လွှမ်းသွားသည်။ နေရာသို့ ပြန်လာသော ကျော်ကျော့်ကို မကြင်ဝင်းနှင့် မဘုတ်တို့က မောင်အဖြစ်တော်စပ်ရသည်ကို ဂုဏ်ယူဝမ်းသာအကြည့်ဖြင့် ကြိုရင်း နေရာဖယ်ပေးကြသည်။ ခပ်လှမ်းလှမ်း သူငယ်ချင်းများအကြားမှ ထားကတော့ ပါးချိုင့်ကလေးပေါ်လုလု အပြုံးစဖြင့် မသိသလို သိသလို လုပ်နေသည်။ အခမ်းအနား အစီအစဉ်များ ပြီးဆုံးသောအခါ နေ့လယ်သို့ တိုင်ချေပြီ။

''ကျွန်တော်တို့ပြန်တော့မယ်၊ ကျောင်းမှာဆုံတဲ့အခါ ခေါ်ပါထား'' ကျော်ကျော်က ထားကို နှုတ်ဆက်သည်။

''မမတို့ ကျွန်တော်သွားနှင့်ပြီ''တစ်ဆက်တည်းမှာပင် မာလာသူတို့ကို နှုတ်ဆက်လိုက်သည်။ သူ့ထံသို့ လည်ပြန်တစ်ချက်လှည့်ကြည့်မိလိုက်စဉ်တွင်မူ ကြည်လဲ့သော မျက်ဝန်းအစုံဖြင့် ငေးစိုက်ကြည့်နေသည့်ထားကို ကျော်ကျော်တွေ့လိုက်ရသည်။ အငိုက်မိသွားသဖြင့် ဖျတ်ခနဲ မျက်နှာကို ကွယ်လိုက်သော်လည်း လစ်ခနဲ ပေါ်သွားသော သူ့ရှက်ပြုံးသိသိကိုမူ ကျော်ကျော် မြင်လိုက်သည်။

နေရစ်ဦးတော့ ထားသက်လယ်ရယ်ဟု ကျော်ကျော့်ရင်ထဲက ပြောလိုက်လေသလား။

ပြာလဲ့ညက်စင်၊ နောင့်သခင်ကို၊ မြင်လျှင်သိသာ၊ ကြယ်တကာတွင် သော်တာပဝန်း၊ တိမ်စင်ထွန်းသို့၊ ချစ်ပန်းကသိုဏ်း၊ ရစ်ထုံးဆိုင်းသည်...တဲ့...နောင့်သခင်ရယ်...

•

ကျော်ကျော်က ထားထက် တစ်တန်းကြီးသည်။ ကျော်ကျော် ဒုတိယနှစ်တွင် ထား...တက္ကသိုလ်သို့ ရောက်လာခြင်းဖြစ်သည်။ ယခု ကျော်ကျော် တတိယနှစ်ရောက်သောအခါ ထားနှင့်ကျော်ကျော်သိခဲ့၊ ခင်ခဲ့၊ အကျွမ်းတဝင် ဖြစ်ခဲ့ကြသည်မှာ တစ်နှစ်လည်မျှကြာခဲ့ပြီ။

မဖြူလွန်း မညိုလွန်းသော အသားအရေ၊ တင့်တယ်စွာ သွယ်လျလျနှင့် အချိုးကျကျ ပြေပြစ်စွာ ခန္ဓာဖွဲ့စည်းပုံ၊ ရင့်ကျက်တည်ငြိမ်သော အမူအယာ၊ နက်မှောင်ကော့ရှုန်းသော မျက်ခုံးအစုံနှင့် လိုက်ဖက်လွန်းသည့် မျက်နက်ဝန်းများ၊ ပါးပါးစေ့စေ့ နှင်းဆီနှုတ်ခမ်းလွှာတို့၏ တည်မလိုနှင့် ပြုံးနွဲ့နွဲ့ အလှများသည် ပြုံးလိုက်သည့်အခါမှပင် ပါးမို့မို့ထက်ဝယ် ပေါ်လွင်လာသော ပါးချိုင့်ကလေးများနှင့် လိုက်ဖက်လွန်းလှသည်။ မိန်းမတို့၏ အိန္ဒြေနှင့် အလှဟူသည် ဤသို့ ဤနှယ်ရယ်လို့ ခွဲခြားမြင်ရသည့် အလား

ထားက လှနိုင်အားသည်၊ သို့ကြောင့် ထား၏ အလှသည် စီးပွားရေးမှ သာမဟုတ် ကုံကော်မြိုင်တန်း၊ ဥယျာဉ်နန်းတစ်ခုလုံးက သူ့အလှ အယဉ်ကို အသိအမှတ်ပြုရလောက် သည်အထိ ဖြစ်ခဲ့သည်။

ထား ဘယ်လိုလှလှ ကျော်ကျော်သိသည်က ထားကို ချစ်မိခြင်းသည် လှ၍ မဟုတ်၊ အမျိုးအမည် မခွဲခြားတတ်သော ချစ်ခြင်းဖြင့် ချစ်နေမိသည် ... ဟူ၍သာ။

တတိယနှစ်ကုန်လုလု စာမေးပွဲနီးချိန် တစ်နေ့ ကျော်ကျော်ထားကို ချစ်ရေးဆိုလေပြီ။

"ထားကို ကိုမောင် နှစ်နှစ်ကာကာ မြတ်နိုးပြီးချစ်တာပါ။ ကိုမောင် ပျော်ပျော်ရွှင်ရွှင် ရွှတ်နောက်နောက်နေတတ်ပေမဲ့ အချစ်ကိုတော့ ပေါ့ပေါ့ဆဆ မလုပ်တတ်ပါဘူး။ ကိုမောင် ထားကို ဘယ်လိုချစ်ပါတယ်ဆိုတာကို မပြောပြတတ်ပါဘူး။ ထား ပြန်မချစ်ခါမှနေပါစေ ကိုမောင် ထားကို ချစ်ခွင့်မရခဲ့ရင် ဘယ်လိုခံစားရမယ်ဆိုတာ ကိုယ်ကိုယ်တိုင်လည်း မတွေးတတ်ပါဘူး။ ကိုမောင် ပြောတတ်တာ ဒါအကုန်ပါပဲ ထား"

ကျော်ကျော်က အိမ့်အခေါ်အတိုင်း သူ့ကိုယ်သူ ကိုမောင် ... ဟု သုံးကာ ထားကို ချစ်ရေးဆိုခဲ့သလို ထားကလည်း ကျော်ကျော် ဖွင့်ဆိုခဲ့သော ချစ်ဒိုင်္ကာကို အစမှ အဆုံး၊ အဆုံးမှအစ အတန်တန်



ဖတ်သည့်နှယ် နှစ်လလောက်ကြာလေမှ ...

"ကို မောင် ... ထား ... ကိုမောင့်ကို မြင်မြင်ချင်းကတည်းက ရင်ခုန်ခဲ့မိတာ အမှန်ပါ ... ဒါပေမဲ့ ထားတို့က မိန်းမသားပါ။ ချစ်စိတ်ရှိလို့ ချစ်ခဲ့မိပေမဲ့ ပြောအားမရှိသူတွေပါ။ ချစ်မိရင်လည်း စွဲစွဲမြဲမြဲနဲ့ ချစ်ချင်ပါတယ်။ တစ်ဘဝလုံး တစ်သက်တာအဆုံးထိ ကိုယ့်ချစ်သူကို မြတ်နိုးချစ်နဲ့ အနားက မခွာစတမ်း အလုပ်အကျွေးပြု ချစ်နေနိုင်တဲ့ အိမ်ထောင်ရှင်မကောင်းလည်းဖြစ်ချင်ပါတယ် ကိုမောင်"

"ကိုမောင့်ကို ထား ချစ်စိတ်ရှိလို့ ပြန်ချစ်မိပေမယ့် ချစ်ပါတယ်လို့ ခုလိုပြောတာမှာ ထား အများကြီးတွေးပြီး စဉ်းစားပြီးမှ အဖြေပေးတာပါ။ ဒါကြောင့် ကိုမောင် ထားအပေါ်မှာ တန်ဖိုးထားစေချင်တယ်၊ ကိုမောင် ထားကို ချစ်ပါတယ်ဆိုတဲ့ မေတ္တာတွေကိုလည်း ဘယ်တော့မှ အချစ်ပေါ့ပြီး လျော့မသွားစေချင်ပါဘူး။ ဒါ ကိုမောင့်လိုပဲ ထား ပြောချင်တာတွေပါပဲ။ ကဲ ထားကို ချစ်တယ်ဆိုတဲ့ မောင် ကျေနပ်ပြီလားရှင်" ...

ဒီအတွက်ကြောင့်လည်း ကျော်ကျော် ထားကို အချစ်ကြီး ချစ်သလို တန်ဖိုးလည်း ထားခဲ့သည်။ ထားကလည်း ကျော်ကျော် ချစ်တတ်သလို ချစ်တတ်လေသူဖြစ်၍ ချစ်အား ညီကြသော သူတို့ချစ်သူနှစ်ဦးကို အများက အားကျကြရလောက်သည်အထိ မေတ္တာမျှမျှ နှလုံးလှလှ ချစ်ခဲ့ကြသည်။

ညီအစ်မတွေလို ဖြစ်နေကြသော မဘုတ်တို့ မကြင်ဝင်းတို့က ကျော်ကျော့်ကို ဘယ်နားမှာ ဘယ်သူနဲ့ ဘယ်လိုတွေ့တာပဲ ဆိုသည်နှင့် မျက်ရည်လည်နေတတ်သော ထားကို သူတို့စရသည်နှင့် မတန်အောင် ပြန်ချော့ရသည်က အမော၊ ဒီမျှအထိ ထားကလည်း ကျော်ကျော့်ကို ချစ်တတ်လေသူ။

"တကယ်တော့လည်း ထားရယ်...

စံရာစံထက် နတ်ပင်သက်ဟု၊ မှတ်မြွက်ဆိုမိ၊ ပြစ်မရှိသည့်

မျက်စိမပမ်း "လျှံထွန်းသရေ၊ လှခေါင်နေကို၊ ထွေထွေကြည့်လျှင် ချစ်၍ထင်ခဲ့...သူ... မဟုတ်ခဲ့ပါ ထား... လှ၍ချစ်တတ်သူ... မဟုတ်ရပါထား... မြတ်နိုး၍ ချစ်ခဲ့ရသူပါ... မြတ်နိုး၍ပါ ထား... လို့သာ" ကျော်ကျော့်ရင်မှာ ခံစားနေမိသည်။

ချစ်ရက်ရှည်ရှည် အင်းယားမြေဟူသော တေးသွားများသည် ထားနှင့် ကျော်ကျော်တို့ နှစ်ဦးအတွက် သီးသန့်စပ်ဆိုထားသည့် ပမာဖြစ်တော့သည်။ အဓိပတိလမ်း နံဘေးစကားပင်အောက်မှ ခုံတန်းလေးက ထားတို့နှစ်ဦး၏ ချစ်မိတ်ဆွေဖြစ်ခဲ့သည်။ စိန်ပန်းပွင့်နီတွေးတွေးလေးများသည်လည်း ချစ်သူတို့ လမ်းက ပန်းကတ္တီပါဖြစ်ခဲ့ကြသည်။ သြော်...ချစ်ခြင်း၏ ဂုဏ်သည် ဝန်းကျင်အလုံး ကြည်နူးဆွတ်ပျံ့ဖွယ်တို့ဖြင့် လွှမ်းဖုံးစေရှာသလား။

•

ကျွန်းဆွယ် အရေးအခင်းအကြောင်းပြု၍ ပိတ်ထားခံရသော ကျောင်းများ လပေါင်းအတန်ကြာမှ ပြန်ဖွင့်သည်။ ဆိတ်သုဉ်းနေခဲ့သော ကုံကော်မြိုင်တန်းသည် အဝေးမှ ပြန်လာခဲ့ကြသည့် သူ့ရင်သွေးများကို ဝမ်းပန်းတသာ ပြန်လည် ဆီးကြိုနေသည်။ ပြန်ဆုံကြသော သူငယ်ချင်းတို့ အပြုံးကိုယ်စီနှင့်...၊ ပြန်ဆုံကြသော ချစ်သူတို့ နှလုံးရွှင်ကြည်ကြည်နှင့် ရှိကြသည်၊ သို့သော် အဝေးက ပြန်ခဲ့သူ အားလုံးတွင် သူ့ထံပြန်ရောက်မလာသည့် ထားကို အမိ တက္ကသိုလ် သိမှသိပါလေစ၊ ကျော်ကျော်ကမူ ကောင်းကောင်းကြီး သိလိုက်ရသည်။ သိလိုက်ရသည်မှ ရင်ပွင့်မတတ် သိခဲ့ရသည့် သိခြင်းမျိုး၊ ချစ်လိုလျက်နှင့် ဝေးရတော့မည့် သိခြင်းမျိုး၊ မေတ္တာ ရေကြည်စမ်း မခမ်းပါဘဲ အပန်းမပြေ လွမ်းမပြေသာသည့် သိခြင်းများပါတည်း။

•

သူ့ကို ချစ်လှပါသည်ဆိုသော ထား၊ သူ့အသည်းနှင့်အောင် ချစ်ရပါသော ထား ပြန်ရောက် မလာခဲ့သည်ကို အနေဝေးခဲ့တဲ့ တစ်ခဏတာလေး အတွင်းမှာ အဖြေမပေးခဲ့ တစ်ဘဝစာ အဝေးနဲ့ ကျော်ကျော့်အတွက် ပဟေဠိအမေး ပုစ္ဆာသည် နေ့မဖြေသာ ညအဖြေရှာမရနှင့် နေ့ရက်လရှည် ကြာခဲ့ရလေပြီ။

ကျောင်းပိတ်စက ကျောက်မဲပြန်ရမည့် ထားအတွက် စိတ်မချသောကြောင့် ကျော်ကျော်က မန္တလေးအထိ လိုက်ပို့ရန် တောင်းဆိုသည်။ ထားက အတန်တန် ငြင်းဆန်၍သာ ကျော်ကျော်ကျန်နေခဲ့ရသည်။ "ထားပြန်လာမယ့်ရက်ကို မောင်လာကြိုပေးနော်"...ဟုပင် မှာသွားသေးသည်၊ လအတော်ကြာပြီး ကျောင်းများပြန်ဖွင့်၍ လူစုံကြသည့်တိုင် ထားတစ်ယောက်က ပေါ်မလာနိုင်၊ နောက်ဆုံးစာမေးပွဲများပင် ပြီးခဲ့ပြီ၊ ထားတစ်ယောက် ကျောင်းသို့ ပြန်မရောက်လာတော့၊ ဘယ်လို အဆက်အသွယ်မှလည်း မရခဲ့။ ကျော်ကျော် အမျိုးမျိုး ကြိုးစားကြည့်သော်လည်း ဘာတစ်ခုမှ ထူးခြားမှုမရှိ၊ နောက်ဆုံး ကြိုးစားမှုအဖြစ် ကျောင်းပိတ်ရက်တွင် ထားရှိရာ ကျောက်မဲမြို့သို့တိုင် မြို့လုံးအနှံ့ရှာခဲ့ပေမဲ့ မတွေ့၊ သူရခဲ့သည့် အဖြေက ထားတို့ မန္တလေးကို

ပြောင်းသွားကြသည်ဟူ၍သာ ဖြစ်သည်။

◆

ငယ်ကချစ်… အနှစ်တရာ… မမေ့သာသည်… တည်ကြည်ခိုင်မြဲ… ချစ်ခဲ့ကြသည် မို့လည်း… ရေမြေနယ်ခြား…ဘဝဆိုတာများ မရေရာ… အခြေအနေ ခြားတာလဲ…ချစ်ခြင်းမေတ္တာ…ယုံကြည်ချက်နှင့် မဆိုင်ပြီ ဒီဘဝ…ဒီကမ္ဘာဆီ…ဩော် ဒီတစ်ယောက်ကိုမှ…ချစ်ခဲ့လေသည်အမြဲ…နောင်လည်း ချစ်လို့နေမည်…။

ခပ်လှမ်းလှမ်း ဘဏ်ရိပ်သာဆီမှ သန်းဖေလေး၏ ရေဒီယိုတေးသံက ညင်သာတိုးတိတ် ဝေ့ဝဲပျံ့လွင့်လာသည်။ ကျော်ကျော့်ရင်မှာ တုန်တုန် လှုပ်လှုပ် ခံစားလိုက်ရသည်။ နှလုံးထဲဝယ် တင်းကြပ်ဆို့နှင့်နေသည်ဟု သူထင်သည်။

ရေပြင်ထက်ဆီသို့ အဓိပ္ပာယ်မဲ့မဲ့ဖြင့် ခဲလုံးကလေးများကို ပစ်ပေါက်ရင်း ကျော်ကျော် တွေးနေမိဆဲရှိသည်။ နေညိုလုလုဖြစ်ပေမဲ့ တိမ်ရောင်ကြောင့် အမှောင်ဝင်မလာသေး။ ကမ်း၏ ခပ်ဝေးဝေး တဖက်မှာတော့ အိပ်တန်းပြန် ဗျိုင်းတစ်အုပ်က ပင်ထက်ကိုင်းဖျားတို့တွင် နားနား နေနေ ရှိချေပြီ၊ သည်မြင်ကွင်းနှင့် ဝန်းကျင်အားလုံး အရင်ကလိုပါပဲဟု ကျော်ကျော် ထင်မိသည်။ အင်းလျားနဲ့ ကဲ့ကော်တောကလည်း အရင်လိုပါပဲ… ဟု ထင်သည်။

ဒါဆို 'တို့များကျခါမှ ဘာဖြစ်လို့ အရင်လိုမဟုတ်တော့တာလဲ' …။

ကျော်ကျော်ကတော့ နှင်းသက်ထားဟူသော မိန်းကလေးကို နောင်လည်း ချစ်နေဦးမည် အမှန်ပါ။ ကျော်ကျော် ဒါကို ကောင်းကောင်းသိသည်။ နောင်လည်း ချစ်မြဲချစ်လျက် နေပါဦးမည်။ အင်းယားရေကန်စပ်တွင် ထိုင်နေသော ခုချိန်အထိ အဖြစ်အပျက် အားလုံးသည် ကာလတိုလေးအတွင်းမှာ ဖြစ်ခဲ့သည့် ဖြစ်ရပ်များသာ ဖြစ်၍ ဒီအဖြစ်တွေကို ကျော်ကျော် မယုံချင်။ သို့သော် မယုံချင်၍ မရ။ တကယ်ပင် ဖြစ်ခဲ့လေပြီ။

မိုးထက်ဆီမော့ကြည့်လိုက်သော ကျော်ကျော့် မျက်လုံးအိမ်တွင် မျက်ရည်စတို့ ဝဲသီနေကြသည်။

ဩော်… တိမ်ရောင်းစုံတို့လည်း နားကြပြီ။ ပြန်ချေဦးမှလေ။

သက်ပြင်းတစ်ချက် ရှိုက်ရင်း နေရာမှ လေးလံစွာ ထလိုက်သည်။ နောက်သို့ အလှည့်တွင်မူ မာလာကအစ်မတော် မကြင်ဝင်းနှင့် မဘုတ်တို့ နှစ်ယောက် သူ့ကို စောင့်ကြည့်နေကြသည်ကို တွေ့ရသည်။ ကျော်ကျော့်အဖြစ်ကို စာနာနားလည်မှု အပြည့်ဖြင့် ကြင်နာစွာ ပြုံးပြသော အစ်မတော်များ၏ အကြင်နာတို့သည် ပြင်းပြစွာ ပူလောင်နေသော ကျော်ကျော့်ရင်ကို မငြိမ်းအေးစေနိုင်ခဲ့ပါ။

◆

ကဲ့ကော်… နှင်းဆီ… ဂန္ဓမာ… သရဖီ

တိုက်ပုံကို ပခုံးထက်လွှဲတင်လိုက်ရင်း အခန်းဝသို့ ကျော်ကျော် ထွက်လာခဲ့သည်။ ကော်ရစ်ဒါမှ လျှောက်လာနေကြသော ဖြူကြီးတို့ တစ်သိုက်ကို လှမ်းတွေ့ရသည်။

လေးနှစ်အပြီး မာစတာဆက်တက်မည့် မူလစိတ်ကူးသည် စိတ်တေလေကြောင့် Q-2 သာဝင်ပြီး ကွာလီဖိုင်း တစ်နှစ်ထိုင်ရမည်။ ထို့ကြောင့် သူကျောင်းမှာ ဆက်ကျန်ရစ်နေမည်။ မကြင်ဝင်း၊ မဘုတ်တို့နှင့်အတူ စိန်ဂွန်းတို့ ထွန်းကျော်တို့အားလုံး သမဝါယမဌာနသို့ ရောက်သွားကြသလို၊ တာတီးတို့ ခင်မောင်မြတို့တွေက စီမံကိန်းနှင့် ဘဏ္ဍာရေးဌာနများသို့ ရောက်ကြပြီး တစ်ယောက်စ နှစ်ယောက်စသော ကျန်သူငယ်ချင်းများကမူ ဟိုဌာန ဒီဌာနသို့ ခွဲရောက်သွားကြပြီ ဖြစ်ရာ ကျော်ကျော် တစ်ယောက်သာ ဆရာညိုနှင့် ကျောင်းမှာ ကျန်ရစ်ခဲ့သည်။ ထို့ကြောင့် ခုခါမှာ ကျော်ကျော်က အစ်ကိုကြီး၊ ကဲ့ကော်ဆောင်သူ ဖြူကြီး၊ တင်တင်အေး၊ စွဲမို့ခမ်းနှင့် ခင်မြဝင်းတို့က ညီမများအဖြစ်နှင့် ဘဝသစ်တစ်ခုဖြစ်ခဲ့သည်။

ဖြူကြီးလို့ ချစ်စနိုးခေါ်ရသည့် ညီမခင်သက်ဖြူက မန္တလေးသူ၊ တင်တင်အေးက တောင်ငူ၊ စွဲမို့ခမ်းနှင့် ခင်မြဝင်းတို့က ကချင်ပျိုဖြူ



မြစ်ကြီးနားသူတွေ၊ မာလာဆောင်သူ မတင်ဝင်းနှင့် ထွေးညီညီတို့ကတော့ အညာသူတွေ၊ စကားသံခပ်ဝဲဝဲနဲ့ မသိန်းလှတို့က မော်လမြိုင်သူတွေ။

ပြည်နယ်တိုင်း အနှံ့လာ၍ တမိုးတမြေမှာ ဆုံဆည်းကြသူများအတွက် ဤ အမိတက္ကသိုလ်သည်ကား ညီညွတ်ပေါင်းစည်းခြင်းနှင့် အတူ ဘဝအလှစုံဟု ပုံပမာယူဖွယ် တွယ်တာချစ်ခင် ဖြူစင် သံယောဇဉ်များ ဖြစ်တည်ရာ ကမ္ဘာငယ် တစ်ခုလည်း ဖြစ်သည်။

"ဟော…ကိုကြီးဆွေး…ဖြူကြီးတို့ကို မုန့်လိုက်ကျွေးလေ၊ ဦးယမ်းဘီလူးဆိုင် မပိတ်သေးဘူး" ဖြူကြီးက ထုံးစံအတိုင်း ညီမရင်းချာ တစ်ယောက်လို ပူဆာသည်။

"ဟုတ်ဗျာ…ဒါပေမဲ့ ညနေ လေ့ကျင့်ခန်းကို နောက်မကျရဘူး၊ ပြိုင်ပွဲ သိပ်နီးနေပြီ ခဏနေ အဆောင်ပြန်ကြပေါ့"…။

သူ့စကားကို တစ်ဖွဲ့လုံးက စကားပြန်မပေးဘဲ ကဲန်တင်းဆီ လျှောက်ခဲ့ကြသည်၊ သူ့အကြောင်း အလုံးစုံ သိထားကြသူ ညီမငယ်များက ကျော်ကျော့်ကို ကိုကြီးဆွေး… ဟု အမည်ပေးထားကြသည်။ ယခု အချိန်နမှာ ဘောလုံးအသင်းက ကစားဖက်များလည်း မရှိပြီမို့ လေ့လျှော်ခြင်းကိုသာ အချိန်ပေးထားသော ကျော်ကျော်နှင့် ဆက်စပ်၍ ဖြူကြီးတို့ စွဲမို့ခမ်းတို့လည်း လှေလှော်ကြပြီး လှေသစ်တမ်းပြိုင်ပွဲများ ဝင်ကြရမည်ဖြစ်၍ လေ့ကျင့်နေကြရသည်။

စီးပွားရေးတက္ကသိုလ်သည် အားကစား၊ ဘောလုံး၊ ပြေးခုန်ပစ်နှင့် အမျိုးသမီး အမျိုးသား လှေလှော်ကစားနည်းများတွင် အောင်မြင်သော တက္ကသိုလ်ဖြစ်သည်။ သည်နှစ်တွင် လူဟောင်းများ မရှိကြတော့သည့်အတွက် လှေသစ်တန်းပြိုင်ပွဲများ၌ ဆုရရှိရေး ဦးတည်ထားရသောကြောင့် ဖြူကြီးတို့ကို ထွန်းအားပေးနေရခြင်းဖြစ်သည်။

◆

ဘုတ်ကလပ်မှ စောင့်နေ၍ မကြာမီ မချောတို့ တစ်သိုက်ပေါ်လာချေပြီ။

တစ်ခုထူးသည်ဟု ကျော်ကျော်ထင်မိသည်က စွဲမို့ခမ်းတို့ ဖြူကြီးတို့ ဘုတ်ကလပ်ကို လာတိုင်း လှေမလှော်ဘဲ အမြဲပါလာတတ်သော မိန်းကလေးတစ်ဦး၊ သူ့အမူအရာက ခပ်အေးအေး၊ ဒါပေမဲ့ ကျော်ကျော့်ကို လေ့လာပုံမျိုးရှိတတ်သည်ဟု အမှတ်မထင်ဆုံမိတိုင်း ကျော်ကျော် သတိထားမိသည်။ မရင်းနှီးသေး၍ စကားလည်း မဆုံဖြစ်… ရှိစေတော့။

"မိုးခမ်းတို့ ဖြူကြီးတို့ ကိုကြီးဆွေး ပန်းဆိုးတန်း ခဏသွားရမယ်၊ ဒီညနေ ခါတိုင်း လေ့ကျင့်နေကျအတိုင်း လုပ်ပါ။ ဆရာညိုတော့ လှည့်ဝင်လာလိမ့်မယ်။ အစ်မမကြင်ဝင်းခေါ်လို့ ခဏသွားတွေ့မှာ ညနေ အပြန်မမီနိုင်ဘူး။ အတူတူပြန်နှင့်ကြပေါ့"

သမဝါယမဌာနမှာ အလုပ်ရကြသူ တော်တော်များများ နယ်အသီးသီးကို ရောက်သွားကြပြီး သင်တန်းနှင့် တွဲဖက် တာဝန်ယူရသဖြင့် မကြင်ဝင်းသာ ရန်ကုန်မှာ ကျန်နေခဲ့သည်၊ မဘုတ်ကတော့ မန္တလေးမှာ ရောက်နေသည်။

"ဟဲ့ ... ငါ့မောင်၊ မဘုတ်စာရေးတယ်၊ သူ ထားကို မန္တလေးမှာ တွေ့တယ်တဲ့၊ အရင်လို ရင်းရင်းနှီးနှီးပါပဲတဲ့၊ ဒါပေမဲ့ ကျောင်းတုန်းကလို သွက်သွက်ကလေး မဟုတ်ဘဲ သိပ်တည်ငြိမ်နေတာပဲတဲ့"

မမျှော်လင့်သော သတင်းစကားဖြစ်ပေမဲ့ နာခဲ့လွန်းရသောရင်၊ ကြေကွဲခဲ့ရသော နှလုံးသားတို့က ဒဏ္ဍာရီလို ဖြစ်သွားသော ချစ်ပုံပြင်ဇာတ်ကြောင်းကို စင်ထက်မှာ မကပြချင်တော့။ ကျော်ကျော်က-

"သြော်...အမရယ်၊ ဘာများလဲလို့ သူ့အကြောင်း အားလုံးမေ့ထားလိုက်ပါပြီ၊ သူတစ်နေရာမှာ ရှိနေမယ်ဆိုတာ ကျွန်တော်တွေးပြီး သားပဲ မမ၊ သူဘာဖြစ်နေနေ ကျွန်တော့်ဘဝနဲ့ ဝေးသွားပြီပဲ၊ သူရှိနေလည်း ထားဆိုတဲ့ မိန်းကလေး ကျွန်တော့်အတွက် ဒီကမ္ဘာမှာ မရှိတော့ဘူးလို့ မှတ်ထားပြီးပါပြီ"...။

ကျော်ကျော် ဘယ်မျှ ရင်နာခဲ့ရသည်ကို သိသော မကြင်ဝင်းတစ်ယောက် ရှေ့ဆက်မပြောသာတော့။

"မောင် ထားကို မေ့လိုက်ပါရစေတော့ ထားရယ်"

အသံမဲ့ စကားလုံးများသာ ရင်ဝယ် ပဲ့တင် လှိုင်းခတ်ကျန်နေခဲ့သည်။

•

မပြောင်းလဲသော အရာသည်ကား အစဉ် ပြောင်းလဲနေခြင်းပင်ဖြစ်သည်။ ဖေဖေနှင့် မေမေတို့က ကျော်ကျော် ပွင့်ပွင့်လင်းလင်းနေတတ် ပြောတတ်သည့်ကြောင့် ထားနှင့် သူ့အကြောင်း သိထားပြီးဖြစ်သည့်အတွက် စကားနည်းသော ဖေဖေက သားစိတ်မလေစေရန် ဝင်ရောက် ထိန်းကျောင်းပေးရင်း Q-2ထိုင်ခိုင်းသည့်မှာလည်း ဖေဖေ့စိတ်ကူး၊ တစ်ခါ သူ့ဆန္ဒဖြင့် ဆရာဆရာမများနှင့် ကိုယ်တိုင်လာတွေ့၊ ဆရာများထံမှ အကြံဉာဏ်ယူပြီး MBA တက်ခွင့်ရအောင် သားကို ကြိုးစားခိုင်း၍ ခု ကျော်ကျော် လန်ဒန်တွင် ကျောင်းတက်ခွင့်ရခဲ့သည်။ ဒီသတင်းကို ကြားကြားချင်း ဖေဖေ သိပ်ဝမ်းသာသွားပုံရသည်။ စိတ်လေလေနှင့် မဖြစ်သင့်တာတွေ ဆက်မဖြစ်စေရန် သူစိုးရိမ်ပုံလည်း ရသည်။ ဖေဖေက အဆင့်အတန်းတို့ ဂုဏ်ပကာသနတို့ကို မကြိုက်။ ချစ်သူကိစ္စတွေ ဖြစ်လာတတ်သော အရွယ်မို့ သူ့သားကို အဆင့်အတန်း မလို၊ ရိုးသားပြီး အိမ်ထောင်ရှင်ပီသမည့် သူ့ကိုသာ ရွေးစေချင်သည်ဟု တစ်ခါတည်း ပြောထားသူဖြစ်သည်။ ယခုမူ သားစိတ်ဒဏ်ရာ၊ သက်သာရာ ရစေနိုင်လောက်သည့် အာရုံပြောင်းနိုင်ပြီမို့ သူဝမ်းသာပုံလည်းရသည်။

ကျော်ကျော့်သတင်းကြားကြသည်နှင့် ဖြူကြီးတို့ အားရဝမ်းသာ ရောက်လာကြပြီး စကားဖောင်ကြသည်။ ကျော်ကျော် မြန်မာပြည်က မထွက်ခွာမီ ရက်ပိုင်းတွင်...

"ကိုကြီးဆွေး ဖြူကြီးတို့ ဘုတ်ကလာပ်မှာ ကိုကြီးဆွေးကို နှုတ်ဆက်ပွဲ လုပ်မယ်"ဆိုသည့်အတွက် ဘုတ်ကလပ်မှာ အားလုံးဆုံကြသည်။ စီစဉ်ပြီး ဝယ်လာသော စားစရာတွေစား စကားတွေ ဖောင်ရင်းက "ကိုကြီးဆွေ... လာ... ဖြူကြီး ပြောစရာရှိတယ်"ဆိုကာ ကန့်စပ်ခေါ်လာခဲ့သည်။ သူ့နောက်က ဖြူကြီးတို့ လေ့လော်တိုင်းပါလာလေ့ရှိသူလည်း ခပ်လှမ်းလှမ်းက လိုက်လာသည်ကို သတိပြုမိသည်။

"ကိုကြီးဆွေး တချို့အရာတွေဟာ ကိုယ်ထင်တဲ့အတိုင်း မဖြစ်လာတတ်သလို တချို့ကျတော့လည်း မထင်မှတ်ဘဲ ဖြစ်လာတတ်တာတွေ ရှိတယ်ဆိုတာ ကိုကြီးဆွေးလက်ခံလား"

ဆရာမကြီးလေသံနှင့် ဖြူကြီးကတော့ လုပ်ပြန်ပြီ၊ မဆိုစကောင်းဆိုစကောင်း၊ ကြီးကျယ်လိုက်တဲ့ ဒဿနတွေ။

"နိဒါန်းချီမနေပါနဲ့ဟာ၊ ပြောမှာသာ ပြောစမ်းပါ ဒဿနတွေနဲ့ အထူးအဆန်း"

"ကဲ ဒါဆို တိုတိုပဲရှင့်၊ ဒီမယ် ကိုကြီးဆွေး ဒါကိုကြီးဆွေးရဲ့ ထားနဲ့ ညီအစ်မဝမ်းကွဲ တင့်တင့်နွယ်တဲ့၊ မမထား ကျောင်းပိတ်တော့ ကျောက်မဲ ရောက်ပြီးစပဲ။ သူ့အမေ နလုံးရောဂါ အသည်းအသန်ဖြစ်လို့ မန္တလေးမှာ ဆေးရုံတက်ရတယ်။ အဖေက နဂိုထဲက မျက်စေ့မကောင်းလို့ အိမ်မှာ မမထားအမေကပဲ ဦးဆောင်နေတာ။ အဲဒါ မမထား အမေဆုံးခါနီးမှာပဲ ကျန်ရစ်တဲ့ သူ့သမီးနဲ့ ခင်ပွန်းကို စိတ်မချနိုင်လို့ သူ့လို ကုန်သည်ငယ်သူငယ်ချင်းသားနဲ့ လက်ထပ်ပေးတယ်။ မမထားလည်း ဖွတ်မိုတ် လက်ခံလိုက်ရတယ်။ အမေဆုံးပြီး မင်္ဂလာပွဲအတွက် စီစဉ်နေတုံး သတို့သားက မန္တလေးက ပစ္စည်းတွေဝယ်ပြီး အပြန် မေမြို့အတက်မှာ ကားမှောက်ပြီး ထပ်ဆုံးသွားတယ်။ ဒါနဲ့ မမထားတို့သားအဖနှစ်ယောက် သူ့အဖေရဲ့ ညီရှိရာ မန္တလေးက ဟောဒီ တင့်တင့်နွယ် တို့ဆီမှာပဲ ပြောင်းနေခဲ့ကြတာ။ အိပ်မက်တစ်ခုလို ဖြစ်နေခဲ့တဲ့ သူ့ဘဝမှာ အရာရာကိုကြောက်နေပြီး ကိုကြီးဆွေးကို သူနဲ့ ဖူးစာမဆုံ ရေစက်မပါ ပါဘူးလို့ သဘောထားလိုက်တယ်တဲ့"

"အဲဒါတွေ အားလုံး ကိုကြီးဆွေးနဲ့များ တွေ့ခဲ့ရင် ရှင်းပြပေးပါလို့ တင့်တင့်ကို မှာထားတယ်"

"ကဲကောင်းလို့ပေါ့ တင့်တင့်က ကိုကြီးဆွေး နိုင်ငံခြား သွားရတော့မယ်ဆိုတာ သိလို့ ဖြူကြီးတို့ကို အကူအညီတောင်းတာနဲ့ ခုလို စီစဉ်လိုက်တာ၊ ကိုကြီးဆွေး မမထားကို ဘယ်လောက်ချစ်ရလို့ ဘယ်လို ရင်နာခဲ့ရတယ် ဆိုတာလဲ။ ဖြူကြီးတို့ သိပါတယ်။ ဒါပေမဲ့ မမထားကို ကိုကြီးဆွေး ခွင့်လွှတ်နိုင်တာ ခွင့်မလွှတ်နိုင်တာ တစ်ပိုင်း ဒီအဖြစ်မှန်ကို ကိုကြီးဆွေး သိသင့်တယ်လို့ ဖြူကြီးတို့လည်း ထင်တယ်လေ"...။

ကျော်ကျော့်ရင်မှာ ပြောစရာစကားရှာမတွေ့၊ လောကသံသရာ အလှည့်အပြောင်းတွေကို ကျော်ကျော် တုန်တုန်လှုပ်လှုပ် ခံစားမိလိုက်သည်။ သူ့တစ်ဖက်သတ် အတွေးများနှင့် ထားအပေါ် စွဲချက်တင် နာကျည်းခဲ့မိသည်ကိုလည်း စိတ်မကောင်းဖြစ်ရသည်၊ အို... အရာရာအားလုံး ပြီးဆုံးခဲ့ပြီလေ...။

◆

မေမေက သူ့သားကို သတိရကြောင်းနှင့် ဖေဖေကတော့ သားကြီး သူ မျှော်မှန်းသည့်အတိုင်း ဖြစ်လာသည့်အတွက် ကျေနပ်ပီတိဖြစ်နေပုံတို့ကို မေမေရေးသော စာမှာ ကျော်ကျော် ဖတ်ရသည်။ ကျောင်းပြီး၍ မြန်မာပြည် ပြန်ရက်နီးလေ ကျော်ကျော်က ရောက်ချင်စိတ်စောလေ ဖြစ်နေသည်။

သို့သော် မပြန်မီ တစ်ပတ်နှစ်ပတ် အလိုလေးတွင်ပင် ဖေဖေထံမှ မလာစဖူး၊ စာတစ်စောင် ရောက်လာသည်၊ သူ့အကျင့်အတိုင်းစာက တိုတိုနှင့် ရှင်းရှင်း။

"သား ဖေဖေ့ဆန္ဒတွေအတိုင်း ဖြစ်အောင်လုပ်နိုင်တဲ့အတွက် ဖေဖေ ဝမ်းသာတယ်။ ဒါပေမဲ့ သားအတွက် ဖေဖေ လုပ်ပေးစရာ တစ်ခု ကျန်နေသေးတယ်။ မိဘတို့ဝတ္တရားနဲ့အညီပေါ့သား၊ သားကို ဖေဖေ အိမ်ထောင်ချပေးချင်တယ်။ ဖေဖေ စိတ်ကြိုက်တွေ့တဲ့ မိန်းကလေးရှိပေမဲ့ သား သဘောကျတာကို ရွေးပါ။ သားမှာ အခြား ရွေးစရာ မရှိရင်တော့ ဖေဖေ့အကြိုက်ကို သားလက်ခံစေချင်တယ်။ ဖေဖေကတော့ အိမ်ထောင်ရှင်မကောင်းပီသပြီး ရိုးသားတဲ့သူကိုသာ သားရွေးပါလို့ တိုက်တွန်းချင်တယ်"...။

ကျော်ကျော်က သူ့အဖေ စိတ်သဘောသာ ဖြစ်စေရမည်ဟု ယေဘုယျလေး တွေးထားလိုက်သည်။

◆

ကျော်ကျော် ပြန်ရောက်၍ မကြာမီ ဆရာကန်တော့ပွဲ ရှိသည်ကြောင့် ကျောင်းနေဖက်များ ပြန်ဆုံကြစဉ် တက္ကသိုလ်လှေလှော်အသင်း ဘုတ်ကလာပ်မှာ ဆုံရန် စီစဉ်ကြသည်။ နှစ်များစွာ ကွဲကွာနေရသော သူငယ်ချင်းများ ပြန်ဆုံတွေ့ကြရသည်မှာ ကြည်နူးဝမ်းသာဖွယ် ကောင်းလှသည်။ ညနေစောင်းပြီမို့ အားလုံးပြန်ကြချိန် ကျော်ကျော်က ဖေဖေလာခေါ်မည်ဆို၍ ဝမ်း

သာမိသည်။ ခဏအကြာ ကုန်းထက်မှ ဝင်လာသော ကားက လှေရုံရှေ့တွင်ပင်ရပ်သည်။ လှေရုံနံဘေးလမ်းမှ ဖေဖေပေါ်လာသည်။ ဖေဖေနှင့်အတူ ဆရာ ဦးခင်ညိုပါ စကားပြောရင်း ပါလာသည်ကို တွေ့ရ၍ ပြောမပြတတ်အောင် ဝမ်းသာသွားမိသည်။ သူတို့နှစ်ဦးနှင့်အတူ မျက်မှန်ထူထူနှင့် ဖေဖေ့ သက်ရွယ်တူခန့် လူတစ်ဦးလည်း ပါလာသည်။ ဖေဖေတို့ရုံးက မိတ်ဆွေပင်ဖြစ်သည်။

"သား စောင့်နေတာကြာပြီလား"

"မကြာပါဘူး ဖေဖေ၊ သူငယ်ချင်းတွေလည်း ခုလေးတင်ပြန်သွားကြတာပါ"

"ဆရာ ကျွန်တော့်ကို ခဏလေး ခွင့်ပြုပါဆရာ ကျွန်တော် ကျော်ကျော့်ကို တစ်ခွန်းနှစ်ခွန်း ပြောစရာ ပြောလိုက်ပါရစေ"… ဆရာညိုထံ ခွင့်တောင်းပြီး ဖေဖေ ကျော်ကျော်ကို ကန်ရေစပ် နားဆီ ခေါ်လာခဲ့သည်။ ဖေဖေ့ ညွှန်သည်က ကားအနီးတွင်ပင်။

"ကျော်ကျော် သားပြန်ရောက်ရောက်ချင်းပဲ ဖေဖေ ပြောပါရစေတော့ မင်းကို အိမ်ထောင်ပြုပေးချင်ပြီ ဖေဖေ့အကြိုက် ရွေးထားတာလို့ သားပြောနိုင်ပေမဲ့ ဖေဖေက သားနေရာက စဉ်းစားပြီးမှ စီစဉ်ထားတာပါ။ ဖေဖေ့စာထဲမှာ ရေးပြသလိုပဲ သားအတွက် ရိုးသားပြီး မိန်းမပီသတဲ့ အိမ်ထောင်ရှင် မကောင်းဖြစ်မှာလို့ ဖေဖေ သေသေချာချာ ပြောရဲပါတယ်"…။

သူ့ဖခင်စကားကို ကြားသည့်အခါ ကျော်ကျော်မအံ့ဩတော့သော်လည်း ဤမျှမြန်မြန်ကြီး ဖြစ်မည်ဟု မထင်မိ၊ ထို့ကြောင့် အင်းမလုပ်…အဲမလုပ် ဖြစ်နေသည်။

"ကဲကဲ ဖေဖေက ရုတ်တရက် ပြောလို့ သားအဖြေရကြပ်နေရင် ခဏ စဉ်းစားနေခဲ့ ဖေဖေ့သူငယ်ချင်းဆီကို သွားနေတုန်း စဉ်းစားထားပေါ့ကွာ"…။

ကျော်ကျော်က သိသည်။ ဖေဖေက စိတ်မြန်လူမြန်သလို သူ့သားအတွက် အမြဲလေးလေးနက်နက် စဉ်းစားလုပ်တတ်သည်မို့ မိဘတွေ အကြိုက် လက်ခံလိုက်တော့မည်ဟု တော့ တွေးထားလိုက်သည်။

ဆရာဦးခင်ညိုက ဖေဖေတို့ သူငယ်ချင်းနှစ်ယောက်ကိုထားကာ ကျော်ကျော်နှင့် စကားပြောရန် လျှောက်လာပြန်သည်။ မြက်ခင်းပြင်အလယ်ရှိ ကြေးရုပ်နားမှာ ရပ်ရင်း…ကျော်ကျော်က သူချစ်သော ဆရာကို ကြိုစောင့်နေသည်။

"အေး… ကျော်ကျော်ရေ… မင်းလည်း ပြန်ရောက်…သူငယ်ချင်းတွေနဲ့လည်း ပြန်တွေ့၊ မင့်အဖေက မင်းမင်္ဂလာပွဲအတွက် သူစီစဉ်ထားတာတွေပြောပြီး ဆရာ့ကိုလည်း ဒီညနေ မရောက် ရောက်အောင်လာခဲ့ပါ ခေါ်ထားလို့ ဆရာလည်း အရောက်လာခဲ့တာ။ သူ စီစဉ်ထားတာ ပြောပြီးသွားပြီလား"…။

"ခင်ဗျား…ဟုတ်ကဲ့…ပြောပြပါတယ် ဆရာ…"

"ကျော်ကျော် သဘောကကော ဘယ်လိုလဲ"

"ရုတ်တရက်ဆိုတော့…ကျွန်တော်လည်း မစဉ်းစားတတ်အောင် ပါပဲဆရာ… ဒါပေမဲ့ ဖေဖေ ဒီလောက် စဉ်းစားပေး ထားတာကို ငြင်းနေပြန်ရင်လည်း ဖေဖေ စိတ်မကောင်းမှာတော့ စိုးတယ် ဆရာ"

"ဒါလည်း ဟုတ်ပါတယ်…

"ကျော်ကျော့်မှာ ရည်ရွယ်ထားတာ ရှိနေလို့လား…"

"မရှိပါဘူး ဆရာ… မရှိပါဘူး…" ကျော်ကျော် ပြာပြာသလဲ ဖြေလိုက်သည်။

"ဒါဆိုလည်း ကျော်ကျော်ရယ် ဘာမှစဉ်းစားမနေနဲ့ မိဘအတွက် ပြန်စဉ်းစားပေးလိုက်ဦး။ သူတို့မင်းအတွက် သိပ်ပင်ပန်းနေကြပြီဆိုတာပဲ ဆရာပြောချင်တယ်။ ကိုယ်ပြန်ရောက်လာချိန် သူတို့ကို အပန်းပြေအောင် စိတ်ချမ်းသာရအောင် လုပ်ပေးလိုက်ပါတော့ကွာ…"

ဤမျှသာပြောလျက် ဖေဖေတို့ဆီ ပြန်လျှောက်သွားသည့် ဆရာကို ကြည့်နေရင်း ဆရာနှင့် ဖေဖေတို့နှစ်ဦးက တူညီသော သဘောထား ရှိနှင့်သည်ကို ကျော်ကျော်တွေးမိသည်။ ဖြူကြီးတို့ အုပ်စုက

ဒီကိစ္စတွေ ပြောနေသည်ကို သိကြတဲ့ပုံအတိုင်း ခုမှ သူ့ဆီကို လာကြသည်။ ဖေဖေ၊ ဆရာညီနှင့် ညွှန့်မိတ်ဆွေ သုံးဦး ပြုံးပြုံးရွှင်ရွှင်နှင့် စကားလက်ဆုံကြရာမှ ကားဖြင့် ပြန်လည်ထွက်သွားကြသည်။

ဖြူကြီးတို့ တစ်ဖွဲ့လုံးကတော့



ကျော်ကျော်ပေးသည့် လက်ဆောင်ကိုယ်စီနှင့် ဝမ်းသာနေကြပုံရသည်။ သူတို့ကို ကြည့်ရသည်မှာ... တစ်ခုခု ထူးနေပုံရသည်ဟုလည်း... ကျော်ကျော်ထင်မိသည်။

ထိုခဏ... တင်တင်အေးက "ဟော့ ဖြူကြီး...ကိုကြီးဆွေးကိုတို့ လက်ဆောင်ပြန်ပေးကြမယ်လေ..."

"သြော်... ဟုတ်တယ်... ဟုတ်တယ်... ကိုကြီးဆွေးကိုလည်း ဖြူကြီးတို့က လက်ဆောင်ပြန်ပေးရမှာပေါ့... ဘာလဲသိလား...ကိုကြီးဆွေး ခဏ မျက်လုံးမှိတ်လိုက်... လက်ဝါးဖြန့်..."

ဖြူကြီးက ပြောပြောဆိုဆို ကျော်ကျော့် လက်ထဲသို့ ပစ္စည်းလေး တစ်ခု ထည့်လိုက်သည်။

"ကဲ...ဖွင့်တော့..."

ကျော်ကျော် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ကနုတ်ပန်းလေးများဖြင့် လှပသော ငွေဘူးလေးတစ်ခု၊

ကျော်ကျော်... ဖြူကြီးတို့ကို စူးစမ်း ကြည့်ရင်းက အဖုံးလေးကို အသာအယာ ဖွင့်လိုက်သည်။ ဖြူကြီးတို့ တစ်ဖွဲ့လုံး တစ်ဦးကို တစ်ဦး ကြည့်ရင်း ငြိမ်နေကြသည်။ ကျော်ကျော်ကမူ သူမထင်မှတ်သော အထိမ်းအမှတ်လေးကို အံ့အားသင့်စွာ တွေ့လိုက်ရပြီး ဖြူကြီးတို့ကို အံ့အားသင့်သည့် အကြည့်ဖြင့် ကြည့်လိုက်သည်။

"ကံ့ကော်ပန်းခြောက်ကလေး...။

သည်ကံ့ကော်ပန်းခြောက်ကလေးသည် ထားနှင့် တွေ့ဦးစက ထားခေါင်းထက်မှ ကျကျန်ရစ်သော တစ်ပွင့်ပန်းကလေး...။

ဒီပန်းခြောက်ကလေးသည် ထားကို ချစ်ရေးဆိုခဲ့သောနေ့က ချစ်သက်လက်ဆောင်အဖြစ် ပေးခဲ့သော ပန်းခြောက်ကလေး...။

သံသရာသည် ဆုံးစမထင်ဟု ... ဆိုသည်။ ဤမဆုံးနိုင်သော သံသရာသည် အဆုံးမရှိဟု ဆိုလျှောင် ထိုမဆုံးနိုင်သည်အထိ တိုင်အောင်ပါလို့ဆိုရင်း...ထားကို သူချစ်ရသည့်အကြောင်းကို ပြောခဲ့ဖူးရာ သူပြောခဲ့သော စကားများကို ထားမမေ့ကြောင်း ပန်းခြောက်ကလေးဖြင့် သက်သေပြလေသလားဟု ထင်မိလိုက်သည်။

ပန်းကို သူတို့ဘယ်က ဘယ်လိုရလာကြသလဲဟု စိတ်ထဲမှာ တွေးနေမိသည်။

ဖြူကြီးတို့ သူ့ကို ပဟေဠိ လုပ်ကြပြန်လေပြီ။

ဖေဖေတို့ကား ထွက်သွားသည်နှင့် တင်တင်အေးက...ဖြူကြီးကို လက်တတို့တို့နှင့် တွဲခေါ်နေသည်ကို ကျော်ကျော် သတိထားမိသည်။

"အဲ... ကိုကြီးဆွေး... ဖြူကြီးတို့...အင်းလျားဆောင် ခဏလေးသွားလိုက်မယ်...ကိုကြီးဆွေး ဒီကစောင့်နေနော်"... ဟု ပြောရင်း နှစ်ယောက်သား သုတ်သုတ်နှင်သွားကြသည်။ ထူးတော့ထူးသည်။ ခပ်လှမ်းလှမ်းရောက်မှ နောက်ကို လှည့်ကြည့်ရင်း ပြုံးစိစိ

လုပ်သွားကြသေးသည်။ ဘယ်နှယ့်ဟာတွေပါလိမ့်…။

တစ်ယောက်တည်း ပန်းခြောက်ဘူးလေးကိုင်ရင်း ငေးကြည့်နေခဲ့သည်။ သူတို့ လှေရုံနောက် လျှောက်သွားသည့် တစ်ခဏမှာပင်…သူ…မထင်မှတ်ပဲပေါ်လာသည်။ သူမှသူ…ထား…ထား…ကျော်ကျော် ချစ်လွန်းခြင်းမက ချစ်ခဲ့ရပါသော ထား…၊ အရင်အတိုင်း…ဘာတစ်ခုမှ မပြောင်းလဲသော ကိုယ်နေဟန်နှင့်…ကျော်ကျော်ထံသို့…ဦးတည်လာနေသည်။

အံ့သြလွန်း၍လား…မယုံနိုင်၍လားမသိ…၊ ကျော်ကျော် မှင်သက်ငေးကြည့်နေမိသည်။ ရင်ထဲမှာ တဒိန်းဒိန်းခုန်နေသော ရင်ခုန်သံကိုလည်း သူကြားနေရသလိုပင်။

သူ့ထံ … ထား … အိနွဲ့ရရ တစ်လှမ်းချင်း လျှောက်လာနေသည်။ ကျော်ကျော့်စိတ်ဝယ် ပတ်ဝန်းကျင်တစ်ခုလုံး သူနှင့်ထားတို့ နှစ်ဦးသာ ရှိသည်ဟု ခံစားရပြီး အရာရာကို မေ့သွားသည်။

ကန်ရေပေါ်မှာ လျှပ်ပြေးလာသော မြောက်ပြန်လေ၏ ညှင်းညှင်းနုနု အထိအတွေ့ကိုလည်း ကျော်ကျော် ခံစားမိလိုက်ရသလိုရှိသည်။

"မောင်…ထားကို မောင်လာမကြိုလို့…ထားက မောင့်ဆီလာခဲ့ပါတယ်…ကျောင်းပိတ်တုန်းက မောင်လာကြိုပါလို့ မှာထားခဲ့သေးတယ် မဟုတ်လားမောင်…ခုတော့ ထားက မောင့်ဆီလာခဲ့ပါတယ်။ ထားက အရင်ထား မဟုတ်တော့ မောင်လာမကြိုတာပဲလို့ ဝမ်းနည်းနေမိတာပါ။

"မောင် လာမကြိုလည်း မောင့်ကို ထားက ချစ်မိနေပြန်တော့…ထားကပဲ…မောင့်ဆီကို လာခဲ့တာပါမောင်"

"မောင် ထားကို ကြိုနေတယ် မဟုတ်လားဟင်…"

အဓိပ္ပာယ်များစွာပါသော စကားတွေကို ထားက ခရားရေလွှတ်ပြောနေသည်။ ထား မျက်လုံးအစုံမှာ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းနှင့် ကြေကွဲခြင်းတို့ကို တွေ့ရသလို။ မျက်ရည်စတို့ ရစ်ဝိုင်းနေသော မျက်ဝန်းအစုံဖြင့် "ခွင့်လွှတ်ပါမောင်လို့" တောင်းပန်တိုးလျှိုးသော အကြည့်ဖြင့် ကျော်ကျော်ကို ငေးစိုက်ကြည့်နေသည် … ဟုလည်း ထင်သည်။


ကျော်ကျော်… ဘာဆိုဘာမှ ပြန်မပြောမိ။ သို့သော် ရုတ်ချည်းပင် ထားတစ်ကိုယ်လုံးကို တင်းတင်းကြပ်ကြပ် ဖက်ထားလိုက်မိသည်။ သူ့ရင်ခွင်ထဲတွင် ရှိုက်၍ရှိုက်၍ အားပါးတရ ငိုနေသော ထား၏ ရင်သည် တသိမ့်သိမ့်တုန်လျက်ရှိသည်။ ပါးပြင်မို့မို့ပေါ်မှ စီးကျနေသော မျက်ရည်တို့သည် ထားရင်မှာ ခံစားနေရမည်ဖြစ်သော ဝမ်းနည်းဝမ်းသာ မျက်ရည်များလည်း ဖြစ်လိမ့်မည်။

◆

ကွယ်လုလု နေလုံးနီနီ၏ နေ့ကို နှုတ်ဆက်ရောင်ခြည်တန်းကြောင့် ကောင်းကင်ထက်တွင် အလင်းဖြာနေရစ်သေးသည်။ ရေလှိုင်းရိပ်တို့ ဖြတ်ဖြတ် လူးလွန့်နေသည့် အင်းလျားရေပြင်သည် ပြာသော မိုးကောင်းကင်အောက်ဝယ် ငြိမ်းချမ်းခြင်း၏ နမိတ်ပုံကို ဆောင်နေသည်။ အဝေးကောင်းကင်ပြင်ဝယ် အိပ်တန်းပြန်လာနေကြသော ငှက်မောင်နှံနှစ်ဖော်ကို မြင်သာသည်။ ထိုစဉ်အနိုက်ဝယ် သုတ် သုတ်ကလေး နှော့လာသော မြောက်ပြန်လေနုအေးသည်…ချစ်ကြသူ…ထိုနှစ်ဦးကို ညင်သာစွာ ဝေ့လည်ဆော့ကစားရင်း နှုတ်ဆက်နေလေတော့သည်။

■ **မောင်ကိုဦး**

**နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ဖို့ အခွန်ထမ်းဆောင်ကြပါစို့ . . .**


ရွှေဒေါင်း
ငါးရာတန်း



မန္တလေးမြို့မှ ဗန်းမော်မြို့သို့ ထွက်ခွာခဲ့သော "တာပင်" အမည်ရှိ စာပို့သင်္ဘောကြီးပေါ်တွင် ပါရှိသော ဒုတိယတန်း ခရီးသည် ၈ ယောက်တို့အနက်တွင် ကျွန်တော်သည် တစ်ဦး အပါအဝင် ဖြစ်ခဲ့ဖူးလေသည်။ တာပင်သင်္ဘောကြီး၌ ဒုတိယ ခန်း ၄ ခန်းမျှပါရှိ၍ တစ်ခန်းလျှင် ခရီးသည် ၂ယောက်မျှသာ စီးနင်းနိုင်သည် ဖြစ်ရာ ထိုအပတ်၌ကား ဒုတိယတန်းစီး ခရီးသည် ၈ယောက်မျှ ပါရှိသည်ဖြစ်သောကြောင့် ဒုတိယ တန်းအဖို့မှာ ၄င်းအပတ်တွင် ခရီးသည်ပြည့်သည်ဟု ဆိုရပေမည်။

မန္တလေးနှင့် ဗန်းမော်မြို့ခရီးမှာ ၃ရက်ခရီး ဖြစ်သည့်ပြင် ခရီးသည်များသည် သင်္ဘောပေါ်၌ အတူလိုက်ပါကြရစဉ်အခါတွင် တစ်ဦးနှင့် တစ်ဦး ဖော်ရွေစွာ ခေါ်ငင်ပေါင်းသင်း ဆက်ဆံလေ့ ရှိကြသည် ဖြစ်သောကြောင့် … ။

တစ်ရက်ခရီးမျှ သွားမိကြလျှင် ငယ်ပေါင်းဖြစ်သော သူငယ်ချင်းများကဲ့သို့ပင် တစ်ယောက်နှင့် တစ်ယောက် ရင်းနှီးသောအဖြစ်သို့တိုင် ရောက်လာကြ၍ တစ်ယောက်အကြောင်းကို တစ်ယောက် သိစပြုကြပြီးလျှင် ပြက်ရယ်လှောင်ပြောင်ခြင်း၊ ရယ်ရွှင် ဖွယ်ရာကုန်းချောခြင်းစသည်ဖြင့် အရောဝင်သော အဖြစ်သို့တိုင် ရောက်လာခဲ့လေသည်။

ထိုအပတ်၌ လိုက်ပါကြသော ခရီးသည်များသည် မိမိတို့၏ ရာထူးနှင့် နေရပ်စသည်တို့ကို ဟုတ်မှန်သည်အတိုင်း အမည်စာရင်း ပေးသွင်းကြသည်ကိုကား အမှန်မဆိုနိုင်ချေ။ သို့ရာတွင် ၎င်းတို့ပေးသွင်းကြသော အမည်စာရင်းအရမှာမူ ခွင့်မှပြန်လာသော တောအုပ်တစ်ယောက်၊ စစ်မှုထမ်းဖူးသည်ဆိုသော ဂျမဒါကိုဘကြိုင်ဆိုသူ တစ်ယောက်၊ ကသာမြို့ အရေးပိုင်စာရေးကြီး ကိုဘထွန်း၊ အင်္ဂလိပ်ကျောင်းဆရာမ မကျီးရွှေ၊ ဗန်းမော်မြို့ ကုလားဆရာဝန်ကြီး ကတော် မစ္စစ် ပရာဆက်တို့ ဖြစ်ကြလေသည်။

အထက်ပါခရီးသည်များ အနက် ဂျမဒါကိုဘကြိုင်၊ ရာဇဝတ်အုပ် ကိုပေါ်ထွန်း၊ ဆရာမ မကျီးရွှေနှင့် မစ္စစ်ပရာဆက်ဆိုသူတို့မှာ ရေးသား ဖော်ပြလတ္တံ့သော အဖြစ်အပျက်တွင် အရေးကြီးသော ပုဂ္ဂိုလ်များ ဖြစ်ကြသောကြောင့် ၎င်းတို့၏ အကြောင်းကို အတန်ငယ် စုံလင်စွာ ဖော်ပြရန် လိုပေသည်။

သဘော်စီးခရီးသည်တို့ မည်သည်မှာ မိမိတို့ကိုယ်တိုင် သား၊ မယား ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လင်သားမရှိဟန်တူသော အပျိုခရီးသည် တစ်ဦးတစ်ယောက် ပါလာသည်ကို တွေ့မြင်ရသောအခါတွင် ထိုမျှသော ရက်အတော အတွင်း သူ့ထက်ငါ ရင်းနှီးသော အဖြစ်သို့ ရောက်နိုင်စေရန် ပိုးတတ်ကြသည်ဖြစ်ရာ ဂျမဒါဘကြိုင်ဆိုသူနှင့် ရာဇဝတ်အုပ် ကိုပေါ်ထွန်း ဆိုသူနှစ်ဦးတို့သည် မန္တလေး ဆိပ်ကမ်းမှ သဘော်ကြီး ခွာမိသည်နှင့် တစ်ပြိုင်နက် ဆရာမ မကျီးရွှေ အတွက်နှင့် ပတ်သက်၍ ရန်ဘက်ကြီးဖြစ်ကြချေတော့မည့် အကြောင်းကို ကျွန်တော်နှင့်တကွ ကြွင်းကျန်ရစ်သော ခရီးသည်အားလုံးကပင် သိမြင်ကြရလေ၏။ ကိုဘကြိုင်ဆိုသူသည် လူလုံးလူထည် ကြီးမား၍ ကာယဗလနှင့် ပြည့်စုံသည့်ပြင် မြင်သမျှသော လူများအပေါ်၌ စီးလား နင်းလားနှင့် နိုင်လိုမင်းထက် ပြုကျင့်တတ်သော ဝါသနာရှိချေ၏။ အခွင့်နှင့်နေသော ရာဇဝတ်အုပ် ကိုပေါ်ထွန်းဆိုသူမှာလည်း မြင့်မားသော အရပ်အမောင်းနှင့် ကျစ်လျစ်မာကျောသော ကိုယ်ကာယရှိ၍ ခွန်အားဗလကြီးမားဟန်ရှိသည့်ပြင် ပုလိပ်ဘက်၌ အမှုထမ်းခဲ့သဖြင့်လည်း "မိုက်သွေး" ရှိချင်တတ်သည် ဖြစ်ရာ မည်သူ့အားမျှ အမှုမထမ်းဟူသော သဘောမျိုးကို အခါခပ်သိမ်း ပြလိုသော လူတစ်ယောက် ဖြစ်ချေ၏။ ကြွင်းကျန်သော ယောက်ျားခရီးသည်တို့မှာ ထိုသူနှစ်ယောက်ကို လက်ဝှေ့ထိုးရသော် မည်သူက နိုင်ချေမည်နည်းဟု တွေးတောခန့်မှန်းခြင်း ပြုကြလေရာ တစ်ယောက်နှင့် တစ်ယောက် မာန်လုပ်ကာ စောင့်လျက်ရှိသော အမူအရာကို မြင်ကြရသဖြင့်လည်း မိမိတို့၏ ခန့်မှန်းချက်မှန်၊ မမှန် မကြာမီ ဆုံးဖြတ်သည်ကို မြင်ကြရလိမ့်မည်ဟူ၍လည်း အချင်းချင်း ပြောဆိုမိကြလေ၏။ ကာယဗလအားဖြင့် ရွေးချယ်ရမူ မည်သူက သာမည်ဟူ၍ အမှန်ဆုံး ဖြတ်ရန် ခဲယဉ်းလှပေသည် ဖြစ်ရာ တုတ်မိုင်သံကြိုးကြီး၏ ခိုင်မာခြင်းနှင့် ကျစ်လျစ်သော သံမဏိကြိုး၏ ခိုင်မာခြင်းကို ဆုံးဖြတ်ရန် ခဲယဉ်းဘိသကဲ့သို့ပင် ရှိနေခဲ့လေသည်။

မန္တလေးမြို့ ဆိပ်ကမ်းမှ သဘော်ထွက်ခွာခဲ့၍ ကျွန်တော်သည် ဂျမဒါကိုဘကြိုင်ဆိုသူနှင့် အသိအကျွမ်းဖွဲ့ကာ လင်မနစ်တစ်ခွက်စီသောက်ရင်း စကားပြောလျက်ရှိနေစဉ် ရာဇဝတ်အုပ် ကိုပေါ်ထွန်းသည် ကျွန်တော်တို့ ရှိရာစားပွဲသို့ ချဉ်းကပ်လာလေ၏။ ဂျမဒါကိုဘကြိုင်သည် လင်မနစ်ခွက်ကို လက်တွင်ကိုင်လျက် မတ်တတ်ရပ်ကာ ကျွန်တော်နှင့်

စကားပြောလျက်ရှိရာ ကိုပေါ်ထွန်းသည် ၄င်းအနီးမှပွတ်၍ လျှောက်လာရင်း ကိုဘကြိုင်၏ တံတောင်ကို တိုက်မိသဖြင့် လင်မနစ်အနည်းငယ်ဖိတ်သွားလေ၏။ ကိုပေါ်ထွန်းက 'ဆောရီး' ဟူသော အင်္ဂလိပ်ဘာသာအားဖြင့် ဝမ်းနည်းကြောင်း ပြောပြသော်လည်း ကိုဘကြိုင်က ကျေနပ်ဟန်မရှိဘဲ 'ကလန်ကလားနဲ့ သိပ်ခွကျတဲ့လူတစ်ယောက်ပဲ' ဟု လွှတ်ခနဲပြောလိုက်ပြီးလျှင် ကိုပေါ်ထွန်းကို ကျောခိုင်းကာ ရပ်နေလေ၏။ ကိုပေါ်ထွန်းသည် တန့်ခနဲရပ်ပြီးနောက် လှည့်၍ကြည့်လိုက်ရာ ကျွန်တော့်မှာ သက်သေလိုက်ရချေဦးတော့မည်ဟု ထင်မိ၏။ သို့ရာတွင် ကိုဘကြိုင်မှာမူကား ထိုမျှထက်အကြီးအကျယ် မဖြစ်သေးဘဲ ကိုပေါ်ထွန်းသည် မျက်နှာမည်းလျက် လှည့်ဆောင့်သွားလေ၏။ အချို့သော သူတို့မှာတစ်ယောက်နှင့်တစ်ယောက် မြင်လျှင်မြင်ချင်း မေတ္တာသက်ဝင်တတ်ကြ၍၊ အချို့တို့မှာမူ မျက်နှာချင်း ပထမအကြိမ်ဆိုင်မိကြလျှင်ပင် တစ်ဦးအားတစ်ဦး မုန်းထားတတ်ကြသည်ဖြစ်ရာ ဤလူနှစ်ယောက်တို့မှာကား ဒုတိယအမျိုးအစားတွင် ပါဝင်သူများဖြစ်ကြသဖြင့် သင်္ဘောပေါ်သို့ တက်မိကြသော အချိန်မှစ၍ တစ်ယောက်နှင့်တစ်ယောက် မျက်စောင်းထိုးကာ ရန်လိုလျက် ရှိကြလေသည်။

"တာပင်" သင်္ဘောကြီးပေါ်၌ ဒုတိယတန်းဖြစ်သော ပွဲပိုင်းတွင် အိပ်ခန်းများသည် တစ်ဖက်လျှင် သုံးခန်းမျှ မျက်နှာချင်းဆိုင်ရာရှိနေရာအလယ်၌ကား ခရီးသည်အားလုံးအတွက် ထမင်းစား စားပွဲကြီးတစ်ခု တည်ခင်းထားလေသည်။ စင်စစ်မှာ ထိုသင်္ဘော၌ တစ်ဖက်တွင် အခန်း ၄ ခန်းမျှ ပါရှိသော်လည်း တစ်ဖက်၌ အခန်းသည် ခရီးသည်အားလုံးအတွက် ရေချိုးခန်းဖြစ်၍ အခြားဘက်ရှိ အခန်းတစ်ခန်းမှာမူ ဘဏ္ဍာလာအတွက် ပစ္စည်းများထားရန် အခန်းဖြစ်လေသည်။

ထို့နေ့ နေ့လယ်၌ ဒုတိယတန်းစီး ခရီးသည်များအနက် ကသာမြို့ အရေးပိုင်ရုံးစာရေးကြီး ကိုဘထွန်းဆိုသူက ပိုကာဖဲကစားရန် အကြံပေးလေရာ ကျွန်တော်နှင့်တကွ ကျန်သော ယောက်ျားခရီးသည် ၄ ယောက်တို့က သဘောတူညီကြလေ၏။ သစ်ကုန်သည်ဖြစ်သော ခရီးသည်မှာမူ ပိုကာကစားနည်းကို မတတ်သဖြင့် မိန်းမခရီးသည်များနှင့်အတူ ထိုင်၍ ကြည့်နေလေ၏။

သို့ဖြစ်၍ ကျွန်တော်တို့ ယောက်ျားခရီးသည် ၅ဦးတို့သည် အိပ်ခန်းများအကြားတွင်ရှိသော ထမင်းစားပွဲကြီး၌ ထိုင်ကာ ပိုကာကစားကြလေရာ ဂျမဒါကိုဘကြိုင်နှင့် ရာဇဝတ်အုပ် ကိုပေါ်ထွန်းတို့မှာ မျက်နှာချင်းဆိုင် ထိုင်ကြ၍ ဖဲတစ်ချပ်လျှင် တစ်ပဲမျှသော သာမည

လောင်းကြေးအပြင် ၄င်းတို့နှစ်ယောက်တည်း သက်သက် တစ်လက်လျှင် ငါးကျပ်၊ တစ်ဆယ်ကျပ် စသည်ဖြင့် တဖြည်းဖြည်း ကြေးတိုး၍ လောင်းကစားခြင်း ပြုကြလေ၏။

ကိုဘကြိုင်။ ။'ဟိုဘက်က မိတ်ဆွေ၊ ခင်ဗျားနဲ့ ကျုပ်နဲ့သက်သက် ကြေးပိုကလေး စိန်ဦးမလားဗျို့..

ကိုပေါ်ထွန်း။ ။'စိန်လေဗျာ၊ ဘယ်လောက်လဲ၊ ၅ ကျပ်လား'

ကြိုင် ။ ။ '၁၀ ကျပ်လုပ်လေဗျာ

ပေါ် ။ ။ 'သဘောဗျာ၊ ၁၅ ကျပ်လုပ်ချင်လုပ်လိုက်'

ကြိုင် ။ ။ 'ကျုပ်ကတော့ ၂၀ကျပ်လည်း မငြင်းပါဘူး'

ပေါ် ။ ။ 'လက်စဉ်နော်'

ကြိုင် ။ ။ 'လက်စဉ်ပေါ့ဗျာ၊ ရေစိမ် လောင်းလိုက်၊ ကြိုက်တယ်ဆိုရင်ထိုး။ ကျုပ်ကတော့ ရှောင်တယ် လို့ မရှိပါဘူး'

ယင်းကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် မခံချင်အောင်ပြော၍ အညှိအခံဘဲ ကြေးတိုးမြှင့်ကာ လောင်းကစားကြလေရာ တစ်ခါတစ်ရံ တစ်လက်လျှင် ၅၀ ကျပ်၊

၆၀ ကျပ်မျှပင် လောင်းကစားကြသော်လည်း သူတစ်ပြန်ငါတစ်လှည့်နှင့် ရှိနေသည်ဖြစ်သောကြောင့် နေ့လယ် လက်ဖက်ရည်သောက်ချိန်တိုင် ရောက်၍ ကစားခြင်းကို ရပ်စဲရသောအခါတွင် ထိုလူနှစ်ယောက်တို့မှာ တစ်ယောက်နှင့်တစ်ယောက် နစ်နာလောက်အောင် ဆုံးရှုံးခြင်းမရှိကြချေ။ ထိုအတောအတွင်း ကိုဘကြိုင်၏ ကစားခြင်း မှားယွင်းသောအခါတွင် ကိုပေါ်ထွန်းက ရယ်မောကာ လောင်ပြောင်ခြင်းပြု၍၊ ကိုပေါ်ထွန်း မှားယွင်းသောအခါ၌မူ ကိုဘကြိုင်က ရှုံ့မဲ့ကာ ကဲ့ရဲ့တတ်လေသည်။

လက်ဖက်ရည်သောက်ပြီးကြသောအခါတွင် ကျွန်တော်တို့သည် ဆက်လက်၍ မကစားတော့ဘဲ ဆရာမ မကျီးရွှေသည် ဦးလေးအရွယ်ဖြစ်သော ကျွန်တော့အား ဦးလေး အရင်းသဖွယ် ချစ်ကျွမ်းတဝင်ရှိသည်နှင့် သဘော်အောက်ထပ်သို့ ဆင်းလာကြပြီးလျှင် စက်များ ခုတ်နှင်ခြင်းကို အတူကြည့်ရှုရင်း သိကျွမ်းစဖြစ်သော မိတ်ဆွေတို့ဘာဝ မေးမြန်းခြင်း၊ ဖြေကြားခြင်း စသည်ဖြင့် အပြန်အလှန် ပြုလုပ်လျက် ရှိနေကြလေ၏။ မကျီးရွှေမှာ မန္တလေးမြို့ အောဘီအမ် မိန်းကလေးကျောင်းမှ ခုနှစ်တန်းပြ လက်ထောက်ဆရာမ တစ်ယောက် ဖြစ်၍ ကျောင်းပိတ်ရက် အတွင်းတွင် ရွှေကူမြို့၌ရှိသော ဝန်ထောက်ကတော် အဒေါ်တစ်ယောက်ထံ အလည်အပတ် သွားရောက်မည် ဖြစ်ကြောင်းနှင့် သိရှိရလေသည်။ ''တာပင်'' သဘော်ပေါ်၌ကား မကျီးရွှေသည် မိန်းမချင်းဖြစ်သော ဆရာဝန်ကတော် မစ္စစ်ပရာဆက်ဆိုသူနှင့်အတူ တစ်ခန်းတည်းနေရာယူထားခဲ့လေသည်။

ဆရာမ မကျီးရွှေမှာ ရုပ်ရည်သန့်စင် ပြေပြစ်ခြင်းရှိသည့်ပြင် ဖျတ်လတ်သွက်လက်လှပ သောမိန်းကလေးတစ်ယောက်ဖြစ်ပေရာ ကျွန်တော်တို့သည် ရှုခင်းသာယာစွာရှိသော ဧရာဝတီမြစ်ရိုးတစ်လျှောက် မျှော်ကြည့်ရင်း နှစ်သိမ့်ဖွယ်ရာသော စကားတို့ကို ပြောကြားခြင်းအားဖြင့် စကားလက်ဆုံ ဝင်လျက်ရှိကြသည်။ ဂျမဒါ ကိုဘကြိုင်သည် ကျွန်တော်တို့အနီးသို့ ချဉ်းကပ်၍ ချိုသာသော မျက်နှာထားနှင့် စကားရောနှော ပြောဆိုလေရကား ကျွန်တော်တို့မှာ ငြင်းပယ်ရန် မတတ်နိုင်သည်ဖြစ်သောကြောင့် အထိုက်အလျောက် လက်ခံပြောဆိုကြရလေ၏။ ထိုသူသည် အတော်အတန် စကားပြောကောင်းသူ တစ်ယောက် ဖြစ်သဖြင့် မိနစ်အနည်းငယ်မျှ အတူရပ်ကာ စကားပြောဆိုမိကြလျှင်ပင် ကိုဘကြိုင်သည် မြစ်ကမ်းတွင် မြင်ရသော စေတီတော်ကလေးများ၏ အကြောင်းကို အမည်နာမတွင်မျှမက အဖွဲ့ပွဲတွဲ အကျဉ်းချုပ်ကိုပါ ဖြည့်စွပ်၍ ကရားရေသွန် သွက်လက်စွာ ပြောပြလေရကား မကြာမီအတွင်း ကျွန်တော်တို့မှာ စိုက်ငေးကာသာလျှင် နားထောင်နေကြရလေ၏။

အတန်ငယ်ကြာလတ်သော် ရာဇဝတ်အုပ် ကိုပေါ်ထွန်းသည် ယောင်ပေယောင်ပေနှင့် ဆင်းလာ၍ ကျွန်တော်တို့လူစုကို မြင်သည်နှင့် တစ်ပြိုင်နက် မိမိလည်း ရောနှောချေအံ့ဟု အနီးသို့ ချဉ်းကပ်ကာ ''စကားရောဖောရော''နှင့် နှုတ်သွက်စွာ စွက်ဖက်ပြောဆိုမည်ပြုသည်တွင် ကိုဘကြိုင်သည် ဘွိုင်ကုလားကို ဟစ်ခေါ်ပြီးနောက် 'လင်မနစ်သုံးလုံးယူခဲ့'ဟု အမိန့်ပေးပြီးလျှင် သဘော်စီး ခရီးသည်များအတွက် ခင်ထားသော ထိုင်ခုံကလေးတစ်ခုပေါ်သို့ ကျွန်တော်နှင့် ဆရာမ မကျီးရွှေတို့အား ထိုင်စေလေ၏။ လူလေးယောက် ရှိပါလျက်နှင့် လင်မနစ်သုံးလုံးမျှ မှာထားခြင်းသည်ကား တစ်ယောက်သောသူကို နှင်၍မထုတ်သော်လည်း နှင်ထုတ်ဘိသကဲ့သို့ ရှိနေသည် ဖြစ်သောကြောင့် ကိုပေါ်ထွန်းသည် ကိုဘကြိုင်၏ အပြုအမူကို စိတ်ထဲ၌ ခုလှသော်လည်း တစ်စုံတစ်ရာမျှ မပြောဘဲ နှုတ်ခမ်းကိုကိုက်ကာ သဘော်ဦးပိုင်းသို့ လျှောက်သွားလေ၏။

ကျွန်တော်မှာ မန္တလေးမြို့ ဆိပ်ကမ်းမှ သဘော်ထွက်ခွာခဲ့ သည်မှစ၍ ထိုသူနှစ်ယောက်တို့အနက်

ဆရာမ မကျီးရွှေသည် မည်သူအား အရေးပေးလိမ့်မည့်အကြောင်းကို တစောင်းမှ ချောင်းမြောင်းကာ အကဲခတ်လျက်ရှိရာ မကျီးရွှေသည် နှစ်ယောက်စလုံးအား ဘိုဆန်သည့် အမူအရာဖြင့် ယဉ်ကျေးစွာ ခေါ်ငင် ပြောဆို၍ မည်သူ့အားမျှ မျက်နှာ လိုက်ခြင်းမရှိဘဲ အလိုက်သင့် အလျားသင့်ဟူသော စကားကဲ့သို့ နှစ်ဦးကျေနပ်လောက်အောင် ဖော်ရွေစွာဖြင့်သာလျှင် ပြုမူပြောဆို လေ့ရှိလေ၏။

မကျီးရွှေသည် ဂျမဒါကို ဘကြိုင်က မှာယူတိုက်ကျွေးသော လင်မစနစ်ကို သောက်၏။ စင်စစ် မှာ မကျီးရွှေသည် ထိုသူနှစ်ယောက် တို့အပေါ်၌သာလျှင် မဟုတ်၊ ၎င်းအား အရေးတယူပြုသော ကျွန်တော်တို့ခရီးသည်ဟူသမျှကို စကားပျူငှာ ချစ်ခင်ဖွယ်ရာသော အမူအရာဖြင့်သာလျှင် ဆက်ဆံရော နှောလေ့ရှိခဲ့လေသည်။

ကိုဘကြိုင်နှင့် ကိုပေါ်ထွန်း တို့မှာ တစ်ဦးအားတစ်ဦးနှင့် ရန်သူ ကြီးသဖွယ် ပြုမူကျင့်ကြံနေကြဟန် လက္ခဏာရှိသော်လည်း ထိုသူနှစ် ယောက်တို့ စိတ်သဘောချင်းတိုက် မိသော အချက်တစ်ခုကား ရှိပေ သည်။ ခရီးသည်များအနက် တွင် မစ္စစ်ပရာဆက်အမည်ရှိ ဆရာဝန် ကတော် တစ်ယောက်လည်း ပါရှိ သည်ဖြစ်ရာ ၎င်း၏လင်ယောကျ်ား မှာ အိန္ဒိယတိုင်းသား ကုလားဆရာဝန် ကြီး တစ်ယောက် ဖြစ်၍ ၎င်းကိုယ် တိုင်မှာလည်း ဒေဗာရီလူမျိုး တစ်ယောက် ဖြစ်လေသည်။ ထို မိန်းမသည် အလွန်တရာ မည်းနက် လှသော အသားအရေရှိသည့်အပြင် ၃၀ နီးပါးရှိနေသော အရွယ်နှင့် မလိုက် အောင် ရွှေခြေချင်းကြီးအပြင် စိန်တစ်တန်း၊ မြတစ်တန်း ပြုလုပ် ထားသော ရွှေနောက်စိုက်ဘီးကို လည်း တပ်ဆင်ထားသည်။ ထို့ ပြင် စိန်လက်ကောက်၊ စိန်ကြယ် သီး၊ စိန်လက်စွပ်အစရှိသည့် လက်ဝတ်လက်စားများလည်း ဝတ်ဆင်ထားသေးသည်ဖြစ်ရာ ကုလားဆရာဝန်ကြီးသည် မြန်မာလို အမူကောင်းလှသော ဒေဗာရီ ဇနီးသည်၏ ချွဲညှုခြင်းနှင့် မခံမရပ် နိုင်သည်ဖြစ်သောကြောင့် လခမှ ပို လျှံသမျှကို ညွှတ်ကျအောင် ဆင်ပြင်ပေးထားဟန် လက္ခဏာရှိ ပေသည်။

ဆရာဝန်ကတော်သည် မိမိ လက်ဝတ်လက်စားများအတွက် အသားယူလှသူ တစ်ယောက်ဖြစ် လေရာ မန္တလေးဆိပ်ကမ်းမှ ထွက် ခွာ၍ ကပ္ပတိန်၏ မီးခံသေတ္တာတွင် ညအတွက် အပ်နှံထားရာမှ နံနက် လင်းသောအခါတွင် တောင်းယူ ဝတ်ဆင်သည့်အချိန်မှ စ၍ လက် ကောက်က ၁,၀၀၀ ကျပ်ကျော်တန် ကြောင်း၊ နားကပ်က ၁,၅၀၀ ကျပ်တန်ကြောင်း၊ မြတစ်တန်း စိန်တစ်တန်းပြုလုပ်ထားသော နောက်စိုက်ဘီးက ၁,၈၀၀ ကျပ် တန်ကြောင်း စသည့်ဖြင့် မိမိ၏ ပစ္စည်းများတန်ဖိုးကို ခရီးသည်များ အား ခရေစေ့တွင်းကျ စာရင်းချကာ ပြောဆိုလျက်ရှိလေ၏။ ဆရာဝန် ကတော်သည် ညအချိန်များတွင် ၎င်းပစ္စည်းများကို ကပ္ပတိန်ထံ အပ်နှံထား၍ မိုးလင်းသည်နှင့် တစ်ပြိုင်နက် ရေချိုး၊ သနပ်ခါးလိမ်း ကျံပြီးလျှင် မိမိ၏လက်ဝတ်လက်စား များကို တောင်းယူဝတ်ဆင်လေ့ရှိ လေသည်။ လှပလိုသော မိန်းမများ မှာ ရှားပါးလှသည်မဟုတ်သော် လည်း ထိုမျှလောက် ကုတ်ကုတ် ကတ်ကတ် အကျဉ်းအကြပ်ထဲ၌ လှပလိုသော မိန်းမမူကား ရှားပါးပေ လိမ့်မည်ဟု ကျွန်တော် တွေးထင်မိ သည်။

ဆရာဝန်ကတော်သည် မိမိ လက်ဝတ်လက်စားများအကြောင်း ပြောပြခြင်း၌ အရသာခံတတ် ကြောင်းကို ခရီးသည်အားလုံး သိရှိ ကြပြီဖြစ်ရကား ကိုဘကြိုင်က စိန် လက်ကောက်၏ ရတီအကြောင်း ကို ကျွန်တော်တို့ ခရီးသည်များအား မျက်စိမှိတ်ကာ ဆရာဝန်ကတော်ကို မေးမြန်းခြင်းအားဖြင့် လည်းကောင်း၊ ကိုပေါ်ထွန်းက နောက်စိုက်ဘီး၏ အလေးချိန်နှင့် တန်ဖိုးအကြောင်းကို ထိုနည်းအတူ ကျိတ်လှောင်လှောင် ကာ မေးမြန်းခြင်းအားဖြင့် လည်း ကောင်း၊ ခရီးသည်းအားလုံးအပျင်း ပြေစေရန် ရံဖန်ရံခါ ပြုလုပ်လေ့

ရှိကြလေသည်။ ထိုကဲ့သို့ မေးမြန်းသူ ပေါ်ပေါက်သောအခါ များတွင် ဆရာဝန်ကတော်သည် စိန်နားကပ်အတွက် လင်ဆရာဝန်ကြီးအား ချော့မော့ပြောဆိုရပုံ၊ နောက်စိုက်ဘီးအတွက် ဆူပူချွဲညှ ရပုံများကို မျက်စတချီချီနှင့် ခြေဟန်လက်ဟန်၊ ကိုယ်ဟန်အမူ အရာနှင့်တကွ ပွဲကျလောင်အောင် ပြောပြလေ့ရှိလေသည်။ ဤ သည်ကား ကိုဘကြိုင်နှင့် ကိုပေါ်ထွန်းတို့ သဘောချင်းတိုက် မိသော အချက်ပေးသည်။

ဆရာမ မကျီးရွှေကမူ ဆရာဝန်ကတော်မှ ပစ္စည်းပေါသလောက် ဝတ်တတ်စားတတ် မရှိကြောင်း မြများကို နောက်စိုက်ဘီးတွင် ထည့်သွင်း၍ လုပ်ထားမည့်အစား မျက်ခြယ်ကွင်း ကွင်း၍ လက်စွပ်အဖြစ်နှင့် တစ်ဖက်တစ်ကွင်း ဝတ်ဆင်ခဲ့လျှင် သာလွန်၍ လှပချေမည်ဖြစ်ကြောင်းနှင့် ကျွန်တော့်အား ပြောပြဖူးလေသည်။

ထိုညဦး၌ ညစာထမင်း စားပြီးကြသည်နှင့်တစ်ပြိုင်နက် ဖဲရိုက်ရန် ပြင်ဆင်ကြပြန်ရာတောအုပ် ဖြစ်သော ခရီးသည်က မိမိမှာ မျက်စိမကောင်းသောကြောင့် ညဦးအချိန်တွင် ပိုကာမဆွဲနိုင်ကြောင်းနှင့် ငြင်းပယ်လေ၏။ လေးယောက်တည်း ကစားရခြင်းကိုမူ စာရေးကြီးက ကန့်ကွက်သောကြောင့် လေးယောက်ဝိုင်းလည်း မဖြစ်ဘဲ ရှိခဲ့ပြန်၏။ ထိုအခါ ကိုဘကြိုင်က 'ဒါဖြင့် သုံးပုံရိုက်မယ်ဗျာ၊ ဘယ်သူ ပါမလဲ'

ကိုပေါ်ထွန်း ။ ။'ကျုပ်ကတော့ ဘာမဆို လုပ်လိုက်ချည်းပဲ၊ ဒီပြင်တစ်ယောက်ကော'

ကျွန်တော် ။ ။အပျင်းပြေ ထုံးခွေတန်းဖြင့် ရိုက်ကြတာပေါ့ဗျာ'

ကြိုင် ။ ။'ထုံးခွေတန်း ဘာလုပ်ဖို့လဲဗျာ၊ တစ်မူး တစ်ယောက် ရိုက်ကြမယ်'

ပေါ် ။ ။'တစ်မူး တစ်မတ်လောက် ရိုက်ချင်တယ်ဗျာ'

ထိုအခါ ကျွန်တော်မှာ သုံးပုံဖဲ ကစားခြင်း၌ အတော်ပင် ကျွမ်းကျင်သူ တစ်ယောက်ဖြစ်သောကြောင့် အကယ်၍ မနိုင်ရစေကာမူ အရှုံးမရှိနိုင်ကြောင်းသိသည်နှင့် ကြေးပင်ကြီးသော်လည်း ရိုက်ကြရန် သဘောတူညီလေ၏။

ငင်းနောက် ကျွန်တော်တို့သည် ထမင်းဆိုင်မှ သုံးပုံဖဲထုပ်ကို ငှားယူ၍ ရိုက်လေရာ အခြားခရီးသည်များသည် အနီးတွင် ထိုင်ကာ ကြည့်လျက် ရှိနေကြလေ၏။ နှစ်ပွဲသုံးပွဲမျှ ကစားမိသောအခါတွင် ထိုသူ နှစ်ယောက်တို့မှာ သုံးပုံကစားခြင်း၌ မညံ့ကြသော်လည်း တစ်ယောက်ကို တစ်ယောက် အမြဲခတ်လျက် ရိုက်ကြသည်ဖြစ်သောကြောင့် ကြားလူဖြစ်သော ကျွန်တော်သာလျှင် နိုင်ဖို့ရန် လမ်းများကြောင်း ရိပ်မိလေ၏။ သို့ရာတွင် ထိုသူနှစ်ယောက်တို့သည် ထုံးစံအတိုင်း တစ်ယောက်ကိုတစ်ယောက် မခံချင်အောင် အမြဲစောင်းချိတ်ပြောဆိုလျက် ရှိကြသည်ပြင် နိုင်တိုင်းယူရန် မသင့်ဟူ၍လည်း ကျွန်တော်၏ စိတ်၌ဆုံးဖြတ်မိသည်ဖြစ်သောကြောင့် ၁၀ပွဲမျှ ကစားပြီးသောအခါတွင် ကျွန်တော်သည် အမြတ်ငွေ ၅ ကျပ်ကို ခရီးသည်အားလုံးအတွက် လင်မနှစ်နှင့် ဗင်တိုများ မှာယူသောက်သုံးစေခဲ့လေ၏။

ကျွန်တော်တို့အားလုံးသည် စားပွဲတွင်ထိုင်၍ လင်မနှစ်သောက်လျက် ရှိကြသည်။

ကြိုင် ။ ။'ဗျို့ ကိုပေါ်ထွန်း၊ ခင်ဗျားဟာက ပိုကာဆွဲလည်း မနိုင်၊သုံးပုံရိုက်တော့လည်း ရှုံး၊ ဒီပြင် ဘာလုပ်ဦးမှာလဲ'

ပေါ် ။ ။'ဒီဟာတွေရှုပ်တယ်၊ ခင်ဗျားနဲ့ ကျုပ်နဲ့နှစ်ယောက်တည်း ကိုးမီးချချင်တယ်'

ကြိုင် ။ ။'ကျုပ်ကတော့ ကြိုက်ပါ့ဗျား၊ ဘယ်လောက်ကြေးထားပြီး ကစားချင်သလဲ'

ပေါ် ။ ။ 'တစ်ယောက်တည်း ကစားမယ်၊ ကြာကြာကြီး မကစားချင်ဘူး'

ကြိုင် ။ ။ 'ဘယ်လိုကြေး လောင်းမလဲ'

ပေါ် ။ ။ 'တစ်လက်တည်း ငါးရာတန်း လောင်း ကစားမယ်'

ကြိုင် ။ ။ 'စိန်လိုက်ဗျာ'

ထိုအခါ ကျွန်တော်နှင့် တကွ အားလုံးသော ခရီးသည်များမှာ ထိုမျှလောက် မြောက်မြားသော လောင်းကြေးဖြင့် တစ်လက်တည်း ကစားကြမည်ကို ကြားရသဖြင့် မျက်လုံးများပြူးလျက် ကြည့်ရှုရန်အတွက် စားပွဲကြီးကို ဝိုင်းရံကြလေ၏။

ကိုဘကြိုင်နှင့် ကိုပေါ်ထွန်းတို့သည် စားပွဲကြီးတွင် မျက်နှာချင်းဆိုင်ထိုင်ကြ၍ ဖဲထုတ်ကို ကုလားဖန်ထိုးကြပြီးနောက် လက်သည်ရှာကြရာ ကိုပေါ်ထွန်းသည် လက်သည်ကျလေ၏။ ထိုအခါ နှစ်လုံးစလုံးတို့သည် တစ်ယောက် တစ်လှည့်စီ အကြိမ်ကြိမ် အဖန်ဖန်ကုလားဖန်ထိုးကြပြီးနောက် နောက်ဆုံး၌ ကိုဘကြိုင်က ချိုးပေး၍ လက်သည်ကျသော ကိုပေါ်ထွန်းက သုံးချပ်စီ ဝေငှလေ၏။

ကိုဘကြိုင်သည် မိမိသုံးချပ်အနက် နှစ်ချပ်ကို ရှေးဦးစွာ လှန်၍ ရိုက်လေရာ ကုလားနှစ်ကောင် ထွက်ပေါ်လာလေသည်။ ထိုအခြင်းအရာကို မြင်ရသောအခါတွင် ကိုဘကြိုင်သည် ဖဲသမားထုံးစံအတိုင်း များစွာအားတက်ခြင်း ဖြစ်လာ၍ ကျန်သော ဖဲတစ်ချပ်ကို အားရပါးရ ရိုက်တီးလိုက်ရာ ကုလား တစ်ကောင် ထွက်လာသောကြောင့် ကုလားသုံးစီးရသွား လေ၏။ လောင်းကြေးမှာ ငါးရာဖြစ်၍ တစ်ပွဲတည်း ကစားရန် ဖြစ်ရကား ကိုဘကြိုင်၏ မျက်နှာမည်မျှ လောက် ကြည်ရွှင်ခြင်း ရှိသည်ကို ဖော်ပြရန် မတတ်နိုင်လောက်ပင် ရှိချေ၏။

ကိုပေါ်ထွန်းမှာမူ ဣန္ဒြေပျက်လှအောင် မရှိလှသေးချေ။ ထိုသူသည် မိမိတွက် ဝေချထားသော ဖဲသုံးချပ်ကို ကောက်ယူ၍ နှစ်ချပ်ကို လှန်ရိုက်လေရာ တစ်နှစ်လုံးပေါ်ထွက်၍လာလေ၏။ ပရိသတ်များလည်း 'အလိုလေး၊ ဘုရားဘုရား' ဟု နှုတ်မှ ရေရွတ်လျက် အံ့သြကြီးစွာနှင့် စိုက်ငေးကာ ကြည့်နေကြလေရာ ကိုပေါ်ထွန်းက 'အလဲ တယ်လာတဲ့ ဖဲပါတကား။ ခုပုံတော့ နောက်ထပ်ပြီး တစ်တစ်လုံးထွက်လျှင် သူ့ကိုတောင် နိုင်ဦးတော့မှာပါတကား' ဟု ခပ်ပြုံးပြုံးမျက်နှာထားဖြင့် ပြောပြီးနောက် 'ဘယ့်နှယ်လဲ ကိုဘကြိုင်၊ ခင်ဗျားကြေးက ပြန်ခွာမလား'

ကြိုင် ။ ။ 'မခွာဘူးဗျာ၊ လှန်သာချ စိတ်ကိုထွက်မှ ခင်ဗျား ကျုပ်ကို နိုင်မှာပဲ၊ ဒီလောက် သွေးမနည်းပါဘူး၊ လှန်သာချ'

ဟု ပြောရသော်လည်း ကိုဘကြိုင်မှာ ပထမကကဲ့သို့ ရွှင်ပျခြင်းမရှိတော့ဘဲ စိုးရိမ်သော လက္ခဏာများ ဖြစ်ပေါ်လာခဲ့ချေပြီ။

၎င်းနောက် ကိုပေါ်ထွန်းက 'နေပါဗျာ၊ ခင်ဗျားပဲ ကြည့်ပါတော့၊ ကျုပ်မကြည့်ချင်တော့ပါဘူး။ ခင်ဗျား မျက်နှာကိုသာ ကျုပ် မကြည့်တော့ပါဘူး။ ခင်ဗျား မျက်နှာကိုသာ ကျုပ်ကြည့်ပါတော့မယ်' ဟု ပြောလျက် ဖဲချပ်ကို မိမိကိုယ်တိုင် မကြည့်ဘဲ ကိုဘကြိုင်၏ မျက်နှာရှေ့သို့ ထောင်၍ပြလိုက်ရာ ကိုဘကြိုင်၏ မျက်နှာမှာ သွေးများ ဆုတ်မတတ် ဖြစ်သွားလိုက်သည်ကို ကျွန်တော်ကိုယ်တိုင် မြင်လိုက်ရလေ၏။

ပေါ် ။ ။ 'ခင်ဗျားမျက်နှာထား ကြည့်ရတာ တကယ့်ကို တစ်သုံးလုံးဖြစ်နေပြီထင်တယ်'

ဟု ပြောလျက် ကိုပေါ်ထွန်းသည် နောက်ဆုံးဖဲချပ်ကို စားပွဲပေါ်တွင်လှန်၍ ရိုက်လိုက်ရာ တစ်ပင့်ကူပင် ဖြစ်နေကြောင်း လူတိုင်း အံ့သြစွာနှင့် တွေ့မြင်ကြရလေ၏။ သို့ဖြစ်ရာ ကုလားသုံးစီကျနှင့်ပြီးဖြစ်သော ကိုဘကြိုင်၏ ဖဲကို ကိုပေါ်ထွန်းက တစ်သုံးလုံးနှင့် အနိုင် ရလိုက်လေပြီ။



ပေါ် ။ ။ ‘ကိုင်း ဆရာ၊ ခင်ဗျား သဘောတူ ပြီးတဲ့ အတိုင်း ငါးရာကိုသာ မစပါတော့’

ကြိုင် ။ ။ ‘နေဦး ကျုပ်သွားယူချေ ဦးမယ်’

၎င်းနောက် ကိုဘကြိုင်သည် ထိုင်ရာမှ ထ၍ ဒုတိယတန်းစီး ခရီးသည်များအတွက် သီးသန့် ကာရံထားသော နယ်နိမိတ် အပြင်သို့ ထွက်သွားလေရာ ကျွန်တော်နှင့်တကွက ခရီးသည်အားလုံးတို့သည် ကိုပေါ်ထွန်း၏ ထူးခြားသော ကံအကြောင်းကို ချီးမွမ်းပြောဆိုကာ စောင့်ဆိုင်းလျက်ရှိနေကြလေ၏။ ၅ မိနစ်ခန့်ကြာသောအခါတွင် ကိုဘကြိုင်သည် ကျွန်တော်တို့ ရှိရာ စားပွဲကြီးသို့ ပြန်ဝင်လာ၍ လက်တွင်ကိုင်လျက် ယူလာသော စက္ကူထုပ်ကလေး တစ်ထုပ်ကို ကိုပေါ်ထွန်းအား လှမ်းပေးလိုက်လေး၏။ ကိုပေါ်ထွန်းသည် စက္ကူထုပ်ကို လှမ်းယူ၍ ဖြေကြည့်ရာတွင် ငွေစက္ကူများကို တွေ့ရမည့်အစား ကွမ်းငါးရာသည် စက္ကူထုပ်ထဲမှ ထွက်ပေါ်လာလေ၏။ ထိုခဏ၌ ကိုပေါ်ထွန်း၏ မျက်နှာထားမှာ စင်စစ်ကြောက်မက်ဖွယ်ရာ ကြီးပင် ဖြစ်ချေ၏။ ကိုပေါ်ထွန်းသည် မိမိမျှော်လင့်သည့်အတိုင်း ငွေစက္ကူများကိုမတွေ့ရဘဲ ကွမ်းငါးရာကို တွေ့ရသည်နှင့် တစ်ပြိုင်နက် မျက်လုံးပြူးကာ ကြိမ်းမောင်းရေရွတ်လျက် အနီး၌ရှိသော ဆိုဒါပုလင်းကို ကောက်ယူလိုက်ရာ ထိုခဏ၌ ဖဲပိုင်းရှိဓာတ်မီးများသည် ရုတ်တရက် ငြိမ်းသွားလေ၏။

ယင်းကဲ့သို့ မှောင်မိုက်ကြီးထဲ၌ ရှိနေစဉ်အတွင်း ကျွန်တော်တို့သည် ကိုပေါ်ထွန်း၏ ကြုံးဝါးသံများနှင့် လူနှစ်ယောက်တို့ ထွေးလုံးသတ်ပုတ် သံများကို ကြားကြရလေရာ ဆရာဝန်ကတော် မစ္စစ်ပရာဆက် ဆိုသူကလည်း မိမိအား ခိုက်မိသဖြင့် သေပါပြီတော့၊ သေပါပြီတော့၊ ကျွန်မကိုခိုက်မိ ကုန်ပါပြီတော့’ဟု ဆူညံစွာအော်ဟစ်လျက် ရှိလေ၏။ ထိုအခါ သင်္ဘောအရာရှိမာလိန်သည် မှောင်မိုက်လျက်ရှိသော ဒုတိယခန်းဆီသို့ ပြေးဝင်လာ၍ ဓာတ်မီးခလုတ်ကို နှိပ်သဖြင့် လင်းလာသောအခါတွင် တစ်ယောက်၏ လည်ပင်းကိုတစ်ယောက် ဖျစ်ညှစ်ကာကြမ်းပေါ်တွင် လိမ့်လျက်ရှိနေကြသော ကိုပေါ်ထွန်းနှင့် ကိုဘကြိုင်တို့ကို တွေ့မြင်ကြရလေ၏။ မာလိန်နှင့် တကွ ခရီးသည်များအားလုံးသည် ထွေးလုံးလျက်ရှိသော လူနှစ်ယောက်ကို ဖျန်ဖြေကြပြီးနောက် မာလိန်သည် ဘတ္တလာအား ကပ္ပတိန်ထံ စေလွှတ်ခေါ်ငင်စေရာ ကပ္ပတိန်လည်း လိုက်လာလေ၏။

ကပ္ပတိန်သည် အဖြစ်အပျက်ကို သိရှိရသောအခါ၌ ထောင့်တစ်ထောင့်စီတွင် အံကြိတ်ကာ ရပ်လျက်ရှိသော ကိုဘကြိုင်နှင့် ကိုပေါ်ထွန်းတို့အားကြည့်လျက် ‘ခင်ဗျားတို့ နှစ်ယောက် နောက်တစ်ခါ ထပ်ပြီး ရန်ဖြစ်လျှင် နှစ်ယောက်လုံးလမ်းမှာ ပစ်ချခဲ့မယ်’ဟု ခြိမ်းခြောက်ပြောဆိုလေ၏။

ထိုခဏ၌ မစ္စစ်ပရာဆက်သည် မိမိ၏ ဦးခေါင်းကို လက်ဖြင့်နှိပ်လျက် ‘ဟောတော့ မရှိတော့ဘူး’ ဟု လွှတ်ခနဲ ဟစ်အော်လိုက်၏။

‘ဘာမရှိတာလဲ’

‘ကျွန်မ နောက်စိုက်ဘီး မရှိတော့ဘူး ကပ္ပတိန်’

ထိုအခါ ကပ္ပတိန်သည် တတိယ တန်းဘက်သို့ ထွက်သွားအခန်းတံခါးကို ချက်ချင်းပိတ်စေ၍ စစ်ဆေးမေးမြန်းရာ မစ္စစ်ပရာဆက် နောက်စိုက်ဘီးကို နောက်ဆုံးမည်သည့်အချိန်အထိ သူ၏ဦးခေါင်း

၌ မြင်ရသေးသည်ဟု တပ်အပ်သေချာပြောနိုင်သူ တစ်ဦးတစ်ယောက်မျှ မပေါ်ထွက်ခဲ့ချေ။

ကပ္ပတိန် ။ ။ 'ရန်ဖြစ်တော့ မီးကို ဘယ်သူငြိမ်းလိုက်သလဲ'

'ကျွန်မ ငြိမ်းလိုက်ပါတယ်ရှင်' ဟု ပြောလျက် ဆရာမ မကျီးရွှေသည် ဘတ္တလာ၏ စတိုခန်းထဲမှ ထွက်လာသည်ကို ကျွန်တော်တို့သည် အံ့သြစွာနှင့် တွေ့မြင်ကြရလေ၏။

ကပ္ပတိန် ။ ။ 'ဓာတ်မီးကို ခင်ဗျား ဘာပြုလို့ ငြိမ်းလိုက်တယ်ဆိုတာ တစ်ဆိတ်လောက် ကျွန်တော်တို့ သိပါရစေ'

ရွှေ ။ ။ 'သူတို့နှစ်ယောက် ရန်ဖြစ်မယ်လုပ်တော့ ကျွန်မက ဘတ္တလာအခန်းဝက ရပ်ကြည့်နေပါတယ်။ ကိုပေါ်ထွန်းက ဆိုဒါပုလင်းကို လှမ်းယူလိုက်ပြီးတော့ ကျွန်မက တစ်ယောက်တစ်ယောက် လက်လွန်မကုန်ကြပါစေနဲ့လို့ အောက်မေ့ပြီး ရိုက်မဖြစ်စေရန် ဘတ္တလာအခန်းထဲမှာ ထားတဲ့ ဓာတ်မီးခလုတ်ကို ရုတ်တရက် နှိပ်ပြီး ငြိမ်းလိုက်ပါတယ်'။

ကပ္ပတိန် ။ ။ 'ခင်ဗျားက ရန်မဖြစ်စေဖို့ ကာကွယ်လိုတဲ့ သဘောနဲ့ လုပ်တာတော့ မှန်တယ်။ သို့သော် မစ္စစ်ပရာဆက်မှာ နောက်စိုက်ဘီး ပျောက်သွားတာက ခက်နေတယ်'

ရွှေ ။ ။ 'ကျွန်မ ဝမ်းနည်းပါတယ် ကပ္ပတိန်။ ဒီလိုဖြစ်လိမ့်မယ်လို့ မတွေးမိတဲ့အတွက် ပြုမိခြင်း ဖြစ်ပါတယ်'

ကပ္ပတိန်။ ။ 'ဒီဟာကို ကျွန်ုပ် ယုံကြည်ပါတယ်။ သို့သော် ကျွန်ုပ် သဘော်ပေါ်မှာ ဖြစ်တဲ့အတွက် ပစ္စည်းကိုပြန်ရဖို့ ကျွန်ုပ်၏ တာဝန်ဖြစ်သည့်အတိုင်း ဘယ်သူ၏ မျက်နှာကိုမှ မထောက်မထားဘဲ နည်းလမ်းအတိုင်း ပြုရလိမ့်မယ်'

အားလုံး။ ။'ပြုပါ ကပ္ပတိန်၊ ကျွန်ုပ်တို့သဘောတူပါတယ်'

ကပ္ပတိန်။ ။ 'ဒုတိယတန်းခရီးသည် အားလုံးတို့ကို ကျွန်ုပ်ရှာလိုတယ်'

ထိုအခြင်းအရာကို မည်သူမျှ ကန့်ကွက်ခြင်းမပြုဘဲ ရှိနေကား ကပ္ပတိန်သည် ကျွန်တော်တို့ ခရီးသည်များကို တစ်ယောက်စီ အခန်းတစ်ခန်းအတွင်းသို့ ဝင်ပြီးလျှင် အဝတ်အစားများ အတွင်း၌ စမ်းသပ်ရှာဖွေလေ၏။ ဆရာမ မကျီးရွှေမှ ပထမတန်းမှ ဘိုမခရီးသည် နှစ်ယောက်၏ ကူညီခြင်းအားဖြင့် ရှာဖွေစေ၏။ သို့ရာတွင် ပျောက် ဆုံးသွားသော နောက်စိုက်ဘီးကိုမူ မည်သူ၏ ထံ၌မျှမတွေ့ဘဲ ရှိနေခဲ့လေ၏။

ကိုဘကြိုင်နှင့် ကိုပေါ်ထွန်းတို့မှာမူကား မစ္စစ်ပရာဆက်၏ ပစ္စည်းပျောက်ဆုံးခြင်းသည် မိမိတို့အတွက်ကြောင့် ဖြစ်ရသည်ဟူ၍ ဝမ်းနည်းကြဟန်လက္ခဏာနှင့် ဆက်လက်၍ ရန်မပွားတော့ဘဲ ကိုဘကြိုင်က မိမိသည် ကွမ်းငါးရာကို ပေးလိုက်ခြင်းမှာ ကျီစယ်ခြင်းမျှသာဖြစ်ကြောင်း၊ မိမိရှုံးသော ငွေ ၅၀၀ကျပ်ကို ကသာမြို့သို့ ဆိုက်ရောက် သောအခါတွင် ပေးဆပ်မည်ဖြစ်ကြောင်းနှင့် တောင်းပန်ပြောဆိုလေရာ ခရီးသည် အားလုံးကပင် ကျေနပ်ခြင်း မရှိကြလေ၏။ ကိုပေါ်ထွန်းကလည်း မိမိသည် ငွေ ၅၀၀ကျပ်နိုင်သည်အတွက်ကြောင့် ခရီးသည်များကို နက်ဖြန်နံနက်စာ တည်ခင်းကျွေးမွေးမည်ဖြစ်ကြောင်းနှင့် ဝန်ခံကတိထားလေရာ နောက်စိုက်ဘီးပျောက်ဆုံးသော မစ္စစ်ပရာဆက်မှ တစ်ပါးအားလုံး ကျေနပ်ဝမ်းမြောက်ခြင်း ဖြစ်ကြလေ၏။

သင်္ဘောသည် ခရီးစဉ်အတိုင်း ထီးချိုင့်မြို့၊ အင်းရွာဆိပ်ကမ်း၊ ကသာမြို့စသည်တို့၌ ခရီးသည်များသည် ဆင်းသွားကြလေရာ နောက်ဆုံးဗန်းမော်သို့ ဆိုက်ရောက်သောအခါတွင် ကျွန်တော်နှင့် မစ္စစ်ပရာဆက်နှစ်တည်းသာလျှင် ကျန်ရစ်ပေတော့၏။

''ဘာဆိုင်သလဲကွယ်တို့။ ဒီဝတ္ထုက ရည်ရွယ်ချက်မရှိ ဘာမရှိနဲ့ ဘာတွေ လျှောက်ရေးထားတာလဲ''ဟု ဖတ်ရှုသူတို့က ဤနေရာ၌ မေးမြန်းခြင်းပြုကောင်း ပြုကြပေလိမ့်မည်။ ထိုကဲ့သို့ မေးမြန်းခဲ့ပါလျှင်လည်း မေးမြန်းထိုက်ပါပေ


သည်။ ကျွန်တော်သည် လွန်ခဲ့သောနှစ်အတွင်းက မန္တလေးမြို့သို့ ရောက်သွား၍ ဆရာမ မကျီးရွှေနှင့် ကိုဘကြိုင်တို့နှစ်ဦးကို ထူးဆန်းစွာ မတွေ့မြင်ခဲ့ရပါလျှင် ဤအဖြစ်အပျက်များကို ရေးသား ဖော်ပြခြင်း ပြုချေမည်လည်း မဟုတ်ပါ။

လွန်ခဲ့သောနှစ်က ကျွန်တော်သည် မန္တလေးမီးရထား ဘူတာရုံသို့ မိတ်ဆွေတစ်ယောက်ကို လိုက်ပို့ရန် သွားရောက်၍ မိတ်ဆွေနှင့်အတူ ရန်ကုန်စာပို့ ရထားကြီးပေါ်တွင် ထိုင်လျက်ရှိကြစဉ် တရုတ်သူဌေးနှင့်သဏ္ဍာန်တူသော ထောင်ကဲကြီးတစ်ယောက်သည် မြန်မာမိန်းမတစ်ယောက်နှင့်တွဲလျက် ပထမတန်းမီးရထားတွဲ တစ်တွဲပေါ်သို့ တက်သွားကြသည်ကို မြင်လိုက်ရလေ၏။ ကျွန်တော်သည် ထိုမိန်းမကို မြင်ဖူးပါသည်ဟု အောက်မေ့၍ သေချာစွာကြည့်ရှုရာတွင် လွန်ခဲ့သော ၃နှစ်ခန့်က တာပင်စာပို့သင်္ဘောကြီးပေါ်တွင် အတူစီးနင်းသွားလာခဲ့ဖူးသော ဆရာမ မကျီးရွှေပင် ဖြစ်ကြောင်းကို ရုတ်တရက် သတိရမိလေ၏။ ထိုအခါ ကျွန်တော်သည် မိတ်ဆွေအား မကျီးရွှေနှင့်အတူ တွဲတက်လာသော ထောင်ကဲကြီးကို သိပါသလောဟု မေးမြန်းရာ မိတ်ဆွေက 'ဘာလို့မသိသလဲဗျာ၊ နာမည်ခံတော့ ကုန်စုံဆိုင်ပေါ့၊ တကယ့်အလုပ်ကတော့ ကိုကင်းတို့ဘိန်းတို့ကို လက်ကားချပြီး ရောင်းနေတဲ့ တရုတ်သူဌေးဟောင်လျှံခွက်ဆိုတာ ဒီလူကြီးပေါ့'ဟု ပြောလေ၏။

နောက်တစ်ခဏ၌ လူနှစ်ယောက်တို့သည် သားရေအိပ်၊ အိပ်ရာလိပ် စသော ပစ္စည်းများကို ကူလီဖြင့်သယ်ယူစေလျက် ဒုတိယတန်းတွဲ တစ်တွဲပေါ်သို့တက်ကြမည်ပြုဆဲတွင် တရုတ်သူဌေးကြီးဟောင်လျှံခွက်သည် ၎င်းတို့ကို မြင်သဖြင့် လှမ်း၍ခေါ်လိုက်သည် ထိုသူနှစ်ယောက်တို့မှာ ပစ္စည်းများကို တွဲပေါ်၌ တင်စေပြီးနောက် ဟောင်လျှံခွက်နှင့် မကျီးရွှေတို့ရှိရာ ပထမတန်းတွဲဆီသို့ လျှောက်လာကြရာ ၎င်းတို့မှာ ဂျမဒါကိုဘကြိုင်နှင့် ရာဇဝတ်အုပ် ကိုပေါ်ထွန်းဆိုသူတို့ပင် ဖြစ်နေသဖြင့် ကျွန်တော့်မှာ အံ့သြမိပြန်၏။ ထိုထက် အံ့သြဖွယ်ရာကောင်းသော အခြင်းအရာမှာ ကား တရုတ်သူဌေးကြီးသည် ထိုသူနှစ်ယောက်တို့၏ အမည်နာမကို မိမိ၏မိန်းမဖြစ်သူအား ထုတ်ဖော်ပြောဆို၍ အသိအကျွမ်းဖွဲ့ပေးသော အချင်းအရာကို တွေ့မြင်ရခြင်းပင် ဖြစ်ချေသည်။

ထိုအခါ ကျွန်တော်သည် ယခင်က တာပင်သင်္ဘောကြီးပေါ်တွင် ဖြစ်ပျက်ခဲ့ဖူးသော အခြင်းအရာတို့ကို ချက်ချင်းစဉ်းစားမိ၍ ထိုသုံးဦးတို့သည် ကျွန်တော်တို့ခရီးသည်အားလုံးကို တစ်ပတ်ရိုက်ပြီးလျှင် မစ္စစ်ပရာဆက်၏ နောက်စိုက်ဘီးကို ဖြုတ်ယူရန် စီမံကြခြင်းဖြစ်ကြောင်း၊ ကိုဘကြိုင်နှင့် ကိုပေါ်ထွန်းတို့၏ ရန်မူကြခြင်းမှာလည်း ပရိယာယ်မျှ ဖြစ်ကြောင်း၊ ခရီးသည်အားလုံးသည် ထိုသူနှစ်ယောက် တို့ ရန်ဖြစ်ကြမည့်အကြောင်းကို စိတ်အာရုံစိုက်လျက်ရှိကြစဉ် မကျီးရွှေသည် ဓာတ်မီးခလုပ်ကို နှိပ်ငြိမ်းလိုက် ခြင်းဖြစ်ကြောင်း၊ မှောင်မိုက်သော အခါတွင် မစ္စစ်ပရာဆက် အနီး၌ရှိ နေသော ကိုဘကြိုင်သည် ထွေးလုံးသတ်ပုတ်ကြသဖြင့် ခိုက်မိလေဟန်နှင့် နောက်စိုက်ဘီးကို ဖြုတ်ယူပြီးလျှင် ဒုတိယတန်းအပြင်တွင် အဆင်သင့်စောင့်နေမည်ဖြစ်သော မိမိတို့တပည့်တစ်ယောက်၏ လက်သို့ ပြောင်းလွှဲပေးအပ်လိုက်ခြင်း ဖြစ်ကြောင်းများနှင့် တရေးရေးတွေးမိတိုင်း ပေါ်လာလေ၏။ ၎င်းနောက် ကျွန်တော်သည်မကျီးရွှေ ပြောဖူးသော စကားကိုသတိရ၍ ၎င်း၏လက်များကို လှမ်း၍ကြည့်လိုက်မိရာ နှစ်ဖက်သော လက်သူကြွယ်များတွင် စိန်ခြယ်လက်စွပ်တစ်ကွင်းစီဝတ်ဆင်ထားသည်ကို အံ့သြစွာနှင့် တွေ့မြင်လိုက်ရပေသတည်း။

■ ရွှေဥဒေါင်း



“မကောင်းမှုဟူသမျှကို မပြုရာ။
ကောင်းမှုတို့နှင့် ပြည့်စုံစေရာ၏။
မိမိစိတ်ကို ဖြူစင်စေရာ၏။”

ဂေါတမဗုဒ္ဓ (ဘီစီ ၆၂၃-၅၄၃)

ဓမ္မပဒ၊ အမှတ်စဉ် (၁၈၃)

# လှပသောအနာဂတ်သည် သင့်လက်ထဲမှာ

ချစ်နိုင် (စိတ်ပညာ)

၁။

မန္တလေးမြို့ရှိ သမဝါယမကောလိပ်သို့ ရောက်ဖူးသည်။ ရန်ကင်းတောင်ခြေရှိ ထိုကောလိပ်သို့ စာပေဟောပြောပွဲအတွက် နှစ်ကြိမ်ရောက်ခဲ့ဖူးပေ သည်။ လွန်ခဲ့သောသုံးလေးနှစ်ကမူ စစ်ကိုင်းမြို့ရှိ သမဝါယမတက္ကသိုလ်သို့ ဟောပြောပွဲရောက်ခဲ့ရ သည်။ တက္ကသိုလ်နှင့် ကောလိပ်များရှိ တက္ကသိုလ်ကျောင်းသားများသည် သာမန်ရပ်ထဲရွာထဲမှ ပရိသတ်ထက် ပိုမိုအကင်းပါးကြပေသည်။

အရိပ်ပြလျှင် အကောင်ထင်လွယ်သည်။ သွက်လက်သည်။ ထက်မြက်သည်။ အများကြီး ပြောနေစရာမလို၊ ရှည်ရှည်ဝေးဝေး သိုင်းဝိုင်းချဲ့ကားပြီး ဝေ့ဝိုက်နေစရာလည်းမလို။ ဆိုလိုရင်းအား အလွယ်တကူ နားလည်သိမြင်တတ်ကြသည်။ ဟောပြောရသည်မှာ ထိရောက်သည်။ အရပ်သားပရိသတ်နှင့် တက္ကသိုလ်ပညာတတ်ပရိသတ် ကွဲပြားခြားနားမှုရှိပေသည်။

နက်ဖြန် သန်လျင်မြို့ရှိ သမဝါယမတက္ကသိုလ်သို့ စာပေဟောပြောပွဲသွားရမည်။ မသွားမီ တစ်ရက်နှစ်ရက်လောက်ကပင် ကြိုကြိုတင်တင်အချက်အလက်စုဆောင်းခြင်း၊ ခေါင်းစဉ်ရွေးချယ်ခြင်း၊ မှတ်စုချရေးခြင်း၊ အစမ်းပြောကြည့်ခြင်း၊ ဟောပြောချက်၏ရည်ရွယ်ချက်ကို ထမြောက်အောင်မြင်စွာ ဖွဲ့စည်းတင်ပြပုံ ရှိပါ၏လား။ ပြန်လှန်စစ်ဆေးခြင်းတို့ ပြုလေ့ရှိပါ၏။ ပရိသတ်၏ လိုလားချက်၊ အခြေအနေ၊ အဆင့်အတန်းကိုလိုက်၍ အကျဉ်းအကျယ်၊ အတင်အချ၊ အပြောင်းအလဲလုပ်သင့်လျှင်လည်း လုပ်ရပါ၏။ စစ်လေကောင်းလေ၊ ပြင်လေကောင်းလေပင်။

စာပေဟောပြောပွဲသည် ကွက်စိပ်မဟုတ်။

စာပေဟောပြောခြင်းသည် နိုင်ငံရေးတရားဟောပွဲ၊ မဲဆွယ်ပွဲမဟုတ်။

စာပေဟောပြောပွဲသည် လောကုတ္တရာတရားမွေ့ကို ဟောကြားခြင်းမျိုးနှင့်လည်း ကွဲပြား၏။

စာပေဟောပြောပွဲသည် အလှူပွဲ၊ မင်္ဂလာပွဲများတွင် မဏ္ဍပ်ထဲ၌ ရှေးကပြောလေ့ရှိခဲ့သော စာဟောဆရာ၏ ပုံဟောနည်းနှင့်လည်းမတူ။ (သူကတစ်ခါ တစ်ရံ ဆိုင်းအဖွဲ့လည်း ပါချင်ပါတတ်သည်။) တစ်ဦးတစ်ယောက်တည်းက တင်ပလ္လင်ခွေထိုင်ပြီး ဟောပြောခြင်း၊ ရွတ်ဆိုခြင်းဖြစ်၏။ စာပေဟောပြောပွဲကား စာရေးဆရာနှစ်ဦး သုံးဦးက စာအကြောင်း ပေအကြောင်း စကားပြောစင်မှာရပ်လျက် ဟောပြောလေ့ရှိကြ၏။ နိုင်ငံရေး၊ နိုင်ငံတကာရေး၊ မျက်မှောက်ခေတ်အခြေအနေတွေ ပါကောင်းပါနိုင်သော်လည်း စာပေရေးရာကိုသာ အဓိကပင်မ ကြောရိုးပြုကာ ဟောပြောလေ့ရှိကြပါသည်။ (သို့ရာတွင် နိုင်ငံရေးဘောင်းတီးလော့်ခတ်သူ အချို့၏ လက်ခုပ်သံချူသော ပါတီဘက်လိုက်သော ဟောပြောမှုအချို့ကြောင့် စာပေဟောပြောပွဲအချို့သည် ရေလိုက်လွဲသလိုဖြစ်ကာ နာမည်ပျက်ခဲ့ရဖူးပါ၏)

စာပေဟောပြောပွဲ ဟောပြောရမည်ဆိုသည်နှင့် ပရိသတ်ကို လေးစားသောအားဖြင့် မိမိကတော့ အတတ်နိုင်ဆုံး လမိုင်းကပ်အောင် ကြိုကြိုတင်တင် ပြင်ဆင်အားထည့် ပြုစုလေ့ရှိပါသည်။ ဖျော်ဖြေမှုလည်း ကောင်းရမည်။ မှတ်သားစရာ အကျိုးပြုချက်လည်း ပါရမည်။

၂။

အနာဂတ်သည် မမြင်ရချေ။

ကောင်းမလိုလိုနှင့် အဆိုးနှင့်တိုးချင်တိုးသည်။

ဆိုးမလိုလိုနှင့် ကောင်းချင်ကောင်းသည်။

အနာဂတ်သည် ခန့်မှန်းရ မလွယ်ပေ။

မည်သူမျှ အနာဂတ်ကို ကြိုတင်မမြင်ရ။

အနာဂတ်ကို ကြိုတင်နိမိတ်ဖတ်ဟောပြောကြသော ဗေဒင်ဆရာ၊ နက္ခတ်ဆရာ၊ လက္ခဏာဆရာနှင့် နတ်ကတော်၊ နတ်ဆရာ ဆိုသူများလည်း မှန်သည့်အခါ မှန်၏။ မှားသည့်အခါ မှား၏။ အပြည့်အဝ မမှန်ပေ။

မည်သို့ပင်ရှိစေ မိမိလက်ရှိပစ္စုပ္ပန် အပြုအမူ (အတွေးအကြံ၊ အပြောအဆို၊ အပြုအမူ) လုပ်ဆောင်ချက်ကိုအကြောင်းပြုကာ အကျိုးတရား အဆိုးအကောင်း ပေါ်ထွက်မည်ကား အမှန်ပင်။

လူငယ်များအား ဤအချက်ကို ထင်ရှားစွာ သိမြင်ခံယူအောင် ဟောပြောချင်သည်။ စေတနာကောင်းလျှင် ကံကောင်းမည်။ ကောင်းမှုများစွာ ပြုပါက ကောင်းကျိုးမုချရလိမ့်မည်။ မကောင်းမှု

ဟူသမျှ တစ်ခုတစ်လေမှ မကျူးလွန်အောင် စောင့်ထိန်းတတ်ရမည်။ သို့မှသာ ဆင်းရဲဒုက္ခဘေးမှ ကင်းဝေးမည်။ မိမိစိတ်ကို ဖြူစင်မွန်မြတ်စွာ ထားတတ်စေချင်သည်။ သို့မှသာအေးချမ်းပျော်ရွှင်နိုင်ပေလိမ့်မည်။

"မကောင်းမှုများ၊ ရှောင်ရှားပယ်ခွာ၊
ကောင်းမှုအပေါင်း၊ စုဆောင်းကြပါ။
မိမိစိတ်ရင်း သန့်ရှင်းစေရာ၊
ဤသုံးပါး ဘုရားသာသနာ။ ။"
(သီတဂူဆရာတော် အရှင်ဉာဏိဿရ)

၃။

သန်လျင် ရေကြောင်းပညာတက္ကသိုလ်မှာ ဆရာမ မစန္ဒာနှင့်အတူ လွန်ခဲ့သော ဆယ်နှစ်ခန့်က စာပေဟောပြောပွဲ ဟောပြောခဲ့ဖူးသည်။ ထိုတက္ကသိုလ်ကျောင်းသားတွေ ကမ္ဘာ့သမုဒ္ဒရာကြီးလေးစင်းမှာ သင်္ဘော မောင်းနှင်ကြပေတော့မည်။ သန်လျင်စက်မှုတက္ကသိုလ်မှာ ဆရာ လယ်တွင်းသားစောချစ်နှင့်အတူ လွန်ခဲ့သော ငါးနှစ်လောက်က စာပေဟောပြောပွဲ ဟောပြောခဲ့ဖူး၏။ ထိုအချိန်က ကျောင်းသားများသည် ယခုအခါ အင်ဂျင်နီယာ အလုပ်နေရာများတွင် တာဝန်ယူနေလောက်ပေပြီ။ ယခုသမဝါယမတက္ကသိုလ်၊ သန်လျင်မြို့သို့ ဆရာမောင်နိုင်မိုးနှင့်အတူ စာပေဟောပြောပွဲ သွားရောက်ဟောပြောရမည်။ လူငယ်များကို ပျော်ရွှင်အောင် ဦးစွာပထမ ကြိုးစားရပါသည်။ သူတို့ ပြုံးရွှင်ရယ်မောလာပြီဆိုမှ ပိုမိုရင်းနှီးလာကြပါလိမ့်မည်။ ခင်မင်ထိတွေ့ကြပြီဆိုမှ မိမိတင်ပြပြောဆိုလိုသော အချက်ကို ဆက်လက်ဆွေးနွေးရပါသည်။ ဒါမှ နားဝင်လွယ်ပေသည်။

မိမိကိုယ်ကို ယုံကြည်မှုရှိအောင်၊ ရဲရင့်အောင်၊ သတ္တိပြည့်ဝအောင် လှုံ့ဆော်အားပေးရ၏။ အချို့သော အခွင့်အရေးမျိုးသည် အရည်အသွေးစွမ်းရည်ရှိနေရုံမျှနှင့်မရ၊ သတ္တိရှိရှိ ရဲရဲဝံ့ဝံ့ စွန့်စားဖမ်းကိုင်လိုက်နိုင်မှ အောင်မြင်မှုရတတ်ကြ၏။ ယုံကြည်ရမည်။ ရဲရင့်ရမည်။ အချိန်တစ်နာရီလောက်အတွင်း ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောနှင့် အကျိုးရှိစေမည့် အဖိုးတန်မှတ်စရာ သားစရာများကို ပေးလိုက်ချင်ပါသည်။ ဥပမာ- အနှစ်ချုပ်သဘောပြောရမည်ဆိုလျှင်-

၁။ **အမြော်အမြင်** - Perspective(adj)(Perspective = အမြင်ရေးဆွဲနည်း (ဘ) မဟုတ်ပါ)
၂။ **အခြေခံသဘောတရား**- Principle
၃။ **မူဝါဒ** - Policy နှင့်
၄။ **လုပ်ထုံးလုပ်နည်းဆောင်ရွက်စဉ်** - Procedure

ဟူသော ပီလေးလုံးကို ဆွေးနွေးတင်ပြရန် ရွေးချယ်လိုက်ပါ၏။

**အမြော်အမြင်ရှိရပါမည်။**

အမြော်အမြင်ရှိလျှင် သူတစ်ပါးကို ကောင်းကျိုးဦးစွာပြုပေးနိုင်မှ မိမိ၏ဘဝကောင်းကျိုးရမည်ကို နားလည်လက်ခံမည်။ အများအကျိုးဆောင်မှ ကိုယ့်အကျိုးအောင်မည်ကို သဘောပေါက်ရမည်။ အမြော်အမြင်နည်းပါးသော လူအချို့သည် မိမိတို့အုပ်စု အကျိုး၊ မိမိတို့ပါတီအဖွဲ့အစည်းအကျိုး အတွက် မြေယာနှင့် တိုက်ခန်းများကို ဈေးပေါပေါချိုချိုနှင့်ရရန် အိမ်ခြံမြေဈေးကွက်အား မကျကျအောင် ဆောင်ရွက်လိုက်ခဲ့၏။ အိမ်ခြံမြေဈေးကွက်က ထက်ဝက်မက ကျသွားခဲ့ပါ၏။ သို့ရာတွင် အကျိုးဆက်များမှာ ထိုအဖွဲ့ ထင်မထားခဲ့သော ဘေးထွက်ပြဿနာတွေ တက်ပါလေရော။ ဘဏ်တွေ ဒုက္ခရောက်၊ ငွေကြေးစီးဆင်းမှုများ နှေးကွေး၊ ဆောက်လုပ်ရေးလုပ်ငန်းများ ရပ်ဆိုင်း၊ အလုပ်သမားပေါင်းများစွာ အလုပ်လက်မဲ့ဖြစ်၊ လုပ်ငန်းခွင်ဝန်းကျင်မှာ ရောင်းချသော ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်များ ထွက်ပြေးရ။ သူဌေးများလည်း အကျပ်အတည်းဆိုက်။ အလုပ်သမားများလည်း ဒုက္ခရောက်။ လက်လုပ်လက်စားအရောင်းအဝယ်သမားတွေမှာ စားဝတ်နေရေးခက်ခဲ။ နိုင်ငံတော်၏



**စံနမူနာကောင်းများ ပြသနိုင်ခြင်း မရှိဘဲ ယိမ်းယိုင်တွေဝေကာ ဟိုဟာကောင်းနိုးနိုး၊ ဒီဟာကောင်းနိုးနိုးနှင့်အချိန်ကုန်နေပါက ခေါင်းဆောင်နေရာမထိုက်တန်ချေ။ အခြေခံသဘောတရားများကိုအသုံးမချတတ်လျှင် မည်သည့်လုပ်ငန်းမှာမှ မအောင်မြင်နိုင်...**

ကုန်သွယ်မှုမှာ မကြုံစဖူး ကြီးမားသော လိုငွေပြမှု ဖြစ်ပေါ်။ ပြဿနာအကျပ်အတည်းများမှာ လုံးချာလည် လိုက်လာတော့သည်။ ဘယ်သူမပြု မိမိမှုပေတည်း။

အမြော်အမြင်မရှိဘဲ ''ပြောင်းလဲလျှင်ပြီးရော'' ဟု စီမံဆောင်ရွက်လျှင် ပြောင်းပြန်အဖြေထွက်တတ်၏။ မှုသားမပါ လင်္ကာမချောဟု ဆိုကြ၏။ ရှေးလူကြီးသူမတို့၏ ဆိုရိုးစကားအရ မုတဟူသော ကိုယ်တိုင်တွေ့ကြုံခံစား သိမြင်ခဲ့သော အတွေ့အကြုံမရှိဘဲ စိတ်ကူးပေါ်ရာ လျှောက်လုပ်လျှင် မအောင်မြင်။ အမြော်အမြင် အကျိုးအကြောင်း ကွင်းဆက်ယန္တရားတစ်ခုလုံးအား ခြုံငုံနားလည်တတ်ကျွမ်းမှသာလျှင် စီမံတတ်ပါသည်။ အမြော်အမြင်ပြည့်ဝဖို့ရာ စာများများဖတ်ရပါလိမ့်မည်။

**အခြေခံသဘောတရားကို အသုံးချတတ်ရပါမည်။**

ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးပါးစလုံး၌ ချောမောလွယ်ကူစေသော အခြေခံသဘောတရားက ရှိထားပြီးသားပင်။ မိမိက သိဖို့လိုသည်။ သုံးဖို့သာလိုသည်။ သိအောင်ရှာဖွေလေ့လာရပေမည်။

ဥပမာ စကားပြောနည်း ဆိုပါစို့။

စကားအရာ အင်္ဂါဆယ်ပါးဟူသော ရှေးလူကြီးသူမများ၏ ဆိုဆုံးမစကားကို မှတ်သားလိုက်နာအပ်ပေသည်။

(၁) ပြောချိန်ပြောခွင့်သင့်မှ ပြောရခြင်း
(၂) ဟုတ်မှန်သောစကားကိုသာ ပြောရခြင်း
(၃) တရားနှင့်စပ်သည်ကိုသာပြောရခြင်း
(၄) အကျိုးစီးပွားနှင့်စပ်သည်ကိုသာပြောရခြင်း
(၅) ချစ်ဖွယ်စကားကိုသာ ပြောရခြင်း
(၆) ပြုံးရွှင်မှုရှေ့ထား၍ ပြောကြားရခြင်း
(၇) မတိုမရှည် မပိုမလွန် ချင့်ချိန်ပြောရခြင်း
(၈) အဆောတလျှင်မပြောရခြင်း
(၉) ယဉ်ကျေးသိမ်မွေ့သော အသုံးအနှုန်း ဝေလေ့ထုံးကို လိုက်နာ၍ ပြောရခြင်း
(၁၀) သန့်ရှင်းသေချာတိကျပြတ်သားစွာ ပြောဆိုရခြင်း

အလားတူပင် ခေါင်းဆောင်မှုတွင်လည်း အခြေခံသဘောတရားရှိပါ၏။ သိအောင်လေ့လာ၍ လက်တွေ့မှာ ကျင့်သုံးလျှင်အောင်မြင်မှာဖြစ်၏။ စံနမူနာပြသပြီး ဦးဆောင်နိုင်ခြင်း၊ အောင်မြင်အောင် စွမ်းဆောင်နိုင်သည့် အရည်အသွေးပြည့်ဝခြင်း၊ တရားမျှတခြင်း၊ ကိုယ်ကျိုးထက် အများအကျိုးကို ဦးစားပေးတတ်ခြင်း၊ အခြေအနေအချိန်အခါကို ဝေဖန်ပိုင်းခြားတတ်ခြင်း၊ မှန်ကန်ရာကို ပြတ်သားစွာ ဆုံးဖြတ်နိုင်ခြင်း၊ စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်စွမ်းရှိခြင်း စသည်တို့ ဖြစ်ကြပါသည်။ စံနမူနာကောင်းများ ပြသနိုင်ခြင်း မရှိဘဲ ယိမ်းယိုင်တွေဝေကာ ဟိုဟာကောင်းနိုးနိုး၊ ဒီဟာကောင်းနိုးနိုးနှင့် အချိန်ကုန်နေပါက ခေါင်းဆောင်နေရာ မထိုက်တန်ချေ။ အခြေခံသဘောတရားများကို အသုံးမချတတ်လျှင် မည်သည့်လုပ်ငန်းမှာမှ မအောင်မြင်နိုင်ပေ။

**မူဝါဒကောင်းစွာချမှတ်ရပါမည်။**

အခြေခံသဘောတရားသည် အမာထည်ဖြစ်၍ ပြောင်း၍ ပြင်၍မရပေ။ မူဝါဒဆိုသည်ကား အပျော့ထည် Software ဖြစ်သောကြောင့် ပြောင်းနိုင် ပြင်နိုင် ပြောင်းလဲချမှတ်နိုင်လေသည်။ အခြေအနေ၊ အချိန်အခါ ပရိသတ်၊ ပတ်ဝန်းကျင်ရာသီဥတုကို လိုက်၍ သင့်တော်ဆီလျော်သော မူဝါဒကို ချမှတ်ကျင့်သုံးရပါ၏။ မတင်းလွန်းစေရ။ တင်းလွန်းလျှင် ပြတ်တတ်၏။ မလျော့လွန်းစေရ။ လျော့လွန်းပါက ပြုတ်တောက်သွားပေလိမ့်မည်။ ဥပဒေကို ရေးဆွဲအတည်ပြုကြသော ပုဂ္ဂိုလ်များသည် ကောင်းမွန်သော မူဝါဒကို အကောင်အထည်ဖော်နိုင်စွမ်းရှိကြပါ၏လော။ ၂ နှစ်ကာလကြာသည့်တိုင် ဥပဒေတစ်ခုမျှ မရေးဆွဲ၊ မပြုစု၊ အတည်မပြုနိုင်သော လွှတ်တော်များလည်း ရှိနေသလော။ စွမ်းဆောင်ရည်မည်မျှပြည့်ဝကြသနည်း။

**လုပ်ထုံးလုပ်နည်းဆောင်ရွက်စဉ်ရှိရပါမည်။**

နည်းပညာခေတ်မီသော နိုင်ငံများတွင် စက်ရုပ်လူသားများက ချမှတ်ပေးထားသော ဆောက်ရွက်စဉ် Procedure အတိုင်း တစ်ခုတစ်လေမှ မမှားယွင်းစေရဘဲ အရည်အသွေးမြင့်ထုတ်ကုန်များကို ထုတ်လုပ်ပေးနိုင်နေပြီ။ တိကျသည့်ဆောင်ရွက်စဉ် ရေးပေးထားနိုင်ရမည်။

ဆန္ဒပြခြင်းမရှိ။ သပိတ်မှောက်ခြင်းမရှိ။ လူကခိုင်းစေသမျှ စက်ရုပ်များက တိတိကျကျ လိုက်နာပြီး ကုန်ထုတ်လုပ်မှုအဆများစွာ ထုတ်လုပ်ပေးနေပြီ။ မိမိတို့တိုင်းပြည်တွင် ဂျာအေးသူ့အမေရိက်ကာ လုံးချာလည်လိုက်နေဆဲပင်။ ဆောင်ရွက်စဉ်ကိုမျှ ဂဃနဏ တိတိကျကျ နားမလည်သောခေါင်းဆောင် အချို့ကြောင့် ခရီးမတွင်နိုင်ဘဲ နှေးကွေးလေးလံနေရ၏။

ခေါင်းဆောင်မှုပညာ အရေးကြီးလှပါသည်။

၄။

လူတိုင်းမှာ မိမိကိုယ်ကိုမသိမမြင်သော စွမ်းအားပုန်းတွေ အံ့သြလောက်အောင် ကြီးမားများပြောင်စွာ ရှိနေကြပါသည်။ စွမ်းအားသည် မိမိပြင်ပတွင် မရှိပါ။ မိမိတို့၏ နှလုံးသားနှင့် ဦးနှောက်ထဲ၌ (ထုတ်မသုံးဘဲ လျစ်လျူရှုထားခံရသဖြင့် အိပ်ပျော် နေကြ၏) အမှန်တကယ်ရှိနေကြ၏။ သိအောင်ရှာရပေမည်။

မိမိ၏ဖြစ်ထွန်းနိုင်စွမ်း ၁၀၀ ရာခိုင်နှုန်းကို ဖော်ထုတ်အသုံးမချဘဲ ပျင်းတိပျင်းတွဲဖြင့် ဘာမသိ ညာမသိ ၄% နှင့် ၅% သာ အသုံးပြုပြီး လူ့ဘဝတစ်ခုလုံး ဆင်းဆင်းရဲရဲ ဖြတ်သန်းကုန်ဆုံးသွားတတ်ကြပါသည်။ အထက်ပါအချက်များကို သိအောင်လေ့လာ လက်တွေ့ကျင့်သုံးလိုက်ပါက ဘဝအဆင့်အတန်းမြင့်မားကြမည်ကား မြေကြီးလက်ခတ် မလွဲပေတည်း။

■ **ချစ်နိုင် (စိတ်ပညာ)**

**ပြည်ကြီးပဏ္ဏိုင် ခန့်ခိုင်စေသား အခွန်မရှောင်ဆောင်ကြစို့လား။**




# မြန်မာ့စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် လိုအပ်သောငွေရေးကြေးရေးစနစ်

ဒေါ်ယဉ်ယဉ်မြ


စီးပွားရေးတိုးတက်မှုအမြန်ဆုံးနိုင်ငံတစ်နိုင်ငံဟု ညွှန်းဆိုသော မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ် စာရင်းအရ အာဆီယံ ၁၀ နိုင်ငံ ဂျီဒီပီတွင် နံပါတ် ၇ ၌ ရှိကာ မြန်မာနိုင်ငံ၏ ဂျီဒီပီသည် ဗီယက်နမ်နိုင်ငံ ဂျီဒီပီပမာဏအောက် များစွာလျော့နည်းပါသည်။ ပုံ( ၁)။

**ပုံ (၁)။ အာဆီယံနိုင်ငံများ၏ ဂျီဒီပီပမာဏ အခြေအနေ**




၁၉၉၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ် နိုင်ငံတို့ ပို့ကုန်တန်ဖိုး တန်းတူရှိခဲ့ရာမှ ၁၉၉၅ ခုနှစ် နောက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံပို့ကုန်သည် မြန်မာနိုင်ငံထက် များစွာသာလွန်မြင့်မားလာခဲ့ပါသည်။ ပုံ (၂) ။ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများနှင့် ရင်ဘောင်တန်းနိုင်ရေးအတွက် များစွာကြိုးပမ်းရန် လိုအပ်လျက်ရှိပေသည်။

**ပုံ (၂)။ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ပို့ကုန်တန်ဖိုးအခြေအနေ (၁၉၉၀-၂၀၁၀)**





အာဆီယံ ၁၀ နိုင်ငံ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအဆင့်များကို ကြည့်လျှင် မြန်မာနိုင်ငံသည် လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့်အတူ ဖွံ့ဖြိုးမှုအနိမ့်ဆုံးဖြစ်သည့် ဖွံ့ဖြိုးမှု အဆင့် (၁) နိုင်ငံများ (Factors Driven Economies)စာရင်း၌ရှိပြီး၊ စင်္ကာပူနိုင်ငံသည် ဖွံ့ဖြိုးမှုအဆင့်အမြင့်ဆုံး အဆင့် (၃) နိုင်ငံများ (Innovation Driven Economies)တွင် ပါဝင်ပါသည်။ မလေးရှားနိုင်ငံသည် ဖွံ့ဖြိုးမှုအဆင့် (၂) မှ အဆင့် (၃) သို့ ကူးပြောင်းနေဆဲ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ဖွံ့ဖြိုးမှုအဆင့် (၂) (Efficiency Driven Econimies)၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ဖွံ့ဖြိုးမှုအဆင့် (၁)မှ အဆင့် (၂) သို့ ကူးပြောင်းနေဆဲဖြစ်ကြပါသည်။

စင်္ကာပူနိုင်ငံသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ဦးစားပေးမြှင့်တင်ခဲ့ပြီး အဂတိကင်းအစိုးရ၊ ကျွမ်းကျင်မှုမြင့် လူ့စွမ်းအား၊ အရည်အသွေးမြင့် အခြေခံ စီးပွားရေးအဆောက်အအုံတို့ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခဲ့ရာ ယခုအခါ ၎င်း၏ အခြေခံကဏ္ဍတွင် အမေရိကန်၊ ဥရောပနှင့် ဂျပန်နိုင်ငံတို့မှ Multi-National Corporations ၃၀၀၀ ရှိပြီး၊ အမေရိကန်နိုင်ငံ၏ ၁၅ ခုမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်လာသည့်အပြင် ၎င်း၏ တစ်ဦးချင်းကျဝင်ငွေမှာ ၁၉၆၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၀၀ ရှိခဲ့ရာမှ ယခုအခါ အမေရိကန်ဒေါ်လာ ၅၃၈၈၀ အထိ မြင့်မားခဲ့ပါသည်။ စင်စစ်အားဖြင့် အခြားဖွံ့ဖြိုးသောနိုင်ငံများနည်းတူပင် စင်္ကာပူနိုင်ငံစီးပွားရေး၏ အဓိကမောင်းနှင်အားကို ၎င်း၏ငွေရေး ကြေးရေးကဏ္ဍက ပံ့ပိုးပေးပါသည်။ ဥပမာ- ကုန်သွယ်မှု၊ စက်မှု၊ သင်္ဘောတည်ဆောက်မှု၊ ရေနံချက်လုပ်ငန်း (Manufacturing, Shipping Oil Refinery) တို့အား ဘဏ်များက ငွေအရင်းအနှီး၊ ငွေရေးကြေးရေးဝန်ဆောင်မှု၊ အာမခံလုပ်ငန်းဝန်ဆောင်မှု တို့ပံ့ပိုးပေးခဲ့ပြီး၊ ၁၉၈၀ ပြည့်လွန်နှစ်များ၌ အရင်းအနှီးစီမံခန့်ခွဲခြင်း၊ Financial Innovation နည်းလမ်းများနှင့် Fintech ကဲ့သို့သော နည်းပညာတို့ဖြင့် ပံ့ပိုးခဲ့ပါသည်။ ယင်းသို့ ပံ့ပိုးနိုင်စေ ရန်အတွက် ငွေရေးကြေးရေးဈေးကွက် ဖွံ့ဖြိုးစေရေးကိုလည်း ရေရှည်စီမံကိန်းချဆောင်ရွက်ခဲ့ပေသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် ငွေရေးကြေးရေးဈေးကွက် ဖွံ့ဖြိုးမှုသည် အရေးပါလှပါသည်။

အာရှတွင် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်္ကာပူနိုင်ငံစသည့် အဓိက ဦးဆောင်သည့်နိုင်ငံများတို့တွင် အစိုးရများက နိုင်ငံစီးပွားရေးကို ဦးဆောင်ကြပါသည်။ ၎င်းတို့သည် Rule of Law နှင့် Good Governance ကို အလေးထားကာ စီးပွားရေးနှင့် ငွေရေးကြေးရေးကဏ္ဍတို့ကို အထူးဦးစားပေး မြှင့်တင်ကြပါသည်။ အာရှထိပ်သီးနိုင်ငံအများစုသည် ပို့ကုန်ဦးစားပေးစီးပွားရေးမူဝါဒရေးရာ ၎င်းတို့သည်ငွေကြေးမူဝါဒ၌အနောက်နိုင်ငံများတွင် ပေါ်ထွန်းလာသော ဗဟိုဘဏ်လွတ်လပ်မှုအယူအဆကို အာရှထိပ်သီးနိုင်ငံများလိုက်ပါခြင်းမရှိကြပေ။ တရုတ်နိုင်ငံတွင် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများကို ပိုမိုအားကောင်းစေရန် ပြုပြင်ပြောင်းလဲမှုများဖြင့် တည်ဆောက်ခဲ့ပါသည်။ စင်္ကာပူနိုင်ငံတွင် ယခုထိတိုင် အစိုးရနှင့်ဆက်စပ်သော ကော်ပိုရေးရှင်းများက စီးပွားရေးကို ဦးဆောင်လျက်ရှိပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးတိုးတက်မှုအတွက် လိုအပ်သည့် ငွေအရင်းအနှီး၊ နည်းပညာ၊




အခြေခံစီးပွားရေးအဆောက်အအုံနှင့် ကျွမ်းကျင်မှုတို့ အားနည်းသည်ဖြစ်ရာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ထိုလိုအပ်ချက်များအတွက် အဆောက်အအုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ဈေးကွက်စီးပွားရေး ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ နည်းနိသသယများ၊ လုပ်ထုံးလုပ်နည်းများနှင့် စံနှုန်းများကို သင့်လျော်မှန်ကန်စွာချမှတ်ရန် လိုအပ်နေပြီး၊ နိုင်ငံစီးပွားရေးကို အဓိကမောင်းနှင်ပေးသည့် ငွေရေးကြေးရေးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း နိုင်ငံစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် အလေးထားဆောင်ရွက်ရမည့်အရာဖြစ်ပါသည်။ သို့ဖြစ်ရာ ဈေးကွက်စနစ်နှင့် လိုက်လျောညီသော ငွေရေးကြေးရေး ဈေးကွက်ကို မည်သို့စနစ်တကျဖော်ဆောင်ရမည်ကိုလည်း စဉ်းစားသင့်အပ်ပေသည်။

အထက်ပုံပါကားချပ်သည် ယူကေနိုင်ငံ ငွေရေးကြေးရေးဈေးကွက် ဖွဲ့စည်းလုပ်ဆောင်ပုံကို ညွှန်ပြပါသည်။ ပုံကားချပ်အထက် ဝဲဘက်နှင့် ယာဘက်တို့တွင် ငွေရေးကြေးရေးဈေးကွက်၌ အရေးပါသော ငွေကြေးဈေးကွက်နှင့် နိုင်ငံခြားငွေဈေးကွက်တို့ကို တွေ့နိုင်ပါသည်။ ငွေကြေးဈေးကွက်တွင် လူတစ်ဦးချင်း၊ ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများ၊ ကော်ပိုရေးရှင်းများနှင့် အစိုးရ စသည်တို့အား ကာလတိုချေးငွေ (Short-term credit) ပံ့ပိုးခြင်း၊ ကာလတိုငွေကြေးဈေးကွက် အရင်းအနှီး အာမခံစာချုပ်များ (Short-term Money Marktet Securities) ရောင်းဝယ်ခြင်း၊ လျှော့လဲခြင်းနှင့် ငွေကြေးများ (Currencies) ရောင်းဝယ်ခြင်းတို့ကို အဓိကဆောင်ရွက်ပါသည်။

ငွေကြေးဈေးကွက်တွင် ပြည်တွင်း၊ ပြည်ပမှ ကူးသန်းရောင်းဝယ်ရေးဘဏ်များ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ လက်ခံကုမ္ပဏီများ၊ လျှော့လဲကုမ္ပဏီများ၊ ကော်ပိုရေးရှင်းများ၊ ပင်စင်ရန်ပုံငွေလုပ်ငန်းများ၊ အာမခံကုမ္ပဏီများ၊ ထရပ်စ်လုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံသူများ၊ ဗဟိုဘဏ်၊ မြူနီစပါယ်နှင့် အစိုးရ စသည်တို့ ပါဝင်ဆောင်ရွက်ကြပါသည်။ ငွေကြေးဈေးကွက်သည် ငွေရေးကြေးရေးစနစ်တွင် ကာလတိုဘဏ္ဍာငွေ ဖြည့်ဆည်းပေးခြင်း (Short-term Financing)၊ အစိုးရ၊ စီးပွားရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဈေးကွက်တို့ ငွေဖြစ်လွယ်စေရန် အထောက်အကူပြုခြင်း (Facilitating liquidity)၊ ချေးငွေနှင့် ငွေကြေးဈေးနှုန်းများ၊ လျှော့လဲနှုန်းများ ပြဋ္ဌာန်းပေးခြင်း (Deterination of interest rates, exchange rates, and discount

rates)၊ စျေးကွက်သတင်းအချက်အလက်များ ရရှိစေခြင်း၊ ဗဟိုဘဏ်မူဝါဒဖော်ဆောင်မှုကို အထောက်အကူပြုခြင်းတို့ဖြင့် စီးပွားရေးကို များစွာ အထောက်အကူပြုပါသည်။

ငွေကြေးဈေးကွက်၌ ဝင်ငွေဖန်တီးမှု၊ ငွေဖြစ်လွယ်မှု တို့ကြောင့် စီးပွားရေးလုပ်ဆောင်မှုများ လွယ်ကူချောမွေ့ပြီး၊ ပိုလျှံဝင်ငွေများ၊ အမြတ်ငွေများတို့ကို ငွေကြေးဈေးကွက်၌ ဆုံးရှုံးနိုင်ချေ (Risks)နည်းပါးစွာ ဖန်တီးရရှိစေနိုင်ပါသည်။ ထိုသို့ ဖန်တီးရရှိသော ငွေအရင်းအမြစ်များသည် အရင်းအနှီးဈေးကွက်တွင် ရင်းနှီးမြှုပ်နှံရန် ရန်ပုံငွေများကို တိုးပွားရရှိစေပါသည်။ ငွေကြေးဈေးကွက်၌ စိတ်အချရဆုံးနှင့် စေ့ရောက်သက်တမ်း အတိုဆုံး Money Market Securities အပေါ် အတိုးနှုန်းကို အရင်းအနှီးဈေးကွက်က Benchmark Rate အဖြစ် အသုံးပြုသည်ဖြစ်၍ငွေကြေးဈေးကွက်သည် အရင်းအနှီးဈေးကွက်ရောင်းဝယ်မှုများအတွက် ရည်ညွှန်းဈေးနှုန်းကို ပြဋ္ဌာန်းပေးသကဲ့သို့ ရှိပါသည်။

မြန်မာနိုင်ငံတွင် ငွေရေးကြေးရေးစနစ် ခေတ်မီဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် Information Technology, Infrastructure Development တို့ကို ပို၍ ဦးစားပေးကြသည်ကို တွေ့ရပါသည်။ ယင်းတို့ကို ဆောင်ရွက်သည်နှင့် တစ်ပြိုင်တည်းတွင် အထက်၌ ဖော်ပြခဲ့သည့် ဈေးကွက်စီးပွားရေးစနစ် တစ်ရပ်အတွက် ရှိအပ်သော ငွေရေးကြေးရေးဈေးကွက် မြန်မာနိုင်ငံတွင် ဖြစ်ထွန်းလာရေးကို ကြိုးပမ်းသင့်ပေသည်။ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးဈေးကွက်၌ အခြေခံကျသော ငွေကြေးဈေးကွက်သည် အရှေ့တောင်အာရှတွင်ပင် ဖွံ့ဖြိုးမှုအနိမ့်ဆုံးဈေးကွက်တစ်ခုဖြစ်ပါသည်။

Roland Berger Report, Septermber 2016 အရ အရှေ့တောင်အာရှ၌ နိုင်ငံ၏စုစုပေါင်း လူဦးရေတွင် ဘဏ်အပ်ငွေစာရင်းရှိသူ ဦးရေအချိုးအစားမှာ ကမ္ဘောဒီးယားနိုင်ငံတွင် ၂၂%၊ မြန်မာနိုင်ငံတွင် ၂၃%၊ ဗီယက်နမ်နိုင်ငံတွင် ၃၁%၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့တွင် ၃၆%၊ ၇၈% နှင့် ၈၁% အသီးသီးရှိပါသည်။ ထို့ပြင် ဘဏ်လုပ်ငန်းစနစ်ရှိ ရရန်ပိုင်ခွင့်တန်ဖိုးနှင့် ဂျီဒီပီအချိုးမှာ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့တွင် ၅၇%၊ ၉၆%၊ ၁၂၈%၊ ၁၇၅% နှင့် ၂၀၄% အသီးသီးရှိကြပြီး၊ မြန်မာနိုင်ငံတွင် ၄၉% သာရှိပါသည်။ မြန်မာနိုင်ငံစုစုပေါင်းလူဦးရေ၏ ၇၇% မှာ ဘဏ်ဝန်ဆောင်မှု မရှိကြပါ။ သို့ဖြစ်ရာ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၌ နိုင်ငံစီးပွားရေးအတွက် လိုအပ်သော ငွေအရင်းအမြစ် စုစည်း၊ အသုံးပြုနိုင်စွမ်း အနိမ့်ဆုံးဖြစ်ပါသည်။ ငွေအရင်းအမြစ် စုစည်း၊ အသုံးပြုနိုင်စွမ်း ထိရောက်စွာမြင့်မားလာမှသာ နိုင်ငံစီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ထိရောက်စွာ မြင့်မားလာမည်မှာ ငြင်းဘွယ်ရာမရှိပါ။ ယင်းသို့မြင့်မားလာစေရေးအတွက် ဦးစွာလုပ်ဆောင်ရမည်မှာ မြန်မာနိုင်ငံ ငွေကြေးဈေးကွက်တွင် ပျောက်ကွယ်သလောက် မှေးမှိန်နေသော လွှဲပြောင်းဈေးကွက် ထွန်းကားလာရေးပင်ဖြစ်ပါသည်။

လွှဲပြောင်းဈေးကွက် စနစ်တကျထွန်းကားစေရန်၊ Commercial Papers, Certificate of Deposits, Repos, Forwards, Discount Houses, Acceptance Houses စသည့် ငွေကြေးဈေးကွက်လက်နက်များနှင့် နိုင်ငံခြားငွေဈေးကွက်လက်နက်များ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းစနစ်များ ရင်သန့်လာအောင် ဆောင်ရွက်ပေးရန် အထူးလိုအပ်ပါသည်။ ငွေကြေးဈေးကွက်နှင့် နိုင်ငံခြားငွေဈေးကွက်တို့ ရင်သန်လာမှသာ နိုင်ငံစီးပွားရေးအတွက် ငွေအရင်းအမြစ် စုစည်း၊ ခွဲဝေအသုံးချမှုနှင့် အတိုးနှုန်းမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒတို့အပါအဝင် မေခရိုစီးပွားရေးမူဝါဒ ပိုမိုထိရောက်လာနိုင်ပြီး ငွေကြေးဈေးကွက်သာမက အရင်းအနှီးဈေးကွက်ပါ တည်ငြိမ်၊ ရင်သန်၊ တိုးတက်လာမည်ဖြစ်ပါသည်။

ထိုသို့ ငွေကြေးဈေးကွက်နှင့် အရင်းအနှီးဈေးကွက်တို့ ဖွံ့ဖြိုးလာစေရန် လက်ရှိပြဋ္ဌာန်းထားသော မြန်မာ

နိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းတို့အတွက် သီးခြားဥပဒေများ၊ မိုက်ခရိုချေးငွေဆိုင်ရာ ဥပဒေနှင့် ဆက်စပ်ဥပဒေ၊ စည်းမျဉ်းများတို့တွင် အားနည်းချက်များစွာရှိနေရာ ယင်းတို့ကို ပြင်ဆင်၊ ပြဋ္ဌာန်းပေးရန်မှာလည်း အရေးကြီးသော လိုအပ်ချက်ဖြစ်ပါသည်။ ၂၀၁၀/၂၀၁၁-၂၀၁၅/၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်သက်တမ်းပြီးခါနီးတွင် ပြည်ထောင်စုလွှတ်တော်၌ ယင်းဥပဒေများကို အချိန်ကန့်သတ်ချက်အရ ယင်းတို့၏ အားနည်းချက်များကို နောင်အခါ ပြင်ဆင်သွားရန်ဖြစ်ကြောင်း မှတ်ချက်ဖြင့် ပြဋ္ဌာန်းခဲ့ကာ ယခုမထိ မှန်ကန်သင့်လျော်မှုရှိစေရန် ပြင်ဆင်ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးပေ။

အထက်ပါ ပုံကားချပ် အောက်ဖက်ခြမ်းသည် သက်တမ်း ၁ နှစ်အထက် နှစ်လတ်နှင့် နှစ်ရှည်ငွေရေးကြေးရေး ရင်းနှီးမြှုပ်နှံမှုပြုလုပ်သော အရင်းအနှီးဈေးကွက် (Capital Market) ကို ညွှန်ပြပါသည်။ အရင်းအနှီးဈေးကွက်တွင် စတော့ရှယ်ယာများ၊ ဘွန်းများ၊ Futures, Options စသည့် Capital Martket Securities ထုတ်ဝေခြင်း၊ ရောင်းဝယ်ခြင်း၊ ဖလှယ်သုံးစွဲခြင်း စသည်တို့ကို ဆောင်ရွက်ပါသည်။ ဤဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုဘဏ်များ၊ ပင်စင်ရန်ပုံငွေလုပ်ငန်းများ၊ ထရပ်စ်ရန်ပုံငွေလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးဘဏ်များ၊ ကုန်သည်ဘဏ်များစသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများက ပါဝင်ဆောင်ရွက်ပါသည်။ ၎င်းတို့သည် ပထမအကြိမ် ထုတ်ဝေရောင်းချသော Capital Market Securities ကို အများပြည်သူသို့ Primary Market ၌လည်းကောင်း၊ ယင်းတို့ကို ထပ်ဆင့်ရောင်းဝယ်ရာတွင် Secondary Market ၌လည်းကောင်း၊ Stock Exchange တွင် စာရင်းတင်၍လည်းကောင်း၊ Stock Exchange ပြင်ပ၌ Over-the-Counter (OTC) ရောင်းဝယ်ခြင်းအဖြစ်လည်းကောင်း ဆောင်ရွက်နိုင်ပါသည်။ Stock Exchange များကို ဥပဒေနှင့်အညီ ဖြောင့်မတ်ပြီး၊ တရားမျှတစွာနှင့် ပွင့်လင်းမြင်သာစွာ လုပ်ငန်းဆောင်ရွက်ရန် Securities Exchange Commission က Regulator အဖြစ် ဥပဒေနှင့်အညီ ကြီးကြပ်ထိန်းကျောင်းပါသည်။ အရင်းအနှီးဈေးကွက်မှ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် လက်လီ ငွေရေးကြေးရေးဝန်ဆောင်မှု ဆောင်ရွက်ခြင်းမပြုပါ။ ကော်ပိုရေးရှင်းများ၊ ဘဏ်ကြီးများ စသည်တို့အတွက် အရင်းအနှီးစီမံခန့်ခွဲခြင်း၊ လုပ်ငန်းများပေါင်းစည်းခြင်း၊ ရယူခြင်းတို့အတွက် တာဝန်ခံဆောင်ရွက်ခြင်း၊ အခြားအရင်းအနှီးဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းတို့ကို လုပ်ဆောင်ပါသည်။ အရင်းအနှီးဈေးကွက်လုပ်ငန်းများသည် ငွေကြေးဈေးကွက်ထက် စွန့်စားရမှု ပိုမိုမြင့်မားလေ့ရှိပါသည်။

ငွေကြေးဈေးကွက်၊ နိုင်ငံခြားငွေဈေးကွက်နှင့် အရင်းအနှီးဈေးကွက်တို့ပါဝင်သော ငွေရေးကြေးရေးဈေးကွက်သည် နိုင်ငံစီးပွားရေးတိုးတက်မှု၊ ကျဆင်းမှု၊ အစိုးရမူဝါဒများ၊ မိုက်ခရိုစီးပွားရေးအဆင့် လုပ်ငန်းအုပ်စုအခြေအနေများ၊ ပြည်တွင်း၊ ပြည်ပ မေခရိုစီးပွားရေးအခြေအနေများ၊ ဘဏ်အတိုးနှုန်းများ၊ အခြားငွေရေးကြေးရေး ရရန်ပိုင်ခွင့်များ၏ တန်ဖိုးအတက်အကျများ၊ ဈေးကွက်၏ မျှော်မှန်းချက်များ စသည်တို့နှင့် အပြန်အလှန်ဆက်နွယ်မှု၊ လွှမ်းမိုးမှု ရှိပါသည်။

မြန်မာနိုင်ငံတွင် ငွေရေးကြေးရေးဈေးကွက် ဖွံ့ဖြိုးလာစေရန် ကနဦးအနေဖြင့် ငွေကြေးဈေးကွက် ဖွံ့ဖြိုးရေး၊ အခြေခံစီးပွားရေးအဆောက်အအုံနှင့် လူ့စွမ်းအားတည်ဆောက်ရေး၊ မေခရိုစီးပွားရေး အခြေခံများ တည်ငြိမ်ကောင်းမွန်ရေး၊ ဈေးကွက်ယုံကြည်မှု ကောင်းမွန်ရေးတို့ကို ဦးစွာ ကြိုးပမ်းသင့်လပြီး၊ အချိန်ယူဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ငွေရေးကြေးရေးဈေးကွက် ဖွံ့ဖြိုးလာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာမည်ဟု ယုံကြည်မိပါသည်။

■ ဒေါ်ယဉ်ယဉ်မြ
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)



# ပီတိအားဖြင့် ပျောက်ပျက်ခဲ့ရသော ခွေးစက်များ

မိုင်းဖြတ်ရူပါ

ဝန်ထမ်းဘဝ၊ တိတိပပဆိုရသော ဘဏ်ဝန်ထမ်းဘဝ၊ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့ရသော ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့လေးမှာ တွေ့ကြုံခဲ့ရတဲ့အမှတ်တရ ပီတိဖြစ်ဖွယ်အကြောင်းအရာလေးတွေ ဖြစ်ပါတယ်။

နမ့်စန်မြို့လေးရဲ့ အနေအထားအရ စစ်ဌာနချုပ်၊ တပ်ရင်း/တပ်ဖွဲ့များ ပေါင်းစုံရှိတဲ့ မြို့လေးဖြစ်ပါတယ်။ ထို့ကြောင့် ကာကွယ်ရေးပင်စင်စားဦးရေ များပြားလှသည်။ ခေတ်မီတိုးတက်လာသည့် နည်းပညာများအရ အငြိမ်းစားများသက်သာအဆင်ပြေစေရန် ရည်သန်လျက် ကျွန်တော်တို့ မြန်မာ့စီးပွားရေးဘဏ်၏ စေတနာဖြစ်သော E-Pension ကတ်များဖြင့် ပင်စင်လစာထုတ်ပေးခြင်းသည် ယနေ့မျက်မှောက်ခေတ်ကာလတွင် ပင်စင်စားများအတွက် များစွာလွယ်ကူသက်သာအဆင်ပြေလှပါသည်။

နမ့်စန်ဘဏ်ရုံး အဆောက်အဦအသစ် ဆောက်လုပ်ခွင့်ကျချိန်တွင် ယာယီနေရာဖြစ်သော မြန်/ဆက်ဦးစီးဌာနရုံးသို့ ပြောင်းရွှေ့ခွင့်ရခဲ့ပါသည်။ ပြောင်းရွှေ့မိန့်ကျသည့်အပတ် စနေနေ့တွင် အားချင်းပြောင်းရွှေ့မှုကို အပြီးဆောင်ရွက်ရသည်။ မြန်/ဆက်ရုံးအနေအထားက နှစ်ထပ်အဆောက်အဦ၊ ဘဏ်နေရာအတွက်က အပေါ်ထပ်ရသည်။ လူပေါင်းစုံသောမြို့မို့ သတင်းကစုံသည်။ မြန်သည်။ တနင်္ဂနွေနေ့တွင် နိုင်ငံပိုင်သတင်းစာတစ်စောင်တွင် ပင်စင်လာရောက်ထုတ်ယူရန်အတွက် ဖိနပ်ချွတ်ရပါက မဖြစ်နိုင်ကြောင်း၊ အပေါ်ထပ်သို့တက်ရောက်ရပါကလည်း အဆင်မပြေနိုင်ကြောင်း” စသည်ဖြင့် ပါရှိလာသည်။

တိုက်တိုက်ဆိုင်ဆိုင် ထိုလ၏ (၂၁) ရက်နေ့၊ (နောက်တစ်နေ့ဖြစ်သော) တနင်္လာနေ့က ပင်စင်လစာထုတ်ပေးရမည့် ပထမဆုံးနေ့ဖြစ်နေသည်။ ကျွန်တော်တို့မှာ စနေနေ့က အမောမှာ မပြေနိုင်သေး၊ တနင်္ဂနွေနေ့တွင် မြန်/ဆက်ရုံးနှင့်ညှိနှိုင်းမေတ္တာရပ်ခံပြီး အောက်ထပ်ရှိ အခန်းတစ်ခန်းကို တောင်းယူရတော့သည်။ အခန်းရတော့ အပေါ်ထပ်ရှိ E-Pension စက်များကို အောက်ထပ်သို့ ချက်ချင်းပြန်လည်ပြောင်းရွှေ့တပ်ဆင်ရသည်။ မီးကြိုးများ၊ မီးခုံများ၊ ယာယီကောင်တာများ၊ စားပွဲများပါအဆင်ပြေစေရန် ပြင်ဆင်ရတော့သည်။ ပရိဘောဂနှင့် စာရွက်စာတမ်းများ ပြောင်းရွှေ့ခဲ့သော ကျွန်တော်တို့၏ ချွေးများ မတိတ်သေးပါ။ ပင်စင်စားများ၏ ဆန္ဒအကျိုးကို ရှေ့ရှုကာ တပ်မတော်မှ ကွန်ပျူတာကျွမ်းကျင်ဆရာကြီးတစ်ဦး၏ အကူအညီဖြင့် တနင်္ဂနွေနေ့အပြီး E-Pension စက်များ တပ်ဆင်ခဲ့ရပါသည်။ မှတ်မှတ်ရရ ည (၁၁:၀၀) နာရီမှ ပြီးစီးခဲ့ပါသည်။ ပင်ပန်းရပါသည်။ သို့သော် သက်ကြီးဘိုးဘွားမိဘ ပင်စင်စားများအတွက်မို့ ပီတိဖြစ်ရပါသည်။ ကြည်နူးရပါသည်။ ကျခဲ့သော ချွေးများ လွင့်ပျောက်ခဲ့ရသည်။ (၂၁) ရက်နေ့ နံနက် (၀၈:၀၀) နာရီတွင် ကျွန်တော်အပါအဝင် ဝန်ထမ်းများအားလုံး ပီတိအပြုံး

ကိုယ်စီဖြင့် ယာယီရုံးသစ်တွင် အဆင်သင့်ဖြစ်နေကြပါပြီ။ မနေ့ကထွက်ခဲ့သော ချွေးများမှာလည်း ပီတိအားများဖြင့် ခမ်းခြောက်ပျောက်ပြယ်ကုန်ပါပြီ။ ပင်စင်စားများအတွက် ပီတိအားဖြင့် ကျွန်တော်တို့အားလုံး တက်ကြွလန်းဆန်းနေကြပါပြီ။ ထိုနေ့ကား ပင်စင်စားများလည်း ကျေနပ်သက်သာအဆင်ပြေစွာဖြင့် မိမိတို့၏ ပင်စင်လစာများကို ပြုံးပန်းတဝေဝေဖြင့် ထုတ်ယူနိုင်ခဲ့ကြပြီမဟုတ်ပါလား။

ထိုလမှစ၍ မန်နေဂျာ၏ တာဝန်ပေးချက်အရ (ပြန်/ဆက်ရုံးအောက်ထပ်) E-Pension ဌာနတွင် ကျွန်တော်တာဝန်ထမ်းယူခဲ့ပါသည်။ တစ်လတစ်လ ပင်စင်စာပမာဏများပြား၍ ပင်ပန်းပေမယ့် လွယ်ကူမှုကြောင့် ကျေနပ်သွားသော ပင်စင်စားများ၏ မျက်နှာ၊ မြန်ဆန်မှုအတွက် အားရပေါ့ပါးစွာ ပြန်လည်ထွက်ခွာသွားသော ပင်စင်စားများ၏ နောက်ကျောပြင်များဟာ ကျွန်တော့်အတွက် ချွေးတိတ်စေသော ခွန်အားများသာ ဖြစ်ပါတယ်။

တစ်လမှာ နှစ်လွှန်ပင်စင်လစာပြန်လည် ခံစားရမည့် နာမကျန်းဖြစ်နေသော ပင်စင်စား အဖွားတစ်ဦးကို မန်နေဂျာနှုတ်မိန့်တာဝန်ပေးချက်အရ လူတွေ့သွားရောက်စစ်ဆေးခဲ့ရပါသည်။ ပင်စင်စားဆီရောက်တော့ သိလိုက်ရသည့် ဝေဒနာက ကင်ဆာရောဂါ၊ ရုံးကလာစစ်မှာမို့ လူမမာနှင့်မတူ၊ သန့်ပြန့်သန့်ရှင်းစွာ စောင့်ကြိုနေရှာသည်။ မူလရေးထိုးသည့် လက်မှတ်က မတူတော့သည်မို့ လက်ဗွေကိုသာ ရယူခဲ့ရသည်။ ကင်ဆာရောဂါဆိုတော့ ကျွန်တော့်မှာ စိတ်ထဲမကောင်း၊ ဒါပေမယ့် မျက်နှာကို အပြုံးပန်းဆင်ကာ အားဖြစ်စေမယ့် စကားတွေပြောဖြစ်ခဲ့တာကို အမှတ်ရမိသည်။" အဖွား ဒါပြီးရင် အခုပင်စင်လစာ ပိုက်ဆံရပြီ၊ နောက်လကျရင် E-Pension ကတ်နဲ့ အဖွားကိုယ်တိုင် လာထုတ်ရမှာ၊ နေကောင်းအောင်နေ၊ အားရှိတာတွေဝယ်စား" စသဖြင့် ကျွန်တော် အားပေးစကားများ ပြောကြားခဲ့သော်လည်း စိတ်ထဲတွင်တော့ ဝမ်းနည်းမှုများ ပြည့်နှက်နေခဲ့သည်။ ဝေဒနာကြောင့် ပြန်မပြောနိုင်ရှာပေမယ့် အဖွားရဲ့မေတ္တာရောင်ပြန်တဲ့ မျက်နှာ၊ ဝမ်းမြောက်ကြည်နူးမှုကြောင့် စီးကျလာတဲ့ မျက်ရည်တွေမြင်ရတော့ ကျွန်တော်မှာ ဝမ်းသာဝမ်းနည်းခံစားရပါသည်။ ရင်ထဲကဖြစ်ပေါ်လာတဲ့ ဝမ်းသာမှုကိုသာ ကျွန်တော်အင်အားအဖြစ် ပြောင်းလဲရယူခဲ့ပါသည်။ အပြန်လမ်းတွင်တော့ ကျွန်တော့် မျက်နှာမှာ ပီတိအပြုံးပန်းတွေ ဝေဆာနေခဲ့ပါသည်။ အဘွားကျန်းမာပါစေဟုလည်း အကြိမ်ကြိမ်ဆုတောင်းပေးနေမိတော့သည်။

သို့သော် ကျွန်တော့် ဆန္ဒဆုတောင်းမပြည့်ဝခဲ့ပါ။ နောက်လ သတ်မှတ်ပင်စင်စာထုတ်ရက်မရောက်မီ ထိုအဘွားဆုံးပါးသွားသည့် သတင်းကြားခဲ့ရသည်။ ကျွန်တော်များစွာ စိတ်မကောင်းဖြစ်ရပါသည်။ ဒါပေမယ့် အဘွား သူ၏ နှစ်လွှန်ပင်စင်လေးခံစားခွင့်ရသွားရှာသည်။ အလှူအတန်းလုပ်ခွင့်ရသွားရှာသည်ဟု ကျွန်တော်ဖြေသိမ့်ရတော့သည်။

စိတ်မတည်ငြိမ်ပြောင်းလဲလွယ်သော၊ အကြားနှင့်အမြင်အာရုံ ချို့ယွင်းနေရသော ကျောထောက်နောက်ခံမရှိကြသော၊ ရော၏ ဖိစီးမှုကို ခံစားနေရရှာသော တရားရှာဖွယ် ပင်စင်စားများကြားတွင် သူတို့တစ်တွေ၏ ချွေးနည်းစာအမှတ်တရပင်စင်လစာများကို အဆင်ပြေ မြန်ဆန်သက်သာစွာဖြင့် ထုတ်ယူနိုင်ရန်ဆောင်ရွက်ပေး၍ ပင်ပန်းရသော ချွေးစက်များမှာလည်း ရရှိသော ပီတိအားဖြင့် ပျောက်ပျက်ကင်းစင်ခဲ့ရသည်သာ ဖြစ်ခဲ့ရပါတော့သည် မဟုတ်ပါလား။

ကျွန်တော်တို့သည်လည်း ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဟူသည့်အတိုင်း ဇရာကို တစ်နေ့မလွဲ ကြုံတွေ့ကြရဦးမည့် အသိတရားလေးများ နှလုံးသွင်းကာ အားလုံးသော ပင်စင်စားအပေါင်းကို နွေးထွေးစေတနာ အလေးပေးဂရုဏာများဖြင့် မေတ္တာပေးဆက်ဆံကာ ပီတိအားဖြင့် ချွေးများတိတ်စေချင်ပါသည်...။

■ နိုင်းဖြတ်စွမ်



# အကောက်ခွန်လုပ်ငန်းများ ပြုပြင်ပြောင်းလဲမှုနှင့် ခေတ်မီစေရေး ဆောင်ရွက်ချက်များ

စိုးစိုးလွင် (နိုင်ငံတကာ-အကောက်ခွန်)

နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ အောင်မြင်စေရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လက်အောက်ရှိ မြန်မာ့အကောက်ခွန် ဦးစီးဌာန (Myanmar Customs Department - MCD)သည် မိမိ၏ ထိရောက်ထက်မြက်သော ဆောင်ရွက်ချက်များကို အပြည့်အဝလုပ်ဆောင်သွားရန် သန္နိဋ္ဌာန် ချထားပါသည်။ ထိုသို့အကောင်အထည်ဖော်ဆောင်ရာတွင် ကောင်းမွန်ထိရောက်သည့် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု ဆောင်ရွက်ချက်များသည်လည်း အဓိကကျသောအချက်များ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အကောက်ခွန်ဦးစီးဌာနသည် ခေတ်မီစေရေးနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆောင်ရွက်ချက်များကို နှစ်ပေါင်း (၁၀၀)ကျော်ကာလအတွင်း တွေ့ကြုံခဲ့ရသော အတွေ့အကြုံများအပေါ် အခြေခံ၍ အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မြင့်မားသော စံနှုန်းများဖြင့် ကျင့်သုံးဆောင်ရွက်နိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်။

ဤပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များသည် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ၊ ကုန်သွယ်မှု နှင့် ကုန်သွယ်မှု ကွင်းဆက်အတွင်း ဆက်နွှယ်နေသော ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံသူများ၊ အကောက်ခွန် ဦးစီးဌာန အရာထမ်း၊

**အကောက်ခွန် ဦးစီးဌာန အနေဖြင့် နစ်စဉ်တိုးတက်မှု အစီရင်ခံစာ ထုတ်ပြန်ခြင်းစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပြီး ဌာန၏အောင်မြင်မှုများကို အများပြည်သူများ အားသိရှိစေမည့်အပြင် ပြုပြင်ပြောင်းလဲမှုနှင့် ခေတ်မီ လုပ်ငန်းစဉ်များ၏ အလုံးစုံတိုးတက်မှုအခြေအနေများကိုလည်း အသိပေးသွားမည် ...**

အမှုထမ်းများအားလုံးအတွက် မူဘောင်တစ်ခုအနေနှင့် ရည်ရွယ်သည်သာမကဘဲ ချမှတ်ထားသော ဦးတည်ချက်များနှင့်အညီ တသွေ မတိမ်း ကိုက်ညီအောင် ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

အကောက်ခွန်ဦးစီးဌာနသည် ယင်း၏ခံယူထားသည့် တာဝန်နှင့်မျှော်မှန်းချက်တို့အား ဖြည့်ဆည်းရန်နှင့် နိုင်ငံတော်အစိုးရ၏ မူဝါဒများ အောင်မြင်ရေးအတွက် ပါဝင်ဖြည့်ဆည်းဆောင်ရွက်ရာတွင် ဤရည်မှန်းချက်များအား လမ်းညွှန်အဖြစ်အသုံးပြုရန် ရည်ရွယ်ပါသည်။ ဤရည်မှန်းချက်များဖြင့် အကောင်းဆုံး အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား အခြေပြုသည့် ခိုင်မာသော အကောက်ခွန် စွမ်းဆောင်ရည်နှင့် ကုန်သွယ်မှု လွယ်ကူလျင်မြန် ချောမွေ့စေမည့် စွမ်းဆောင်ရည်တို့အား ငါးနှစ်တာ ကာလအတွင်း အဆင့်ဆင့် အကောင်အထည် ဖော်ဆောင်ရွက်သွားရန် ရည်မှန်းချက်ထားရှိပြီးဖြစ်ပါသည်။ ဌာန၏ ဖွဲ့စည်းပုံ ပြန်လည်တိုးချဲ့ရေးဆွဲဖွဲ့စည်းခြင်း၊ ခေတ်မီနိုင်ငံတကာ လုပ်ထုံးလုပ်နည်းများအား အကောင်အထည်ဖော်ဆောင်ခြင်း၊ သတင်းအချက်အလက်နည်းပညာများ တိုးမြှင့်အသုံးပြုခြင်းနှင့် အထူးသဖြင့် စနစ်တကျ လေ့ကျင့်သင်ကြားထားသည့် လူ့စွမ်းအားအရင်းအမြစ်အား စုဆောင်းပျိုးထောင်ခြင်းတို့မှတစ်ဆင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားစေရေးအတွက် ကောင်းမွန်သော အကျိုးရလဒ်များကို ခေတ်မီလုပ်ထုံးလုပ်နည်းများကို ကျင့်သုံးခြင်းမှရရှိနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ စီးပွားရေးနှင့် လူမှုရေး ဦးတည်ချက်များအပြင် ဆက်စပ်ဥပဒေပြုရေးမူဘောင်များအား အထောက်အပံ့လည်း ဖြစ်စေပါသည်။ ဤဆောင်ရွက်ချက်များ ဆင့်ပွားဖြစ်ပေါ်လာမည့် စီမံချက်များနှင့် နည်းဗျူဟာများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နှစ်စဉ်စီမံချက်များ ရေးဆွဲ၍ စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အကောက်ခွန်ဦးစီးဌာန၏ မျှော်မှန်းချက်အနေဖြင့် ကုန်သွယ်မှု လျင်မြန် လွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်အဆင့်နှင့် အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့်ပါ ကိုက်ညီသော အကောင်းဆုံးလုပ်ထုံးလုပ်နည်းများအား ကျင့်သုံး၍ ကုန်သွယ်မှုအသိုက်အဝန်း တစ်ခုလုံးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်သူလူထုအား ကောင်းမွန်စွာ အကာအကွယ်ပေးနိုင်ပြီး နိုင်ငံတော်အတွက် အခွန်အခများ အပြည့်အဝကောက်ခံနိုင်သည့် ခေတ်မီထိရောက်သော အကောက်ခွန်ဝန်ဆောင်မှုပေးနိုင်ရန် ဖြစ်ပါသည်။ အဓိကရည်ရွယ်ချက်မှာ အကောက်ခွန်ဦးစီးဌာန၏ မျှော်မှန်းချက်နှင့် ခံယူထားသည့် တာဝန်များအား ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရန်၊ လမ်းညွှန်အဖြစ်ထားရှိဆောင်ရွက်ရန်နှင့် ထိုမှ တစ်ဆင့်နိုင်ငံတော်၏ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ပါဝင်ဖြည့်ဆည်းပေးနိုင်ရန် ဖြစ်ပါသည်။ ခေတ်မီနည်းစနစ်များ၊ အရင်းအမြစ်များ၊ လုပ်ထုံးလုပ်နည်းများ၊ အလေ့အကျင့်ကောင်းများ၏ အထောက်အကူများဖြင့်

အကောက်ခွန် ဦးစီးဌာနရှိ ဌာနခွဲများ၊ ဌာနစုများ၏ လုပ်ငန်းတာဝန်များကို စွမ်းဆောင်ရည်မြင့်မားပြီး သိသာထင်ရှားသော တိုးတက်မှုများရရှိစေရန် စွမ်းဆောင်ရည်များကို မြှင့်တင်ပေးမည်ဖြစ်ပါသည်။ စနစ်တကျလေ့ကျင့်ထားပြီး ဂုဏ်သိက္ခာမြင့်မားကာ ယဉ်ကျေးသော စွမ်းရည် ပြည့်ဝသည့် ပြည်သူ့ဝန်ထမ်းများဖြင့် ပြည်သူလူထုအတွက် အဆင့်မြင့်ဝန်ဆောင်မှုပေးနိုင်ခြင်းဖြင့် အထက်ပါရည်မှန်းချက်များ အောင်မြင်နိုင်မည်ဖြစ်သည့်အပြင် ဆက်စပ်ဥပဒေပြုရေး မူဘောင်အားလုံးနှင့် ကိုက်ညီပြီး နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရည်မှန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အထောက်အပံ့ဖြစ်စေပါသည်။

သို့ဖြစ်ပါ၍ အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်လုပ်ငန်းစဉ်များအား ပြုပြင်ပြောင်းလဲမှုနှင့် ခေတ်မီစေရေး ဆောင်ရွက်ရာတွင် ဦးစားပေးနယ်ပယ် (၄) ခု သတ်မှတ်၍ ဆောင်ရွက်လျက်ရှိရာ အဆိုပါနယ်ပယ် (၄)ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခေတ်မီသော နိုင်ငံတကာအကောက်ခွန်ကျင့်ထုံးကောင်းများကို အကောင်အထည်ဖော်ဆောင်ခြင်း။

(ခ) ခေတ်မီသည့် သတင်းနှင့် နည်းပညာရပ်ဝန်းအား ထူထောင်ခြင်း။

(ဂ) အဖွဲ့အစည်းနှင့် ယင်း၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း။

(ဃ) ထိရောက်သည့် မိတ်ဖက်များ ဖန်တီးခြင်းနှင့် ပြုစုပျိုးထောင်ခြင်း။

နိဂုံးချုပ်အနေဖြင့် ဤပြုပြင်ပြောင်းလဲမှုနှင့် ခေတ်မီစေရေး ဆောင်ရွက်ချက်များသည် အကောက်ခွန်ဦးစီးဌာနရှိ စီမံခန့်ခွဲသူများနှင့် ဝန်ထမ်းများအားလုံးအတွက် ရှင်းလင်းပြတ်သားသည့် အသေးစိတ်စီမံချက်တစ်ခုအဖြစ် ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ ယင်း၏ ဦးတည်ချက်များသည် လာမည့်ငါးနှစ်အတွင်းတွင် အဓိကဦးစားပေးမှုများအဖြစ် ဆောင်ရွက်ရမည့်ကိစ္စရပ်များဖြစ်ပြီး ဌာန၏ လုပ်ငန်းများကို အဆိုပါ ရည်မှန်းချက်များအပေါ် နားလည်သဘောပေါက်ခြင်း၊ အသုံးချခြင်းနှင့် ဆက်လက် ထိန်းသိမ်းခြင်းတို့ကို သေချာစေရန် စုစည်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

အကောက်ခွန်ဦးစီးဌာနသည် အဆိုပါကဏ္ဍများကို နှစ်အလိုက် အကောင်အထည် ဖော်ဆောင်သွားမည်ဖြစ်ပြီး လုပ်ငန်းဖော်ဆောင်ရာတွင် ရုံးချုပ်နှင့် နယ်ရုံးများရှိ အကောက်ခွန်ဝန်ထမ်းများ၏ အဆင့်အလိုက် လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ပြီး စီမံချက်အောင်မြင်အောင် လုပ်ဆောင်မည်ဖြစ်ပါသည်။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် နှစ်စဉ်တိုးတက်မှုအစီရင်ခံစာ ထုတ်ပြန်ခြင်းစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပြီး ဌာန၏ အောင်မြင်မှုများကို အများပြည်သူများအားသိရှိစေမည့်အပြင် ပြုပြင်ပြောင်းလဲမှုနှင့် ခေတ်မီလုပ်ငန်းစဉ်များ၏ အလုံးစုံတိုးတက်မှုအခြေအနေများကိုလည်း အသိပေးသွားမည်ဖြစ်ပါသည်။

ပြီးပြည့်စုံသည့် ခေတ်မီသော ပြုပြင်ပြောင်းလဲမှုများကို ပြည်တွင်း၊ ပြည်ပစီးပွားရေး လုပ်ငန်းဆောင်ရွက်သူများမှ လက်ခံမည်ဟု ယုံကြည်ပါကြောင်းနှင့် အကောက်ခွန် ဦးစီးဌာနအနေဖြင့်လည်း ဤဆောင်ရွက်ချက်များကို အောင်မြင်မှုရရှိသည်အထိ အပြည့်အဝ အကောင်အထည်ဖော်ဆောင်သွားမည် ဖြစ်ပါသည်။

■ **စိုးစိုးလွင်**

**(နိုင်ငံတကာအကောက်ခွန်)**

■ *(MCD International Relations - IR)*

---

**အခွန်ထမ်းဆောင်ကြဖို့ရာ နိုင်ငံသားတိုင်း တာဝန်ပါ ...**






အဲဒီကိစ္စကြီးဟာ ဖြစ်မလာခဲ့ရင် တော်တော်ကောင်းမှာပဲနော်။ အဲဒီကိစ္စကြီးကြောင့်ကိုယ့်ရဲ့စိတ် နှလုံးတွေ ညှိုးခြိုးနွမ်းရော်ခဲ့ရတယ်။ အဲဒီကိစ္စကြီးကြောင့် ကိုယ့်ရဲ့ နွေးနွေးလျူလျူ ဘဝလေးတစ်ခု အေးစက်ကွဲကြေခဲ့ရတယ်။ အဲဒီကိစ္စကြီးကြောင့် ပင်လယ်လှိုင်းတွေ ဒီရေမတ့်မနားတက်သလို ကြမ္မာရိုင်းတွေနဲ့ ထပ်ဆင့်ထပ်ဆင့်တိုးခဲ့ရတယ်။

အဲဒီကိစ္စကြီးကြောင့် ငြိမ်သက်နေတဲ့ပင်လယ်ဟာ…

ဟုတ်တယ်… ပင်လယ်ဟာ ငြိမ်သက်နေရင် အပျိုစက်ပါးပေါ်က မခို့တရို့အပြုံးလိုနှစ်လိုဖွယ်မှုယာတွေပိုလို့။ ပင်လယ်ရဲ့သဘောကိုက ကြိုတင်မှန်းဆ အစိုးမရနိုင်မှုတွေ အစိုးရနေတဲ့ အရာမဟုတ်လား။ တကယ်ပဲ ကိုယ်ဟာ ဟောဒီပင်လယ်ပြင်ကြီးကို ချစ်ခဲ့တာပါ။ ခဲသား ညို့နေတဲ့ ပင်လယ်ရဲ့ ငြိမ်သက်ခြင်းမှာ ကိုယ်မိန်းမောတတ်ခဲ့ပြီ။ သူဒေါသမာန်ထလို့လှိုင်းရူးမွှေနှောက် ဗွေဖောက်လာတဲ့ အခါ ကိုယ်အလိုက်သင့်ကလေး တိုးတိတ်စွာ စောင့်စားတတ်ခဲ့ပြီ။

ဘယ်အရာမှမမြဲပါဘူးလေ။ ဒေါမာန်ထနေတဲ့ ပင်လယ်ဟာ ဝရုန်းသုန်းကားခုန်ထ မွှခြေပြီးရင် နောက်တစ်နေ့ နေခြည်ဝင်းပအောက်မှာအပြုံး လက်စင်နေဦးမှာ အသေအချာပါ။ ပင်လယ်ရဲ့ သဘာဝမှာ ပျော်ဝင်သလို ပင်လယ်ကမ်းစပ် မြို့ကလေးကိုလည်း ကြင်နာစွာ ချစ်မက်ခဲ့တာ အသေအချာပါ။ မြို့ကလေးမှာ ကိုယ်အထင်ကြီး လေးစားလောက်တဲ့ ဖြတ်သန်းမှု သမိုင်းပုံရိပ်တွေ ရှိနေခဲ့တာလည်း အသေအချာပါ။

ဟောဒီသိမ်ကြီးတောင် ကုန်းမြေစွန်းကနေ ခဲသားရင့် ပင်လယ်ကို ချစ်မက်ရသလို အရေးပိုင်ကုန်းတောင်စွန်းကနေ ရပ်ပြီး ပထော်ပထက် တောင်ညီနောင်ကို လွမ်းတ, ငေးရီခဲ့ဖူးပါပေ့။ ဟောသည်အိမ်ကြီးပေါ်မှာ အိုင်းရစ်နွယ်ဖွား အရေးပိုင် မောရစ်ကောလစ်ဟာ ပြတင်းတံခါးကနေ ပထော်ပထက် တောင်ညီနောင်ကိုကြည့်ပြီး စန္ဒမာလာဝတ္ထုကြီးကို ပုံဖော်ခဲ့တဲ့ အတိတ်ဟာ ချေဖျက်လို့မရတဲ့ သမိုင်းခြေရာပါ။

ကိုယ်ဟာ တောင်ကုန်းအစွန်က တရုတ်စံကားပင်ကိုမှီပြီး စန္ဒမာလာဝတ္ထုရဲ့ဇာတ်သိမ်းခန်းကို ပုံဖော်ကြည့်ဖူးပါရဲ့။ ပထက်ကမ်းခြေက ခြေတံရှည် ဇရပ်တွေပေါ်မှာ မင်းသမီးလေးကို သီလရှင်ဝတ်စုံနဲ့ မြင်ရလေမလား။ သမုဒယ နွယ်ငင်ခြင်း သက်သေ မင်းသမီးလေးရဲ့မျက်ရည်တွေဟာ ဖြူလွလွ ကိုယ်ရုံ စွန်းမှာ စွန်းထင်းပေကျံနေလေမလား။

ကိုယ်ဒီနေရာ ရောက်တိုင်း ဒီလို အတွေးနှံ့နှစ်နေရင်မောင်က မထေ့တထေ့ပြုံးနေကျ။ အလွမ်းသန်သူကြီးကို လွမ်းချင်သလောက်သာ လွမ်းလိုက်စမ်းလို့ လွှတ်ထားတဲ့ပုံပါ။ ကိုယ်ဟာ အိုင်းရစ်အရေးပိုင်ကြီး မောရစ် ကောလစ်ကို ချစ်သလို သူ့စိတ်ကူး ပုံရိပ်တွေကိုလည်း ချစ်တယ်။ သူရေးခဲ့တဲ့ အလွမ်းဇာတ်ဟာ ကိုယ့်အတွက်တော့ အမြဲတမ်း ဆန်းသစ်နေတဲ့ လွမ်းမောဖွယ် ခံစားမှုတွေ ဖြစ်နေလေ့ရှိတယ်။

နေညိုလာပြီ သွားကြပါစို့ကွာ… တဲ့။ မောင်သည်လိုခေါ်ရင် ကိုယ်ကတွန့်ဆုတ်တွေဝေတဲ့ ခြေလှမ်းတွေနဲ့ ကုန်းမြင့်ပြေပြေကဆင်းလာရတော့တယ်။ ဆင်ခြေလျှော မလှမ်းမကမ်းရောက်ရင် ကိုယ့်ခြေလှမ်းတွေ ရပ်သွားပါရော။ ဟုတ်တယ်ကိုယ်လွမ်းဦးမယ်။ မောင်က စိတ်ရှည်ရှည်ဆွဲဆန့်လိုက်ပုံနဲ့ ရပ်စောင့်နေလေရဲ့။

လှသွားလမ်းလေးကနေ လှမ်းမျှော်ကြည့်ရင် ခြံနွယ်ပိတ် ပေါင်းတွေကြားမှာ ဖြူရော်ရော် ရှေးဟောင်း အုတ်တိုက်လက်ရာ တစ်ခု။ ငွေတိုက်… မြို့ကလေးကို အုပ်ချုပ်သူ ကနောင်မင်းသားကြီးရဲ့မြေးလင်းပင်ထိပ်တင်ခွေးကို ဒီနေရာခေါ်လာပြီးငွေတိုက် ဖွင့်ခိုင်းသတဲ့။ လင်းပင် ထိပ်တင်ခွေးဟာ ဒီကုန်းလျှော လေးနားကနေရပ်ပြီးငွေတိုက်ဖွင့်လို့ အမိန့်မပေးဘဲ **"ရန်သူပါတယ်ခုခံကြလို့"** အော်လိုက်တဲ့ အ ခါ ဒီနေရာလေးမှာ အပြီးသတ် စီရင်လိုက်တဲ့ရက်စက်မှု။ သူကျဆုံးရာနေရာ အုတ်တိုင်အမှတ်အသားနားရောက်ရင် ကိုယ်ရှေ့ဆက် မသွားနိုင်တော့ဘူး။ အဲဒီဇာတ်ဝင်ခန်းဟာ အခုပဲ ရှင်သန်နိုးထလာသလို ကိုယ့်အတွက် အလွမ်းပင်လယ်ကြီး ဝေနေကျ။

ကိုယ်ဟာ မောရစ်ကောလစ်ကို လွမ်းတယ်။ စန္ဒမာလာ မင်းသမီးလေးကို လွမ်းတယ်။ လင်းပင်ထိပ်တင်ဒွေးကို လွမ်းတယ်။ ရန်သူပါတယ် ခုခံကြ… အော်သံကို လွမ်းတယ်။ အခုတော့… မောင့်ကိုလည်း…။

❖

အဲဒီကိစ္စကြီးဟာဖြစ်မလာခဲ့ရင် တော်တော်ကောင်းမယ်နော် … မြို့ကလေးမှာ ရာသက်ပန် အရိုးမြေကျနေမယ် စိတ်ကူးကနေ မြို့ကလေးအကြိမ်ကြိမ် မီးသင့်လောင်တော့ ကိုယ့်စိတ်ကူးတွေ ပြောင်းခဲ့ရတယ်။ ဒီမြို့ကကဗျာဆရာတွေက မီးခဏခဏလောင်တဲ့သူတို့မြို့ကို **"နဂါးမှုတ် ပြောင်းဝကမြို့"** တဲ့…။ မြို့ကလေးကို သည်လိုရက်စက်တဲ့ စကားလုံးတွေနဲ့မပစ်ပေါက်ကြပါနဲ့ကွယ်။ မြို့ကလေးရဲ့ရိုးရှင်းမှုတွေပေါ်ကို လောင်မီးသင့် ချော်ရည်တွေ လိမ်းကျံပေးလိုက်တာ လူတွေပါ။

ရှိသမျှစည်းစိမ် မီးသင့်ပြီးတဲ့အခါ ဆုံးဖြတ်ချက်ပိုင်ပိုင်ချလို့ မြို့ကလေးကို လက်ပြနှုတ်ဆက်လိုက်ရတော့တယ်။ မျက်ရည်စက်လက်ပါပဲကွယ်။ ကိုယ်ချစ်တဲ့ လေယူ လေသိမ်း၊ ကိုယ်ချစ်တဲ့ အငွေ့အသက်၊ ကိုယ်ချစ်တဲ့ ပင်လယ်ပြင်ကြီးကို နှုတ်ဆက်လို့ မြို့တော်ကြီးဆီ တိုးဝင်ခဲ့ရတယ်။

ကိုယ်က မင်္ဂလာတောင်ညွန့်မြို့နယ်ထဲက ကျောင်းကလေးမှာ အလုပ်ဝင်လို့ မောင်ကတော့ အလုပ်တာဝန်အရ မြို့ကလေးကို စွန့်ခွာဖို့မဖြစ်နိုင်သေးချိန်၊ ကိုယ်တို့သားအမိရှိရာ မြို့တော် ရန်ကုန်နဲ့ ကမ်းရိုးတန်းမြို့ကလေး ကူးချီသန်းချီ။ လတစ်လရဲ့နောက်ဆုံးပတ်(၂၅)ရက်နေ့ဆိုမော်လမြိုင်မှာ စီမံကိန်းဆန်ထုတ်ဖို့ မဖြစ်မနေသွားရတဲ့ အလုပ်တာဝန်ခရီးစဉ်။ ရန်ကုန်က မိသားစုဆီဝင်၊ မီးရထားနဲ့ မော်လမြိုင်သွား၊ ဆန်တင်၊ ပြီးရင် မီးရထားနဲ့ ရန်ကုန်ပြန်လာ၊ မိခင်ဌာနရှိရာ လေယာဉ်ပျံနဲ့မြိတ်ကိုပြန်သွား၊ ဘဝဟာ ဟန်ချက်ညီနေပြီးသားပါ။

မီးလောင်ပြင်ကနေ ရုန်းထလာတဲ့ကိုယ်တို့မိသားစုမြို့တော်ကြီးမှာတည်ငြိမ်ပြီဆိုခါမှ… အဲဒီကိစ္စကြီးဟာ မဖြစ်မနေ ပေါ်ပေါက်လာခဲ့တော့တယ်။ ဘယ်သူထင်မလဲနော်။ ခရီးဆောင်အိတ်ကို လွယ်ပြီးပြန်လာတဲ့ ကိုယ့်ယောက်ျားရဲ့ နောက်မှာ ပိုူပိုူရွယ်ရွယ် မိန်းကလေးတစ်ယောက်ပါလာမယ် ဆိုတဲ့ ကိစ္စကို…။

အသားဖြူဖြူ အရပ်သွယ်သွယ်မျက်နှာကျသိပ်မလှပေမယ့် ယဉ်စစ အဆင်အသွေးရှိသူ။ မောင့်မှာ အချိန်မတော် အိမ်ကိုခေါ်လာဖို့ မိန်းကလေး မိတ်ဆွေမရှိပါဘူး။ ကိုယ်မျက်မှောင်ကြုတ်နေမိဆဲ…

'မေ… ဒါကသော်တာတဲ့။ ကိုယ်နဲ့ရထားပေါ်မှာမိတ်ဆွေဖြစ်လာတာ။ ကိုယ်ကမြိတ်သံနဲ့ စကားပြောနေလို့ သူကလည်း မြိတ်ကိုသွားမှာ။ အဲဒါဒီည…မိုးလည်းချုပ်နေ… သူတည်းမယ့် လိပ်စာကလည်း မပြည့်မစုံနဲ့မို့၊ ဒီတစ်ညတော့…'

တကယ်ဆိုရန်ကုန်တိုက်ခန်းရဲ့သဘောတရားအရဧည့်စိမ်း လက်ခံသင့်တဲ့အနေအထား မဟုတ်ပါဘူး။ သို့ပေမယ့်လည်း ဖြစ်လာမှတော့ လက်သင့်ခံရုံအပြင် ဘာလုပ်မလဲ။ ပြီးတော့ မိန်းကလေးကြည့်ရတာ ကျန်းမာရေး ကောင်းပုံမပေါ်ဘူး။ ဒီလိုနဲ့နောက်တစ်ရက်မှာ သူတည်းမယ့်လိပ်စာအတိုင်းသွားရှာတော့သူ့မိတ်ဆွေဆိုတာတွေကိုမတွေ့ပါဘူး။ မိန်းကလေးက သူ့မိတ်ဆွေ မတွေ့ဘူးဆိုတာနဲ့ မူးမေ့သလိုဖြစ်သွားတာ အဲဒီညက ဆရာဝန်ပါ အိမ်ပင့်ကုရတဲ့ ဆီရောက်တော့တယ်။

မိန်းကလေး အတော်အားနည်းနေတယ်။ မောင် မြိတ်ဆင်းရက်ရောက်တော့ ကျန်းမာရေးမကောင်းသေးဘူး။ ဒါနဲ့နောက် တစ်ပတ်မှ ခေါ်မယ်ဆိုပြီးအိမ်မှာ ထားခဲ့တော့တယ်။ မိုးလင်းရင် ကိုယ်နဲ့သမီးကကျောင်းသွား။ အိမ်မှာ သူတစ်ယောက်တည်းပေါ့။ အခုမှသိရသူကို အိမ်မှာထားခဲ့တာမသင့်မှန်းသိပေမယ့် ရွေးစရာလမ်းမရှိခဲ့ဘူး။

**တစ်နှစ်ဆိုတဲ့ ကာလဟာ ခဏကလေး။ သော်တာဆိုတဲ့ မိန်းကလေးကို မေ့တော့တော့ တောင်ဖြစ်လာပြီ။ သည်လို ကာလမျိုးမှာမှ မင်္ဂလာဈေးမှာ ကုန်လာဝယ်တဲ့ မြိတ်မှာနေစဉ်က တစ်ရပ်ကွက်တည်းနေခဲ့သူ မသန်းလှနဲ့တွေ့တဲ့အခါ . . .**

သူ့ရုပ်ရည်ကမသမာတဲ့ လုပ်ရပ်ကို လုပ်မယ့်ရုပ်ရည်မျိုး မဟုတ်ပါဘူး။ ကိုယ့်ကိုလည်း မမမေ… မမမေနဲ့ ခင်ရှာပါတယ်။ သမီးကိုလည်း ခင်မင်တဲ့ပုံပါ။ တဖြည်းဖြည်းနဲ့ သူဟာ မော်လမြိုင် လူကုံတန် အသိုင်းအဝိုင်း ကဆိုတာသိရတော့တယ်။ ပညာအရည်အချင်းကတော့ မဟာသိပ္ပံ ဆက်တက်နေဆဲ… တဲ့။ အလုပ်တစ်နေရာအတွက် မြိတ်ဆင်းမယ်ဆိုပဲ။ မောင် နောက်တစ်ခေါက် ရန်ကုန်တက်လာတော့ သူကျုန်းမာနေပါပြီ။

ဒါပေမယ့် သူ့ပုံစံကမြိတ်ကို ဆင်းချင်သေးတဲ့ ပုံမပေါ်ဘူး။ ကိုယ့်အိမ်မှာ အတော်ပျော်တဲ့ပုံ။ မောင်က ဒီတစ်ခေါက်အလုပ် ကိစ္စပြီးလို့ မြိတ်ပြန်ရင် သော်တာကို ခေါ်သွားတော့မယ်လို့ပြောရင် ငိုပါလေရော… 'ဦး…က သော်တာ့ကို ဒီအိမ်က သွားစေချင်ပြီလားတဲ့' သူဟာမောင့်အပေါ် မလိုအပ်ဘဲ (လိုအပ်တာထက် ပိုပြီး) ဦး… ဦးနဲ့တွယ်နေတာက ကိုယ့်စိတ်ထဲ သံသယတွေ ငွေ့ရည်ဖွဲ့စေတယ်။

ရက်ကြာလာတာနဲ့အမျှ သူဟာထစ်ခနဲဆို စိတ်ကောက်ရင် အိမ်ပြင် ထွက်ပြေးတတ်တဲ့ အမူအကျင့်ရှိတယ်ဆိုတာ သိလာရတော့တယ်။ တစ်ညမှာတော့ ည (၈) နာရီအချိန် စိတ်ကောက်ပြီး ထွက်ပြေးသွားလို့လိုက်ချော့ခေါ်ရတာ ဖတ်ဖတ်မောပါပဲ။ ကိုယ်ရော မောင်ပါ သူ့အပေါ် ဘာလို့ကောင်းနေကြတာလဲ။ စိတ်ကောက်ပြီး ထွက်သွားလည်း အေးတာပဲလို့ ဘာလို့ သဘောမထားနိုင်ရတာလဲ။

ဒီလိုနဲ့ အိမ်မှာ (၂) လဆိုတဲ့ အချိန်ကြာသွားတယ်။ လူပိုတစ်ယောက်ရဲ့ဝန်ထုပ်ဝန်ပိုး အပြင် သူ့စိတ်ခံစားမှုအတိုင်း ပြုမူနေထိုင်တဲ့အတွက်လည်း ကိုယ်တို့မိသားစုမှာ အနှောင့်အယှက်ကြီးစွာ ဖြစ်လာရပါပြီ။ သည်တစ်ခေါက်တော့ မောင်နဲ့အတူ မြိတ်ကို ထည့်ဖြစ်အောင်ထည့်မှဖြစ်တော့မယ်။

သူတို့နှစ်ယောက် လေယာဉ်ကွင်းကို ထွက်သွားတဲ့နေ့က ကိုယ်လေ ဝန်ထုပ်ဝန်ပိုးကြီးပစ်ချလိုက်သလို ပေါ့ပါးသွားလိုက်တာ။ အကြီးမားဆုံး လေးပင်မှုကြီး ရောက်မလာခင်အချိန်အထိပေါ့။

မောင် နောက်တစ်ခေါက်ပြန်လာတော့သော်တာ့သတင်းကို မေးရတာအမောပါပဲ။ မြိတ်က သူ့မိတ်ဆွေတွေနဲ့ တွေ့သွားပြီလားပေါ့… 'အင်း… တွေ့တော့ တွေ့တယ်။ ဒါပေမယ့်ကောင်မလေး ပုံစံက မဟုတ်သေးဘူး' တဲ့။

ကိုယ်လည်း မောင့်အဖြေအတွက် အတော်ထိတ်သွားတယ်။ ဘာဖြစ်တာလဲ။ ဘယ်လိုမဟုတ်သေးတာလဲ။

'သူ့သူငယ်ချင်းအိမ်ကနေ ပုလဲကျွန်းမှာ အလုပ်လုပ်ဖို့ လျှောက်လွှာတင်မယ်။ ခေါ်ဖို့လည်း ကျိန်းသေတယ်။ ဒါဆိုပြီးပြီပေါ့… ကိုယ်လည်း စိတ်ပေါ့ပေါ့ပါးပါး ဖြစ်သွားတဲ့အချိန် နောက်တစ်နေ့ မနက်အစောကြီး အိမ်တံခါးဖွင့်လိုက်တာ အိမ်ရှေ့မှာ သူလာရပ်နေပါလေရော'

'ဟင်… ဒုက္ခပါပဲ… ဒီကောင်မလေးဟာ…'

'ဟုတ်တယ်… မောင်လည်း တော်တော်စိတ်ညစ်သွားတယ်… ပတ်ဝန်းကျင်က ရှိသေးတယ်လေ။ မေတို့သားအမိ ဒီမှာမရှိတော့တာ

လူတိုင်းသိနေတာကို'

'ဒါဆို... ဘယ်လိုစီစဉ်လိုက်လဲ...'

'အင်း... ချော့မော့ပြီး လက်ဖက်ရည်တိုက်၊ မုန့်ကျွေး၊ သူပြောတာတွေ နားထောင်ပြီးမှ သူ့သူငယ်ချင်းအိမ် ပြန်လိုက်ပို့လိုက်ရတာပေါ့'

'သတိထားမောင်ရေ... ဒါမျိုးက ခေါင်းကလေးဝင်ပါရစေ... လက်ကလေး ဝင်ပါရစေဆိုပြီး တစ်ကိုယ်လုံးရောက်လာမှ ဟုတ်ပေ့ဖြစ်နေဦးမယ်'

ကိုယ့်ရဲ့သတိပေးစကားဟာ နိမိတ်များ ဖြစ်ခဲ့လေသလား။ နောက်အခေါက်တွေမှာ ကောင်မလေး ပုလဲကျွန်းကို အလုပ်လုပ်ဖို့ ထွက်သွားပြီ။ စက်လှေထဲအရောက် မောင်ကိုယ်တိုင်ဆင်း ပို့လိုက်တယ်ဆိုတဲ့ စကားကတော့ ကိုယ့်ကို တကယ်သွေးအေးစေခဲ့တာပါ။

သည်လိုနဲ့... မောင်လည်း မြိတ်နဲ့ရန်ကုန် လတိုင်းတက်ဆင်းနေတာဟန်မပျက်ပါပဲ။ တစ်နှစ်ဆိုတဲ့ ကာလဟာ ခဏကလေး။ သော်တာဆိုတဲ့မိန်းကလေးကို မေ့တေ့တေ့တောင်ဖြစ်လာပြီ။ သည်လိုကာလမျိုးမှာမှမင်္ဂလာဈေးမှာ ကုန်လာဝယ်တဲ့မြိတ်မှာ နေစဉ်က တစ်ရပ်ကွက်တည်းနေခဲ့သူ မသန်းလှနဲ့တွေ့တဲ့အခါ...

'ဆရာမနယ်... ကိုယ့်ယောကျ်ား အကြောင်းများ စုံစမ်းပါဦးတော့၊ ကျွန်မတို့အရပ်ထဲမှာ ကိုမင်းဆွေ မနေတာကြာပြီ။ ကန်ဖျားက ဝန်ထမ်းအိမ်ရာဆီပြောင်းသွားပြီ။ သူ့မှာ ကောင်မလေး တစ်ယောက်နဲ့ တတွဲတွဲ မြင်နေတာ...'

မသန်းလှစကားကို ကိုယ်ဆုံးအောင် နားမထောင်နိုင်ခဲ့ဘူး။ လောင်မီးဗျာပါသင့်ပါပေါ့။ အပူတကာ့ အပူမီးထဲမှာ အနုကျွဲတော် အပူမီးက အပူဆုံး။ သမီးကို ဆွေမျိုးသားချင်းအိမ်အပ်ပြီး နီးရာ လေယာဉ်နဲ့ လိုက်ချသွားတဲ့အခါ သေချာတဲ့ သတင်းစကားတွေဟာ အရပ်သူ အရပ်သားတွေရဲ့ နှုတ်ဖျားမှာ သီးနေပါပေါ့။ ရက်စက်လှချည်လား မောင်ရယ်...လစဉ်ဟန်မပျက် ခရီးစဉ်အတိုင်း သွားနေတာ သော်တာ့အကြောင်းကို စိုးစဉ်းမျှပင်မဟ။ နေနိုင်ရက်၊ ဟန်ကောင်းနိုင်ရက်သူကြီး။ ကိုယ့်ပစ္စည်း ကိုယ်ပြန်သိမ်းရမလား၊ ကိုယ်သာလျှင်ဆိုတဲ့ မဏ္ဍပ်တိုင်ပဲတက်ရမလား။ မဆုံးဖြတ်နိုင်ခင် ကမ်းရိုးတန်းမြို့ကလေးဆီ အပြေးရောက်ခဲ့တော့တယ်။

သူတို့ရှိနေတယ်ဆိုတဲ့ ကန်ဖျားက ဝန်ထမ်းအိမ်ရာအခန်းဆီ သွားတဲ့နေ့က ကိုယ်တော်တော်စိတ်လှုပ်ရှားနေတာပါ။ သူတစ်ပါးရဲ့ ကာမပိုင်ကို လုယူဦးဟဲ့ ဆိုပြီး နည်းနည်းလောက် မှတ်လောက်သားလောက်အောင် ဆုံးမပေးလိုက်မယ်။ ရထားပေါ်မှာ မသမာသူတွေနဲ့ တွေမှာစိုးလို့ လက်ခံကယ်တင်ထားခဲ့တဲ့အတွက်တစ်ချက်၊ ကျန်းမာရေး မကောင်းလို့ ဆရာဝန်အိမ်ခေါ်ပြင့် ကုသပေးရတဲ့အတွက် တစ်ချက်၊ ကိုယ့်ညီမအငယ်ဆုံးလေးလို သဘောထားပြီး စိတ်ကောက်ထွက်ပြေးသမျှ ချော့မော့လိုက်ခေါ်ပေးခဲ့ရတဲ့အတွက် တစ်ချက်၊ ပါးပြင်ကိုရိုက်ရမလား၊ လက်ပြင်ကိုရိုက်ရမလား၊ ကျောပြင်ကို ရိုက်ရမလား...

သူတို့နှစ်ယောက်ရှိနေတယ်ဆိုတဲ့အိမ်ခန်းတံခါးကို ကိုယ် ခပ်ကြမ်းကြမ်းကလေးတွန်းဖွင့်ပြီး ဒေါသနဲ့အခန်းထဲဝင်လိုက်တယ်။ ကိုယ့်ကိုမြင်တော့ မောင်က အံ့အားတသင့်နဲ့ ဟင်... မေ လိုက်လာတယ်လို့ ပြောလိုက်တဲ့ အခိုက်အတံ့...

ကိုယ်ဟာ ကိုယ့်ကိုမြင်ပြီး မျက်နှာလွှဲလိုက်တဲ့ သော်တာ့ရဲ့ ဆံပင်ရှည်တွေကို ဆွဲယူဆုပ်ကိုင်ဖို့ ပြင်လိုက်တဲ့အချိန်...

'အူဝဲ... အူဝဲ...'

မွေးကင်းစကလေးငယ်လေးရဲ့ အလန့်တကြားငိုသံ...

တစ်ခါမှ မကြားယောင်မိဖူးတဲ့ ကလေးငယ်ငိုသံဟာ ကိုယ့်လက်တွေကို တုံ့ဆိုင်းစေခဲ့ပြီ။ စောစောက တံခါးကိုခပ်ကြမ်းကြမ်းတွန်းဖွင့်လိုက်လို့ လန့်ပြီးငိုတဲ့ ကလေးငိုသံဟာ သော်တာ့ ရင်ခွင်ထဲက ထွက်လာတာပါလား။

ကလေး... မွေးကင်းစ ကလေးလေး။ သူတို့ဒီစခန်း အထိပေါက်နေခဲ့တာ သေချာပါတယ်ဆိုတဲ့ အရပ်သတင်းစကားမှာ ဘာလို့ မပါဝင်ခဲ့တာပါလိမ့်။

ကိုယ်ဘာလုပ်ရမလဲ... ဘာဆက်လုပ်ရမလဲ။ 'မေ... နေပါဦး... ကိုယ်ရှင်းပြပါရစေဦး' ဆိုတဲ့ မောင့်အသံကိုထားရစ်ပြီး ဆိုင်ကယ်တက္ကစီပေါ်အပြေးတက်လို့ သိမ်တော်ကြီးစေတီ အရောက် မောင်းခိုင်းစေခဲ့ပြီ။



သိမ်တော်ကြီးကုန်းပေါ်က နေလှမ်းကြည့်ရင် ပင်လယ်ဟာ အရင်ကအတိုင်း ခဲသားရင့်ရောင် မှိုင်းပြာနေဆဲပါပဲ၊ လှိုင်းလိမ့်ဖြူဖြူတွေဟာ နေခြည်လင်းပျအောက်မှာ ဝင်းပလက်စင်လို့ ပထော်ပထက်တောင် ညီနောင်ဟာ ရင်ပူဆိုက်လာသူကို တည်တည်ငြိမ်ငြိမ် ကြည့်လို့...။

စန္ဒမာလာမင်းသမီးလေးရယ် ကိုယ်ဘာလုပ်ရမလဲ။ အခုအချိန်မှာ ဖန်ရည်စွန်းတဲ့ အဝတ်ကိုဝတ်ပြီး ဝတ်ကြောင်ကနေ လွတ်ကြောင်း ရှာမလား။ သွေးနု သားနု ကလေး မွေးပြီးခါစ မိခင်တစ်ယောက်ကို ဘယ်လိုအင်အား စိတ်ဓာတ်မျိုးနဲ့ ကိုယ်ရိုက်နှက် ထုခြေရက်ပါ့မလဲ။ သူက သူ့အတ္တ အတွက် သူ့လိုဘ အတွက် သူတစ်ပါးရဲ့ အသိုက်အမြုံကို ခွဲခြေရက်ခဲ့ပြီ။

အမှောင် ကြိုက်သူ နှစ်ယောက် အမိုက်ကမ်းကုန်ရာမှာ ဘယ်သူက ဘယ်သူ့ဆီ တိုးဝင်ခဲ့တယ်ဆိုတာ မသိချင်တော့ပါဘူး။ အသိုက်အမြုံအသစ်ကို တမ်းမက်ပြီး ဆိုမှတော့ အသိုက်မြုံဟောင်းကို စွန့်လွှတ်ပေဦးတော့ မောင်ရယ်... စွန့်လွှတ်ခြင်းကို စဉ်းစားလိုက်တဲ့အခါ မစွန့်လွှတ်နိုင်မှုတွေ ရင်နဲ့မဆန့် တက်လာတာ ဒီရေအလားပါပဲ။

တက်ပါ ဒီရေ... သောကလှိုင်းတံပိုးတွေ အရှိန်အဟုန်နဲ့ တက်လိုက်ကြစမ်းပါ၊ ကျားကုတ်ကျားခဲ ထူမတ်အောင် တည်ဆောက်ခဲ့ရတဲ့ နှစ်ကိုယ်တူဘဝ ပျက်ချိန်တန်တော့လည်း လွယ်လှချည်လားကွယ်။ ဟင့် အင်း... ဟင့်အင်း... မလှယူလိုက်ပါနဲ့ တဆိတ်လောက် ကျေးဇူးပြုပြီး မလှယူလိုက်ပါနဲ့ရှင်... သမီးရဲ့ ဖခင်မဲ့ မျက်ဝန်းညှိုးရီတွေကို ကိုယ် မမြင်ရက်လို့ပါ။

ယောင်နနခြေလှမ်းများနဲ့ ကတိမ်းကပါးစိတ်တွေဟာ ပင်လယ်ကို ကျောခိုင်းပြီး သိမ်တော်ကြီးကုန်းပေါ်ကနေ ဆင်းချလာတော့တယ်။ ကိုယ်ရပ်နေကျ လင်းပင်ထိပ်တင်ခွေး အထိမ်းအမှတ် အုတ်တိုင်နားရောက်တော့ ခြေလှမ်းတွေ အလိုလိုရပ်သွားပြန်တယ်။ ဖြူရော်ရော်ငွေတိုက်ဟာ ခြုံနွယ်တွေကြား အရင်နှစ်တွေကအတိုင်း။

အော်သံ...'ဟော့... ရန်သူပါတယ် ခုံကြ' သူ့ရင်ကို သူ့ကိုယ်ကို ကျည်ဖောက်သွားလိမ့်မယ်။ ဒူးတွေညွတ်ကွေး မြေပြင်ပေါ်ပြိုလဲ။

နောက်ထပ် အော်သံတစ်ခု... တိုးညှင်းပွတ်ရှ ကျီကျီလောင်လောင်အသံတစ်ခု... မွေးကင်းစ ကလေးငယ်ရဲ့ အူဝဲ အူဝဲ အော်သံ။

အဲဒီကိစ္စကြီးဟာဘာလို့ဖြစ်လာရတာလဲဟင်... ဒီကိစ္စကြီး

ဖြစ်မလာခဲ့ရင် အတော်ကောင်းမှာ။ ပိုနေမြဲ ကျားနေမြဲ။ မောင်ပိုကမောင်ပိုနေရာ ကျားကကျားနေရာ ပြန်သွားကြရင် မကောင်းဘူးလား။

ဟော့… မြိတ်သားကဗျာဆရာ 'ပိုင်'ရေ မင်းဖွဲ့သီခဲ့တဲ့လူကြီး လူကောင်းအက်ဒဝပ်မန့်ခ် (Edvard Munch)အကြောင်းက ကိုယ့်ကို လာပြီးခြောက် လှန့်နေပါရောလား။ အက်ဒဝပ်မန့်ခ် ဘဝဟာထိကရုန်းပင်လိုစိတ်ထိ ခိုက်လွယ်ပြီး စိတ်မငြိမ်မသက် အနေအထားမှာ အမြဲရှိနေခဲ့သူ။ နေအလင်းရောင်ကို လပေါင်းများစွာ မမြင်ရတဲ့ တိုင်းပြည်မှာ နေရလို့လားမသိ။ သူဟာ လောက အနိဋ္ဌာရုံကို အလွန်အမင်းမြင်ပြီး အနိဋ္ဌာရုံသားကောင် ဖြစ်ခဲ့တယ်။ သူဟာ စိတ်ဖရိုဖရဲနဲ့ စိတ္တဇဝေဒနာသည်အဖြစ် ကတိမ်းကပါး ဖြစ်ခဲ့တဲ့အကြောင်းတွေပေါ့။

**'အိမ်အပြန် မောဟိုက်**
**နေးကွေး**
**အဲသလို ဒဏ်ရာတွေအပြန်**
**အလှန် တူးဆွ**
**နေ့အလင်းတစ်စက်**
**မွတ်သိပ်ရင်း**
**ညတစ်ခုရဲ့ပိုက်ကွန်ထဲ**
**ရုန်းထွက်မလွတ်မြောက်**
**နိုင်တော့**
**မှောင်နေတဲ့ ကမ္ဘာတစ်ခြမ်း**
**ဟာ**
**သူ့အတွက် တယောတစ်လုံး**
**ဖြစ်ခဲ့**
**အရေးတကြီးဖြစ်ပေါ်နေတဲ့**
**ယိမ်းယိုင်မှုကြီးထဲ**
**ခြောက်ခြောက်ခြားခြား**
**ထုတ်လွှင့်လိုက်တဲ့အော်သံ**
**တစ်ခု**
**ဘုရားသခင်ဆီတက်မလာ**
**နိုင်အောင်**
**လမ်းတဝက်မှာ ယိမ်းယိုင်**
**သွား'**
**'ဘာဖြစ်နေကြတာလဲ'**
**အဲဒီ…**
**'စားပွဲ၊ ကုလားထိုင်၊**
**ဦးထုပ်၊ ကုတ်အင်္ကျီ**
**နာရီ၊ အခန်း၊ အဆောက်**
**အဦ၊ မီးခိုးခေါင်းတိုင်**
**နေလုံး၊ ကောင်းကင်၊လမ်း၊**
**မော်တော်ကား၊တယ်လီဖုန်း၊**
**စားသောက်ဆိုင်၊အသားတုံး၊**
**ဓမ္မတေးကျမ်းစာ၊ သေနတ်၊**
**ဝေးဝေ၊ မြို့ကြီး'…**
**အားလုံး**
**လူနဲ့အော်သံကြား တဆက်**
**တစပ်ထဲချုပ်သီထားကြောင်း**
**သိတဲ့လူဟာ…**
**'လူကြီးလူကောင်း အက်ဒဝပ်မန့်ခ်…' ဖြစ်တယ်တဲ့။**

ဟုတ်တယ် ကဗျာဆရာ အခုတော့ ကိုယ်ဟာပိုင်ဆိုင်တာတွေ မပိုင်ဆိုင်တော့တဲ့ဘဝမှာ ရင်ဗလာဟင်းလင်းပွင့် ပြီး ကမ်းရိုးတန်းမြို့ကလေးရဲ့ လမ်းပေါ်မှာ ကတိမ်းကပါး လျှောက်သွားနေပါရောလား။ လူကြီးလူကောင်း အပ်ဒဝပ်မန့်ခ် ခြေလှမ်းမျိုးနဲ့…

အော်သံကတော့ ကိုယ့်အနောက်မှာ ထပ်…ချပ်…မ…ကွာ

■ မိချမ်းဝေ

◆❖◆

အခွန်ဆောင်ထားနိုင်ငံသား လေးစားသမှု တို့ဂုဏ်ပြု…



ဇော်သွင်မြင့်ကဗျာ

# ဖြတ်မျဉ်းတို့၏ ဆုံမှတ်သည်



၁၉၉၇ ခုနှစ်ကဖြစ်သည်။ ထိုစဉ်က ကျွန်တော့်တာဝန်အရ မြန်မာ့ဈေးကွက်အတွင်းသို့ ဝင်ရောက် မိတ်ဆက်စ ကျွန်တော့်ဘဏ် ခရက်ဒစ်ကတ်သုံးစွဲမှုကို အောင်မြင်ကျယ်ပြန့်လာစေရေးအတွက် ကြိုးပမ်းနေရချိန်ဖြစ်သည်။ ကတ်ဌာနကို တာဝန်ယူထားရသော လက်ထောက် အထွေထွေမန်နေဂျာအနေဖြင့် ခရက်ဒစ်ကတ် သုံးစွဲသူ တိုးပွားရေးကို ရောကတ်လက်ခံသည့် ဆိုင်များပြားလာစေရေးကိုပါ နေ့မအား ညမအား စည်းရုံး ဆောင်ရွက်ရချိန်မှာ ကတ်ဖြင့် အကြွေးများများ ဝယ်ဖြစ်အောင် လုပ်ရင်း တစ်ဖက်က ရက်လွန်အကြွေးများကို စောင့်ကြည့် တောင်းခံရကာ စိတ်ရောလူပါ မောနေရသည်။ လူကောင်းများက ကတ်သုံးစွဲရေးကို တက်တက်ကြွကြွ စိတ်ဝင်စားမှုအားနည်းနေသလောက် လိမ်လည်လိုသူများကတော့ စိတ်ဝင်စားစရာ နယ်ပယ်သစ်အဖြစ်အကွက် ချောင်းနေတတ်ကြသည်။ ထို့ကြောင့် အစဉ်သတိနှင့် ဆင်ခြင်စဉ်းစား ဆုံးဖြတ်လုပ်ကိုင်နေရတာလည်းဖြစ်သည်။

ထိုစဉ်က ဘဏ်ဒါရိုက်တာအဖွဲ့အနေဖြင့် ကတ်သုံးစွဲသူတိုးတက်လာရေးကို ဦးစားပေး ဆောင်ရွက်စေလိုပြီး ကတ်လျှောက်ထားသူများကို ကျွန်တော်က ထောက်ခံ တင်ပြပေးရသည်။ ကျွန်တော် အကျိုးအကြောင်းနှင့် စိစစ်ထောက်ခံ တင်ပြသူတိုင်းလိုလိုမှာ ခွင့်ပြုချက်ရရှိတတ်သည်မို့ ကျွန်တော့်မှာ အတော်တာဝန်ကြီးသည်။ တစ်နေ့တစ်နေ့ ကတ်လာရောက်လျှောက်ထားသူများကများပြားလှပြီး ကျွန်တော်က တခြားသော နေ့စဉ် အလုပ်တာဝန်တွေကြားထဲမှာပင် သူတို့ကို လက်ခံတွေ့ဆုံရသည်။

“ရိုးမကတ်လျှောက်ချင်လို့ပါ” ဆိုပြီး ရောက်လာသူ တိုင်းကို ကျွန်တော်က “ဟုတ်ကဲ့ရပါတယ်၊ ဒီပုံစံကလေး ဖြည့်ပေးပါနော်” ဟု ပြောပြီး ပုံစံစာရွက်ထုတ်ပေးသည့် အခါ သူတို့ကကတ်ကို အလွယ်တကူ ရနိုင်မည်ဟု ထင်ကြသည်ကများသည်။ တကယ်တော့ သူတို့ထဲ ကသုံးပုံနှစ်ပုံခန့်ကိုသာ အလွယ်တကူ ထုတ်ပေးနိုင်ခဲ့ပြီး ကျန်သုံးပုံတစ်ပုံကို အချိန်ယူစုံစမ်းစိစစ်ရင်း လိမ်လည်ဖို့ ရည်ရွယ်လျှောက်ထားသူ အတော်များများကိုလည်း ဖော်ထုတ်ပေးခဲ့ရသည်။ ကတ်လိုချင်သူများက ပုံစံဖြည့်နေစဉ်နှင့်ဖြည့်ပြီး ကျွန်တော်က စိစစ်လက်ခံနေချိန်အတွင်းကျွန်တော်က သူတို့ကို စကား စမြည်ပြောဆိုဧည့်ခံနေခဲ့သော်လည်း အမှန်က သူတို့ကို မေးမြန်း အင်တာဗျူးလုပ်နေခြင်းသာဖြစ်သည်။ သူတို့ဘာလုပ်သလဲ၊ ဘယ်လောက်ဝင်ငွေရှိသလဲ ဘယ်လိုလုပ်ငန်းရှင်တွေနဲ့ အဆက်အသွယ်ရှိသလဲ၊ လူ ကောင်းလား၊ လူလိမ်လား၊ ငွေကို ရေလိုသုံးသူလား၊ ကြွားတတ် သူလား၊ သူတို့အကြောင်းကို ဘယ်မှာစုံစမ်းရင် ရမလဲ၊ သူတို့ကို ဘယ်သူတွေက အာမခံ လက်မှတ်ထိုးပေးမလဲစသဖြင့် သိအောင် ကျွန်တော်တို့ လုပ်နေခြင်း ဖြစ်သည်။

ထိုကာလ၏တစ်ခုသော နေ့လည်ခင်းမှာကျွန်တော် စားပွဲသို့ လူတစ်ယောက် ရောက်ရှိလာခဲ့သည်။ ရိုးမကတ်လျှောက်ချင်လို့ပါဟု မိတ်ဆက်လာသူကို ကျွန်တော်က “ဟုတ်ကဲ့၊ ရပါတယ်၊ ထိုင်ပါခင်ဗျ”ဟု နေရာ ပေးလိုက်ပြီး နောက်လျှောက်လွှာရှင်မှတ်တမ်းတွင် ရေးသွင်းရန်

“အစ်ကိုကြီးနာမည် ဘယ်သူလဲ၊ ဘယ်မှာနေတာလဲ”ဟု မေးလိုက်သည်။ သူက

“ကျွန်တော်ခင်မောင်ဌေးပါ၊ မြေနီကုန်း သီရိမင်္ဂလာလမ်းမှာ နေပါတယ်” ဆိုတော့

“သြော်၊ ဟုတ်လား၊ ကျွန်တော့်အိမ်နဲ့ အနီးလေးပဲ၊ ကျွန်တော်က ဈေးလမ်းမှာ၊ ဒီမှာ ပုံစံကလေးဖြည့်ပေးပါခင်ဗျ”ဟုပြောပြပြီး ပုံစံထုတ်ပေးလိုက်သည်။ သူ့အလုပ်အကိုင်ကို မေးကြည့်တော့ စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်နေကြောင်းသိရပြီး လုပ်ငန်းလိပ်စာကို သိရသည့်အခါ ကျွန်တော်က

“အစ်ကိုကြီးတို့ လမ်းထဲက ဦးအောင်ကြီးကို သိလား” ဟုမေးလိုက်သည်။

“သိတာပေါ့၊ ကျွန်တော် တို့ လုပ်ငန်းအတူတူ တွဲလုပ်နေတဲ့ သူပဲ”

ဟုသူကဆိုသည့်အတွက် ကျွန်တော်လည်း ဝမ်းသာသွားသည်။ ဦးအောင်ကြီးဆိုသူက ကျွန်တော်တို့ဘဏ်မှာ သိန်းရာဂဏန်းဖြင့် စာရင်းဖွင့်ထားသူတစ်ဦးဖြစ်သည်။ ထိုစဉ်က သိန်းရာဂဏန်းဖြင့် စာရင်းထားသူ မများလှသဖြင့် ဦးအောင်ကြီးက အာမခံလျှင် ကျွန်တော်ကတ် ထုတ်ပေးဖို့ သိပ်ခက်မည် မဟုတ်ပါ။

“အစ်ကိုကြီး၊ မူအရထောက်ခံလက်မှတ်ထိုးပေးရမယ့်သူနှစ်ဦးလိုပါတယ်၊ ဦးအောင်ကြီး ထိုးပေးမယ်ဆိုရင် ကျွန်တော် နောက်တစ်ယောက်ရှာပေးပါမယ်၊ အစ်ကိုကြီး ပုံစံယူသွားလိုက်ပြီး ဦးအောင်ကြီး လက်မှတ်ရရင် ကျွန်တော့်ဆီ ပြန်လာခဲ့ပါ”

ဦးခင်မောင်ဌေးထွက်သွားပြီးနောက် ကျွန်တော် ဦးအောင်ကြီး

ကို ဖုန်းဆက်မေးသည့်အခါ ဦးခင်မောင်ဌေးကို ကောင်းစွာသိကြောင်းနှင့် လက်မှတ်ရေးထိုးပေးမည်ဖြစ်ကြောင်းပြောပါသည်။ သို့သော် ကတ်လျှောက်ဖို့ စိတ်မဝင်စားတော့တာလား၊ တခြားဘာကြောင့်မှန်းမသိ၊ ဦးခင်မောင်ဌေးက ကျွန်တော့ဆီ ပြန်မရောက်လာခဲ့ပါ။ နောက်ခြောက်လခန့် ကြာတော့မှ သူ ကျွန်တော့်စားပွဲကို တစ်ခေါက်ပြန်ရောက်လာသည်။ ကျွန်တော်ကလည်း အံ့သြစရာကောင်းလောက်အောင်ပင် ထူးထူးခြားခြား သူ့ကို လူနှင့်နာမည် တွဲမှတ်မိနေခဲ့သည်။ ဒါကြောင့် သူကျွန်တော့်ရှေ့က ကုလားထိုင်မှာ ထိုင်ထိုင်ချင်း ကျွန်တော်က

"ဦးခင်မောင်ဌေး၊ ဦးအောင်ကြီးရဲ့ လက်မှတ်ရပြီလား"

ဟု ရုတ်တရက်မေးလိုက်တော့ သူတော်တော် အံ့သြသွားပြီး

"ခင်ဗျားနဲ့ကျွန်တော် လွန်ခဲ့တဲ့ ခြောက်လလောက်က ဆယ်မိနစ်လောက်ပဲ တွေ့ခဲ့တာ ခင်ဗျားကျွန်တော့်နာမည်ရော ကျွန်တော့်ကိစ္စပါ ဘယ်လို မှတ်မိနေတာလဲ"

ဟု မေးသည်။ ကျွန်တော်က

"ဒီလိုပါပဲ အစ်ကိုကြီးရယ်၊ တစ်ခါတလေကျတော့ ကျောင်းနေဘက် ငယ်သူငယ်ချင်းကို လမ်းမှာ တွေ့တာတောင် နာမည်စဉ်းစားမရ တာလည်း ဖြစ်တတ်ပါတယ်။ တစ်ခါတလေတော့လည်း အခုလို ထူးထူးခြားခြားမှတ်မိနေတာလည်း ရှိတတ်တာပါပဲ" ဟုပြောလိုက်သည်။

"အေးဗျာ၊ ကျွန်တော်က ကတ်မလျှောက် ဖြစ်ဘူးဗျ၊ အခုဟာက ဟိုင်းရားပါချေ့စ်နဲ့ ပစ္စည်းဝယ်ချင်လို့ လာစုံစမ်းတာပါဗျာ" ဟု ဆိုသည်။ ကျွန်တော်က ဟိုင်းရားပါချေ့စ်ဟု ခေါ်သော အငှားဝယ်စနစ်မှာ ကျွန်တော့်ဌာနနှင့် မဆိုင်ပဲ ချေးငွေဌာနမှာ စုံစမ်းနိုင်ကြောင်း ပြောပြပါသည်။

"ဟိုဘက် အဆောက်အဦမှာ ခင်ဗျ၊ ကဲပါကျွန်တော်ပဲ လိုက်ပို့ပေးပါမယ်"ဟုဆိုကာ ဦးခင်မောင်ဌေးကို အငှားဝယ်စနစ်ဆောင်ရွက်သည့် ချေးငွေဌာနသို့ လိုက်ပို့ပေးပြီး ထိုဌာန၏ ဒုတိယအထွေထွေ မန်နေဂျာနှင့် သူ့ကို မိတ်ဆက်ပေးခဲ့ပါသည်။

"အန်ကယ်၊ ဒါက ဦးခင်မောင်ဌေးပါ၊ ကျွန်တော်တို့ ကာစတန်မာ ဦးအောင်ကြီးရဲ့ လုပ်ငန်း ပါတနာပါ၊ ဦးခင်မောင်ဌေးက ဟိုင်းရားပါချေ့စ် လုပ်ချင်လို့တဲ့ အန်ကယ်၊ အန်ကယ် အဲဒါ ဘယ်လိုလုပ်ရမယ်ဆိုတာ ရှင်းပြပေးပါဦး၊ ဂရင်ဒါ အနေနဲ့တော့ ဦးအောင်ကြီးက ထိုးပေး မယ်ထင်ပါတယ်"ဟု ရှင်းပြလိုက်သည်။ ဦးမောင်မောင်လတ်ကလည်း "ဦးအောင်ကြီးကို ကျွန်တော်သိပါတယ်၊ သူ့မိတ်ဆွေဆိုရင် အဆင်ပြေမှာပါ"

ဟု ပြောပြီး သူ့ကို လက်ခံဆောင်ရွက်ပေးသည်။ သို့သော် ဦးခင်မောင်ဌေးကို ထိုစားပွဲမှာ ထားခဲ့ပြီးနှုတ်ဆက်ပြန်လာချိန်မှစပြီး သူ့ကိုထပ်မတွေ့သဖြင့် သူ အငှားဝယ်စနစ်ဖြင့် ဝယ်ဖို့ အဆင်ပြေမပြေ ကျွန်တော် မသိခဲ့ပါ။ သူ့ကိုစေတနာဖြင့် ကူညီခဲ့ခြင်းသာဖြစ်ပြီး အကျိုးမျှော်ဆောင်ရွက်ခဲ့ခြင်း မဟုတ်သဖြင့်လည်း သူ့ကိုသတိ မရ တော့တာလည်း ပါပါသည်။

အမှန်တော့ကျွန်တော့် အနေဖြင့် ထိုကာလကကိုယ့်လုပ် ပိုင်ခွင့်အပေါ် ငွေ ရှာမည်ဆိုလျှင် အခြားဌာနနှင့် ချိတ်ဆက်စရာမလိုပဲ ကျွန်တော့်အလုပ်ကအာမခံမဲ့ငွေချေးသုံးခွင့်ပြုရသည့် အလုပ်မို့ ကတ်ထုတ်ပေးရေး ကိစ္စ၊ ကန့်သတ်ငွေ ပမာဏထက် ပိုမိုသုံးထားခြင်းကို ခွင့်ပြုပေးရန်ကိစ္စ၊ အရင်းမသွင်းနိုင်သေးသဖြင့် အတိုးပဲ လစဉ်သွင်းလိုသည်ကိုလက်ခံပေးဖို့ကိစ္စစသည်တို့အတွက် ကျွန်တော် ရုံးခန်းမှာသာမက ကျွန်တော့်အိမ်မှာပါ တန်စိုးလက်ဆောင်တို့ဖြင့် လာရောက်အကူအညီတောင်းသူတွေ မနည်းမနောရှိသည်။ ကျွန်တော်က သူတို့ကို လိုက်လျော ဆောင်ရွက်ပေးနိုင်သမျှကို ဘောင်ထဲက ဆောင်ရွက်ပေးခဲ့ပြီး ယင်းအတွက် တံနိုးလက်ဆောင်ငွေများကို ယဉ်ယဉ်ကျေးကျေး

ငြင်းပယ်ခဲ့စမြဲဖြစ်သည်။ ဒီလို ငွေမျိုးကို လက်ခံသုံးစွဲဖို့ ကျွန်တော့်ဘာသာရေး ယုံကြည်ချက်အရရော နိုင်ငံရေးအသိအရပါ မဖြစ်နိုင်သောကြောင့်ဖြစ်သည်။

ကျွန်တော်သာမက ဘဏ်အရာထမ်းတစ်ဦးဖြစ်ပြီး ငွေကြေးကိစ္စကို ခန့်ခွဲဆောင်ရွက်ရသော ကျွန်တော့်ဇနီးမှာလည်း ယင်းကိစ္စအတွက် အစွန်းအထင်းမရှိ။ ကျွန်တော်တို့ကဒီလိုငွေမျိုးကို လူမှုရေးအရ ရှက်စရာဟု မြင်ပြီး ဘာသာရေးအရဒိုးတာဟု ယုံကြည်သောကြောင့်ဝေးဝေး ရှောင်သည်။ ဒါကြောင့် လူနတ်ချမ်းသာသော ခေတ်ကြီးနှင့် ကန့်လန့်တိုက်ပြီး တုံးတတ် အ, တတ်သော ကျွန်တော့်အဖို့ ဇနီးဖြစ်သူကလည်း တုံးဖော်၊ အ, ဖော်ဖြစ်နေခဲ့သဖြင့် ဒီအတွက် ပူညံပူညံလုပ်မည့်သူမရှိပဲ စိတ်ချမ်းသာခွင့်ရခဲ့သည်။ သို့သော် ကျွန်တော်တို့တွေမှာ ကိုယ်စီ လုပ်ပိုင်ခွင့်တွေ ရှိခဲ့ပါလျက် လူတော့မချမ်းသာခဲ့ပါ။

အမှန်တော့ ထိုစဉ်က ကျွန်တော်က အစိုးရဘဏ်မှာ လက်ထောက်မန်နေဂျာအဖြစ် ဆောင်ရွက်စဉ် ၁၉၈၈ အရေးအခင်းမှာ တက်တက်ကြွကြွပါဝင်ခဲ့မှုကြောင့် အလုပ်ပြုတ်ကာ နိုင်ငံရေးနယ်ထဲ ရောက်ပြီး ဘဝတက္ကသိုလ်သို့ ပထမ အကြိမ် အလည်ရောက်ပြီး ပြန်အလာမှာ ပုဂ္ဂလိကဘဏ်လောကသို့ ရောက်ပြီး ဘဝပြန်လည် ထူထောင်နေရချိန်ဖြစ်သည်။ ထိုနည်းတူ ဦးခင်မောင်ဌေးသည်လည်း တက္ကသိုလ် ကျောင်းသားဘဝကတည်းက နိုင်ငံရေးလှုပ်ရှားမှုထဲ ပါဝင်နေခဲ့ပြီး နိုင်ငံရေးဖြတ်သန်းမှု လှိုင်းများအကြားကူးခတ် ခဲ့သူဟု မသိခဲ့ပါ။ ထို့အတူ ထိုစဉ်က ဦးခင်မောင်ဌေးက တောခိုရာမှ ပြန်ရောက်ပြီး ဘဝကို ပြန်လည်ထူထောင်ဖို့ ကြိုးစားနေသူဖြစ်မှန်းလည်း မသိခဲ့ပါ။ ထိုနောက်များမကြာမီမှာပင် ကင်းအောင်မနေနိုင်သော နိုင်ငံရေး လှုပ်ရှားမှုများအကြား ကျွန်တော် ဆက်လက်ပတ်သက်ရင်း ၁၉၉၈ ခုနှစ်တွင် ဘဝ တက္ကသိုလ်သို့ ဒုတိယအကြိမ် ထပ်မံ ရောက်ရှိသွားပြီးသံတိုင်များနောက်ကွယ်တွင်ဘဝကိုငါးနှစ်ကြာအောင် ဖြတ်သန်းခဲ့ရပြန်သည်။ မိုးခါးရေ သည်းသည်း ရွာစဉ်က မိုးရေ မခံခဲ့မိသောကြောင့် ကျွန်တော်မိသားစုကို ရုတ်တရက်ခွဲခွာရချိန်မှာ နေစရာ အိမ်မရှိ၊ စီးစရာကားမရှိဖြစ်ခဲ့သည်မို့ငါးနှစ်ကြာပြီး ကျွန်တော် ပြန်လာတော့လည်း ဒီအတိုင်းပဲ ဖြစ်သည်။

သို့သော် မိသားစုထံ ကျွန်တော် ပြန်ရောက်ပြီးသည့်အခါ ဘဏ်လောကသို့ ကျွန်တော် ပြန်လည်ဝင်ရောက်ဖို့ အခွင့်မသာတော့ပဲ စာပေလောကနိုင်ငံရေးရေစီးကြောင်းသို့ ရောက်ရှိကာ ရေထွေးယှက်တင်ဘဝဖြင့် မြုတ်ချည်ပေါ်ချည် ဖြတ်သန်းလာခဲ့သည်။ သည်အတောအတွင်း စာပေလှုပ်ရှားမှုများနှင့်နိုင်ငံရေး အထိမ်းအမှတ်ပွဲများတွင် ကျွန်တော်ပါဝင်ပတ်သက်နေခဲ့သည်။

ထိုအထဲတွင် နှစ်စဉ်မပျက်မကွက်သွားဖြစ်ခဲ့သော ခရီးတစ်ခုမှာ လူထုဒေါ်အမာ၏ မွေးနေ့ပွဲများဖြစ်သည်။ ယင်းပွဲကိုများသောအားဖြင့် စာပေသမားများ၊ နိုင်ငံရေးသမားကြီးများ စုပေါင်းပြီး ရထားတစ်စီးထဲမှာ အတူစီးနင်းကာ ပျော်ပျော်ပါးပါး သွားဖြစ်ခဲ့ကြသည်။ သခင်အုန်းမြင့်၊ ဝါးခယ်မသခင် သိန်းမောင်၊ ဦးကိုကိုကြီး၊ ဦးမောင်မောင်ခင်၊ တော်ဘုရားလေးအောင်ဇေ၊ ဆရာမောင်ဝံသ၊ ဆရာ မောင်မိုးသူ၊ ဆရာထက်မြက်၊ ဆရာမ သန်းမြင့်အောင်၊ ဆရာမ မိချမ်းဝေ၊ ဆရာမောင်စိမ်းနီ၊ ဆရာလင်းထင်၊ ဆရာမောင်သွေးသစ်၊ ဆရာအောင်မျိုးစသည်တို့နှင့် အတူကိုမိုးဝင်း၊ မဒုံ၊ ဦးစိုးမြင့်၊ ဦးခင်အောင်အေး၊ ဦးဇော်သိန်းတို့မှာ ကျွန်တော်တို့ နှစ်စဉ်ဆုံနေကျ ခရီးဖော်များ ဖြစ်သည်။ နိုင်ငံရေးလောက စာပေလောကမှ နာမည်သိပြီး လူချင်းမဆုံဖူးသူများလည်း ရထားပေါ်မှာ တွေ့ဆုံခင်မင်ခွင့်ရကြသည်။

တစ်နှစ်သောခရီးမှာတော့ ဘုတာကြီးက ရထားမထွက်မီ ကျွန်တော်နှင့် ခုံနေရာချင်းကပ်လျက်

ဆရာထက်မြက်ကတစ်ဖက် ထိုင်ခုံ အခြမ်းမှ စာရေးဆရာနှင့် မိတ်ဆက်ပေးသည်။

"ကိုလွင်မွန်ရေ၊ ဒါက ဆရာသန်းစိုးနိုင်ပါဗျာ၊ ကိုသန်းစိုးနိုင်၊ ဒါက မောင်လွင်မွန် (ကသာ)"

ကျွန်တော်ကဝမ်းသာအားရဖြင့် ဆရာနှင့်မျက်နှာချင်း ထိုင်ခုံကို သွားထိုင်ပြီး ဆရာကို သွားနှုတ်ဆက်ခဲ့သည်။


"ဆရာနဲ့တွေ့ရတာ ဝမ်းသာလိုက်တာ၊ အထဲမှာတုန်းက စာအုပ်တွေ ခိုးသွင်းတော့ အတွေးအခေါ် ပါတဲ့ မဂ္ဂဇင်းတွေကိုပဲ လူငယ်တွေက သွင်းကြတာများတယ်၊ အဲဒီမှာ ဆရာ့ဆောင်းပါးတွေ အများကြီးဖတ်ခဲ့ရတယ် ဆရာ"

"အေးဗျာ၊ကျွန်တော်လည်း ဆရာနဲ့တွေ့ရတာ ဝမ်းသာပါတယ်"

ဟု ဆရာက လှိုက်လှိုက် လှဲလှဲဆိုသည်။ ဆရာနှင့်စကား ပြောရသည်မှာ သိဟောင်း ကျွမ်းဟောင်း တစ်ဦးနှင့် တွေ့ရသလို ခံစားရသည်။ ဆရာနှင့် စာအကြောင်း ပေအကြောင်း ခဏပြောပြီးနောက် ကျွန်တော့်ထိုင်ခုံဆီ ကျွန်တော် ပြန်လာခဲ့သည်။

ကျွန်တော် ထိုင်ခုံကို ပြန်ရောက်တော့ ဆရာထက်မြက်က

"ကျွန်တော်တို့နဲ့တွဲတဲ့ထဲက ရှေ့နေ ကိုခင်မောင်အေးကို ခင်ဗျား သိတယ်မဟုတ်လား"ဟု မေး



သည်။ ကျွန်တော်က

"သိတယ်လေ၊ ဦးခင်မောင်အေးရဲ့ ဘားလမ်းက ရုံးခန်းကိုတောင် ကျွန်တော်ရောက်ဖူးသေးတယ်"ဟု ဖြေလိုက်သည်။ ဆရာထက်မြက်က

"ကိုသန်းစိုးနိုင်က ကိုခင်မောင်အေး ညီပေါ့"

ဟု ပြောပြသည်။

ထိုစဉ်မှာပင် ကိုခင်မောင်အေး ညီဆိုသည့်စကားကို ကြားလိုက်ရသည်နှင့်စောစောက ဇဝေဇဝါဖြစ်နေသည့် တစ်စုံတစ်ခုမှာ ဖျတ်ခနဲ လင်းပွင့်သွားခဲ့သည်။

"ဩော်၊ ဒါဆိုဆရာ၊ ဦးခင်မောင်အေး ညီဆိုသူက ဦးခင်မောင်ဋ္ဌေးလား"

"ဟုတ်တယ်လေ၊ သူ့နာမည်က ခင်မောင်ဋ္ဌေး၊ ကလောင်နာမည်က သန်းစိုးနိုင်ပေါ့"

"ဩော်၊ ဒါကြောင့်သူ့ကို ကျွန်တော်မြင်ဖူးတယ်ထင်နေတာ၊ သူနဲ့ကျွန်တော် ကျွန်တော် ရိုးမဘဏ်မှာလုပ်ခဲ့တုန်းက ဆုံဖူးတယ် ဆရာ"ဟု ရှင်းပြလိုက်ပြီး ချက်ချင်းလို ဆရာသန်းစိုးနိုင်ဆီ ပြန်ရောက်သွားခဲ့သည်။

"ဆရာ၊ ဆရာက ဦးခင်မောင်ဋ္ဌေးနော်"

"ဟုတ်ပါတယ်ဗျာ"

"ကျွန်တော်အရင်က ရိုးမဘဏ်မှာလုပ်ခဲ့တုန်းက ဆရာနဲ့ ဆုံဖူးတယ်လေ ဆရာ၊ ဆရာ မှတ်မိမလားတော့မသိဘူး၊ အဲဒီတုန်းက ကျွန်တော်က ရိုးမမှာ အေဂျီအမ်နဲ့ ကတ်ဌာနကိုကိုင်နေတာ ဆရာကတ်လာလျှောက်တော့ ဦးအောင်ကြီးကိုလက်မှတ် ထိုးခိုင်းပေးပါဆိုပြီး ကျွန်တော် ဆရာ့ကို ပုံစံထုတ်ပေးလိုက်ဖူးတယ်လေ"

"ဩော် ဟုတ်တယ်၊ ဟုတ်တယ်၊ မှတ်မိပြီဗျာ"

"နောက်တော့ဆရာက ကတ်တော့မလုပ်ဖြစ်တော့ပဲ ဟိုင်းယားပါချေးစ်ဝယ်ချင်တယ်ဆိုလို့ ကျွန်တော် ချေးငွေဌာနကို လိုက်မိတ်ဆက်ပေးခဲ့တယ်လေ"

"ဟုတ်တယ်၊ အဲဒါ ဆရာကူညီခဲ့တာ ကျွန်တော်မှတ်မိတယ်။ အဲဒီတုန်းကကျွန်တော်

အတော့်ကို အံ့သြနေတာ၊ ဘာဖြစ်လို့လဲဆိုတော့ကျွန်တော်နဲ့ ဆရာနဲ့က အသိလည်း မဟုတ်ဘူးလေ၊ တစ်ယောက်ယောက်က မိတ်ဆက်ပေးထားတာလည်း မဟုတ်ဘူး၊ ကတ်လာလျှောက်ရင်းနဲ့ ဆယ်မိနစ်လောက်ပဲ စကားပြောဖူးတာ၊ ဆရာကချေးငွေတာဝန်ရှိတဲ့သူကို လိုက်မိတ်ဆက်ပေးတော့ ပထမတော့ ငါ့ကို ဘာလို့ဒီလောက်ကူညီပါလိမ့် လို့အံ့သြနေတာပေါ့၊ တစ်ခုခု မယုံသင်္ကာဖြစ်လောက်စရာ ဖြစ်နေတာကိုး၊ နောက်တော့ ဆရာက ရိုးရိုးသားသားလိုက် ကူညီတာပဲ ဆိုတာကို သဘောပေါက်သွားတယ်၊ ဆရာကကျွန်တော့်ကို ပြန်ဆက်သွယ်တာ၊ အဆင်ပြေလားဘာလား မေးကြည့်တာတို့ ဘာတို့လည်း မရှိဘူးလေ၊ ဒီတော့ ဒီလိုဘဏ်ကြီးတွေ အောင်မြင်တာဟာ ဒီလိုလူတွေရှိနေလို့ပဲလို့ ကျွန်တော် တွေးလိုက်မိဖူးတယ်''

ဟု ဆရာက ရှည်ရှည်ဝေးဝေး ရှင်းပြသည်။

ကျွန်တော်လည်းဆရာ့ အသိအမှတ်ပြုစကားအတွက် ပုထုဇဉ်ပီပီ ဝမ်းသာကျေနပ်မိသည်။

''ကျေးဇူးတင်ပါတယ် ဆရာ၊ အမှန်တော့ ဆရာတို့က ကျွန်တော်တို့ဘဏ်ကိုလာ ဆက်သွယ်တဲ့ ဘဏ်နဲ့ဆက်သွယ်သူ ကာစတန်မာတွေပဲ လေဆရာ၊ ဒီလူတွေ အဆင်ပြေအောင် လုပ်ပေးဖို့က ကျွန်တော်တို့ တာဝန်ပဲမို့ ပံ့ပိုးလုပ်ပေးခဲ့တာပါပဲ''

ဟု ရှင်းပြလိုက်သည်။ ဆရာ့ကို နှုတ်ဆက်ပြီး ကျွန်တော့် နေရာသို့ ပြန်ရောက်သည့်အခါ 'ကမ္ဘာကြီးက ကျဉ်းကျဉ်းလေး' ဟု ဆိုလောက်သည့် တစ်ဦးနှင့်တစ်ဦး တစ်နေရာမှာဆုံတွေ့ခဲ့ပြီး နောက်အခြားသော ဘဝတစ်ကွေ့တွင် ပုံစံတစ်မျိုးဖြင့် ပြန်လည် ဆုံဆည်းတတ်ပုံကို အံ့သြတကြီးစဉ်းစားနေမိသည်။ တစ်ချိန်က ဆရာကတော့ မပြန်၊ အကျဉ်းမလွတ်စာဘဝကိုပြန်ထူထောင်ချိန်မှာ ကျွန်တော်က သူ့ကိုဘဏ်မှ လက်ခံတွေ့ဆုံ ကူညီခဲ့သော ဘဏ်မန်နေဂျာ တစ်ဦး၊ ယခုတစ်ကြိမ်မှာတော့ ကျွန်တော်က အကျဉ်းမှပြန်လွတ်စ စာပေလောကထဲ ပြန်တိုးဝင်စမှာ အောင်မြင်ထင်ရှားနေပြီ ဖြစ်သည့် စာရေးဆရာတစ်ဦးကို သူ့ပရိသတ်အဖြစ် တွေ့ဆုံဝမ်းသာရသည့်အဖြစ်။

ဒီလိုအဖြစ်မှာ ဆရာကို ယခင်က ကူညီခဲ့ဖူးသည်ဆိုသည်က ကျွန်တော့်အတွက် ကျေနပ် ဝမ်းသာစရာဖြစ်နေခဲ့ရာ ယင်းဖြစ်ရပ်ကို ကျွန်တော်က ပြောင်းပြန် ပြန်စဉ်းစားကြည့်နေမိသည်။ အကယ်၍များ ကျွန်တော်ကဆရာကို ပထမအကြိမ်ဆုံခဲ့စဉ်မှာ ထိုကဲ့သို့ကူညီခဲ့သည်မဟုတ်ဘဲ မျက်နှာပြောင်ပြောင် ဖြင့်ကောက်ကျစ်လှည့်ပတ်ပြီး ညစ်ခဲ့မိသည်ဆိုပါစို့၊ သို့မဟုတ် ကတ်လာလျှောက်စဉ်က ကတ်လိုချင်လျှင် ဘယ်လောက်အကုန်ခံလျှင် ရနိုင်ကြောင်း တိုးတိုးတိတ်တိတ် ဈေးခေါ်ကာ ငွေရပေါက်လမ်းရှာခဲ့ဖူးသည် ဆိုပါစို့။ သို့မဟုတ် ကိုယ်တိုင်က အလုပ်များပြီး ကိုယ့်ဝန်ထမ်း တစ်ယောက်ယောက်ကို စိတ်တိုနေမိက်မို့ ကိုယ့်ဌာနနှင့် မဆိုင်သည်ကို လာမေးရကောင်းလား ဆိုပြီး ဆရာ့ကို ဟိန်းဟောက်မောင်းထုတ်ပစ်ခဲ့မိသည်ဆိုပါစို့။ ထိုသို့ထိုသို့ တစ်စုံတစ်ခုသော မမေ့လောက်စရာဆိုးဆိုးဝါးဝါး ဖြစ်စဉ်ဖြင့် ပထမ ဆုံဆည်းခဲ့စဉ်မှာ နှစ်ဦးနှစ်ဖက် အမှတ်ထင်ထင်ရှိခဲ့ပါက ယခုလို တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား၊ စာပေသမားများအဖြစ် ပြန်ဆုံကြရသည့်အခါ ဆရာ့မျက်နှာကို ကျွန်တော် ဘယ်လိုကြည့်ရမှာပါလိမ့်။

တွေးကြည့်ရင်းပင် ကျွန် တော်ချွေးပြန်ချင်လာသည်။ ထိုစဉ် ရထားက သံလမ်းချင်းဖြတ်သည့်နေရာနှင့် ဆုံသဖြင့်အနည်းငယ် ခုန်သွားသည်။ ရထားသံလမ်းချင်းဆုံသည့်နေရာမှာတော့ တစ်ခုကို တစ်ခု အပေါ်ကဖြတ်သည် အောက်ကဖြတ်သည်ဟု မရှိနိုင်။ ဒါတောင် မညီမညွတ် မချောမမွေ့ အနည်းငယ်တော့ ဖြစ်ရသေးသည်။ ဘဝလမ်းမှာတော့ကိုယ်စီဘဝလမ်းကြောင်းချင်း ဆုံဆည်းဖြတ်သန်းရ

သည့်အခါ အပေးအယူမျှတပြီး ညီညွတ် ပြေပြစ်သည့် ဖြတ်သန်းမှုမျိုးရှိသလို တစ်ဦးက ဖိနှိပ်တင်းပြီး ဖြတ်သန်းသည်မျိုး၊ တစ်ဦးကမတတ်သာပဲ အောက်ကျို့သည်းခံ ဖြတ်သန်းလာရသည်မျိုး ရှိနိုင်သည်။ ထိုသို့မပြေမပြစ် ဖြတ်သန်းကြသူများ ပြန်လည်ဆုံဆည်းသည့်အခါ ဘယ်ပုံပြေပြေပြစ်ပြစ် ပြန်လည်တွေ့ဆုံ ဖြတ်သန်းနိုင်မှာပါလိမ့်။

"လက်မှတ် ကလေးတွေ ထုတ်ထားပါ၊ မှတ်ပုံတင်နဲ့ တွဲပြီးပြပါ"

ကျွန်တော် အတွေးလွန် နေသဖြင့် လက်မှတ်စစ် အနားရောက်လာတာကို မမြင်ပဲရှိရာ ရုတ်တရက် ရထားလက်မှတ်ကို ထုတ်ပေးလိုက်နိုင်ပေမယ့်အတူတွဲပြီး ပြရမည့် မှတ်ပုံတင်ကတော့ အလွယ်တကူမရှိ။ မှတ်ပုံတင်ကို ဘယ်မှာသိမ်းထားပါလိမ့် ဟု ချက်ချင်းစဉ်းစားမရပဲ ရှာဖွေနေရသည်။ အင်္ကျီအိတ်ထဲ၊တိုက်ပုံထဲ၊ ခရီးဆောင်အိတ်အပြင် ဘေးအိတ်ထဲစသဖြင့် ကျွန်တော် ရှာနေစဉ် လက်မှတ်စစ်က

'ကျွန်တော်ခဏနေမှ ပြန်လာခဲ့မယ်'ဟု ပြောပြီးနောက် ထပ်ထိုင်ခုံများဆီသို့ဆက်လက် ထွက်ခွာသွားသည်။ အတန်ကြာရှာပြီးမှ ခရီးဆောင်အိတ် အတွင်းဘေးအိတ်ထဲမှ ပိုက်ဆံ အိတ်ထဲမှာ ရှာတွေ့သည်။ ဒီတော့ တွဲအဆုံးအထိ လက်မှတ်စစ်ပြီးမှ ကိုယ့်ထိုင်ခုံကို တစ်ခေါက် ပြန်လာရမည့် လက်မှတ်စစ်ကို အတော်အားနာသွားသည်နှင့် သူပြန်အလာကို မတ်တပ်ရပ်ပြီး စောင့်နေလိုက်သည်။

ထိုစဉ်မှာတစ်ဖက် ခုံတန်းမလှမ်းမကမ်းမှာ ညီအစ်မ တစ်ယောက်က သားရေအိတ် တစ်လုံးကို ပစ္စည်းတင်စင်ပေါ်သို့ မနိုင်မနင်းတင်နေသည်ကို လှမ်းမြင်လိုက်ရသည်။ မျက်နှာချင်းဆိုင်မှ ခရီးသည်နှစ်ဦးက အိပ်ပျော်နေသဖြင့် သူတို့က ခုံပေါ်တက်ခွင့်မသာပဲ သူတို့ အရပ်နှင့်မမီမကမ်း စင်ပေါ်ကို ကြိုးစားတင်နေကြတာ ဖြစ်သည်။ ကျွန်တော်က အမြင်မတော်သဖြင့် အိတ်ကိုယူပြီး တင်ပေးဖို့လုပ်ပါသည်။ မိန်းကလေး နှစ်ယောက်က ကျွန်တော့်ကို အိတ်မကိုင်စေပဲ တစ်ဦးက "မလုပ်ပါနဲ့ဦး၊ ထမီတွေပါလို့ပါ"ဟုဆိုသည်။ ကျွန်တော်က

"ရပါတယ်သမီးရယ်" ဟု ဆိုကာ အိတ်ကို စင်ပေါ်တင် ပေးလိုက်ရုံမက အိတ်ကိုပြုတ်မကျအောင် စနစ်တကျနေရာချ ပေးလိုက်သည်။ သူတို့က ကျေးဇူးပါဦးရယ်ဟုဆိုသည်ကို ကျွန်တော်က ခေါင်းညိတ်လက်ခံပေးလိုက်သည်။

ထိုစဉ်မှာပင် လက်မှတ်စစ် လူရွယ်ပြန်ရောက်လာသဖြင့် ကျွန်တော်ကမှတ်ပုံတင်ကို လှမ်းပေးရင်း

"ဆောရီးနော်၊ ကျွန်တော့် မှတ်ပုံတင် အသိမ်းလွန်နေလို့ ရုတ်တရက်ရှာမရ ဖြစ်သွားတယ်ဗျာ"

ဆိုတော့ လက်မှတ်စစ်က စစ်ပြီးသော လက်မှတ်ကို ပြန်ကမ်းပေးရင်း

"ရပါတယ်ဦးရယ်၊ ဒီလိုပဲ ဖြစ်တတ်ပါတယ်"

လက်မှတ်စစ်က ခပ်ပြုံးပြုံး ပြောသည်။ ကျွန်တော်ကလည်း ကျေးဇူးတင်စွာ ပြန်ပြုံးပြရင်း မှတ်ပုံတင်နှင့် လက်မှတ်ကို ပြန်သိမ်းလိုက်သည်။

မကျယ်ဝန်းလှသောကမ္ဘာကြီးထဲမှာ လက်မှတ်စစ်လူရွယ်လေးနှင့်ဖြစ်စေ၊ ကျွန်တော် ကူညီပေးလိုက်ရသော မိန်းကလေးတို့နှင့်ဖြစ်စေ တစ်နေ့နေ့ တစ်နေရာရာမှာ ပြန်ဆုံကောင်းဆုံနိုင်ပါသည်။ ဖြစ်တောင့်ဖြစ်ခဲမို့ ဆုံချင်မှလည်း ဆုံပါလိမ့်မည်။ ဆုံရင်လည်း မှတ်မိချင်မှမှတ်မိကြပါလိမ့်မည်။ သို့သော် ပြန်ဆုံခြင်း မဆုံခြင်း၊ မှတ်မိခြင်း မမှတ်မိခြင်းတို့အတွက် ဘယ်သူ့ဖက်ကမှ စိုးရိမ်စရာရှိမည် မထင်ပါ။

ပြေပြစ်ညီညွတ်သော ဖြတ်မျဉ်းတို့အတွက် ဆုံမှတ်သစ်ရှိခြင်း မရှိခြင်းမှာ ပူပန်စရာ မဟုတ်သော ကြောင့် ဖြစ်ပါသည်။

■ မောင်လွင်မွန် (ကသာ)

❖

# နှင်းဖျော့ဖျော့

## ခမန်းမဲ့ဖျော့ရည် ဖဲ့ဝန်းကြွေကြော့ပါ....

မန္တလေး ကျွဲဆည်ကန် ကားကြီးကွင်းထဲတွင် ကားများ၊ ဆိုင်ကယ်များ၊ ဈေးသည်များနှင့် ရှုတ်ယှက်ခတ်လျက်ရှိပြီး ခရီးသည် တချို့လည်း မိမိသက်ဆိုင်ရာ ကားဂိတ်တွင်စောင့်ဆိုင်းလျက်ရှိသည်ကို တွေ့ရသည်။

"သမီး ဟိုရောက်ရင် မတည့်တာတွေ မစားနဲ့နော်၊ ကျန်းမာရေး ဂရုစိုက်ကြားလား၊ လိုအပ်တာရှိရင် မေမေ့ဆီ ချက်ချင်း ဖုန်းဆက်နော်၊





ရေပြောင်း မြေပြောင်းဆိုတော့ ငါ့သမီးလေး မနေတတ်မှာစိုးတယ်။ ဖုန်းတော့ နေ့တိုင်းဆက်နော်။ သမီးကြီး ကြားလား'' လို့ မျက်ရည်လေး စမ်းတမ်းစမ်းတမ်းနဲ့ မေမေ တစ်ယောက် မမကိုမှာတမ်းခြွေနေတာ တစ်ထောင့်တစ်ညပုံပြင်လိုပဲ မဆုံးနိုင်တော့ပါ။ မန္တလေး ကျွဲဆည်ကန်ကားကြီးကွင်းထဲတွင် နေပြည်တော်သို့ နေ့လည်ပိုင်းထွက်မည့် ကားမထွက်ခင် ကျွန်မတို့သားအမိသုံးယောက် နာရီဝက်ကြိုတင်၍ ရောက်နှင့်နေ ကြကာနေပြည်တော်သို့ တာဝန် အပြောင်းအရွှေ့ကျသည့် မမကို မေမေနဲ့ကျွန်မက ကားဂိတ်သို့ လိုက်ပို့ပေးကြခြင်းဖြစ်သည်။ ''မန္တလေးနဲ့ နေပြည်တော်က အလွန်ဆုံးကားစီးရမှ လေးနာရီလောက်ပါပဲ၊ နီးပါတယ် မေမေရယ်၊ မေမေ မမဆီသွားလည်ချင်တယ်ဆိုလည်းမြန်တာပေါ့'' လို့ ကျွန်မကမေမေကို နှစ်သိမ့်စကားဆိုလိုက်ပါသည်။ ဘာလို့လဲဆိုတော့ မေမေအကြောင်းကို ကျွန်မအသိဆုံး။ မိဘများတွေထဲမှာ ပြိုင်စံရှားဟု ဆိုရမလောက်ပင်။ ဖေဖေက အလုပ်ကိစ္စနှင့် ခရီးအမြဲတမ်းထွက်နေရတော့ အိမ်မှာအမြဲနေရတယ်ကို မရှိပေ။ ဖခင်တာဝန်ရော မိခင်တာဝန်ရော နှစ်ခုလုံးကိုပါ မေမေ တစ်ယောက်တည်း တာဝန်ယူခဲ့ခြင်း ဖြစ်သည်။ မေမေက ကျွန်မတို့ ညီအစ်မသုံးယောက်အပေါ်မှာ ရင်အုပ်မကွာ စောင့်ရှောက်ခဲ့တာ အကြီးဆုံးဖြစ်တဲ့ မမတောင် ဘွဲ့ရလို့ အစိုးရ ဝန်ထမ်းဖြစ်နေပြီ အခုအချိန်အထိ သူ့မျက်စိထဲမှာ မမကို မူကြိုကလေးတစ် ယောက်လိုမြင်နေတုန်း။ အခု ပဲကြည့်လေ နေပြည်တော်ကို ပြောင်းရွှေ့မိန့်ကျတဲ့ မမကို မှာ တမ်းခြွေနေတာ။ ပထမဆုံး မူကြို စတက်တဲ့ကလေးကို လိုက်ပို့ပေးနေသလိုမျိုး။ သားသမီးနဲ့ တစ်ခါမှ မခွဲဘူးလို့ ခွဲရမှာ စိတ်မချဖြစ်ပြီးစိတ်ပူပန်နေတဲ့ မိခင်တစ်ယောက်ရဲ့စိတ်ကို ကျွန်မ အထင်သားမြင်နေရသည်။

''သူလည်း ကလေးမဟုတ်ပါဘူး မေမေရာ၊ မေမေ့သမီး ဟိုရောက်ရင် နေသားကျသွားမှာပါ''

ပူပန်နေတဲ့ မေမေ့စိတ်ကို ပြေပျောက်သွားအောင် ကျွန်မ ထပ်ပြီး နှစ်သိမ့်စကားဆိုလိုက် ပြန်ပါသည်။ ဒါပေမယ့် ကျွန်မရဲ့ စကားလုံးတွေက မေမေ့ရဲ့မှာ တမ်းတွေကို တိုးမပေါက်။

''မေမေ သမီးကို စိတ်မပူပါနဲ့၊ မေမေသာ ကျန်းမာအောင်နေနော်''

''ညီမလေး နင် မေမေ့ကို သေချာဂရုစိုက်နော်ကြားလား''

မမက မေမေကို နှစ်သိမ့်ပေးရင်း ကျွန်မကိုလည်း လှမ်းပြောလိုက်ခြင်းဖြစ်သည်။ ''အေးပါ၊ စိတ်ချပါမမရယ်၊ နင်သာ ဟိုမှာ ကောင်းကောင်းနေပါ၊ ဖုန်းတော့ မေမေ့ဆီကို ပုံမှန်လေးဆက်၊ နင်မြင်တဲ့အတိုင်းပဲ မေမေက နင့်ကို စိတ်ချတာမဟုတ်ဘူး၊ နေပြည်တော်ကိုတောင် သူကိုယ်တိုင်လိုက်ချင်တယ်ပြောနေတာ' ကျွန်မလည်း ပြန်ဖြေရင်းမှာ လိုက်သည်။ ''အေးပါ၊ ဟိုမှာ နေသာကျသွားရင် နောက်တော့ ငါခေါ်မှာပါ၊ မေမေ့ကိုသာနင် သေချာဂရုစိုက်ပေး ဟုတ်ပြီ လား'' မေမေကို ဂရုစိုက်ဖို့ မမက ကျွန်မကိုထပ်တလဲလဲမှာကြားသည်။ ကျွန်မ မေမေ့ မျက်နှာကို တစ်ချက်ကြည့်လိုက်သည်။ ကျွန်မတို့ ညီအစ်မ နှစ်ယောက် ပြောနေသည့်စကားတွေကို သူမ အာရုံမရှိပါ။ သူ့ သမီးကြီးမျက်နှာကိုပဲ တစိမ့်စိမ့်ကြည့်ပြီး မျက်ရည်တွေတွင်တွင် ကျနေရှာသည်။ သူမငိုတာမြင်တော့ ကျွန်မရင်ထဲ မကောင်းပါ။ မေမေ့ကိုကြည့်ပြီး ကျွန်မပါ ဝမ်းနည်းသလိုဖြစ်လာသည်။ မမကတော့ တက်ကြွပျော်ရွှင်တဲ့ မျက်နှာနဲ့။ သူကိုယ်တိုင်ရွေး ချယ်ခဲ့တဲ့လမ်းမို့ သူကပျော်နေ ခြင်းဖြစ်သည်။

''ငါ့သမီးကြီးက ရိုးတယ်၊ အေးတယ်၊ ထိုနာနာလေး'' ဆိုပြီးမမအပေါ်မှာ မေမေကအချစ်ပိုခဲ့သည်။ မမက ဝန်ထမ်းလောကထဲသို့ ဆယ်တန်းအောင်နဲ့ ဝင်ခဲ့ပြီး သူကတော့ မိဘစကားကို နားထောင်ခဲ့သည့် သမီးအလိမ္မာ

တုံးလေးဖြစ်ခဲ့သည်။ မမဝန်ထမ်းဖြစ်သည်ကို ထီသိန်းတစ်ထောင်ဆု ပေါက်တာထက်ပင် မေမေက ပိုပြီး ပျော်နေတတ်သည်။ ရပ်ကွက်ထဲတွင်လည်း ဒီလိုသမီးမျိုး ဒီကမ္ဘာမှာ သူမတစ်ယောက်တည်း ပိုင်ဆိုင်ထားသလိုမျိုး ဂုဏ်ယူမဆုံးတပြုံးပြုံးပေါ့။ ဂုဏ်ယူလွန်းလို့ လမ်းလျှောက်ရင်တောင် ရင်ကိုကော့ ခေါင်းကိုမော့ပြီးမှ လျှောက်တတ်တာ မေမေ့အကျင့် ဖြစ်သည်။

"သမီးငယ်၊ သမီးလည်း မမကြီးလို ဝန်ထမ်းလုပ်နော်" "မလုပ်ချင်ပါဘူး မေမေရာ"

ကျွန်မက မမလိုမဟုတ်ပါ။ ဘုကလန့်။ဝန်ထမ်းလုပ်ဖို့လည်း စိတ်မဝင်စားခဲ့။ ကျွန်မ ဆယ်တန်းအောင်တော့ ဥပဒေမေဂျာကို ယူခဲ့သည်။ ဥပဒေပညာနဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ ပြောရရင်တော့ပုဂ္ဂလိက ရှေ့နေပေါ့။ ဒါကြောင့်လည်း ပြောစကားနားထောင်သည့်မမကို မေမေက အချစ်ပိုခဲ့ခြင်းဖြစ်သည်။

"မေမေ သမီးနေပြည်တော်မှာသွားပြီး တာဝန်ထမ်းဆောင်မလို့" ရုတ်တရက်ပြောလာတဲ့ မမစကားကြောင့်မေမေမှင်သက်သွားသည်။ "ဘာ၊ ဘာ ပြောလိုက်တယ်" မေမေရင်ကျိုးပြီပေါ့။ ရင်ကျိုးတာလည်း ပြောမနေနဲ့ နေပြည်တော်ဆိုတာမျိုးက မိုးကျရွှေကိုလိုမျိုး ဘွားကနဲ မနေ့တစ်နေ့ကမှပေါ်လာတာ။ အရင်တုန်းက တောကြီးမျက်မဲ လူမရှိသူမရှိ။ သူပုန်တွေ ခိုအောင်းခဲ့တဲ့နေရာလို့တောင် ကျော်ကြားခဲ့တာ။ အခု နေပြည်တော်ကြီးစတည်တော့ နေပြည်တော်မှာ ဝန်ထမ်းအင်အားလိုနေတယ်ဆိုပြီး မြန်မာနိုင်ငံ တိုင်းနဲ့ ပြည်နယ်မှာရှိတဲ့ ဝန်ထမ်းအင်အားစုစည်းပြီး နေပြည်တော်ကို ပို့တယ်။ မဖြစ်မနေသွားရတော့မယ်ဆိုတော့ ဝန်ထမ်းတွေက ဘယ်သူမှ မသွားချင်ကြဘူး။ မဲဇာတောင်ခြေအပို့ခံရတဲ့အဖြစ်မျိုး။ ကိုယ့်သေတွင်းကိုယ် ဘယ်သူမှ မတူးချင်ကြဘူး။ ဒါပေမယ့် နေပြည်တော်ကို ပြောင်းရွှေ့ဖို့ မမကိုယ်တိုင် ရွေးချယ်ခဲ့သည်။

မေမေအံ့ အားသင့် သွားပြီး ပေါက်ကွဲတော့မည့် မီးတောင်တစ်ခုလိုမျိုး။ "နေပြည်တော်ကို ဘာသွားလုပ်မှာလဲ ညည်းက၊ ဘာကိစ္စသွားမှာလဲ၊ ဟိုမှာလူလည်း ရှိတာလည်း မဟုတ်ဘူး၊ စားရေးနေရေးက အခက်အခဲဖြစ်ဦးမယ်၊ ဖျားနာရင်လည်း ဆေးရုံဆေးခန်းဆိုတာလည်း အနီးနားမလွယ်ဘူး။ အဲ့လိုနေရာမျိုးမှာ ညည်းက ဘာသွားလုပ်မှာလဲ"ပြောရင်း မေမေ့မျက်နှာကြီးနီရဲလာသည်။ မေမေ မမ အပေါ်မှာ ဒါသထွက်သည်ကို ကျွန်မဒီတစ်ခါပဲ မြင်ဖူးသေးသည်။ ဒါပေမယ့် မေမေက ပြောသာပြောနေတာ ခန္ဓာကိုယ်ကတော့ အရုပ်ကြိုးပြတ်သလိုမျိုး ဘုန်းခနဲကုတင်ပေါ် ထိုင်ချလိုက်ပြီး ခြေမကိုင်မိ လက်မ ကိုင်မိ ဘာလုပ်ရမှန်းမသိတော့တဲ့ပုံစံမျိုး။ "ဟုတ်သားပဲ မမရယ်၊ နင်ဘာလို့သွားမှာလဲ၊ ဟိုမှာ ခေါင်ကခေါင်နဲ့ နေစရာကတော့ ထားပါတော့၊ နင်ဘာနဲ့စားမလဲ၊ ဈေးသည်မရှိ ဘာမရှိနဲ့" ကျွန်မလည်း မီးလောင်ရာလေပင့် လုပ်လိုက်သေးသည်။

"သမီးက နာမည်စာရင်းတောင်ပေးပြီးသွားပြီ"။ မေမေ့မျက်နှာကို ကျွန်မတစ်ချက်ကြည့်လိုက်သည်။ ထင်ထားတဲ့အတိုင်းပဲ မေမေပေါက်ကွဲလေပြီ။

"သမီးကြီး ညည်းလုပ်ရက်တယ်အေ၊ ငါ့ကိုတိုင်ပင်ပါတော့လားအေ၊ ညည်းဘယ်လိုစိတ်ကူးနဲ့များ နေပြည်တော်ကို သွားဖို့စိတ်ကူးတာလဲ"

ပြောရင်း မေမေ့ရဲ့အသံတွေ အက်ကွဲကြေကွဲစွာ တိမ်ဝင်သွားခဲ့သည်။ နောက်ဆုံး မေမေ ချုံးပွဲချငိုပါလေရော။ "သမီးလည်း အဲ့လိုတော့ မတွေးလိုက်မိဘူးလေ၊ ဟိုမှာကဝန်ထမ်းအင်အားလိုနေတယ် ဆိုတာနဲ့ပဲ သမီးက စာရင်းပေးလိုက်မိတာ။ အခုလိုတော့ မစဉ်းစားလိုက်မိဘူး"

မမက အဲ့လိုပြောတော့

"အေးပြီးတာပဲ၊ နာမည်စာရင်း ပြန်ဖျက်လို့ရရင်ဖျက်၊ မရရင်တော့ ညည်းထိုက်နဲ့ညည်း



ကျွန်မက ဝန်ထမ်း မဖြစ်ချင်ဘူး။
ဝန်ထမ်းက လစာလည်း နည်းတယ်။
သမားရိုးကျပုံစံနဲ့ သွားတယ်လို့ ကျွန်မက
ယူဆတယ်။ ပြီးတော့ ...

ကံပဲ၊ သေသေရှင်ရှင် ငါဂရုမစိုက်ဘူး၊ ညည်းဘာသာသွားချင်သွား မသွားချင်နေ၊ ငါဘာမှ မပြောတော့ဘူး၊ ညည်းနဲ့ငါ ရှင်ခန်းပြတ်ပဲ'' မေမေက ဒိုလည်းဒို ကရုဏာ ဒေါသနဲ့ပြောတော့မှ မမက ငိုပါလေရော။

''သမီးလည်းသေချာမသိပါဘူး၊ သူများတွေက သွားကောင်းတယ် ဆိုလို့၊ နေပြည်တော်မှာဆို ညည်းအတွက် တက်လမ်းရှိတယ်။ ညည်းကငယ်သေးတယ်၊ သွားသာသွားဆိုလို့ သမီးက စာရင်းပေးလိုက်မိတာပါ''

မမကရှင်းပြတော့မှ သားအမိနှစ်ယောက် အဲ့နေ့ကတစ်ယောက်ကိုတစ်ယောက် ဖက်ပြီး ငိုလိုက်ကြတာ တစ်နေကုန်ပါပဲ။ အစာလည်း မစားကြဘူး။ တမှိုင်မှိုင်တတွေတွေနဲ့။ မေမေနဲ့မမအဖြစ်ကိုကြည့်ပြီး ကျွန်မ တကယ်စိတ်မကောင်း ဖြစ်မိသည်။ မေမေဆိုပိုဆိုး၊ ကျွန်မတစ်ယောက်လုံး သူမအနားမှာ ရှိနေခဲ့တာတောင် အရေးမစိုက်ခဲ့ပါဘူး။ ကျွန်မ ဝမ်းနည်းလိုက်တာ။ အခုလည်းကြည့်လေ နေပြည်တော်ကိုသွားမယ့်ကားက ထွက်တော့မှာ မမလက်ကို အခုထိဆွဲထားတုန်း။ ဖြစ်နိုင်ရင် နေပြည်တော်အထိတောင် လိုက်ပို့ပေးချင်သတဲ့။ ပိုဆိုးတာက အဲ့တုန်းက အခုလို ၁၅၀၀ တန် ဖုန်းဆင်းကဒ်တွေ ခေတ်မစားသေးတော့ မမနဲ့အဆက်သွယ်ရ ဖို့ဆိုတာ တော်တော်လေးခက်ခဲခဲ့သည်။ ''ဒေါ်အေးမြိုင် ဖုန်းလာတယ်ဗျို့'' ရပ်ကွက်ထဲက ကလေးတစ်ယောက်က လာခေါ်ခြင်းဖြစ်သည်။ အဲ့အသံကြားရင် မေမေ့မျက်နှာက လမင်းကြီးလိုပဲ ချက်ချင်း ဝင်းပသွားရှာသည်။ ကျွန်မသိတယ်လေ မမဆီက ဖုန်းလာပြီဆိုတာ။ ဖုန်းပြောပြီးလို့ ပြန်လာရင်လည်း ကြည့်စရာ မလိုပဲ ကျွန်မသိပါသည်။ မေမေ့ မျက်လုံးအိမ်မှာ မျက်ရည်စတွေနဲ့ပါ။ နှစ်လ သုံးလလောက် အဲ့ပုံစံအတိုင်းပဲ မပြောင်းမလဲဖြစ်ခဲ့သည်။ ''မေမေ မမက ဘာပြောသေးလဲ'' ဟု ကျွန်မက မေးလိုက်သည်။

''သူ့ဟိုမှာနေရထိုင်ရတာ အဆင်ပြေတယ်တဲ့။ သူ့ကို စိတ်မပူနဲ့တဲ့၊ နောက်လလောက်ဆို အိမ်ကိုအလည်ပြန်လာမယ်တဲ့''

မေမေက ကျွန်မမေးတာကို ဖြေသာဖြေနေတာ သူ့ခေါင်းထဲမှာ သူ့သမီးကြီးအကြောင်းတွေ တွေးနေပြီး စိတ်နဲ့လူနဲ့က မကပ်ရှာဘူး။ ဒါပေမယ့် မကြာမကြာလည်း မမလည်း အိမ်ကို ပြန်လာလေ့ရှိသည်။ ပြန်လာတိုင်း ကားဂိတ်ကို ပြန်လိုက်ပို့ပေးသည့်အခါတိုင်း မေမေ့မှာ မျက်ရည်နဲ့ မျက်ခွက်။ နောက်ပိုင်းနှစ်တွေ ကြာလာတော့မှ မေမေလည်း နေသားကျသွားရှာသည်။

''သမီးငယ် ညည်းလည်း ဝန်ထမ်းလုပ်ဖို့စိတ်မကူးတော့ဘူးလား''

စလာပြီ။ မေမေရဲ့ဖွင့်နေကျ မာတ်ပြားဟောင်းကြီး

"တော်ပါပြီ မေမေရာ၊ မေမေ့ကို သနားတယ်၊ မမကို သတိရတဲ့ စိတ်နဲ့တင် မေမေ ရူးတော့မယ်၊ သမီးဝန်ထမ်းဖြစ်လို့ နယ်တွေ ဘာတွေ သွားရရင် သမီးကိုရော ထပ်ပြီးခွဲနိုင်လို့လား"

ဒီစကားနဲ့တင်မေမေငြိမ်ကျသွားသည်။ ဒါလည်းခဏပါပဲ။ အငယ်ဆုံးလေးက ဆယ်တန်းအောင်တော့ သူလည်းဝန်ထမ်းလောကထဲကို ဝင်သွားခဲ့သည်။ မမနဲ့ အငယ်ဆုံးလေးကတော့ သူမဖြစ်စေချင်တဲ့အတိုင်း ဝန်ထမ်းတွေဖြစ်သွားပြီ။ ဒီတစ်ခါ မြားဦးက ကျွန်မပဲပေါ့။ ကျွန်မက ဝန်ထမ်းမဖြစ်ချင်ဘူး။ ဝန်ထမ်းက လစာလည်း နည်းတယ်။ သမားရိုးကျပုံစံနဲ့သွားတယ်လို့ ကျွန်မကယူဆတယ်။ ပြီးတော့ ဟိုအရင်အစိုးရလက်ထက်တုန်းက ဝန်ထမ်းအချင်းချင်း အထက်အောက်ဖိနှိပ်တာမျိုးတွေ ရှိခဲ့ဖူးသည်။ အမှားကိုအမှားပါဆိုပြီး ထောက်ပြခွင့်မရှိတဲ့ အနေထားမျိုးတွေ၊ ပွင့်လင်းမြင်သာမှုမရှိတာတွေ၊ တစ်သွေတစ်မိန့် အာဏာရှင်ဆန်တဲ့ အပြုအမူမျိုးတွေ ရှိခဲ့ဖူးသည်။ ယုတ်စွအဆုံး ကိုယ့်အထက်က လူကြီးကိုမျက်လုံးတောင် လှန်မကြည့်ရဲခဲ့တဲ့ခေတ်။ အခုနောက်ပိုင်းတော့ အများကြီးပြောင်းလဲ သွားပါပြီ။ ကျွန်မလည်းဝန်ထမ်း မဖြစ်ချင်တာနဲ့ အိမ်ကလည်း ဝန်ထမ်းဖြစ်စေချင်တာနဲ့ ခဏတိုင်းစကားများခဲ့ရသည်။ ကျွန်မကိုယ်တိုင်ကလည်း ခေါင်းမာသည်။ တစ်ဇွတ်ထိုးဆန်သည်။ ကိုယ်လုပ်ချင်တာ ကိုယ်ဖြစ်ချင်တာကိုပဲ ကျွန်မဘဝတစ်လျှောက်လုံး ကြိုးစားပြီးဖြစ်အောင်လုပ်ခဲ့သည်။ ပိုဆိုးတာက မမ နေပြည်တော်ကို ပြောင်းရွှေ့ပြီး မကြာပါဘူး။ ရာထူးတိုးမြှင့်ခြင်းခံခဲ့ရသည်။ ဒါတင်မကသေးဘူး သိပ်မကြာလိုက်ဘူး ရာထူးက ထပ်တိုးပြန်ပါသည်။ ပြဿနာက အဲ့မှာစတင်လာခြင်းဖြစ်သည်။ မေမေ့အခြေအနေက ပိုပိုပြီး ဆိုးလာသည်။ ကျွန်မကိုသူ့သမီးကြီးလိုဖြစ်စေချင်တဲ့ သူမရဲ့ဆန္ဒက တစ်နေ့ပြီးတစ်နေ့ ပိုပိုကြီး ထွားလာပါသည်။ ယုတ်စွအဆုံး မေမေနဲ့ကျွန်မ အကြီးအကျယ် စကားများပြီး ကျွန်မကိုအိမ်ပေါ်ကနေ နှင်ချတဲ့အဆင့်ထိ အခြေအနေတွေက ဆိုးရွားခဲ့သည်။ ကျွန်မငိုခဲ့ရတဲ့ရက်တွေ ကိုကျွန်မခေါင်းအုံးလေးက အသိဆုံးပင် ဖြစ်သည်။ နောက်ဆုံးကျွန်မ မေမေ့ရဲ့စကားတစ်ခွန်းကြောင့် အရှုံးပေးခဲ့ရသည်။

"ငါ့သမီး မေမေတို့က ရှေ့လျှောက် အသက်ကြီးပြီ၊ သမီးသုံးယောက်မွေးထားတာ သုံးယောက်စလုံးကို မေမေက ဝန်ထမ်းတွေပဲဖြစ်စေချင်တာ၊ ဒါမှ မေမေသေရင် စိတ်အေး လက်အေးနဲ့ မျက်စိမှိတ်နိုင်မှာ" တဲ့လေ။

မေမေဆီက အဲ့စကားကြားရတော့ ကျွန်မရင်မှာဆို့နင့်သွားခဲ့သည်။ ကျွန်မ အရမ်းကို မှားသွားပြီဆိုတာ သိလိုက်ရသည်။ ကျွန်မဖြတ်သန်းခဲ့ရသည့် ဘဝတစ်လျှောက်လုံး မိဘတွေဖြစ်စေချင်တာထက် ကျွန်မဖြစ်ချင်တာတွေကိုပဲ ဦးစားပေးလုပ်ခဲ့သည်။ မေမေရဲ့စကားတစ်ခွန်းကြောင့် ကျွန်မဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချနိုင်ခဲ့သည်။ ကျွန်မဝန်ထမ်းတစ်ဦး ဖြစ်ကိုဖြစ်ရမယ်ပေါ့။ အမှန်တိုင်းပြောရရင် ဝန်ထမ်းဖြစ်ဖို့ ဆိုတာပါးစပ်က ပြောသလို ဉ်ဖြူ ဆိုပြီး ဖြစ်လာလို့မှ မရတာ။ အဲ့တော့ ကျွန်မဘာတွေလုပ်ရမလဲ။ ကျွန်မဘက်က ဘာတွေပြင်ဆင်ရမလဲ။ ဘယ်လိုတွေ ကြိုးစားရမလဲ။ အဲ့မှာ ကျွန်မရဲ့ဒုတိယခြေလှမ်းကို စတင်ခဲ့ခြင်းသည်။ ပထမ ကျွန်မရွေးချယ်ခဲ့တဲ့လမ်းက ဥပဒေပညာနဲ့ အသက်မွေးဝမ်းကျောင်းမှု။ အောင်မြင်တဲ့ ရှေ့နေတစ်ယောက် ဖြစ်လာဖို့အတွက် အချိန်တွေ၊ ငွေတွေ၊ လူအင်အားတွေ အများကြီး ရင်းနှီးခဲ့ရသည်။ ကျွန်မလေ့လာသင်ယူခဲ့ရတဲ့ဥပဒေပညာတွေကိုကျွန်မအရမ်းနှမြောမိသည်။ မိဘတွေရဲ့ဆန္ဒကို လိုက်လျောပေးဖို့ ကျွန်မချစ်တဲ့ ဥပဒေပညာကို ကျွန်မ

စွန့်လွှတ်ခဲ့ရသည်။ ဒါပေမယ့် မိဘစကားကို နားထောင် တဲ့ကလေးက ကံကောင်းမှုတွေ ပဲရတတ်သည်မှာ အမှန်တကယ် ဖြစ်သည်။ ယခု အစိုးရသစ်လက်ထက်တွင် ဝန်ထမ်း လောကထဲကိုဝင်ရောက်ရန် အခွင့်အလမ်းတွေ အများကြီး ပေါ်ပေါက်လာခဲ့သည်။ သတင်းစာကြော်ငြာတွေမှာ အစိုးရဝန်ထမ်း အလုပ်ခေါ်စာတွေ ခဏတိုင်းခေါ်တတ်တာတွေ့ရတတ်သည်။ သို့သော် တချို့ခေါ်စာတွေမှာ ပညာအရည်အချင်း ဘွဲ့ကန့်သတ်မှုတွေ ရှိသလို တစ်ချို့ခေါ်စာတွေမှာ မည်သည့်ဘွဲ့မဆို ဆိုပြီးခေါ်တာ တွေ့ရှိရသည်။ နောက်ပြီး အသက်ကန့်သတ်ချက်ကလည်း အပြင်လူဆို အသက်(၃၀)၊ နိုင်ငံ့ဝန်ထမ်းဆို အသက်က (၃၅)၊ အဲ့မှာ ကျွန်မဒုက္ခတွေ့လေပြီ။ ကျွန်မ အသက်က (၃၀) ပြည့်ဖို့ (၆) လလောက်ပဲလိုတော့သည်။ "မေမေ ဒီမှာအလုပ်ခေါ်စာတွေက အသက်ကန့်သတ်ချက် တွေပါတယ်၊ မအောင်ရင်တော့ သမီးလည်း မတတ်နိုင်ဘူးနော်" ကျွန်မအကြောင်းကို မေမေအသိဆုံး။ ဝီရိယနဲ့ကြိုးစားအားထုတ် မှုပိုင်းမှာတော့ သူမတူဘူးဆိုတာ မေမေက ယုံကြည်ထားပြီးသား။

အရင်တုန်းက ပညာအရည်အချင်းကို ကြည့်ပြီး ရွေးချယ်ကြသည်များရှိခဲ့သည်။ မျက်နှာကြီးရာ ဟင်းဖတ်ပါဆိုသလို ကိုယ်နဲ့သင့်ရာသင့်ရာ လူတွေက ဝန်ထမ်းလောကထဲကို ဝင်လာ ကြခြင်းဖြစ်သည်။ အဲ့လိုရွေးချယ်မှုက ဝန်ထမ်းလောကရဲ့ ဓလေ့တစ်ခုလိုတောင် ဖြစ်နေခဲ့သည်။ ယခု အစိုးရသစ်လက်ထက်မှာတော့ ခေတ်တွေ စနစ်တွေ ပြောင်းလဲလာခဲ့သည်။ ပြောင်း လဲလာတဲ့ ခေတ်စနစ်အပေါ်မှာ ကျွန်မလျှောက်လှမ်းခဲ့ရသည်။

"မေမေ လူကယ်ပြန်က ခေါ်တယ်သိလား၊ အငယ်တန်းစာရေးတဲ့၊ သမီးနဲ့ ဘွဲ့လည်း ကိုက်တယ်၊ အသက်နဲ့လည်း ကိုက်တယ်၊ သမီးဝင်ဖြေကြည့် လိုက်မယ်" ဘာရယ်မဟုတ်ဘူး မေမေ့ကို ချွေးသိပ်တဲ့အနေနဲ့ ကျွန်မ သွားဖြေလိုက်သည်။ အဲ့တာ ပထမဆုံးအကြိမ်ဖြေခြင်း ဖြစ်သည်။ စာလည်း မကြည့်ဘူး။ စာမေးပွဲခန်းထဲရောက်တော့ ရှက်စရာကောင်းလိုက်တာ။ မေးထားတဲ့မေးခွန်းတွေကို တစ်ခုမှမသိဘူး။ မအောင်ဘူး။ ဒီပုံစံအတိုင်း ရှေ့ဆက်သွားနေရင်အောင်မှာ မဟုတ်ဘူးဆိုတာ ကျွန်မသိသည်။ အဲ့ဒါနဲ့အောင်ကောင်းစုံ၊ ကြယ်စင်စာအုပ်တွေကို ကျွန်မ ဝယ်ပြီးဖတ်ခဲ့သည်။ မဆိုးဘူး နည်းနည်းကျဉ်းကျဉ်းတော့သိလာပြီ။

"မေမေရေ၊ FDA ဌာနက ခေါ်ပြန်ပြီ၊ အငယ်တန်းစာရေးပဲ၊ ဒီတစ်ခါတော့ သမီးစာကြည့်ထားပါတယ်။ ကံပဲနော် အများကြီးတော့ မျှော်လင့်မထားနဲ့" မေမေကို ထပ်ပြီး နှစ်သိမ့်ထားလိုက်ပြန်ပါသည်။ မေမေက "အေးအေး"ဆိုပြီး ဘာမှတော့ ဆက်မပြောပေမယ့် မျက်နှာမှာတော့ အပြုံးရိပ်တွေ ဝေဆာနေတာ ကျွန်မ တွေ့လိုက်ပါသည်။ ပြုံးမှာပေါ့။ သူမဖြစ်စေချင်တာ ဒီလိုပုံစံလေ။ ဒါပေမယ့် အဲ့စာမေးပွဲလည်း ကျွန်မ မအောင်ပါဘူး။ ဒုတိယအကြိမ်မြောက်ဆိုတော့ ကျွန်မ စိတ်ဓာတ်နည်းနည်းကျလာပြီ။ "တော်ပြီ မေမေရာ၊ သမီး မဖြေချင်တော့ဘူး။ စာလည်း မကြည့်ချင်တော့ဘူး။ ပင်ပန်းတယ်" မေမေ့ရှေ့မှာ ကျွန်မညည်းညူလိုက်သည်။ ပင်ပန်းမှာပေါ့။ ကျွန်မတို့စာမေးပွဲဖြေရင် မန္တလေးမှာဖြေရတဲ့ စာမေးပွဲဆို ကိစ္စမရှိဘူး။ နေပြည်တော်မှာသွားပြီးဖြေရရင် စရိတ်ကထောင်း လူကလည်း ခရီးပန်း။ အဲ့တော့ စိတ်ကပျက် လာပြီ။ "တစ်ကြိမ် နှစ်ကြိမ်နဲ့တော့ ချက်ချင်းဘယ်အောင်မလဲအေ။ ညည်းငါ့ကိုဘာကတိပေးထားလဲ၊ ဒီ (၆) လအတွင်း ကြိုးစားပေးမယ်ဆို၊ အခု လက်လျှော့တော့မလို့လား၊ အဲ့ဒါဆို အခုအိမ်ပေါ်ကဆင်း၊ အိမ်မှာမနေနဲ့ ညည်းလမ်း ညည်းလျှောက် ဒါပဲ" မေမေရဲ့ ဝန်ထမ်းဖြစ်ရေး မူဝါဒလမ်းစဉ်အောက်မှာ

ကျွန်မ ပြားပြားဝပ်ခဲ့ရသည်။ ပေါက်တဲ့ နဖူးမထူးတော့ပါဘူး။ ကျွန်မ ကတိအတိုင်း ဆက်ပြီးဖြေနေရဦးမှာပဲ။ အဲ့တော့ စာတွေ ဆက်တိုက်လေ့လာဖြစ်သည်။ အောင်ကောင်းစုံ၊ ကြယ်စင်စာအုပ်တွေ ပါမကတော့ဘူး အင်တာနက် Website ပေါ်မှာတင်ပေးထားတဲ့ ဝန်ကြီးဌာနပေါင်းစုံနဲ့ သက်ဆိုင်တဲ့စာတွေကိုပါ လေ့လာဖြစ်ခဲ့သည်။ ဘယ်ဌာနက ခေါ်ခေါ် ကိုယ့်ဘက်ကဖြေဖို့ ready ဖြစ်နေရမယ်ဆိုတဲ့ အနေအထားမျိုးရောက်အောင် ကျွန်မကြိုးစားခဲ့သည်။

"မေမေ ဒီမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်က ပင်စင်ဦးစီးဌာနတဲ့၊ ဒါလည်းအငယ်တန်းစာရေးပဲ၊ နေပြည်တော်မှာ သွားဖြေရမှာ" ကျွန်မအဲ့လိုပြောတော့ မေမေက "သွားလေ၊ သမီးအစ်မကို မေမေဖုန်းဆက်ထားလိုက်မယ်" ဒါမျိုးဆို မေမေက တက်ကြွပြီးသား။ ပိုက်ဆံဘယ်လောက်ကုန်ကုန် တစ်ချက်မညည်းငြူရှာဘူး၊ အဓိကက သူမဆန္ဒပြည့်ဝဖို့ပဲ။ ကျွန်မကတော့ ပင်ပန်းတယ်။ လျှောက်လွှာတင်တာက တစ်ခေါက်၊ စာမေးပွဲလာဖြေရတာကတစ်ခေါက် ခဏတိုင်းကားစီးရလို့ လူလည်းမျော့မျော့ပဲကျန်တော့တယ်။ ကားမူးတတ်တော့ ပိုဆိုးတာပေါ့။ ဒီတစ်ခေါက် ရေးဖြေစာမေးပွဲကို စိတ်လက် ပေါ့ပါးစွာနဲ့ပဲ ကျွန်မဖြေထားခဲ့လိုက်သည်။ ဖြေနိုင်ခဲ့ပေမယ့် အရမ်းကြီးတော့ မျှော်လင့်မထားရဲခဲ့ဘူး။ "မေမေ ဒီမှာကြည့်ပါဦး၊ သမီးခုံနံပါတ် ပါလာပြီ" ကျွန်မမျက်လုံးကိုတောင် ကျွန်မ မယုံကြည်နိုင်ဘူး ဖြစ်သွားတယ်။ မေမေလည်း ကျွန်မပြတဲ့သတင်း စာကို အယားဖားယားနဲ့ ယူပြီးကြည့်တယ်။ မျက်နှာကတော့ ပြောမနေနဲ့တော့ မှီရတဲ့မျက်နှာမျိုး။ "သတင်းစာထဲမှာ ပင်စင်ဦးစီးဌာနက ရေးဖြေအောင်မြင် တဲ့သူတွေကို လူတွေ့ လာရောက်ဖြေဆိုဖို့ရက်ကို ဖော်ပြပေးထားတယ်။ ပထမအဆင့်တော့အောင် မြင်သွားပြီ မေမေရေ၊ ဒါပေမယ့် လူတွေ့ကျန်သေးတယ်နော်၊ အရမ်းကြီးတော့ မျှော်လင့်မထားနဲ့ပေါ့"

ဒါကျွန်မရဲ့လက်သုံးစကား၊ သူမမျှော်လင့်ထားသလို ဖြစ်မလာခဲ့ရင် စိတ်ထိခိုက်မှာ စိုးလို့ပါ။

ဒီနေ့လူတွေ့ဖြေပြီ။ မေးတဲ့လူကြီးတွေက အခန်းထဲမှာ ငါးယောက်လောက်ရှိတယ်တဲ့။ ဖြေပြီးပြန်ထွက်လာတဲ့လူတွေက ပြောပြခြင်းဖြစ်သည်။ ကိုယ့်အလှည့်မရောက်ခင် သတ်မှတ်ထိုင်ခုံမှာ ခဏထိုင်စောင့်ရင်း ဖြေပြီးလို့ထွက်လာတဲ့သူတွေဆီ ကနေစပ်စုကြည့်လိုက်သည်။

"လူကြီးတွေက ဘာတွေ မေးတာလဲဟင်" ကျွန်မမေးတာကို တချို့ပြန်ဖြေပေးတဲ့သူရှိသလို တချို့ကျတော့လည်း မလိုလားတဲ့ပုံစံနဲ့ ဘုကြည့်ကြည့်သည်။ ရပါတယ်။ ကျွန်မနားလည်သည်။ ဒါဟာပြိုင်ပွဲပဲလေ။ သူသူ ကိုယ်ကိုယ် လူတွေ့ကို အောင်ချင်ကြမှာပဲ။ ကိုယ်ချင်းစာပါတယ်။ ဒီတစ်ခါ ကျွန်မအလှည့်။ အခန်းထဲကို တည်တည်ငြိမ်ပုံစံနဲ့ဝင်သွားပေမယ့် တကယ်တမ်း ကျွန်မကြောက်ဒူးတုန်နေခဲ့သည်။ လူကြီးတွေရဲ့ အကြည့်က ကျွန်မအပေါ်ကို စုပြုံကျလာလို့ မှတ်ထားသမျှ စာတွေတောင် မေ့လုနီးပါးဖြစ်ခဲ့သည်။ ဒါပေမယ့် သူတို့မေးသမျှ မေးခွန်းတွေကို မဆိုင်းမတွ အကောင်းဆုံးကြိုးစားပြီး ပြန်ဖြေနိုင်ခဲ့သည်။

"အောင်ရင်တော့ ဖုန်းဆက်ပြီး အကြောင်းကြားပေးမယ်နော်" တဲ့။

ဖြေပြီးပြန်ထွက်လာတော့ အပြင်မှာ တာဝန်ရှိ ဝန်ထမ်း တစ်ယောက်က ပြောပြသည်။ "ဟုတ်ကဲ့" လို့ပြောပြီး ကျွန်မလည်း ပြန်ခဲ့လိုက်သည်။ နောက်တစ်ပတ်လောက်နေတော့ ကျွန်မ နေပြည်တော်ကို လျှောက်လွှာတင်ဖို့ ထပ်ပြီးသွားခဲ့ရသည်။ နောက်စာမေးပွဲတစ်ခုအတွက် ဖြစ်သည်။ ကားစီးရတာ ကြာတော့ ကျွန်မလည်း ငြီးငွေ့လာပါပြီ။ ကိုယ့်ကို



ကိုယ်လည်း သနားလာပြီ။ နေပြည်တော် မရောက်ခင်ကားပေါ်မှာ တောင်တွေးမြောက်တွေးနဲ့ ကျွန်မ အတွေးနယ်ချဲ့နေတုန်း ဖုန်းတစ်ခုက ဝင်လာခဲ့သည်။ ''ဒေါ်နုနုအောင် ဟုတ်ပါသလားခင်ဗျာ၊ ပင်စင်ဦးစီးဌာနကပါ၊ ဒေါ်နုနုအောင် လူတွေ့စာမေးပွဲအောင်မြင်လို့ဖုန်းဆက်အကြောင်းကြားတာပါ။ မနက်ဖြန်ကနေစပြီး တစ်ပတ်အတွင်းရောက်ကြောင်းသတင်းပို့နိုင်ပါတယ်ခင်ဗျာ၊ သတ်မှတ်ရက်အတွင်း ရောက်ကြောင်းသတင်းပို့တဲ့သူကိုသာ တရားဝင်ခန့်အပ်သွားပါမယ် ခင်ဗျာ''ဆိုပြီး ဟိုဘက်ကပြောတော့ တုန်တုန်ရီရီဖြင့် ''ဟုတ်ကဲ့''လို့ ကျွန်မကလည်း ပြန်ဖြေလိုက်သည်။ ဟိုဘက်က ဖုန်းချသွားသည့်တိုင် ကျွန်မဖုန်းနဲ့ နားနဲ့ကပ်လျက် အသက်ရှူဖို့ တောင်မေ့နေခဲ့မိသည်။ ရုတ်တရက်ကြီး ကြားလိုက်ရတော့ ရင်ထဲမှာ ဝမ်းနည်းဝမ်းသာဖြစ်ပြီး အရင်ဦးဆုံး သတိရမိတာက မေမေ။ မေမေဆီ ကျွန်မချက်ချင်း ဖုန်းခေါ်လိုက်သည်။

''မေမေ မေမေ့သမီးလူတွေ့အောင်တယ်တဲ့၊ သမီး အရမ်း ပျော်တာပဲမေမေရယ်၊ ရောက်ကြောင်းသတင်းပို့လို့ရပြီတဲ့၊ အခုလေးပဲ သမီးဆီကို ဖုန်းနဲ့လှမ်းပြီး အကြောင်းကြားပေးတယ်၊ သမီး ဘယ်လိုလုပ်ရမှာလဲ၊ အခုသမီးက နေပြည်တော်ကို မရောက်သေးဘူး။ လမ်းမှာဆိုတော့ သမီးပြန်လာခဲ့ရမှာလားဟင်''

ကျွန်မမေးတာကို မေမေ ဘာမှ ပြန်မဖြေခဲ့ဘူး။

''မေမေ သမီးပြောတာ ကြားရလား၊ ကားပေါ်မှာဆိုတော့ ဖုန်းလိုင်းက သိပ်ကောင်းမှာမဟုတ်ဘူး၊ မေမေ ကြားရရဲ့လားဟင်'' ကျွန်မ ထပ်မေးလိုက်ပါသည်။ ''ဟဲလို၊ မေမေ့''ဆိုတော့မှ ''ကြားရပါတယ်သမီးရယ်၊ မေမေ့သမီးလေးအတွက် မေမေဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ဘူး''ဆိုပြီး ဝမ်းနည်းဝမ်းသာရင် ရှိုက်သံကြီးနဲ့ မေမေက ပြောလာပါသည်။ နောက်ထပ်လည်း ဆက်ပြီး သူမ မပြောနိုင်ရှာတော့ပါ။ မေမေ့မျက်နှာကို ကျွန်မ မမြင်ရပေမယ့် မေမေ ငိုနေပြီဆိုတာ ကျွန်မသိလိုက်ပါပြီ။ ကျွန်မကိုယ်တိုင်လည်းဖုန်းကို နားမှာကပ်ထားရင်း နှုတ်ဆိတ်နေခဲ့မိသည်။ရင်ထဲမှာ လှိုက်ခနဲ လှိုက်ခနဲဖြစ်ပြီး ပါးပြင်ပေါ်မျက်ရည်တွေက သွန်အလိုလို စီးကျလာခဲ့သည်။ ရင်ထဲမှာ တိုးတိတ်စွာ ကျွန်မ ရေရွတ်မိခဲ့သည်။ ''မေမေ ကျေနပ်ပြီပေါ့နော်''။

■ **နုမျက်ချယ်**

**(မန္တလေးမုံရိပ်)**

အခွန်အမှတ်တံဆိပ် ပါ မပါ ပြေစာရယူစစ်ဆေးပါ ....




# စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေး မြင့်မားဖို့ ရင်းနှီးမြှုပ်နှံကြပါစို့

## "Investing in Statistics"

ဒေါက်တာ ဝါဝါမောင်

ယနေ့ကမ္ဘာ့နိုင်ငံ အသီးသီးသည် မိမိနိုင်ငံ၏ အခြေအနေအလိုက် မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိသည့် နိုင်ငံရေးနှင့် စီးပွားရေးစနစ်များ ချမှတ်ကျင့်သုံး ဆောင်ရွက်လျက်ရှိကြသော်လည်း တစ်ခုတည်းသော တူညီသည့် ရည်မှန်းချက်မှာ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် မူဝါဒများ ချမှတ်ရာမှာသော်လည်းကောင်း၊ လက်တွေ့ကျသည့် စီမံကိန်းများ ရေးဆွဲရာမှာသော်လည်းကောင်း၊ စီမံကိန်း အကောင်အထည်ဖော်ခြင်း၊ စီမံကိန်းများအား စောင့်ကြည့်အကဲဖြတ်ခြင်း၊ သယံဇာတ ခွဲဝေမှုများအပေါ် မူဝါဒများ ပြန်လည်သုံးသပ်ခြင်းတို့ ဆောင်ရွက်ရာတွင် ခိုင်မာသည့် အခြေခံ စာရင်းအင်း အချက်အလက်များသည် အလွန်အရေးကြီးပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတိုင်း၌ **စာရင်းအင်းများ ကောက်ယူခြင်း၊ စုစည်းခြင်း၊ စိစစ်ခြင်းနှင့်ထုတ်ပြန်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ခိုင်မာသည့် ဥပဒေ၊ မူဘောင်များ ချမှတ်ပြီးဆောင်ရွက်လျက်** ရှိပါသည်။ စာရင်းအင်းအချက်အလက်များ မှန်ကန်စေရေးအတွက် ရင်းနှီးမြှုပ်နှံရန် လိုအပ်သည်။ ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ မူဝါဒအားဖြင့် အားပေးဆောင်ရွက်ခြင်း၊ အဆိုပါကဏ္ဍ တိုးတက်ရေးအတွက် လူအင်အား၊ လိုအပ်သည့် စက်ကိရိယာ ပစ္စည်းများ အသုံးပြုခြင်း၊ နည်းပညာ မြှင့်တင်ခြင်း၊ အချက်အလက်များ ဆန်းစစ်ခြင်း၊ ထုတ်ပြန်ဆောင်ရွက်ခြင်း အစရှိသော စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်တွေကို အာရုံထား၍ ချဉ်းကပ်ဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။ လက်တွေ့အခြေအနေများနှင့် ဖြစ်ပေါ်တည်ရှိမှုများအရ ကိန်းဂဏန်း အချက်အလက်များအပေါ် အခြေခံ၍ မူဝါဒ ဆန်းစစ်ချက်များအဖြစ်သို့ အသွင်ကူးပြောင်းနိုင်ရေး (Translation from Numbers into Policy Inputs)သည်လည်း အလွန်အရေးပါပါသည်။ အဆိုပါ လက်တွေ့အခြေအနေများအရ ကိန်းဂဏန်း အချက်အလက်များအပေါ် အခြေခံထားသည့် မူဝါဒ ဆန်းစစ်ချက်များကို မူဝါဒ ဆုံးဖြတ်သူများထံ အရောက်ပေးပို့နိုင်ရေးနှင့် ထည့်သွင်းစဉ်းစားနိုင်ရေးသည်လည်း အရေးပါသည့် အချက်တစ်ချက်ပင်ဖြစ်ပါသည်။

**အဘယ့်ကြောင့် စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေး မြင့်မားဖို့ လိုအပ်ပါသနည်း...**

နိုင်ငံတစ်နိုင်ငံ၏ **အမျိုးသားစာရင်းအင်းစနစ်** အရည်အသွေး ပြည့်ဝမှသာလျှင် မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ လူမှု-စီးပွား သုတေသန ဆောင်ရွက်သူများစသည်ဖြင့် အားလုံးအတွက် ချမှတ်သည့် ဖွံ့ဖြိုးမှု မူဝါဒများ၊ စီမံကိန်းများ၊ စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးနိုင်မည့် မူဝါဒ ထည့်သွင်းစဉ်းစားရန် အချက်များ

အား ရရှိနိုင်မည်ဖြစ်ပါသည်။ ရှားပါးသည့် သယံဇာတများအားလည်း အကျိုးရှိ ထိရောက်သည့် ခွဲဝေမှုများ ဆောင်ရွက်နိုင်မည် ဖြစ်သကဲ့သို့ စီမံကိန်းများအား စောင့်ကြည့်ကြီးကြပ်ခြင်းများ၊ မူဝါဒ ပြင်ဆင်ရန်ရှိသည်များအား ပြန်လည် ပြင်ဆင်နိုင်မှုများ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့်လည်း အချက်အလက်များအပေါ် အခြေခံ၍ ရင်းနှီး မြှုပ်နှံမှုများကို ဆောင်ရွက်မှသာလျှင် အန္တရာယ် ဖြစ်ပေါ်နိုင်မှုနှင့် စွန့်စားရမှု (Risk Management) တို့အား စီမံခန့်ခွဲနိုင်မည် ဖြစ်ပါသည်။

စိတ်ချယုံကြည်ကိုးစားရသည့် စာရင်းအင်းများ မရှိခြင်းသည် ရှားပါးသော သယံဇာတ ခွဲဝေမှုများအား မှားယွင်းစေနိုင်ခြင်း၊ မူဝါဒ ဆုံးဖြတ်ချက်များအား မှားယွင်းစေနိုင်သည့်အတွက် ပြည်သူများ၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ စာရင်းအင်း မှန်ကန်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုမရှိပါက ထို့ထက် ပိုမိုကုန်ကျစရိတ် ကြီးမားသည့် မှားယွင်းသည့် မူဝါဒများနှင့် အကောင်အထည်ဖော်မှုများ ဖြစ်ပေါ်စေနိုင်သည်ဟု ပညာရှင်များက ဆိုကြသည်။ သို့ဖြစ်၍ စာရင်းအင်းအချက်အလက်များ မှန်ကန်စေရေးအတွက် လိုအပ်သည့် လူသား ရင်းမြစ်ပြုစုပျိုးထောင်ခြင်း၊ စာရင်းအင်း အချက်အလက်များ မှန်ကန်ရေးအတွက် ကွန်ယက်တည်ဆောက်ခြင်း။ ပူးပေါင်းဆောင်ရက်ရေး ယန္တရားများနှင့် စာရင်းအင်း၏ အရေးပါပုံ Statistics literacyအား မူဝါဒအားဖြင့် အထူးအာရုံစိုက်ခြင်း၊ စာရင်းအင်း အင်းဥပဒေပြဋ္ဌာန်းသက်ရောက်မှုရှိစေရေး တို့ လိုအပ်ပါသည်။


**မြန်မာနိုင်ငံ အမျိုးသား စာရင်းအင်းစနစ် ပေါ်ပေါက်ရေး (Emer gence of National Statistical System)**

မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် စာရင်းအင်း အချက်အလက်များတိကျမှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေး'မှာ အလွန်အရေးပါပါသည်။ သို့ဖြစ်ပါ၍ စာရင်းအင်း အရည်အသွေး ပြည့်ဝစေရေးနှင့် စာရင်းအင်းစနစ် ပြည့်စုံတိကျမှန်ကန်စေရေးအတွက် လူမှု-စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ စဉ်ဆက်မပြတ် ညွှန်ကိန်းများကို ပြည့်စုံအောင်တွက်ချက်ဆောင်ရွက်နိုင်မည့် အရည်အသွေးရှိသည့် မြန်မာနိုင်ငံ အမျိုးသား စာရင်းအင်းစနစ်ပေါ်ပေါက်လာစေရန်မှာ နိုင်ငံတော်၏ ရည်မှန်းချက် တစ်ရပ်ဖြစ်ပါသည်။ အမျိုးသား စာရင်းအင်းဆိုင်ရာ မူဝါဒ တစ်ရပ်လည်း ဖြစ်ပါသည်။ အမျိုးသား စာရင်းအင်းစနစ်ဆိုသည်မှာ တရားဝင်စာရင်းအင်းများ (Official Statistics) ကို ပြုစုရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့အားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြသော စနစ်ပင်ဖြစ်သည်။ တစ်နည်းဆိုသော် နိုင်ငံတော်အစိုးရမှ ထုတ်ပြန်သည့် စာရင်းအင်း အချုပ်ပင် ဖြစ်ပါသည်။ အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းအားဖြင့် အစိုးရနှင့်ပြည်သူများအကြား၊ နိုင်ငံတကာ အသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြှင့်စေနိုင်ပါသည်။

**ပူးပေါင်းဆောင်ရွက်ရေး ယန္တယား**

မြန်မာနိုင်ငံတွင် စာရင်းအင်းအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အချိန်တစ်ခုကို ရောက်ရှိနေပြီဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေနှင့် စာရင်းအင်း အရည်အသွေး ပြည့်ဝမှု မြှင့်တင်နိုင်ရေးကို ပိုမိုအားကောင်းလာစေရေးအတွက် ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင်အက်ဥပဒေ (ဥပဒေအမှတ် ၃၄/၁၉၅၂ ခုနှစ်) အစား စာရင်းအင်းဥပဒေကို အသစ်ပြင်ဆင်ရေးဆွဲကာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်မှ ၂၀၁၈ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ

**အမှတ် (၁) အဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။** ထို့အပြင် **စာရင်းအင်းမူဝါဒ** အနှစ်ချုပ် (Statistical Policy Brief) နှင့် **စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသား အဆင့် မဟာဗျူဟာ** (National Strategy for Development of Statistics-NSDS) ကိုလည်း ရေးဆွဲကာ စတင်အကောင်အထည် ဖော်ဆောင်ရွက်နေပြီဖြစ်သည့်အတွက် **တရားဝင်စာရင်းအင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်တော့မည်** ဖြစ်ပါသည်။




လက်ရှိအမျိုးသားအဆင့်တွင် ဒုတိယသမ္မတ (၂) ဦးဟင်နရီဗန်ထီးယူမှ နာယကအဖြစ်လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဦးဆောင်သည့် **စာရင်းအင်း အချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီအား** ၂၀၁၆ ခုနှစ် ဧပြီလတွင် ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါကော်မတီအောက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ စီးပွားရေး ဝန်ကြီးများအနေဖြင့် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်များတွင်လည်းကော်မတီများ ဖွဲ့စည်းပြီး **ဗဟိုနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဒေါင်လိုက် ပူးပေါင်းမှု (Vertical Cooperation)** အား ဆောင်ရွက်လျက်ရှိပါသည်။ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအမျိုးသား အဆင့် မဟာဗျူဟာ (National Strategy for Development of Statistics-NSDS) အကောင်အထည် ဖော်ရေးအတွက် စာရင်းအင်းနယ်ပယ်အလိုက် NSDS လုပ်ငန်းအဖွဲ့ (၁၀) ဖွဲ့ ပါဝင်ပြီး စာရင်းအင်း အချက်အလက်များ အရည်အသွေးပြည့်ဝစေရေး အတွက် **အလျားလိုက်ပူးပေါင်းဆောင်ရွက်မှု** လုပ်ငန်းယန္တရား (Horizontal Cooperation) အား ထူထောင်ဆောင်ရွက်ကာ ဗဟိုစာရင်းအဖွဲ့မှ အတွင်းရေးမှူးရုံးအဖြစ် ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ပါ၍ **စာရင်းအင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုများအား ယခင်က ရုံးချုပ် အချင်းချင်း စာရင်းအင်း ညှိနှိုင်းမှုများ (Horizontal Cooperation) သာ တည်ရှိခဲ့ပြီး အစီရင်ခံသည့် ကာလအတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရ အသီးသီးနှင့် စာရင်းအင်း ညှိနှိုင်းမှုများ ကိုပါ ဆောင်ရွက်ခဲ့ပါသည်။**

ဌာနများအကြား စစ်တမ်းများ ဆောင်ရွက်ရာတွင် ခပ်ဆင်ဆင်တူသည့် စစ်တမ်းများကောက်ယူခြင်းသည် နိုင်ငံတော်၏ သယံဇာတအား အလဟဿ ဖြစ်ပေါ်စေနိုင်ပါသည်။ စစ်တမ်းနှင့်စာရင်းအင်းဆိုင်ရာ စံသတ်မှတ်မှု ပူးပေါင်းဆောင်ရွက်မှုများအား ဗဟိုစာရင်းအင်းအဖွဲ့မှ ဆောင်ရွက်မည့် စစ်တမ်းများသာမက အခြားသော ဌာန၊ အဖွဲ့အစည်းများမှ ဆောင်ရွက်မည့် စစ်တမ်းများအားလည်း စံသတ်မှတ်မှုများ၊ ထပ်တူ လုပ်ဆောင်မှုများ (Overlapping) မရှိစေရန်၊ ရှိနေသည့် သယံဇာတအား မျှဝေအသုံးချသည့် ပုံစံ (Resource Sharing) ဖြစ်ပေါ်စေရေးအတွက် စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာအောက်တွင် စစ်တမ်းနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်မှုများ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့သည်။

## နိုင်ငံဖွံ့ဖြိုးမှုအတွက်မရှိမဖြစ် အရေးပါသည့် စာရင်းအင်း

နိုင်ငံဖွံ့ဖြိုးစေဖို့ အခြေခံဖြစ်သည့် စာရင်းအင်းများ ရှေ့နောက် ညီညွတ်မှုရှိရန်၊ အချိန်မီရရှိရန်၊ ယုံကြည်



ကိုးစားနိုင်သော ခိုင်မာသည့် စာရင်းအင်းများဖြစ်စေရန် လိုအပ်လျက်ရှိပါသည်။ သို့မှသာ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသော စီးပွားရေး လူမှုရေး အခြေအနေများကို ထင်ဟပ်နိုင်သော စာရင်းအင်းအချက်အလက်ကောင်းများ ပေါ်ထွက်လာနိုင်မည်ဖြစ်ပါသည်။ ပြည်သူတို့၏ လိုအပ်ချက်များအား ဖြည့်ဆည်းရန် လက်တွေ့ကျသည့် မူဝါဒများကို ခိုင်မာအောင် ဆောင်ရွက်သည့်နေရာတွင်လည်း အရည်အသွေးရှိသော စာရင်းအင်းများသည် မရှိမဖြစ် အရေးပါသကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့် ကဏ္ဍများ၊ နေရာဒေသများ၊ ဦးစားပေးများအဖြစ် ရှာဖွေဖော်ထုတ်ရန်လည်း အလွန် အရေးပါပါသည်။

သို့ဖြစ်ပါ၍ **'စာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်ရေး'** အတွက် လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များကို ပြည့်စုံအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ ပြည့်စုံစေရန်အတွက် အချက်အလက်များကို စုစည်းခြင်း၊ ပြုစုခြင်း၊ ခွဲခြားဆန်းစစ်ခြင်း၊ အစီရင်ခံခြင်းစသည့် လုပ်ငန်းစဉ်များအား ထိရောက်၍ စွမ်းဆောင်ရည် ပြည့်ဝစွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။ စာရင်းအင်း အခြေခံ သဘောတရားနှင့် နည်းလမ်းများ၊ အချက်အလက်များအား ကောက်ယူပုံနှင့် တိကျမှန်ကန်မှုမှာ အရည်အသွေးရှိသော ကိန်းဂဏန်းများ ရရှိစေရေးအတွက် အဓိက ကျပေသည်။ မြန်မာနိုင်ငံ၏ ကျင့်သုံးခဲ့သည့် ဗဟိုထိန်းချုပ်မှု လျော့ချသည့် စာရင်းအင်းစနစ်ကြောင့် စာရင်းအင်းထုတ်ပြန်မှုများ၊ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အရည်အသွေးနှင့် စံသတ်မှတ်ချက်များအား ပြန်လည် ထိန်းချုပ်နိုင်ရန် လိုအပ်လျက်ရှိပါသည်။

**အစိုးရနှင့် ပြည်သူများအကြား၊ နိုင်ငံတကာ အသိုင်းအဝိုင်းများအကြား ယုံကြည်မှု တိုးမြှင့်စေခြင်း**

မိမိတို့နိုင်ငံအနေနှင့် အခြားနိုင်ငံများနည်းတူ စာရင်းအင်းနယ်ပယ်တွင် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အချက်အလက်များ ရရှိစေရန် စစ်တမ်း (Survey) များ ကောက်ခံဖို့ လိုအပ်သလို ဌာနဆိုင်ရာများ၏ အုပ်ချုပ်မှုမှတ်တမ်းများ ပြည့်စုံမှန်ကန်စေရေး၊ အသေးစိတ် အချက်အလက်များပါ မှတ်တမ်းများတွင် ပါဝင်စေနိုင်ရေးသည်လည်း အရေးပါပါသည်။ အများအားဖြင့် စာရင်းအင်းများစနစ်တကျ စုစည်းရေးသွင်းမှတ်သားခြင်း ကိစ္စရပ်အား အပိုအလုပ်သဖွယ် ထင်မြင်




နေတတ်သည့် အယူအဆ၊ အလေ့အကျင့်များအား ပယ်ဖျောက်ပြီး မိမိတို့ လူ့အဖွဲ့အစည်းအနေဖြင့် ဆန်းစစ်မှုများ ဆောင်ရွက်တတ်စေရန် စာရင်းအင်းဆိုင်ရာ အသိပညာ (Statistical literacy) ကို ဌာနဆိုင်ရာများမှသာမက အများပြည်သူနှင့် ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများ အကြားမှာပါ ပျံ့နှံ့အောင် ဆောင်ရွက်ကြရဦးမည် ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ခြင်းကြောင့် စာရင်းအင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကို အချိန်၊ ငွေကြေးနှင့် လူအင်အား စသည့် အကန့်အသတ်နှင့် တည်ရှိသည့် ရင်းမြစ်များအကြား တတ်နိုင်သမျှ ရင်းနှီးမြှုပ်နှံကာ အထိရောက်ဆုံး အသုံးချနိုင်ရေးမှာ အရေးကြီး

ပါသည်။ သို့မဟုတ်ပါက လက်တွေ့ကျသည့် မူဝါဒနှင့် စီမံကိန်းများ ချမှတ်နိုင်ရေးအတွက် နိုင်ငံတော်အတွက် ပိုမိုတိကျမှန်ကန်သည့် စာရင်းအင်းများ ရရှိနိုင်ရေးအပေါ် သက်ရောက်မှုရှိနိုင်ပြီး ပို၍ကြီးမားသည့် ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသည်။ **စာရင်းအင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၏ ရလဒ် ပြန်ရချက်မှာလည်း ကြီးမားပါသည်။**

**Stakeholderများအားလုံး ပူးပေါင်းပါဝင်လာစေရေး**

မြန်မာပြည်သူတို့၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်မည့် ပိုမိုကောင်းမွန်သော စာရင်းအင်းများ ထုတ်ပြန်ခြင်းနှင့် အသုံးပြုခြင်းအတွက် အစိုးရဌာနအသီးသီးအနေဖြင့် မြန်မာနိုင်ငံ၏ စာရင်းအင်းကဏ္ဍ ပိုမိုကောင်းမွန်လာဖို့ တွန်းအားပေး ဆောင်ရွက်ရာတွင် ပုဂ္ဂလိက ကဏ္ဍ၊ သုတေသန အဖွဲ့အစည်းများနှင့် ပညာရှင်များ၊ လူမှုအဖွဲ့အစည်းနှင့် သတင်းမီဒီယာများ အားလုံး Stakeholder အဖြစ် ပူးပေါင်း ပါဝင်ရန် လိုအပ်ပါသည်။ စာရင်းအင်းကဏ္ဍ တိုးတက်ရေးအတွက် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူဦးရေ သန်းခေါင်စာရင်းနှင့် အိမ်ထောင်စုစစ်တမ်း ကောက်ခံခဲ့သလို လုပ်သားအင်အားစုစစ်တမ်းလည်း ကောက်ခံခဲ့ပါသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဆောင်ရွက်ခဲ့သည့် မြန်မာစီးပွားရေးလုပ်ငန်းများ စစ်တမ်း (Myanmar Business Survey-2015) အစီရင်ခံစာကိုလည်း ထုတ်ပြန်ဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆင်းရဲနွမ်းပါးမှုနှင့် ပြည်သူတို့၏ နေထိုင်မှုအခြေအနေကို သိရှိနိုင်ပြီး၊ နိုင်ငံလူမှု–စီးပွားဖွံ့ဖြိုးမှုအတွက် မူဝါဒများနှင့် စီမံချက်များ ချမှတ်ခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (SDGS) များ အကောင်အထည်ဖော်ဆောင်ရေးအတွက် လိုအပ်သော ကိန်းဂဏန်း အချက်အလက်များ၊ ညွှန်ကိန်းများ ရရှိနိုင်ရန်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်/မြို့နယ်အလိုက်၊ မြို့ပြ/ကျေးလက် ခွဲခြား၍ စားသုံးသူ ဈေးဆနှုန်း (CPI) နှင့် ငွေဖောင်းပွမှုနှုန်း တွက်ချက်ရာတွင် အထောက်အကူပြုနိုင်ရန်၊ အမျိုးသားစာရင်းစနစ် (SNA) တွက်ချက်ရန်အတွက် စုစုပေါင်း စားသုံးမှုကုန်ကျစရိတ်တို့ကို ခန့်မှန်းနိုင်ရန် ရည်ရွယ်၍ မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း (Myanmar Living Conditions Survey-MLCS) (၂၀၁၇) ကို မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များ အားလုံးရှိ မြို့နယ်ပေါင်း ၃၃၀ တွင် အိမ်ထောင်စုပေါင်း ၁၃,၀၀၀ ကျော် အား Quarter ၄ ခုလုံး ကောက်ယူခဲ့ရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ဒုတိယအပတ်တွင် ပြီးစီးခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လတွင် Key Indicator Report နှင့် နိုဝင်ဘာလတွင် လူမှု–စီးပွားရေး အခြေအနေ အစီရင်ခံစာ (Socio-




Economic Report) တို့ကို ထုတ်ပြန် ဆောင်ရွက်နိုင်မည် ဖြစ်သည်။ အလားတူပင် ဗဟိုစာရင်းအင်းအဖွဲ့နှင့် ဒိန်းမတ်သံရုံးတို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံ တစ်ပိုင်တစ်နိုင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) စစ်တမ်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်၍ အစီရင်ခံစာ ထုတ်ပြန်ရန် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အရည်အသွေး ပြည့်ဝသော စာရင်းအင်းများ ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံအတွက် စိတ်လှုပ်ရှားဖွယ် အချိန်တစ်ခု ဖြစ်နေပါသည်။

**စာရင်းအင်းအချက်အလက်များ ထုတ်ဝေဖြန့်ဖြူးခြင်း**

မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် စာရင်းအင်းအချက်အလက်များအား အင်တာနက်ရရှိနိုင်သည့် မည်သည့်နေရာမှမဆို သိရှိနိုင်ရန်အတွက် မြန်မာစာရင်းအင်းဆိုင်ရာ အချက်အလက်ဝန်ဆောင်မှုစနစ် (Myanmar Statistical Information Service - MMSIS) (www. mmsis.gov.mm) Website အား ကမ္ဘာ့စာရင်းအင်းနေ့ အထိမ်းအမှတ်ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့ကတည်းက ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) အကူအညီဖြင့် လွှင့်တင်နိုင်ခဲ့ပါသည်။ အဆိုပါ Website ကို သုတေသနပြုသူများနှင့် အခြားသော အချက်အလက် လိုအပ်သူများအနေဖြင့် Download ဆောင်ရွက်ကာ အသုံးချနိုင်မယ်ဖြစ်ပါသည်။ လစဉ် အခြေပြစီးပွားရေး အညွှန်းကိန်း စာစောင် (Selected Monthly Economic Indicator) နှင့် နှစ်စဉ်စာရင်းအင်း စာစောင် (Statistical Year Book) တို့ကို နှစ်စဉ် ထုတ်ဝေလျက်ရှိပါသည်။ ၂၀၁၇ ခုနှစ်မှ စတင်၍ (၃) လပတ် စာရင်းအင်းစာစောင် (Quarterly Statistics Bulletin) ကိုလည်း ထုတ်ဝေဖြန့်ချိနိုင်ခဲ့သည်။

**စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေးမြင့်မားဖို့ ရင်းနှီးမြှုပ်နှံကြပါစို့...**

**အမျိုးသားစာရင်းအင်းစနစ်** အရည်အသွေး ပြည့်ဝ၍ **'စာရင်းအင်းအချက်အလက်များ မှန်ကန်လာရေးအတွက် လွယ်လွယ်နှင့် မဖြစ်နိုင်ပါ။ Stakeholder များအားလုံး ပါဝင်ရန်** လိုအပ်ပါသည်။ စာရင်းအင်းနှင့် ပတ်သက်၍ တိကျမှန်ကန်လိုသည့် လိုလားစိတ် (Political Will) နှင့် စိတ်ပါဝင်စားမှု၊ စီမံအုပ်ချုပ်မှုမှတ်တမ်းများ၊ နည်းစနစ်ကျသည့် စာရင်းအင်း အထားအသိုနှင့် သုံးသပ်မှုများအား ဆောင်ရွက်နိုင်ရေးအတွက် အချိန်၊ လူအင်အား၊ နည်းပညာ၊ အခြေခံအဆောက်အအုံများ လိုအပ်ခြင်းကြောင့် စာရင်းအင်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။ **စစ်တမ်းများသည် ပြည်သူ့အသံကို နားဆင်ခြင်းဖြစ်ပြီး စစ်တမ်း၏ အစီရင်ခံစာသည် ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် လိုအပ်သည့် မူဝါဒဆိုင်ရာ ထောက်ခံချက်များအား ဖြစ်ပေါ်စေပါသည်။**

ဗဟိုစာရင်းအင်းအဖွဲ့သည် ချမှတ်ထားသည့် 'စာရင်းအင်း အရည်အသွေး ပြည့်ဝစေရေးနှင့် စာရင်းအင်းစနစ် ပြည့်စုံတိကျ မှန်ကန်စေရေးအတွက် လူမှု-စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ ညွှန်ကိန်းများကို ပြည့်စုံအောင် တွက်ချက်ဆောင်ရွက်နိုင်သည့် အမျိုးသား စာရင်းအင်း စနစ်ပေါ်ပေါက်လာစေရန်' ဟူသည့် မျှော်မှန်းချက်နှင့်အညီ **'စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေးမြင့်ပါမှ မြန်မာ့ လူမှုဘဝ ပိုရှုလှ'** ဟူသည့် ဆောင်ပုဒ်အတိုင်း ကောင်းမွန်သည့် အကျိုးဆက်များ ရရှိစေရေးအတွက် စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာပြည်သူတို့၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ရန် အချက်ပြမည့် အမျိုးသားစာရင်းအင်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိက ကဏ္ဍ၊ လူမှုအဖွဲ့အစည်းများနှင့် မီဒီယာကိုယ်စားလှယ်များနှင့်အတူ ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် လက်တွဲ ပူးပေါင်းဆောင်ရွက်သွားပြီး တိုးတက်မှုများ ဆက်လက်တည်တံ့စေရန် အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**''စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေး မြင့်မားပါမှ မြန်မာ့လူမှုဘဝပိုရှုလှ''**

**"Better Data, Better Statistics can lead to Better Lives of Myanmar People"**

■ **ဒေါက်တာ ဝီဝီမောင်**



# လူ နှင့် ငွေ

## ကောင်းသန့်

လူနှင့်ငွေသည် စကားလုံးတစ်လုံးစီဖြစ်သော်လည်း အမြဲပတ်သက်နေသော စကားလုံးတစ်လုံးလည်းဖြစ်ပါသည်။

လူသည် ငွေကြောင့် လူရောစိတ်ပါ ပြောင်းလဲတတ်သလို ငွေသည် လူကြောင့် နာမည်ထင်ရှားလှသိများပါ၏။ အကောင်းဘက်က ကျော်ကြားသလို အဆိုးဘက်ကလည်း လူသိများပါသည်။

လူသည် ငွေမရှိခင်ကတစ်မျိုး ငွေရှိလာတော့တစ်မျိုး၊ ရုပ်ရောစိတ်ပါ ပြောင်းလဲတတ်ပါ၏။

ထို့အတူ ငွေမရှိခင်က လူ၏စိတ်သည် သိမ်သိမ်ငယ်ငယ်၊ နွမ်းနွမ်းလျလျ၊ နှိမ်နှိမ်ချချ၊ ရိုးရိုးသားသား ရှိတတ်သော်လည်း ငွေရှိလာသောအခါ ကြွကြွကောက်ကောက် မောက်မောက်မာမာ လူ

လူသည်...
ငွေ၏ အရှင်သခင်သာဖြစ်သင့်၏။
ငွေ၏ ကျေးကျွန်မဖြစ်ရ.
လူသည်...
ငွေနောက်ကို အစေအပါးတစ်ယောက်လို တစ်
ကောက်ကောက်လိုက်နေစရာ မလိုပါ။
ကိုယ်ဝါသနာပါရာကို စိတ်စေတနာကောင်း
ထားပြီး လောကကောင်းကျိုးကိုသာ
ဆောင်ရွက်ပါ။
ငွေက လူကို သူ့အလိုလို ...

တကာအပေါ် ထင်သေးဆက်ဆံ၊ စိတ်ထားမမှန် ဖြစ်လာတတ်ပါ၏။

လူသည် ငွေထက် တန်ဖိုးရှိပါသည်။ လူက ငွေကိုရှာခဲ့သူဖြစ်ပါ၏။ ငွေက လူထက်အရေးကြီး စရာမရှိပါ။

သို့သော် တစ်ခါတစ်ရံ ငွေကလူထက် ပိုအရေး ကြီးတာမျိုး ကြုံရတတ်ပါသည်။

လူတစ်ယောက်ကို မုန်း၍ မိမိဘဝလုံခြုံမှုအတွက် စိုးရိမ်နေရ၍ လူမိုက်ငှားပြီး သတ်သောကိစ္စမျိုး အဖြစ် အပျက်မျိုးလည်း ရှိတတ်ပါသည်။

ထိုအခါ လူမိုက်သည် ၁၀ သိန်းနှင့်လက်ခံပြီး သူ့ငွေအလိုရှိသည့်လူကို ချစ်ခြင်း၊ မုန်းခြင်းကင်း စွာဖြင့် သတ်လိုက်ပါသည်။ သူရရှိသည့် သတ် ကြေးသည် ၁၀ သိန်းဖြစ်ပါသည်။ မများလှသော် လည်း လူကို ဆယ်သိန်းလောက်တောင် မတန်ဘူးဟု ထင်မြင်ယူဆပြီး သတ်လိုက်တာလည်း ဖြစ်နိုင်သည်။

ငွေသည်လူထက် တန်ကြေးပိုရှိသွားသလို ထင်ရ၏။

စင်စစ်သော် လူကသာ ငွေထက်တန်ဖိုးရှိရမည် ဖြစ်ပါသည်။

အသိဉာဏ်နည်းသူတို့ကြားတွင် ငွေသည် ဒုတိယ ဘုရားသခင်ဖြစ်နေတတ်၏။

ငွေရှိလျှင် ဘာမဆိုဖြစ်သည်။

ငွေကသာ အရာရာကို အဆုံးအဖြတ်ပေးနိုင် သည်။

ငွေမရှိလျှင် ဘဝသည် ဆင်းရဲဒုက္ခအတိ။

မှန်သင့်သလောက် မှန်ပါသည်။

ငွေတွင် တန်ခိုးရှိ၏။ လူတစ်ယောက်၏ ဘဝ ကို မြင့်တင်ကယ်ဆယ်ပေးနိုင်သလို ဖျက်ဆီး သတ်ပစ် နိုင်သည်။

တော်ရုံတန်ရုံအသိဉာဏ်လောက်နှင့် ငွေကို မထိန်းချုပ်နိုင်။

ငွေကသာ လူကို ပြုစားခိုင်းစေသွားတတ်၏။

ငွေသည် လူကိုလောဘဖြစ်စေသည်။

မာန်မာနဖြစ်စေသည်။

ဒေါသဖြစ်စေသည်။

ငွေကြောင့် လူသည် စိတ်ပြောင်းသွားတတ်၏။

မပြောသင့်တာတွေပြောပြီး မလုပ်သင့်တာလုပ် လာသည်။

အတ္တမာန်မာနတွေ လွှမ်းကဲပြီး ဘာမဆို ငါဖန် ဆင်းနိုင်သည်ဟု သွေးနားထင်ရောက်လာတတ်၏။

သူ့ကိုယ်သူ ဘုရားသခင်လိုလို ထင်လာတတ်၏။

သို့သော် ဘုရားသခင်လို မေတ္တာမရှိ။

အကြင်နာတရားတွေ ကင်းမဲ့ပြီး တိရစ္ဆာန်စိတ် တွေ ဝင်လာတတ်၏။

သည်လိုနှင့် ငွေက လူကို သူ့အလိုကျပြုစား လိုက်နိုင်သည်။

သို့သော်...

ငွေက ကျန်းမာစေသော အစားအစာ၊ ဆေးဝါး သမားတော် အစရှိသည်တို့ကို ဝယ်နိုင်သော်လည်း ကျန်းမာရေးကို မဝယ်နိုင်။

ပျော်ရွှင်စေနိုင်သော အရာအားလုံးကို ငွေဖြင့် ဖန်တီးနိုင်သော်လည်း၊ တကယ့်ငြိမ်းချမ်းပျော်ရွှင်မှုကို ငွေဖြင့်မဝယ်နိုင်။

လူလူချင်း နှစ်သက်သဘောကျ၊ ချစ်ခင်တွယ်တာစေရန် ငွေက လမ်းခင်းပေးနိုင်သော်လည်း မေတ္တာစစ်၊ မေတ္တာမှန်ကို ငွေဖြင့်ဝယ်မရပါ။

အသိဉာဏ်ရှိသောသူသည် ထိုအချက်များကို သိ၏။

ငွေ၏ အသုံးဝင်အရာရောက်ပုံကိုလည်းသိ၏။

ငွေကိုရှာဖွေနိုင်သလို စွန့်လွှတ်နိုင်စွမ်းလည်း ရှိသည်။

ငွေသည် လူထက် တန်ဖိုးပိုမရှိ။

လူ၏ အသုံးချခံ ပစ္စည်းသက်သက်မျှသာဖြစ်သည်။

ငွေဖြင့် လူတွေ၏ဘဝကို ကယ်သည်။

အစွမ်းအစရှိသူတွေ၏ဘဝကို မြှင့်တင်ပေး၏။

လူ့အဖွဲ့အစည်းကို ငွေဖြင့် ဖွံ့ဖြိုးတိုးတက် ပျော်ရွှင်ငြိမ်းချမ်းအောင် ဆောင်ရွက်ပေးနိုင်သည်။

ငွေသည် စေတမာန်နတ်လို ဒုက္ခပေးနိုင်သော အရာမှန်းလည်း သိ၏။

ငွေသည် လူတစ်ယောက်၏ဘဝကို ဖောက်ထိုးမှောက်ခုံလုပ်နိုင်စွမ်းရှိသော မှော်ဝင်လက်နက်မျိုးလည်းဖြစ်၏။

သူတော်စင်ပုဂ္ဂိုလ်တို့သည် ငွေကို မခင်တွယ်၊ မလိုလား၊ မနှစ်သက်၊ မထိမကိုင် ပိုင်ဆိုင်လိုချင်စိတ်မရှိ။

ငွေ၏ ကောင်းကျိုး ဆိုးပြစ်ကို အစမချေးခါး အထိ သိ၏။

ထို့ကြောင့် အသိဉာဏ်ရှိသော ပုဂ္ဂိုလ်တို့သည် ငွေကို ဒါနပြုရန် ပစ္စည်းအဖြစ်သာသုံးသည်။

ပိုင်ဆိုင်လိုချင်စိတ် တော်သင့်ရုံရှိသော်လည်း ငွေ၏လွှမ်းမိုးချယ်လှယ်မှုကို မခံ။

ငွေ၏ထိန်းချုပ်ပြုစားခြင်းကို လွတ်အောင် ရှောင်နိုင်၏။

ထို့ကြောင့် ငွေသည် ထိုသူတို့ကို ဦးညွတ်ရ၏။ ခစားရ၏။ ကျေးကျွန်သဖွယ်သဖွယ် အစေအပါး ပြုရ၏။

သူနိုင်စား၍ မရသောသူအဖြစ် အရှုံးပေး၏။

လူသည်…

ငွေ၏ အရှင်သခင်သာဖြစ်သင့်၏။

ငွေ၏ ကျေးကျွန်မဖြစ်ရ.

လူသည်…

ငွေနောက်ကို အစေအပါးတစ်ယောက်လို တစ်ကောက်ကောက်လိုက်နေစရာ မလိုပါ။

ကိုယ်ဝါသနာပါရာကို စိတ်စေတနာကောင်းထားပြီး လောကကောင်းကျိုးကိုသာ ဆောင်ရွက်ပါ။

ငွေက လူကို သူ့အလိုလိုခစားလာပါလိမ့်မည်။

သူ့ကို ငယ်ကျွန်တစ်ယောက်လို သဘောထားပြီး သုံးလိုရာသုံး၊ ခိုင်းလိုရာခိုင်းပါဟု သူ့ဘာသာ တောင်းပန်ဦးညွတ်လာပါလိမ့်မည်။

တကယ်ဆိုတော့လည်း…


အသိဉာဏ်ရှိသော၊ ပညာရှိ သူတော်စင် တို့သည် လောက၏ အထွတ်အမြတ်နေရာ၌သာ ရှိနေတတ်သည်မှာ သဘာဝ၏နိယာမပဲ မဟုတ်ပါလား။

ငွေသည် ထိုသူတို့၏ အစေအပါးကျေးကျွန် သဖွယ်မျှသာ။

■ ကောင်းသန့်

---

**စိတ်ချ မှန်မြန် စီးပွားသာ**





“…မြူနှင်း မပွဲတဖွဲကျနေသော သာယာနာပျော်ဖွယ်ဆောင်း တွင်း နံနက်ခင်းလေးတစ်ခု…” ယဉ်သူမို့ တစ်ဖုံတစ်ယောက်အတွက် ကုသိုလ်ပြုအရုဏ် ဆွမ်းလေးကပ်လှူပေးရန် ဈေးထိပ်ဝိသုတာရာမဘုန်းတော်ကြီး ကျောင်းတိုက်သို့လာနေစဉ် … မြူနှင်းကြားမှ မသဲမကွဲခေါ်သံ တစ်ခုကြောင့် အတွေးများ လက်စသတ်လိုက်ရသည်။

“မမမို့… ဘုန်းကြီးကျောင်း သွားမလို့လား”

“ဟုတ်တယ်… ညီမလေးရေ၊ ဦးလေးအာလူးအတွက် ဆွမ်းလေး သွားကပ်မလို့…”

“ဩော်… ကောင်းတာပေါ့ မမမို့ရယ်”

“ဒါနဲ့ ဦးလေးအာလူကြီး ဆုံးတာတောင် (၂) နှစ် ပြည့်ပြီ နော်”

“ဟုတ်တယ်…ညီမလေး”

“ဒါပေမဲ့…အချိန်တွေဘယ် လောက်ကြာကြာ မမို့ရင်ထဲမှာ တော့…”

“ဦးလေးအာလူးက မမ အတွက် ထာဝရကျေးဇူးရှင်ပါပဲ …”

“ဟုတ်…ညီမလည်း အခုမှ ဈေးထဲက ပြန်လာတာမို့…”

“ကလေးတွေ ကျောင်းချိန် အမီ ချက်ပြုတ်ပေးရဦးမယ် မမ”

“ပြန်ပြီနော် မမ”

“အေးအေး…ညီမလေး”

စကားလက်စသတ်လိုက်ရ သော်လည်း ယဉ်သူမို့တစ် ယောက် ဦးအာလူးအကြောင်း အတွေး ပင်လယ်မိစဉ် အချိန်တွေသာ နောက်ပြန်မလှည့်လိုသော်လည်း လွန်ခဲ့သော (၂) နှစ်ခန့် ကာလကို လှည့်မိသွားသည်သာ။

“သမီး မို့မို့ ရုံးသွားဖို့ရာ ပြင်တော့လေကွယ်”

“ရုံးချိန်တောင် နီးနေပြီ မဟုတ်လား”

“ဟုတ် အမေ၊သမီး သွား တော့မှာပါ”

“အေးအေး၊ အချိန်မီ သွား သမီးရေ၊ ဂရုစိုက်ပြီးလည်း သွား ဦး”

အမြဲအိပ်ရာထနောက်ကျတတ် သော သမီးဖြစ်သူအား မိခင်ဖြစ် သူမှ အမှာစကားများ မနက်တိုင်း ပါးစမြဲ။ ယခုလည်း ရုံးသွားဖို့ရာ နောက်ကျပြန်သဖြင့် သမီးဖြစ်သူကို ဆော်ဩနေလေပြန်ရဲ့။ ယဉ်သူမို့ တို့အိမ်နှင့် ရုံးသည် အတော်အတန် အလှမ်းဝေး၏။ လမ်းလျှောက်လျှင် တောင် နာရီဝက်နီးနီးကြာ၏။ ယဉ်သူမို့ခများလည်း စက်ဘီး၊ ဆိုင်ကယ် စီးတတ်သူမဟုတ်၊ ရုံး ပို့/ရုံးကြို လုပ်ပေးရန်လည်း ယောကျ်ားသားကမရှိ၊ အမေတစ် ခု သမီးတစ်ခုဘဝဖြင့် နေလာခဲ့ရ သည်မှာ (၇)နှစ်သမီး အရွယ် ကတည်းပင်ဖြစ်သည်။

ရုံးဆင်းပြန်လျှင်လည်း ညနေ နေဝင်ရီတရောအချိန် လမ်းက လူ ပြတ်သည့်အပြင် လမ်းမီးမရှိ မှောင်လှသဖြင့် မိန်းမပျိုလေး တစ် ယောက်အတွက်တော့ အန္တရာယ် များလှ၏။ မိခင်ဖြစ်သူမှာလည်း သမီးရုံးက ပြန်မရောက်မချင်း ခြံဝ ထွက်စောင့်ကာ လည်တရှည်ရှည် နှင့် မျှော်နေတတ်သည်ပင်။ သမီး ဖြစ်သူပြန်ရောက်မှသာ ‘အပူလုံးကျ သက်ပြင်းချ’ ရသည်။ သမီးဖြစ်သူ မှာလည်း ရုံးဆင်းအပြန် အိမ်ပြန် ရောက်မှသာ မောပန်းနွမ်းနယ် မှုတွေ ပြေပျောက်ရသည်။

“အမေ… အမေ့ကို သမီး မေးစရာရှိလို့”

“ဘာလဲ သမီးရဲ့”

“ဈေးထိပ်၊ ကျောင်းတိုက်နား မှာ အရူးတွေ့ခဲ့လို့ အမေ”

“ဩော်…အဲဒါ ကျောင်း ထိုင် ဆရာတော်ဘုရား မွေးစား ထားတာ သမီးရဲ့”

“သူ့ဘဝလေးက သနားစရာ ကောင်းပါတယ်သမီးရယ်”

“ဟင် သမီးကတော့ မသနား ပါဘူး”

“အရူးဆိုရင် သမီးကကြောက် တယ်၊ ရွံလည်းရွံတယ်”

“တော်ကြာနေ ရုံးသွားရုံး ပြန် လိုက်နှောင့်ယှက်နေမှဖြင့်”

“အဲ့တော့လည်း ဝေးဝေးက သွားပေါ့ သမီးရယ်”

မိခင်ကြီးစကားအဆုံးတွင် ယဉ်သူမို့တစ်ယောက် ရုံးလွယ် လက်ကိုင်အိတ်လေးကိုချ ရေမိုး ချိုးရန်ပြင်လေတော့သည်။ မိခင် ကြီးမှာလည်း သားမိနှစ်ယောက် ညစာအတွက်ချက်ပြုတ်ပြင်ဆင် တော့သည်။ ရေချိုးလို့ပြီးသည်နှင့် သားမိနှစ်ယောက် ညစာစား၊ တီဗီ အစီအစဉ်ကြည့်ပြီး ညဥ့်ဦးယံ ရောက်သည်နှင့် အိပ်စက်ဖို့ပြင် ကြသည်။

"သမီး‥ အမေဘုရားရှိခိုးပြီး အိပ်တော့မယ်နော်၊ သမီးလည်း ခြံတံခါးပိတ် သော့ခတ်ပြီး အိပ်တော့နော်"

"ဟုတ်‥ အမေ၊ သမီး ခြံတံခါးပိတ်လိုက်မယ်၊ အမေ ဘုရားရှိခိုးပြီး အိပ်တော့လေ။ သမီးကတော့ မအိပ်ချင်သေးဘူး၊ အင်တာနက်လိုင်း ခဏသုံးလိုက်ဦးမယ်၊ ပြီးမှ အိပ်တော့မယ်နော်"

"အေးပါကွယ်၊ တစ်အားကြီး ညဥ့်နက်အောင်လည်း ဖုန်းမသုံးနဲ့ဦးနော်"

"ဟုတ်ကဲ့‥ အမေ"

စကားဆုံးသည်နှင့် မိခင်ကြီးမှာ ဘုရားခန်းသို့ ဝင်သွားသည်။ ယဉ်သူမို့လည်း မိခင်မှာထားသည့်အတိုင်း ခြံတံခါးပိတ်ပြီးလျှင် မိမိ၏ အိပ်ခန်းထဲသို့ဝင်ပြီး ဖုန်းဖွင့်လိုက်သည်နှင့် တပြိုင်နက် massenger မှ တစ်ဒေါင်ဒေါင်တဒင်ဒင်နှင့် massages များ ဝင်လာသည်။ massage box အားဖွင့်ကြည့်လိုက်သောအခါ ယဉ်သူမို့အတွက် သက်ပြင်းချ အမောဆို့စရာကား‥‥

"မို့‥ ကို မို့ကိုတောင်းထားတဲ့အဖြေလေ"

"ဘယ်တော့ပေးမလဲဟင်‥ ကိုစောင့်နေတာ"

"ကိုအောင်သူ"

"ကျွန်မ ရှင့်ကို မစဉ်းစားပါရစေနဲ့"

"ရှင် ကျွန်မကိုစပြီး ရည်းစားစကားပြောကတည်းက‥"

"ကျွန်မ ရှင့်ကို အပြတ်ပြောပြီးသားပဲရှင်၊ ကျွန်မ ရှင့်ကို မကြိုက်ပါဘူးလို့၊ ဒါကိုတောင် ရှင်က အဖြေလာတောင်းနေတယ်ဆိုတော့ကာ၊ ရှင်မလွန်လွန်းဘူးလား၊ ရှင့် account ကို block မလုပ်တာ အလုပ်က လုပ်ဖော်ကိုင်ဖက်တွေမို့လို့ဆိုတာ ရှင်နားလည်ထား"

အောင်သူခမျာ အောင့်သက်သက်ဖြစ်ပေမယ့် နောက်မဆုတ်၊ ရှေ့တိုးမြဲသာ‥‥

"ဟာကွာ‥‥ ကိုကတော့ မို့ကို မရရအောင်ယူမှာပဲ"

"မို့ကို လုံးဝ အဆုံးအရှုံးမခံနိုင်ဘူး"

"မို့သိအောင်‥ ကိုပြောပြတာ"

ယဉ်သူမို့ခမျာ စိတ်ကသိကအောက်ဖြစ်ကာ သက်ပြင်းချရင်း ဖုန်းစက်ပိတ်လိုက်သည်။ ထို့နောက် သူမ၏ မနက်ဖြန်အတွက် အားသစ်မွေးမြူရန် အိပ်ရာဝင်တော့သည်။ အတွေးပေါင်းသောင်းခြောက်ထောင်ဖြင့်မနက်ဖြန်တိုင်းအတွက် ယနေ့ညတိုင်းကို အားတင်းဖြတ်ကျော်ကာ အိပ်ချိန်ကာလ တစ်ခုကို ကုန်ဆုံးစေခဲ့သည်။ မနက်တိုင်း ရုံးသွား ညနေတိုင်း ရုံးပြန် ဘဝကို ဖြတ်ကျော်ရင်း‥ ယဉ်သူမို့တစ်ယောက် သတိမထားခဲ့မိပေမဲ့လည်း တစ်စုံတစ်ယောက်ကတော့ ယဉ်သူမို့ကို သတိထားလာ၏။ ထိုသူကား‥ ဈေးထိပ်ကျောင်းတိုက်မှအရှုးအာလူးပင်‥

အရှုးအာလူးခမျာလည်း သမီးသေ‥ ဓနီးသေဘဝကိုရ‥ စီးပွားလည်း တစ်ဘုန်းဘုန်းကျလို့ အရှုး





ဘဝရောက်ခဲ့ရသည်ကြောင့် ယဉ်သူမို့ကို သမီးအရင်း တစ်ယောက်လို ချစ်မိသွားသည်။ ယဉ်သူမို့ ရုံးသွားရုံးပြန်ချိန်ဆိုလျှင် အရူးအာလူးက မျှော်နေတတ်၏။ ဘုန်းကြီးကျောင်းမှ ဖွန့်ကြဲသော ငှက်ပျောသီး၊ လိမ္မော်သီးစသည့် အသီးမျိုးစုံကို ယဉ်သူမို့တို့ ခြံရှေ့ လာလာချိတ်ထားတတ်၏။ တစ်ခါ တစ်ရံ ယဉ်သူမို့တို့ခြံရှေ့တွင် အမှိုက်များ လာကောက်ပေးနေတတ်သည်။ တစ်ခါတစ်ရံ အိမ်ခြံစည်းရိုးအား အုန်းလက်များဖြင့် လုံခြုံအောင် ကာရံပေးနေတတ်သည်။ တစ်ခါတစ်ရံ အိမ်ရှေ့ရေမြောင်းအား ဖောက်ပေးနေတတ်သည်။ ထိုသို့ လုပ်ရပ်များကို ယဉ်သူမို့တစ်ယောက် သဘောမကျပေမယ့် မိခင်ဖြစ်သူမှာတော့ အရူးအာလူး အပေါ် ကရုဏာသက် သနားနေမိသည်။ ဤသို့ဖြင့် အချိန်တွေကို တစ်ရွေ့ရွေ့ကုန်ဆုံးဖြတ်ကျော်လာပြီး တစ်နေ့မှာတော့··

"ကဲ·· အားလုံးပဲ ဒီည ဆရာမွေးနေ့ဖြစ်လို့"

"ဝန်ထမ်းအားလုံးကို စားသောက်ပွဲလေးတစ်ခု လုပ်ပေးမယ်"

"တို့စားနေကျ စားသောက်ဆိုင်လေးကို လာခဲ့ကြပါ"

Co., Ltd. (Manager) ထံမှ စကားသံကြားပြီး တစ်ရုံးလုံးပျော်နေကြ၏။ ယဉ်သူမို့လည်းပျော်နေ၏။ မန်နေဂျာထံမှ ဝန်ထမ်းများကို ပျော်ပျော်ရွှင်ရွှင် ဖြစ်စေချင်သောကြောင့် အားတက်သရောပင်··· အကြံသမား အောင်သူတစ်ယောက်မှာတော့ဖြင့်··· ပို၍ပင်အားတက်သရောရှိလှသည်။

ဤသို့ဖြင့် ညရောက်သော် ဝန်ထမ်းတွေ ပျော်ပျော်ရွှင်ရွှင် စားကြသောက်ကြ သီဆိုကြရင်း အပြုံးကိုယ်စီဖြင့် ဝမ်းသာနေကြတဲ့ အချိန်···

"ရော့··· မို့"

"သောက်လိုက်နော်"

"ဒါဘာလဲ··ကိုအောင်သူ"

"မို့အတွက် ကိုယ် အချိုရည် ယူလာပေးတာလေ"

"ရှင်·· အရည်တွေတော့ မရောထားပါဘူးနော်"

"ဟာ·· မရောထားပါဘူး မို့ကလည်း·· သောက်လိုက်နော်"

ယဉ်သူမို့လည်း အားနာနာဖြင့် အောင်သူပေးသော အချိုရည်ကို သောက်မိ၏။ အကြံသမားအောင်သူမှာလည်းအကြံအောင်မြင်သဖြင့် ကြိတ်ဝမ်းသာနေသည်။ အချိန်အနည်းငယ်ကြာသော် ယဉ်သူမို့တစ်ယောက် မျက်လုံးတွေ လေးလံလာသည်။ အိပ်ငိုက်သလိုဖြစ်လာ၏။ အမြင်တွေ ဝေဝေဝါးဝါးဖြစ်လာပြီး ပတ်ဝန်းကျင်အခြေအနေကို သတိရတစ်ချက် မရတစ်ချက်နှင့် ခေတ်ပေါ်ဆေး အခတ်ခံရမှန်းကိုပင် မသိလိုက်။ ကျားခံတွင်းသို့ သက်ဆင်းရလေပြီ။ အကြံသမားအောင်သူလည်း ဒဿဂီရိပီပီ·· ယဉ်သူမို့အား အိမ်ပြန်ပို့မည့်သယောင်ဖြင့် ဆိုင်ကယ်နောက်မှ တင်ခါ လမ်းတစ်နေရာ အရောက်၌··

မွေ့ဖက်နှမ်းရှုတ်ရန်၊ ကာအိန္ဒြေပျက်ပြားရန် ရည်ရွယ်၍ လူပြတ်သောနေရာ အမှောင်ဝင်ခါစ အချိန်တွင် နှမသားချင်း ကိုယ်ချင်းမစာမနာပြုလုပ်ရန် ဟန်ပြင်စဉ်·· စူးစူးဝါးဝါးအော်သံတစ်ခုက···

"အား‥ မင်း‥ မင်း‥ ဘာလုပ်မလို့လဲ"

"ငါ့‥ငါ့‥ငါ့‥သမီးပြန်ပေး‥ ငါ့သမီးပြန်ပေး" ဟု အော်ဟစ်ရင်း

အရူးအာလူးက အောင်သူ့အကြံအား ဖျက်ဆီးရန် ရောက်လာလေသည်။ အောင်သူလည်း ဒေါသထွက်ကာသိကအောက်ဖြစ်ကာ‥

"ဟာ‥‥ ဒီအရူးကတော့ နာတော့မှာပဲ" ဟုဆိုကာ

လမ်းဘေးကျောက်စရစ်တုံးဖြင့် အရူးအာလူးအား ထုနှက်လေသည်။ အာလူးခမျာလည်း "ငါ့သမီး‥ ပြန်ပေး‥" စူးစူးဝါးဝါး အော်ဟစ်ရင်း အောင်သူ့ ခြေထောက်တစ်ဖက်အား တင်းကျပ်စွာ ဖမ်းဆုပ်ထားသည်။ နဖူးပြင်မှာလည်း သွေးသံတရဲရဲနှင့် ပါးစပ်ကလည်း သမီးအလုခံရသည့် ဖခင်ပမာ‥ အောင်သူ့ဒေါသမီး လက်အောက်တွင် အရိုက်ခံ အထုခံ အဆဲခံ။ ထိုစဉ် တစ်ခဏတွင် ပတ်ဝန်းကျင်မှလူများ ရုတ်ရုတ်သဲသဲ ဖြစ်လာပြီး၊ အရူးအာလူးထံသို့ အပြေးအလွှား ပြေးလာကြ၏။ အောင်သူလည်း ကြောက်ကြောက်လန့်လန့်ဖြင့် တိမ်းရှောင်ထွက်ပြေးသော်ငြား‥ အာလူး၏ လက်များက ခြေချုပ်သဖွယ် ပြေးမရဖြစ်နေလေသည်။ ရပ်ကွက်သားများလည်း အဖြစ်အပျက်ကို မြင်ပြီး လူယုတ်မာ အောင်သူအား ဝိုင်းဝန်းဖမ်းဆီးကာ သက်ဆိုင်ရာရဲလက်သို့ အပ်လိုက်တော့သည်။ အာလူးကိုလည်း ဆေးရုံဆေးခန်းသို့ ပို့လိုက်ကြသည်။ သတိလစ်နေသောယဉ်သူမို့ ခမျာတော့ ဤအဖြစ်အပျက်များကို လုံးဝမသိလိုက်ပေ။

နောက်တစ်နေ့မနက် ယဉ်သူမို့ သတိပြန်လည်လာသောအခါ ဘေးတွင် ငိုနေသော မိခင်ကြီးနှင့် အိမ်နီးနားချင်းများကို တွေ့လိုက်ရသဖြင့် အံ့အားသင့်စွာ‥‥

"အမေ"

"ဘာတွေဖြစ်နေကြတာလဲ‥ဟင်" ဟု မေးရာ

မိခင်ကြီးလည်း ရှိုက်ကြီးတငင် ငိုကြွေးကာ

"အာလူး‥ သေပြီ‥ သမီးရေ"

"နင့်ရဲ့ကျေးဇူးရှင်ကြီး‥ အရူး အာလူး‥ သေပြီ"

"ကံသီပေလို့ပေါ့‥ သမီးရယ်‥ အာလူးကယ်ပေလို့ပေါ့"

ယဉ်သူမို့လည်း အကြောင်းအရင်း စုံစုံလင်လင် သိရသောအခါ မျက်ဝန်းမှ မျက်ရည်များ စီးကျလာသည်။ အရူးအာလူးဆီ အပြေးအလွှားသွားခဲ့သော်လည်း အချိန်နှောင်းခဲ့လေပြီ။ အာလူး၏ ရုပ်အလောင်းကိုသာ တွေ့ခွင့်ရတော့သည်။

ယဉ်သူမို့လည်း ကျေးဇူးရှင် ရုပ်အလောင်း၏ရှေ့တွင် အကြိမ်ကြိမ်အခါခါ ဒူးထောက်ကန်တော့၍သာ ငိုကြွေးနေမိသည်။ အကြံသမားအောင်သူကို တရားဥပဒေက ပေးသောပြစ်ဒဏ်ကို ခံယူသွားသော်လည်း အရူး အာလူး၏ နာရေးကောင်းမွန်စွာ ပြီးဆုံးသွားခဲ့သော်လည်း ယဉ်သူမို့စိတ်ထဲတွင်မှ "ယူကြုံးမရ‥ ဖြေမဆည်နိုင်" ဖြစ်နေပြီး ကြေကွဲဒဏ်ရာရနေတော့သည်။ အချိန်တိုင်းလည်း ယဉ်သူမို့ စိတ်ထဲတွင်‥‥

"သြော်‥ ဦးလေးအာလူးရယ်"

"ဦးလေးအာလူးက‥ကျွန်မကို ဘုရားကပေးတဲ့ ဒုတိယ ဖခင်ပါပဲ‥"

"နောင်ဘဝများမှာ အခုလိုကြမ္မာဆိုးမျိုး‥ မကြုံရမဆုံရပါစေနဲ့"

ညည်းတွားရင်း‥ငိုကြွေးရင်း‥ တောင်းဆုပြုနေမိဖြစ်လေသည်။

"သြော်‥မေတ္တာ‥စေတနာ ‥အရူးမှာတောင်ရှိပါရှော့လား"


လူသားအားလုံး မေတ္တာတရားဖြင့် အေးချမ်းကြပါစေဟု တောင်းဆုပြုရင်း‥‥

လူပင်ကောင်းလျက် စိတ်ထားယုတ်ညံ့သူတို့ကြား‥‥ လူပင်ရူးလျက် စိတ်ကောင်းထားတတ်သူတို့ကို နှိုင်းယှဉ်နေမိပါတော့သည်။

■ နန်းဦးရှိုင်

◆❖◆






(၂၈၅) မိုင် သီးကုံးယာဉ်ရပ်နားစခန်းမှ မိတ္ထီလာသို့ အဝင်မှာပင် ရာသီဥတုက သိသိသာသာ ပြောင်းလဲနေတော့သည်။ နှစ်သစ်ကူးတော့မည့် ၃၁ ရက်နေ့၊ (၂၀၁၇)ရဲ့ နောက်ဆုံးနေ့ ညနေခင်းသည် အေးစက်သိပ်သည်းဆ ပြနေလေပြီ။ မြို့သစ်ပိုင်းတွင် တွေ့မြင်နေရသည့် ဆိုင်ကယ်ပေါ်မှ လူများ၊ လမ်းသွားလမ်းလာများ အားလုံး အနွေးထည်ကိုယ်စီဖြင့် ခပ်သွက်သွက် သွားလာနေကြ၏။ ကောင်းကင်သည် တိမ်စိုင်ထုကြီးများဖြင့် မှိုင်းညို့ကာ

နေသည်။ လေမတိုက်ပါဘဲ အအေးဓာတ်က ကြီး စိုးနေသည်။ မိုးငွေ့များက အုပ်စိုး နေသည်။ သေချာပါပြီ။ မုန်တိုင်း သည် အညာကိုလွှမ်းမိုးချုပ်ကိုင်စပြုနေတော့သည်။

ဖိုးကျော်တို့ အိမ်တွင် ကား ရပ်နားမိသည်။ မနေ့ကတည်းက ပြင်ဆင်လာခဲ့သော နှစ်သစ်ကူးပွဲ အတွက် ဇနီးအေးနှင့် သမီးကြီး တို့က ကားပေါ်မှ ရေခဲဘူးကြီးကိုချ သည်။ အထဲမှာ ငါးထုပ်ကင်နှင့် အသားများ စီမံပြီးသား ပါလာ သည်။ ဖိုးကျော်ရော ဇနီးဖြစ်သူ ဆရာမပါ အမွှေးထည် ကိုယ်စီနှင့်။ ဖိုးကျော်က ညက မိုးရွာသေး ကြောင်း ပြောပြလာသည်။ မုန် တိုင်းအရှိန်ကြောင့် မိုးရွာမည့် အကြောင်း မိုးလေဝသမှလည်း ကြေညာထားပြန်သည်။

နှစ်သစ်ကူးပွဲ ကျင်းပနေချိန် မှာပင် မိုးက နည်းနည်းလက်စွမ်း ပြလာပြန်သည်။ ကျွန်တော် လုံးလုံး စိတ်မပူ။ မနက်ပိုင်းတွင် ရန္တပို ခရီးကိုဆက်၍ ထွက်လာခဲ့မိသည်။ အမြန်လမ်းမကြီးပေါ် ပြန်တက်၊ (၂၉၃)မိုင်တွင် မြင်းခြံလမ်းခွဲသို့ ဆင်းခဲ့သည်။ မလှိုင် မြို့အဝင်မှာ ပင် မိုးကဖွဲဖွဲကျလာ တော့သည်။ တောင်သာအထိ မိုးကဖွဲနေဆဲ။ မြင်းခြံအထိမနားသေး။ ကျွန်တော် တို့ကိုစောင့် ကြိုနေသည့် မြို့ခံ တစ်ဦးနှင့် ဖုန်းအဆက်သွယ်ရ သည်။ သူက ဆိုင်ကယ်ဖြင့် ရှေ့က နင်ကာ ရန္တပိုရွာအဝင် တာလမ်း ဆုံအထိ ပို့ပေးမည့်သူဖြစ်သည်။

ကျွန်တော်သွားရမည်က ရန္တ ပိုရွာတစ်ဖက်ကမ်းရှိညောင် ကား ယားရွာ၊ ထိုမှတစ်ဆင့် သာဂေါင် ရွာသို့ ဖြစ်သည်။ ကားက ရန္တပိုရွာ အထိ မောင်းလို့ ရသည်ဟု သိထား သည်။ သာဂေါင်ရွာတွင်ကျင်းပ မည့် ပြာသိုလပြည့်အမေနေ့ ဟော ပြောပွဲအတွက် ဦးပဥ္စင်း အရှင် ဉာဏ်(မေတ္တာနိုင်ငံ)က ကျွန်တော် နှင့် ဆရာမချောအိ မာန်(မန္တလေး) တို့ကိုဖိတ်ကြား ထား၍ဖြစ်သည်။ မနှစ်က မတ်လတွင် ရန္တပိုရွာသို့ ကျွန်တော် ရောက်ခဲ့ပြီးပြီ။ ထိုစဉ် က တစ်ဖက် ကမ်းရှိညောင်ကား ယားရွာတွင် ဟောပြောပွဲကျင်းပ ခြင်းဖြစ်သည်။ ယခုပွဲကိုတော့ သားနှင့် သမီးကိုပါ ပုဂံဘုရားဖူး ပို့မည့် အစီအစဉ်ဖြင့်အပါခေါ်က မိသားစုလိုက် ထွက်ခဲ့ခြင်းပင်။

တလုပ်မြို့ကိုဖြတ်သန်းချိန်တွင် မိတ်ဆွေကြီးထက်နိုင် (တလုပ် မြို့)ကို သတိရမိပြန်သည်။ သူတို့ Treasure Land မဂ္ဂဇင်းထုတ်ဝေ စဉ်က စာမူကိစ္စများဖြင့် ရင်းနှီးခဲ့ ကြပြီး စာပေညီလာခံ၌ ရိပ်ခနဲ တွေ့လိုက်ရသော်ငြား စကားလက် ဆုံမကျဖြစ်တော့။ တလုပ်မြို့လေး မှာမြို့ငယ်လေး မျှသာဖြစ်သည် မို့ သိပ်မကြာခင်မှာပင် ရန္တပိုရွာ ဘက်သို့ ထွက်သည့် ကျောက်ခင်း လမ်းမပေါ် ရောက်လာသည်။ ကား က ကားငယ်လေးမို့ ဘီးလိမ့်ရုံသာ လိမ့်ရသည်။ လမ်းတစ်ခုလုံးမှာ ကျောက်ခင်းထားခြင်း သက်သက် မို့ ကားမှာမသက်သာလှ။ တောပု ရွာ အကျော်မှာတော့ ရှေ့ဘီးမှ အသံထွက်လာသည်။ တွိုက်ရှော့ လား ဘောကျိုင်းလားမသိ၊ အသံစုံ ထွက်လာသည်။ သို့ရာတွင် ကျောက် ခင်းလမ်းပေါ်မှ ရုတ်တရက် လမ်း ဘေးလျှို အနိမ့်လမ်းဆီသို့ ဆင်းနိုင် သည့်လမ်း မတွေ့ရသေး။ တော် တော်လှမ်းလှမ်းမောင်းမိမှ ဇရပ် တစ်ဆောင်ရှေ့တွင် အဆင်းလမ်း တွေ့ရသည်။ ဆိုင်ကယ်ဖြင့် သုတ် ခြေတင်သွားသည့် မြင်းခြံမှ ပုဂ္ဂိုလ် လည်း မတွေ့ရတော့။

ကားကိုလမ်းအနိမ့်လျှို လမ်း သို့ ချကာကျွန်တော် စစ်ဆေးကြည့် သည်။ ဘရိတ်ရှူးတွေပါးနေသည့် အတွက် အပေါ်ဒရမ်အဖုံးကို ရှူး ပြားခြမ်းတွေက ပွတ်တိုက်ထား သည်။ ကျွန်တော် ဆက်မမောင်းရဲ သဖြင့် ဆိုင်ကယ်နှင့်ပုဂ္ဂိုလ်ထံ ဖုန်း ဆက်ရတော့သည်။ သူက ဦးပဥ္စင်း ထံ လှမ်းဆက်သွယ်ပေးသဖြင့် ဦးပဥ္စင်းက ကားကို ပြန်လှည့်ကာ တောပုရွာ၌ ထားခဲ့ပါရန် အကြံ ပေးရှာသည်။ မနှစ်က ညောင်ကား ယားရွာကိုလာခဲ့စဉ်က တောပုရွာ မှသူ့မိတ်ဆွေ ဦးပဥ္စင်းတစ်ပါးကား ဖြင့် လိုက်ပို့ပေးကြောင်း ပြန်အမှတ် ရ စွာ ပြောပြလာသည်။ ယခုလည်း

ထိုကားဖြင့် ပို့ပေးလို့ရကြောင်း ပြောပြပါသည်။ ကျွန်တော် အားနာနေမိသည်။ ထို့ပြင် ဇရပ်၌ နားနေသော ဦးလေးကြီးထံ လမ်းခရီး စုံစမ်းကြည့်မိတော့ ရန္တပိုတာလမ်းဆုံမှာ သိပ်မလိုတော့ကြောင်း သိရသည်။ တာလမ်းက မြေသားတမံလမ်းမို့ ကားထိနိုက်စရာမရှိတော့ပေ။ မိသားစုလည်း ပါလာသည့်အတွက် ကျွန်တော့်ကြောင့် အခြားသူများ ဝန်ပိုမည်ကိုစိုးရသေးသည်။ ထို့ကြောင့် ကျောက်ခင်းလမ်းပေါ်သို့ ကားကိုပြန်တင်ကာ ရန္တပိုလမ်းဆုံရှိရာ တာလမ်းထိပ်သို့ ဆက်၍လိမ့် လာဖြစ်တော့သည်။ မိုးကဖွဲဖွဲကျနေဆဲပင်။

ကံကောင်းစွာပင်ရန္တပို လမ်းဆုံတာလမ်းထိပ်သို့ ရောက်လာခဲ့ပြီ။

ဆိုင်ကယ်တစ်စီးနှင့် အတူ ညောင်ကားယားရွာမှ တောသူငွေး နှစ်ဦးကစောင့်ကြိုနေကြသည်။ သူတို့ကမနှစ်က စာပေဟောပြောပွဲဦးဆောင်ကျင်းပခဲ့သော ကိုငွေးနှင့် ကိုဇော်ကြီးတို့ဖြစ်သည်။ မြင်းခြံမှ ပုဂ္ဂိုလ်က သူ့တာဝန်ကျေပြီမို့ နှုတ်ဆက်ကာ လှည့်ပြန်သွားသည်။

❖

ရန္တပိုခရီးက မချို။

ဆည်မြောင်းဖော်ထားသည့်အတွက် ဆည်မြောင်းဘေး နှစ်ဖက်တွင် ကုပ်တင်ထားသော မြေသားတမံလမ်းများဖြစ်သည်။ ညကရော မနက်မှာသာမက ယခုတိုင် တဖွဲဖွဲကျနေသော မိုးစက်များကြောင့် မြေသားလမ်းသည် ရွှံ့မြေတို့ဖြင့် အန္တရာယ် အပြည့်။

ခရီးက ၂ မိုင် ၆ ဖာလုံမို့ ဝေးလှသည်မဟုတ်။ သို့ရာတွင်ရှေ့ကသွားနှင့်သော ကိုငွေးတို့ဆိုင်ကယ်ကို ကြည့်ကာကျွန်တော် အသက်မရှူဝံ့။ မြေသားများကသော်ငြား လမ်းကကျယ်သည်။ စီယာတိုင်ကစားလို့ရသည်။ ရပ်၍ဖြစ်သည်။

မြေသားတမံလမ်းက ကားတစ်စီးသာ မောင်းနိုင်သည်။ စီယာတိုင်ယိမ်း၍မဖြစ်။ ကားကရပ်ဖို့ လုပ်တိုင်းမြေသား ကချွဲရှိနေသဖြင့် လျှောကနဲပါ သွားသည်မို့ ဘရိတ်ကို မနင်းရဲတော့။ လိမ့်ရင်းလိမ့်ရင်း ဘုရားတနေရတော့သည်။ ဟမ်းဘရိတ်ကို လက်ကအသင့်

**ရန္တပိုစာချုပ် ချုပ်ခဲ့ရာ ကျောက်တိုင်အလွန်၌ ကားကို ရပ်ကာ မိသားစု အမှတ်တရ ဓာတ်ပုံရိုက် ဖြစ်သည်။ မိုးက တဖွဲဖွဲကျနေသည်။ မှတ်တိုင်ငယ် ကျောက်စာ၌ ဤနေရာမှ ကိုက် (၅၀) အကွာတွင် အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲ စစ်ပြေငြိမ်းရေး စာချုပ် ချုပ်ဆိုခဲ့ကြောင်း ...**

မိုးကြောင့် ချွဲပျစ်နေသလို လှိုင်းထနေသည့်နေရာများကား ပြည့်နှက်နေသည်။ ဆိုင်ကယ်မှာတစ်ဘီးချင်းလိမ့်နေသည့်ကြားက ဆွဲ၍ဆွဲ၍ ချော်ထွက်နေတော့သည်။ ခြေထောက်ဖြင့် မြေကြီးပေါ် ထောက်ကူကာ တရွေ့ရွေ့ သွားနေရ၏။ တစ်ဖက်မှာက တူးမြောင်း၊ တစ်ဖက်မှာကချောက်။ ဘယ်ဖက်မှ စိတ်မချရ။ ကျောက်ခင်းလမ်းမှာ မောင်းလာစဉ်က ကားနာသည် ဆိုပြင်ထားရသည်။ လှိုင်းထနေသော လမ်းမို့ ရှေ့ဘီးအချရော နောက်ဘီးအချပါ အတော်ကြီး သတိထားမောင်းရသည်။ အချိန်မရွေး တဖက်ဖက်သို့ ထိုးကျနိုင်သည့် အခြေအနေပင်။ ကျွန်တော်တို့ကား အခြေအနေ မလှပုံကို မျက်နှာချင်းဆိုင်မှ လာသော ဆိုင်ကယ်များ လမ်းဘေး၌ ကပ်၍ရပ်ကာ စောင့်ကြည့်နေကြရသည်။ လမ်းကျယ်တစ်နေရာ၌ CANTERလိုက် ထရပ်ကားဆို

လျှင် အဝေးကြီးမှပင် စောင့်ဆိုင်းကာ တစ်ခုခုဖြစ်လျှင် ကူညီပေးရန် စောင့်ကြည့်နေရှာတော့သည်။ ကျွန်တော့်ဘဝတွင် ခရီးမိုင်ပေါင်းသောင်းချီကာ နှင်ဖူးသော်ငြား ဤတာလမ်းခရီးတိုလေးသည် အလွန် စိတ်လှုပ်ရှားဖွယ် ကောင်းနေသည်။

ကောင်းကင်၌ ညှို့မှိုင်းနေသော မုန်တိုင်း မိုးတိမ်သည် အံ့တုနေသော ကားလေးကို နေနှင့်ဦးပေါ့ဟု စောင့်ကြည့်နေပုံရသည်။

ကားသည် တစ်ဘီးချင်း လိမ့်ကာ လိမ့်ကာ ရန္တပိုရွာခြေသို့ ဆိုက်ခဲ့ပါလေပြီ။ ရန္တပိုစာချုပ်ချုပ်ခဲ့ရာ ကျောက်တိုင်အလွန်၌ ကားကိုရပ်ကာ မိသားစု အမှတ်တရ ဓာတ်ပုံရိုက်ဖြစ်သည်။ မိုးက တဖွဲဖွဲကျနေသည်။ မှတ်တိုင်ငယ်ကျောက်စာ၌ ဤနေရာမှ ကိုက် (၅၀)အကွာတွင် အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲ စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုခဲ့ကြောင်း ရေးသားထားသည်။ လွတ်လပ်ရေး ကျောက်တိုင်က နောက်မှ စိုက်ထူထားခြင်း ဖြစ်သည်။ ဧရာဝတီမြစ်ကမ်းနံဘေး အိုးလုပ်သော ကျေးရွာလေး ဖြစ်သည့် ရန္တပိုရွာလေးသည် လမ်းများက ရှေးအတိုင်းပင်။ မညီမညာ၊ ကုန်းဆင်းကုန်းတက်၊ ဆူးခက် စည်းရိုးများ ကာရံထားလျက် ရှိနေဆဲ။ ကားငယ်လေးမို့ အသက်အောင့်ကာ ရန်းကန်ကွေ့ ကောက်ရင်း ကိုဌေးနှင့် ခမည်းခမက်တော်သူ ကိုကျော်ရွှေ၏ အိမ်ဝင်းထဲသို့ ဆိုက်ရောက်ခဲ့သည်။

ကျွန်တော် မသိသေး။

နောက်ရက်များတွင် မိုးကြီး ဖွေတော့မည်ကို မသိသေး။

ဤရန္တပိုရွာလေးတွင် ကျွန်တော့် ကားလေး ရက်ပေါင်းများစွာ ထားရစ်ခဲ့ရမည်ကို လုံးလုံးမသိသေး။ မုန်တိုင်းကောင်းကင်သည် ကျွန်တော့်ကို ပြုံး၍ကြည့်နေပါလိမ့်မည်။

ဇနီး အေးရော သမီး ရဝေနှင့် သားပြည့်သိခ်ိတို့အတွက်ပါ အဝတ်အစား အပိုတစ်စုံစီ ယူဖို့မှာရသည်။ ရန္တပိုရွာမှ တစ်ဖက်ကမ်း ညောင်ကားယားသို့ ကိုဌေးတို့ မြစ်ကူး ကူးတို့ငယ် လေးဖြင့်ကူးခဲ့သည်။ ကိုဇော်ကြီးက ဆိုင်ကယ်ကို ကုန်းဘောင်ခံ၍ ကူးတို့ပေါ် တင်ထားပြီးပြီ။ မြစ်ရေကျနေချိန်မို့ ဖိနပ်များချွတ်ရသည်။ မိုးရေကြောင့် ချော်လဲသွားလျှင် မြစ်ကမ်းပါးအတိုင်း လိမ့်ကျသွားမည်မို့ ကိုဌေးက တဖွဖွသတိပေးကာ ရှေ့မှ ဦးစွာဆင်းပြနေသည်။ Arra-waddy မြစ်ကူးဇိမ်ခံသင်္ဘောကြီး တစ်စင်းက မလှမ်းမကမ်းတွင် ဆိုက်ကပ်နေသည်။ ရန္တပိုရွာဆီသို့ အလည်အပတ်ရောက်လာကြသည့် နိုင်ငံခြားသားခရီးသည်များ ပါလာကြသည်။ သမိုင်းဝင် ရွာလေးသည် ကမ္ဘာ့ခရီးသွားလမ်းကြောင်းတွင် ကျော်ကြားလှပုံရသည်။ အဆင့်မြင့်ဟိုတယ်တစ်လုံးသည်လည်း ရန္တပိုရွာထိပ်တွင် လုပ်ငန်း လုပ်ကိုင်နေပြန်သည်။

ညောင်ကားယားရွာကို ရောက်သည်နှင့် ကိုဌေးက သူ့ ထွန်စက်ကြီးကို ခရီးနှင်ရန်ပြင် ဆင်ပါလေပြီ။ ညကရွာသောမိုးသည် သာဂေါင်ရွာခရီးကို ဆိုင်ကယ်လည်း သွား၍ မလွယ်၊ ကိုဇော်ကြီး ကားငယ်လည်း ထွက်၍ မရတော့ပြီ။ ထို့ကြောင့် ထွန်စက်ဖြင့်သာ ခရီးဆက်ကြရတော့မည်တဲ့။ တော်ပါသေး၏။ ဆရာမ ချောအိမာန်နှင့် အဒေါ် ဖြစ်သူက မန္တလေးမှ လာကြမည်မို့ သာဂေါင်ရွာသို့ တစ်ဖက်လမ်းမှ ဆိုက်ရောက်လိမ့်မည်။ ထွန်စက်စီးစရာ မလိုတော့။ ဦးပဉ္စင်း အရှင်ဉာဏက လန်ခရူဆာ ကားတစ်စီး အကူအညီတောင်းထားသည်။ သူတို့က သာသာယာယာ ရှိလိမ့်မည်။

ထွန်စက်ကြီးက စက်သံပြည်း ခနဲထကာ အသံပေးလာသည်။

ဇနီးအေးတို့ သားအမိသုံးဦးက ကိုဌေးနောက်ဘက်မှာ ထိုင်ကြရသည်။ ကျွန်တော်က ကိုဌေး၏ ဘယ်ဘက်မှာ၊ ကိုဇော်ကြီးက ညာဘက်မှာ။ ဘီးဖုံးပေါ်တွင် ထိုင်လိုက်ကြရသည်။ မိုးက မရွာတော့ပေ။ ရွာအထွက်မှာပင် စိုက်ခင်းများက စိမ်းစိုဝင်းဖြာနေသည်။ စိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်း

ကြသည်မို့ ဝမ်းသာမိသည်။ မုန်တိုင်းမိုးကြောင့် အလုပ်အကိုင်ပျက်ကြရသော်ငြား ပဲဈေး၊ ကြက်သွန် ဈေးကစွာနေသည်မို့ သိပ်ပြဿနာမရှိကြ။ တချို့ စိုက်ခင်းများက ငါးကေ ခြောက်ကေနီးပါး တစ် ပြန့်တစ်ပြောတည်း ဆက်စပ်ကာ ခေတ်မီစနစ်ဖြင့် စမ်းသပ်စိုက်ထားကြသည်။ ဆေးရွက်ကြီးခင်းများ၊ မတ်ပဲခင်းများ၊ ကြက်သွန်ခင်းများက သူ့အကန့်နှင့်သူ။ လယ်ကွက်များက ပျိုးရေဖြည့်ကာ အသင့်ပြင်ထားကြသည်။ ထွန်စက်လမ်းက အကြမ်းကြီး မဟုတ်လှ။ ချိုင့်ကွက်များကို ရောက်မှသာ ဂီယာကြီးဖြင့် ရုန်းရင်းအပေါ်မှ ကျွန်တော်တို့ ယိမ်းထိုးကြရသည်။ ကလေး နှစ်ယောက်က မစီးဖူးသော အရသာမို့ ပျော်နေကြပြန်သည်။

ကိုငွေးနှင့် ကိုဇော်ကြီးတို့က ကျွန်တော်တို့ကို စာပေစိတ်နှင့် တကွ ဦးပဥ္စင်းကြောင့်လိုက်ပို့ ပေးခြင်းဖြစ်သည်။ တကယ်တော့ သူတို့မှာ တောသူငွေးများမို့ အလုပ်တွေက များလှသည်။ ကိုငွေးမှာ လယ်စိုက်ဖို့ ကောက်စိုက်အဖွဲ့၊ ပျိုးနုတ်အဖွဲ့တို့ကို ချိန်းထားပြီးပြီ။ ကိုဇော်ကြီးကလည်း ကုန်စုံဆိုင်ကြီးတစ်ဆိုင် လုံးဓနီးဖြစ်သူနှင့် ထားခဲ့ ရသည်။ စာပေချစ်စိတ်သက်သက်ဖြင့် လိုက်ပို့ကြရုံသာမက သူတို့ဒေသ၏ ရာသီဥတုအပေါ် သူတို့တွေးဆထားသည့် အတွေးကြောင့် ထွန်စက်ကြီး ယူဆောင်လာကြခြင်းပင်။ အညာဒေသဟူသည်ကား မိုးကြီးပြီဆိုလျှင် လမ်းခရီးတို့ ပျက်ကြစမြဲ။ ကျွန်တော်တို့ ရောက်နေသည်က စစ်ကိုင်းတိုင်း မြောင်မြို့နယ်မှာ၊ သွားရမည်က မန္တလေးတိုင်း မြင်းခြံနယ်နှင့် မကွေးတိုင်း ရေစကြိုနယ်စပ် နှစ်ခုကြားမှ သာဂေါင်ရွာ။ သာဂေါင်ရွာက ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ် နှစ်စင်းကြားက ရွာဖြစ်သည်။ မိုးနှင့်လေနှင့်ဆိုလျှင် ထွန်စက်မှတစ်ပါး အားကိုးစရာ မရှိတော့ကြောင်း ရှင်းပြကြသည်။ အကယ်၍ ဤမုန်တိုင်းမိုးက တိုး မလာလျှင် ကိစ္စမရှိ။ သည့်ထက် ဆက်၍ တိုးလာပါလျှင် မလွယ်ကြောင်း ပြောပြကြသည်။ သူတို့ပြောသည်က မလွန်ပါချေ။

ငါးရုံ့အုရွာ အလယ်ပိုင်း အရောက်တွင် မိုးက ခပ်စိပ်စိပ် သည်းလာတော့သည်။ ကိုငွေးက ဦးပဥ္စင်းတို့ကား အသွားအလာကို စုံစမ်းသည်။ သူတို့မရောက် လာကြသေးသဖြင့် မိုးခိုရင်း လက်ဖက်ရည်ဆိုင်တွင် နားကြတော့သည်။ ရှေ့ခရီးကနီးပါပြီတဲ့။ ကျွန်တော်ကလေးနှစ်ယောက်အတွက် မိုးရေမိသွားမည်ကို စိုးရိမ်သဖြင့် ဦးပဥ္စင်းတို့ကားကို စောင့်နေဖြစ်သည်။ ကျွန်တော်တို့က ဟောပြောပွဲပြီးလျှင် နောက်တစ်နေ့ ပုဂံညောင်ဦးသို့ ဘုရားဖူးထွက်ကြမည်မို့ မဖျား မနာစေချင်။ ထို့ကြောင့် ကားကြုံစောင့်ဖြစ်သည်။ သိပ်မကြာခင်မှာပင် လန်ခရူဆာ ကားဖြူကြီးက ဆိုက်ရောက်လာတော့သည်။ ဦးပဥ္စင်းက ကလေးနှစ်ယောက်ကို ကားပေါ်ခေါ်တင်ကာ သွားနှင့်လေတော့သည်။ မိုးသည် တဖြည်းဖြည်း လက်စွမ်းပြ၍ လာပါချေပြီ။

ငါးရုံ့အုရွာအလွန်တွင် သာဂေါင်ရွာမှအပြင်းနှင်လာသောကားနှစ်စီးကို လမ်းရှောင်ပေးရပြန်သည်။ မနက်က မိုလ်ချုပ်အောင်ဆန်းရုပ်တုဖွင့်ပွဲကျင်းပသည်မို့ တာဝန်ရှိသူများ ပွဲအပြီးတွင် မိုးလွတ်ရန် အပြင်းနှင် လာကြခြင်းပင်။ ဒုတိယကားပေါ်၌ NLD ပါတီဝင်များ တွေ့ရသည်။ မိုးလေဝသကြောင့် ညဘက် စာပေဟောပြောပွဲကို မစောင့်နိုင်ကြတော့။ ယခုကာလက အမြန်နှင်လျှင် လွတ်နိုင်သေးသည်။ ကားငယ်များ သွား၍ လာ၍ ရသေးသည်။ ရွာချင်းဆက်မြေလမ်းများက မောင်း၍ ဖြစ်သေးသည်။ သူတို့က ကားလမ်းမဆီသို့ရောက်ရန် ခပ်သွက်သွက် မောင်းသွားကြခြင်းပင်။ အစိုးရပါတီကြီးမှလူများပင် ဤမျှ အလန့်တကြားဖြစ်ရသည်ဆိုလျှင် ရှေ့ဆက်ရမည့်ရာသီဥတုသည် မည်မျှ ဆိုးရွားမည်ကို တွေးယူ၍ ရပါလိမ့်မည်ကော။

❖



မည်သို့ပင်ဖြစ်စေဟောပြောပွဲကြီးက အောင်မြင်လှပါသည်။

ဦးပဥ္စင်း အရှင်ဉာဏ်ရော၊ ဆရာမ ချောအိမာန်နှင့် ကျွန်တော်ပါ အချိတ်အဆက်မိမိဖြင့် သုံးနာရီခွဲစာ ဟောပြောဖြစ်ခဲ့ကြသည်။ ပွဲမပြီးခင်မှာပင် မိုးက ခပ်ကဲကဲကျလာနေပြီဖြစ်သည်။ ပွဲပြီးသည်နှင့် ကိုဌေးက ထွန်စက်ကို မောင်းနှင်ကာ ကျွန်တော်တို့မိသားစုကို ခေါ်၍ ညောင်ကားယားရွာသို့ သုတ်ခြေတင်တော့သည်။ ညအပြန်ခရီးမှာ အလာခရီးလို မဟုတ်။ သာဂေါင်ရွာသား ဦးဘိုမောင်တို့အိမ်က ခြံစောင်ကြီးတစ်ထည်ငှားကာ ဇနီးအေးတို့သားအမိကို ခြုံစေသည်။ ကျွန်တော်က ခေါက်ထီးကြီးဖွင့်သည်။ ဖွင့်လိုက်တိုင်း လေကြောင့် လန်ထွက်နေသဖြင့် ခေါက်ထီးအသေးကိုလဲရသည်။ မိုးက သည်း၍သည်း၍ လာတော့သည်။ နှစ်နာရီကျော် မောင်းရမည်ခရီးပင်။ ကျွန်တော်က ကလေးများဖျားနာမည်ကိုစိုး၍ ညအိပ်ရန် စိတ်ကူးသေးသည်။ ကိုဌေးက သူပြန်မှဖြစ်မည်မို့ မနက်ထိနေ၍ မဖြစ်ကြောင်း ရှင်းပြပါသည်။ မနက်ဆိုလျှင် ဦးပဥ္စင်းတို့ကားများ လုံးဝထွက်နိုင်မည်မဟုတ်ပါတဲ့။ အခုပင် ကျွန်တော်တို့ အပြန်လမ်းသည် လာစဉ်ကထက် အဆများစွာ ဆိုးဝါးနေလေပြီ။ ရေချိုင့်များ ပို၍ကြီးမားလာသည်။ လမ်းသားများက ဖွက်ကြမ်းနေသည်။ လမ်းဘေးသစ်ပင်တို့က မိုးဖိအားကြောင့် သစ်ကိုင်းများ နိမ့်ဆင်းလာတော့သည်။

မိုးနှင့် လေနှင့် ကြားမှာပင် ကျွန်တော် ဘလက်လေဘယ်လ် တစ်လုံး လက်ဆောင်ရလာသည်။ ဦးပဥ္စင်း အရှင်ဉာဏ်တို့ကို ကားဖြင့် ကူညီခဲ့သည့်သူကပင် ကျွန်တော် ဘာများသောက်တတ်စားတတ်သလဲဟု ကိုဌေးထံ စုံစမ်းသည်။ ကိုဌေးက မနှစ်တုန်းက ကျွန်တော် နောက်ဆုံးမှ ဟောရသည့်အတွက် အချိုရည်နှင့် ယမကာ သုံးပက်ရောကာ ရဲဆေးတင်ရကြောင်း ရှင်းပြသဖြင့် ဘလက်လေဘယ်လ်တစ်လုံး လက်ဆောင်လာပေးခြင်းပင်။ ဆိုလိုသည်မှာ ယခုပွဲမှာလည်း ကျွန်တော် နောက်ဆုံး ဟောရမည်ပေါ့။ အပြန်ခရီးတွင် ကျွန်တော်က ထွန်စက်မောင်းနေသော ကိုဌေးကိုရော ဘေးမှ ကိုဇော်ကြီးကိုပါ ယူသောက်ပါဟု တိုက်တွန်းသည်။ သူတို့က မသောက်ကြသူများမို့ လက်ကျန်ပုလင်းကို အိတ်ထဲထည့်ကာ သယ်ယူလာခဲ့ခြင်းပင်။

ကိုဌေးတို့အိမ်ရောက်လာချိန်တွင် အချိုရည်နှင့်ရောကာ ကျွန်တော်ကြိတ်ပြီး အိပ်ရာဝင်ဖြစ်သည်။ မနက်ဖြန် ရန္တပိုရွာသို့ကူးကာ မြင်းခြံသို့ ခရီးဆက်မည်။ မြင်းခြံနှင့်ညောင်ဦးက မိုင်လေးဆယ်ကျော်မို့ ပုဂံဘုရားဖူးနိုင်ပြီ။

တစ်ရေးနိုးချိန်တွင် မိုးက သဲကြီးမဲကြီး ရွာချနေသည်။ လေမပါဘဲနှင့် စိတ်ကြိုက်သွန်ချနေသည်မို့ သွပ်ပေါ်သို့ကျသည့် မိုးသံကပဟိန်းနေသည်။ ကျွန်တော်အတွေးဖြင့် တာလမ်းပေါ်တွင်ကားလေးကို လှမ်းကြည့်သည်။ ရပ်မလားဟု တွေးမိလာသည်။ တာ

လမ်းက ခဏထားပါဦး၊ ရန္တပိုရွာထဲမှာပင် ကျွန်တော့် ကားလေးထွက်၍ မလွယ်။ မနေ့က မောင်းဝင်လာစဉ်ကပင် မြေသားလမ်းများက ရေစီးကြောင်း ထနေသဖြင့် ဟိုဘက်ကပ် ဒီဘက်ကပ်ကာ မောင်းဝင်ခဲ့ရခြင်းပင်။ ယခုလို မိုးကြီးကြီးသွန်းချထားလျှင်တော့ ဘယ်ဘက်မှ ကပ်၍ မရတော့ဘဲ ရွာလယ်မှာပင် ဖွက်နစ်တော့မည်။ သို့သော် မိုးတိတ်လျှင် မြေသားလမ်းက ချက်ချင်းရေစစ်သွားမည်။ ဖြည်းဖြည်းမောင်းထွက်လျှင် ရမည်သာ။ ဆည်မြောင်းတာလမ်းကရော ရပါ့မလား။ ထွေလာများ၊ ထော်လာဂျီများရှေ့က လမ်းသားမာရန် မောင်းသွားလျှင် နောက်ကလိုက်နိုင်သည်။ ၂ မိုင်ကျော်မျှသာမို့ ကိစ္စမရှိနိုင်။ ဘာပဲဖြစ်ဖြစ်ပုဂံတော့ရောက်မည်သာပင်။ တစ်နေ့တစ်လံ ပုဂံ ဘယ်ရွှေ့မည်နည်း ဆိုသကိုး။

ကျွန်တော်၏ စိတ်ကူးစဉ်ခရီးသည် မနက်မိုးလင်းချိန်တွင် သွက်သွက်ခါ လွဲမှားပါလေပြီ။ ကိုဌေးပင်လျှင် ကောက်စိုက်အဖွဲ့အားရက်ရွှေ့ခဲ့ပြီ။ မိုးက သူချည်းမဟုတ်ပေ။ မြောက်ပြန်လေနှင့်ပါလာသော ဆောင်းခေါက်ကို ဆွဲခေါ်ထားသဖြင့် စိမ့်နေအောင် အေးလှသည်မို့ အဘယ် ဖျိုးနုတ်သမားမှ ရေထဲကြာကြာနေ၍ မလွယ်ပါဟု ပြောပြပါသည်။ အေးလွန်းသည်။ ကျွန်တော်လည်း ခေါင်းစွပ်ရော စောင်ပါ ခြုံထားရသည်။ ဆောင်းခေါက်ပါသည့် မိုးအေးအေးသည် ပါးစပ်ဟာရုံဖြင့် ရေငွေ့တို့ တဖျူးဖျူးထွက်နေတော့သည်။

ဤပုံ ဤနည်းဖြင့် ဆည်မြောင်း တာလမ်းသည် မည်သည့်ယာဉ်မှ သွား၍ မရတော့ကြောင်း ကိုဌေးကပြောပြသည်။ ကျွန်တော်စွန့်စားလျှင်ပင် သူက ခွင့်မပြုတော့။ မြေသားတာမံလမ်း ဖြစ်သည့်အတွက် ထွန်စက်မောင်းခွင့်မရှိပါချေ။ ဆည်မြောင်းဌာနက လမ်းပျက်မည်မို့ ခွင့်မပြုတော့။ ယနေ့အဖို့ ညောင်ကားယားသို့ အနားယူရုံမှတစ်ပါး ဘာမှမတတ်နိုင်တော့ပြီကော။

ကျွန်တော်က ဆရာမချောအိမာန်တို့ကံကောင်းသည်ဟု တွေးနေမိသည်။ နဂိုက ကျွန်တော် ဟိုဘက်လမ်းကြောင်းကို မသိသောကြောင့် ဆရာမကိုလည်း ကျွန်တော့်လိုပင် လာရမည်။ ရန္တပိုရွာသို့ ဆုံကြမည်ဟု ပြောထားဖြစ်သည်။ တကယ်လာတော့ သူတို့ကတစ်လမ်း၊ ပြန်တော့လည်း တစ်လမ်းစီပင်။

ကျွန်တော့်တွေးထင်မှုကသည် တစ်ချီလည်း လွဲပြန်တော့သည်။

မိုးကအေးလှသဖြင့် စောင်ကိုခြုံကာ ရေနွေးတစ်ခွက်ပြီး တစ်ခွက် ဆင့်ကာသောက်ရင်း ကျွန်တော် ခုံတန်းလျားထက်ဆီမှ အပြင်ကမ္ဘာသို့ ငေးမောကောင်းနေသခိုက် ဖုန်းမြည်သံကြားရသည်။ အချိန်မှာ နေ့လည် ၂ ချက်ကျော်ပြီ။ ဦးပဥ္စင်း အရှင်ဉာဏထံမှ ဖြစ်သည်။

"ဟာ… ဆရာမာန်ရေ၊ ကျုပ်တော့ ဆွမ်းတစ်နပ် ငတ်ပြီဗျာ၊ ကားကလေ…"

ကျွန်တော့် အကျင့်မှာ မကောင်း။ ကိုယ်ဒုက္ခဖြစ်နေသခိုက် ကိုယ့်မိတ်ဆွေသင်းပင်းက ကိုယ့်ထက် ပိုဗျာပါဆိုက်လျှင် အားမနာပါးမနာ အော်ရယ်တတ်ခြင်းပင်။ ယခုလည်း ဦးပဥ္စင်း ပြောပြသမျှအားရပါးရ အော် ရယ်ပါလေတော့သည်။

ခမျာများ အတော်ကံဆိုးရှာသည်။

ကားက ရွာကထွက်စဉ်က တည်းက လမ်းကြောင်းကောင်းမည့်လမ်းကို ရွေးချယ်မောင်းကြသည်ဆိုသည်။ တကယ်တော့ ကိုဌေးနှင့် ကိုဇော်ကြီးတို့ တွက်ဆထားသလိုပင် ညကမိုးအရှိန်ကြောင့် မည်သည့်ယာဉ်ငယ်မှ မောင်း၍ မရပါချေ။ ဦးပဥ္စင်းတို့က ရွာမှ ဆယ်နာရီကျော်တွင် ရာသီဥတုကို အံတုကာ ထွက်ခဲ့ကြသည်။ ယခုတော့ ဗွက်နစ်ရှာပြီ။ အနီးဆုံးရွာမှ ထွန်စက်ကို ခေါ်စဉ် ကားဘီးပေါက်နေသည်ကို တွေ့၍ ဗွက်ထဲမှာပင် ကား ဘီးလဲရသည်။ ထွန်စက်

ရောက်လာသည်။ သို့သော် ဆွဲရန်ကြိုးက မပါလာ။ ထို့ကြောင့် ရွာကို သံကြိုးပြန်ယူရသည်။ ဆရာမချောအိမာန်တစ်ယောက် တဘက်လေးခြုံကာ စာရေးဆရာမတွေ ဟောပြောပွဲလိုက်ရပုံကို စာနှင့်တကွ တင်လိုက်လေပြီ။ ထမင်းလည်းမစားရသေး။ ကားမှာ ထွန်စက်ဖြင့် ဘယ်အထိဆွဲသွားရမည် မသိသေး။ မန္တလေးကို ပျံသွားသလား ဝတ္ထုတိုဖြင့် ရွှေအမြုတေ ဆုရခဲ့သော ဆရာမ မချော တစ်ယောက် မိုးထဲရေထဲတွင် ဗွက်နစ်ကားနံဘေး စောင့်နေရရှာတော့သည်။ မန္တလေး ပြန်မရောက်နိုင်သေး။

ကျွန်တော်တို့မိသားစုလည်း ပုဂံမဆိုထားနှင့်၊ တစ်ဖက်ကမ်းရှိ ရန္တပိုရွာလေးကိုပင် မြစ်ကူးကူးတို့ဖြင့်သွားခွင့်မရသေးချေ။

❖

**''အာနန္ဒာ၊ ဤသို့မဆိုလင့်၊**

**ဤသို့မဆိုလင့် အာနန္ဒာ၊ ဤသို့ မဆိုနှင့်။**

**လောက၌ မိတ်ကောင်းဆွေကောင်းနှင့် ကျွမ်းဝင်ရခြင်းသည် အမှုကိစ္စတို့၌**

**တစ်ဝက်မျှ အောင်မြင်နိုင်သည်မဟုတ်၊**

**မိတ်ကောင်းဆွေကောင်းတို့ကြောင့် အလုံးစုံအောင်မြင်သည်ဟု ငါဘုရား မိန့်တော်မူသည်၊**

**ဤကား မိတ်ကောင်း ဆွေကောင်းတို့နှင့် ကျွမ်းဝင်ရခြင်း ရလာဒ်သာတည်း''**

ကျွန်တော်သည် တစ်နေ့တာလုံး မုန်တိုင်းမိုးကြီးကို အရှုံးပေးခဲ့ပြီးဖြစ်သည်။ ဒုတိယရက်သည် ပို၍ပင် မည်းမှောင်အုံ့မှိုင်း ၍နေပြန်သည်။ ပတ်ဝန်းကျင် တစ်ခုလုံးသည် ပိဘိမိုးတွင်း ကာလကြီးသဏ္ဍာန် ထင်း၍ နေပါသည်။ ခက်သည်ကား ကျွန်တော် အံတုပြိုင်လိုနေသည်။

ပထမအံတုပြိုင်မည့် ခရီးကား တစ်ဖက်ကမ်း ရန္တပိုသို့ ကူးမည်။

ကားထဲမှ အဝတ်အစားတချို့ ထုတ်လဲမည်။ ပြီးလျှင်မည်သည့် ယာဉ်မှ သွား၍ မရတော့သည့် ဆည်မြောင်းမြေတမံလမ်းထက် ၌ လမ်းလျှောက်ကာ ၂ မိုင်ကျော် ခရီးကို ဖြတ်မည်။ ကျောက်လမ်းတွင် လာသည့် ဈေးကား ကြီးများ စောင့်ကာ တလုပ်မြို့ကို သွားမည်။ ဇနီးအေးကလည်း ကလေးနှစ်ယောက်ကို ပြောပြသည်။ ခြေဗလာဖြင့် လျှောက်လျှင် နှစ်နာရီ မကြာကြောင်း ပြောသဖြင့် အားလုံး သဘောတူသည်။ ကားကို တော့ ရန္တပိုမှာပင် ထားခဲ့တော့မည်။

ကိုဌေးတို့က ထိုအစီအစဉ်ကို ခွင့်မပြုပါချေ။

ထို့ကြောင့် ရေကြောင်းခရီးစဉ်ကို မေးရသည်။ ဧရာဝတီမြစ်ကြီးရှိနေပါလျက် အနီးဆုံး ကားလမ်းပေါက်သောနေရာ ဘယ်နေရာဖြစ်သနည်း။ မော်တော်ငှားကာ သွားမည့်အ ကြောင်း၊ ကားလမ်းပေါက်သည့် အရပ်သို့ ပုဂံမှ မိတ်ဆွေကား ဆရာကိုဟန်လင်းအောင်လာ ကြိုစေမည့်အကြောင်း၊

ကိုဌေးတို့က ထိုအစီအစဉ်ကိုလည်း လက်မခံပါချေ။

ဒါဆို ကျွန်တော်တို့ မည်သည့်နည်းဖြင့် ပုဂံ ပြန်နိုင်မည်နည်း။

ကိုဌေးက အစီအစဉ် ဆွဲပါတော့သည်။

ပထမ ရန္တပိုဘက်ကမ်းသို့ ကူးကြမည်။ သူ့ခမည်းခမက် ကိုကျော်ရွှေ၌ ထွန်စက်ကြီးရှိသည်။ ထိုထွန်စက်ဖြင့် တလုပ်မြို့အထိ ကျေးရွာချင်းဆက်လမ်းများမှ မောင်းပို့ပါမည်တဲ့။ ညောင်ဦးဘက်မှ ကိုဟန်လင်းအောင်က တလုပ်မြို့မှာ လာကြိုလို့ရသည်ပေါ့။ ထွန်စက်ခရီးလမ်းက အတော်ကြမ်းလှသည်ဟု ပြောပြလာသည်။ ရွေးချယ်စရာမရှိလေပြီမို့ လက်ခံရပါတော့သည်။

မြစ်ကိုကူးလာချိန်မှာပင် မိုးကစွေနေသည်။ တိုးဝင်လာသည့် မြစ်လေတို့က စိမ့်၍နေသည်။ ထီးရှည်ကြီးတစ်ချောင်း အောက်တွင် ဇနီးအေးနှင့် ပြည့်သိမ်ကို လေကာ မိုးကာပေးဖြစ်သည်။ ရဝေကခေါက်ထီးဖြင့် လေကို ကွယ်နေရှာသည်။ ကိုဌေးက မိုးကာအင်္ကျီနှစ်ထည်

**ထွန်စက်ကြီးမထွက်မီ မှာပင် ရန္တပိုရွာထဲအလည်အပတ် ရောက်လာသည့် နိုင်ငံခြားသား တစ်စုက ထွန်စက်ရှေ့မှ တစ်ယောက်ပြီးတစ်ယောက် ဓာတ်ပုံလာရိုက်ပါတော့သည်။ မိုးထဲရေထဲ သည်လူတွေ ခရီးထွက်ကြပုံကို မှတ်တမ်းယူနေကြခြင်းပင်။ ဘယ်သို့ဘယ်ပုံ . . .**



ဆင့်ကာ ခေါင်းစွပ်ကို ဆောင်းထားသည်။

ရန္တပိုမှ ထွက်လာချိန်တွင် ခရီးစဉ်တစ်ခုလုံးမှာ အန္တရာယ်တို့ ပြည့်နှက်၍ နေသည်။ အဆိုးဆုံး အန္တရာယ်မှာ မိုးရေတို့ကြောင့် အိဆင်းလာသော လမ်းဘေးသစ်ပင်တို့မှ သစ်ကိုင်းများ သစ်ရွက်များ တဖြောင်းဖြောင်းနှင့် ရိုက်ပုတ်လာခြင်းပင်။ ဆူးပင် ဆူးကိုင်းတို့က ပိုဆိုးလှသည်။ ယခုထွန်စက်က ကိုဘွေး စက်လိုမဟုတ်။ နောက်ဘီးပေါ်တွင် ဘီးဖုံးရှိသည်။ ထို ဘီးဖုံး ပေါ်တွင်ဘေးတိုက် ထိုင်ခုံနှစ်လုံး တစ်ဖက်စီတပ်ထားသည်။ မောင်းသူနောက်တွင် ထိုင်စရာနေရာ မရှိပါချေ။ ထို့ကြောင့် လမ်းဘေးနှစ်ဖက်မှ သစ်ရွက်သစ်ကိုင်း၊ ဆူးပင်ဆူးကိုင်း မှန်သမျှ လွဲကာလွဲကာ ရိုက်ပုတ်ပါတော့သည်။ ကံကောင်းသည်မှာ ကျွန်တော် စ၍ မထွက်မီ ထွန်စက် အခြေအနေကို အကဲခတ်ထားမိ၍ဖြစ်သည်။ ထိုင်ခုံက ဘေးနှစ်ဖက်မှာ ရှိသည်မို့ ကျွန်တော့် ကားထဲမှ စာအုပ်ရောင်းစဉ် အသုံးပြုခဲ့သော ဝါတာဖလူးစကြီးကို အလယ်မှ ကတ်ကြေးဖြင့် ဖြတ်လိုက်ပြီး ဓနိအေးနှင့် ရဝေကို တစ်စ၊ ကျွန်တော်နှင့် ပြည့်သိမ်တို့ကတစ်စစီခြုံကာလိုက်လာကြခြင်းပင်။ ထွန်စက်ကြီးမထွက်မီ မှာပင် ရန္တပိုရွာထဲအလည်အပတ် ရောက်လာသည့် နိုင်ငံခြားသား တစ်စုက ထွန်စက်ရှေ့မှ တစ်ယောက်ပြီးတစ်ယောက် ဓာတ်ပုံ လာရိုက်ပါတော့သည်။ မိုးထဲရေထဲ သည်လူတွေ ခရီးထွက်ကြပုံကို မှတ်တမ်းယူနေကြခြင်းပင်။ ဘယ်သို့ဘယ်ပုံ ရေးကြမည်တော့ မသိပါချေ။

ကိုဘွေးတို့ ခမည်းခမက် နှစ်ဦးစလုံး ထွန်စက်လမ်းကြောင်းကိုရွေးကာ တလုပ်မြို့သို့ရောက်အောင် အတော်ကြီး အပင်ပန်းခံကြရသည်။ ရွာများကိုကွေ့ရှောင်ကာ မောင်းကြရသဖြင့် ခရီးက ပိုဝေးတော့သည်။ ကိုဘွေးပြောပြသည်မှာ ယခုလို မိုးရေကြားတွင် ရွာထဲလမ်းများဆီသို့ ထွန်စက်မောင်း ဝင်သွားပါက ထွန်စက်ကြောင့် လမ်းများပိုပျက်စီးကာ ရွာလမ်းများဒုက္ခရောက်ရသည်ဟု ဆိုသည်။ ထို့ကြောင့် တမင်ရှောင်ကွင်းကာ မောင်းနေရတော့သည်။ ကျွန်တော်ထွန်စက် နောက်ဘီးရာများကို ဂရုစိုက်၍ ကြည့်မိတော့ ထိုအဖြစ်ကို ပို၍ နားလည်မိပါသည်။ နဂိုက ပျက်ချင်နေသော မြေသားလမ်းမှာ ထွန်စက်လွန်ပြီးသည်နှင့် အလွန်ပင် ဆိုးဝါးစွာ ဖြစ်ချင်တိုင်းဖြစ် သွားရတော့သည်။ ထို့ပြင်မိုးရေများက ထိုလမ်းပျက်များပေါ် ဖိအုပ်လိုက်ပြန်သဖြင့် တော်ရုံ ဆိုင်ကယ်များ စက်ဘီးများ ထိုးလဲစေတော့သည်။

ကိုဘွေးက ကျွန်တော်တို့ မိသား

စုကို ငှဲညှာကာ သစ်ပင်သစ်ကိုင်းများ မလွတ်လျှင် ထွန်စက်ကို ဘရိတ်မင်းလျက် သစ်ကိုင်းကို ခေါင်မိုးပေါ်သို့ တွန်းတင်ပေးသည်။ သို့ရာတွင် လမ်းခရီးမဆုံးမီမှာပင် ကျွန်တော်တို့ ရွှဲရွှဲစိုကုန်ကြပြီ။ ကာထားသော ဝါတာဖလူး စပင်လျှင် ဆူးကိုင်းများနှင့် တွေ့ပါက လွတ်ထွက်သွားသဖြင့် မနည်းပြန်ဆွဲယူရတော့သည်။ ကျွန်တော်ရော ဇနီးအေးပါ ထွန်စက်ခေါင်မိုး အခြေတန်းဒေါက်ခံအပြားနှင့် မလွတ်သဖြင့် နဖူးရောခေါင်းပါ အတော်ထိကြသည်။ ခရီးကား နှစ်နာရီ ကျော်ကာလတွင် လမ်းသာစပြုသည်။ သို့ရာတွင် တလုပ်မြို့လေးသည်ပင် မိုးထဲရေထဲနစ်၍ နေသည်မို့ အထက်တန်းကျောင်းရှေ့ လက်ဖက်ရည်ဆိုင်လေးဆီသို့ ရောက်ရန် အတော်ကြီးရုန်းခဲ့ရတော့သည်။

လက်ဖက်ရည်ဆိုင်မှလူများက ကျွန်တော်တို့အုပ်စုကိုကြည့်၍ အံ့အားသင့်နေကြသည်။ ကိုဟန်လင်းအောင်လာကြိုသော စူပါကာ စတန်ကားကိုမြင်မှ ကျွန်တော် သက်ပြင်းချနိုင်တော့သည်။ သူလည်း မချောင်လှပေ။ မြို့ကိုကျော်သွားသဖြင့် ကားပြန်လှည့်ရာ၌ လမ်းဘေးနစ်သွားသဖြင့် အရပ်ကူပါလူဝိုင်းပါဖြင့် ကားလမ်းပေါ်ရောက်ရန် အတော်ကြီး လုပ်ယူရသည်တဲ့။

ကျေးရွာတင်ရပါသည်။

ကိုဌေးတို့လူစုသည် အလွန်ပင်မိတ်ဆွေကောင်းပီသလွန်းလှသည်။ ဟောပြောပွဲက သူတို့ရွာမှာကျင်းပခြင်းမဟုတ်။ တကူးတကလိုက်ပို့ပေးကြခြင်းပင်။ ထို့ပြင် ကျွန်တော့်သဘောအရ သာဂေါင်ရွာမှာ ကျန်ရစ်ခဲ့ပါလျှင် ဘယ်နည်းနဲ့မှ ရန်ကုန်သို့ လာ၍မလွယ်။ မည်သူမှလည်းလိုက် ပို့နိုင်မည်မဟုတ်။ ထို့ကြောင့် ညကြီးနက်နက်မှာပင် ရအောင် အပါပြန်ခေါ်လာခဲ့သလို ယခုလည်း ခမည်းခမက်နှစ်ဦးသား ထွန်စက်ကြီးမောင်းကာ လိုက်ပို့ပေးကြပါသည်။

ဇနီးအေးက လှစ်ကနဲထွက်ကာ ဈေးဆိုင်ရှိရာသို့ ပြေး၍ လက်ဆောင်ပေးရန် မုန့်များသွားဝယ်သည်။ ပြန်လာတော့ ဘာမုန့်မှမပါ။ ဈေးမှကြက်သားထုပ် နှစ်ထုပ်ကိုဆွဲကာ ကိုဌေးတို့ ခမည်းခမက် နှစ်ဦးကို လက်ဆောင်ပေးသည်။ သူတို့က လက်မခံသဖြင့် အတော်ကြီး တောင်းပန်ကာ ပေးရတော့သည်။ ကျွန်တော်တို့ကားထွက်လာသည်အထိ နှစ်ဦးသား လက်တပြပြ။

ကိုဟန်လင်းအောင်၏ ကျေးဇူးမှာလည်း ကြီးမားပါသည်။ ဤမျှ မုန်တိုင်း မိုးသည်းနေချိန်တွင် ညောင်ဦးမှ တလုပ်မြို့အထိ လာကြိုပေးရှာသည်။ ပုဂံရောက်တော့လည်း ဘုရားစုံပို့ပေးပါသည်။ ကြားထဲမှာမနက်ဖြန်ပြန်မည့် ရန်ကုန် မနက်ကားလက်မှတ်ကို ရအောင်ယူထားပေးပါသည်။ နောက်တစ်နေ့ ကားဂိတ်အထိ လိုက်ပို့ပေးသည်ကိုလည်း မေ့၍မဖြစ်ပါချေ။ သူ့မှာဆောက်လက်စ ဟိုတယ်အဆောက်အဦကို အလုပ်သမားများနှင့် ထားရစ်ကာ မရောက်ရောက်အောင် လာကြိုပေးခြင်းပင်။ သူတောင်းသည့်ကားခသည် ကျပ်ခြောက်သောင်းမျှသာ။ ဤသည်ကိုပင် အကြိမ်ကြိမ် တိုက်တွန်းသဖြင့် တောင်းခဲ့ခြင်းဖြစ်သည်။

ကျွန်တော်သည် ထိုမိတ်ဆွေကောင်းများမရှိလျှင် ဘယ်နည်းနဲ့မှ မုန်တိုင်းမိုးအား အံတုဖွယ် မရှိပါချေ။

ယခုတော့ ရန်ကုန်မိုးသည် ကျွန်တော့်ကို မခြောက်လှန့်နိုင်တော့ပြီ။

■ မာန်(တောင်လုံးပြန်)

◆❖◆



# အခွန်ပညာပေးခြင်းနှင့် မင်္ဂလာဆောင်

ထင်လင်းကျော်

ကျွန်တော်သည် ယခုအခါ အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်၍နေပေပြီ။ ပြည်တွင်းအခွန်များဦးစီးဌာနတွင် တာဝန်ထမ်းဆောင်စဉ်က အခွန်ပညာပေးပေးခြင်းများ များစွာဆောင်ရွက်ခဲ့ရပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံကျောင်းပေါင်း ၁၈ ကျောင်းတွင် အခွန်ပညာပေးဟောပြောပွဲများ ကျင်းပဟောပြောပေးခဲ့ပါသည်။ အခြေခံပညာဦးစီးဌာနနှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ ပူးပေါင်း၍ အခွန်ဆိုင်ရာ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီကားပြိုင်ပွဲကျင်းပကာ အခြေခံပညာအလယ်တန်းဆင့် ကျောင်းသားကျောင်းသူများကို ဝင်ရောက်ယှဉ်ပြိုင်စေ၍ ပြည်တွင်းအခွန်များဦးစီးဌာနက ဆုများချီးမြှင့်ပေးခဲ့သည်။ ဆုရစာစီစာကုံးများကို ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ဝေသော Revenue Journal တွင် ဖော်ပြခဲ့ပါသည်။

စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲမကျင်းပခင် မြို့နယ်အခွန်ဦးစီးဌာနမှူးများက သက်ဆိုင်ရာကျောင်းများသို့သွားရောက်ကာ အခြေခံပညာအလယ်တန်းဆင့် အထူးအားဖြင့် သတ္တမတန်းနှင့် အဋ္ဌမတန်းကျောင်းသားများကို အခွန်ဆိုင်ရာဗဟုသုတများ ဟောပြောရပါသည်။ အခြားသော မြို့နယ်များက အခွန်ဆိုင်ရာဟောပြောပေးပါရန် အကူအညီတောင်းသဖြင့် ကျွန်တော်တာဝန်ထမ်းဆောင်သော မြို့နယ် ၃ ကျောင်းအပြင် နောက်ထပ် ၁၅ ကျောင်းတိုးကာ စုစုပေါင်း ၁၈ ကျောင်း၌ ဟောပြောခဲ့ရခြင်း ဖြစ်ပါသည်။ ဟောပြောပွဲများတွင် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးတို့ကိုယ်တိုင် တက်ကြွစွာပါဝင်ဆောင်ရွက်သည်များရှိသကဲ့သို့ သက်ဆိုင်ရာ အတန်းပိုင် ဆရာဆရာမများက ကြီးကြပ်ဆောင်ရွက်ကြသည်များလည်း ရှိပါသည်။ အထက်တန်းကျောင်းကြီး တစ်ကျောင်းတွင် ဟောပြောစဉ်ကဆိုလျှင် မြို့နယ်အခွန် ဦးစီးဌာနမှူးရုံးကလည်း တစ်ယောက်မှ စောင့်မနေ၊ သက်ဆိုင်ရာကျောင်းက ဆရာ ဆရာမများလည်း တစ်ယောက်မှမရှိ၊ ကျောင်းသား ကျောင်းသူများနှင့် ဟောပြောသူကိုသာ ခန်းမကြီးတွင် ထားခဲ့သည်ကိုပင် ကြုံခဲ့ရဖူးသည်။

ကျောင်းများသို့ ရောက်သည်ဆိုလျှင် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကို မကြာမီတွင် ကျင်းပပေးမည်ဖြစ်ကြောင်း ကျောင်းသားကျောင်းသူများကသာ မှတ်

သားနားထောင်သည်ထက် တာဝန်ယူလေ့ကျင့်ပေးမည့် ဆရာဆရာမများကပါ ဟောပြောပွဲကို နားထောင်ပေးလျှင် ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ သို့မှသာလေ့ကျင့်ပေးစဉ်၌ အမှားအယွင်းမရှိဘဲ လေ့ကျင့်ပေးနိုင်မည်ဖြစ်ကြောင်း ဦးစွာပြောကြားလေ့ရှိပါသည်။ သို့သော်လည်း စိတ်ဝင်စားစွာ နားထောင်သော ဆရာဆရာမက နည်းပါးလှပါသည်။ ရလဒ်အနေဖြင့် စာစီစာကုံးပြိုင်ပွဲများတွင် ပြောပလောက်အောင် မမှားယွင်းကြသော်လည်း ပန်းချီပြိုင်ပွဲတွင် အရွယ်နှင့်မမျှအောင် လက်ရာကောင်းပါလျက် တံဆိပ်ခေါင်းခွန်ကို သရုပ်ဖော်ရာ၌ စာပို့တံဆိပ်ခေါင်းကလေးကို ပီပြင်စွာရေးဆွဲထားသည်ကိုလည်းကောင်း၊ အခွန်ထမ်းဆောင်ကြသူများအား ရေးဆွဲရာတွင် ရဟန်းတော်များနှင့် သီလရှင်များကိုပါ ထည့်သွင်းရေးဆွဲထားသည်ကိုလည်းကောင်း တွေ့ခဲ့ရပါသည်။ လက်ရာသေသပ်ကောင်းမွန်သည့်အပြင် ဆေးခြယ်ပုံပါကျွမ်းကျင်လှသည်။ သို့ရာတွင် အကြောင်းအရာက လွဲမှားနေသောကြောင့် ပယ်ခဲ့ရပါသည်။ လက်ရာကောင်းပါလျက် မိမိတို့ကလေး ဆုချီးမြှင့်မခံရသည့်အကြောင်းကို ဆရာဆရာမတို့က မေးမြန်းကြသည်ကို ပြန်လည်ရှင်းပြခဲ့ရပါသည်။ အချုပ်ဆိုရလျှင် **"မည်မျှလက်ရာကောင်းကောင်း၊ အကြောင်းအရာလွဲပါက အပယ်ခံရမည်"** ဖြစ်ပါသည်။

အခြေခံပညာအလယ်တန်းအဆင့်သင်ရိုး သတ္တမတန်းနှင့် အဋ္ဌမတန်း သင်္ချာအတွဲ (၁) တို့တွင် ယခင်က ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာပုစ္ဆာများ ထည့်သွင်းပြဋ္ဌာန်းခဲ့သော်လည်း ယခုအခါတွင် ပြဋ္ဌာန်းထားခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျောင်းသုံးစာအုပ်များတွင် မူလတန်း အထက်ဆင့် တတိယတန်းနှင့် စတုတ္ထတန်း မြန်မာဖတ်စာတို့တွင် အခွန်ဆိုင်ရာဆောင်ပုဒ်ကလေးများ ထည့်သွင်းပေးမည်ဆိုပါက ကလေးဘဝကပင် အခွန်ဆိုသောဝေါဟာရကို ရင်းနှီးလာနိုင်သည်။ အလယ်တန်းဆင့် မြန်မာဖတ်စာတို့တွင် အခွန်ဆောင်ရသည့်အကြောင်း၊ အခွန်ဆောင်ပေးသင့်ကြောင်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာနအကြောင်းတို့ကို ဖတ်စာအဖြစ် ထည့်သွင်းပြဋ္ဌာန်းခြင်း၊ ရာခိုင်နှုန်းအကြောင်းကို အခြေခံပညာတတ်မြောက်ပြီးဖြစ်သည့် အခြေခံပညာအလယ်တန်းဆင့်တွင် သင်္ချာအတွဲ (၁) ၌ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် တံဆိပ်ခေါင်းခွန်ဆိုင်ရာပုစ္ဆာများပြုစု၍ ထည့်သွင်းပြဋ္ဌာန်းမည်ဆိုလျှင် **"ကျောင်းများ၌ တစ်နှစ်လျှင် တစ်ကြိမ်လောက်သာ အခွန်ပညာပေးသည်ထက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များတွင် သင့်လျော်သည့် အခွန်ဆိုင်ရာများကို သင်ခန်းစာများအဖြစ် ထည့်သွင်းပြဋ္ဌာန်းခြင်းက ပိုမိုကောင်းမွန်မည်"** ဟု ယုံကြည်မိပါသည်။

အခွန်ထမ်းအချို့သည် အခွန်ဆိုင်ရာဥပဒေများကို နားမလည်ကြကြောင်း၊ ဝင်ငွေကြေညာလွှာကိုပင် ကောင်းစွာမတင်တတ်ကြောင်း ပြောကြားကြသဖြင့် အခွန်အသိပညာပေးဟောပြောပွဲများ မြို့နယ်အလိုက်ကျင်းပခဲ့ကြရာ ကျွန်တော်တာဝန်ကျရာ မြို့နယ်အပြင် ကူညီဟောပြောပေးပါရန် အကူအညီတောင်းသည့် မြို့နယ်များသို့ပါ လိုက်လံဟောပြောပေးရာတွင် အခွန်ထမ်းကိုယ်တိုင် တက်ကြွစွာ တက်ရောက်ဆွေးနွေးမေးမြန်းသည်များရှိသကဲ့သို့ ဟောပြောချက်ကို နားလည်လွယ်သည့် ဝန်ထမ်းများအား စေလွှတ်တက်ရောက်နိုင်းသည်များလည်း ရှိသည်။ ဘောင်းဘီတိုနှင့် တီရှပ်ဝတ်ကာ ဟောပြောပွဲတက်ရောက်လာ၍ ဟောပြောသည်ကိုလည်း နားမထောင်ဘဲ ဘေးဝဲယာကြည့်လျက်နေသော ငယ်ရွယ်သူဝန်ထမ်းငယ်များကို ဟောပြောပွဲတက်ခိုင်းသည်များကိုလည်း တွေ့ရသည်။ **"ကိုယ်တိုင် မတက်ရောက်နိုင်ပါက ဟောပြောချက်များကို ကိုယ့်အလုပ်ရှင်အား သေသေချာချာပြန်လည်ရှင်းလင်း ပြောပြနိုင်မည့်သူကို စေလွှတ်စေချင်သည်"** မှာ ကျွန်တော့်ဆန္ဒပင်ဖြစ်သည်။

အခွန်ပညာပေးဟောပြောခြင်းနှင့် ပတ်သက်၍ အခြားသောမြို့နယ်များအပြင် Park Royal Hotel တွင် ကျင်းပခဲ့သည့် ရုပ်ရှင်ဖိုရမ်နှင့် စာပေဖိုမာန်

တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့က ကျင်းပသည့် အခွန်ဆိုင်ရာဟောပြောပွဲများသို့ တက်ရောက်ဟောပြောခွင့်ရရှိခဲ့ပါသည်။ မေးခွန်းများစွာကိုလည်း ဖြေကြားပေးခဲ့ရသည်။ အမြင်မှားမှုများ၊ အထင်မှားမှုများနှင့် သိလိုရေးနှင့် မေးမြန်းမှုများကို ရှင်းလင်းအောင် ကိုယ်စွမ်းရှိသမျှ ဖြေကြားခဲ့ပါသည်။ အကျိုးရလဒ်အဖြစ် အနုပညာနယ်ပယ်မှ ပညာရှင်များ၊ စာပေလောကမှ ဆရာဆရာမများက ကျွန်တော့်အား မျက်မှန်းတန်းမိလာသည်။ အခွန်ဆိုင်ရာ မရှင်းလင်းသည်များကို ကျွန်တော့်အား ရင်းနှီးစွာမေးမြန်းလာကြသည်။ ကျွန်တော် ဇာတ်လမ်း၊ ဇာတ်ညွှန်းရေးသားခဲ့သော အခွန်ပညာပေးဇာတ်လမ်းများဖြစ်သည့် ''ပြည်သူပါမှအောင်မြင်မှာ'' ဇာတ်လမ်းတို့တွင် ရုပ်ရှင်မင်းသားနေမင်းကလည်းကောင်း၊ ''ပြည်ကြီးမတ္တိုင်ခန့်ခိုင်စေသား၊ အခွန်မရှောင်ဆောင်ကြစို့လား'' ဇာတ်လမ်းတိုတွင် ရုပ်ရှင်မင်းသား အကယ်ဒမီလူမင်းက ဒါရိုက်တာအဖြစ် မေတ္တာဖြင့် ရိုက်ကူးပေး၍ ဇာဂနာ၊ လူမင်း၊ ထွန်းထွန်းဝင်း၊ အောင်ခိုင်၊ ကျော်ထက်အောင်၊ ယဉ်လက်၊ ဂျူးဂျူးကေစသည့် နိုင်ငံကျော်မင်းသားမင်းသမီးများ၊ ၁/၂၀၁၇ ရုပ်ရှင်သရုပ်ဆောင်သင်တန်းဆင်းများကလည်း မေတ္တာဖြင့် ပါဝင်သရုပ်ဆောင်ပေးကြသည်သည်မှာ ဂုဏ်ယူဝမ်းမြောက်စရာပင်ဖြစ်ပါသည်။

ကျွန်တော်သည် ယခင်က ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သောကြောင့် သင်ပြနည်းပညာများကို တတ်မြောက်အောင် သင်ကြားခဲ့ရသည်။ အကြောင်းများစွာကြောင့် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသော် လည်း သင်ပြနည်းပညာများကို ထားရစ်ခဲ့ရသည်မရှိဘဲ ပြည်တွင်းအခွန်များဦးစီးဌာနတွင် အခွန်ပညာပေးခြင်းအဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့နိုင်ပါသည်။ ''အခွန်ပညာပေးခြင်းသည် စာသင်ခြင်းတစ်မျိုးပင်ဖြစ်ပါသည်။''

ရုပ်ရှင်ပညာနှင့်ပတ်သက်၍ သင်တန်းများတက်ရောက်သင်ကြားခဲ့ရဖူးခြင်းမရှိခဲ့ပါ။ နိုင်ငံကျော်စာရေးဆရာဒါရိုက်တာကြီးများဖြစ်ကြသည့် ဘဘဦးသုခ၊ ဘဘမိုလ်ကလေးတင့်အောင်တို့နှင့် သုံးနာရီကြာစီ တွေ့ဆုံမေးမြန်းသင်ယူခဲ့ရသည့် အတွေ့အကြုံသာရှိပါသည်။ ''ပညာရှင်ကြီးများနှင့် ခဏတာတွေ့ဆုံသင်ယူခဲ့ရသည်မှာ ကျွန်တော်ကိုယ်တိုင် စာအုပ်ပေါင်းများစွာ ဖတ်ရှုလေ့လာရသည်နှင့် ညီမျှသည်ဟုပင်ဆိုချင်ပါသည်''

ယခင်က အခြေခံပညာအထက်တန်း ဒသမတန်းတွင် အင်္ဂလိပ်စာပြဋ္ဌာန်းစာအုပ်အဖြစ် "Emily Bronte" ၏ "Wuthering Heights" ကို ပြဋ္ဌာန်းခဲ့ဖူးပါသည်။ ဤဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် အကြိမ်ကြိမ်ရိုက်ကူးခဲ့ပါသည်။ ဝတ္ထုထဲတွင် ဇာတ်လမ်းပြန်ပြောသူမှာ Nelly Dean (အိမ်မှုကိစ္စများကို စီမံဆောင်ရွက်ရသူ အိမ်စိုးမကြီး) ဖြစ်ပါသည်။ ဇာတ်ကားတစ်လျှောက်လုံးတွင် မြင်ကွင်းထဲ၌ Nelly Dean မှာ စကားဝိုင်းတွင် ပါဝင်ပြောလျှင်ပြော၊ မပြောလျှင်လည်း ခပ်လှမ်းလှမ်းမှာရပ်လျက်ဖြစ်စေ၊ အိမ်သုံးပစ္စည်းကလေးတို့ကို သယ်ဆောင်သွားလာနေသည့်ပုံဖြစ်စေ၊ အဝတ်အစားများ ချုပ်လုပ်နေပုံဖြစ်စေ၊ သူ့ရုပ်ပုံကို သေးသေးလေးပါအောင် ထည့်သွင်းရိုက်ကူးထားသည်။ Nelly Dean မှာ ဇာတ်လမ်းကို နောက်ကြောင်းပြန်ပြောဆိုရမည့်သူဖြစ်သောကြောင့် သူကိုယ်တိုင် ကြားရ၊ မြင်ရ၊ သိခဲ့ရသည်ကို ထင်ရှားစေရန် ဤကဲ့သို့ တမင်ထည့်သွင်းရိုက်ကူးခဲ့သည်ကို ရုပ်ရှင်ကြည့်ရင်း သဘောပေါက်ခဲ့ရသည်။ ထို့ကြောင့်ပင် ''ပြည်သူပါမှအောင်မြင်မှာ'' ရိုက်စဉ်က စားသောက်ဆိုင်လေးဆိုင်တွင် ပြေစာ အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့်ပတ်သက်၍ အဆင်မပြေဖြစ်နေပုံများကို တွေ့ခဲ့ရကြောင်း ဇာတ်ကြောင်းပြန်ပြောမည့် မင်းသားနေမင်းကို အခန်းတိုင်း၌ ထည့်သွင်းရိုက်ကူးထားခြင်းဖြစ်ပါသည်။

ကျွန်တော်ကျောင်းဆရာဖြစ်ခါစက အတွေ့အကြုံတစ်ရပ်ကို တင်ပြပါဦးမည်။ ကျောင်းတွင် မိဘဆရာ

အသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ဆုနှင်းသဘင်၌ ကျောင်းကပွဲပါ ထည့်သွင်းမည်ဖြစ်သဖြင့် ဆိုတတ်ကတတ်သော ကျောင်းသားကျောင်းသူများကို စုံစမ်းရွေးချယ်လျက်ရှိသည်။ ကျွန်တော်တို့က ဆရာလှဟုခေါ်သော ဆရာကြီး ဦးလှအောင်က "ကိုထင်ဘာတွေလုပ်နေလဲ" ဟု မေးသောကြောင့် အကျိုးအကြောင်းကို ပြန်လည်ပြောပြရပါသည်။ ဆရာလှက "အေး၊ ဆိုတတ် ကတတ်တဲ့ကလေးတွေကို ရွေးတာလည်း ရွေးပေါ့ကွာ၊ အတန်းတိုင်းက ကလေးတွေများများပါတဲ့ ယိမ်းတွေ၊ တေးသရုပ်ဖော်တွေ ထည့်ပေးမယ်ကွ၊ မကတတ်လည်း ကိစ္စမရှိဘူး၊ ကလေးတွေဆိုတော့ ခွင့်လွှတ်ပြီးသား၊ ရှာနီးချုပ်စပ်က ကလေးတွေကိုလည်း ထည့်၊ ဒါမှ သူတို့မိဘတွေက ကိုယ့်ကလေးတွေကတဲ့ အထဲပါတယ်ဆိုပြီး လာကြမှာကွ၊ အဲဒီတော့မှ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးမှာ ကိုယ်ပြောချင်တာတွေကို ပြောပြရမှာကွ" ဟု ပြောဆိုသင်ကြားပေးပါတော့သည်။ ဆရာလှ စကားမှန်ပါသည်။ ကျောင်းသားမိဘများမှာ ကျောင်းခန်းမကြီးပြည့်လျှံ၍ ထိုင်စရာနေရာမရှိတော့သဖြင့် စကြံနံတစ်လျှောက် မတ်တပ်ရပ်၍နေရသည်ကိုပင် မညည်းညူကြပေ။

အခွန်ပညာပေးဇာတ်လမ်းရိုက်မည်ဆိုတော့ ဆရာလှ၏ ဆုံးမစကားကို သွားသတိရသည်။ ထို့ကြောင့် "ပြည်သူပါမှအောင်မြင်မှာ" တွင် အနုပညာရှင်များမှလွဲ၍ ကျန်သရုပ်ဆောင်များမှာ ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများသာဖြစ်ပါသည်။ ခေတ်လူငယ်များဖြစ်၍ ခဏသာသင်ပေးရသည်။ စားပွဲထိုးလုပ်သူကလုပ်၊ ငွေစာရင်းကိုင်သူကကိုင်၊ စားသုံးရင်း စပ်စုသူကစပ်စု၊ စားသုံးသူလုပ်သူကလုပ် ပျော်စရာကောင်းလှသည်။ ဇာတ်လမ်းကို Facebook တွင် တင်လိုက်သောအခါ တစ်ခဏတာအတွင်း ကြည့်ရှုသူ ၅၀၀၀ ကျော်သွားတော့သည်။ ဆရာလှစကားမှန်ပြန်ပြီ။ ကွယ်လွန်သွားပြီဖြစ်သော ဘဘဦးသုခနှင့် ဆရာလှတို့ကိုလည်းကောင်း၊ သက်ရှိထင်ရှားရှိပါသော ဘဘဗိုလ်ကလေးတင့်အောင်အားလည်းကောင်း ကျွန်တော်ပြုသမျှ ကုသိုလ်အမျှဝေ၍ ကန်တော့လိုက်ပါသည်။

အခွန်ပညာပေးခြင်းကို ရုပ်သံအစီအစဉ်များမှ ထုတ်လွှင့်ရန်အတွက် စီစဉ်ရပြန်သည်။ ပထမဦးဆုံး အတွေ့အကြုံအဖြစ် Media 7 မှလွှင့်ရသည်။ ထို့နောက် MRTV-4 မှာ ကိုလေးမောင်နှင့်အတူ လွှင့်ရသည်။ ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးအောင်ကျော်တင့်လည်း လွှင့်ခဲ့သည်။ အခွန်ပညာပေးခြင်း ပိုမိုကျယ်ပြန့်စေရန် အခွန်ထမ်းများနှင့်ဆက်စပ် သည့် Sky Net ရုပ်သံ၊ M-Biz မြန်မာ့စီးပွားရေး Channel မှထုတ်လွှင့်ရန် စီစဉ်ကြရပြန်သည်။ ရွှေသံလွင်မီဒီယာမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးသဖြင့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက် (အင်္ဂါနေ့) တွင် M-Biz Channel မှ နံနက် ၁၀ နာရီ မှ ၁၁ နာရီအတွင်း Live စတင်ထုတ်လွှင့်ခွင့် ရပါ သည်။ ကျွန်တော်၏ ဝန်ထမ်းဘဝဖြင့် နောက်ဆုံးလွှင့်ခဲ့သော ရုပ်သံအစီအစဉ်ပင်ဖြစ်ပါသည်။ စက်တင်ဘာ ၂၁ ရက်နေ့မှစ၍ အငြိမ်းစားဝန်ထမ်းဖြစ်တော့မည်။ အငြိမ်းစားမယူမီကတည်းက ကြိုတင်ရိုက်ထားသော အခွန်စကားဝိုင်းကို Impact မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ဥမ္မာသိန်း၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁) ဌာနမှူး (ညွှန်ကြားရေးမှူး) ဒေါ်ခင်ယမုန်အောင်တို့နှင့်အတူ ကျွန်တော်က အိမ်ရှင်တင်ဆင်သူ (Host)အဖြစ်ဆောင်ရွက်လျက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် (စနေနေ့) နံနက် ၁၀ နာရီမှ ၁၂ နာရီအတွင်းတွင် စတင်ထုတ်လွှင့်နိုင်ခဲ့ပြီးဖြစ်ပါသည်။

အငြိမ်းစားယူပြီး နောက်ပိုင်းတွင်လည်း အခွန်ဆိုင်ရာစကားဝိုင်းတွင် အိမ်ရှင်တင်ဆက်သူအဖြစ် ဆက်လက်ဆောင်ရွက်ဆဲဖြစ်ပါသည်။ ယခု ဤဆောင်းပါးရေးနေချိန်အထိ အင်္ဂါနေ့တိုင်းထုတ်လွှင့်နေကျ အခွန်ဆိုင်ရာအမေးအဖြေကဏ္ဍ ၁၂ ခု Live ထုတ်လွှင့်ပြီးသည့်အပြင် စနေနေ့တိုင်း ထုတ်လွှင့်နေကျ အခွန်စကားဝိုင်း ၁၂ ခုကိုလည်း အောင်မြင်

စွာ ထုတ်လွှင့်ခဲ့ပြီးဖြစ်ပါသည်။

အခွန်ပညာပေးလုပ်ငန်းတွင် ကြုံတွေ့နေကျအခက်အခဲမှာ "မပြောရဲမဆိုရဲခြင်းနှင့် မပြောချင်မဆိုချင်ခြင်း" တို့ပင်ဖြစ်ပါသည်။ ဘာမဆို "ဆရာထင်ပဲလုပ်လိုက်ပါ"နှင့် ကျော်လွှားလာခဲ့သည်မှာ ကြာမြင့်လာခဲ့သည်မှာ ကြာမြင့်လိုက်ပြီဖြစ်ပါသည်။ သူများမလုပ်ချင်သည်ကို ကိုယ်က ဒိုင်ခံလုပ်ကိုင်ပေးခြင်းဖြင့် အခွန်ဆိုင်ရာမေးခွန်းများတွင် အဖြေရကျပ်သည့်မေးခွန်းများ ခဏခဏအမေးခံရခြင်းကို တဖြည်းဖြည်းကျော်လွှားနိုင်လာခဲ့သည်။ ရုပ်သံအစီအစဉ်ရိုက်ကူးလျှင် ဘယ်လိုထိုင်ရမည်၊ အသံကို ဘယ်လောက်ထုတ်ရမည်။ မျက်နှာဘယ်လိုထားရမည်တို့ကို ခန့်မှန်းလုပ်ဆောင်တတ်လာသည်။ ကျွန်တော့်အတွေ့အကြုံကိုပြောပြ၍ သဘောကျအတုယူကာ ဆောင်ရွက်ကြသူများ ကျွမ်းကျင်သွားကြသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်မိသည်။ အချို့မှာ ရုပ်သံအစီအစဉ်ရိုက်ရမည်စိုးသဖြင့် ဆရာထင်ကို မြင်လိုက်သည်နှင့်ပင် ပြေးကြတော့သည်။

ရုပ်သံလွှင့်မည်သူများအား အကြောင်းအရာရှာဖွေပေးခြင်း၊ စာမူရေးသားရာတွင် ကူညီခြင်း၊ ဆက်တိုက်လေ့ကျင့်ပေးခြင်းတို့ဖြင့် ကူညီဆောင်ရွက်ပေးပါသည်။ အမျိုးသမီးများဆိုလျှင် ကိုယ့်အစီအစဉ်နှင့်ကိုယ် မိတ်ကပ်လိမ်းသူမှအပ ဒုတိယဦးစီးမှူးကိုမြတ်ကျော်စိုးက မေတ္တာဖြင့် မိတ်ကပ်လိမ်းခြယ်ပေးပါသည်။ Liveလွှင့်မည့်သူများဆိုလျှင် လွှင့်ခါနီး Count Downရေတွက်ချိန်ရောက်မှ ကင်မရာမြင်ကွင်းမှလွတ်အောင် ကျွန်တော်နောက်ဆုတ်လိုက်ရသည်။

သေချာသည်က ကျွန်တော်အသက်ခြောက်ဆယ်ကျော်ပြီ၊ ဤလုပ်ငန်းကို လွန်ရောကျွံရော နောက်ထပ်တစ်နှစ် နှစ်နှစ်ထက်ပို၍လုပ်ရန် မသင့်တော်တော့ချေ။ ထို့ကြောင့် ကျွန်တော်ကျွမ်းကျင်သော လုပ်ငန်းတစ်ခုကို အတင်းလက်ဆင့်ကမ်းနေခြင်းဖြစ်ပါ သည်။ သို့စဉ်လျက် လှုပ်လိုလှုပ်လဲ့သာရှိသေးသည်။ အချို့မှာ နည်းမျိုးစုံဖြင့် ရှောင်ပြေးဆဲဖြစ်သည်။

ဆရာလုပ်သည်ဆိုလျှင်လည်း မဟုတ်ပါဟု မငြင်းလိုပါ။ ကျောင်းဆရာလူထွက်ဖြစ်သောကြောင့် ဆရာလုပ်နေခြင်းဖြစ်ပါသည်ဟုပင် ပြောချင်ပါတော့သည်။

အခွန်ပညာပေးမည့်သူသည် -

- ကိုယ်ပြောမည့်အကြောင်းအရာကို ကိုယ်ကိုယ်တိုင် ရှင်းရှင်းလင်းလင်း ကျေကျေညက်ညက် သိရှိထားရန်၊
- ကိုယ်ပြောမည့်အကြောင်းအရာများထဲမှ အဓိကနှင့် သာမညကို ခွဲခြားသိရှိထားရန်၊
- စကားကို ကျစ်လစ်ပြေပြစ်ယဉ်ကျေးစွာ ပြောဆိုရန်၊
- ကိုယ်ဘယ်လောက်များများ ပြောလိုက်နိုင်သည်ဆိုသည်ထက် ကိုယ်ပြောလိုက်သည့် အချက်အလက် ဘယ်လောက်များများ ပရိသတ်ရင်ထဲရောက်သည်ဆိုသည်က ပို၍ အရေးကြီးကြောင်းကို သိရှိထားရန်နှင့်
- သပ်ရပ်စွာ ဝတ်စားဆင်ယင်ရန်

တို့ အနည်းဆုံးလိုအပ်သည်ဟု ကျွန်တော်ယုံကြည်ပါသည်။

ကျွန်တော့်ထက်အတွေ့အကြုံများသော အစ်ကိုကြီးများက "တို့တစ်တွေ အခွန်ပညာပေးလာတာ တစ်သက်လုံးပဲ၊ ပြီးပဲမပြီးနိုင်ဘူး၊ နားလည်သွားပြီပြောတဲ့သူလည်း တစ်ယောက်မှမတွေ့ဘူး" ဟု ပြောကြပါသည်။ ကျွန်တော်ကလည်း "အခွန်ပညာပေးခြင်းသည် မင်္ဂလာဆောင်နှင့်တူကြောင်း၊ မဖိတ်လျှင် အပြစ်တင်မဆုံးကြောင်း၊ ဖိတ်လျှင်လည်း လာချင်မှလာကြောင်း၊ သူလာလာ မလာလာ အပြစ်တင်မခံချင်လျှင် ကိုယ်ကဖိတ်ရမှာဖြစ်ကြောင်း" ပြန်လည်ပြောကြားလိုက်ရပါတော့သည်။

■ ထင်လင်းကျော်




# မြန်မာပြည်တွင် လူသိအလွန်နည်းသော ငွေကြေးများအကြောင်း

ဦးခိုင်ဇင်ဝင်း

တရုတ်ပြည်တွင် Bitcoin ငွေကြေးကို ရောင်းဝယ်ခြင်းမပြုကြရန် အမိန့်ထုတ်ပြန်လိုက်ကြောင်း ၁၆.၉.၂၀၁၇ ရက်နေ့ည (၇) နာရီ MNTV သတင်းမှာ ထုတ်လွှင့်သွားခဲ့သည့် Bitcoin ငွေကြေးဆိုသည်မှာ အဘယ်နည်း။

Bitcoin သည် ကမ္ဘာအနှံ့ ပြန့်နှံ့နေပြီဖြစ်သော ငွေကြေးတစ်မျိုးဖြစ်သည်။ ပုံနှိပ်ထားသော ငွေစက္ကူမဟုတ်။ နိုင်ငံတစ်ခုကို ကိုယ်စားပြုထားခြင်းမဟုတ်။ ထုတ်ဝေသူ၊ အခွင့်အမိန့်ရရှိသူမရှိ။ ဗဟိုချုပ်ကိုင်ထားမှုမရှိ။ ဗဟိုဘဏ်မရှိ။ ဘဏ်ခွဲများလည်းမရှိ။ ဒစ်ဂျစ်တယ် ပေးချေမှုစနစ်ဖြစ်သော ဒစ်ဂျစ်တယ်ငွေကြေးဖြစ်သည်။ တီထွင်သူ Programmer သို့မဟုတ် Programmerအဖွဲ့မှာ မည်သူမည်ဝါမှန်း မသိရသော်လည်း Satoshi Nakamoto အမည်ရသူမှ ၂၀၀၉ ခုနှစ်မှစ၍ Software ကို ဖြန့်ဝေအသုံးပြုခဲ့သည်။ ဤစနစ်မှာ တစ်ဦးမှတစ်ဦးသို့ ကြားခံမည့်သူမလိုအပ်ဘဲ တိုက်ရိုက်လွှဲပြောင်းရောင်းချနိုင်သည်။ အရောင်းအဝယ်တို့ကို Network အတွင်း ချိတ်ဆက်ဆောင်ရွက်ရပြီး ရောင်းဝယ်မှုကို လယ်ဂျာတွင် မှတ်တမ်းတင်ပေးကာ အဆိုပါဆောင်ရွက်မှုကို (နည်းပညာကို) block chain သို့မဟုတ် blockchain ဟုခေါ်ဆိုလေသည်။

ထို့အပြင် သတ္တုတွင်းလုပ်သားများကို ၎င်းတို့၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုစွမ်းရည် တိုးတက်လာမှုအပေါ် ဆုကြေးငွေအဖြစ် Bitcoin ကို ပေးကြသည်။ ၎င်း Bitcoin ငွေကို အခြားသော ငွေကြေးများနှင့် လဲလှယ်ယူနိုင်သည်။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလအထိ အရေအတွက် တစ်သိန်းထက်ပိုသော ကုန်သွယ်ရောင်းဝယ်သူ၊ ဈေးရောင်းဈေးဝယ်များမှာ Bitcoin ငွေပေးချေမှုကို လက်ခံခဲ့ကြလေသည်။ Bitcoin ကို ရင်းနှီးမြှုပ်နှံရာတွင်လည်း အသုံးပြုနိုင်သည်။ Cambridge တက္ကသိုလ်၏ သုတေသနပြုချက်အရ ၂၀၁၇ ခုနှစ်အတွင်း လူပေါင်း ၂.၉ သန်းမှ ၅.၈ သန်းတို့သည် Bitcoin ကဲ့သို့သော Cryptocurrency များကို သုံးစွဲခဲ့ကြပြီး အများစုမှာ Bitcoin များဖြစ်ကြပေသည်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် Bitcoin ငွေကြေးသည် ရိုးရိုး Bitcoin (BTC) နှင့် Bitcoin Cash (BCH) တို့အဖြစ် နှစ်မျိုးနှစ်စား ကွဲပြားသွားခဲ့သည်။

ငွေကြေးများ အရောင်းအဝယ်ပြုလုပ်ကြရာ၌ သက်ဆိုင်ရာငွေကြေးနှစ်ခု အရောင်းအဝယ်ပြုလုပ်ကြခြင်းဖြစ်သည်။ တန်ဖိုးကြီးသည့်ငွေက ရှေ့ကနေသည်။ ဥပမာ– ယူရိုငွေကြေးနှင့် အမေရိကန်ဒေါ်လာ အရောင်းအဝယ်ပြုလုပ်မည်ဆိုပါက ၎င်းငွေကြေးနှစ်မျိုး၏ အတွဲကို EURUSD ဟု ခေါ်သည်။ ၎င်းငွေကြေးနှစ်မျိုးတို့သည် တန်ဖိုးချင်းဆန့်ကျင်ဘက်ပြုကြသည်။ ဆိုလိုသည်မှာ ၎င်းငွေကြေးအတွဲတွင် တစ်မျိုးက ဈေးတက်လျှင် တစ်မျိုးက ဈေးကျပေးရသည်။ Bitcoin နှင့် အမေရိကန်ဒေါ်လာအတွဲမှာ BTCUSD

ဖြစ်သည်။ အမေရိကန်တွင် ၂၀၀၈ ခုနှစ် ငွေကြေး အကျပ်အတည်းပေါ်ပေါက်ပြီးနောက်ပိုင်း ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် 1 Bitcoin တွင် 2$ ပေါက်ဈေးရှိခဲ့ရာမှ ၂၀၁၃ နိုဝင်ဘာလတွင် 1 Bitcoin တွင် 1000 $ မျှ ရှိလာသည်။ ၂၀၁၄ ခုနှစ်တွင် ဈေးပြန်ကျသွားခဲ့ပြီး အမေရိကန်ဒေါ်လာ 700 ကျော် 800 မျှဖြင့် ဈေးတန်း နေရာမှ ၂၀၁၇ ခုနှစ်၊ နှစ်ဆန်းမှစတင်ကာ တဖြည်း ဖြည်း ဈေးတက်လာခဲ့သည်။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလအတွင်း တစ်ဟုန်ထိုးဈေးတက်ခဲ့ရာ ၁၇.၁၂.၂၀၁၇ ရက်နေ့တွင် 1 Bitcoin လျှင် 19666 ဒေါ်လာအထိ စံချိန်တင်အမြင့်ဆုံးဈေး ဖြစ်ခဲ့လေ သည်။ Bitcoin နှင့် အမေရိကန်ဒေါ်လာတို့၏ အရောင်းအဝယ်မှာ ၄င်းနေ့မှစတင်ပြီး တဟုန်ထိုး ပြန်လည်ကျဆင်းလာခဲ့ရာ ယနေ့ ၂၅.၁.၂၀၁၈ ရက်နေ့တွင် 1 Bitcoin လျှင် 11400$ဝန်းကျင်မျှသာ ရှိပေတော့သည်။ Bitcoin အနေဖြင့် ဈေးဆက်လက် ကျဆင်းရန်လည်း အလားအလာရှိနေပါသည်။ ထူးခြားချက်ရှိသည်မှာ အခြားသာမန်ငွေကြေးတို့သည် (နိုင်ငံအလိုက်ထုတ်ဝေသော ငွေကြေးတို့သည်) ရက် သတ္တတစ်ပတ်လျှင် တနင်္လာနေ့မှ သောကြာနေ့အထိသာ ရောင်းဝယ်နိုင်သော်လည်း ဤ Cryptocurrency တို့သည် ပိတ်ရက်မရှိ 24 hrs ရောင်းဝယ်နိုင်ကြခြင်း ဖြစ်ပါသည်။ Cryptocurrency တို့တွင် Bitcoin အပြင် Ethereum, Ripple, Dash စသည့် အခြား Digital Currency အမျိုးအစားပေါင်း ၉၀၀ ကျော်ရှိနေ သေးပြီး Bitcoin က ပမာဏအများဆုံး၊ လူသိအများ ဆုံး၊ အရောင်းအဝယ်အဖြစ်ဆုံးဖြစ်သည်။

၂၀.၁၂.၂၀၁၇ ရက်နေ့တွင် Cryptocurrency Market Capitalization မှာ Bitcoin $ 283.53B, Ethereum: $ 79.88B, Bitcoin Cash: $ 64.45B, Ripple: $ 29.33B, Litecoin: $ 17.52B စသည်ဖြင့် အသီးသီးစီ ရှိကြသည်။

Bitcoin နှင့် သာမန်ငွေကြေးအမျိုးအစားပေါင်း များစွာတို့ အရောင်းအဝယ်ဖြစ်ကြသည့်အပြင် Cryptocurrency အချင်းချင်းလည်း အရောင်းအဝယ် ဖြစ်ကြလေသည်။ Bitcoin နှင့် ထိုင်းဘတ်ငွေတို့ အရောင်းအဝယ်ကိုကြည့်လျှင် ၁၇.၁၂.၂၀၁၇ ရက်နေ့တွင် 1 Bitcoin လျှင် 649997 ဘတ်အထိ စံချိန်တင် အမြင့်ဆုံးဈေးဖြစ်ခဲ့ပြီး ၄င်းနေ့မှစတင်၍ Bitcoin ဈေးကျဆင်းလာရာ ယနေ့ ၂၅.၁.၂၀၁၈ ရက်နေ့တွင် 1 Bitcoinလျှင် 378000ဘတ်ဝန်းကျင်သာ ရှိပေတော့သည်။ Bitcoin နှင့် အမေရိကန်ဒေါ်လာ၊ Bitcoin နှင့် ထိုင်းဘတ်ငွေကြေးတို့၏ ဈေးနှုန်းပြ Chart နှစ်စောင်ကို လေ့လာနိုင်ရန် ပူးတွဲဖော်ပြထား ပါသည်။ Bitcoinသည် ငွေကြေးအမျိုးအစားပေါင်း များစွာနှင့် အရောင်းအဝယ်ဖြစ်ရာတွင် သွက်လက်စွာ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး Volatile လည်း အားကောင်းသည်ကို တွေ့ရပေသည်။

တရုတ်တို့ကမူ ၄င်းတို့ယွမ်ငွေကို အမေရိကန် ဒေါ်လာနေရာတွင် ကမ္ဘာ့သုံးငွေကြေးအဖြစ် အစား ဝင်ရောက်နေရာယူရန် ကြိုးပမ်းနေရာ အားကောင်း လာသော Bitcoin လို ငွေကြေးမျိုး ရောင်းအားဝယ် အားကောင်းပြီး တွင်ကျယ်လာသည်ကို လိုလားပုံမရ ပေ၊ တစ်ပြိုင်နက်တည်းမှာပင် အချို့သောနိုင်ငံများက Bitcoin ကို တရားဝင်လက်ခံသုံးစွဲလာကြပြီး အချို့ သောနိုင်ငံများက တရားဝင်လက်ခံသုံးစွဲရန် စဉ်းစား နေကြပြီဖြစ်သည်။

ကမ္ဘာ့ကျော်သူဌေးကြီး Bill Gate ကမူ ကြီးထွား လာနေသော Bitcoin ကိုမည်သူတစ်ဦးတစ်ယောက်ကမျှ ရပ်တန့်ပစ်နိုင် လိမ့်မည်မဟုတ်ဟု ဆိုပေသည်။

It is time to put your money where your monitor is! And, while it doesn't grow on trees, it does in your hard driveဟု ဆိုနေကြပါကြောင်း။

■ ဦးနိုင်ဇော်ဝင်း



# အာဖရိကသို့ အမေရိကန်နှင့် ခရီးသွားခြင်း

သန့်ဇင် (FRD)

မြန်မာတို့ရဲ့ ဆိုရိုးစကားအတိုင်း “လူအကြောင်း ပေါင်းမှသိ” ဟူသော စကားနှင့်အညီ “တစ်ယောက် အကြောင်း တစ်ယောက်သိချင်လျှင် ခရီးအတူ ထွက်ကြည့်လိုက်ပါ” ဆိုတဲ့ အကြံပြုချက်အရ တစ်ယောက် အကြောင်း တစ်ယောက်သိလိုသည့် ရည်ရွယ်ချက် မဟုတ်ဘဲ လုပ်ငန်းကိစ္စနှင့်ပတ်သက်သည့် တောင် အာဖရိကနိုင်ငံ၊ ဂျိုဟန်နစ္စဘတ်မြို့သို့ ငါးရက်ကြာ ခရီးစဉ်တစ်ခု သွားဖြစ်ခဲ့ပါတယ်။ ခရီးစဉ်ရဲ့ရည်ရွယ် ချက်က မြန်မာတစ်နိုင်ငံလုံး ပြည်သူများမှ ငွေရေး ကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို ထိရောက်စွာ အသုံးချနိုင်ရေးအတွက် မြန်မာနိုင်ငံတွင် အလုံးစုံပါဝင် သော ငွေရေးကြေးရေးကဏ္ဍတည်ဆောက်ရေး လမ်းပြ မြေပုံ (၂၀၁၄-၂၀၂၀) ကို ရေးဆွဲ၍ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်လာခဲ့ရာ ယခုဆိုလျှင် ၄ နှစ် ကာလအတွင်း ရည်ရွယ်ချက်သို့ မည်မျှအထိ ရောက်ရှိ ခဲ့သည်ကို လေ့လာဆန်းစစ်မည့် စားပွဲဝိုင်းဆွေးနွေး ပွဲတက်ရောက်ရန် ဖြစ်ပါတယ်။ ယင်းခရီးစဉ်မှာ မြန်မာနိုင်ငံတွင် အလုံးစုံပါဝင်သော ငွေရေးကြေးရေး ကဏ္ဍတည်ဆောက်ရေး လမ်းပြမြေပုံကို တာဝန်ယူ ရေးဆွဲပေးခဲ့တဲ့ UNCDF (United Nations Capital Development Fund) မှ မြန်မာဝန်ထမ်း ၂ ဦး၊ အမေရိကန်နိုင်ငံသား ဝန်ထမ်း ၁ ဦးနှင့် ကျွန်တော် အပါအဝင် လေးဦးတို့ဖြစ်ပါတယ်။

ခရီးစဉ်အစကတော့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကနေ တနင်္ဂနွေနေ့ မနက်ခင်း ၂ နာရီ ၁၀ မိနစ်မှာထွက်တဲ့ Emirate လေကြောင်းလိုင်းပဲ ဖြစ်ပါ တယ်။ ရန်ကုန်ကနေ ဒူဘိုင်းမြို့သို့ ၆ နာရီကြာ လေယာဉ်စီး၊ ဒူဘိုင်းလေဆိပ်မှာ ၄ နာရီကြာစောင့်၊ ဒူဘိုင်းလေဆိပ်ကနေ ဂျိုဟန်နစ္စဘတ်လေဆိပ်ကို ၆ နာရီ ၃၀ မိနစ်ကြာစီးရပါတယ်။ ဂျိုဟန်နစ္စဘတ်မြို့ ကို တောင်အာဖရိကနိုင်ငံ စံတော်ချိန် ညနေ ၆ နာရီ ၅၀ မိနစ် (မြန်မာစံတော်ချိန် ည ၁၁ နာရီ ၂၀ မိနစ်) မှာ ဆိုက်ရောက်ပါတယ်။ ခရီးစဉ် အစအဆုံး ၂၁ နာရီ ၁၀ မိနစ် ကြာမြင့်ပါတယ်။ အမေရိကန်ဝန်ထမ်း ရဲ့ ခရီးစဉ်အပေါ် ပထမဆုံးမှတ်ချက်က "What a Crazy flight is in early morning 2 am!" “မနက် လင်းအားကြီး ၂ နာရီထွက်တဲ့လေယာဉ် ဆိုးရွားလိုက် တာ” ပါတဲ့ဗျာ။

ဂျိုဟန်နစ္စဘတ်လေဆိပ်ကိုရောက်တော့ ငွေလဲ ကောင်တာမှာ အမေရိကန်ဒေါ်လာနဲ့ တောင်အာဖရိက နိုင်ငံ ငွေကြေး Rand နဲ့ လဲလှယ်ရာမှာ ကျွန်တော် ရောက်ဖူးတဲ့နိုင်ငံတွေမှာ မကြုံဖူးတဲ့ Commission 7.5%၊ Fee 3% နဲ့ VAT 1.5% စုစုပေါင်း 12% ဖြတ် တောက်ခြင်းခံလိုက်ရပါတယ်။ ကျွန်တော်လည်း ငွေလဲ ကောင်တာက အမျိုးသမီးကို မေးခွန်းများစွာမေးမြန်း ၍ အောင့်သီးအောင့်သက်ဖြင့် အမေရိကန်ဒေါ်လာ တစ်ရာဖိုး ငွေလဲခဲ့ပြီး မြည်တွန်တောက်တီးနေတာကို ကြားတဲ့ အမေရိကန်က ရယ်မောပြီးတော့ This is South Africa လို့ မှတ်ချက်ပြုလို့ သူလည်း အမေရိကန် ဒေါ်လာတစ်ရာဖိုး ငွေလဲခဲ့ပါတယ်။

စားပွဲဝိုင်းဆွေးနွေးပွဲဆိုသည်နှင့်အညီ ကျွန်တော် အပါအဝင် မြန်မာနိုင်ငံမှ လေးဦး၊ ဂျိုဟန်နစ္စဘတ် မြို့တွင် ရုံးထိုင်သည့် UNCDF မှ တောင်အာဖရိက နိုင်ငံသား ဝန်ထမ်းတစ်ဦး၊ လမ်းပြမြေပုံရေးဆွဲရာတွင်

Survey ပြုလုပ်အချက်အလက်များ ကောက်ယူစုဆောင်းပေးသည့် FINMARK TRUST အဖွဲ့အစည်းမှ ၈ ဦး နှင့် လမ်းပြမြေပုံကို FINMARK TRUST မှ ကောက်ယူပေးသည့် အချက်အလက်များဖြင့် Diagnosis ပြုလုပ်ပေးမည့် နီပေါနိုင်ငံအခြေစိုက် beed Consultancy မှ ၃ ဦး၊ စုစုပေါင်း ၁၆ ဦးတို့ ဂျိုဟန်နစ္စဘတ်မြို့ အစွန်မကျတကျရှိ Protea Hotel Wonderers ရဲ့ အခမ်းအနားကျင်းပတဲ့ ခန်းမကျယ်တစ်ခုထဲမှာ နှစ်ရက်ကြာ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် အလုံးစုံပါဝင်သော ငွေရေးကြေးရေးကဏ္ဍ တည်ဆောက်ရေး လမ်းပြမြေပုံကို ကြီးကြပ်ကွပ်ကဲသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်သော Inter-Ministerial Stering Committee (IMSC) ၏ အတွင်းရေးမှူးရုံးဖြစ်သော ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက လုပ်ငန်းစဉ်များ (Activities) ကို အကောင်အထည်ဖော်ရာမှာ ၄ နှစ်အတွင်း လူဦးရေ ၅၂ သန်းရဲ့ ၃၀% သောမြန်မာပြည်သူများဟာ ငွေရေးကြေးရေးဝန်ဆောင်မှုများ (ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ၊ အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုများ) ကို ရယူခံစားနိုင်ခဲ့ကြပါတယ်။ ထိုသို့ ရယူခံစားခြင်းကို ဘာသာရပ်ဆိုင်ရာ ဝေါဟာရများဖြင့် Financial Inclusion ဖြစ်တယ်လို့ ဆိုကြပါတယ်။ သို့ရာတွင် ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အာမခံကုမ္ပဏီများ (Insurers)၊ ငွေရေးကြေးရေးကုမ္ပဏီများ (Finance Companies & Microfinance Institutions)၊ ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေး ဈေးကွက် (Capital Market) နဲ့ Financial Inclusion မှာ အဓိကကျတဲ့ FinTech တွေ Mobile Phone Penetration Rate မြင့်တက်ပေါ်ထွန်းလာခဲ့ခြင်းဟာ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို ပြည်သူများ ယခုထက်ပိုမိုပြီး (၆၀% ခန့်) ရရှိခံစားနိုင်ခဲ့ပြီဖြစ်ကြောင်းသုံးသပ်နိုင်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ ၉၈% သော ပြည်သူများဟာ Financial Inclusion ဖြစ်နေပါတယ်။

ဆွေးနွေးပွဲအတွင်းမှာ အထူးပြောစရာကတော့ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို Survey ပြုလုပ်ရာတွင် မည်သို့မျှမသက်ဆိုင်သည့် IDP Camps များတွင် အချက်အလက်ကောက်ယူလိုသည့် ဖွံ့ဖြိုးမှုမိတ်ဘက်အဖွဲ့အစည်းတစ်ခု (Development Partner) ၏ နိုင်ငံရေးအကဲစမ်းမှု (Political Probe) တစ်ခုအား ပြတ်ပြတ်သားသား ငြင်းဆိုခဲ့ရခြင်း ဖြစ်ပါတယ်။

နှစ်ရက်ကြာ အကြိတ်အနယ်ဆွေးနွေးပွဲအတွင်း UNCDF က နေ့လည်စာ၊ ညစာများကို တာဝန်ယူပါတယ်။ UNCDF က မြန်မာဝန်ထမ်း နှစ်ဦးနဲ့ ကျွန်တော်ကတော့ မြန်မာများပီပီ UNCDF ၏ အကုန်အကျခံစရိတ်ထဲ မပါဝင်တဲ့ အဝါရည်လေး၊ အနီရည်လေးများ (ကိုယ်ပိုင်ငွေ)နဲ့ ညစာကို စားသုံးကြပေမယ့် အမေရိကန်ဝန်ထမ်းကတော့ ပုံမှန်ထက် ၂ ဆ၊ ၃ ဆ ဈေးကြီးနေတတ်တဲ့ ဟိုတယ်တွေကရောင်းချတဲ့ အစားအသောက်တွေကို အားမပေးလိုတဲ့အတွက် မြန်မာပြည်သိန်းတန်လို (Uncle ကတော့ No) ပါပဲတဲ့ဗျာ။

ဒီလိုနဲ့ စတုတ္ထမြောက်ရက်ကို ရောက်လာပါပြီ။ ညနေ ၆ နာရီ ၅၀ မိနစ်မှာ ဂျိုဟန်နစ္စဘတ်မြို့ကနေ ဒူဘိုင်းမြို့ကို Emirate လေကြောင်းလိုင်းနဲ့ပဲ ပြန်လည်ထွက်ခွာမှာဖြစ်လို့ ညနေ ၃ နာရီမှာ ဟိုတယ်ကနေ လေဆိပ်ကို လိုက်ပို့မှာဖြစ်ပါတယ်။ ကျွန်တော်တို့ အစီအစဉ်က ညနေ ၃ နာရီမတိုင်ခင်အထိ မြို့ထဲ ကို လည်ပတ်ကြမှာဖြစ်ပါတယ်။ နံနက်ခင်းစာ စားသုံးရင်းနဲ့ လည်ပတ်မည့်အစီအစဉ်ကို ဆွေးနွေးတိုင်ပင်ကြရာမှာ ကျွန်တော်တို့ ရွှေမြန်မာများက မြန်မာပီပီ အထင်ကရနေရာတွေသွားမယ်၊ ပြီးရင် ဈေးဝယ်မယ်ပေါ့ဗျာ။ အမေရိကန်က သူလည်း ပထမဆုံးအကြိမ် အာဖရိကရောက်တာဖြစ်လို့ ရောက်တုန်း သူတို့ရဲ့ မြို့ပြယဉ်ကျေးမှု ဘယ်လိုဖြစ်တည်လာသလဲဆိုတဲ့ Civilization ကို လေ့လာသင့်ကြောင်းနဲ့ Civilization ကို လေ့လာဖို့ဆိုရင် ပြတိုက်များကို သွားသင့်ကြောင်း

အကြံပြုပါတယ်။ ကျွန်တော် တစ်ချက်တွေသွားခဲ့ပါတယ်။ ဒါနဲ့ အမေရိကန်ကအချိုပွဲထယူနေတုန်း အခြားသူများကို မြန်မာစကားနဲ့ပဲ ပြတိုက်များကို သွားရောက်လေ့လာဖို့ ပြီးမှ ဈေးဝယ်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။

ပထမဦးဆုံးရောက်ရှိတာက "Africa Museum" ဖြစ်ပါတယ်။ အာဖရိကတိုက်အတွင်း နိုင်ငံအသီးသီးရဲ့ ထုတ်ကုန်များ၊ Civilization ဖြစ်တည်လာမှု၊ လွန်ခဲ့သည့်နှစ်ပေါင်း ၂ သောင်းခန့်က အာဖရိကတိုက်အတွင်း လူသားမျိုးနွယ် စတင်ဖြစ်တည်လာမှုတွေကို လေ့လာခဲ့ကြပါတယ်။ အချိန်ရှိနေသေးတာနဲ့ "Nelson Mandela Museum" ကို ဆက်သွားဖြစ်ခဲ့ပါတယ်။ ပြီးတော့မှ "Nelson Mandela Square" ကို သွားပါတယ်။ ဈေးဝယ်ဖို့အတွက် ဈေးဝယ်စင်တာရောက်တော့ အမေရိကန်ဟာ မိန်းမအတွက် သမီးအတွက် စသဖြင့် အမေရိကန်ဒေါ်လာများကို အထပ်လိုက် သုံးပါတော့တယ်။ ညနေစာ စားဖို့အတွက် ဆင်းဒဝတ်စ်၊ အအေးနဲ့ အသီးအနှံတစ်ခု ဝယ်ယူကြရာမှာ သူက အသီးအနှံကို မဝယ်ဖို့ ဟိုတယ်မှာ ပန်းသီးတွေရှိကြောင်း ပြောလာပါတယ်။ ကျွန်တော်က ဟိုတယ်က Check out လုပ်ပြီးဖြစ်လို့ ဘယ်လိုယူရမလဲဆိုတော့ စိတ်မပူပါနဲ့ ယူလို့ရကြောင်း ပြောလို့ ကျွန်တော်လည်း ဆင်းဒဝတ်စ် နဲ့ အအေးတစ်ဘူးသာ ဝယ်ယူခဲ့ပါတယ်။

ဒီလိုနဲ့ ဟိုတယ်ကိုပြန်ပြီး ကျွန်တော်တို့ လက်ဆွဲအိတ်တွေ ရွေးယူနေစဉ်မှာ ဟိုတယ်ဝန်ထမ်းကို သူက ခရီးဝေးကြီးလေယာဉ်စီးရမှာမို့ May I take a quick shower? လို့ မေးပါတော့တယ်။ ဟိုတယ်ဝန်ထမ်းက Check-out လုပ်ပြီးသားမို့ သူ့အခန်းမှာ မဖြစ်နိုင်ကြောင်းဆိုတော့ အားကစားခန်းမမှာသွားပြီး ရေချိုးမှာဖြစ်ကြောင်း ပြန်လည်ပြောဆိုနေသံကြားရပါတယ်။ ဟိုတယ်က ခွင့်ပြုလိုက်တော့ ကျွန်တော်နဲ့ အခြားမြန်မာတစ်ယောက်တို့ ပတ်ဝန်းကျင်လေ့လာမှုအားကောင်းတဲ့ ဘယ်နေရာမှာ ဘယ်လိုဝန်ဆောင်မှုကို ရပိုင်ခွင့်ရှိတယ်ဆိုတာ သိတဲ့ သူ့နောက်လိုက်ပြီး "After You" လုပ်လိုက်ပါတော့တယ်။ အဲသည်အတောအတွင်း ကျွန်တော်ဟာ Lobby မှာ တည်ခင်းထားတဲ့ ပန်းသီးတစ်လုံးကို ကောက်ယူတော့ သူက ဘာပြောလဲဆိုတော့ "Take double" တဲ့ဗျာ။ ဟိုတယ်ကရောင်းချတဲ့ အဝါရည် အနီရည်တွေကို မသောက်ခဲ့တဲ့အသုံးနဲ့ အဖြုန်းကို ကောင်းစွာခွဲခြားနိုင်တဲ့ အမေရိကန်ဟာ ဒူဘိုင်းလေဆိပ်မှာ လေယာဉ်စောင့်ရင်း Black Label Whiskey တစ်လုံး ဝယ်လိုက်တာကိုလည်း တွေ့လိုက်ရပါတယ်။ လေဆိပ်တွေမှာ ဝယ်လို့အကောင်းဆုံးပစ္စည်းကတော့ အခွန်မပေးရတဲ့ ယမကာများသာဖြစ်ကြောင်း လေယာဉ်စီးခရီးစဉ်တွေ သွားဖူးတဲ့သူတိုင်း သိကြပါတယ်။

နေပြည်တော်ပြန်ရောက်လာတဲ့ ကျွန်တော် သောကြာနေ့ရုံးတက်၍ စနေနေ့ရုံးပိတ်ရက်တွင် ဇနီးသည်မှာ သူမကျောင်းကိစ္စနှင့် မအားလပ်၍ သားအဖနှစ်ဦးသာ အိမ်မှာရှိနေခဲ့ပါတယ်။ ဆံပင်တွေရှည်နေတဲ့ ကျွန်တော် သားတော်မောင်ကိုကြည့်လိုက်တော့ ဆံပင်အတိုအကပ်နဲ့ ကျွန်တော်ကြိုက်တဲ့ပုံစံ ညှပ်ထားတာကို တွေ့လိုက်ပါတယ်။ ယခင် Ocean မှာရှိတဲ့ Tony Tun Tun မှာ ငွေကျပ် ၃၀၀၀/- ခန့်ပေး၍ ညှပ်နေကျ ကျွန်တော်ဟာ သားတော်မောင်ကို ဘယ်မှာညှပ်သလဲမေးတော့ လမ်းထောင့်က ဆံပင်ညှပ်ဆိုင်ဆို၍ ယင်းဆိုင်ကို အပြေးသွား၊ သားတော်မောင်၏ ဆံပင်ပုံစံကို လက်ညှိုးထိုးပြပြီး သူ့အတိုင်းညှပ်ပေးဆိုလိုက်ပါတော့တယ်။ သားတော်မောင်က ဖေဖေ ဘာကြောင့် တိုတိုလေးညှပ်တာလဲ မေးလာတော့ ခဏ ခဏ မညှပ်ရတော့ဘူးပေါ့ သားရယ်လို့ အဖြေပေးလိုက်မိပါတယ်။ ဆံပင်ညှပ်ခက ကလေး ၅၀၀ ကျပ်၊ လူကြီး ၇၀၀ ကျပ်မျှသာ။ ပြီးတော့ Ocean ကိုသွား ဇနီးသည် ညနေစာမချက်သွားနိုင်လို့ သားအဖနှစ်ယောက် ညနေစာစားပြီး ပိုနေတဲ့ ကြေးအိုးဆီချက် ပွဲတစ်ဝက်ခန့်ကို ပါဆယ်ထုတ်ခိုင်းပြီး အမေရိကန်ဆန်ဆန် အိမ်ကို ပြန်လာခဲ့မိပါတော့တယ်။

■ သန့်ဇင် (FRD)



# အရွေ့အတွက် အားလုံးတွန်းကြစို့

ရွှေရည်လင်း

**ဘာလို့တွန်းဖို့လိုသနည်း။**

အလုပ်တစ်ခုကို ဆောင်ရွက်ရာတွင် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍ မရပါ။ ဦးဆောင်သူများနှင့် နောက်လိုက်များ၏ အခန်းကဏ္ဍ အရေးကြီးပါသည်။ မိမိတို့ထင်ရာကို ဆိုင်း၍လည်း မရပါ။ ဆန္ဒမတူညီ၍လည်း မရပါ။ တူညီစွာ လက်တွဲဆောင်ရွက်နိုင်မှ လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ထို့နည်းတူ လုပ်ငန်းစီမံကိန်း၊ စီမံချက်များကို အကောင်အထည်ဖော်ရာတွင် သက်ဆိုင်သူများနှင့် ပါဝင်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍ အရေးကြီးသဖြင့် ယင်းတို့က ပြိုင်တွန်းမှသာ ရည်မှန်းချက်ကို ရောက်မည်ဖြစ်ပါသည်။ ယင်းသို့ တွန်းနိုင်ရေးအတွက် လုပ်ငန်းစီမံကိန်း စီမံခန့်ခွဲမှုကို ပြန်ပြောင်းစဉ်းစား၍ စိန်ခေါ်မှုများကို ရှာဖွေပြီး မည်သို့ကျော်လွှားဖြတ်သန်းမည်ကို စဉ်းစားရန် လိုအပ်ပါသည်။

**လုပ်ငန်းစီမံကိန်းစီမံခန့်ခွဲမှုသမိုင်းကြောင်း**

လုပ်ငန်းစီမံကိန်း စီမံခန့်ခွဲမှုသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်ပါက အီဂျစ်နိုင်ငံ၏ ပိရမစ်တည်ဆောက်မှုနှင့် တရုတ်နိုင်ငံ၏ မဟာတံတိုင်းတည်ဆောက်မှုနှင့် ဆက်စပ်၍ ဖြစ်ပေါ်လာသည်ဟု ဆိုကြသော်လည်း စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်း၊ အထောက်အထားစာရွက်စာတမ်းများ ရှာဖွေတွေ့ရှိခဲ့ခြင်းမရှိပါ။ ၁၉၀၀ ပြည့်နှစ်များတွင် အမေရိကန်နှင့် ဗြိတိန်နိုင်ငံများ၌ စစ်ဘက်ဆိုင်ရာ စီမံကိန်းများနှင့် အာကာသဆိုင်ရာ လုပ်ငန်းစီမံကိန်းများတွင် လုပ်ငန်းစီမံချက် စီမံခန့်ခွဲမှုကို စတင်ခဲ့သည်ဟု ဆိုပါသည်။ ၁၉၅၀ ခုနှစ်အလယ်ခန့်တွင် သမရိုးကျ လုပ်ငန်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းမှုပုံစံများဖြင့် လုပ်ငန်းစီမံကိန်းများကို စီမံခန့်ခွဲခဲ့ပါသည်။ ၁၉၇၀ ခုနှစ်များတွင် စီမံခန့်ခွဲမှုနည်းလမ်းများ တိုးတက်လာပြီး ဘက်ပေါင်းစုံမှ စဉ်းစားလာခဲ့ကြသည်။ ၁၉၈၀ ခုနှစ်များတွင် လုပ်ငန်းစီမံကိန်းများကို စီမံခန့်ခွဲရာတွင် တြိဂံပုံစံဖြင့် အချိန်၊ စရိတ်နှင့် အရည်အသွေးတို့ကို ထိန်းညှိလာခဲ့ပါသည်။ စီမံကိန်းမန်နေဂျာများကို ဖြန့်ကျက်၍ ကျယ်ကျယ်ပြန့်ပြန့် ကြည့်ရှုနိုင်ရန် တွန်းအားပေးလာခဲ့ပါသည်။ အကောင်အထည်ဖော်သည့် အဆင့်တိုင်းတွင် စောင့်ကြည့်လာခဲ့ပြီး ဖြစ်နိုင်ခြေလေ့လာမှုများကို ဆောင်ရွက်ပြီးမှ လုပ်ငန်းများကို အကောင်အထည်ဖော်လာကြပါသည်။

၁၉၉၀ ပြည့်နှစ်နှင့် ၂၀၀၀ ပြည့်နှစ်များတွင် Total Quality Management သည် လုပ်ငန်းစီမံကိန်းရုံး (Project Office) များ တည်ထောင်လာပြီး၊ လုပ်ငန်းစီမံချက် စီမံခန့်ခွဲသည့် အစဉ်အလာများကို ဌာနတွင်းကြီးထွားလာစေရေးအတွက် ဆောင်ရွက်လာကြသည်။ တိုးတက်ပြောင်းလဲလာသည့် စီမံခန့်ခွဲမှုဖြစ်စဉ်များနှင့်အတူ နည်းပညာတိုးတက်ပြောင်းလဲလာပြီး၊ နည်းပညာများနှင့် တွဲဖက်၍ စီမံခန့်ခွဲမှုများကို ဆောင်ရွက်လာကြသည်။ လက်ရှိကာလများတွင် အိုင်တီအခြေခံ လုပ်ငန်းစီမံကိန်း စောင့်ကြပ်ကြည့်ရှုသည့် လုပ်ငန်းစဉ်များ ပေါ်ထွက်လာခဲ့ပြီး အဆိုပါ လုပ်ငန်းစဉ်များဖြင့် လုပ်ငန်းတိုးတက်မှုဖြစ်စဉ်များကို ပြန်လည်သုံးသပ်လာကြပါသည်။

**လုပ်ငန်းစီမံချက်စီမံခန့်ခွဲမှုနှင့်ယေဘုယျစီမံခန့်ခွဲမှု**

လုပ်ငန်းစီမံချက် စီမံခန့်ခွဲမှုနှင့် ယေဘုယျ စီမံခန့်ခွဲမှု (project management and general management)တို့သည် လုပ်ငန်းစီမံကိန်း၏ အဓိပ္ပာယ်ဖွင့်ဆိုမှု၊ ပါဝင်ပတ်သက်သူများနှင့် အကျိုးခံစားခွင့်ရှိသူများကို မည်သို့ဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်သည်ဆိုသည့် အချက်များနှင့်ဆက်စပ်ပါသည်။ ယေဘုယျအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် တည်ဆောက်ရေးလုပ်ငန်းများသည် လုပ်ငန်းစီမံကိန်းများဖြစ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့် သင်တန်းများသည်လည်း လုပ်ငန်းစီမံကိန်းဖြစ်ပါသည်။ လုပ်ငန်းစီမံကိန်းကို စီမံခန့်ခွဲရာတွင် အသိပညာ၊ ကျွမ်းကျင်မှု၊ နည်းလမ်းနှင့် နည်းပညာများကို အသုံးပြု၍ လုပ်ငန်းစီမံချက်၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ရန် ဖြစ်ပါသည်။

သို့ဖြစ်ရာ လုပ်ငန်းစီမံချက်အဓိပ္ပာယ်ဖွင့်ဆိုမှု၊ လုပ်ငန်းစီမံချက် အရွယ်အစား၊ နယ်ပယ်၊ စရိတ်နှင့် အချိန်ကာလ မည်သို့ပင်ကွဲပြားစေကာမူ လုပ်ငန်းစီမံကိန်းများ အောင်မြင်ရေးအတွက် စီမံခန့်ခွဲမှုသည် အရေးကြီးပါသည်။

**လုပ်ငန်းစီမံကိန်းတွင်ပါဝင်ရမည့်အချက်များ**

လုပ်ငန်းစီမံကိန်းတစ်ခုကို ပုံဖော်ရာတွင် အဓိကပါဝင်ရမည့်အရာများမှာ လုပ်ငန်းစီမံချက်၏စက်ဝန်း (project cycle)၊ စတင်ရာမှ ပြီးဆုံးသည်အထိ ဆောင်ရွက်မည့်အဆင့်များ၊ ငွေကြေးအရင်းအမြစ်၊ စီမံချက်တန်ဖိုး၊ တာဝန်ယူမှု (ဆိုလိုသည်မှာ လုပ်ငန်းစီမံကိန်းမန်နေဂျာ၏ အခန်းကဏ္ဍ) တို့သည် အရေးကြီးပါသည်။

လုပ်ငန်းစီမံကိန်းတွင် တာဝန်ယူသည့် မန်နေဂျာတစ်ယောက်အနေဖြင့် လုပ်ငန်းစီမံကိန်းစီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှု (project management skill)၊ ယေဘူယျစီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှု (general management skill) နှင့် နည်းပညာစီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှု (technical management skill) တို့နှင့် အကျွမ်းဝင်မှုရှိရန် လိုအပ်ပါသည်။

လုပ်ငန်းစီမံချက်များကို ရည်မှန်းချက် ပြည့်မီစွာ အကောင်အထည်ဖော်ရာတွင် နယ်ပယ် (scope) ၊ အချိန် (time)၊ စီမံကိန်းစရိတ် (cost) နှင့် အရည်အသွေး (quality) တို့သည် အရေးကြီးသည့်အချက်များ ဖြစ်ပါသည်။ အဆိုပါ အဓိကအချက်များကို အလေးထားဆောင်ရွက်နိုင်မှ အောင်မြင်သည့်လုပ်ငန်း စီမံကိန်းများ ဖြစ်လာမည်ဖြစ်သည်။

ထို့အပြင် ရည်မှန်းချက်ကို ပြည့်မီရန်အတွက် စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ကြီးကြပ်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်သည့်သူများကို ထိရောက်စွာအသုံးချခြင်း၊ စီမံကိန်း၏ သတင်းအချက်အလက်များ မျှဝေနိုင်ခြင်း၊ ဆုံးရှုံးမှုဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဝယ်ယူခြင်းဆိုင်ရာ စီမံခန့်ခွဲမှုတို့တွင် ထိရောက်စွာဆောင်ရွက်နိုင်ရေးသည်လည်း အရေးကြီးပါသည်။

**စီမံကိန်းရွေးချယ်မှု**

အစမှ အဆုံး သေချာသည့် လုပ်ငန်းစီမံကိန်းများ ဖြစ်စေရေးအတွက် စီမံကိန်းရွေးချယ်မှုသည် အရေးကြီးလာပြီး ရွေးချယ်ရာတွင်လည်း model များကို ထည့်သွင်းစဉ်းစားလာကြသည်။ ထုတ်လုပ်မှုပိုင်းဆိုင်ရာ၊ ဈေးကွက်ဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းစဉ်းစားလာကြသည်။ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များတွင် ပြန်လည်ပေးဆပ်သည့်ကာလ (Payback period)၊ ရင်းနှီးမြှုပ်နှံမှု ပြန်ရချက် (Return on Investment)၊ အသားတင်ကာလတန်ဖိုး (Net Present Value) နှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (Internal Rate of Return) တို့ကို ထည့်သွင်းတွက်ချက်လာပါသည်။ ထို့အပြင် မရှုံးမမြတ်အခြေအနေစိစစ်ခြင်း (cost breakeven alalysis) ကိုလည်း ဆန်းစစ်ကြပါသည်။

> **နှမ်းတစ်စေ့ဖြင့် ဆီမဖြစ်နိုင် သကဲ့သို့ နှမ်းစေ့ပေါင်းများစွာ စုပေါင်းလိုက်လျှင် ဆီဖြစ်နိုင်ပါသည်။ အားလုံးညီစွာတွန်းပါမှ ရွေ့နိုင်ပါသည်။ အားလုံးတူညီစွာတွန်းနိုင်ရေးအတွက် တူညီသောဆန္ဒ၊ တူညီသော ရည်မှန်းချက်များဖြင့် ဝိုင်းဝန်းရွေ့ရှားဆောင်ရွက်ရေးသည် အရေးကြီးပါသည်။ အချိန်ကာလပနှောင်းပီ ထိရောက်သော ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို ပုံပိုးနိုင်ရေးအတွက်...**

**လက်တွေ့တွင်လုပ်ငန်းစီမံချက်စီမံခန့်ခွဲမှုကိုထိရောက်စွာ ဘာကြောင့်မဆောင်ရွက်နိုင်သနည်း**

လုပ်ငန်းစီမံကိန်းများ၏ စီမံခန့်ခွဲမှုကို ပြန်လည်ဆန်းစစ်ရာတွင် အားနည်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။ အဓိကတွေ့ကြုံရသည့် အကြောင်းများမှာ လုပ်ငန်းစတင်ရေးဆွဲချိန်တွင် စနစ်တကျဆောင်ရွက်မှုမရှိခြင်း၊ ဖြစ်နိုင်ချေလေ့လာမှုများ အားနည်းလာခြင်း၊ ဦးစားပေးရွေးချယ်မှုအားနည်းပြီး လုပ်ငန်းများကို ဖြန့်ကျက်ဆောင်ရွက်မှုများ များပြားခြင်း၊ သတ်မှတ်အချိန်ကာလတွင် ဆောင်ရွက်ရန်အတွက် စီမံခန့်ခွဲမှုအားနည်းခြင်း၊ လက်တွေ့နှင့် အကောင်အထည်ဖော်မှု ကွာခြားသည့် အခြေအနေများ ဖြစ်ပေါ်နေခြင်း၊ အထက်အောက်

ဘေးတိုက်ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းနှင့် တာဝန်ယူဆောင်ရွက်မည့် မန်နေဂျာများ မရှိခြင်း၊ အဖွဲ့အစည်းအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သူများ၏ စွမ်းဆောင်ရည်ကျဆင်းသည့် ကိစ္စရပ်များကြောင့် ဖြစ်ပါသည်။

ထို့အပြင် ရည်မှန်းချက်များ ပြတ်သားစွာ ချမှတ်နိုင်ခြင်း မရှိခြင်း၊ လုပ်ငန်းနယ်ပယ်များ ပြောင်းလဲဆောင်ရွက်ခြင်း၊ တာဝန်ခံမှုအားနည်းခြင်း၊ အရေးပေါ်အခြေအနေ ကြုံကြိုက်ပါက အစားထိုး ဆောင်ရွက်နိုင်မှုများအတွက် စီမံမှုမရှိခြင်းတို့လည်း ပါဝင်ပါသည်။

**ဘယ်လိုကျော်လွှားမည်နည်း**

လက်တွေ့ကြုံနေရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် လုပ်ငန်းစီမံကိန်း စတင်ရေးဆွဲစဉ်ကပင် မြေပြင်အခြေအနေကို ထင်ဟပ်စေသည့် စီမံကိန်းများဖြစ်ရန် လိုအပ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်မှုကောင်းသည့် ဝန်းကျင်များ ဖန်တီးရန် လိုအပ်ခြင်း၊ သတ်မှတ်အချိန်တိုင်း ပြီးစီးရေးအတွက် တွန်းအားပေးဆောင်ရွက်ခြင်း၊ သက်ဆိုင်သူများ အားလုံးအနေဖြင့် စနစ်တကျ စီမံခန့်ခွဲနိုင်ရန် လိုအပ်ခြင်း၊ မှန်ကန်စွာဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းများကို စနစ်တကျရွေးချယ်ရန် လိုအပ်ခြင်းတို့ကို ရှေးရှုဆောင်ရွက်ရန် လိုအပ်ပါသည်။

ဒေသတွင်းဆောင်ရွက်ရသည့် လုပ်ငန်းစီမံကိန်းများအတွက် အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်၊ ညှိနှိုင်းမှုလုပ်ငန်းစဉ်၊ အကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်၊ ကြီးကြပ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။

ထို့အပြင် စီမံကိန်းရေးဆွဲရာတွင် ပြင်ဆင်မှု အားနည်းခြင်း၊ စီမံကိန်းစိစစ်ခြင်းနှင့် ရွေးချယ်မှုတို့တွင် မှန်ကန်စွာဆောင်ရွက်ရန် လိုအပ်ခြင်း၊ စီမံကိန်းဒီဇိုင်းရေးဆွဲရာတွင် အားနည်းချက်များ ဖြစ်ပေါ်ခြင်းတို့ကိုလည်း အလေးထား ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

စီမံကိန်းမှ ရလဒ်ကောင်းများ ပေါ်ထွန်းနိုင်ရေးအတွက် သွင်းအားစုနှင့် ထုတ်ကုန်ခန့်မှန်းချက်များ ကွာဟမှုမရှိစေရေးသည်လည်း အရေးကြီးပါသည်။

**ဖွံ့ဖြိုးပြီးနိုင်ငံနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများ၏ကွာဟချက်**

လုပ်ငန်းစီမံကိန်း စီမံခန့်ခွဲမှုတွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ အားကောင်းပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အားနည်းကြောင်း လေ့လာတွေ့ရှိရသည်။ အဓိက ကွာခြားသည့်အကြောင်းအရင်းများတွင် အဂတိလိုက်စားမှုသည်လည်း အချက်တစ်ချက်ပါဝင်နေကြောင်း ဖော်ပြထားသည်။

**မြိုင်တွန်းကြပါ**

သို့ဖြစ်ရာ ဖော်ပြပါအချက်များကို ကျော်လွှားနိုင်ရေးအတွက် တစ်ဦးတစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍ မရဘဲ အားလုံးစုပေါင်း၍ ဆောင်ရွက်မှသာ အောင်မြင်နိုင်ပါသည်။ နှမ်းတစ်စေ့ဖြင့် ဆီ မဖြစ်နိုင်သကဲ့သို့ နှမ်းစေ့ပေါင်းများစွာ စုပေါင်းလိုက်လျှင် ဆီ ဖြစ်နိုင်ပါသည်။ အားလုံးညီစွာ တွန်းပါမှ ရွေ့နိုင်ပါသည်။ အားလုံးတူညီစွာ တွန်းနိုင်ရေးအတွက် တူညီသောဆန္ဒ၊ တူညီသော ရည်မှန်းချက်များဖြင့် ဝိုင်းဝန်းရှေ့ရှုဆောင်ရွက်ရေးသည် အရေးကြီးပါသည်။ အချိန်ကာလမနှောင်းမီ ထိရောက်သော ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို ပံ့ပိုးနိုင်ရေးအတွက် အားလုံးတွန်းကြပါလို့ တိုက်တွန်းအပ်ပါသည်။

■ ရွှေရည်လင်း

သင့်စီးပွားရေး တိုးတက်ဖို့ စီးပွားဘဏ်နှင့် ချိတ်ဆက်ဖို့



# လုပ်ခ - ဈေးနှုန်းသံသရာ

သန်းဇော် (CSO)

**"Wages chase prices and prices chase wages"**

လုပ်ခအနည်းအများသည် လုပ်သားရရှိနိုင်မှု ပမာဏ (Supply of labor)နှင့် လုပ်သားငှားရမ်းမှု (Demand for labor) အပေါ် မူတည် သည်။

David Ricardo (1772-1823) ၏ အနည်းဆုံး လုပ်ခသီအိုရီ (Subsistence Theory of wages) အရ 'ဈေးကွက်တွင် ဖြစ်ပေါ်နေသော လုပ်အားခသည် အနည်းဆုံးအနေဖြင့် ဝမ်းစာဖူလုံရေးကို ဖြည့်ဆည်းပေး နိုင်ရမည်။' သို့သော် လုပ်သားပိုလျှံနေလျှင် လုပ်ခကျဆင်းမည်ဖြစ်ပြီး လုပ်သားလိုအပ်နေလျှင် လုပ်ခတိုးမည်ဖြစ်သည်။

Adam Smith (1723-1790) ၏ လုပ်ခ- အရင်း သီအိုရီ (Wage Fund Theory) အရလည်း လုပ်ခ သည် ပေးနိုင်သည့် အရင်းပမာဏနှင့် လုပ်သားဦးရေ အပေါ်တွင် မူတည်ကြောင်း ဖော်ပြထားသည်။ ပေးနိုင် သည့် အရင်းပမာဏများလာခြင်း (သို့မဟုတ်) လုပ်သား ပမာဏနည်းသွားပါက လုပ်ခတိုးမည် ဖြစ်ပါသည်။

PH Wicksteed (England) နှင့် J B Clark (USA) တို့၏ အစွန်းထွက်ထုတ်လုပ်မှု သီအိုရီ (Marginal Productivity Theory) ကလည်း လုပ်ခသည် စီးပွားရေးဖြစ်ထွန်းမှုအပေါ် မူတည်သည်ဟု ဖော်ပြခဲ့သည်။


လုပ်သားတိုင်းသည် လုပ်ခတိုးခြင်းကိုသာ လိုလားကြပြီး ဝယ်နိုင်စွမ်းအား ကျဆင်းမှုကို လိုလားကြမည် မဟုတ်ပါ။ သို့သော် လုပ်ခတိုးမြှင့်ခြင်းကြောင့် ဝယ်နိုင်စွမ်းအား ကျဆင်းခြင်းကို မေ့လျော့နေတတ်ကြသည်။ ထို့ကြောင့် လုပ်ခတိုးရေးကို တောင်းဆိုမည်ဆိုပါက လုပ်ခ မြင့်တက်မှုကြောင့် စရိတ်ကြီးမားခြင်း၊ စရိတ်ကြီးမားလာခြင်းကြောင့် ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးနှုန်းများမြင့်တက်လာခြင်းကို ဖြစ်ပေါ်စေသည့် လုပ်ခ-ဈေးနှုန်း ကြောင်လိမ်လှေကား (Wage-Price Spiral) ကို သိရှိရန် လိုပါသည်။

လုပ်ခ-ဈေးနှုန်းကြောင်လိမ်လှေကား (Wage-Price Spiral)ဆိုရာတွင် ဈေးနှုန်းမြင့်တက်ခြင်းကြောင့် လုပ်ခတိုးတောင်းရာမှ ဝင်ငွေမြင့်မားလာပြီး ကုန်စည်နှင့် ဝန်ဆောင်မှုဝယ်လိုအားတိုးခြင်းနှင့် ထုတ်လုပ်မှု စရိတ် မြင့်မားလာခြင်းကြောင့် ဈေးနှုန်းများထပ်မံမြင့်တက်လာခြင်း၊ ဈေးနှုန်းထပ်မံမြင့်တက်ခြင်းကြောင့် လုပ်ခထပ်မံ တိုးတောင်းရခြင်း...ဖြစ်သည်။ ဤသို့ဖြင့် လုပ်ခတိုးမြှင့်ခြင်းမှ ဈေးနှုန်းမြင့်တက်ခြင်း (သို့မဟုတ်) ငွေကြေးဖောင်းပွခြင်းကို ရင်ဆိုင်ကြုံတွေ့လာရသည်။

နိုင်ငံတော်၏ စီမံကိန်းများကို လျာထားချက်များနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဈေးနှုန်းသည် အလွန် အရေးကြီးပေသည်။ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုနှင့် ငွေဖောင်းပွမှု လိုက်လျောညီထွေရှိစေရန် ငွေဖောင်းပွမှုကို ထိန်းချုပ်နိုင်ရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုကိုကြည့်လျှင် ၂၀၁၁၊ ၂၀၁၂ ခုနှစ်များတွင် ငွေဖောင်းပွမှုနှုန်း ပျမ်းမျှ (၂.၅%) သာ ရှိသော်လည်း ၂၀၁၃ နှစ်ကုန်၊ ၂၀၁၄ ခုနှစ်များတွင် (၅.၇%)မှ (၆.၀%)အထိ နှစ်ဆခန့်တိုးတက်လာခဲ့သည်။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ၇.၃၅% ရှိသည့်အတွက် အလွန်သတိထား ထိန်းချုပ်ကိုင်တွယ်ရမည့် အခြေအနေဖြစ်ပါသည်။

ငွေကြေးဖောင်းပွခြင်း (ဈေးနှုန်းမြင့်မားခြင်း)ကို ဖြစ်ပေါ်စေသော အကြောင်းရင်း (၂) ခုမှာ ဝယ်လိုအား၏ ဆွဲအားနှင့် စရိတ်၏ တွန်းအားတို့ဖြစ်သည်။ ဝယ်လိုအား၏ ဆွဲအားကြောင့် ငွေကြေးဖောင်းပွခြင်းဆိုသည်မှာ ငွေကြေးပမာဏများပြားလာခြင်း (စားသုံးမှုတိုးခြင်း၊ အစိုးရ အသုံးစရိတ်တိုးခြင်း၊ ရင်းနှီးမြှုပ်နှံမှုတိုးခြင်း)ကြောင့် ဖြစ်ပေါ်လာသည့် ငွေကြေးဖောင်းပွခြင်း ဖြစ်သည်။ စရိတ်တွန်းအားကြောင့် ငွေကြေးဖောင်းပွခြင်းဆိုသည်မှာ ကုန်ထုတ်သွင်းအားစု စရိတ် (ကုန်ကြမ်း၊ လုပ်သား၊ လောင်စာ)စသည့် ကုန်ထုတ်လုပ်မှုစရိတ်များ မြင့်တက်လာခြင်းကြောင့် ကုန်စည်ဈေးနှုန်းများ မြင့်တက်လာပြီး ဖြစ်ပေါ်လာသည့် ငွေကြေးဖောင်းပွခြင်း ဖြစ်သည်။ လုပ်ခ-ဈေးနှုန်းကြောင်လိမ်လှေကားသည် စရိတ်တွန်းအားကြောင့် ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေသည့် အကြောင်းအရာတစ်ခုဖြစ်ပြီး ဖယ်ရှားရန် ခက်ခဲသည့် ဖောင်းပွမှုကို ဖြစ်ပေါ်စေသည့် လောင်စာတောင့်တစ်ခုဖြစ်သည်။ ငွေဖောင်းပွခြင်း၏ ဆိုးကျိုး သင်ခန်းစာကို ၁၉၂၃ ခုနှစ်က ဂျာမနီနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် အလွန်အမင်း ငွေကြေးဖောင်းပွခြင်း (hyperinflation) က ပေးခဲ့ပြီးဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုကြောင့် မက်ခရိုစီးပွားရေး (တစ်နိုင်ငံလုံး၏ စီးပွားရေးအခြေအနေ)၏ ကျန်မျှော်မှန်းချက်များဖြစ်သော ကုန်ထုတ်လုပ်မှု၊ အလုပ်အကိုင်ရရှိမှု၊ နိုင်ငံတကာ စီးပွားရေးဆက်ဆံမှုတို့အပေါ် ကြီးမားသောရိုက်ခတ်မှုကို ဖြစ်ပေါ်စေပြီး တည်ငြိမ်သော စီးပွားရေးတိုးတက်မှုကို ထိခိုက်စေနိုင်သည်။




သွင်းအားစုစရိတ်ကြီးမားလာခြင်းကြောင့် ထုတ်လုပ်မှုကျဆင်းခြင်းနှင့်အတူ အလုပ်သမားလျှော့ချမှုများ ဖြစ်ပေါ်နိုင်သကဲ့သို့ ငွေတန်ဖိုး ကျဆင်းခြင်းမှ သွင်းကုန်ဈေးနှုန်းများ မြင့်တက်လာ၍ ထုတ်လုပ်မှုစရိတ်ကို ထပ်မံမြင့်တက်စေပြီး ဈေးနှုန်းများလည်း ထပ်မံမြင့်တက်လာမည်။ ထိုအခြေအနေတွင် လူနေမှုအဆင့်အတန်းကို ထိန်းထားနိုင်ရေးအတွက် လုပ်ခများကို ထပ်မံတိုးတောင်းရပြန်သည်။ ဤသို့ဖြင့် လုပ်ခ–ဈေးနှုန်း၊ ဈေးနှုန်း–လုပ်ခသံသရာကို ထပ်ခါတလဲလဲ ကြုံတွေ့နေကြရမည်ဖြစ်ပါသည်။

လုပ်ခ–ဈေးနှုန်း ကြောင်လိမ်လှေကားသည် လုပ်သားအနည်းငယ်ပေါ်တွင်သာ ကွက်၍ အကျိုးသက်ရောက်ခြင်းမဟုတ်ဘဲ လုပ်သားအားလုံးနှင့် ပြည်သူတစ်ရပ်လုံးကို အကျိုးသက်ရောက်စေသည်။

ဥပမာ–ကျန်းမာရေးကဏ္ဍ၏ ပြည်သူ့ဆေးရုံများရှိ သူနာပြုများ၏ လစာတိုးမြှင့်ပေးလိုက်ပြီဆိုပါက ပုဂ္ဂလိက ဆေးရုံများမှ သူနာပြုဆရာမများကလည်း လစာတိုးတောင်းမည်ဖြစ်ပြီး ဆေးရုံစရိတ်တက်လာမည် ဖြစ်ပါသည်။ ထိုကဲ့သို့တက်လာသော စရိတ်များကို လူနာများ (စားသုံးသူများ)က ပေးကြရပါမည်။ စားသုံးသူများကလည်း မိမိပိုပေးလိုက်ရသည့် စရိတ်ရရှိစေရေးအတွက် မိမိလုပ်ဆောင်နေသည့် နယ်ပယ်တွင် ဝင်ငွေပိုမိုရရှိရေး ဆောင်ရွက်ကြမည်ဖြစ်ပြီး နယ်ပယ်အသီးသီး၊ ကဏ္ဍအသီးသီးတွင် ဈေးနှုန်းများ၊ လုပ်ခများ မြင့်တက်လာမည် ဖြစ်ပါသည်။ သို့သော် လုပ်ခ–ဈေးနှုန်းကြောင်လိမ်လှေကားသည် တိုးတက်ရရှိလာသော လုပ်ခ၊ လစာ၏ ဝယ်နိုင်စွမ်းအားကို အချိန်ကြာမြင့်စွာ ထိန်းထားနိုင်ခြင်းမရှိဘဲ လုပ်သားများကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည် ဖြစ်ပါသည်။

ထို့ကြောင့် လုပ်ခ–ဈေးနှုန်း ကြောင်လိမ်လှေကားသည် ကောင်းကျိုးမပေးသည့် ဆိုးသွမ်း သံသရာကဲ့သို့ ဖြစ်နေသဖြင့် လုပ်ခတိုးခြင်းနှင့် ဈေးနှုန်းမြင့်တက်ခြင်းကို ချိန်ညှိနိုင်ကြပြီး တည်ငြိမ်သောလုပ်ခဖြင့် တည်ငြိမ်သောဈေးနှုန်း ဖြစ်ပေါ်ရေးကိုသာ အဖြေရှာကြရမည်ဖြစ်ပါသည်။

■ သန်းဇော် (CSO)

**မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရယူ၍ သင့်စိတ်ကျေနပ်မှုကို မြှင့်တင်ပါ။**





၁၉၉၃ ခုနှစ်…

"ဒေါင်…ဒေါင်…ဒေါင်…"

အိမ်အရှေ့ဘက် ကင်းတဲဆီက သံချောင်း ခေါက်သံတွေကို သီသီရေတွက်ကြည့်လိုက်မိတော့ အချိန်က ၁၂ နာရီတိတိ။ အပေါ့သွားချင်တဲ့စိတ်ကို တွန်းလှန်ပြီး ပေတေအိပ်နေလို့မရတဲ့ အဆုံးမှာ သီသီအိပ်ရာထဲက လူးလဲထလိုက်ရတယ်။ ညဦးက အငယ်မနဲ့ သီသီ လက်ဖက်သုပ်စားရင်း ရေနွေး သောက်တာ များသွားလို့ အချိန်မတော် အိပ်ရာက ထရတာကို စိတ်တို နေမိတယ်။ သီသီက အအိပ် အလွန်မက်တဲ့သူ။ ညဆိုလည်း စောစောအိပ်ရမှ။ ညနက်မှ အိပ်လေ့ရှိတဲ့အငယ်မကတော့ ကျောင်း ဆရာမပီပီ အမေ အိပ်ရာနိုးတာကို ခံရလေ့မရှိဘဲ မနက်စောစောထ ထမင်းချိုင့်ပြင် အမေနဲ့အတူ မီးဖိုချောင် ကိစ္စတွေ ကူညီလေ့ရှိတယ်။ သီသီကတော့ အမေ ဖွတ်အတင်း လာနိုးမှ အိပ်ရာထတတ်တဲ့ အကျင့်စွဲနေခဲ့တာ အလုပ်ခွင် ဝင်တဲ့အထိပဲ။ အိပ်ရေးမဝမှာကို သီသီ အလွန်ကြောက်တယ်။

အငယ်မက သုံးမိုင်လောက်ဝေးတဲ့ရွာကျောင်းကို စက်ဘီးနင်းသွားရပေမဲ့ သီသီက အိမ်နဲ့မလှမ်းမကမ်းမှာရှိတဲ့ရုံးကို စက်ဘီးနင်းသွားရုံပဲဆိုတော့ အချိန်ထူးမပေးရလို့ အပျင်းထူခွင့်ရနေတာလည်း ပါပါတယ်။ ထမင်းဘူးလည်း ပါတစ်နေ့ မပါတစ်နေ့ပဲ။ အမေနဲ့ အငယ်မ ချက်ပြုတ်ထားတာကြိုက်လို့ အဆင်ပြေရင် သီသီ ထည့်သွားတယ်။ အဆင်မပြေရင် အနီးအနားမှာ အသုတ်အလုပ်ကအစ အလွယ်တကူရှိတာ ဝယ်စားလိုက်တာပဲ။ ချက်တာပြုတ်တာ ဝါသနာမပါတဲ့ သီသီက ကြက်ဥတောင်ဖြောင့်အောင် ကြော်တတ်တာမဟုတ်လို့ ကြေးလည်းများမနေတော့ပါဘူး။ ကိုယ်က မလုပ်ချင်မကိုင်ချင်သူဆိုတော့ အသင့်စားရတာကိုပဲ စားရတဲ့သဘောလည်း ပါပါတယ်။ အငယ်မကတော့ ဘာမဆို ထွေလီကာလီကြိုက်တတ်သလို အပင်ပန်းခံလည်း ချက်ပြုတ်စားတတ်တယ်။ အလှလည်း မပြင်တတ်ဘူး။ သီသီနဲ့က တစ်ဘာသာစီ။ သီသီကျတော့ အလှမပြင်ဘဲ အိမ်ပြင်မထွက်တတ်တဲ့ သူမျိုး။

မိတ်ကပ်နဲ့ နှုတ်ခမ်းနီက သီသီမျက်နှာမှာ ပျက်တယ်မရှိဘူး။ အစ်ကိုတွေ မောင်တွေက သီသီအလှပြင်တာကို သဘောမကျလို့ အမေ့ကိုတိုင်ရင် အမေနဲ့ သီသီ တကျက်ကျက် ဖြစ်ရတော့တာပဲ။

"သီသီအလှပြင်တာက ဘယ်သူ့ကိုများ ထိခိုက်နေလို့လဲ။ သီသီ ခုလိုပြင်ပြင်ဆင်ဆင်လှနေတော့ သူတို့တောင် ဂုဏ်တက်ဦးမယ်။ အလကား အမေ့သားတွေက သူတို့ ရည်းစားတွေ မင်းသမီးရုံးအောင်



ပြင်နေတာတော့ ဘာမှမပြောဘူး။ သမီးကျမှ နေရာတကာ လိုက်အပြစ်ပြောနေတာ။ ကြား မကြားဖူးပါဘူး။ အလှပြင်တာပဲ မြို့ကကျဉ်းကျဉ်းလေးမို့ မပြင်ရဘူးတဲ့"

"ကိုယ့်အစ်မ၊ ကိုယ့်ညီမကို စိုးရိမ်လို့ပြောတာပါအေ၊ ညည်းကလည်း အလုပ်ထဲသွားတာပဲ တော်တန်ရုံရှိ တော်ရောပေါ့။ သနပ်ခါးရေကျဲလေးပွတ်သွားလည်း ရသားပဲ။ အမေ့သမီးက လှပြီးသားဥစ္စာ"။ အမေက သူ့သားတွေနဲ့ သီသီ ရန်မများရအောင် ဖာဖာထေးထေးပြောပေမဲ့ သီသီကတော့ ယောကျ်ားလေး နှစ်ယောက်ကို သိပ်မကျေနပ်ချင်ဘူး။ သီသီတို့မောင်နှမလေးယောက်မှာ မိန်းကလေးဖြစ်တဲ့ သီသီနဲ့ အငယ်မက ပြဿနာမရှိဘူး။ အငယ်မက စာအုပ်လောက်သာ စိတ်ဝင်စားတတ်တဲ့ သူဆိုတော့ စကားလေးလုံးကွဲအောင် ပြောချင်တတ်တဲ့သူ မဟုတ်ဘူး။ ပြဿနာဖြစ်ရတာက သီသို့အစ်ကိုကြီးနဲ့ မောင်လေးအတွက်။ အစ်ကိုကြီးက အိမ်ထောင်ခွဲဖြစ်သွားတာတောင် အမေ့ဆီမှာ လက်ဖြန့်ခံတောင်းချင်တုံး။ အဖေ့ကို ကြောက်ရလို့သာ အမေမှာ ရှိသမျှ အကုန်ပါမသွားတာ။ လူပျိုဘဝကတည်းက အမေ့ကို အမျိုးမျိုး ဒုက္ခပေးခဲ့တဲ့သူ။ အဖေရှာသမျှ သူပိုင်ပစ္စည်းလုပ်ချင်တဲ့သူ။ အတန်အသင့် စီးပွားရေးတောင့်တင်းတဲ့ မိန်းမကိုရသွားလို့သာ တော်သေးရဲ့။

မောင်လေးကတော့ ပြန်မပြော နားမထောင်။ အဖေကို ကြောက်ရလို့ "ဟုတ်ကဲ့ပါအဖေ" ဆိုတဲ့ စကားတစ်လုံးကို ပုံမှန်သုံးပြီး လုပ်ချင်ရာလုပ် တတ်တဲ့သူ။ အထူးသဖြင့် အဖေမကြိုက်တဲ့ ညဉ့်နက်သန်းခေါင်ထိ အပြင်ထွက်လည်တဲ့အလုပ်ကို "စောစောပြန်လာပါ့မယ် အဖေ"လို့ ကတိပေးပြီး အဖေ မသိအောင် အိမ်နောက်ဖေးပေါက်က ဝင်လာတတ်သူ။ မောင်လေးနဲ့ အဖေအကြား ပြဿနာမတတ်ရအောင် အကာအကွယ်အမြဲပေးနေရသူက အမေ။ သီသီကတော့ အမေ ကာစည်းကာစည်း လုပ်လွန်းလို့ မောင်လေး

ဆိုးနေတာလို့ ထင်တာပဲ။ မောင်လေး တောင်းသမျှ၊ ပူဆာသမျှ အဖေ မသိအောင် ခိုးခိုးပေးနေတော့ မောင်လေးကလည်း အမေ့ဆီက ရသမျှ တိုးတိုးတိတ်တိတ် လူမသိအောင် ညှစ်နေတော့တာပဲ။

မောင်နှမလေးယောက်မှာ သီသီနဲ့ အငယ်မက ဘွဲ့ရပြီး ယောက်ျားလေးနှစ်ယောက်က ဆယ်တန်းကျ။ ပညာရေးမထွန်းကားလို့ အဖေ့လုပ်ငန်းကိုကူကြသလားဆိုတော့လည်း မဟုတ်ဘူး။ အဖေ့ ပွဲရုံလုပ်ငန်းကို ကူညီလုပ်ပေးသူတွေက အမေနဲ့ အမေ့ဆွေမျိုးတူ၊ တူမတွေချည်းပဲ။ သီသီတို့ မောင်နှတွေ အဖေ့အလုပ်ထဲ တစ်ယောက်မှ မဝင်ကြတာကိုလည်း အဖေက အပြစ်တော့ မတင်ပါဘူး။ ကိုယ့်အသက်မွေးမှုနဲ့ကို ရှင်သန်နေထိုင်နိုင်ရင် ပြီးရောတဲ့။ ချန်သင့်သလောက် ချန်ခဲ့မယ်။ ကျုန့်သင့်သလောက် ကျုန့်လိမ့်မယ်။ သူ့ကံအတိုင်းသူ ဖြစ်လိမ့်မယ်လို့ ဆိုတာမို့ သီသီတို့လည်း ဝါသနာမပါတဲ့ ပွဲရုံအလုပ်မလုပ်ဘဲ အစိုးရအလုပ်တွေပဲ လုပ်ခဲ့ကြတယ်။ တကယ်တော့ ဒါကလည်း အဖေ့အလုပ်လို့ မဆိုသာပေမဲ့ အဖေနဲ့ အမေမျက်နှာကြောင့်သာ ဝန်ထမ်းအလုပ်ကိုရခဲ့တယ် ဆိုတာတော့ သီသီ မငြင်းပါဘူး။

အဖေနဲ့ အမေက သမီး မိန်းကလေးနှစ်ယောက် ပညာတတ်ဘွဲ့ရတွေဖြစ်ပြီး သားယောက်ျားလေးတွေ ပညာရေးမထွန်းပေါက်တာကို အင်မတန် စိတ်မကောင်းဖြစ်ကြတယ်။ သီသီကတော့ သားတွေ မလိမ္မာတာ အမေတို့ကြောင့်လို့ပဲ ထင်မိတယ်။ အကြီးဆုံးသားဆိုတော့လည်း အကြီးဆုံးမို့ ဦးစားပေး အလိုလိုက်။ အငယ်ဆုံးသားဆိုတော့လည်း အငယ်ဆုံးမို့ ဖူးဖူးမှုတ်ထားတော့ သီသီအစ်ကိုရော မောင်လေးပါ ခပ်ဆိုးဆိုးယောက်ျားလေးတွေဖြစ်သွားကြတာ သီသီ့အမြင်ပဲလေ။ အမေတို့အမျိုးကိုက သမီးမိန်းကလေးထက် သားယောက်ျားလေးကို ပိုတန်ဖိုးထားချစ်ကြတယ်လို့မြင်မိပြီး သီသီဖြင့် မျက်စိဆံပင်မွေးတောင် စူးမိတယ်။ အမျိုးတွေထဲမှာ ယောက်ျားလေးမွေးတယ်ကြားရရင် ပြောပုံ ဆိုပုံကိုက အားရကျေနပ်ဂုဏ်ယူတဲ့ အသံကြီးတွေနဲ့ “ကံကောင်းတဲ့ဟော့။ ယောက်ျားလေးတဲ့ကွာ”။ “ဝမ်းသာ စရာပဲကွယ်။ သားလေးတဲ့။ တစ်အိမ်လုံးပျော်နေရောပဲ” ဆို တာမျိုးတွေသာ သီသီကြားရဖူးတယ်။ သမီး မိန်းကလေး မွေးတယ်ဆိုရင်တော့ အဖေနဲ့အမေ့ဆီက ဘာသံမှကို မကြားရတော့တာ။

ဒါကြောင့်မို့ သားတွေကို အလေးထားပြီး အချစ်ကဲကြတဲ့ အမေတို့ကို သီသီကကြုံရင်ကြုံသလို ပြန်ပြန်ပြောမိတော့တာပဲ။ အမေကတော့ အမေမို့ မိန်းမပီပီ ပိုဂရုစိုက်ယုယတတ်တာလည်းပါမှာပေါ့။ သားတွေအတွက်ဆို အပင်ပမ်းကလည်း ခံနိုင်လွန်းတယ်။ အစ်ကိုကြီးက အဖေနဲ့ စီးပွားဖက် ပွဲရုံပိုင်ရှင် သူဌေးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျသွားတာမို့ အမေ့အတွက် ဝန်တာလျော့သွားချိန်မှာ မောင်လေးက ပိုပိုဆိုးလာတယ်။ ညဥ့်နက်မှ၊ တစ်ခါတရံ မိုးလင်း- လူမှပြန်လာတတ်တဲ့ မောင်လေးကို အမေ့မှာ တံခါးစောင့်ဖွင့်ပေးရတာ အမေ။ အဖေမသိအောင် ခိုးကြောင်ခိုးဝှက်ကလည်း လုပ်ရသေး။ မနက်မိုးလင်းလို့ ထုံးစံအတိုင်း အဖေက “အငယ်ကောင် ဘယ်အချိန်ပြန်ရောက်လဲ”လို့ မေးရင် “စောပါတယ် အစ်ကိုရဲ့၊ ကျွန်မတောင် ပုတီးစိပ်နေတုန်းပဲ’ လို့ ဖြေတာက အမေဖြေနေကျစကားပဲ။ အမေ့အဖြေမှာ မောင်လေး အိမ်ပြန်နောက်ကျတဲ့ ရက်တွေက ရှားရှားပါးပါးလိုလို။

အောက်ထပ်လှေကားထိပ်က မီးခလုတ်ကိုဖွင့်ပြီးနောက် ဖေးခန်းဆီ လျှောက်မိတော့ သီသီ ထင်ထားတဲ့အတိုင်း မီးဖိုခန်းထဲမှာ အမေ့ကို တွေ့လိုက်တယ်။ ၁၂ နာရီ သံချောင်းခေါက်တဲ့အထိ အမေမအိပ်သေးပဲ မောင်လေး ပြန်အလာကို စောင့်နေပုံရတယ်။ ခြံစည်းရိုးကို ကျော်တက်ပြီး ဝင်လာတဲ့မောင်လေးကို အမေက အိမ်နောက်ဖက် မီးဖိုခန်းတံခါး ဖွင့်ပေးနေကျ။ ခြံစည်းရိုးကို ကျော်တက်တဲ့အခါ မထိခိုက်အောင်လို့ သားအမိနှစ်ယောက် အုတ်တံတိုင်းပေါ်က သံ

ဆူးကြိုးတွေ တစ်ပေသာသာလောက် ဖယ်ပြီး မြတ်လေးပန်းနွယ်တွေ တောင်တင်ထားကြသေး။ "အမေတို့သားအမိ လုပ်ပုံက သူခိုးကို လက်ပြခေါ်သလိုဖြစ်နေပြီ"လို့ မလိုတမာပြောမိရင် "တို့ရပ်ကွက်ထဲ သူခိုး ခိုးခံရတယ် ကြားဖူးပါဘူးအေ။ ခိုးချင်လည်း ခိုးပေါ့၊ ခြံထဲ ပန်းပင်က လွဲရင် ဘာရှိလို့တုန်း"လို့ဆို တတ်သေးတာ။

"အမေ" ထန်းပက်လက် ကုလားထိုင်မှာ ထိုင်ပြီး ပုတီးတချောက်ချောက် စိပ်နေတဲ့အမေ မလန့်အောင် တိုးတိုးဖွဖွ ခေါ်လိုက်ရတယ်။ သတိကြီးတဲ့အမေကလည်း သီသီအပေါ်ထပ်ကနေ ဆင်းပြီး မီးခလုတ်ဖွင့်ကတည်းက သိပုံပေါ်ပါတယ်။

"အမေတောင် ခုပဲတရေး နိုးလာတာ။ ညည်းတို့ကတော်တော်နဲ့ မအိပ်ဘူးနော်။ ထူးထူးဆန်းဆန်း တရေးနိုးလို့ပါလား ငါ့သမီး"

"ရေနွေးသောက်တာများသွားလို့ အပေါ့သွားချင်တာနဲ့ နိုးလာတာအမေ။ အငယ်ကောင်ကပြန်မလာသေးဘူးပေါ့။ အမေက ဒီအချိန်ထိ မအိပ်သေးဘူးလား။ ချမ်းချမ်းစီးစီးအမေရယ်။ အိပ်ရာထဲမှာ နွေးနွေးထွေးထွေး အိပ်နေပါတော့လား။ ခုပဲ ၁၂ နာရီထိုးနေပြီ။ ဟိုဖက်ထိပ်မှာ ခုထိ ဂစ်တာသံတွေကြားတုန်းရယ်။ အမေ့သားကတော်တော်နဲ့ ပြန်လာဦးမှာမဟုတ်ဘူး။ အမေ့သားက ညမင်းသား။ မိုးချုပ်မှ ထွက်သွား လင်းခါနီးမှ ပြန်လာအိပ်တဲ့လူ။ ဒါကို အမေကမအိပ်ဘဲ စောင့်နေရင် သေရောပေါ့"

"တိုးတိုးပြောစမ်းပါ သမီး



ရယ်။ ညည်းအဖေ နိုးသွားမှ တစ်ယောက်မှ မအိပ်ရဘဲ ဖြစ်သွားဦးမယ်။ အမေအစောပိုင်းက တရေးအိပ်ထားပါတယ်။ အိပ်ရေးတောင်ဝနေပါပြီ" အမေက စိပ်ပုတီးကိုင်လျက်သား လက်နဲ့ နှုတ်ခမ်းကို တေ့ပိတ်ပြရင်း လေသံတိုးလေးနဲ့ပြောတယ်။ ဒီလိုဆိုတော့လည်း အမေ့ကို သီသီဘာမှ ဆက်ပြောချင်စိတ်မရှိအောင် သနားသွားရတယ်။ အငယ်ကောင်က နေ့စဉ်နေ့တိုင်း ညဥ့်နက်တဲ့အထိ နေတာ မဟုတ်ပေမဲ့ အကြောင်းအမျိုးမျိုးနဲ့ ညဥ့်နက်နေတာကများတော့ အိပ်ရေးပျက်ခံပြီး တံခါးစောင့်ဖွင့်ပေးရတာကို အမေ ကိုယ်စား သီသီ စိတ်တိုနေမိတယ်။ အဖေကတော့ ပြတ်တယ်။

"၉ နာရီထက် ကျော်ရင် အိမ်ပြန်မလာနဲ့။ အိပ်ချင်ရာမှာ အိပ်နေ"လို့ ပြောထားတာမို့အမေနဲ့ အငယ်ကောင် ကျိတ်လုပ်နေကြတာကို မသိဘူး။ မသိချင်ဟန်ဆောင်နေတာလည်း ဖြစ်ချင်ဖြစ်မှာပါ။ အမေကတော့ အဖေ့လို တင်းတင်းကျပ်ကျပ် ပြောဆိုလေ့မရှိဘူး။ မကျပ်တာအပြင် ချောင်လွန်းနေလို့ အမေ့သားတွေ ကဲနေတာလို့ သီသီ ထင်တာပဲ။ "အမေရယ် ပူစရာမရှိတာကို ဒီလောက်လည်း ပူမနေပါနဲ့။ အမေက တံခါးဖွင့်ပေးမှန်းသိလို့ ညဥ့်နက်လည်း သူမ ကြောက်တော့တာ။ လမ်းဘေးမှာတောင် သူတို့ မချမ်းမစီးနေနိုင်တာပဲ။ အပြင်ဘက်က ကြက်သွန်တဲမှာ အိပ်လည်းရပါတယ်။ အမေက အမေ့သားတွေဆို အဖြစ်ကို သည်းတယ်။ အိမ်တံခါးပိတ်ချိန်တန်လို့ ပိတ်တာလေ။ စည်းမရှိကမ်းမရှိ ပေါက်လွှတ်ပဲစား သွားလာနေတဲ့လူကို အမေက အချိန်မတော် တံခါးစောင့်ဖွင့်ပေးနေရတယ်လို့။ အမေတို့က နိုင်တဲ့သမီးတို့ပဲ မိတ်ကပ်လိမ်းလိမ်းပြန်တယ်။ ထဘီရှည် ရှည်ပြန်ပြီလုပ်နေတာ။ သားတွေကျတော့ နိုင်ကိုမနိုင်တော့ဘူး။ သားချစ်ပိုတွေကိုး။ သမီးဆိုလို့ကတော့ မှတ်လောက်အောင်ကို တံခါးဖွင့် မပေးဘဲ ထားမှာ"

အငယ်ကောင် အိမ်အပြန် မိုးချုပ်တာနဲ့ပတ်သက်ပြီး အမေနဲ့ သီသီ အချီအချပြောကြရင်း အမေ

လက်သုံးစကားက "တူတူပါပဲ အေ။ သားနဲ့သမီးရယ်လို့ ခွဲခြားပြီး ချစ်တာမဟုတ်ပါဘူး။ ပူစရာမလိုတဲ့ သမီးတွေအတွက် အမေက ဘာပူမေစရာလိုတော့မလဲ" တဲ့။ သီသီတို့ညီအစ်မအတွက် မပူရတဲ့ အမေဟာ အစ်ကိုကြီးနဲ့ မောင်လေး အတွက် ပူနေရတာကို သီသီမှာ ကြားက မခံစားနိုင်ဘူး ဖြစ်နေရတယ်။ အမေက သီသီတို့ အလုပ်ခွင်ဝင်တဲ့အထိ အဖေ့ပွဲရုံကိစ္စမှာလည်း ပါနိုင်သေးသလို အိမ်ကိစ္စမှာလည်း အမေမပါရင်မပြီးပါဘူး။ အိမ်မှာ သားယောကျ်ားလေးရှိလို့ ဆိုပြီး အိမ်ဝေယျာဝစ္စကူလုပ်တဲ့ အမျိုးသမီးတွေကိုလည်း အမေက ညနေ ငါးနာရီလောက်ဆို ပြန်လွှတ်ပြီ။ ညနေထမင်းစားပွဲ ဆိုလည်း သီသီတို့က ဟန်ပြလောက်သာ လုပ်ရပြီး အားလုံးက အမေ့လက်။ အမေ့ခြေ။ သီသီတို့ မိန်းကလေးတွေ ကြေးမများသလောက် အစားသောက်ဆိုကြေးများလွန်းတဲ့ သားတွေ အကြိုက်ကို မညည်းမညူ လုပ်ပေးတတ်တဲ့ အမေ့အစား သီသီ မောမိတယ်။ အမေက တကယ် အလုပ်လုပ်နိုင်တဲ့မိန်းမ။ တစ်နေကုန် အပင်ပန်းခံရတဲ့ အမေဟာ ညဥ့်နက်သန်းခေါင်မှ ပြန်လာတဲ့ သားကို အိပ်ရေးအပျက်ခံပြီး တံခါးဖွင့်ကြိုသေးတာဆိုတော့ အမေ့ အလုပ်လုပ်နိုင်စွမ်းကို သီသီတို့သားသမီးတွေ တစ်ယောက်မှ လိုက်လို့မမီနိုင်ဘူး။

"သားသမီးဘယ်လောက် ဆိုးဆိုး မိဘအိမ်ကိုပြန်လာသေးတယ်ဆိုရင် ဒီကလေးက အိမ်ကို ခင်တွယ် မက်မောသေးလို့ပေါ့ သမီးရယ်။ အမေတို့နဲ့အတူနေစဉ် အခိုက်အတန့် ဘယ်သားသမီးကိုမဆို ကျန်းကျန်းမာမာနဲ့ နေ့စဉ်မြင်တွေ့ချင်တာက အမေ့ စိတ်လေ။ သူအိမ်ပြန်လာနိုင်သေးတယ်ဆိုရင်ပဲ အနည်းဆုံးတော့ တစ်နေ့တာအတွက် သူအန္တရာယ် ကင်းခဲ့တယ်လို့ အမေတို့သိနိုင်တာပေါ့။ အမေက ညည်းတို့အဖေ ပြောထားတဲ့အတိုင်း အိမ်ထဲမသွင်းဘဲ တံခါးပိတ်ထားလည်း သူက ဖြစ်သလိုတဲထဲမှာ အိပ်နေမှာပဲလေ။ အမေတို့ မွေ့ယာနဲ့ ဂွမ်းစောင်နဲ့ နွေးနွေးထွေးထွေးအိပ်နေချိန်မှာ အမေ့သားတစ်ယောက် ဒီလောက်အေးတဲ့ ဆောင်းတွင်းကြီးမှာ အိမ်အပြင်က လေမလုံ နှင်းမလုံတဲ့ထဲမှာ အိပ်နေရတဲ့ အဖြစ်ကို အမေစိတ်ကောင်းနိုင်ပါ့မလား သမီးရယ်။ နွေနွေ... မိုးမိုး... ဆောင်းဆောင်း မိဘအရိပ်အောက်မှာ အလုံခြုံဆုံးပေါ့ သမီးရယ်"

အမေပြောတဲ့စကားကို မနိုင်တဲ့ အဆုံးမှာတော့ သီသီလည်း အမေ့ကို သနားသလိုလိုဖြစ်မိတာတောင် "ချစ်စရာကောင်းတဲ့ သားလေးတွေပဲ ချစ်ပါ အမေရယ်" လို့ အငေါ်တူးခဲ့မိသေး။ သီသီဖြင့် အမေတို့ချစ်နိုင်အားကို အံ့သြမဆုံးပေါင်။ ။

❖

၂၀၁၈ ခုနှစ်...

"ဒေါင်... ဒေါင်"

အိမ်ရှေ့ဧည့်ခန်းမနံရံမှာ ကပ်ထားတဲ့ ချိန်သီးနာရီရဲ့အချက်ပေးနာရီထိုးသံကြောင့် သီသီ ဆတ်ခနဲ တုန်သွားတယ်။ တစ်ချိန်တည်းမှာပဲ လက်ထဲမှာဆုပ်ကိုင်ထားတဲ့ လက်ကိုင်ဖုန်းစခရင်ကို သီသီ လှန်ကြည့်မိလိုက်တယ်။ သီသီ့ လက်ထဲက ဖုန်းစခရင်မှာလည်း ၂ နာရီဆိုတဲ့ ဂဏန်းလေးကို တွေ့လိုက်ရတယ်။ သီသီ့ ဖုန်းနံပါတ်ကို စိတ်ထဲကရေရွတ်ရင်း ဂဏန်းကွက်တွေကို တစ်လုံးစီနှိပ်ခေါ်မိတယ်။ တစ်ဖက်က ဖုန်းပိတ်ထားတယ်လို့ ဖြေတယ်။ ဖုန်းနံပါတ်စာရင်းမှာ သီသီ ကြည့်မိပြန်တယ်။ ဟုတ်ပါတယ်။ တစ်နေ့ကတင် သားဆီက ဖုန်းဝင်လာတုန်းကမှတ် ထားတာဒီနံပါတ်ပါပဲ။ ခုဖုန်းက ပိတ်ထားပြန်ပြီ။ သီသီ ရင်တွေ ပူလာတယ်။ ဒီကလေးနှစ်နာရီ အထိတော့ အိမ်အပြန်နောက်ကျလေ့မရှိပါဘူး။ အလွန်ဆုံး ၁၂ နာရီ စွန်းစွန်းပေါ့။ နောက်ကျမယ်ဆိုလည်း "အမေ သားနောက်ကျမယ်" လို့ လှမ်းပြောလေ့ရှိပါတယ်။

ခက်တာက သီသီ့သားရဲ့ ဖုန်းနံပါတ်တွေကို သီသီအလွတ်မှတ်ဖို့ ဉာဏ်ရည်မမီတော့ဘူး ဖြစ်နေတယ်။ တော်နေကြာ ကိုအက်စ်အမ်၊ တော်နေကြာ တယ်လီနော။ ခုနေတော့ အော်ရီဒူး။ မြန်မာနိုင်ငံမှာ

လတ်တလော ရှိနေတဲ့ ဖုန်းကုမ္ပဏီ သုံးခုလုံးကို သီသီသားက တစ်ပြိုင်တည်း အားပေးသူပါ။ ဖုန်းအမျိုးအစား သုံးမျိုးမှာ နံပါတ် တစ်ခုစီလား ဆိုတော့ မဟုတ်သေးပါဘူး။ တစ်မျိုးတည်းကိုပဲ နံပါတ်က လေးငါးဆယ်ခါမက ပြောင်းပြောင်းထည့်တဲ့အခါ သီသီ့သားရဲ့ ရည်းစားတွေ ချာချာမလည်ခင် အမေဖြစ်တဲ့ သီသီ ချာချာ လည်သွားပါတယ်။ "ကောင်မ တွေက အလည်တွေများတယ် အမေရ။ ဒီကောင်မတွေ မူးနောက်နေအောင် လုပ်ထားနိုင်မှ တော်ကာကြတာ။ သူတို့က သူတို့လုပ်စာ မစားရဘဲ နဲ့တောင် လူကို လာချည်ချင်သေးတယ်။ လူကို အချဉ်မှတ်နေလား မသိ ဘူး။ ဒီကောင်က အခါးကြိုက်တဲ့ကောင်ဆိုတာ မသိသေးလို့ စမ်းချင်ကြသေးတာ"

ခေတ်နဲ့အညီ ပွင့်လင်းတဲ့ သားရဲ့စကားကိုကြားရကာစမှာ သီသီ ဖျားမလိုဖြစ်ခဲ့ရပေမဲ့ အသက်ရလာတာနဲ့အမျှ သူပြောချင်ရာပြော လုပ်ချင်ရာလုပ်လာတဲ့ သားဆီက စကားအထူးအဆန်းတွေကို ကြားရပါများတဲ့အခါ သီသီ လန့်ဖျားမဖျားနိုင်တော့ပါဘူး။ အလေ့အကျင့်ရှိပြီး ယဉ်ပါးလာသလိုပါပဲ။ သားကို သီသီက သူငယ်ချင်းပေါင်းပေါင်းပါတယ်။ သားအဖေက ဆရာကြီးပေါင်း ပေါင်းတဲ့အခါ သားနဲ့ သူ့အဖေအကြား မပြေလည်မှုတွေများလာလို့ သီသီမှာ သားအဖ နှစ်ယောက် မျက်နှာချင်းဆိုင်လိုက်တာနဲ့ စကားထ မများရအောင် ထိန်းနေရတာ အထိန်းတော်ကြီးဖြစ်မှန်းမသိ ဖြစ်နေရပါပြီ။ ကံကောင်းလို့ ရယ်ပြောရမလား။ ကံဆိုးလို့ ပြောရ



မလား သားဆယ်တန်းကျပြီး ဆိုးသွမ်းလာချိန်မှာ သားအဖ နယ်မြို့ကြီးတစ်မြို့ကို တာဝန်နဲ့ ပြောင်းသွားရတာမို့ သားအဖ နှစ်ယောက် နိစ္စဓူဝတွေ့ဆုံချိန် မရှိတော့တာကြောင့် သီသီ့မှာ အသက်ရှူချောင်သွားရတာကိုပဲ ဝမ်းသာနေရပါတယ်။ ဒါတောင် အလုပ်ပိတ်ရက် အဖေဖြစ်သူ ရောက်လာရင်ကြားက သီသီမှာ အချိန်တိုင်း ရည်းစားအသစ်နဲ့ တွေ့ရတော့မလို လိုတထိတ်ထိတ် တလန့်လန့်နဲ့ ရင်တုန် ပန်းတုန်ဖြစ်ရပါသေးတယ်။

"သီသီ... မင်းက ကိုယ်အလုပ်ပြောင်းရတာ အတော်သဘောကျနေပုံပဲ။ ကိုယ်အိမ်မှာ မရှိတာကို မင်းတို့သားအမိသိပ်ကြိုက်နေလား ပြောစမ်းပါဦး" ယောကျ်ားဖြစ်သူရဲ့မကျေမချမ်းဖြစ်မှုကိုလည်း သီသီခံရပါသေးတယ်။

"ဟုတ်တယ်။ ရှင် အိမ်မှာ နေ့စဉ်မရှိတော့ ကျွန်မရောဂါရသက်သာတယ်လေ"လို့ အမှန်အတိုင်း ပြောလိုက်ရရင် သားအဖ နှစ်ယောက်သတ်မဲ့ ရန်ပွဲကနေ လင်မယားနှစ်ယောက် ထသတ်မရမဲ့ရန်ပွဲဖြစ်သွားမှာ စိုးလို့ သီသီမှာ ငြိမ်နေလိုက်ရတယ်။ "ကိုကလည်း အလကားနေရင်း အထင်လွဲနေပြန်ပြီ။ ကိုယ့်ယောကျ်ား ရာထူး အကြီးကြီးတိုးပြီး ပြောင်းတာဘယ်မိန်းမက ဝမ်းမသာဘဲရှိမှာလဲ။ ကိုအိမ်မှာ မရှိတာကို ဝမ်းသာတာမဟုတ်ရပါဘူး။ ကို လုပ်ရည်ကိုင်ရည်တော်လို့ ရာထူးတိုးတာကို ဝမ်းသာမိနေတာပါ" မိန်းမပီသစွာ ခရာပြမှ သီသီမှာ အထာကျကျ နေနိုင်တာမို့ လင်နဲ့သားအကြား ပလီစိချောက်ချက်လုပ်ပြီး ဗျာများရပြန်ပါတယ်။ သားကတော့ အဖေ့ရှေ့ဆိုခေါင်းငုံ့ပြီး 'ဟုတ်' လို့ဆိုရာမှာတောင် နောက်က 'ကဲ့' ကို ချွေတာသုံးတတ်တဲ့ သူပါ။ ဟုတ်တစ်လုံးနဲ့ လုပ်ချင်တာလုပ်တတ်တဲ့ သားအတွက် သီသီ့မှာ "နင့်အဖေ ရောက်နေတယ်နော်"လို့ ကြိုတင်ပြောမိရင် ပျောက်ချင်းမလှ ပျောက်သွားပြန်ပါတယ်။

"ဟိုကောင်ဘယ်သွားနေလဲ" လို့ မေးရင်ဖြေဖို့ ထုတ်လိုက်ရတဲ့

ဥာဏ်နီ၊ ဥာဏ်နက်၊ ဥာဏ်ပြာ၊ ဥာဏ်ဝါတွေဟာ သီသီ တကိုယ်လုံးမှာ အရောင်မျိုးစုံနေပါပြီ။

သားစာမေးပွဲ ကျတဲ့ ကိစ္စ၊ ကျောင်းဆက်မနေချင်တော့တဲ့ ကိစ္စကို လင်မယားနှစ်ယောက် ဆွေးနွေးတိုင်း စကားများရတာမို့ သီသီကိုယ်တိုင် ယောက်ျားမရှိတာကို လွတ်ငြိမ်းချမ်းသာ ခွင့်ရသလို ဖြစ်နေတာ ဝန်ခံလို့ ရမဲ့ကိစ္စတဲ့လား။

"ကလေးကမင်းအလိုလိုက်လို့ဆိုးတာ။ မင်းသားပျက်စီးတာ မင်းအပြစ်ပဲ" လို့ပြောရင် သီသီ လည်းဘယ်ခံချင်မှာလဲ။

"ရှင်ကျတော့ ကလေးကို ဘီလူးလိုသရဲလိုကြောက်အောင် လုပ်ထားတာကိုး။ ဒီတော့ကလေး ကရှင့်ကိုကြောက်ပြီး ဆန့်ကျင်ချင်တဲ့ စိတ်တွေများများလာတာ။ ကျွန်မကြောင့်မဟုတ်ဘူး။ ရှင့်ကြောင့်"

သားစာမေးပွဲကျပြီးကျောင်း ဆက်တက်ဖို့ ဘယ်လိုမှစည်းရုံးလို့ မရတဲ့အချိန်ကသီသီတို့ လင်မယား တကျက်ကျက်ဖြစ်ခဲ့ရတယ်။ နောက် နှစ်ယောက်လုံး စိတ် တွေလျှော့ချပြီး "ကံပါပဲကွာ။ သားသမီးကံပေါ့။ ကိုယ်လည်း သားဆိုး တစ်ယောက် မဟုတ်ခဲ့ပါ ဘူး။ မိဘကို တစ်ခါမှ စိတ်ဆင်းရဲမှု မပေးဖူးပါဘူး" ဆိုပြီး ယောက်ျားက စလျှော့သွားချိန် မှာတော့ သီသီလည်း ဘာမဆို ခင်ပွန်းသည် စိတ်ပိုမဆင်းရဲရ အောင်သာ စကားအပြော အဆိုက အစ ဆင်ခြင်နေတတ်လာခဲ့တယ်။ သူလည်း သားလေး တစ်ယောက် တည်းရှိတာ လိမ်လိမ်မာမာ ထူးထူးချွန်ချွန်လေး ဖြစ်စေချင်မှာ ပဲပေါ့။

သီသီတို့လင်မယားနှစ် ယောက်ကြား သားကိစ္စနဲ့ ရန်မဖြစ် ရအောင် ကြိုးစားနေခဲ့ပေမဲ့ သား အချိုးကတော့ မပြောင်းတဲ့ အပြင် ပိုတောင် ဆိုးလာခဲ့ပါတယ်။ ပိုက်ဆံအလွယ်တောင်းလို့မရရင် ဟို ပစ္စည်းခွဲလိုက်မယ်။ ဒီပစ္စည်းခွဲ လိုက်မယ်တွေတောင် ဖြစ်လာခဲ့ပါ တယ်။ ဒီလောက် ဖြစ်နေပေမယ့် သီသီ့ စိတ်ထဲမှာတော့ သားက အမေကိုချစ်ရှာတယ်လို့သာ ခံစား နေမိတုန်းပါ။ ဘီယာ ကြိုက်ရာက နေအရက်ပါသောက် တတ်လာခဲ့ တယ်။ အိမ်အပြန် အရက်နံ့ တစ် ထောင်းထောင်းထနေတဲ့သားကို သီသီ စိတ်ပျက် လက်ပျက်ကြိုမိ ရင်း "ဘာစားခဲ့လဲ" လို့ မေးရတဲ့ အလုပ်တစ်ခု ပိုလာတယ်။ ထမင်း မစားရသေးဘူးဆိုရင် သီသီ့မှာ ပျာပျာသလဲ ထမင်းပွဲပြင် ကျွေး ရတယ်။ အမူးလွန်လာရင် ပြဿနာ ရှာတာကို သီသီ ရှူးချင်လောက် အောင်ခံရတော့တာပဲ။ ကြက်ဥ ကျော်တာကအစ သီသီ့မှာ သားရဲ့ သွန်သင်မှုကို ခံရပါသေးတယ်။

"အမေ...အမေက ကြက်ဥ ကြော်ကို အနှစ်ကျက်မှစားတာ နော်။ သားကအနှစ်ကျက်ရင် လုံးဝ ...လုံးဝမစားဘူး။ ကြက်ဥ ဘယ် နှစ်လုံးကုန်ကုန် သားအကြိုက်ဖြစ် အောင် အမေကြော်ပေး။ အမေက လည်း ယောက်ျားတောင်ယူတတ် ရင် ကြက်ဥတော့ သားအကြိုက် ကြော်တတ်မှပေါ့ အမေရ။ သားက အဖေ့လိုတော့ ကြုံရာစားတတ်တဲ့ သူမဟုတ်ဘူးနော်။ စပယ်ရှယ် မီနူးပဲကြိုက်တယ်"

အရက်မသောက်တတ်တဲ့ ယောက်ျားရဲ့အရစ်ကို တစ်ခါမှ မခံရဖူးတဲ့ သီသီ သားရစ်တာကို တော့ မကြာခဏခံရပါတယ်။ မူး နေရင်း "အမေကချစ်ဖို့တော့ ကောင်းသား"ဆိုပြီး ပါးကိုနမ်းရင် လည်း သီသီ့မှာ အောင့်အည်းသည်းခံ ရသေး။ "အမေ... သားအရက် သောက်လာလို့ မစိုးရိမ်နဲ့။ အရက် သောက်ပြီး မူးပြီး ဆဲလို့ထောင်ထဲ ရောက်ရင် တစ်ရက်ဆိုလွတ်တယ်။ သားကခြင် ကိုက်မခံနိုင်ဘူး။ ဒါ ကြောင့် ထောင်ထဲတော့ သားလည်း ကြာကြာမနေနိုင်ဘူး။ စိတ်ချ အမေ။ သားက ဆေးချတာမဟုတ် ဘူးနော် အမေ။ အမေ့သား ဆေး သမားဆို အမေသွားပြီ။ အဖေ လည်း ဌမ်းပြီ။ ဒါကြောင့် သားက ဆေးတော့မချဘူး။ မိဘ မျက်နှာ အိုးမည်းမသုတ်ပါဘူး အမေရာ။" အိမ်အပြန် သားမူးလာမှာကို သီသီ စိတ်အညစ်ဆုံးပဲ။ မူးပြီးအိပ်သွား ရင် ကောင်းသေး။ မအိပ်ဘဲရစ်နေ တာကို ခံရတဲ့ဒုက္ခလောက် ကြီး တာ မရှိဘူးလို့ သီသီထင်မိတယ်။ အိမ် မပြန်လာသေးတော့ စောစော

က အိမ်ပြန်ရောက်ဖို့ပူရ။ ပြန်ရောက်လာတော့ မူးလာမှာပူရနဲ့ သီသီမှာ ညညဆို ဖုန်းကတစ်ဖက် ပုတီးကတစ်ဖက်နဲ့ အပေါ်ကိုတက်လိုက် အောက်ဆင်းလိုက်နဲ့အခေါက်ပေါင်းများစွာ။

ဖုန်းဆက်လိုက်လို့ ကိုင်ပြန်ရင်လည်း ''လာနေပြီအမေ''လို့ပြောပြီး တစ်နာရီ၊ နှစ်နာရီကျော်မှ ပြန်ရောက်လာတတ်တာမျိုးက မကြာခဏ။ သီသီကလည်း မနေနိုင်တော့ ဘယ်ရောက်နေပြီလဲ။ ဘယ်မှာ ရှိနေတာလဲလို့ အမှန်အတိုင်းမဖြေတဲ့သားကို အမှတ်မရှိစွာ ဖုန်းဆက်မေးမြဲ မေးနေမိတာပါပဲ။

''သားရယ် အမေ့မှာတံခါးဖွင့်ဖို့ စောင့်နေရတာလေ။ သားလာပြီထင်လို့ အမေ့မှာ ထထကြည့်ရတာ ခနခနပဲ။ ဘုရားလည်း ကြာကြာရှိခိုးလို့မရဘူး။ ပုတီးတောင် ဖြောင့်အောင်မစိပ်နိုင်ဘူး။ ခေတ်ကြီးက ကောင်းတာ မဟုတ်ဘူး သားရဲ့။ အိမ်မှာက ညဆို အမေတစ်ယောက်တည်း ရှိတာ။ သားကလိမ္မာမှပေါ့။''လို့ သီသီပြောရင် ''စိတ်ချအမေ။ အမေ့ကို သားစောင့်ရှောက်ရမဲ့ ဝတ္တရားရှိတယ်။ သားစောစော ပြန်လာမယ်။ အမေပုတီးသာ အေးအေးစိပ်နေ။ သားအိမ်ရှေ့ရောက်မှ ဖုန်းတောက်လိုက်မယ်''

ပြောမဲ့သာပြောတယ်။ သီသီသား အချိုးကတော့ မနက်မင်းသား။ ညလူကြမ်းဆိုသလိုပဲ။ သရုပ်ဆောင်တာတော့ ပြောင်မြောက်လွန်းတဲ့သူလို့ ပြောရမလို ဖြစ်နေတယ်။ အသက်က လေးနှစ်ဆယ်စွန်းကာစမို့ သီသီမှာ တစ်နေ့ လိမ္မာလာနိုးနဲ့ စောင့်ရတာ နလုံးရောဂါအပြင် သွေးကပါ တိုးချင်ချင်။

ခုပဲကြည့်။ မနက်ကမှတင် ''သားရယ် မနက်ဖြန်သားအဖေလာချင်လာမှာ စောစောပြန်လာပါ။ မနက်စောစောထနိုင်အောင်'' လို့ သေချာမှာလိုက်ပါလျက်နဲ့ နာရီပြန်နှစ်ချက်တီးတာ တောင်ပေါ်မလာသေး။ ဟင်း... သီသီ စိုးရိမ်စိတ်တွေနဲ့ သက်ပြင်းချလိုက်မိတယ်။ မနက်ဖြန် နိုင်ငံခြားခရီးစဉ်ရှိလို့ ပြန်ရောက်လာတဲ့ သူ့အဖေအိမ်မှာ ရောက်နေတာလည်း သားမသိသေးဘူး။ သူ့အဖေကိုတော့ သားသူငယ်ချင်းတစ်ယောက် စကော်ပူသွားမှာမို့ ဒင်နာဖိတ်ထားလို့ အပြန်နောက်ကျမယ်လို့ ညာထားရတယ်။ လတ်တလောမှာ သီသီ စိုးရိမ်မိတာက သားနဲ့အဖေ ထိပ်တိုက်တွေ့ရမယ့်ကိစ္စမဟုတ်ဘဲ အချိန်လွန်တဲ့သားနဲ့ ဖုန်းအဆက်အသွယ်မရဘဲ ပြန်ရောက်မလာသေးတဲ့ကိစ္စဖြစ်နေတယ်။ သီသီခေါင်းတွေ ပူထူကျိန်းစပ်လာပြီး ရင်ထဲမှာယောက်ယက်ခတ်နေတယ်။ သားက ဘာကိစ္စရယ်လို့ အကြောင်းပြချက်မပေးဘဲ ဒီလောက်ညဥ့်နက်တဲ့အထိတော့ မနေဖူးခဲ့ဘူး။ လိမ်ပြောတယ်ဆိုလည်း လိမ်တဲ့သားအသံလေးကိုတော့ သီသီကြားချင်မိသေးတာလေ။

အနည်းဆုံးတော့ သီသီ ဖုန်းဆက်ရင်ကိုင်တယ်။ ခုဘယ်ဖုန်းကိုမှ မကိုင်ဘူးဆိုတော့ သားတစ်ခုခုများဖြစ်နေပြီလား။ သူ့အဖေက မနက်အစောကြီး လေယာဉ်ကွင်းဆင်းရမှာမို့ အိပ်နေပြီ။ နိုးပြောလိုက်ရရင်ကောင်းမလား။ သားက ဘယ်ဖုန်းကိုမှ မကိုင်ဘူး။ သီသီဘယ်လိုလုပ်ရပါ့။ ဘယ်သွားမှန်းမသိ။ အမေ သိသမျှ ဘယ်ဖုန်းတစ်လုံးကိုမှ မကိုင်တဲ့ သားကို ညတွင်းချင်းတွေ့နိုင်ဖို့ သီသီ ဘယ်မှာသွား ရှာရမှာလဲ။ ဘယ်ကိုတိုင်တန်းရမှာလဲ။ သီသီ အောက်ထပ် သံဘာဂျာတံခါးရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိတယ်။

ရင်ထဲမှာပူလောင်လွန်းလို့ အအေးလှိုင်းဖြတ်တယ်လို့ သတင်းကြားတာကိုတောင် သီသီ မယုံနိုင်ဘူးဖြစ်နေတယ်။ အပူလှိုင်းနဲ့ အအေးလှိုင်း သတင်းများ ကြေငြာသလားလို့တောင် တွေးလိုက်မိသေး။ ဟော...ကားသံကြားတယ်။ အိမ်ရှေ့မှာ ကားတစ်စီးရပ်သံကြားတယ်။ ဟုတ်တယ်။ သားပြန်လာတဲ့ကား ဖြစ်မယ်။ ကားပေါ်ကနေ ဒယီးဒယိုင် ဆင်းလာတဲ့သားကို မြင်လိုက်ရတော့ သီသီ ရင်တွေလှပ်ခနဲခုန်သွားတယ်။ သီသီ

ဒုတိယမြောက် သံပန်းတံခါးကို ဖွင့်ပြီး သားဆီလျှောက်သွားတယ်။

"သားရယ် ... နောက်ကျလိုက်တာ။ မေမေ့ဖုန်းကို ဘာလို့ မကိုင်တာလဲ" သားကို သီသီ တွဲလိုက်တယ်။

"ဆောရီးပါ အန်တီ။ သားတို့မိုးချုပ်မှ ပဲခူးက သူငယ်ချင်းတစ်ယောက်လှမ်းခေါ်လို့ သွားကြတာ။ သူ့ဖုန်းက ဘက်ထရီကုန်သွားလို့။ မိုးချုပ်တော့ သူငယ်ချင်းတွေ စားကြသောက်ကြတာနဲ့ အပျော်လွန်ပြီး မေ့သွားတာ။ ဩစတေးလျားမှာကျောင်း တက်သွားတဲ့ သူငယ်ချင်းပြန်ရောက်လာလို့ပါ"

"အေးပါကွယ်။ အိမ်ကို ပြန်လိုက်ပို့တာ ကျေးဇူးတင်ပါတယ်။ သားတို့မိဘတွေစိတ်ပူနေကြမယ်။ သွားတော့ သွား တော့" သားက သူငယ်ချင်းတွေကိုတောင် နှုတ်မဆက်နိုင်လောက်အောင် မူးနေကြတာမို့ သားအခန်းထဲကို တွဲပို့လိုက်ရတယ်။ အရက်နံ့ တထောင်းထောင်းထနေတဲ့ သားဆီက ဘာစကားသံမှ ထွက်မလာတော့လည်း သီသီ့မှာ စိုးရိမ်ရပြန်တယ်။

"သား... သားနေကောင်းရဲ့လား။ တစ်ခုခုဖြစ်ခဲ့သေးလား"

"ဟင် ... ကောင်းပါတယ် အမေ။ အမေတစ်ယောက်တည်းလား။ အဖေ ပြန်ရောက်နေပြီလား"

"မရောက်သေးပါဘူး သားရယ်။ သားနေကောင်းတယ်ဆိုရင် နားလိုက်တော့နော်။ မေမေ သံပုရာရည်သွားဖျော်လိုက်ဦးမယ်" သားအဖေရောက်နေတာသိရင် မူးမူးနဲ့ စိတ်တစ်မျိုးပြောင်းပြီး ပြန်ထွက်သွားမှာလား စိုးရိမ်စိတ်နဲ့ သီသီ လိမ်ပြောလိုက်မိတယ်။ ယောကျ်ားတွေဆိုတာက ပြောနိုင်တာမဟုတ်ဘူး။ သူတို့စိတ်တွေကို သီသီ လိုက်လို့မမှီနိုင်ဘူး။ ခုတစ်မျိုး။ တော်ကြာတစ်မျိုး။ အမျိုးမျိုးပြောင်းလဲနေကြတာ။ လောလောဆယ် သားအဖေ သီသီ့ကို ပြဿနာ ရှာမှာထက် သားလေး ကျန်းကျန်းမာမာ အိပ်ပျော်သွားဖို့သာ သီသီအာရုံစိုက်နေမိတယ်။ အရက်နံ့တွေ မွှန်ထူနေတဲ့ သားလေးမျက်နှာကို မြင်လိုက်ရတာပဲ သီသီမှာ စိတ်ရော ကိုယ်ပါ ခေါင်းတောက်အောင် ပူလောင် ပင်ပန်းခဲ့သမျှ ရုတ်တရက် အေးမြသွားရပြီ။

သီသီ မီးဖိုခန်းဆီ ခပ်သုတ်သုတ်ပြေးဝင်လာခဲ့တယ်။ သံပုရာရည် ခပ်ချဥ်ချဥ်ဖျော်တယ်။ သားအကြိုက် လစ်ပိုပုလင်းကို ဖောက်ပြီး ရောလိုက်တယ်။ ဘယ်လို အရသာရှိမှန်း မသိပေမဲ့ အရက်မူးလာတဲ့ နေ့တွေဆို သားလုပ်သောက်တတ်တာကို သီသီ သတိထားမိတယ်။ သီသီ သံပုရာရည်ဖန်ခွက်ကို ကိုင်ပြီး ဧည့်ခန်းထဲပြန်အဝင် အပေါ်ထပ်က သားအဖေ အိပ်မှ ပျော်ရဲ့လားလို့ တွေးမိရင်း အပေါ်ထပ်ကို လှမ်းကြည့်လိုက်မိတယ်။ အပေါ်ထပ်က တစ်စုံတစ်ရာ အသံမကြားရတော့မှ သီသီ စိတ်ချလက်ချ သားအခန်းဆီကို လျှောက်သွားလိုက်တယ်။

သီ သီ တစ် ယောက် တည်း ယောက်ယက်ခတ်အောင် အမောတကော ပြေးလွှားလှုပ်ရှားနေရတာ ဘယ်နှနာရီထိုးလို့ ထိုးမှန်းတောင် မသိတော့ဘူး။ အိပ်ချင်စိတ်လည်း နည်းနည်းလေးမှကို သီသီမှာ ရှိမနေတော့ဘူး။ သံပုရာရည်ခွက်ကို လက်နှစ်ဖက်နဲ့ တယုတယကိုင်လာပြီး မဖိတ်စင်အောင် ဂရုစိုက်နေမိရင်းက ဧည့်ခန်းမဆီ ဖြတ်အလျှောက်မှာ တိုင်ကပ်နာရီဆီ လှမ်းကြည့်လိုက်မိတယ်။ ရုတ်တရက် သီသီ့အကြည်မှာပဲ ချိန်သီးက ဘယ်ညာ လှုပ်ရှားပြီး အသံထွက်လာတယ်။ ချိန်သီးအလှုပ်ကိုကြည့်မိရင်း နာရီရဲ့ ဘယ်ညာတစ်ဖက်မှာရှိနေတဲ့ သီသီအဖေနဲ့ အမေ့ဓာတ်ပုံကို သီသီကြည့်မိသွားတယ်။

"ဒေါင် ... ဒေါင် ... ဒေါင်"

သုံးနာရီထိုးကြောင်း အချက်ပြလိုက်တဲ့ နာရီချိန်သီးမြည်သံနဲ့အတူ အဖေနဲ့အမေက သီသီကို ပြုံးပြုံးကြီး ကြည့်နေသလိုလို သီသီခံစားလိုက်ရတယ်။

မေတ္တာမြင့်
■ ယုဒါ


◆❖◆



(၁)

ကြားစကတော့ ကျုပ်တော်တော်လေး အံ့သြမိတယ်။ ရယ်လည်း ရယ်ချင်တယ်။ အဲ… ပြီးတော့ လန့်တယ်ဗျ။ လန့်တယ်ဆိုတာကဒီကောင့်ကို ကြောက်လို့တော့မဟုတ်ဘူး။ ကျုပ်အတွက်လည်း မဟုတ်ဘူး။ ကျုပ်တို့ရွာအတွက် လန့်တာ။ ဒီကောင့်အကြောင်းကလည်း ကျုပ်အသိ။ ပြောရင်ပြောတဲ့အတိုင်း လုပ်တာ။ ရှေ့ဂရုရော၊ နောက်ဂရုရော ဘာမှစိုက်မှာ မဟုတ်ဘူး။ ဘာအသိဉာဏ်မှလည်း ရှိတာမဟုတ်တာဗျာ။ လက်ထဲ ဓားလေးရှိရင် ဟိုဟာခုတ်ချင်၊ ဒီဟာခုတ်ချင်နဲ့။ အရက်ကလေး တမြမြ၊ ဓားလေးတဝင့်ဝင့်နဲ့။ လက်စလေးရှိတော့ နောက်မှာက-လည်း တပည့်လေးငါးခြောက်ယောက်လောက်နဲ့။ ဆရာကြီးတော့ မဟုတ်ဘူး။ တပည့်ခြောက်ယောက်ရှိတယ်ဆိုတာ ဒီကောင့်လိုကောင်ကို ပြောတာနေမယ်။ လူကြည့်တော့ ဖလံလေး။ လာမထိနဲ့ မီးပွင့်သွားမယ်ဆိုတာချည်း။

လိုက်လည်းလိုက်တယ်ဗျာ။ ယူထားတဲ့ မိန်းမကလည်း ဇနဲ့ဗျ။ ရုပ်ကတော့ ရွက်ကြမ်းရေကျိုပါ။ လျှာကတော့ ကြမ်းတာမှ ကျားလျှာကတောင် အမေခေါ်ရမယ်။ ဒီကောင်ခုလို



သူ့ရွာထဲ လုပ် ချင်သလိုလုပ်၊ နေချင်သလိုနေ၊ ကြမ်းချင်သလို ကြမ်း၊ ရမ်းချင် သလိုရမ်းနေနိုင်တာ သူ့မိန်းမရဲ့ လျှာအစွမ်းက ဟက်ဘိုင်ဟက် လောက်ပါတယ်။ သူ့ရွာကလူတွေက သူ့ဓားထက် သူ့မိန်းမရဲ့ လျှာကို ပိုကြောက်ကြတယ် ပြောတာပဲ။ ဟုတ်ချင်လည်း ဟုတ်မှာ။ သူ့ဓားကနီးမှ ခုတ်လို့၊ ထိုးလို့ရတာ။ ဟိုလျှာက ခုနစ်အိမ် ရှစ်အိမ်အကွာ ကနေ စကားလုံးနဲ့ မမောမချင်း ထိုးနေလို့ရတယ်။

ထားပါတော့။ ဒီကောင်တို့ လင်မယားအကြောင်း ပြောနေရင် တစ်ထောင့်တစ်ညတောင်ကုန်မှာ မဟုတ်ဘူး။ ခုနကဟာ လေးပြန်ဆက်ဦးမယ်။ ကြားစကတော့ အံ့ဩတယ်ဆိုတာ။ ဒီကောင့် စကားပါဗျာ။ ဘယ်လို ကဘယ်လို စိတ်ကူးပေါက်တယ် မသိဘူး။ ဒီကောင်က လှူမလို့တဲ့ဗျ။ ကျုပ်က ရယ်ချင်တာပေါ့။ ရယ်လည်း ရယ်ချင်စရာ။ အဲ…ရယ်သာရယ်ရတာ ရယ်လို့ရလား မသိဘူး။ ဟိုက အလှူလုပ်မှာကို ကျုပ်က ရယ်တာဆိုတော့။ မတော် ငရဲတွေ ဘာတွေကြီးရင် ခက်မယ်။

ဒီကောင်လှူမယ်ဆိုတာကို ကျုပ် ဘာလို့ရယ်ရသလဲဆိုတာ ပြောပြမယ်။ ပြီးမှကျုပ်ရယ်တာ ငရဲကြီးမကြီး ဆုံးဖြတ်ပေးကြပေါ့။ ဒီကောင်က ဘာလုပ်ငန်း လုပ်သလဲ သိလား။ တံငါဗျ တံငါ။ လှလှလေးပြောရရင် ရေလုပ်သားပေါ့ဗျာ။ အဲ၊ အဲဒါကလည်း ဟန်ပြရယ်။ တချို့တွေလုပ်သလိုပေါ့။ ရှေ့ကနေ လူမြင်ကောင်းအောင် အလုပ်တစ်ခုကို ဟန်ပြလေးလုပ်။ နောက်ကနေကျ တရားဥပဒေနဲ့ မလွတ်တဲ့ဟာတွေ အင်တိုက် အားတိုက်လုပ်ကြသလိုပေါ့။ ဒီကောင်ကလည်းအဲ့လို။ နေ့ခင်းဆို ဧရာဝတီမြစ်ထဲ ပိုက်မျှောတယ်။ မျှောတာကလည်း သူ့မိန်းမပါဗျာ။ ဒီကောင်က လှေပေါ်အိပ်နေတာရယ်။ ကျုပ်မြင်တာပေါ့။ ကျုပ်အိမ်က မြစ်နဖူးမှာ ရှိတာကိုး။ ဒီကောင့်အလုပ်က ညမှစတာ။ ညဆို ဒီကောင်ရယ်။ ဒီကောင့်တပည့်တွေရယ် ဒီကောင့် လှေလေးနဲ့ ကျုပ်တို့တောင်ဘက်ကမ်း ကူးလာတယ်။ ကျုပ်တို့တောင်ဘက်ကမ်းက ရွာတွေကိုလှည့်ပြီး ခိုးတာလေ။ ရတာခိုးတာပဲ။ ထဘီတွေထဘီရတ်တာပဲ။ ဖုန်းတွေ ဖုန်းယူတာပဲ။ ဘာမှမရရင် အိမ်ကိုသေးပန်းပြန်တဲ့ အညံ့စားသူခိုးတွေရယ်။ လူမိလို့ ဝိုင်းလိုက်ကြရင်လည်း ဒီကောင့်လှေက စက်တပ်ထားတာဆိုတော့ ဗူးဆိုမောင်းပြေး လွတ်တာပဲ။ ကြိုးဆွဲတရုတ်စက်လေးတွေလေ။ ဘယ်လောက်မှပေးရတာမှ မဟုတ်တာ။ လှေမြီးမှာ အထိုင်လေးလုပ်၊ အဲ့စက်လေး တင်ပြီး ပန်ကာလေးတပ်မောင်း လိုက်ရင် ပြေးတာမှ လှစ်ခနဲပဲ။ လက်နဲ့သာလှော်ရရင် ဒီကောင်တွေ ဘယ်လွတ်ပါ့မလဲ။ မိရင် ဝိုင်းရိုက်ခံတာနဲ့ သေမှာပဲ။

ဒီကောင်ကတော့ အေးဆေးပဲ။ ည၊ ကျုပ်တို့ဘက်ကမ်း ဘယ်လောက်တက်ခိုးခိုး သူ့ဘယ်သူမှ မှတ်မိတာမဟုတ်တာ။ နေ့ခင်းဆို ကျုပ်တို့ဘက်ကမ်း ကူးလာ ပိုက်မျှောပြီ။ ငါးရရင် သူ့မိန်းမက ကျုပ်တို့ရွာတောင် တက်ရောင်းလိုက်သေးတယ်။ ငါးရောင်းရင်တော့ သူ့မိန်းမလျှာက ပရွက်ဆိတ် တက်ကိုက်မှာ တောင်စိုးရတယ်။ ချိုတာမှ ထန်းလျက်ကတောင် အမေခေါ်ရမယ်။ အမှန်အတိုင်း ပြောရရင် ဒီကောင့်မိန်းမ ငါးရောင်းတယ်ဆိုတာကလည်း ဟန်ပြပါပဲ။ ဒီကောင့်မိန်းမ အဓိကလုပ်တာက ဘယ်အိမ်ချောင်လည်တယ်။ ဘယ်ပေါက်က ဘယ်လိုဝင်လို့ရတယ်ဆိုတာ စနည်းနာတာ၊ ကျုပ်တို့ရွာတော့ မရဘူး။ ဒီကောင် မျက်စောင်းထိုးတာတောင် ကျုပ်က မခံဘူး။ အပြတ်ပြောပြီးသား။ “ငါ့ရွာထိလို့ကတော့ မင်းနဲ့ငါအတွေ့ပဲ” လို့။ ဒီကောင် ကျုပ်စကားတော့ နားထောင်တယ်။ ကျုပ်တို့တောင်ဘက်ကမ်းက ဒီပြင်ရွာတွေသာ ဟိုဟာပါသွားပြီ၊ ဒီဟာပါသွားပြီ ကြားနေရတာ ကျုပ်တို့ရွာကတော့ အေးဆေးပဲ။ ရွာထဲကလူတွေကတော့ ကြောက်တော့ ကင်းတွေဘာတွေ စောင့်

ကြတာပေါ့။ သူတို့ကတော့ ကျုပ်ပြောထားလို့ လာမခိုးတာဆိုတာ ဘယ်သိပါ့မလဲ။ သူတို့ ကင်းစောင့်လို့အခိုးမခံရတာ ထင်ချင်ထင်နေမှာ။ ကျုပ်ကလည်းစောင့် မနေနဲ့လို့ ပြောမနေတော့ဘူး။ ဘာလို့လဲ မေးကြရင် ဘယ်လိုဖြေမလဲ။ ဒီကောင်နဲ့ကျုပ်နဲ့သိလို့ ကျုပ်တို့ရွာ ဒီကောင်မခိုးဘူး စိတ်ချလို့ သွားပြောရင် ကျုပ်လည်း ကွိုင်မှာပေါ့။ ဒါကြောင့် ကျုပ်ဖာသာ အသာလေး နေနေရတာ။ တစ်ခါတလေဆို ကျုပ်တောင် ကင်းစောင့်လိုက်သေးတယ်။

ဒီကောင်နဲ့ကျုပ်က ဘယ်လိုပြောရမလဲ။ စီးပွားဖက်ထားပါတော့။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဆိုတာလိုပေါ့။ ကျုပ်အခုလို ပြေပြေလည်လည်နေနိုင်နေတာ ဒီကောင့် ကျေးဇူးမကင်းသလို၊ ဒီကောင် ခုလို ဘေးမသီရန်မခ ခိုးနိုင်ပြုနိုင်နေတာလည်း ကျုပ်ကျေးဇူးတွေဗျ။ ကျုပ်က ကျုပ်ရဲ့နာမည်တစ်လုံးနဲ့ လမ်းကြောင်းရှာပေးတယ်။ ဒီကောင်က သူ့ပစ္စည်းလေးတွေကို ကျုပ်ကတစ်ဆင့် ငွေဖြူလုပ်တယ်။ ရှင်းရှင်းပြောရရင်ခိုးရာပါပစ္စည်းတွေကို ကျုပ်က သူ့ဆီက လျှော့ဈေးနဲ့ ဝယ်တယ်။ ပြီးရင် ကျုပ်အဆက်အသွယ်နဲ့ ကျုပ်ပြန်ထုတ်တယ်။ ဒါပါပဲ။ အေးဆေးပါပဲ။ ချွေးမထွက်ဘူး။ သွေးမထွက်ဘူး။ ကျုပ်အတွက်ပြောတာ။

ကျုပ်ရွာကလူတွေကတော့ ကျုပ် ဒါတွေလုပ်နေတာ ဘယ်သိမလဲ။ သူတို့အမြင်မှာဆို ကျုပ်က လူပျိုကြီး၊ ပိုက်ဆံရှိတဲ့ လူပျိုကြီး၊ သာရေး နာရေး လက်မနှေးတဲ့ လူကြီး၊ စိတ်သဘောထားကောင်းတဲ့ လူကြီးပေါ့။ ကျုပ်ကလည်း အေးဆေးပဲ။ ရွာထဲကလူတွေတစ်ယောက်မှမသိအောင် ပိပိရိရိလုပ်တာ။ ကျုပ် အမျိုးတွေတောင် မသိဘူး။ အိမ်မှာကလည်း ကျုပ်တစ်ယောက်ထဲပေါ့။ တစ်ကိုယ်တည်းပေါ့။ ကျုပ်ရုပ် ကျုပ်ရည် ကျုပ်စည်းစိမ်နဲ့ဆို ခုချိန်ထယူလည်း ဖူးဥနုထွက်လေးတွေ အေးဆေးရနိုင်ပါသေးတယ်။ ကျုပ်ကိုက မယူချင်နေတာ။ ထားပါတော့။

ဒီကောင့်ပြောတာ။ ဘယ်ကဘယ်လိုစိတ်ကူးပေါက်တယ် မသိဘူး။ ခုတလော ခိုးတာကနေ အနုကြမ်းစီးတဲ့ ပုံစံမျိုးတွေ လုပ်လာတယ်။ အိမ်တစ်အိမ်ကို ချောင်းတယ်။ ခိုးဖို့မလွယ်ရင် တံခါးခေါက်ပြီးဓားထောက် ပစ္စည်းလုတော့တာ။ ကျုပ်တောင် သတင်းတွေကြားရခါစက တော်တော် မျက်လုံး ပြူးသွားသေးတယ်။ ဒီကောင် အတော်အတင့်ရဲနေပါလားပေါ့။ ဒါပေမဲ့ ဒီကောင့်အကြောင်းကလည်းသိပြီးသားပါ။ ဓားသာ သူ့လက်ထဲရှိနေရင် သူ့ကိုယ်သူ လူစွမ်းကောင်းလိုလို ထင်နေတာ။ ကဲ... ခုတော့ အလှူ လှူတော့မလို့တဲ့။ အဆင့်ပြောင်းလုပ်လိုက်တာ တော်တော်ပြေလည်သွားတယ် ထင်တယ်။ ရာဇဝင်တော့ ကြားဖူးတယ်။ သူခိုးကြီး ဝေတက်ပြား ဆိုတာလေ။ ခိုးပြီး လှူတာလေ။ ဒီကောင်လည်း သူခိုးကြီး ဝေတက်ပြား အားကျတာလားမသိဘူး။

ခိုးလို့ ရတဲ့ငွေနဲ့၊ အဲတိုက်လို့ ရတယ်ပြောရမယ်။ ဒီကောင်က ခု ဓားပြလိုဖြစ်နေပြီလေ။ ထားပါတော့။ တိုက်လို့ရတဲ့ငွေနဲ့ ဒီကောင် အလှူ လှူမယ်။ ရယ်တော့ရယ်ချင်စရာပါ။ နာမည်တပ်တာသာ သူ့နာမည်တပ်တာလေ။ ငွေက သူများဟာတွေ။ ကျုပ်ကြားတာတော့ ဒီကောင် အလှူအတွက် အတော်တက်ကြွနေတယ်တဲ့။ ရက်လည်းရွေးပြီးပြီတဲ့။ ဆိုင်းတောင် ငှားပြီးပြီဆိုပဲ။ ဟုတ်တော့ ဟုတ်နေတာပဲ။ အံ့ဩတယ်ဆိုတာ အံ့တာပြီးမှ လာတာ။

ဒီကောင် ကျုပ်ကိုလာပြောတာ။ သူ့အလှူအတွက်စီစဉ်စရာ ရှိတာတွေ စီစဉ်နေပါတယ်တဲ့။ သူ့မိန်းမက သူ့ကို ငွေသိန်းနှစ်ဆယ်လောက် လိုသေးတယ်လို့ ပြောတယ်တဲ့။ သူကလည်း “စိတ်ချပါ။ အလှူမတိုင်ခင်ရအောင် လုပ်ပေးပါ့မယ်” လို့ ပြောထားတယ်တဲ့။ အဲ့ဒီမှာ ကျုပ်တော်တော်လေး အံ့ဩသွားတာ။ ပြောတဲ့ သူ့မိန်းမ

ကိုရော၊ လုပ်ပေးပါ့မယ်ဆိုတဲ့ ဒီကောင့်ကိုရော။ လွယ်တာဗျာ။ ပိုက်ဆံသိန်းနှစ်ဆယ်ကိုရအောင် လုပ်ပေးပါ့မယ်တဲ့။ ခိုးရ၊ တိုက်ရမှာကို မြစ်ထဲ ပိုက်မျှောနေသလို လေး ပြောနေတာ။ ဒါကြောင့် ကျုပ်က ရယ်ပြီး "ဒါ ပိုက်ချသလောက် လွယ်တာမဟုတ်ဘူး" လို့ဒီကောင့်ကိုပြောမိတာ။ ဒီကောင်က အသာပဲဗျ။ အေးဆေးပဲ။



ကြောက်စရာတောင်ကောင်းတယ်။ အေးအေးဆေးဆေးပဲ ကျုပ်ကို ပြောလိုက်ပုံက။ "ရယ်မနေနဲ့၊ နောက်ဆုံးမရရင်လူရင်းတွေဆီလည်း ချရမှာပဲ"တဲ့။ ကျုပ် ဒီကောင့်ကိုကြည့်ပြီးတော်တော်လေးလန့်သွားတယ်။ ဒီကောင့်အကြောင်း ကျုပ်သိတယ်။ ဒီကောင်က ပြောရင်ပြောတဲ့အတိုင်း လုပ်မယ့်ကောင်ရယ်။ ဘာအသိဉာဏ်မှ ရှိတာမဟုတ်ဘူး။

(၂)

ဒီကောင့် အလှူနိုးလာလေ ကျုပ်စိတ်ပူလာလေပဲ။ ကျုပ်တို့ရွာမှာကလည်း ပိုက်ဆံရှိတဲ့လူ တော်တော်များတယ်။ ကျုပ်မျက်နှာနဲ့ကြောင့်သာ ဒီကောင်မဝင်တာ။ သူ့မိန်းမသတင်းပို့ချက်အရဆို ကျုပ်တို့ရွာကို ဒီကောင်ဘယ်လောက်တောင်သွားရည် ကျနေမယ်မသိဘူး။ ကျုပ်လည်း ကျုပ်တို့ ရွာကို ဘယ်လို သတိပေးထားရမယ်မှန်း မသိဘူး။ ကျုပ်ပြောသလိုပဲကျုပ်က သွားပြောလို့ သူတို့က ပြန်မေးရင် ကျုပ်က ကျွိုင်မှာလေ။ ရွာကလည်းမဆိုးပါဘူး။ ဘေးရွာတွေ ဆိကနေကြားရတာတော့ လုံခြုံရေးကို ပိုပိုသာသာ လုပ်လာကြတယ်။ ကင်းတွေလည်း တော်တော်စောင့်လာကြတယ်။

ကျုပ်လည်း ဘာရယ်မဟုတ်ဘဲ ကျုပ်အိမ်ဝိုင်းကို ခြစည်းရိုးသေချာပြန်ခတ်လိုက်တယ်။ ဟန်ကိုယ့်ဖို့ပေါ့။ ရွာက တခြားပိုက်ဆံ ချမ်းသာတဲ့လူတွေ အိမ်ဝိုင်းလုံအောင် လုပ်နေကြချိန် ကျုပ်က ဘာမှမလုပ်ဘဲ နေနေလိုက်ရင် သံသယဖြစ်စရာကောင်းလာမှာလေ။ အဲ့ဒါကြောင့်။

ဒီကောင့်အလှူကလည်း လပိုင်းလောက်ပဲ လိုတော့တယ်။ ဒီကောင်တော့မသိဘူး။ ပိုက်ဆံသိန်းနှစ်ဆယ်အတွက် ဒီကောင့်အစား ကျုပ်တောင်ရင်ပူတယ်။ သိန်းနှစ်ဆယ်ဆိုတာ နည်းတာမှမဟုတ်တာ။ ကျုပ်တောင် ငွေသားအနေနဲ့ လက်ထဲ အဲ့လောက်ရှိတာမဟုတ်ဘူး။ ရွှေလေး ဘာလေး ထုခွဲလိုက်မှသာ ရလာမှာ။

ကျုပ်ကသာ ဒီကောင့်အစား စိတ်ပူနေတာ။ ဒီကောင်ကတော့ အေးဆေးပဲဗျ။ မနက်လင်းလာရင် ပိုက်မျှောမပြတ်ဘူး။ တစ်ခါတလေ ကျုပ်နဲ့တောင် စကားပြောဖြစ်သေးတယ်။ ဒီကောင်ကတောင် ကျုပ်ကို သတိပေး သွားသေး။ တခြားအဖွဲ့တွေလည်း ရှိနေပြီတဲ့။ ကျုပ်ကို သတိထားနေပါတဲ့။ ဟိုတစ်နေ့က ကျုပ်တို့ရွာရဲ့ ရှေ့ဘက်က ရွာကိုတိုက်သွားတာသူတို့မဟုတ်ဘူးတဲ့။ ကျုပ်ဘုရားတောင်တမိတယ်။ ဘယ့်နှယ်။ ခုလိုခေတ်ကြီးထဲ ဓားပြတွေက ပြန်ပေါ်လာ

သေး။ ပေါ်လာတာ တောင်တစ်ဖွဲ့ထဲမဟုတ်။ နှစ်ဖွဲ့။ နောက်ဆို ဒီထက် ပိုတိုးလာဦး မလားမသိဘူး။ ဒီခေတ်ကြီးမှာ ကောင်းရောင်းကောင်းဝယ်လုပ် မစားဘဲ မလွယ်လမ်းလိုက်ချင် သူတွေက အများသားပဲ မဟုတ်လား။ အဲ့ထဲ ကျုပ်တောင်ပါတယ်လေ။

ဒီကောင့်မိန်းမကလည်း သိန်းနှစ်ဆယ်နဲ့ပတ်သက်ပြီး ကျုပ်ကို ပြောသေးတယ်ဗျ။ ကျုပ်ဆီမလွယ်ဘူးလားတဲ့။ ကျုပ်ကလည်း ဘယ်ရှိပါ့မလဲပေါ့။ ရှိလည်း မပေးချင်ပါဘူး။ အလှူပေမယ့်သူတို့ အလှူကိုသန့်တယ်လို့မှ ကျုပ်က မထင်တာ။ သူရိုးအလှူကြီး၊ ဓားပြအလှူကြီး။ ဟုတ်လား။ ပြီးတော့ ဒီကောင့် မိန်းမက ပြောသေး။ ဒီကောင် ညဘက်အလုပ်ထွက်သွားရင် သူက သူတို့ ရွာထိပ်က စေတီပျက်မှာ သွားသွားဆု တောင်းပေးတယ်တဲ့။ လာလာချည်သေး။ သူ့ယောကျ်ား သွားလုပ်တဲ့ အလုပ်က သူတော်ကောင်းအလုပ်ဆိုတော့လေ။ သူက ဆုတောင်းပေးတာတဲ့။ သူ့ယောကျ်ား အဆင်ပြေပြေနိုးလို့ရ။ တိုက်လို့ရအောင် ဘုရားကပဲ လိုက်စောင့်ရှောက်ပေးရမယ့်ပုံ။ ဒီကောင့်မိန်းမဆိုတာလည်း ဒီကောင်နဲ့ ဘာထူးမှာလဲ။ အသွင်တူလို့ အိမ်သူဖြစ်နေတာလေ။ ဘာပညာမှ တတ်တာ မဟုတ်တာ။ စေတီပျက်မှာ တကယ်ကြီး သွားဆုတောင်းချင်တောင်းနေမှာ။ အဲ့လို သွားဆုတောင်းတဲ့အကြောင်း အားရပါးရပြောနေတဲ့ ဒီကောင့်မိန်းမကို ကြည့်ပြီး ကျုပ်ဖြင့် အမြင်ကို ကတ်နေတာပဲ။ ကျုပ်သာ အဲ့စေတီပျက်နားမှာ နေတဲ့ခွေးဆို ဒီကောင့်မိန်းမကို အသေကိုက်ပစ်မှာ။ တကယ်ပြောတာ။

(၃)

ဘယ်ကဘယ်လို သန္ဓေပါလာတယ်မသိဘူး။ ကျုပ်က လေတိ-က်တာတော့ အသေကြောက်တယ်။ ခုလိုနွေရာသီ တပေါင်း တန်ခူးဆို မြောက်လေနီကြမ်းက အမြဲတိုက်တတ်တာ။ ရာဟုထောင့်ကနေ ရဲတက်လာပြီဆို ကျုပ်ဖြင့် နေစရာတောင်မရှိတော့ဘူး။ ရဲရဲတောက်နေတဲ့ ကောင်းကင်ကြီးအောက်မှာ ယိမ်းထိုးခါရမ်းနေတဲ့ သစ်ပင်ကြီးတွေ တဖြောင်းဖြောင်း ကျိုးကျနေတာကို ကြည့်ပြီး အသည်းတွေ အူတွေ ပြုတ်ထွက်သွားမတတ် ကြောက်လန့်ရတာလည်း ငယ်ငယ်တည်းကနေ အသက်တော်တော်ကြီးတဲ့အထိပဲ။ ခုမှ နည်းနည်း အကြောက်လျော့လာတယ်။ ဒါတောင်အရှင်းမပျောက်သေးဘူး။

အဲ့လို ငယ်ငယ်ကတည်းက ကြောက်ခဲ့တဲ့ လေနီကြမ်းက အဲ့ဒီနေ့ညကပဲ ကျုပ်တို့ရွာလေးကို ထိုးအုပ်လိုက်တယ်။ တဟူးဟူး တဟောဟောအသံတွေရယ်၊ သစ်ကိုင်းကျိုးကျသံတွေရယ်၊ မိုးခြိမ်းသံတွေရယ်က ရောနေတယ်။ ကျုပ်အိမ်က မြစ်နဖူးမှာဆိုတော့ ပိုဆိုးတယ်။ သစ်ပင် တစ်ပင်တလေသာ အခံရှိတာ။ ကျန်တာက ဟာလာဟင်းလင်းကြီး။ ဘာအကာအကွယ်မှ သိပ်မရှိတော့လေက အငမ်းမရကို ဝင်တိုးနေတော့တာ။ ကျုပ်လည်း ဇောချွေးတွေ တစ်လုံးလုံးနဲ့။ ဘယ်ချိန်အိမ်ခေါင်ကျွတ်မလဲပဲ စောင့်ကြည့်နေရတော့တယ်။

လေက တော်တော်ကြာတဲ့အထိ မငြိမ်သေးဘူး။ မိုးပါပါလာတယ်။ မိုးခြိမ်းသံတွေကလည်း နားကွဲမတတ်ဘဲ။ လေထဲမိုးထဲမှာ တောင် လုံခြုံရေးကင်း ခေါက်သံကို သဲ့သဲ့လေးကြားနေ ရသေးတယ်။ ကျုပ်တော်တော် အံ့ဩမိတယ်။ ဘယ်သူကများ ခေါက်နေတယ်မသိ။ ဒီလောက် မိုးတွေ လေတွေကျနေတာကို။

ဝုန်းဆို အိမ်အပေါ်ထပ်က မြည်သွားတယ်။ ပြတင်းတံခါး တစ်ချပ်တော့ပွင့်ပြီလို့ ကျုပ်သိလိုက်တယ်။ ကျုပ် အပေါ်ထပ် ပြေးတက်သွားလိုက်တယ်။ အမှန်ပဲ။ တံခါးတစ်ချပ်ကပွင့်လိုက် ပိတ်လိုက်နဲ့ တဝုန်းဝုန်း မြည်နေတာ။ ကျုပ်လည်း လေတွေမိုးတွေကြားကပဲ တော်တော်လေး အားစိုက်ပိတ်လိုက်ရတယ်။ တံခါးပိတ်ပြီး

တော့ လူလည်း မိုးရေတော်တော် ရွှဲသွားတယ်။ မှောင်မှောင်မည်းမည်းထဲ အဝတ်အစားလဲဖို့ ရှာနေတုန်း ကျုပ်လည်ပင်းကို အေးစက်စက် အရာတစ်ခု လာထိတယ်။ ကျုပ်သိလိုက်တယ်။ ငါတော့ ဓားပြတိုက်ခံရပြီလို့။

ဘယ်တတ်နိုင်မလဲ။ သူတို့က ဦးပြီလေ။ သူတို့ခိုင်းတာကိုပဲ ကျုပ်လုပ်ပေးလိုက်တယ်။ ပါးစပ်ကို အဝတ်နဲ့ စည်းတယ်။ လက်ကို လက်ပြန်ကြိုးတုပ်တယ်။ မျက်စိကိုတော့ မအုပ်ဘူး။ မြင်လည်း မမြင်ရပါဘူး။ ငြင်းလည်း မငြင်းတော့ပါဘူး။ ကျုပ်မှာ ဘာရှိတယ်ဆိုတာ သူတို့ သိပြီးသားနေမှာပါ။ ရှိတာလေးတွေ ထုတ်ပေးလိုက်တယ်။ သူတို့ ဓာတ်မီးသေးသေးလေးတွေရဲ့ အလင်းနဲ့ ရှာပြီးတော့။ အဲ့ဒီလိုပစ္စည်းတွေ ထုတ်ပေးနေ တုန်းကျုပ်စဉ်းစားမိတယ်။ ဒီပြင် အဖွဲ့ရှိသေးတယ်လို့ ဒီကောင် ဘယ်လိုပြောပြော ကျုပ်ကိုလာ တိုက်နေတာ ဒီကောင်ပဲဆိုတာ ကျုပ်သိတယ်။ ဒီကောင်ပြောထားတာ ရှိတယ်လေ။ လူရင်းလည်းချမှာပဲဆိုတာ။

မနက်လင်းမှပဲ ကျုပ်ဓားပြတိုက်ခံရတာ ရွာထဲကလူတွေ သိတယ်။ ကင်းသမားလေးတွေကတော့ တောက်တခေါက်ခေါက်နဲ့။ သူတို့ ဒီလောက်စောင့်နေကြတာကိုလေ။ ကျုပ်လည်းဘာထူးမှာလဲ။ ကြိတ်ပြီးဆဲလိုက်၊အပြင် ထုတ်ဆဲလိုက်ပေါ့။ ဒီကောင့် နာမည်တော့ မတပ်ပါဘူး။ ဓားပြတွေလို့ပဲ ပေါင်းဆဲပစ်တာ။ ကျုပ်အပေါ်တော့ သစ္စာရှိမယ်လို့ တွက်ထားမိတာကို က ကျုပ်အမှားပဲ။ ဒီကောင်က သစ္စာဆိုတာကို စာလုံးတောင် ပေါင်းတတ်ချင်မှ ပေါင်းတတ်မှာ။ လူမိုက်နဲ့ပေါင်းပြီး စီးပွားရှာမိတာကိုက ကျုပ်အပြစ်ပဲ။ ဘာထူးလဲ။ ကျုပ်လည်း လူမိုက်ပဲ။

## (၅)

လေသင့်တော့ ဆိုင်းသံကို အတိုင်းသား ကြားနေရတယ်။ ဒီကောင့်ရွာနဲ့ ကျုပ်ရွာက ကြားထဲ ရေဝတီမြစ်ပဲခြားတာလေ။ ပတ်မကြီးတထိထိထုလေ ကျုပ်နေရဆိုးလေပဲ။ ရဲစခန်းသာတိုင်ချက်ဖွင့်ထားရတာသူတို့လည်း ဘယ်သူတိုက်တယ်ဆိုတာ မသိတော့ ဘယ်သွားဖမ်းမလဲ။ ကျုပ်လည်း သိသာသိတာ မပြောရဲဘူး။ ဒီကောင်ဆိုပြီး သွားပြောလိုက်ရင် ကျုပ်ရော ထောင်ထဲဝင်ရမှာ။ ကျုပ်လည်း ကြံရပါသဘောပဲလေ။ ဒီကောင် ရလာသမျှပစ္စည်း ကျုပ်က ဒိုင်ခံဝယ်နေတာလေ။

ခေါင်းရင်းက မန်ကျည်းပင်ကနေတောက်တဲ့က "တောက်တဲ့၊တောက်တဲ့" နဲ့ အော်နေတယ်။ ကလေးကလားဆန်နေမလား မသိဘူး။ တောက်တဲ့တစ်ခါ အော်ရင် "လေလား" ဆိုပြီး ကျုပ်လိုက်ရွတ်တယ်။ နောက်တစ်ခါ တောက်တဲ့ဆိုရင် "မိုးလား"။ တောက်တဲ့အော်တာရပ်ပြီး "လေလား" နဲ့ ပြီးသွားရင် လေတိုက်မယ့်နိမိတ်ပဲ။ ခုလည်း လေလားနဲ့ရပ်သွားတာ။ ကျုပ်ကြိတ်ပျော်နေမိတယ်။ ညကလည်း ရာဟုထောင့်ဘက်ကို ခဏခဏ ထွက်ကြည့်မိသေးတယ်။ လေမှုန်လား မမှုန်လား။ "လေတိုက်ပါစေ၊ တအားတိုက်ပါစေ" ဆိုပြီးလည်း ကြိတ်ဆုတောင်းသေးတယ်။ တကယ်လို့ တအားသာတိုက်လာရင်လေ ကြောက်တဲ့ ကျုပ်အပြင်ကိုထွက်ကပစ်မှာ တကယ်ပြောတာ။ ခုတော့ ကျုပ်ဆုတောင်းတာကို လေက မကြားဘူး ထင်ပါရဲ့။ ပုံမှန်လေးပဲတိုက်နေတယ်။ လေတွေတအားတိုက်လို့ ဒီကောင့် အလှူပျက်သွား အေးတာပဲ။ ကျုပ်တော့ ဒီလိုတွေးနေမိတာပဲ။ ဒီကောင်တောင် ကျုပ်ကိုယုတ်မာသေးတာ။ ကျုပ်ခုလိုအတွေးယုတ်နေမိတာ ကျုပ်ကိုယ်ကျုပ်တော့ လွန်တယ်မထင်ဘူးဗျာ။

ဆယ့်နှစ်နာရီ တစ်ချက်အထိ ကျုပ်အိပ်မပျော်ဘူး။ ဆိုင်းသံကလည်း ကျုပ်ဘေးနား လာတီးနေသလား အောက်မေ့ရအောင် ရှင်းရှင်းပြတ်ပြတ်ကို ကြားနေရတယ်။ ဒီကောင့်နာမည်ကို ပြောလိုက်၊ ဒီကောင့်မိန်းမနာမည်ကို ချီးမြှောက်လိုက်နဲ့။ အလှူ့ဒါယကာ

ကြီး၊ အလှူ့ဒါယိကာမကြီးဆိုတာလည်း ပါးစပ်ထဲက မချဘူး။ ကျုပ်တော့ အတော်လေးကို အော်ဂလီဆန်နေမိတာပဲ။ ဆိုင်းသမားက အဲ့လိုမြှောက်ပေးလေ ကျုပ်ရင်ထဲ အောင့်နေလေပဲ။ ဆိုင်းသမားကတော့ ဘယ်သိမလဲ။ သူမြှောက်ပေး၊ ချီးမြှင့်ပေးနေတဲ့ သူ့အလှူ့ဒါယကာကြီးက သူခိုးကြီး၊ ဓားပြကြီးဆိုတာကိုလေ။ ထမင်းရှင်ကြီးဆိုပြီး သူ ခဏခဏရွတ်နေတဲ့ ဒီကောင်က သူတစ်ပါးထမင်းလုတ်တွေကို ပုတ်ချပြီး ခုလိုအလှူလုပ်နေတယ်ဆိုတာ ဆိုင်းသမားသိအောင် ကျုပ်ပြေးတောင်ပြောလိုက်ချင်သေးတယ်ဗျာ။ ကြားထဲမြစ်ကြီးခြားနေလို့သာ။

ဆိုင်းသိမ်းမှ ကျုပ်လည်း အိပ်ပျော်သွားတယ်။ စိတ်ကစွဲနေတော့ အိပ်မက်ထဲတောင် ဒီကောင်ရောက်လာသေးတယ်။ သပိတ်ကိုလွယ်လို့။ တိုက်ပုံနဲ့ ဘာနဲ့။ ထွီ။ ကျက်သရေမရှိ လိုက်တာဗျာ။

ကျုပ်လည်း ခပ်ချဉ်ချဉ်နဲ့မို့ ဒီကောင့်အလှူကို မသွားလိုက်တော့ဘူး။ ဖိတ်တာတောင် ကျုပ်ဖြင့်ဒေါသထွက်နေတာ။ဒီကောင်မို့ မျက်နှာပြောင်တိုက်ရဲတယ်။ သူကတော့ သူမဟုတ်ဘူးဆိုတဲ့ သဘောနေမှာပေါ့။ ဒီလောက်အကွက်ကတော့ ကျုပ်သိတာ ပေါ့။ သူ့လိုကောင်ကိုတောင် အသာနက်ချနေခဲ့တာပဲလေ။ ပြီးခုတလော ဓားပြတိုက်ခံရတယ် ဆိုတာလည်း ကျုပ်အိမ်တစ်အိမ်ပဲရှိတာ။ တခြားအဖွဲ့တိုက်တယ်ထားဦး ဒီကောင်လိုတယ်ဆိုတဲ့ သိန်းနှစ်ဆယ် ဘယ်က ရမတုံး။ ငါးရောင်းပြီးရမှာလား။ ဒီကောင့် မိန်းမ သွားဆုတောင်းတဲ့လမ်းကနေ ကောက်ရဦးမှာလား။ ဝေးသေးတယ်။ ပိုက်ဆံသိန်းနှစ်ဆယ်ဆိုတာ ဒီကောင်တို့တစ်ရွာလုံး ရောင်းတောင်ရမှာ မသိ။ ခုတော့ စက်လှေ နှစ်စင်းတောင် လူကအပြည့်။ ကျုပ် သူတို့ကိုကြည့်ရင်း ရယ်ချင်တာလိုလို၊ ငိုချင်တာလိုလို ဖြစ်နေတယ်။ သူခိုးအလှူကို သွားချီးမြှောက်နေကြပါလား ဆိုပြီးလည်း ရင်ထဲကနေအော်ဟစ်နေမိတယ်။ မတတ်နိုင်ဘူး။

တစ်နေကုန် ကျုပ်ဘာအလုပ်မှလုပ်လို့မရဘူး။ ဒီကောင်တို့ဘက်



မဟုတ်ဘူး။

ရွာထဲက လူတွေကတော့ အကြောင်းရင်းမသိရှာဘဲ တံငါသည် အလှူတဲ့ "တံငါသည့်အလှူ" ဆိုပြီး ဝမ်းသာအားရသွားကြတယ်။ စက်လှေနှစ်စင်းတောင် လူကအပြည့်။ ရွာထဲမလည်း ဒီကောင့်မိန်းမဆီက ငါးဝယ် ဖူးသူ တော်တော်များတဲ့သဘော။ သူတို့ဝယ်တဲ့ငါးသည်က သူတို့အိမ်တွေရဲ့ စည်းစိမ်ဥစ္စာကို ဓားပြတိုက်ဖို့ လမ်းရှာ နေသူဆိုတာ သိရင်တော့ဘယ်လိုနေမယ် ကမ်းကိုပဲ နားစွင့်နေမိတယ်။ တခုခုများ ထဖြစ်လေမလား ဆိုပြီးပေါ့။ မာန်နတ် ဆိုတာရှိတယ်လေ။ အလှူတွေ ဘာတွေဆို ဖျက်လိုဖျက်စီး လုပ်တတ်တယ်တဲ့။ သူတော်ကောင်းတွေလုပ်တဲ့ အလှူတွေမှာတောင် မာန်နတ်ကိုကြောက်နေရသေးရင် ဒီကောင့်လိုလူရဲ့ အလှူဆို ပိုကြောက်ရမှာပဲ။ တွေ့ကြသေးတာပေါ့ကွာဆိုပြီးတောင် ကျုပ်စိတ်ထဲ ကြုံးဝါးမိသေးတယ်။ ခုချိန်မှာတော့မာရ်နတ်က ကျုပ်မိတ်ဆွေပဲ။ ရန်သူရဲ့ ရန်သူဟာ

မိတ်ဆွေပဲတဲ့။ ကျုပ်ကြားဖူးတာလေ။

(၅)

ကတ်ဆက်ဟွန်းက ကျုပ်တို့ဘက်ကမ်းကို သက်သက်များလှည့်ထားတာလားမသိ။ ကြားရတာမှတိုင်းနေတာပဲ။ အလှူရေစက်ချတရားဟောတဲ့ ဘုန်းကြီးအသံကလည်း အတော်လေး ကြည်လင်အေးမြလှတယ်။ ဆရာတော်ဘုရားကတော့ သိရှာမှာ မဟုတ်ဘူး။ သိလည်း ဘယ်တတ်နိုင်ပါ့မလဲလေ။ ပင့်ရင်တော့ ကြွရမှာပဲ။ သူခိုးကပဲပင့်ပင့်။ သူဌေးကပဲပင့်ပင့်ပေါ့။

တစ်ချက်တစ်ချက် လေကဖွေ့သွားတော့ တရားသံက ပျောက်ပျောက်သွားတယ်။ ကျုပ်လည်း အိမ်ထဲကနေ မြစ်ကမ်းနဖူးဘက်ထွက် လာခဲ့လိုက်တယ်။ အလှူမဏ္ဍပ်ကို မမြင်ရပေမဲ့ ရှိမယ်ထင်တဲ့ နေရာဆီ လှမ်းကြည့်နေလိုက်တယ်။

"ပထမဆုံးသီလကပါဏာတိပါတ။ သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ရမယ်တဲ့"။

တရားဟောတဲ့ ဆရာတော်ဘုရားက ဘယ်ကျောင်းကလဲ မသိဘူး။ ဒီကောင်တို့ ရွာမှာတော့ ဘုန်းကြီးကျောင်းရှိချင်မှ ရှိမှာ။ တံငါလုပ်ငန်းနဲ့ အသက် မွေးကြတဲ့ရွာဆိုတော့လေ။ ရှိချင်လည်း ရှိမှာပေါ့။ ရှိရင်တော့ အဲ့ရွာမှာကျောင်းထိုင်ရတဲ့ ဘုန်းကြီးအစားသနားမိတယ်။ အမှန်ပဲ။ တစ်သက်နေလို့မှ အလှူအတန်း တစ်ခါလောက် ကြုံရဖို့ခက်တယ်လေ။ စရိုက်တွေကလည်း ကြမ်းတာမှတစ်ခုခုဆို ထသတ်ပြီးသားတွေလေ။

သီလပေးတဲ့ ဆရာတော်ဘုရားကတော့ သီလကို ငါးပါးစလုံး ပေးသွားရှာတယ်။ အဒိန္နဒါနာကို ဒီကောင်ဘယ်လိုစိတ်နဲ့များ ခံယူနိုင်တယ်မသိဘူး။ ကျုပ်တွေးလိုက်မိတယ်။ မျက်နှာမပူဘူးလား မသိဘူး။ ခက်တော့ခက်ပါတယ်။ ဒီကောင်က ဘာသိမှာလဲ။ သိလည်းဒီကောင့်လို ကောင်စားမျိုးက ဘာဂရုစိုက်မှာလဲလေ။ ကျုပ်သာမခံချင် စိတ်ကြီးနဲ့ ရင်ထဲဆူပွက်နေရတာလေ။ ဒီကောင်ကတော့ အေးဆေးနေမှာပေါ့။ အလှူဒါယကာကြီးဆိုပြီးရင်ကော့ခေါင်းမော့နေမှာပေါ့။ ကျုပ်စိတ်ထဲ ဘယ်လောက်ထိ ဒေါသတွေထွက်နေတယ် မသိဘူး။ သတိပြန်ထားမိတော့ အဲ့ဘက်ကမ်းမှာ အလှူက ရေစက်တောင် ချနေပြီ။ ပြီးရင် အမျှပေးတော့မယ်။

ဘုန်းကြီးအသံက ကြည်ကြည်လင်လင်ပဲ ကျုပ်နားထဲ ပြန်ဝင်လာပြန်တယ်။ "အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်သော်ဝ်" တဲ့။

ကျုပ် ဘယ်လက်ရော၊ ညာလက်ရောလက်သီးကို ကျစ်ကျစ်ပါအောင် ထပ်ဆုပ်မိပြန်တယ်။ ဒါကျုပ်နဲ့လည်းဆိုင်တဲ့ အလှူပဲ။ ကျုပ်ငွေတွေပါတဲ့ အလှူပဲ။ ကျုပ်လည်း သာဓုခေါ်ရမှာပဲလေ။ ရင်ထဲမှာတော့ သိပ်မကောင်းလှ။ ဒေါသအရှိန်က ကျုပ်ရင်ထဲကနေထွက်မသွားသေး။ ဒါပေမဲ့ ကျုပ်သိတယ်။ ဒီကောင့်အလှူက ကျုပ်နဲ့လည်း ဆိုင်တယ်။ အဲ့လိုသိလာလေ ဒေါသကပိုထွက်လာလေ။ ကျုပ်တောင် အလှူမလုပ်ရသေးဘူးလေ။ ဒီကောင်က ခု အလှူပြီးလို့ ရေစက်ချနေပြီ။ ဒီကောင့်လို သူခိုး၊ ဓားပြက အလှူလုပ်ပြီးနေပြီလေ။ ကျုပ်မသိတော့ဘူး။ ကျုပ်ခုဖြစ်နေတာတွေက ဒေါသတွေလား။ မနာလိုစိတ်တွေလား။ တခြားဘာစိတ်တွေလဲဆိုတာ ကျုပ်တကယ် မသိတော့ဘူး။

ဘုန်းကြီးအသံကထပ်ထွက်လာတယ်။

"အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်သော်ဝ်"

ကျုပ် အကျယ်ကြီးထအော်ပစ်လိုက်တယ်။

"ခွေးမသားရေ... သာဓုကွာ... သာဓု... သာဓု"

■ လင်းနိုင်

◆❖◆




# ဒေသဆိုင်ရာအာဏာပိုင်တို့၏ ဘဏ္ဍာရေး (Local Governments' Financing)

**မျိုးမင်းမင်း** (IRD)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဒီမိုကရေစီစနစ်ကို အခြေခံသော နိုင်ငံရေးစနစ်ကို အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိပါသည်။ ဒီမိုကရေစီစနစ်တစ်ခုကို အသွင်ကူးပြောင်းသည်ဆိုရာတွင် အများရှေ့တွင် ကျွန်ုပ်တော်တို့ အသွင်ကူးပြောင်းနေပါပြီဟု ပြောရုံဖြင့် အသွင်ကူးပြောင်းနေသည်ဟု ဆိုနိုင်မည်မဟုတ်ပါ။ ဆိုရှယ်လစ်ခေတ်တွင် ဆိုရှယ်လစ်အတွေးအခေါ်အနှစ်သာရများနှင့် လိုက်လျောညီထွေရှိမည့် အစိုးရယန္တရားလုပ်ငန်းဆောင်တာများကိုလည်းကောင်း၊ အထူးသဖြင့် ဥပဒေစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများသည်လည်း အဆိုပါစနစ်နှင့် ကိုက်ညီမည့် ပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းရမည်ဖြစ်သလို ဒီမိုကရေစီစနစ်သို့ ကူးပြောင်းဆောင်ရွက်ရာတွင်ညီး ဒီမိုကရေစီ၏ အနှစ်သာရရှိသော လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ လွတ်လပ်ခွင့်များနှင့်စပ်လျဉ်းသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြဋ္ဌာန်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များတွင်လည်း အလားတူဆောင်ရွက်ရမည်ဖြစ်ပါသည်။

နိုင်ငံတော်၏ နှစ်စဉ်ရငွေတင် အဓိကခေါင်းစဉ်ကြီး ၃ မျိုးရှိပါသည်။ ၎င်းတို့မှာ -

(၁) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ရငွေ

(၂) အခွန်အကောက်ရငွေနှင့်

(၃) အခြားရငွေဟူ၍ ဖြစ်ကြပါသည်။ နိုင်ငံတော်က နှစ်စဉ်ရရှိသော ရငွေများသည် အဆိုပါ ခေါင်းစဉ် (၃) မျိုးဖြင့် ရရှိလေ့ရှိပါသည်။ အဆိုပါရငွေများကို ပြည်ထောင်စုမှ နှစ်စဉ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ အသုံးစရိတ်များကို အမျိုးအစားအလိုက် ပြန်လည်ခွဲဝေပေးခြင်းကို ဆောင်ရွက်ပေးပါသည်။

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ငွေစာရင်းဆိုင်ရာအချက်အလက်များအရ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်/တိုင်းဒေသကြီးတို့ရငွေ

မှာ ကျပ် ၅၆၂ ဘီလီယံခန့်ရှိပြီး ပြည်ထောင်စုမှ လိုငွေဖြည့်တင်းပေးရန်အတွက် ၁၆၈၈ ဘီလီယံ ခန့်မှန်းထားရှိခဲ့ပါသည်။ သို့ဖြစ်၍ ပြည်နယ်/တိုင်းဒေသကြီးတို့၏ စုစုပေါင်းရငွေ သို့မဟုတ် အသုံးစရိတ်မှာ ခန့်မှန်းခြေ ၂၂၅၀ ဘီလီယံခန့်ရှိပါသည်။

ပြည်နယ်/တိုင်းဒေသကြီးတို့၏ ရငွေများကို ခွဲခြမ်းစိတ်ဖြာကြည့်မည်ဆိုလျှင် ရငွေ ၅၆၂ ဘီလီယံတွင် ပြည်ထောင်စုမှ အခွန်ဝေစုခွဲဝေပေးငွေ ဘီလီယံ ၂၅၀ ခန့်ရှိပြီး ကျန်ရငွေများမှာ ပြည်နယ်/တိုင်းဒေသကြီးတို့၏ အားထုတ်ဆောင်ရွက်ချက်များပင်ဖြစ်ပါသည်။

ထို့ကြောင့် ပြည်ထောင်စု၏ အသုံးစရိတ်ဖြည့်ဆည်းမှုသည် ပြည်နယ်နှင့်တိုင်းဒေသကြီးရငွေများ၏ ၃ ဆခန့်ရှိနေပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးတို့အနေဖြင့် ၄င်းတို့၏ ရငွေများကို ပြည်ထောင်စုအပေါ်တွင် များစွာမှီခိုနေသကဲ့သို့ ဖြစ်နေပါသည်။ ထို့ကြောင့် ပြည်နယ်/တိုင်းဒေသကြီးတို့အနေဖြင့် ပြည်ထောင်စုသို့ ဘဏ္ဍာရေးဆိုင်ရာမှီခိုမှုအပေါ် လျှော့ချရေး အလေးပေးဆောင်ရွက်သင့်ပါသည်။ ထိုသို့မှီခိုနေမှုအား တဖြည်းဖြည်း လျှော့ချနိုင်မည့်နည်းလမ်းများကို ရှာဖွေဆောင်ရွက်သွားမည်ဆိုပါက ပြည်ထောင်စုအနေဖြင့်လည်း အခြား ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များတွင် ပိုမိုသုံးစွဲလာနိုင်မည်ဖြစ်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၏ ရငွေများကို ကိုယ်တိုင်ရှာဖွေနိုင်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး (Fiscal decentralization) ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နောက်ဆက်တွဲဇယား (၅) တွင် ပြည်နယ်/ တိုင်းဒေသကြီးတို့၏ ဘဏ္ဍာငွေ ရှာဖွေနိုင်ရန် နည်းလမ်းများကို သတ်မှတ်ပြဋ္ဌာန်း၍ ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ သို့ရာတွင် တိုင်းဒေသကြီးအလိုက် လုပ်ငန်းဆောင်ရွက်ပုံနှင့် ဖွံ့ဖြိုးမှုအခြေအနေများ၊ အဓိကစီးပွားရေးလုပ်ငန်းများ တူညီမှုမရှိသည့်အတွက် ဘဏ္ဍာငွေရှာဖွေပုံနည်းလမ်းများလည်း မတူညီနိုင်ပါ။ ယင်းသို့ မတူညီသော နည်းလမ်းများကို ထိန်းညှိနိုင်ရန်အတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆၊ ပုဒ်မခွဲ (ခ) ဖြင့် ဘဏ္ဍာငွေရှာဖွေနိုင်သည့် နည်းလမ်းများကို ပြင်ဆင်သတ်မှတ်နိုင်ရန် ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ထိုသို့ ပြင်ဆင်ဆောင်ရွက်မည်ဆိုပါက ပြည်နယ်/တိုင်းဒေသကြီးတို့အနေဖြင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေခွဲဝေခြင်းအပေါ်တွင် မှီခိုနေသည့် အခြေအနေကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်သည့်အပြင် ပြည်ထောင်စုအနေဖြင့်လည်း အဆိုပါငွေများကို အခြားကဏ္ဍများတွင် ပိုမိုသုံးစွဲလာနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် ပြည်နယ်/တိုင်းဒေသကြီးများအနေဖြင့် ၄င်းတို့ဒေသအလိုက် အမှန်တကယ်လိုအပ်ချက်များကို မိမိတို့ကိုယ်တိုင်ငွေဖြင့် ပိုမိုထိရောက်စွာ ကိုယ်တွယ်သုံးစွဲနိုင်မည်ဖြစ်၍ စီမံကိန်းများ မြန်ဆန်စွာပြီးစီးခြင်း၊ ပြည်ထောင်စုနှင့် လွှတ်တော်တို့၏ ဘတ်ဂျက်စိစစ်ဖြတ်တောက်သည့် ကိစ္စရပ်များကို ကျော်လွှားနိုင်မည့်အပြင် ၄င်းဒေသတွင် နေထိုင်ကြသော ပြည်သူများ၏ ယုံကြည်ကိုးစားမှုများကိုလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်နယ်/တိုင်းဒေသကြီးတို့၏ ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ချက်များသည် ဘဏ္ဍာရေးဖြစ်စဉ်များကိုသာမက အခြားသောကဏ္ဍများဖြစ်သည့် အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးရေး၊ တစ်ဦးချင်း ဝင်ငွေများတိုးတက်ရေး စသည့် ကိစ္စရပ်များအပေါ်တွင်လည်း ကောင်းမွန်သော သက်ရောက်မှုများရှိလာမည်သာမက နိုင်ငံတော်၏ ငြိမ်းချမ်းရေးကိစ္စရပ်များကိုလည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

■ **မျိုးမင်းမင်း (IRD)**



# ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နိုင်ငံခြားအကူအညီ၏ အကျိုးသက်ရောက်မှုများ

ဒေါက်တာပင်လုံအေး

**နိုင်ငံခြားအကူအညီ**

ဖွံ့ဖြိုးမှုအကူအညီဆိုသည်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ သက်သာသောနှုန်းထားဖြင့် ထုတ်ချေးသော ချေးငွေ၊ အထောက်အပံ့နှင့် နည်းပညာအကူအညီတို့အား ကာလရှည်ပေးအပ်သော အစီအစဉ်ဖြစ်သည်။ လက်ခံရယူသော နိုင်ငံ၏ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နိုင်ငံရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲမွဲတေမှုပပျောက်ရေးအတွက် ရည်ရွယ်သော ကူညီမှုအမျိုးအစားဖြစ်သည်။

စတင်ပေါ်ပေါက်လာပုံ

နိုင်ငံခြားအကူအညီသည် နှစ်ဆယ်ရာစုဦးပိုင်းတွင် ဗြိတိသျှတို့မှ ၎င်းတို့ကိုလိုနီနိုင်ငံများ၏ လူမှု၊ စီးပွား ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ကာ စတင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် အင်အားကြီးနိုင်ငံများအနေဖြင့် စစ်အတွင်း ၎င်းတို့၏ဩဇာလွှမ်းမိုးမှုအတွက် မဟာဗျူဟာမြောက်အသုံးပြုသော စည်းရုံးရေးပုံစံလည်းဖြစ်သည်။

၁၉၈၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့၏ ပံ့ပိုးမှုဖြင့် ဒုတိယကမ္ဘာစစ်အတွင်း ပျက်စီးဆုံးရှုံးခဲ့သည့် ဥရောပနိုင်ငံများ ပြန်လည်ထူထောင်ရေးစီမံကိန်း Marshall Plan အား အကောင်အထည်ဖော်ဆောင်ရွက်မည့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Organization for European Economic Cooperation OEEC) အား စတင်ဖွဲ့စည်းသည်။

၁၉၅၁ ခုနှစ်တွင် Point Four Program အရ နည်းပညာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ Technical Cooperation Administration (TCA) အား ဖွဲ့စည်းကာ နည်းပညာအကူအညီများ ပေးခဲ့သည်။ ထို့ပြင် ၁၉၅၀-၅၃ တွင် ဖြစ်ပွားသော ကိုရီးယားစစ်ပွဲအပြီး သမ္မတ အိုင်ဆင်ဟောင်ဝါလက်ထက်တွင် လွတ်လပ်သောအဖွဲ့အစည်း Foreign Operations Administration (FOA) အား တည်ထောင်ကာ မိတ်ဖက်နိုင်ငံများအား စီးပွားရေးနှင့် နည်းပညာအကူအညီများ ပေးအပ်ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် FOA အား Internatiional Cooperation Administration (ICA) ဟု ပြောင်းလဲ ခေါ်ဝေါ်ခဲ့ပြီး နိုင်ငံခြားအထောက်အပံ့ စီမံခန့်ခွဲမှုပုံစံကို ပြောင်းလဲခဲ့သည်။ ၁၉၆၁ ခုနှစ် သမ္မတ ဂျွန်အက်ဖ် ကနေဒီ လက်ထက်တွင် Foreign Assistance Act အား ကွန်ဂရက်မှ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး United State's Agency for International Development USAID အား တည်ထောင်ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် OEEC အား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့ ကွန်ဗင်းရှင်းအဖြစ် တိုးချဲ့ကာ OECD အဖြစ် အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည်။ ထို့ပြင် စစ်အတွင်းပျက်စီးဆုံးရှုံးခဲ့သော အာရှနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့၏ စစ်ပွဲအလွန် နိုင်ငံပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များအား Marshall Plan မဟုတ်သော စီမံကိန်းများဖြင့် အကူအညီပေးခဲ့သည်။ ယနေ့လက်ရှိအချိန်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ၎င်းတို့၏ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် အကူအညီများ ပေးလျက်ရှိသည်။

ဦးဆောင်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် အကူအညီအမျိုးအစားများ

ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သော အမေရိကန်၊ ဗြိတိသျှ၊ ဩစတြေးလျ၊ ကနေဒါ၊ ဂျာမဏီ၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် ပြည်ပနိုင်ငံများသို့ အကူအညီများ ဦးဆောင်ပေးအပ်သောနိုင်ငံများဖြစ်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ USAID၊ JICA၊ KOICA နှင့် ကုလသမဂ္ဂအဖွဲ့အစည်းအောက်ရှိ အစီအစဉ်များမှာ ဖွံ့ဖြိုးဆဲနိုင်ငံများသို့

ငွေကြေးကိစ္စမှန်သမျှ စီးပွားဘက်တို အားကိုးကြ။

Bilateral Aid, Multilateral Aid, Tied Aid, Project Aid, Military Aid နှင့် Voluntary Aid စသော အကူအညီများ ပေးလျက်ရှိသည်။

**နှစ်နိုင်ငံကြားပေးအပ်သော အကူအညီ (Bilateral Aid)**

နိုင်ငံတစ်နိုင်ငံမှ အခြားနိုင်ငံတစ်နိုင်ငံသို့ ငွေရင်းမြစ်များ၊ နည်းပညာအကူအညီ၊ အထောက်အပံ့များအား တိုက်ရိုက်ပေးသော အကူအညီအမျိုးအစားဖြစ်သည်။ ယင်းအကူအညီအား ဒီမိုကရေစီထွန်းကားရေး၊ စီးပွားရေးဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအခြေအနေများတွင် ဗျူဟာမြောက်ပေးအပ်ခြင်း အရေးပေါ် အခြေအနေများတွင် လူသားချင်းစာနာထောက်ထားသော အကူအညီ Humanitarian Aid အဖြစ် တိုက်ရိုက်ပေးအပ်လေ့ရှိသည်။

**နိုင်ငံစုံမှပေးအပ်သောအကူအညီ (Multilateral Aid)**

နိုင်ငံများမှ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့အစည်းများသို့ ငွေကြေးများထည့်ဝင်ကာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆင်းရဲမွဲတေမှု လျှော့ချရေးအတွက် ပိုင်းဝန်းထောက်ပံ့သော ကူညီသော အကူအညီပုံစံမျိုးဖြစ်သည်။

**ချည်နှောင်မှုပုံစံဖြင့်ပေးအပ်သော အကူအညီ (Tied Aid)**

ဖွံ့ဖြိုးဆဲနိုင်ငံများသို့ နှစ်နိုင်ငံသဘောတူညီချက်ဖြင့် ပေးအပ်သော ချေးငွေ (သို့မဟုတ်) အထောက်အပံ့ပုံစံဖြစ်ပြီး ကူညီထောက်ပံ့သော ပေးအပ်သည့် ငွေကြေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုများအား လက်ခံရယူသည့်နိုင်ငံမှ ၄င်းတို့၏နိုင်ငံမှ သတ်မှတ်ထားသော ကန့်သတ်ချက်များအရသာ အသုံးပြုရမည် (သို့မဟုတ်) ၄င်းတို့နိုင်ငံမှ ကုန်ပစ္စည်းများ ဝယ်ယူအသုံးပြုရမည် ဆိုသော ချည်နှောင်မှုဖြင့် ပေးအပ်သော အကူအညီဖြစ်သည်။

**စီမံချက်ပုံစံဖြင့်ပေးအပ်သော အကူအညီ (Project Aid)**

လူမှုရေးအကူအညီဖြစ်သည့် စာသင်ကျောင်း (သို့မဟုတ်) ဆေးရုံတည်ဆောက်၊ ပြုပြင်မွမ်းမံခြင်းကဲ့သို့ ရွေးချယ်သတ်မှတ်ထားသော စီမံချက်များအတွက် ရန်ပုံငွေ၊ အထောက်အပံ့များပေးသော အကူအညီဖြစ်သည်။

**စစ်ဘက်ဆိုင်ရာအကူအညီ (Military Aid)**

စစ်ဘက်ဆိုင်ရာအကူအညီသည် ပရဟိတနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီသော အကူအညီမျိုးမဟုတ်ဘဲ စစ်လက်နက်ထုတ်လုပ်သော နိုင်ငံများမှ လက်နက်ခဲယမ်းနှင့် စစ်လေယာဉ်နှင့် စစ်သင်္ဘောများ ဝယ်ယူရန်အတွက် သီးသန့်သဘောတူစာချုပ်ချုပ်ဆို၍ ပေးသောအကူအညီမျိုးဖြစ်သည်။

**လုပ်အားဝန်ထမ်းပုံစံဖြင့်ပေးသောအကူအညီ (Voluntary Aid)**

အဆိုပါအကူအညီသည် နယ်စည်းမခြား ဆရာဝန်များအဖွဲ့ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ စစ်ဘေး၊ သဘာဝဘေးစသော ထိခိုက်ပျက်စီးမှုဖြစ်ပွားရာနိုင်ငံ၊ ဒေသများသို့ ပေးလေ့ရှိသော အကူအညီပုံစံမျိုးဖြစ်သည်။

**အကူအညီအထောက်အပံ့များ၏ အကျိုးသက်ရောက်မှုများ**

နိုင်ငံခြားအကူအညီအထောက်အပံ့သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါပြီး ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေး၊ ရုပ်ပိုင်းဆိုင်ရာနှင့် လူ့စွမ်းအားရင်းမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ သွင်းကုန်

နှင့် နည်းပညာအား ဖွံ့ဖြိုးတိုးတက်စေသည်။ သို့သော် နိုင်ငံခြားအကူအညီ လက်ခံရယူသော နိုင်ငံ၏ ဆင်းရဲမွဲတေမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံ၏ နိုင်ငံခြားအကူအညီအား မည်ကဲ့သို့ ထိရောက်စွာ အသုံးပြုမည်ဟူသော မူဝါဒသည်သာ အဓိကအရေးပါသော အခန်းကဏ္ဍဖြစ်သည်။ နိုင်ငံခြားအကူအညီများ၏ ကောင်းကျိုးနှင့် ဆိုးပြစ်များမှာ-

**အထောက်အကူပေးနိုင်ခြင်း**

မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သန်းပေါင်းများစွာသော မိသားစုများသည် ဆင်းရဲမွဲတေမှုမျဉ်းအောက်၌ နေထိုင်လျက်ရှိကြပြီး ငွေကြေး၊ နည်းပညာအကူအညီ၊ ကျန်းမာရေးအထောက်အပံ့များနှင့် လူမှုရေးအခက်အခဲများအား အလွန်အမင်း လိုအပ်လျက်ရှိသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများမှ နိုင်ငံများ အချင်းချင်း အတူတကွပူးပေါင်း၍ ကူညီထောက်ပံ့မည်ဆိုပါက နိုင်ငံလေးများ၏ ဖွံ့ဖြိုးမှုအား အထောက်အကူပေးနိုင်၍ ဆင်းရဲနွမ်းပါးမှုအား လျှော့ချနိုင်မည်ဖြစ်သည်။

**အပြန်အလှန်အကျိုးကျေးဇူးဖြစ်ထွန်းခြင်း**

ဒုတိယကမ္ဘာစစ်အတွင်း၌ ပေးအပ်သော နိုင်ငံခြားအကူအညီများသည် ထောက်ပံ့ပေးသောနိုင်ငံ၏ စစ်မက်ရေးရာအတွက် အထောက်အပံ့ဖြစ်စေမည့် စစ်စခန်းများ ဖွင့်လှစ်ရေးအတွက် မက်လုံးပေးသော မဟာဗျူဟာမြောက် အကူအညီဖြစ်သည်။ သို့သော် မျက်မှောက်တွင် အသွင်ပြောင်းလဲကာ ထောက်ပံ့သည့်နိုင်ငံနှင့် ရယူလိုသည့်နိုင်ငံတို့အကြား လူသားချင်း စာနာထောက်ထားမှုသာမက သံတမန်ရေးရာ ဆက်နွယ်မှု ပိုရိုပ်ကောင်းမွန်စေသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။

**စီးပွားရေးပိုမိုနိုင်မာတောင့်တင်းလာနိုင်ခြင်း**

နိုင်ငံတစ်နိုင်ငံအနေဖြင့် သဘာဝဘေးဒဏ်ခံစားရသော ကာလများတွင် ဆေးဝါးနှင့် ငွေကြေးတို့အပြင် ဥပမာအားဖြင့် ပျံ့နှံ့လွယ်သည့်ရောဂါများအား တားဆီးကာကွယ်သည့် ဆေးဝါးအထောက်အပံ့များကြောင့် နိုင်ငံသားများ ကျန်းမာသန်စွမ်းစေကာ နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းမြစ်ကောင်းများ ဖြစ်ပေါ်စေနိုင်သဖြင့် နိုင်ငံ၏ စီးပွားရေးအား ပြန်လည်ဦးမော့လာစေမည်ဖြစ်သည်။

**HIV/AIDS၊ မူးယစ်ဆေးဝါးနှင့် အခြားပြဿနာများအား တားဆီးနှိမ်နင်းနိုင်ခြင်း**

အကူအညီပေးသော အဖွဲ့အစည်းများအနေဖြင့် နိုင်ငံဖြတ်ကျော်ရောဂါများနှင့် HIV/AIDS ကဲ့သို့သော ကူးစက်ရောဂါဆိုင်ရာ အခက်အခဲများအား ဖြေရှင်းပေးနိုင်သည့်အတွက် လူသားရင်းမြစ်များ ပိုမိုကျန်းမာစေရန် အထောက်အပံ့ပြုပါသည်။ နိုင်ငံခြားအကူအညီများအား စနစ်တကျမူဝါဒချမှတ်သုံးစွဲပါက လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စသော အခြေခံအချက်များအား ဖွံ့ဖြိုးတိုးတက်စေနိုင်ပါသော်လည်း စီမံခန့်ခွဲသူများ၏ အားနည်းချက်များကြောင့် နှောင့်နှေးမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ၎င်းတို့မှာ-

**အကျင့်ပျက်ခြစားမှုများကြောင့် ထိရောက်မှု မရှိခြင်း**

နိုင်ငံခြားအကူအညီသည် တာဝန်ရှိသူများ၏ အကျင့်ပျက်ခြစားမှုကြောင့် အမှန်တကယ် လိုအပ်သော ပြည်သူများထံသို့ မရောက်ရှိပေ။ အကူအညီပေးအပ်သော အဖွဲ့အစည်းများ/နိုင်ငံများအနေဖြင့် ခြစားမှုအား တားမြစ်လိုခြင်းကြောင့် အဆိုပါဆင်းရဲချို့တဲ့သော နိုင်ငံများသို့ အထောက်အပံ့များ ထပ်မံမပေးတော့သည့်အတွက် အခက်အခဲကြုံတွေ့နေရသော ပြည်သူများအနေဖြင့် နစ်နာမှုများဖြစ်ပေါ်စေပါသည်။

များယွင်းစွာ ထောက်ပံ့မှုကြောင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိခြင်း

နိုင်ငံခြားအကူအညီ၏ အားနည်းချက်မှာ အကူအညီပေးသောနိုင်ငံများမှ ၎င်းတို့၏ အထောက်အပံ့များအား ကဏ္ဍအလိုက်ခွဲဝေရာတွင် ၎င်းတို့၏ဆန္ဒအရ မျက်နှာသာပေးရွေးချယ်မှုကြောင့် နိုင်ငံများအတွက် အမှန်တကယ်လိုအပ်သည့်ကဏ္ဍများတွင် လစ်ဟာ၍ ထိရောက်မှုမရှိပေ။ ဥပမာအားဖြင့် ၎င်းတို့အကျိုးအတွက် စစ်စခန်းများ တည်ဆောက်လို၍ ရွေးချယ်ပေးအပ်ခဲ့သော အကူအညီများအား လက်ခံရယူသောနိုင်ငံများအနေဖြင့် ငြင်းဆိုနိုင်ရန် ခက်ခဲပါသည်။

## အကြွေးသံသရာကို တာရှည်စေခြင်း

အဖွဲ့အစည်းနိုင်ငံများမှ ပေးအပ်သော ချေးငွေများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အမှန်တကယ်လိုအပ်သည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် ပျက်ကွက်ခဲ့မှု၊ ချည်နှောင်မှုနှင့် အတိုးပြန်ဆပ်ငွေများကြောင့် အကြွေးသံသရာ တာရှည်စေကာ ပိုမိုဆင်းရဲစေပါသည်။

## နိဂုံး

နိုင်ငံခြားအကူအညီသည် ဖွံ့ဖြိုးဆဲ တတိယနိုင်ငံများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေသည်မှာ ငြင်းဆိုဖွယ်မရှိပေ။ သို့သော် ချည်နှောင်မှုများသည် ချည်နှောင်မှုမရှိဟု မည်သို့ပင်ဆိုစေကာမူ အကူအညီတိုင်းသည် တစ်နည်း သို့မဟုတ် တစ်နည်း ချည်နှောင်မှုရှိနေသည်ဖြစ်ရာ လက်ခံရယူသောနိုင်ငံများအတွက် ဝန်ထုတ်ဝန်ပိုးဖြစ်၍ အကြွေးသံသရာတာရှည်စေသောကြောင့် လက်ခံရယူသည့် နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအတွက် ပေးအပ်လာသော အကူအညီများအား မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကို အလေးထားကာ ကောင်းမွန်မှန်ကန်စွာ စီမံခန့်ခွဲနိုင်သည့် မူဝါဒများ ချမှတ်၍ သတိကြီးစွာ အကောင်အထည်ဖော်ဆောင်ရွက်မှသာ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါသည်။


■ **ဒေါက်တာပင်လုံအေး**


## ကျမ်းကိုး

- မြန်မာနိုင်ငံတွင် နိုင်ငံတကာအကူအညီပေးရေးဆိုင်ရာလမ်းညွှန်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ၂၀၁၄ ခုနှစ်၊ဇူလိုင်လ
- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု(ဒုတိယတွဲ)၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလေ့လာရေးဗဟိုဌာန၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ
- အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ၂၀၁၅
- E. M. Ekanayake, Bethune- Cookman University, Dasha Chatrna, University of Florida
- OECD Multi Dimensional Revies (Third Phase)
- https://www.intelligenteconomist.com/types-of-foreign-aid/


**မြန်မာ့အာမခံသည် ပြည်သူ့အတွက်**





# ခင်နှင်းယု

## ညောင်ဦးကမ်းပါးပြိုသောအခါ

မမယ်စတို့ လင်မယားအား အကြောင်းမရှိဘဲ အလုပ်မှထုတ်ပစ်ရမည်မှာ တရားသော အကြောင်း မဟုတ်ပေ။ မတရားဘူးဆိုသည်ကို သူဌေး ကိုကျော်သာက သိပင်သိ သော်လည်း သူသည် ထိုကိစ္စကို မလွန်ဆန်နိုင်သည်။ လုပ်ရပေတော့ မည်။

အဘယ်ကြောင့် ဆိုသော် မမယ်စတို့လင်မယားကို အလုပ်ထုတ်နိုင်းသည်မှာ သူ၏ ဇနီး ဒေါ်တင်လှလှ ဖြစ်နေသောကြောင့် ဖြစ်၏။

ဒေါ်တင်လှလှမှာ လင်သူဌေး အရှိန်ကြောင့် ဒေါ်တစ်ဒေါ်ရသော် လည်း သူသည် အသက်နှင့်မမျှ အောင်ပင် ရုပ်ပြည့် နုနယ် ပေသေးသည်။

မည်သူကမျှ သူသည်ကလေးလေးယောက်အမေ အသက်၃၅နှစ်ရှိပြီဟူ၍ မယုံကြပေ။

ရင်အလှပျက်မှာစိုး၍ နို့မတိုက် သောကြောင့် သူ့ရွှေရင်မှာ ခပ်လုံးလုံးပင် ရှိပေသေးသည်။ အပျိုစင်မဟုတ်တော့၍ နေရာမမှန်တော့သည်ကို ကာလပေါ်ပစ္စည်းများနှင့် မတင်လိုက်သောအခါ သူ၏ ရွှေရင်အစုံသည် ပင်ကိုမူလပုံအတိုင်း နေရာတကျ ချွန်မြမြနှင့် ပေါ်လွင်ထင်ရှားနေသေးသည်။

မို့သော တင်ပါးအသားတို့သည်လည်း လျော့သွားခြင်းမရှိသေးပေ။ ကိုကျော်သာက သူ့တင်ပါးကို ပုတ်၍ ကစားသည်ကို တင်လှလှက အလွန်ကျေနပ်၏။ ကလေးလေးယောက် မွေးပြီးသော်လည်း သူ့တင်ပါးသားတို့ လျော့ကျမသွားသေးပေ။ သူ့အလွန်ဂုဏ်ယူ၏။

ဖြူသောမျက်နှာတွင် မျက်လုံးအနက်ရောင်သည် ပို၍ တောက်ပနေလေသည်။ နှာတံသည် သေး၍ သွယ်သွယ်မြင့်မြင့် ရှိသောကြောင့် သူ့ပါးမို့မို့နှင့် ပန်စားလှပေသည်။

တင်လှလှသည် ပင်ကိုအနေထက် ကားမှန်တံခါးကိုဖွင့်၍ အဆင်းလိုက်တွင် ပို၍လှသည်ဟု ကျော်သာက ထင်ပေသည်။ ထို့ကြောင့်ပင် တင်လှလှကြိုက်သော ကားအရောင်နှင့် ကားအမျိုးအစားကိုမှ ကိုကျော်သာက ဝယ်ပေး၏။ ကိုကျော်သာသည် ထားဝယ်မှ သတ္တုတွင်းပိုင်ရှင်ဖြစ်၏။ ယခင် တစ်ပတ်က ထားဝယ်သို့ သွားမည့် အလုပ်တွင်ပင် သူချစ်ဇနီးက မမယ်ခတို့ လင်မယားကို အလုပ်ထုတ်ပစ်ရန် တောင်းဆိုလိုက်ခြင်း ဖြစ်လေသည်။

မမယ်ခတို့ဘက်က ဘာမှ ချို့ယွင်းချက်မရှိပေ။ မမယ်ခ ယောကျ်ား ဘလှသည် ကိုကျော်သာ့ ဖခင်ရှိကတည်းက ကားမောင်းလာသူဖြစ်သည်။ မမယ်ခက မီးဖိုတွင်အမြဲကူလုပ်သည်။ သူတို့ လက်မထပ်ခင် တစ်နှစ်ခန့်စော၍ မမယ်ခနှင့် ဘလှတို့ အိမ်ထောင်ကျကြသည်။ မမယ်ခသည် တစ်နှစ်တစ်ယောက် မှန်မှန်မွေးသောကြောင့် ကလေးအပြင်တွင် ငါးယောက်ရှိ၍ နေလေသည်။

ကိုယ်ဝန်ရင့်ရင့်နှင့် ကလေးငါးယောက်တာဝန်ကို ဖျတ်ဖျတ်လတ်လတ်ဆောင်ရွက်ရုံမက ကိုကျော်သာတို့ မီးဖိုဆောင်တွင်လည်း မိုက်ကြီးတပြပြနှင့် မမယ်ခ လုပ်ကိုင်ပေး၏။ ထို့မျှအလိုက်သိတတ်၍ ဝတ္တရားကျေပွန်သော လင်မယားကို အပြစ်မရှိဘဲ အလုပ်ထုတ်ရမည်ဖြစ်သည့်အတွက် ကိုကျော်သာသည် စိတ်ပင်ပန်းနေပေသည်။ ယခင်က ခရီးထွက်စရာရှိလျှင် ဘာအကြောင်းပေါ်ပေါ် ဆုံးဖြတ်ချက်ကို မပြင်ဘဲ ထွက်သွားလေသည်။ ယခုတစ်ချီတွင် သူသည် အိမ်တော်ပါ ကျွန်ယုံ သို့မဟုတ် ကျွန်ယုံကို သစ္စာဖောက်ရသလို စိတ်ထဲက ထင့်နေ၏။ သူ၏ ဖြူစင်သောစိတ်က သူ့အလုပ်မတရားသည်ကို သတိပေးသလို ရှိနေပေသည်။

"တင်တင် ဘာပဲလိုချင်လိုချင် ကိုကို အလိုလိုက်ခဲ့တာပဲ။ အခုကိစ္စကတော့ ကိုကိုတို့ ဒီလိုလုပ်ရင် မတရားဘူးထင်တယ်။ ဘလှဟာ သစ္စာရှိတယ်၊ ရိုးတယ်။ ဖေဖေလက်ထက်က ငွေရေး၊ ကြေးရေးရော အသက်ပါပုံပေးထားသလို ယုံရတဲ့ ဒရိုက်ဘာပဲ။ သူတို့မှာ ဘာအပြစ်ရှိလို့လဲ။"

တင်လှလှသည် ကိုကျော်သာ၏ မေးခွန်းကို အကြောင်းပြ၍ မဖြေ ပေ။ သူဖြေချင်သလိုသာ ဖြေ၏။ "တင် ဒီမမယ်ခကို မြင်ရတိုင်း စိတ်မချမ်းသာလွန်းလို့ပါ။ အကြောင်းကို စစ်မနေပါနဲ့။ သူတို့နေရင် တင်တော့မနေချင်ဘူး"

ဇနီးဖြစ်သူ လှမျိုးစု၏ ရွှေမျက်နှာတော်ညိုးတော့လည်း ကိုကျော်သာအတွက် နေမထိ၊ ထိုင်မထိပေ။ တစ်ခုခုတော့ အဆင်ပြေအောင် လုပ်ကိုင် ဆောင်ရွက်ရပေတော့မည်။

စင်စစ် တင်လှလှသည် မမယ်ခကို အလုပ်ထုတ်ပစ်ရန်အတွက် သူ့ချစ်လင်၏ ရင်ခွင်ကြားတွင် ခေါင်းထား၍ အသော့ဝိုတော့သည့် အကြောင်းရင်းကို တင်လှလှမှ တစ်ပါး မည်သူမျှမသိပေ။ထိုအကြောင်း ကိုလည်း သူ့တစ်သက်တွင် မည်သူ့ကိုမျှ ဖွင့်ပြောရန် စိတ်

မကူးပေ။ ပြောလည်း ပြောရဲမည် မဟုတ်။

ဆရာဝန်နှင့်တွေ့သော နေ့သည် ကြောက်မက်ဖွယ်ရာနေ့ဟု သူထင်ခဲ့သော်လည်း ထိုနေ့ကို ပို၍ ကြောက်စရာကောင်းသည်ဟု ထင်မြင်လာအောင် ဖန်တီးပေးသော နေ့မှာ မမယ်ခနှင့် စကားလက်ဆုံကျသောနေ့ဖြစ်၏။

ဆရာဝန်က သူ့ကို စမ်းသပ်ကြည့်အပြီးတွင် ပြုံးရွှင်အားတက်ဟန်နှင့်ဆို၏။

"သုံးလကျော်လောက်တော့ ရှိပြီ"

တင်လှလှသည် ဆရာဝန်မဖြေခင်ကတည်းကပင် သူ့ဗိုက်ထဲတွင် ရင်သွေးသည် သုံးလကျော်ပြီကို သိပြီးဖြစ်လေသည်။ သူသည် ကျွမ်းမာသူဖြစ်၍ ကလေးကိုယ်ဝန်ရှိစတချို့မိခင်များ ဝေဒနာခံစားရသလို သူမခံစားရပေ။ ဘယ်လိုမှ အမူအရာမထူးခြား၍ သူကိုယ်ဝန်ရှိခြင်းကို ဗိုက်သိသိသာသာပေါ်လာမှပင် အများက သိကြရလေသည်။

တင်လှလှ မျက်နှာကမူ ဆရာဝန်စကားကို ကြားရ၍ ရွှင်လန်းအားတက် ဟန်မရှိပေ။

"အပြင်က ကလေးက ခြောက်လ ပဲ ရှိသေးတယ် ဒေါက်တာ"

ဒေါက်တာသည် ရုတ်တရက် သူ ဆို လို သည့် အဓိပ္ပါယ်ကို နားလည်ဟန် မရှိပေ။

"အချို့အပြင်မှ နှစ်လဆို စရှိတတ်တာပဲ။ မတင်လှလှက တော်သေးတာပေါ့"

"တင်တော့မလိုချင်တော့ဘူး"

"ဘာ..."

ဒေါက်တာသည် ရုတ်တရက် အံ့အားသင့်သွား၏။

"ဟုတ်တယ် မလိုချင်တော့ဘူး။ အရှင်းတော့ မဟုတ်ဘူးပေါ့လေ။ နောက်နှစ်နှစ်ကြာလောက်ဆို ရချင်ရပေါ့။ အခုတော့ နီးလွန်းလို့ ပင်လည်း ပင်ပန်းတယ်"

ဆရာဝန်သည် ဘာမှမဖြေ တင်လှလှကို ကြည့်ရသည်မှာ သားကိုယ်ဝန်ကို လွယ်ရသည့်အတွက် ပင်ပန်းနွမ်းနယ်ဟန်၊ အားလျော့ဟန်လည်း တစ်စုံတစ်ရာ မတွေ့ရပေ။ သူ့ထံသို့ ချောချောလှလှ မိန်းကလေးများသည် ထိုကိစ္စနှင့် အများဆုံးရောက်လာကြသည်။ သူ့တာဝန်က မိဘနှစ်ဦး ဖျက်ရန် သဘောတူသောအခါ ဖျက်ပေးလိုက်သည်။ ရင်းနှီးသူမှတစ်ပါး ထွေထွေထူးထူး မေးခွန်းမမေးတော့ပေ။

"ခင်ပွန်း ယောကျာ်း သဘောတူလား"

"တူပါတယ်။ အခုလည်း သူဂျာမနီကို ခရီးထွက်နေတယ်"

ဆရာဝန်သည် မေးခွန်းကို ဆက်မမေးတော့။ ဖြေဆိုလိုက်သည့် တင်လှလှအဖို့မူ ရင်များတုန်နေသည်။ "တူပါတယ်" ဟု ပါးစပ်ကပင် ဆိုသော်လည်း စင်စစ် သူ့ယောကျာ်းသည် သူကိုယ်ဝန်ရှိသည့်ကိစ္စကို သိပင်မသိသေးပေ။

ဆရာဝန်ကား ကိစ္စပြီးအောင် လုပ်ပေးလိုက်သည်။ အပြင်လောကသည် တစ်ခုခုဖြစ်နေပြီးဆိုတာတော့ ဒေါက်တာက သတိထားမိ၏။ သားကို ရင်မှာလွယ်၍ မေတ္တာအနန္တရှိသည်ဟု အစဉ်သတိအမှတ်ပြုရသော မိခင်တို့သည် လူသတ်စပြုနေကြလေသည်။

တင်လှလှပင် မောပန်းစွာ ပြန်သွားသည်မဟုတ်။ ဆရာဝန်သည်လည်း မောလျှစွာ ပြတင်းအနားတွင် မှီရပ်နေမိ၏။ မိန်းမငယ်တို့ လူသတ်ပွဲတွင် သူသည်တရားခံအဖြစ် ပါဝင်နေမိသည်လော။

ဆရာဝန်သည် ခဏခဏပင် ထမင်းစား၊ ရေသောက်သလို ထိုကိစ္စများကို လုပ်ပေးနေကျဆိုသော်လည်း ယခုတစ်ခါ ချွေးစီးများ ပြန်လာ၏။ အပြင်လမ်းပေါ်တွင် ကားများမြင်ရသည်ကိုကပင် ပို၍ ရှုပ်ထွေးလာသလို ထင်ရ၏။

တင်လှလှကမူ ကိုယ်အနည်းငယ် နွမ်းသည်မှတစ်ပါး ဗိုက်ထဲမှ အကောင်ကလေး မရှိတော့၍ စိတ်ကပေါ့ပါးသလို ဖြစ်သွားသည်။ အိမ်ရောက်လျှင် မအီမသာဖြစ်သည်ဆို၍ အိပ်ခန်းထဲတွင် နားနေပေသည်။

ညနေစောင်းတွင် မမယ်ခသည် သူ့အိပ်ခန်းထဲသို့ ဝင်လာ၏။

"တင်တင် နေလို့မကောင်းဘူးလား"မမယ်ခမေးခွန်းကို တင်လှလှက ခေါင်းညိတ် ဖြေလိုက်၏ မမယ်ခသည် ချွေးများထွက်နေ ၍ နဖူးမှာ ပြောင်နေလေသည်။လက်တိုနိုင်လွန် အပေါင်းကို ဝတ်ထား၍ အင်္ကျီကလည်း ချွေးများ ရွှဲ၍နေပေသည်။ အင်္ကျီသည် တင်လှလှတို့ကဲ့သို့ ပုံကျပန်းကျ မဟုတ် အနည်းငယ်ကြပ်နေရုံမက ကိုယ်ဝန်ခြောက်လခန့် လွယ်ထား၍ နို့ရည်ဝင်စပြုလာသော ရင်သားမှာ ဖောင်းကြွတင်းကျပ်နေပေသည်။

အဆင်ပျက်နေသော ထမီမှာ ခြောက်လဗိုက်ကို မလုံ့တလုံ တစ်ခြမ်းဖုံး၍ နေလေသည်။

"မီးဖိုထဲမှာလည်းမတွေ့လို့ တင်တင်နေမကောင်းလို့ဘူးထင်သား။ မာလီကိုကူနေရတာနဲ့ ခုမှလာဖြစ်တယ်"

"ဘာဖြစ်လို့လဲ မမယ်ခ"

"ကျွန်မတို့ အစေခံတန်းလျားနားက ချုံကရှုပ်လွန်းလို့ မြွေခဏခဏထွက်တယ်။ ကလေးတွေကလည်း ဒီအနားပဲဆော့တယ်။ မာလီက သူတစ်ယောက်တည်းမနိုင်လို့ ကူပါဆိုတာနဲ့ ကူရှင်းပေးနေတယ်"

မမယ်ခသည် သူ့အပါးရှိကုလားထိုင်တွင် ထိုင်ကာ ဖြေ၏။

"ဘာလေးများ စားချင်သလဲ တင်တင်၊ ရီးရီးခေါင်းခဲတာပဲလား။ အစားအသောက် ပျက်သလား။ ကျွန်မ စိတ်ထဲ တင်တင်နေမကောင်းတာ ကလေးများရှိလို့လားလို့"

မမယ်ခ ပြောသံကြားလိုက်လျှင် ပို၍ ခေါင်းမူးသွားသလို တင်လှလှက ဝေဒနာခံစားလိုက်ရ၏။

"ကလေးရှိလို့ မဟုတ်ပါဘူး မမယ်ခရယ်။ တင် ကလေးရှိရင် ကျန်းမာပါတယ်။ ဘာမှ မသိသာပါဘူး"

သူသည် တုန်တုန်ယင်ယင်နှင့် ဖြေလိုက်၏။

"ကလေးရှိချိန်တွင်လည်း ကျန်းမာပါလျက်နှင့် ဘာအကြောင်းကြောင့် ကလေးကို ဖျက်ပါသလဲ" ဟု သူ့စိတ်က သူ့ကို မေးခွန်းထုတ်ပြန်ပါသည်။

"ဟုတ်ပါရဲ့၊ တင်တင်နဲ့ကျွန်မ အပြိုင်လိုပဲနော်။ ကျွန်မ ဒါပါဆိုခြောက်ယောက်၊ ဒီကလေးရှိစက နည်းနည်းခံတွင်းပျက်ချင်တယ်။ မမာမကျန်းဖြစ်သွားမှာ သိပ်စိုးတာပဲ။ အကောင်တွေက ဆော့ပါဘိသနဲ့ သူ့အဖေ တစ်ယောက်ထဲ မနိုင်ဘူး။ နေ့လယ်ဆို အကြီးဆုံးသုံးကောင်ကျောင်းရောက်နေလို့ပေါ့"

"ဒီတစ်ခါ မမယ်ခဗိုက် သိပ်ပေါ်တာပဲ"

"ဒီလောက်မွေးရတာများတော့ စိတ်မညစ်ဘူးလားဟင်"

သူသည် ထိုမေးခွန်းကို သူ့ခိုးသေဖော်ညီလို၍ မေးခြင်းဖြစ်၏။ မမယ်ခကား ပြုံးသလိုလို မပြုံးသလိုလို လုပ်ရာမှ...

"တစ်ခါတစ်ခါတော့လည်း စိတ်ညစ်တာပေါ့လေ" ဟု ဆိုကာ ခဏငြိမ်သက်နေပြီးမှ ဆက်ပြော၏။

"နည်းနည်းဝေးရင် ကောင်းတာပေါ့။ ခုအငြင်ကတစ်ယောက်က ဆယ်လမပြည့်သေးဘူး ဗိုက်ထဲခြောက်လဆိုတော့ မလွန်လွန်းဘူးလား တင်တင်ရယ်။ ပြည့်ပြည့်စုံစုံလူတွေအဖို့ကတော့ ဘာအရေးလဲ။ ပါးစပ်တစ်ပေါက်ဆို ဆိုသလောက်တာဝန်ကကြီးလာတာ။ တင်တင်တို့ဆီမှာ မို့လို့ပေါ့။ လခ ၁၀၀ က အသားတင်ရပြီး ထမင်းကို ကျွန်မတို့ ဒီမှာစားရတာ တခြားမှာဆို ဒီကလေးငါးယောက်နဲ့ ကျောင်းစရိတ် အိမ်လခပေးဆို ငွေတစ်ရာဘယ်လိုလိုစားမလဲ"

တင်လှလှကား အသက်ရှူရတာ မသက်သာသလို ဖြစ်သွား၏။ သူ့တွင် ကလေးတစ်ယောက်ဆို နာနီတစ်ယောက်ကျစီနှင့် ဖြစ်၏။ ညဉ့်အိပ်တော့လည်း ဘယ်ကလေးမှ သူနဲ့မအိပ်။ ဘယ်ကလေးအတွက်ကြောင့်မှလည်း အိပ်ရေးတစ်ညမပျက်ခဲ့ရ။

"သို့နှင့် ကလေးကို ဘာကြောင့် ဖျက်ရပါသနည်း"

သူ့စိတ်ကသူ့ကို မေးခွန်းမေးပြန် လေသည်။

"ဝေးအောင် ဆရာဝန်နှင့်လုပ်မလား"

သူသည် မမယ်ခအား မေးပြန်သည်။ ထိုမေးခွန်းတွေကို ဘာ

ကြောင့် မေးမိမှန်းမသိ။ မမယ်ခ အဖြေများသည် သူ့စိတ်ကို သက်သာ စေချင်သည်။ တခြားမိန်းမများ သည်လည်း သူလိုပင် ဖျက်သည်ဟု အဖြေရချင်သည်။ သို့သော် မမယ်ခက ဤသို့မဖြေ။

"ဘယ်လိုလုပ်ရမလဲတော့ မသိဘူး။ ဆေးစားတယ်ဆိုတာ လည်း တချို့လုပ်ကြတယ်လို့ ပြောတာပဲ။ ကလေးတွေကျောင်းက မုန့်ရောင်းတဲ့ မိန်းမကပြောတော့ လနုနုမှာ တချို့လည်း ဖျက်ကြတယ်။ တချို့ဗိုက်ခွဲကုတယ်ပြောတယ်"

တင်လှလှသည် အသက်မရှူတော့၊ မမယ်ခကို မျက်လုံးပြူးကြီးနှင့်ကြည့်နေ၏။ မမယ်ခတော့ စကားကို ဆက်ပြောမြဲ ပြော၏။

"ဗိုက်ခွဲတယ်ဆိုတာ ကံမကောင်းလို့များ သေသွားရင် ကျန်ရစ်တဲ့ကလေးတွေ ဒုက္ခပါပဲ။ ကျွန်မ မလုပ်ရဲပါဘူး။ ဟို ဖျက်ပစ်တယ်ဆိုတာကတော့ ငရဲမကြီးဘူးလားဟင်"

တင်လှလှသည် ခေါင်းထဲတွင် ပို၍ နောက်လာ၏။

"သူတို့ဟာသူတို့ အလကားဖြစ်တာမှ မဟုတ်တာ။ ကိုယ့်ပယောဂကြောင့် လူပြည့်ရောက်လာတဲ့ အပြစ်မရှိတဲ့ ဒီသတ္တဝါကလေး သတ်ပစ်တာဟာ လူသတ်တာနဲ့ မတူဘူးလားဟင်၊ တင်တင်ဘာဖြစ်သွားသလဲ"



တကယ်ပင် တင်လှလှသည် မျက်စိများ ပြာဝေသွားကာ ခေါင်းချာချာ လည်သွားတော့သည်။ မမယ်ခသည် ကမန်းကတန်း တင်လှလှခေါင်းကို ပွေ့ယူ၍ အနားရှိ စားပွဲမှ ရေမွှေးပုလင်းကို နှဖူးဆီစစို ဆွတ်လိုက်၏။

"အေးစိန်ရေ လာပါဦးဟေ့"

အိမ်စေကလေးမကို လည်း လှမ်းခေါ်လိုက်၏။ တင်လှလှမှာ ချက်ချင်းသက်သာသွား၏။ သို့သော် သူသည် ခေါင်းမထူချင်တော့ပေ။ သူမှိန်းနေရင်း အိပ်ပျော်သလိုလိုရှိမှ မမယ်ခကထသွားတော့သည်။

သူလုပ်ခဲ့သောအလုပ်ကို လုပ်ခဲ့စဉ်က ခပ်ပေါ့ပေါ့ပင်လုပ်ခဲ့၏။ မမယ်ခနှင့် စကားပြောကာမှ သူ့အလုပ်သည် လူသတ်မှုတစ်ခုပါလားဟု သဘောပေါက်လာ၏။ ရင်ထဲမှာ ဟာလာသည်။ သူသတ်ပစ်ခဲ့သည်မှာ သားလေးပင်လော၊ သမီးလေးပင်လော မမယ်ခပြောသည်မှာ ဟုတ်၏။ "အပြစ်မဲ့တဲ့ သတ္တဝါလေးတွေ" ကိုယ့်ဆန္ဒကိုတော့ ကိုယ်ထိန်းဖို့ စိတ်မကူးမိ။ ဤသတ္တဝါလေးကို သတ်ပစ်ဖို့တော့ အကြံကပေါ်လေးခြင်း။

သူသည် အကြောင်းပြ၍ရ၏။ သူ့တွင် အကြောင်းပြစရာ ဘာရှိသနည်း။ ကလေးသည် ပိုးစိုးပက်စက်များသည် မဟုတ်သေး။ မွေးပြီးစကလေးများကလည်း နာနီတစ်ယောက်စီနှင့် သူ့တာဝန်မရှိ။ ငွေရေးကြေးရေးကလည်း မကြောင့်ကြရ။ သို့နှင့်ဘာကြောင့် ဤကလေးကို ဖျက်ပစ်ရသနည်း။

အကြောင်းကို သူသိပေသည်။ သူ့ကာယကံရှင်ပေပဲ။ သို့သော် သူ့စိတ်ကပင် အဖြေကိုမပြောရဲ။

ထိုနေ့ကစ၍ မမယ်ခကို မကြည့်ချင်။ မုန်း၍၊ စိတ်ဆိုး၍ မဟုတ် မမယ်ခကို မြင်တိုင်း သူ့စိတ်ကပင် သူ့ကို ခြောက်နေ၏။ "ရှင်ဟာ လူသတ်မကြီး"ဟု ပြောနေသလို ထင်လာသည်။ မမယ်ခသည် ဘုစုခရုလေးတွေနှင့် အော်ခါငေါက်ခါ ခေါင်းခေါက်ရင်း၊ ကျောကို ဖြန်းခနဲချရင်း သံလေုံများနှင့် ထမင်းကျွေးနေသည်ကို မြင်သောအခါလည်း သူ့စိတ်သူမလုံပေ။

"ဆင်းရဲလို့ဆိုရင် အဓိပ္ပါယ်ရှိသေးတယ်။ ခုတော့ မမယ်ခတောင် ချို့ချို့ငဲ့ငဲ့နဲ့ ရင်ဆိုင်ရဲတဲ့ဘဝကို မင်းက ပြည့်ပြည့်စုံစုံနဲ့ ဘာလို့ရင်မဆိုင်ရဲတာလဲ"

သူသည် မမယ်ခကို ငေးစိုက်ကြည့်နေရင်းက သူ့စိတ်ကမေးသော မေးခွန်းများသည် နားထဲတွင် မခံနိုင်လောက်အောင် ကျယ်လောင်လာကြသည်။ ကမန်းကတန်းပင် အိပ်ခန်းသို့ပြေး၍ အိပ်ရာပေါ်ပြေးရင်း ငိုရှိုက်မိ၏။

ငိုရပါများသောအခါ မမယ်ခကို မကြည့်ချင်၊ မမယ်ခမရှိမှ သူစိတ်သက်သာမည်ဟု ထင်သည်။

အမှန်တော့ ကလေးရှိအောင် လုပ်သူမှာ သူတို့လင်မယား၊ ဖျက်နိုင်သူမှာ သူ။ ဖျက်ပေးသူမှာ ဆရာဝန်။ ဤသုံးဦးသား အနက်တွင်မှ ကံကွက်ကျားရဲ့ မဟုတ် အပြစ်မဲ့သူကလေးလည်း သေရ။ မဆိုင်သူ မမယ်ခလည်း အိမ်က ထွက်သွားရပေတော့မည်။

ယခုအခါတွင် မှန်သည်၊ မှားသည်၊ တရားသည် မတရားသည်ကို သူမတွေးလိုတော့။

"ကိုကိုဒီမမယ်ခတို့လင်မယားကို သုံးလခကြိုပေးပြီး အလုပ်က ထုတ်ပစ်လိုက်ပါ"

တင်လှလှ စကားသည် ကိုကျော်သာအဖို့ ဖြေရှင်းရန် ပြဿနာကြီးပေါ်လာရတော့သည်။ အကြောင်းမသိသော မမယ်ခကတော့ သူ၏ ရှင်းလက်စချုံကို ဆက်၍ရှင်းနေသည်။ သစ်ငုတ်၊ ချုံငုတ်များတုံးအောင် မီးတိုက်၍ ဤနေရာတွင် တလင်းဖြစ်အောင် လုပ်နေသည်။ သို့မှသာ ကလေးတို့သည် ရှင်းသော မြေတလင်းတွင် ပျော်ရွှင်စွာ အရှည်သဖြင့် ကစားရပေမည်။

"မယ်ခရေ တို့တော့ သူဌေးနဲ့ အတူ ထားဝယ်ကို လိုက်ရမယ်"

ဘလှစကားကို မမယ်ခက ရုတ်တရက် နားမလည်။

"ကျုပ်တို့ပါလား"

"အေးပေါ့ ဟိုမှာ မိုင်းထဲက အိမ်ကို စိတ်မချလို့တဲ့။ တို့နှစ်ယောက် အိမ်စောင့်ရမယ်။ ကလေးတွေလည်း မိုင်းအလုပ်သမားတွေ ကျောင်းမှာ ထားရမှာပေါ့။ တစ်နည်းလည်း ကောင်းတာပေါ့ကွယ်။ လခလည်း ငါးဆယ်တိုးပေးမယ်"

မမယ်ခသည် ချုံရှင်းနေသော ဓားမကို လက်မှချလိုက်၏။

"ဘာဖြစ်လို့များ ကျုပ်တို့က ပါရပါလိမ့်။ တင်တင်လည်း ကောင်းကောင်း နေမကောင်းတော့ ကျုပ်ကထားပြီး မသွားချင်ဘူး" သူက သံယောဇဉ်ရှိစွာနှင့် တမ်းတသလို ဆို၏။

"တို့များကို ခေါ်ချင်လို့ သူဌေးက ဟိုအပတ်ကတည်းက သွားဖို့ဟာ မသွားဘူး စောင့်နေတာ။ ကဲ...ပစ္စည်းတွေသိမ်း၊ သန်ဘက်ခါ စက်လှေနဲ့ထည့်ရမှာ"

မမယ်ခကား ဘာအဓိပ္ပာယ်မှ နားမလည်ပေ။ ရှည်ကြာစွာ နေခဲ့ နေရသော ဤနေရာကလေးကိုတော့ မခွဲချင်ပေ။

ကိုကျော်သာအဖို့ အကောင်းဆုံးသော ဆုံးဖြတ်ချက်ကို ရွေးလိုက်ခြင်းဖြစ်၏။ သူ၏ အပြစ်မဲ့သော ကျွန်ယုံကို အလုပ်ထုတ်ပစ်ရခြင်းထက် ယခုလို အလုပ်ပြောင်းသည်က တော်သေး၏။ သူ့လိပ်ပြာလုံ၏။

တစ်ခါတစ်ရံ သောင်ဦးကမ်းပါးပြိုသောအခါ ရေစကြိုက နွားမတို့သည် ဘာမှန်း၊ ညာမှန်းမသိ ပေါင်ကျိုးရသည်တကား။

■ **ခင်နှင်းယု**

(၁၉၅၄-ခု၊
ဇန်နဝါရီလထုတ်၊ ရှုမဝ)








# ကျောက်သား ကျောက်စိုင်ပမာ

|မနှင်းဝေ|

ချစ်ခင်တန်ဖိုးထားရသော သူငယ်ချင်းတစ်ချို့၊ အရာရှိတစ်ချို့၊ ဝန်ထမ်းတစ်ချို့ … စသဖြင့် အလုပ်ခွင်မှ အကြောင်းအမျိုးမျိုးဖြင့် ပင်စင်ယူသွားသည်ကို ယခုရက်ပိုင်း၊ လပိုင်းအတွင်း မြင်တွေ့နေရပါသည်။ ထိုသူငယ်ချင်း၊ မိတ်ဆွေ၊ ဆရာသမား၊ ဝန်ထမ်းတို့သည် ရာထူးအဆင့်ဆင့် အထက်နှင့်အောက်၊ အောက်နှင့် အထက် ရှိကောင်းရှိမည်ဖြစ်သော်လည်း အမှန်တကယ်မှာ လုပ်ဖော်ကိုင်ဖက်များဟု ရင်းရင်းနှီးနှီး ကင်ပွန်းတပ်လိုပါသည်။ လုပ်ဖော်ကိုင်ဖက်ဟူသော စကားသည် မည်မျှတာသွားကြောင်း အဓိပ္ပာယ်အမျိုးမျိုး ထွက်ဆဲ၍ ရကြောင်း ရှိကောင်းရှိနိုင်ပါသည်။

ကိုယ့်အထက်အရာရှိတစ်ချို့ကို သူတို့နှင့်ပခုံးချင်း ယှဉ်လေခြင်းမဟုတ်ပါ။ ၄င်းတို့ကို အစဉ်အမြဲ လေးစားပြီးသားဖြစ်ပါသည်။ အကယ်၍ ကိုယ့်ထက် ရာထူးငယ်သူများအတွက်မူ ထိုဝန်ထမ်းတို့သည် မိမိနှင့် လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များဖြစ်ကြောင်း တိတိပပ သတ်မှတ်ထားပါသည်။ ထိုသူတို့သည် ဝန်ထမ်းလုပ်သက်တစ်လျှောက် မိမိကဲ့သို့ တန်ဖိုးထားရမည့်သူများသာဖြစ်ပါသည်။

ယခုတလော ပင်စင်ယူကြခြင်းက အဆန်းတကြယ် မဟုတ်ပါ။ လွန်ခဲ့သောနှစ်ပေါင်း ၃၆ နှစ်က ပင် အလုပ်ဝင်ခဲ့သော ကိုယ့်အသက်ပင် ၁၉၈၂ ခုနှစ်ကတွက်ဆလျှင် ၂၀၁၈ ခုနှစ်သည် ငယ်အုံအရွယ်မဟုတ်တော့ပြီ။ (၅၀) ကျော်တန်းလွန်မြောက်ခဲ့လေပြီ။ လက်ရှိတာဝန်ထမ်းဆောင်နေရသော ရာထူးအဆင့်မှာ ကျွန်မရှိနေပေမဲ့ တချို့သူငယ်ချင်းများ… ထိုအဆင့်ကိုပင် မရောက်လိုက်ကြဘဲ အချိန်ကျ၍ အလုပ်မှထွက်သွားသူ၊ အလုပ်မှ ဆေးပင်စင် ယူသွားသူ၊ လုပ်သက်ပြည့်ပင်စင်ယူသူ၊ သက်ပြည့်ပင်စင်ယူသူတို့ဖြင့် အသီးသီးအသကာလ ပင်စင်ရေစီးကြောင်းမှာ မျောပါနေသောအခါ ထိုနေ့ရက်များကို စိတ်မချမ်းမြေ့ဝမ်းနည်းရသောနေ့ရက်များဟု သတ်မှတ်လိုပါ၏။ ဒါသည် အမှန်တရားကို ပြတ်ပြတ်ထင်ထင်ပြဆိုသော်လည်း မိခင်ရုံးကို မြတ်နိုးတန်ဖိုးထားသောစိတ်သည် အလုပ်ခွင်မှ အနားယူလိုက်တာနှင့် ပျောက်ပျက်လွင့်ပါးသွားခဲ့သည်ဟူသော ဝန်ထမ်းမျိုး ၁၀၀ မှာ တစ်ယောက်လောက်သာ ရှိနိုင်ပါသည်။ အများဆုံးသော ဝန်ထမ်းထုကတော့ ကိုယ်ဖြတ်သန်းလာခဲ့ရသော ဖြတ်သန်းနေ

သော ဝန်ထမ်းဘဝ၊ အတွေ့အကြုံများထဲမှာ နာကျင်စရာများလည်းရှိ၊ ပျော်ရွှင်စရာများလည်းရှိရင်း လွမ်းမောတမ်းတ ဂုဏ်ယူစရာများနှင့်အတူ အမြဲအမှတ်ရနေတတ်ပါသည်။ ထိုသူများထဲတွင် ကျွန်မလည်း ပါဝင်လိမ့်မည်သာဖြစ်ပါသည်။

လုပ်သက် (၃၅) နှစ်ကျော်လာသည့်တိုင်အောင် ဤအလုပ်ခွင်မှအကြိမ်ကြိမ်ထွက်ပြေးလွတ်မြောက်ချင်သော်လည်း ဘာကြောင့်များ ကျောမခိုင်းနိုင်ဘဲ တဝဲဝဲတလည်လည် ဝန်ထမ်းဘဝကို ဆုပ်ကိုင်ထားနေရခြင်း၏ လျှို့ဝှက်ချက်ရှိနေ၏ ဝန်ထမ်းဖြစ်ရခြင်း၏ ဂုဏ်သိက္ခာနှင့် မိမိအလုပ်အပေါ် မြတ်နိုးခြင်း၊ ပေးဆပ်ဖြတ်သန်းခဲ့ခြင်းတို့နှင့် တစ်နည်းတစ်ဖုံ ဆက်စပ်နေမှာအမှန်ပဲဟု တွေးမိတိုင်း အလုပ်ခွင်စတင်ခဲ့စဉ်က နေ့ရက်များကို ချန်လှပ်ထားခဲ့၍ မရနိုင်ပါချေ။ ပို၍သတိရစေသည်မှာ ကျွန်မသည် အလုပ်စဝင်စဉ်က ကိုယ့်အလုပ်ဌာန၏ ဦးတည်ချက်၊ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်တို့ကို မသိနားမလည်ခဲ့ဘဲ‥ ယူနီဖောင်းလှ၍ ဝင်လျှောက်ခဲ့သော အလုပ်ဖြစ်နေသည်။ ဤဌာန၏ ထူးခြားချက်ဖြစ်သည့် ကိုယ့်စားပွဲမှာ ကိုယ်နေရုံမျှနှင့် အလုပ်ပြီးမြောက်သော ဌာနမဟုတ်ပေ။ အများနှင့်ဆိုင်သော မြန်မာ့အာမခံလုပ်ငန်းသို့ အလုပ်စဝင်စဉ်ကပင် ဤဌာနအမည်မှာ မြန်မာ့အာမခံလုပ်ငန်းကော်ပိုရေးရှင်းဖြစ်သည်။ အလုပ်အင်တာဗျူးမှာ ဘာကြောင့် အလုပ်လျှောက်သလဲဟုမေးစဉ် ကျွန်မက ယူနီဖောင်း လှလို့ပါဟုဖြေခဲ့ရာ အင်တာဗျူးမေးသည့် လူကြီးတွေ ဝိုင်းရယ်ကြသည်။ မေးခွန်းသုံးလေးခု မေး၍ပြီးခါနီး ‘အေး‥အေး‥ ယူနီဖောင်းချုပ်ထား’ ဟု လှမ်းပြောသည့်နောက် ထိုအလုပ်မှာခန့်ထားသည့် အငယ်တန်းစာရေးအယောက် (၂၅၀) မှာ ကျွန်မပါဝင်လာခဲ့ပါသည်။ ထိုစဉ်က အာမခံလုပ်ငန်းကို နိုင်ငံတော်စီမံချက်တစ်ရပ်လို ချမှတ်အကောင်အထည်ဖော်၍ “အာမခံသည် ပြည်သူ့အတွက်” ဆောင်ပုဒ် နှင့်အညီ “တောင်သူလယ်သမားများနှင့် မိသားစုများအတွက် အသက်နှင့်ထိခိုက်မှုအာမခံ” ကို မြေပြင်ကွင်းဆင်းဆောင်ရွက်ရန် ထိုစဉ်က MD ဦးဝမ်းထွန်းက တစ်နှစ်လျှင် ဝန်ထမ်း ၂၅၀ ကျော်နှင့် ဝန်ထမ်း ၅၀၀ လောက်ကို နှစ်နှစ်ဆက်တိုက်ခန့်ထားလိုက်ရာ အသက် (၁၉) နှစ် (၂၀) အရွယ် လူငယ်တွေကို တက္ကသိုလ်တစ်ခုခုသို့ ပို့လိုက်သလိုပျော်လိုက်ကြသည် ဖြစ်ခြင်း။ ထိုအချိန်က ဝန်ထမ်းစခန့်စဉ်ကပင် မြန်မာတစ်နိုင်ငံလုံးရှိ မည်သည့်နေရာ၊ မည်သည့်ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်ဟူသော အချက်ဖြင့် အလုပ်၏ သတ်မှတ်စည်းကမ်းကို သိရှိလိုက်နာနိုင်မှသာ အလုပ်ခန့်ထားခဲ့လေသည်။ အလုပ်ခန့်ပြီးတာနှင့် အာမခံ ပညာရပ်တွေကို ဘုမသိဘမသိမဖြစ်ရလေအောင် သင်တန်းတစ်လလောက် အခြေခံသင်တန်းပေးလေသည်။ သင်တန်းကို ရုံးချုပ်တည်နေရာ ပန်းဆိုးတန်းလမ်းအလယ်နှင့်တစ်ဆက်တည်း ကုန်သည်လမ်းထောင့်နှင့် ပန်းဆိုးတန်းလမ်းထောင့်၊ အမှတ်(၆၉)တွင်ပေးရာ တိုက်အိုကြီး ပထမထပ်သို့ ဤဆယ်ကျော်သက်သာသာမရင့်ကျက်သေးသော လူငယ်တွေက သစ်သားထုထူထူလှေခါးအကျယ်ကြီးတွေပေါ် တအုန်းအုန်း တဒိုင်းဒိုင်းနှင့် ပြေးတက်လိုက်ပြေးဆင်းလိုက်နှင့် ပျော်ပျော်ကြီးသင်တန်းတက်ပြီး အာမခံ၏ အခြေခံသဘောတရားများကို အကြမ်းဖျဉ်း အချိန်အတိုင်းအတာနှင့် လေ့လာသင်ကြားရပါသည်။ အဓိကတော့ တောင်သူလယ်သမားများအတွက် ကျေးရွာအရောက် အာမခံကောက်ခံနိုင်ရန် သက်ဆိုင်ရာမြို့နယ်ပေါင်း (၂၅၀) ကျော်ဆီ ဤလူငယ်တွေကို အသီးသီးစေလွှတ်ရန်၊ ရာထူးအဆင့်ဆင့် လေးစားရိုသေတတ်ရန်နှင့် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် (ထိုစဉ်က တစ်ပါတီစနစ်မို့ ထိုပါတီယူနစ်များ၊ လယ်သမားအစည်းအရုံးများမှာ အာမခံရုံးများတွဲဖွင့်ရသည့်) လက်တွဲလုပ်ဆောင်ရမည့် အာမခံလုပ်ထုံးလုပ်နည်းတွေကို အငယ်တန်းစာရေး ကျွန်မတို့နှင့် ရှေ့ကရောက်နှင့်နေသည့် တာဝန်ခံ၊ ဝန်ထမ်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရေး သင်ကြားပေးခြင်းဖြစ်သည်။

အာမခံရုံးကို ကျွန်မလိုပင် ယူနီဖောင်းလှ၍ဝင်လာ

သည့် ဝန်ထမ်းတွေက တော်တော်များပုံရပါသည်။ အဖြူပေါ်မှာ ဒေါက်တွေတပ်၊ ကြယ်သီးတွေကလည်း ရွှေကြယ်သီးတွေနှင့် ရင်ဖုံးကိုမှ လည်ပင်းက ကော်လံ အထောင်ပါလိုက်သေး။ ထမိန်၊ ဘောင်းဘီက ကာကီရောင် ထက်ပိုသည့်ကြေးညိုရောင်၊ မိန်းကလေးတွေက ဒေါက်ဖိနပ်ကို အဖြူနီးပါးဝတ်ကြသည်။ ယောကျ်ားလေးတွေက ရှူးဖိနပ်နှင့် ဘောင်းဘီနှင့် သိပ်ကိုစမတ်ကျပြီး‥ နယ်ဝန်ထမ်းအားလုံး တစ်လကို နေ့တွက်စရိတ် ၃၀၀ ကျပ်ရရာ၊ မူလလစာနှင့်ဆိုလျှင် ထိုစဉ်က အရာရှိ လစာတန်းရသော ရာထူးအငယ်ဆုံး နယ်ဝန်ထမ်းတွေအဖြစ် ကျွန်မတို့ဌာန မျက်နှာအပွင့်ဆုံးနှင့် ရုပ်ပြ အကောင်းဆုံးဖြစ်ခဲ့လိမ့်မည်ထင်ပါသည်။ အရာရှိငယ် လစာရပြီး တစ်လ ၄၅၀ ကျပ်ကိုမက်သလို၊ ယူနီဖောင်းလည်းလှ၊ အရွယ်တွေကလည်း ကျန်းမာဖြတ်လတ် တက်ကြွနေကြပြီး၊ “အာမခံသည် ပြည်သူ့အတွက်” လက်ကိုင်ထားပြီး တောတွေနေ့ရောညပါ ဆင်းလိုက် ရသည့်အခါမတော့ လုပ်ငန်းအတွေ့အကြုံ သစ်များက တစ်နေ့တစ်မျိုး မရိုးစေရအောင် ကျွန်မတို့ကို ဆီးကြိုနေပါတော့သည်။

ထိုစဉ်က ကျွန်မက ဧရာဝတီတိုင်း မြန်အောင်မြို့တွင် တာဝန်ကျပါသည်။ တောင်သူလယ်သမားအာမခံ လုပ်ငန်း သဘောသဘာဝကိုက လယ်သမားတွေ စိုက်စရိတ်ချေးချိန် ငွေရှင်ချိန်မှာ စီမံချက်ရေးဆွဲ၍ ဟိုတုန်းက စစ်ကြောင်းဟုခေါ်သည့် ဌာနပေါင်းစုံက ဝန်ထမ်းအစုံနှင့် တစ်ရွာဝင် တစ်ရွာထွက် လှည်းတွေ့လှည်း၊ လှေတွေ့လှေ၊ ကားတွေ့ကားနှင့် သဲကား၊ ကျောက်ကား၊ လော်လီကားပါမချန်၊ စက်ဘီးပါစီးရင်း ကုန်ကြမ်းတွေရလိုက်တာများ ပြောဖွယ်မရှိဆိုသလို ခရီးထွက်ခဲ့ရသည်။ ထိုအဖွဲ့တွေမှာ မြေစာရင်းအဖွဲ့၊ စိုက်စရိတ် ချေးသည့်အဖွဲ့၊ လုံခြုံရေးရဲအဖွဲ့၊ ပြည်သူ့စစ်အဖွဲ့၊ လ·ဝ·က အဖွဲ့၊ ကျန်းမာရေးအဖွဲ့ အစုံအလင်နှင့် ရွာစဉ်လျှောက်၍ ရွာကချက်ကျွေးသည့် ကောက်သစ်စပါး၊ ဆန်သစ်တွေစားပြီး အိပ်ငိုက်လမ်းလျှောက်၊ ဗွက်နင်း၊ လမ်းပျောက်၊ ရွာပျောက်‥‥ အပြင် ကိုယ်နှင့် အတူသွားရသည့် ယောကျ်ားသားကြီးကိုပဲ အဖေအရွယ်၊ အစ်ကို၊ မောင်အရွယ်နှင့် ဦးကြီး၊ ဘကြီး အဖြစ် အားကိုးပြီး သွားလာခဲ့ကြတာများ ကျေးဇူးတင်လေးစားဖို့ အလွန်ကောင်းပါသည်။ ယခုလိုသာဆိုလျှင် အရိုးတခြား၊ အသားတခြားအပြင် ကုန်းကောက်စရာ တောင်မမြင်သည့် မလုံခြုံမှုတွေပင်။ ကျွန်မတို့ ငယ်ရွယ်စဉ် လောကခံကြမ်းကြမ်းထဲမှာ မျက်လုံးစုံမှိတ် အားကိုးအားထားပြုရင်း ဝန်ထမ်းဘဝကို ဖြတ်သန်း ခဲ့ရသည်ဆိုလျှင်‥‥ ဤအတွေ့အကြုံကို မရင်ဆိုင်ခဲ့ဖူး သူတို့က ပုံပြင်သဖွယ်ဖြစ်ပြီး ကိုယ်ချင်းစာနိုင်လိမ့်မည် မထင်ပါ။

ပြန်တွေးလျှင်ပင် ငိုအားထက်ရယ်အားသန်အဖြစ်တို့ကို တွေးတိုင်း အသံထွက်ရယ်မိသည်တောင် ရှိဖူးပါသည်။ ယူနီဖောင်းကြိုက်လှချည်ရဲ့ ကျွန်မတို့ခမျာ လယ်သမားတွေဆီ အသက်အာမခံကြေး တစ်စောင် ၁၂ ကျပ် (ထိုစဉ်က ဆယ့်နှစ်ကျပ်က တော်တော်တန်ဖိုးကြီးလှသည်)။ ၁၉၈၃–၈၄ ခုနှစ်က ငွေကြေးအရဆိုလျှင် စိုက်စရိတ် ကျပ် ၅၀၀ လောက်ရသူက ဆယ့်နှစ်ကျပ်အဖြတ်မခံချင်။ ကျွန်မတို့ကလည်း စားပွဲပုလေးကနေ အာမခံဖြတ်ပိုင်းလေးဖြတ်ပြီး ကိုယ့်ဌာနဝင်ငွေတိုးဖို့ မျက်နှာပူပူနှင့် ဆူဆူဆောင့်ဆောင့်ကြားကနေ အာမခံကြေးကောက်ရရှာသည်။ တစ်ခါများ လယ်သမားတစ်ယောက်က ရစ်ထွေထွေဖြစ်နေပြီး စားမကြီးစားပွဲပေါ်တင်ပြီး ‘မထားရင် ဘာလုပ်မလဲ‥ မထားတော့ဘာဖြစ်မလဲ’ နှင့် ဓားတပြပြ လုပ်ရာ ကျွန်မတို့မရှင်းရဲပဲ ကြောက်ကြောက်နှင့် ဘေးကနေ သူကြီးပြေးခေါ်ပြီး ရှင်းခိုင်းရသည်။ တစ်ခါတစ်လေတော့လည်း ဟိုဘက်ရွာမှာ စခန်းချ ပြည်သူ့စစ်ရှိပြီး ဒီဘက်ရွာကို လူခွဲပြီး အလုပ်လုပ်ရင်း မြို့ကိုပြန်တက်မည့် ရွာက သစ်သားကာတောင်မရှိတော့လျှင် ထိုရွာက ဆီမီးတိုင်မှိန်မှိန်အောက်မှာ ခြင်အဖွေးသား အကိုက်ခံပြီး၊ ကောက်ထားသည့် အာမခံကြေးငွေ ထောင်ဂဏန်းလောက်ပါသည့်လွယ်အိတ်ကို ရင်ခွင်ထဲ ကျစ်ကျစ်ပါပွေ့ထားပြီး မအိပ်ရဲဘဲ

ခြင်ထောင်ထဲ ငုတ်တုတ်ထိုင် မိုးအလင်းစောင့်ကာ မနက်အစောဆုံးထွက်မည့် ရွာကကားဆီ ခြေကုန်သုတ်ပြေးစီးရင်းမှ အသက်ဝဝရှူရသည့်အခါမျိုးလည်း ရှိတတ်လေ၏။ ရန်ကုန်ကလာသည့် ဝန်ထမ်းဘဝ၏ ခါးသီးမှုတွေကို ငယ်စဉ်က ဘယ်လိုများ ကျော်ဖြတ်ခဲ့ပါလိမ့်ဟု တွေးသော်လည်း အမှန်တကယ် ကျော်ဖြတ်ခဲ့လေသည်။ စိတ်ညစ်လည်း ခဏပင်။ မောမောနှင့် အိပ်လိုက်ကြ စားလိုက်ကြနှင့် တစ်နှစ်ပြီးတစ်နှစ် ဖြတ်ကျော်ခဲ့ကြသည်။ ရွာက လယ်ကွင်းတွေဆီ လမ်းလျှောက်ရင်း ကန်သင်းရိုးပေါ် တဘိုင်းဘိုင်းလဲကျတိုင်း… ရွှံ့ပေပေတွေကြားမှာ ယူနီဖောင်း၏ အလှတရားတွေ ပျောက်ဆုံးခဲ့ရတာ ခဏခဏပင်။ ကျွန်မတို့ ချော်လဲတိုင်း မိုးတွင်းမှာ ကောက်စိုက်ဆင်းသည့် ကောက်စိုက်သမတွေက တဟားဟားရယ်လျှင် ကန်သင်းရိုးပေါ်ကနေ 'ဘာလို့ရယ်တာလဲ' ဟု အော်အော်မေးရင်း မျက်ရည်တွေ တွင်တွင်ကျကာ အော်ငိုဖူးတာကို နောက်တစ်ရက်နှစ်ရက်နေတော့ ကျွန်မတို့ ရယ်မောပြောနိုင်ခဲ့ကြတာ ဘာစိတ်ကြီးတွေကြောင့်ပါလိမ့်ဟု မေးစရာရှိပါသည်။

ရန်ကုန်က အလုပ်လာလုပ်ကြသည့် တစ်နိုင်ငံလုံးမှာ ကိုယ့်လိုလူစားအများကြီးပေမဲ့ တောတစ်ကာ ရွာအနှံ့၊ တစ်ရွာဝင်တစ်ရွာထွက်၊ ထိုခေတ်ထိုအခါက မူဝါဒအတိုင်း အလုပ်လုပ်ကြရာ ခိုင်းကျွဲနွားအာမခံလည်း လုပ်ခဲ့ကြဖြန်ပါသည်။ ပညာရေးအာမခံအတွက် ကျောင်းသားလူငယ်တွေကို မိဘက ထားပေးလို့ရသည့် အာမခံကိုလည်း ထိုအနှစ်သုံးဆယ်ကျော်ကာလက လုပ်ဖူးလေသည်။ ကိုယ်တိုင်ဟောကြ၊ ပြောကြ၊ စည်းရုံးရေးဆင်းရလွန်း၍ တစ်ချို့ရွာမှာ စစ်ကြောင်းဝင်လာလျှင် စိတ်ဆင်းရဲမဆုံးပင်။ ထမင်းချက်ကျွေးရသည့် သူကြီးကတော်တစ်ယောက်ဆိုလျှင် ဘာများပြုလုပ်သည်ထင်ပါသနည်း။ ကျွန်မတို့ကို ချက်ကျွေးခူးကျွေးရလွန်း၍ ထမင်းအိုးတွေကို တခွမ်းခွမ်းခေါက်ပြီး မနက်လေးငါးနာရီထပြီး မနက်စောစောစာကျွေးဖို့ ခူးကိုမထားသည့်အဖြစ်နှင့် ကြုံရဖူးပါသည်။

အိမ်ရှင်က ခူးမကျွေးသည့် ထမင်းဟင်းကို မစားဘဲ နောက်တစ်ရွာကူးဖို့ဆိုလျှင် ထိုရွာကို နောက်ထပ်ဆယ်မိနစ်လောက်လျှောက်၍ ရလျှင်ထား… တစ်နေ့လယ် ခုနစ်မိုင်လောက် လျှောက်ရမည်ဆိုရာ… ထိုမနက်အစောစာမှ ထမစားလျှင် တစ်လမ်းလုံး ဘာဆိုင်မှ မရှိ။ လယ်ကွင်းနှစ်ခင်တန်းလောက်ရှိသည့် ရွာဆီ ဒေါင်းတည်မောင်းတည် လျှောက်ဖို့ကလည်း မိန်းမလေးနှစ်ယောက်သာပါသော ဤခရီးမှာ အစာမရှိလျှင် မျှော်မျှော်ပဲကျန်နိုင်သည်။ ရေသောက်ပြီးသွားဖို့လည်း မဖြစ်နိုင်သည့်အဆုံး အရှေ့အနောက်တောင်မြောက် ဝဲယာကြည့်ပြီး သူကြီးကတော် အောက်အဆင်းမှာ အထုတ်ပြင်နေရာမှ ကြမ်းယှဲ့ယှဲ့ကျဲကျဲခင်းထားသည့် တစ်ဖက်ရပ်အပေါ် ထပ်မီးဖိုခန်းကို ကျွန်မတို့ဝန်ထမ်းမိန်းကလေးနှစ်ယောက် အသာခြေဖွဝင်ပြီး ချက်တော့ချက်ထားသည့် ပူပူနွေးနွေးထမင်းအိုးကို အသာမ၊ စားပွဲပေါ်အုပ်ထားသည့် ငပိချက်ခွက်ကိုဖွင့်၊ ရေစင်ပေါ်က ထမင်းပန်းကန်နှစ်ချပ်ကို အသံမမြည်အောင် မတုန်း သူကြီးကတော်ပြန်တက်လာပြီး 'စား…စား' ဟု ခပ်အေးအေးပြောပြီး ပြန်ဆင်းသွားသည်။ ရှက်ရှက်နှင့်ပင် 'ငတ်မရှက်' ဖြစ်နေသော ကျွန်မတို့ ကွင်းဆင်းဝန်ထမ်းညီအစ်မနှစ်ယောက် မချိပြုံးလေး ပြုံးပြီး ထမင်းပူပူထဲငပိချက်တွေပုံကာ ခပ်သွက်သွက်စားခဲ့ရသည်။ အပြန်ကျတော့ "ကျေးဇူးတင်ပါတယ် အရီး" ဟု တွင်တွင်နှုတ်ဆက်ခဲ့ပါသည်။ ထိုရွာမှ တစ်ဆင့် နောက်တစ်ရွာခရီးဆက်ရမည်မို့ ယခုနေပြန်တွေးတော့ သူကြီးကတော် မလွန်ပါ။ အသင်းအဖွဲ့တွေ ဌာနဆိုင်ရာတွေက လမ်းကြောင်းခဏခဏလာကြပြီး နိပ်စက်လွန်း၍ ငွေကုန်လူပန်းပြီး လဲရာသူခိုးထောင်း ကျေးရွာတွေမှ လူထုတွေခမျာ ဘယ်မှာသဒ္ဒါတရားထက်သန်နိုင်ပါတော့မည်နည်း။

ထမင်းငတ်မှာစိုးပြီး မရှက်မကြောက် လုပ်ခဲ့သော

ဝန်ထမ်းဘဝမှာ ကြုံသလို အသက်နှင့်ရင်းပြီး သွားရသော ခရီးကိုလည်း စိတ်ထဲစွဲထင်နေပါသေး၏။ ရောဝတီတိုင်းက ရေလမ်းခရီးများသည်။ နိုင်ငံ၏ စပါးကျီအရပ်မို့ မိုးစပါး၊ ဆောင်းစပါး၊ သီးထပ်သီးညှပ်စပါးတွေပျိုးချိန် စိုက်စရိတ်လိုက်ပေးသည်။ ထိုခရီးစဉ်အတိုင်း ကျွန်မတို့လိုက်ရသည်။ ယခု မော်တော်ဆိုင်ကယ်စီမံချက်၊ သူတစ်ပါးထိခိုက်မှု အာမခံစီမံချက်တွေ အပတ်တိုင်းလိုက်ရတာထက် အဆများစွာ တောဆင်းရပါသည်။ မနက်ဝေလီဝေလင်း မော်တော်ဆိပ်ဆင်း၊ အိပ်ချင်မူးတူးနှင့် လှေဆိပ်၊ မြစ်ဆိပ်မှာငိုက်။ ပါတီကောင်စီ၊ လယ်အစည်းအရုံး လမ်းကြောင်းနှင့် မြစ်တစ်ကြော စက်လှေငယ်နှင့် သွားကြ။ ရောဝတီမြန်အောင်တစ်ကြောက ကနောင်၊ စိန်ကုန်း၊ သက္ကယ်ကုန်း၊ ငါးဘတ်ချောင်း၊ ငပိဆိပ်၊ ရွှေကျင်စသည့်ရွာတွေ တိုက်နယ်တွေဆင်းရင်း တစ်မနက်မှာ မိုးတွင်းပေမယ့် မိုးမရွာ၍ ဝမ်းသာမည်မကြံရသေး ကောင်းကင်က နီရဲတက်ကာ တော်တော်ကြီး လှနေတော့သည်။ ကျွန်မက 'ဟယ်··လှလိုက်တာ·· လှလိုက်တာ' နှင့် အလိုက်မသိပြောရာ··· နားလည်သည့်လူတစ်ယောက်က ''ဆရာမလေးတို့ မတ်တပ်မရပ်နဲ့ ထိုင်··ထိုင်··ဒီနေ့မုန်တိုင်းရှိတယ်''ဟု လှမ်းပြောမှ ကြောက်လိုက်သည့်ဖြစ်ခြင်း။ ခဏအကြာမှာ မြစ်ပြင်မှာ ချက်ချင်းမိုးကြီးလေကြီးကျပြီး စက်လှေကိုကမ်းကို မနည်းရအောင်ကပ်ပြီး လှိုင်းတဝုန်းဝုန်းကြားမှ ရွှံ့တွေထဲကုန်းရုန်း၍ အားလုံးကမ်းပေါ် တက်ပြေးကြရသည့်အဖြစ်။ ရာသီဥတုသဘာဝကို နားမလည်သည့် မြို့သူကျွန်မတို့အဖြစ်က ဒေသခံတွေသာ မပါခဲ့လျှင် လှေမစီးတတ်၊ မြစ်သဘာဝ နားမလည်၊ ရာသီဥတုနှင့် ဘေးဖြစ်မည့်အန္တရာယ်တွေမသိ၍ တစ်ခုခုဆိုလျှင် 'ပလုံ' တောင်မြည်မည်မထင်ပါ။ ထိုရွာခများ မိုးလေကြီး၊ မုန်တိုင်းအဖျားခတ်၍ ရွာထဲသွပ်မရှိ၊ ခေါ်မိုးတွေလန်ကာ ဘယ်ကယ်ဆယ်ရေးမှလည်း ပရဟိတ လာမလုပ်သော အချိန်ကာလမို့ ကိုယ့်ကယ်ဆယ်ရေးကို ကိုယ့်ဘာသာ ဖြေရှင်းကြရပါသည်။ သူ့ခေါင်မိုး ကိုယ်မိုး၊ ကိုယ့်ခေါင်မိုးသူမိုးနှင့် ရွာမှာကျွန်မတို့ မြို့ပြန်မရ၍ ရွာမှာနှစ်ရက်သောင်တင်နေသေး၏။ ရာသီဥတုကအေး၊ လေကဟဲ·· ကြမ်းပေါက်ကကျဲပြီး ခိုက်ခိုက်တုန်၊ အိမ်တံခါးမရှိ၊ သူခိုးမရှိသော ရွာတွေအကြောင်းကလည်း ''ပြန်တွေးတော့ ချမ်းတာပေါ့'' ဖြစ်ရပါသည်။ ဝန်ထမ်းဘဝမှာ ပျော်စရာ ပြုံးတစ်လှည့်၊ မောစရာ·· ရှုန်းတစ်လှည့်နှင့် ကျွန်မတို့ ဖြတ်ကျော်ခဲ့ကြသည့် အတွေ့အကြုံများစွာရှိခဲ့ပါသည်။ ဤအလုပ်ခွင်မှာ ဘယ်လောက်ပဲ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ပါစေ၊ ကိုယ့်အလုပ်အပေါ် ယူနီဖောင်းထက် ပိုချစ်မြတ်နိုးတတ်လာသော စိတ်သည် ထိုငယ်ဘဝတွေကတည်းကသန္ဓေတည်ခဲ့ပုံရပါလိမ့်မည်။


× × ×

ယခုအချိန်မှာ မပျော့ပျောင်းသော၊ မပြေပြစ်သော၊ ဝန်ထမ်းဘဝ၏ ရာထူး၊ နေရာ၊ အာဏာအလှည့်အပြောင်းတွေမှာ ကြားမှာပင် ကျောက်သားကျောက်စိုင်ကဲ့သို့ မယိုင်မလဲ ဖြတ်ကျော်နိုင်ခဲ့ခြင်းမှာ ပင်စင်ယူခါနီးအရွယ်သို့ပင် တလူးလူး တလိမ့်လိမ့်ချဉ်းကပ်ရောက်ရှိလာခဲ့ချေပြီ။ ထိုအရာသည် ဘာများဖြစ်နိုင်ပါသနည်း။ ကျွန်မကတော့ တစ်ခုတည်းသာဖြေချင်ပါသည်။ အလုပ်ကို တန်ဖိုးထား ချစ်မြတ်နိုးစိတ်ပင် ဖြစ်လိမ့်မည်ဟု။ ။

■ မနှင်းဝေ

ခိုင်မာသေချာ မြန်မာ့အာမခံ

ဂျာမန်များက အကျဉ်းသား အားလုံးကို ပိတ်လှောင်ပြီး မီးရှို့ပစ်ခဲ့သော ရော့စလက်ထောင် ကြီးရှိသည်။ ထိုထောင်ကြီး၏ မြေအောက်အလုံခန်းများအတွင်းရှိ နံရံများပေါ်၌ နည်းအမျိုးမျိုးဖြင့် အနှိပ်စက်အညှဉ်းပန်းခံရ၍ သေကျေပျက်စီးသွားခဲ့ကြရရှာသော အကျဉ်းသားများထဲမှ အချို့လူများ ရေးသားထားခဲ့သည့် စာတိုစာစများကို ယနေ့အချိန်ထိ တွေ့မြင် ဖတ်ရှုနိုင်လေသည်။




မောင်ထွန်းသူ
(ဘာသာပြန်)
ရိုဇာ
She was Rosa by Andrei Platonov

*'ဩဂုတ်လ ၁၇ ရက်၊ ကျွန်တော့် မွေးနေ့၊ အထီးကျန်နိုင်ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊ ပေါင်မုန့်လေးတစ်ဖဲ့နှင့် အရည်ကျဲတောက်တောက် ဟင်းချိုရည်တစ်ခွက်၊ အကောင်းဆုံးသော အစာ၊ မွေးနှစ် ၁၉၂၇'*

**ဆီမိုနော့ဗ်**

အထက်ပါစာတန်းသည် အလုံခန်းတစ်ခန်းအတွင်းရှိ နံရံတစ်ခုပေါ်မှ စာတန်းဖြစ်၏။ ယင်းစာတန်းအောက်တွင် အခြားတစ်ဦးက ရေးခဲ့သော စာကြောင်းတစ်ကြောင်းရှိသည်။ ထိုစာကြောင်းသည် အပေါ်မှ စာတန်းကိုရေးသားခဲ့သော 'ဆီမိုနော့ဗ်' ဆိုသူ၏ကံကြမ္မာကို ဖော်ပြသည်။

စာကြောင်းမှာ-

'သေနတ်ဖြင့် ပစ်သတ်ခံရသည်' ဟူ၍ဖြစ်၏။

နောက်တစ်ခန်းအတွင်းမှ နံရံတစ်ခုပေါ်တွင်မူ အကျဉ်းသားတစ်ဦးက သူ့မိခင်အားရည်စူး၍ ရေးသားခဲ့သော ကဗျာတစ်ပုဒ်။

**သားမောင်ချစ်သော**

**မေမေရယ်**

*ချစ်သားအတွက်*
*စိတ်ပန်းပူဆွေး၊ မငိုကြွေးနှင့်။*
*မျှော်တွေးမှန်းဆ မတမ်းတနှင့်။*
*သားတို့လျှောက်လှမ်း*
*ခရီးလမ်းသည်*
*ကြောက်ဖွယ်လီလီ ရှိပါဘိ။*
*ကြမ်းတမ်းခက်တရော်*
*ထိုလမ်းပေါ်၌*
*အမေသည်လည်းကြားအံ့မထင်။*
*ကာရံပိတ်ဆီး*
*သံတိုင်ကြီးများ*
*နံစော်မှောင်မိုက်*
*အလုံထောင်အကျဉ်းတိုက်များ*
*ကြား။*
*လှိုက်ဖိုရင်မော*
*သေငယ်ဇောနှင့်မြော*
*သား၏ရုပ်သွင်*
*ထိုဖြစ်အင်ကို*
*ဘုရားသခင်မှတစ်ပါး*
*အခြားဘယ်သူမှ မမြင်။*
*သား၏အတွေးရေယာဉ်*
*ကြီးမားသော လှိုင်းလုံးတစ်လုံး*
*အသွင်*
*မေမေ့ထံ စီးဆင်းလျှံအစဉ်။*
*သား၏ နှလုံးသား*
*မေတ္တာရည်များကြား*
*နစ်မြုပ်၍သွား။*

ကဗျာအောက်တွင် ကဗျာရှင်က နာမည်ရေးမထား။ ရေးစရာလည်း လိုလိမ့်မည်မထင် အဘယ်ကြောင့် ဆိုသော် ကဗျာရှင်၏ ဝိညာဉ်သည် မကြာခင် သူ့ခန္ဓာကိုယ်မှ ထွက်ခွာသွားတော့မည်ဖြစ်သောကြောင့်ပေတည်း။ အခုဆိုလျှင် သူသည် ကျွန်တော်တို့အားလုံးနှင့်ခွဲခွာပြီး ထာဝရ ငြိမ်းချမ်းသော လောကအတွင်းသို့ ဝင်ရောက်သွားခဲ့ပြီ မဟုတ်ပါလော။

ထိုအခန်း၏ ထောင့်နံရံတစ်နေရာတွင် 'ဤအခန်းထဲ၌ ဇလော့အကျဉ်းကျခဲ့သည်' ဟူသော စာကြောင်းတစ်ကြောင်း လက်သည်းခွံဖြင့်ခြစ်၍ရေးသားခဲ့ခြင်းဖြစ်၏။ အတိုဆုံး၊ အရှင်းဆုံးနှင့် အဆိုးဆုံးသော ကိုယ်ရေးအတ္ထုပ္ပတ္တိတစ်ခုပေးတည်း။ တစ်ချိန်သောအခါက ဇလော့ဟုခေါ်သော လူတစ်ယောက်သည် ဤအခန်းထဲ၌ ဒုက္ခဆင်းရဲများကို ခံစားခဲ့ရ၏။ ထို့နောက် ရော့စလက်ထောင်ကြီးနောက်ဘက်ရှိ လူသတ်ကွင်းထဲတွင် သေနတ်ဖြင့် ပစ်သတ်ခြင်း ခံခဲ့ရသည်။ သူ့အလောင်းကို ဓာတ်ဆီလောင်း၍ မီးရှို့သည်။ သူ့ အရိုးပြာမှတစ်ပါး ဘာမှမကျန်။ သူ့အရိုးပြာ တစ်ဆုပ်စာမှာလည်း မြေမှုန့်များနှင့် ရောကာ သူလာခဲ့ရာမြေကြီးအတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားပြီ။

ဇလော့၏စာကြောင်းနောက်တွင် မည်သူမှ မမြင်ဖူး၊ မသိဖူးလိုက်သည့် 'ရီဆာ' အမည်ရှိ မိန်းကလေးတစ်ဦး၏စကားများကို တွေ့ရသည်။

"ကျွန်မသည် အသက်ရှင်ချင်ပါသည်။ ဘဝသည် သုခဘုံ ဖြစ်ပါ၏။ သို့သော်လည်း ကျွန်မနေရမည်မထင်ပါ။ ကျွန်မသေရမည်ဟုထင်ပါသည်။ ကျွန်မသည် ရီဆာဖြစ်သည်။"

သူသည် ရှိဆာ ဖြစ်၏။ သူ့နာမည်ကို ပင်အပ်တစ်ချောင်း၊ သို့မဟုတ် လက်သည်းခွံဖြင့် နက်ပြာရောင်ဆေးသုတ်ထားသော နံရံပေါ်၌ ရေးခဲ့ခြင်း။ စိုစွတ်ထိုင်းမှိုင်းပြီး အိုမင်းဟောင်းနွမ်းလှပြီဖြစ်သော ဆေးရောင်ပေါ်တွင် ပင်လယ်ပြင်များလိုလို၊ တိုင်းပြည်ပုံများလိုလိုထင်နေသော အစွန်းအထင်းနှင့် အကွက်များရှိသည်။ ထိုအကွက်များသည် နံရံကို တွေဝေငေးမောခဲ့သော အကျဉ်းသားများ၏ စိတ်ကူးယဉ် အိပ်မက်ထဲ၌ သူတို့၏ လွတ်မြောက်ရာနယ်မြေများ ဖြစ် ကောင်းဖြစ်ခဲ့ပေလိမ့်မည်။

ရှိဆာအမည်ရှိ ဤအမျိုးသမီးသည် မည်သူနည်း။ သူ အခု ဘယ်ရောက်နေသနည်း။ သူ့ဝိညာဉ်သည် သူလဲကျသေဆုံးရာ ဤအကျဉ်းထောင်အတွင်း၌ပင် တဝဲလည်လည်ဖြစ်နေသလား။ သို့တည်းမဟုတ် သူ့ကံ ကြမ္မာက ခွင့်ပြုလိုက်သဖြင့် ဤနိုင်ငံမြေပေါ်၌ အသက်ရှင်လျက် သွားလာလှုပ်ရှားနေဆဲလား။ ကျွန်တော်တို့နှင့် အတူတူနေပြီး သူကိုယ်တိုင်က သုခဘုံဟု ခေါ်ဆိုခဲ့သော လူ့ဘဝ၏အရသာကို ဆက်လက်ခံစား၍ နေလေရော့သလား။ ဇလော့ဆိုသည့် လူက ကောမည်သူနည်း။ သူဤထောင်၌ နေခဲ့ရသည်ဟုသာ မှတ်တမ်းတင်ခဲ့၏။ သူ့အကြောင်းကို ပို၍သိစရာ အခြားဘာစာမှ ရေးမထားခဲ့။

ဇလော့၏ ဘဝအကြောင်းကို သိနိုင်မည့် သဲလွန်စ ကျွန်တော်တို့ ရှာသည်၊ မရ။ သို့သော်လည်း ရှိဆာ၏အကြောင်းကိုမူကား ကျွန်တော်တို့ ကြားလာ သိလာရ၏။ ထောင်အတွင်း၌ ဖြစ်ခေါင့်ဖြစ်ခဲ အသက်ရှင်၍ ကျန်ခဲ့ကြသော သူရဲကောင်းတစ်စုကြားတွင် ရှိဆာကို အာဇာနည် သူရဲကောင်းတစ်ဦးအဖြစ် အသိအမှတ်ပြုရ မလိုပင်ဖြစ်နေသည်။ ရှိဆာ၏ ကံကြမ္မာသည် အရေအတွက် အားဖြင့် အလွန်နည်းသည့် အသက်ရှင်ကျန်ခဲ့သောသူများအဖို့ အံ့ဩ၍ မဆုံးနိုင်အောင် ဖြစ်ခဲ့ရသည်ဟုဆိုသည်။ သေနတ်ဖြင့်ပစ်သတ်ရန် ထုတ်သွားခြင်းခံရသည့် အကျဉ်းသားများသည်ရှိဆာ၏အဖြစ်ကို သတိရကာ ရှိဆာလိုပင် ကံကောင်းချင်က်ကောင်းလိမ့်မည်ဟူသော အတွေးမျိုးဖြင့် စိတ်သက်သာမှုကိုပင် ရခဲ့ကြသည်ဟု ပြောကြလေသည်။

တစ်နေ့တွင် ရှိဆာအား အခြားအကျဉ်းသားများနှင့်အတူ သေနတ်ဖြင့် ပစ်သတ်ရန် ဂျာမန်များက ထုတ်လာခဲ့ကြ၏။ သူသတ် တပ်စုက သေနတ်များဖြင့် ပစ်ခတ်လိုက်သောအခါ ရှိဆာသည် အခြားအကျဉ်းသား များနည်းတူ မြေပေါ်သို့ လဲကျသွားခဲ့သည်။ သို့သော်လည်း အသက်မသေဘဲ လဲကျသွားခဲ့ခြင်းဖြစ်သည်။ သူ့ခန္ဓာကိုယ်သည် အခြားအလောင်းများ အောက်၌ ပိနေသည်။ ထို့နောက် ဂျာမန်များက အလောင်းပုံကြီး၏ ဘေးပတ်လည်တွင် ကောက် ရိုးများပုံ၍ ဓာတ်ဆီလောင်းကာ မီးတင်ရှို့သည်။ ထိုအခါကျတော့လည်း ရှိဆာသည် အသက်ရှင် လျက်ပင် ကျန်ခဲ့၏။

သေနတ်များဖြင့်အပစ်ခံခဲ့ရစဉ်က ကျည်ဆန်နှစ်တောင့်သည် ရှိဆာ၏ အရေပြားကိုသာ ဖောက်ထွင်းသွားခဲ့၏။ မီးရှို့ပြန်တော့လည်း အခြားအလောင်းများအောက်ရောက်နေသည့် သူ့ကို မီးမစွဲခဲ့ပေ။

သူ သတိရလာသည့် အခါ အလောင်းပုံအောက်မှ တွား၍ထွက်သည်။ မှောင်ကြီးမည်းကြီးထဲတွင် စမ်းတဝါးဝါးနှင့်ခဲယဉ်းပင်ပန်းစွာလျှောက်သွားသည်။ ပြီးတော့ ဗုံးဒဏ်ကြောင့် ပြိုကျနေသည့် ထောင်နံရံအပျက်အစီးများကြားမှအပြင်လောကသို့ တိုးထွက်သွားခဲ့လေသည်။

သို့သော်လည်း မြို့ထဲသို့ ရောက်သွားသော ရှိဆာအား ထိုနေ့မှာပင် ဂျာမန်များက ပြန်၍ ဖမ်းမိသွားကြပြီးအကျဉ်းထောင်သို့ပြန်ပို့သည်။ ဤသို့ဖြင့် ရှိဆာသည် ရှော့စလက်ထောင်ကြီးထဲကိုပြန်ရောက်ကာ သေမည့်ရက်ကို ဒုတိယအကြိမ် စောင့်မျှော်နေရပြန်လေ၏။

ရှိဆာကို မြင်ခဲ့သူများက သူမသည် မိန်းမချောလေးတစ်ဦး ဖြစ်သည်ဟု ပြောကြသည်။ အိမ်ကို လွမ်းနေကြသူများနှင့် မိမိတို့ခံစားနေကြရသည့် ဆင်းရဲဒုက္ခများကြောင့် မရွှင်မလန်းဖြစ်နေကြသူများသည် ချစ်စရာကောင်းသော ရှိဆာကို မြင်ရလျှင် စိတ်သက်သာရာရကြသည်။ ကြည်နူးကြရသည်။ ရှိဆာ၏ နက်မှောင်သော ဆံပင်များသည် နူးညံ့လှပသည်။ ကလေးဆန်လှသော အညိုရောင်မျက်လုံးအစုံသည် သူ့စိတ်၏ ရိုးသားဖြူစင်မှုကို ဖော်ပြနေကြသည်။ သူ့မျက်နှာသည် ချိုသာသိမ်မွေ့သည်။ ထောင်တွင်းဒုက္ခများနှင့် အစာရေစာ ဝအောင်မစားရမှုဒဏ်များကြောင့် ဖောသွပ်သွပ်ဖြစ်နေသော်လည်း နူးညံ့မှု၊ သိမ်မွေ့မှုနှင့် ရိုးသားဖြူစင်မှုများမှာ ပျောက်မသွားပေ။ ကိုယ်လုံး ကိုယ်ထည်မှာ သွယ်လျလျ ပိန်ပါးပါး။

သို့သော်လည်း ယောက်ျားလေးတစ်ယောက်သဖွယ် ကျစ်ကျစ်လျစ်လျစ် ရှိသည့် သူ့လက်များသည် ကျွမ်းကျင်လိမ္မာကြသည်။ အချုပ်အလုပ်ကောင်းကောင်းတတ်သည်။ လျှပ်စစ်ပညာရှင်တစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့ပါသည်။ အခုကျတော့လည်း သူသည် ဆိုးရွားလှသည့် ကံကြမ္မာ၏ဒဏ်ကို ခံနေရုံမှတစ်ပါး အခြားလုပ်စရာ ဘာမှမရှိ။



သူ့အသက်မှာ ဆယ့်ကိုးနှစ်မျှသာရှိသေး၏ အညှင်းပန်း အနှိပ်စက်ကို ပြင်းထန်စွာခံနေရသော်လည်းသူ့မျက်နှာတွင် အိုစာကျသွားသည့် အရိပ်လက္ခဏာများကို မမြင်ရ။ အဘယ်ကြောင့် ဟူမူ အသက်ရှင်လိုစိတ်ဖြင့် သူရင်ဆိုင်နေရသည့် ဆင်းရဲဒုက္ခအပေါင်းကို ကြံ့ကြံ့ခံကာ တွန်းလှန်နေခြင်းကြောင့်ပေတည်း။

ရှိဆာသည် ရှေ့စလက်ထောင်အတွင်း၌ ဒုတိယအကြိမ် သေမင်းနှင့် ရင်ဆိုင်နေရပြန်လေပြီ။

သို့သော်လည်း သေခြင်းတရားသည် သူ့အပေါ်သို့ ကျရောက်မလာချေ။ ဂျာမန်များက ရှိဆာကို အသက်မှ လွှတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ကြသည်။ လူတစ်ယောက်ကို သတ်ရာ၌ တစ်ကြိမ်သတ်၍ မသေပါက နောက်ထပ် ထိုလူအပေါ်၌ သတ်ပိုင်ခွင့်မရှိတော့ဟု ဂျာမန်များက ယူဆကြသည်။

အသက်ကို သတ်ပိုင်ခွင့်မရှိတော့ပါမူ ထိုလူ၏ ဘဝသည် ဂျာမန်များအတွက် စိတ်ဝင်စားစရာ ရှိပါဦးတော့မည်လော။ အကျိုးအမြတ်ရစရာကော ရှိပါဦးတော့မည်လော။

သို့ဆိုလျှင် သတ်ရခက်လောက်အောင် သေနိုင်ခဲသည့် လူအားရှင်

လျက်နှင့် သေသူဖြစ်ရောက်အောင် လုပ်ပေးရလျှင် မကောင်းပေဘူးလား။

ဤသို့ဖြင့် ရှီဆာအားနောက်တစ်ဖန်စစ်ဆေးရန်ဟူသော အကြောင်းပြချက်ဖြင့် စစ်ဆေးရေးအရာရှိရှေ့မှောက်သို့ ခေါ်လာသည်။ စစ်ဆေးရေးအရာရှိက ရှီဆာသည် ရှော့စလက်မြို့နှင့် ပတ်သက်၍ သူတို့သိလိုသမျှ အချက်အလက်များကို သိနေသည် ဟု လည်းကောင်း၊ ရုရှားနိုင်ငံနှင့် ပတ်သက်၍ သူတို့သိ သင့်သိထိုက်တာမှန်သမျှကို သိနေသည် ဟု လည်းကောင်း ယူဆသည်။

အမှန်တော့ ရှီဆာသည် အရာရာတိုင်းမသိ။ သူသိသမျှကိုလည်း ပြောမပြနိုင်။

ထိုအခါ ရှီဆာသည်စစ်ဆေးရေးအရာရှိက တိုက်သော 'မြူနှင်းဘီယာ' ကိုသောက်ရသည်။ စစ်ဆေးရေးအရာရှိကကျွေးသော ပူပူနွေးနွေး 'ဝက်အူချောင်းကြော်' ကိုစားရသည်။ စစ်ဆေးရေးအရာရှိကပေးသော 'ဝတ်စုံအသစ်'ကို ဝတ်ကြည့်ရသည်။ ဤညှော်ခံပွဲတွင် စစ်ဆေးရေးအရာရှိက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ပေးနေသူများမှာ အကျဉ်းသားများက 'အခြားကမ္ဘာမှ အရှင်သခင်များ'ဟု အမည်ပေးထားသည့် သူ့ တပည့်လက်ထောက်များဖြစ်ပေသည်။

ရှေးဦးစွာအပြည့်ထည့်ထားသော ဘီယာတစ်ပုလင်းယူလာပြီး ရှီဆာ၏ ရင်သားများနှင့်ဝမ်းဗိုက်ကို ပိုက်စိပ်တိုက်၍ ရိုက်သည်။ ဤနည်းဖြင့် ရှီဆာ၏ အနာဂတ်ဘဝတွင် မိခင်လောင်းဖြစ်နိုင်မည့် အလားအလာများနှင့် အခြေအနေ အရပ်ရပ်ကို ဖျက်ဆီးပစ်လိုက်သည်။

ထို့နောက်ရှီဆာ၏တစ်ကိုယ်လုံးကို သတ္တုပိုက်ဖြင့် နေရာအနှံ့ရိုက်ပြန်သည်။ ထိုအခါ ရှီဆာသည် သတိလစ်တစ်ချက် မလစ်တစ်ချက်ဖြစ်ကာ အသက်မျှင်းမျှင်း ကလေးမျှသာ ရှူရှိုက်နေနိုင်သည့် အဖြစ်သို့ ဆိုက်ရောက်သွားခဲ့၏။

ထို့နောက် ရှီဆာသည် 'ဝတ်စုံသစ်' တစ်စုံဝတ်ဆင်ကြည့်ရသည်။ သူ့တစ်ကိုယ်လုံးကို ဝိုင်ယာကြိုးများဖြင့် တင်းကျပ်စွာ အထပ်ထပ် ရစ်ပတ် ချည်နှောင်ခြင်း ခံရသည်။ တင်းကျပ်လွန်းသဖြင့် ဝိုင်ယာကြိုးများသည် ရှီဆာ၏အသားများ အတွင်းသို့ နစ်ဝင်ကာ အရိုးများကိုပင် ထိနေသည်။ ရှီဆာ၏ တစ်ကိုယ်လုံး သွေးအလိမ်းလိမ်းဖြစ်ကာ မြင်ရက်ကြည့်ရက် စရာပင်မရှိ။

သွေးများသည် ချွေးများဖြင့် ရောကာ တစ်ကိုယ်လုံး ရွှဲရွှဲစိုလျက်ရှိ၏။ ထိုအခါကျမှပင် ရှီဆာအား သယ်မကာ အလုံခန်း တစ်ခန်းအတွင်းရှိ သမံတလင်းပေါ်သို့ ပစ်ချထားလိုက်ကြသည်။ ရှီဆာကို ညှော်ခံလိုက်ရသဖြင့် စစ်ဆေးရေးအရာရှိနှင့် အခြားကမ္ဘာမှ အရှင်သခင်များဖြစ်သော သူ့တပည့် အာဏာ ပါးကွက်သားများသည် များစွာ ပင်ပန်းနွမ်းနယ် ကုန်ကြရလေသည်။

ဤအလုပ်များ ပြီးစီးသွားသည့်နောက်တွင် ဂျာမန်များအတွက် ဘာလုပ်စရာကျန်ပါသေးသနည်း။ အသက်ရှင်နေသေး သော ဤရုရှားအမျိုးသမီးလေးကို သူတို့လက်ထဲ ထိန်းသိမ်းထားနေ၍ မဖြစ်တော့။

ဆက်လက်ထိန်းသိမ်းထားမည်ဆိုပါက မိမိတို့ ဂျာမန်များ၏ ဆိုးဝါးသော တန်ခိုးအာဏာ ပမာဏနှင့် လူသားများအတွက် ဂျာမန်တို့ ချမှတ်ထားသော စနစ်သစ်ကြီး၏ သရုပ်သကန်ကို ဖော်ပြနေသည့် ပြဿနာတစ်ရပ် ဖြစ်လာချေတော့မည်။ ဤမြေပေါ်၌ ဂျာမန်စစ်သား အများအပြား ရောက်ရှိနေခြင်းသည် ကောင်းမှုအတွက် ဖြစ်ပါသည်ဟူသော စကားသည် မှန်ကန်ပါဦးမည်လော။

ရှော့စလက်ထောင်အတွင်းမှ ဂျာမန်စစ်ဆေးရေးအရာရှိသည် ဤပြဿနာကို အကြိမ်ကြိမ် အထပ်ထပ်စဉ်းစားသည်။ ဤပြဿနာအတွက် သူ့မှာ အခိုက်အတန့်မျှ ပျော်ရွှင်မှု ဆိတ်သုဉ်း

သွားရ၏။ ထို့နောက် ဟန်းစ်ဆိုသူကိုခေါ်ခိုင်းသည်။ ဟန်းစ်မှာ စစ်ကြီး မဖြစ်မီကတည်းက ရုရှားနိုင်ငံအတွင်း၌ နေထိုင်ခဲ့သူဖြစ်ပြီး ရုရှားလူမျိုးများအကြောင်းကို နောကျေအောင် နားလည်သူဖြစ်သည်။ ပြီးတော့လည်းဟန်းစ်သည် အမိန့်တစ်ခုပေးလိုက်လျှင် ဖြစ်သည့်နည်းဖြင့် အမြန်ဆုံးပြီးမြောက်အောင် အကောင်အထည်ဖော်တတ်သူတစ်ဦးမဟုတ်ပါလား။

ဟန်းစ်ရောက်လာသည့်အခါ စစ်ဆေးရေးအရာရှိက ဗော့ဒ်ကါ အရက်ယူခိုင်းသည်။ ထို့နောက် လူတစ်ယောက်က အရှင်မဟုတ်၊ အသေမဟုတ်သည့် ဘဝမျိုးရောက်အောင် လုပ်နိုင်မည့် အကောင်းဆုံးသော နည်းလမ်းကို မေးသည်။

'မရှိဘူးခင်ဗျ'

စစ်ဆေးရေးအရာရှိ မေးလိုက်သည့်မေးခွန်း၏ အဓိပ္ပာယ်ကို ချက်ချင်း နားလည်သော ဟန်းစ်က ချက်ချင်းအဖြေပေးသည်။

စစ်ဆေးရေးအရာရှိသည် အရက်တစ်ခွက်ကို မော့လိုက်သည်။ သူ့စိတ်သည် ပေါ့ပါးသွားသည်။ ဟန်းစ်အား ရှိဆာ၏အခန်းသို့သွား၍ ရှိဆာသေ၊ မသေ ကြည့်ရန် အမိန့်ပေးသည်။

ဟန်းစ်က ခိုင်းသည့်အတိုင်း သွားကြည့်ပြီး ပြန်လာသည်။ ရှိဆာသည် အသက်ရှူလျက်ပင် ရှိနေသည်။ ယခုအိပ်ပျော်နေသည်။ အိပ်ပျော်နေလျက်ကပင် ပြုံးနေပါသည်ဟု သတင်းပို့သည်။

ထိုအခါ စစ်ဆေးရေးအရာရှိသည် ရှိဆာအားလွှတ်ပေးလိုက်ပြီး လူအများမြင်အောင်သိအောင် ပြသပေးခြင်းဖြင့် ဤမြို့နှင့် ဤနယ်မှ လူအများက မိမိတို့အား ကြောက်ရွံ့ခဲ့ညားလာအောင် လုပ်မှဖြစ်မည်။ ထိုစိတ်ကူးအတိုင်း လုပ်မည်ဆိုပါမူ ရှိဆာအား ရှင်လျက်နှင့် သေသူတစ်ဦး အဖြစ်သို့ ဘဝပြောင်းသွားစေသင့်သည်ဟု သူထင်သည်။

တကယ်တော့ လူသေအလောင်းကောင်သည်လူအများကို ကြောက်ရွံ့ခန့်ညားအောင် မလုပ်နိုင်။ သတ်ပစ်လိုက်၍သေသွားပြီဆိုပါကထိုလူသေကောင်ကို လူအများကကြည့်ကာ မိမိတို့ဂျာမန်များအား ကြောက်ရွံ့ခန့်ညားကြပါမည်လော။ ဘယ်နည်းနှင့်မှ မဖြစ်နိုင်။ လူသေကောင်အပေါ်တွင် လူအများက သနားကရုဏာသက်ကာ ဂျာမန်များအပေါ် အမုန်းသာပွားလာ စရာရှိသည်။

''ကျွန်တော်တို့သူ့ကို အရှင်တစ်ဝက်၊ အသေတစ်ဝက်ဖြစ်သွားအောင်လုပ်ချင်တာပဲမဟုတ်လား'' ဟု ဟန်းစ်ကမေးသည်။

''ကျွန်တော် သူ့ကိုစိတ်တစ်ဝက်သေသွားအောင် လုပ်ပေးလိုက်မယ်လေ''

''စိတ်တစ်ဝက် သေသွားအောင် ဆိုတာဘာလဲ''

ဟု စစ်ဆေးရေးအရာရှိက ပြန်မေးသည်။

''သူ့ခေါင်းကအရိုးနဲ့ဆိုင်တဲ့ကိစ္စပါ''

ဟန်းစ်က သူ့ခေါင်းတစ်နေရာကို လက်ညှိုးနှင့်ထောက်ပြီး ပြောသည်။

''ကျွန်တော်မွေးစကလေးတွေရဲ့ငယ်ထိပ်ကို လက်နဲ့နှိပ်ပြီး ပြုပြင်ပေးခဲ့ဖူးပါတယ်။ ဒါပေမဲ့ အခုရှိဆာကတော့ လက်နဲ့ပြုပြင်လို့ရမှာမဟုတ်ဘူး။ ကျွန်တော့်လက်ထဲမှာ ခပ်လေးလေး ခပ်မာမာ အရာဝတ္ထုတစ်ခုကိုင်ထားဖို့ တော့လိုလိမ့်မယ်''

''သူ သေသွားမှာပေါ့''

''မသေပါဘူး'' ဟန်းစ်က အာမခံသည်။

''ကျွန်တော် ကျွမ်းကျင်တဲ့ အလုပ်ပဲ၊ သူမသေစေရပါဘူး''

ထိုအခါ စစ်ဆေးရေးအရာရှိက ဟန်းစ်အားသူတင်ပြသည့်အတိုင်း လုပ်တော့ဟု အမိန့်ပေးလိုက်လေသည်။

ဤတွင် ဟန်းစ်သည် ရှိဆာအား သူ့စိတ်တိုင်းကျကိုင်တွယ်သည် အထူးသဖြင့် ရှိဆာ၏ ဦးခေါင်းကို သဘောကျပြုပြင်ခဲ့လေရာ အရူးမလေးဘဝသို့ ရောက်သွားခဲ့၏။ ရှိဆာအား ဂျာမန်စစ်အာဏာပိုင်တို့က ရော့ စလက်



**ရှိဆာသည် အရာရာတိုင်းကို အရင့်အရင်က မြင်သလိုပင် မြင်သည်။ မြေကြီးများ၊အိမ်များနှင့် လူများ။ သို့သော်လည်း သူ့ မျက်စိဖြင့် မြင်နေသမျှအရာအားလုံးကိုသူနားလည်နိုင်စွမ်းမရှိ။ သူမြင်နေသမျှအရာအားလုံးကို ကြောက်စိတ် လွှမ်းမိုးနေသော နှလုံးသားဖြင့်သာ...**

ထောင်မှ လွှတ်ပေးလိုက်ကြရာ ရှိဆာသည် ရော့စလက်မြို့တွင်းရှိ လမ်းများပေါ်တွင် တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်သွားလျက်ရှိ၏။

သူ၏ လှပသောမျက်နှာပေါ် ဝယ်ချမ်းသာသုခနှင့်ပြည့်စုံသော ရုက်ပြုံးကလေး ထင်ဟပ်နေသည်။ သူ့အကြည့်မှာ မှုန်မှိုင်းရီဝေလျက်ရှိ၏။ လောကကြီးကို ဥပေက္ခာပြုသည့် သဘောပါလျက်ရှိ၏။

သူ့မျက်လုံးများသည် တစ်လောကလုံးကို အိပ်ချင်မူးတူး အကြည့်မျိုးဖြင့် ကြည့်နေခြင်း။ ရှိဆာသည် အရာရာတိုင်းကို အရင့်အရင်က မြင်သလိုပင်မြင်သည်။ မြေကြီးများ၊အိမ်များနှင့် လူများ။ သို့သော်လည်း သူ့ မျက်စိဖြင့် မြင်နေသမျှအရာအားလုံးကို သူနားလည်နိုင်စွမ်းမရှိ။ သူမြင်နေသမျှအရာအားလုံးကို ကြောက်စိတ်လွှမ်းမိုးနေသော နှလုံးသားဖြင့်သာ ကြည့်လျက် ရှိလေသည်။

ရှိဆာ၏ ပုံပန်းမှာ အိပ်မက် ရှည်ကြီးတစ်ခုမက်နေသည့် နှယ်ရှိသည်။ ဝိုးတဝါးဖြစ်နေသော သူ့ မှတ်ဉာဏ်ထဲတွင်အရာရာတိုင်း သည် မရေရာ။ အရာရာတိုင်းသည် ကြောက်စရာမဟုတ်။ အရာရာတိုင်းကို သဘောပေါက် နားလည်သလိုတော့ရှိ၏။ ထိုအချိန်မျိုးတွင် ရှိဆာသည် လူတိုင်းနှင့် အရာရာတိုင်းကို ပြုံးရယ်ပြီး နှုတ်ဆက်သည်။ သူ့ အသိဉာဏ်ကို နိုးထလာစေချင်သောဆန္ဒဖြင့် သူ့လက်၊ သူ့ခြေ၊ သူ့ပါးစပ်များကို လှုပ်ကြည့်သည်။ ပြီးတော့ ပြေးကြည့်သည်။ သို့သော်လည်း အိပ်မက်ကတော့ သူနှင့် ထက်ကြပ်မကွာလိုက်နေဆဲ။ တောင့်တင်းမာ ကျောလျက်ရှိသော စိတ်ကလည်း နိုးကြွရှင်သန်လာခြင်းမရှိ။

ရှိဆာသည် ထူးဆန်းသော အိမ်တစ်အိမ်အတွင်းသို့ဝင်သည်။ အကောင်းဆုံးသော အခန်းတစ်ခန်း အတွင်းရှိ မယ်တော်မာရီ ရုပ်တုရှေ့၌ ထိုင်၍ ဝတ်ပြုနေသော အဘွားအိုတစ်ဦးကို တွေ့သည်။

"ရှိဆာ ဘယ်မှာလဲ" ဟု ရှိဆာက မေးသည်။

သူ့ကိုယ်သူ ဘယ်သူ ဘယ်ဝါ မှန်းမသိဖြစ်နေသော ရှိဆာသည် အသက်ရှင်နေသော ရှိဆာကို မြင်လို တွေ့လိုသည်။

"ဘယ်ရှိဆာလဲဟဲ့" ဟု အဘွားအိုက မေးသည်။

"ရှိဆာ ဆိုတာ သူပေါ့"

ဟု ရှိဆာကအလွန်သိမ်မွေ့နူးညံ့သောလေသံဖြင့် ရေရွတ်သည်။

အဘွားအိုက သူ့မျက်နှာကို ဖျတ်ခနဲမော့ကြည့်သည်။

"ရှိဆာဆိုတာ ဒီမှာမရှိဘူး။ ညည်းရှိဆာကို ဂျာမန်တွေဆီ သွားမေးပေါ့အေ၊ ဒီကောင်တွေ ဆီမှာ သူတို့ဖမ်းထားတဲ့ လူအားလုံးနဲ့ ပတ်သက်တဲ့ သန်းခေါင် စာရင်းရှိနေတာပဲ"



"ရှင် တော်တော်ဆိုးတာပဲ၊ အလကားနေရင်း စိတ်တိုနေတယ်"

ဟု ရှီဆာက အပြစ်တင်သည်။

"ရှီဆာ မသေဘူး၊ သူ့အတွေး ထဲ လျှောက်သွားနေတယ်၊ မကြာ ခင် ဒီကိုပြန်ရောက်လာမှာ"

အဘွားအိုက အဝတ်အစား စုတ်စုတ်ပြတ်ပြတ် ပေပေရေရေ နှင့် လူလုံးမလှ ဖြစ်နေသော ရှီဆာ ကို အနားသို့ကပ်၍ ကြည့်သည်။

"လာ… လာ… ဒီမှာထိုင်၊ အဘွားနဲ့လာထိုင်လှည့်"

ရှီဆာက ဝင်ထိုင်သည်။ အဘွားအိုက ရှီဆာ့အနီးသို့လာ၍ အဝတ်များကို ကိုင်ကြည့်သည်။

"ဖြစ်မှဖြစ်ရပလေ၊ သူတောင်း စားမကလေးပါလား၊ သနားစရာ ကွယ်"

ဟု အဘွားအိုက ရေရွတ်ပြီး မျက်ရည်ကျသည်။

သူ မျက်ရည်ကျခြင်းမှာ သူ့ အကြောင်းနှင့်သူဖြစ်၏။ အဘွား အိုချင်ခများမှာလည်းဝမ်းနည်းစရာ အကြောင်းရှိသည်။ ရှီဆာကိုမြင် တော့ ထိုဝမ်းနည်းစရာကို သတိ ရပြီး မျက်ရည်ကျခြင်း။

အဘွားအိုက ရှီဆာ၏ကိုယ် ပေါ်မှ အဝတ်များကို ချွတ်ပေးပြီး ထောင်ထဲမှပေကျံလာသည့် အညစ် အကြေးများကိုဆေး ကြောသန့်စင် ပေးသည်။ ဒဏ်ရာများကို ပတ် တီးစည်းပေးသည်။ ထို့နောက် သူငယ်စဉ်က ဝတ်ခဲ့သောအဝတ် ဟောင်းတစ်စုံကို ဝတ်ပေးသည်။ သူ့တွင်ရှိနေသည့် အစားအစာ များထဲမှ အကောင်းဆုံးများကို ချကျွေးသည်။

ရှီဆာသည် အဘွားအိုပြုစု သမျှတွင် သာယာပုံမရ။ ထိုနေ့ ညနေခင်းတွင် ကြင်နာ သနား တတ်သော အဘွားအိုအိမ်မှ ရှီဆာ ထွက်သွားသည်။ သူသည် ရှော့ စလက်မြို့စွန်အထိ လျှောက်သွား ပြီး ထွက်ပေါက်ရှာမတွေ့သဖြင့် ပြန်လှည့်လာကာမြို့တွင်း ရှီလမ်းမ များပေါ် တလည်လည် ဖြစ်နေ ပြန်၏။

ထိုညတွင် ဂျာမန်ကင်းလှည့် တပ်စုက ရှီဆာအားဖမ်း၍ တပ် ခွဲမှူးရုံးသို့ ပို့သည်။ ရှီဆာကို စစ် ဆေးမေးမြန်းကြသည်။ နောက် တစ်နေ့မနက်တွင် ရှီဆာ၏ကိုယ် ပေါ်မှ လှပသောအဝတ်နှင့် ပတ္တူ ဖိနပ်များကို ချွတ်ယူထားလိုက်ပြီး ပြန်လွှတ်လိုက်သည်။ ရှီဆာ၏ ကိုယ်ပေါ်တွင် တခြားအကျဉ်းသား တစ်ဦးထံမှ ချွတ်ယူထားသော အဝတ်နက် အဟောင်းတစ်ထည် ဝတ်ပေးလိုက်ကြသည်။ ရှီဆာက မည်သူက အစာကျွေး၍ မည်သူ က အဝတ်ပေးလိုက်သည်ကို သူ တို့ မေး၍မရ။ ရှီဆာကလည်း ပြော မပြတတ်။

နောက်တစ်နေ့ ညနေခင်းတွင် ရှီဆာကို တပ်ခွဲမှူးရုံးသို့ ခေါ်လာ ခဲ့ကြပြန်သည်။ အခု တစ်ကြိမ် တွင်မူ ရှီဆာသည် ကုတ်အင်္ကျီ တစ်ထည် ဝတ်ထားသည်။ ခေါင်း တွင် ပဝါတစ်ထည်စည်းထား သည်။ အစားအစာ ဝဝလင်လင် စားသောက်လာခဲ့ပုံလည်း ရ၏။ သူ့မျက်နှာသည် မနေ့ကထက်ပင် ပို၍ လန်းဆန်းလျက်ရှိသည်။ ယခု အချိန်ထိ အသက်နှင့် ကိုယ်မြဲနေ သေးသော ရှီဆာကို မြို့သူမြို့သား များသည် ချစ်ခင်တွယ်တာနေကြ သည်မှာ ထင်ရှားနေပြီ။ တယုတယ နှင့် ကျွေးမွေးစောင့်ရှောက်နေသည် မှာလည်းထင်ရှားနေပြီ။ တကယ်

တော့ ရှိဆာသည် အဖိအနှိပ်ခံများအတွက် သူ့ရဲကောင်းပင်ဖြစ်နေပြီ။

ရှိဆာကတော့ ဒါတွေကို နားလည်သည်မဟုတ်။ သူ့ဆန္ဒမှာ ဤမြို့၏ အပြင်သို့ထွက် သွားရန်သာဖြစ်သည်။

သူသွားချင်သောနေရာသည် သူမြင်နေရသည့် ကောင်းကင်ပြာပြာအတွင်း၌ ရှိနေလေသလား။

ထိုနေရာသည် သန့်ရှင်းသည်၊ စင်ကြယ်သည်၊ ကျယ်ကျယ်ပြန့်ပြန့်ရှိသည်။ သူ့ရှေ့တွင်မှု မဆုံးနိုင်သော ခရီးရှည်ကြီးတစ်ခု။

သူခဲယဉ်းပင်ပန်းစွာစဉ်းစားနေရသော ရှိဆာ၊ သူ တတမ်းတတဖြစ်နေသော ရှိဆာ၊ ရှိဆာသည် သူ့ရှေ့မှ လျှောက်သွားလျက်ရှိသည်ထင်၏။ ရှိဆာကပင် သူယခင်က နေထိုင်ခဲ့ဖူးသောနေရာသို့ ခေါ်သွားလေမလား။

ထိုနေရာသည်နောက်ကျို ရှုပ်ထွေးလျက်ရှိသော သူ့ဦးခေါင်း ကြည်ကြည်လင်လင် ပြန်ဖြစ်သွားမည့်နေရာ။ သူသိကျွမ်းခင်မင်ခဲ့ဖူးသူများ နေထိုင်လျက်ရှိသော နေရာ။ အခုဆိုလျှင် သူသည် သူတို့တစ်တွေနှင့် ကင်းကွာနေရ၏။ သူတို့ကို မှတ်မှမှတ်မိပါဦးတော့မည်လော။

ရှိဆာသည် လယ်ကွင်းများဆီသို့ သွားရာလမ်းကို မမှတ်မိ။ ထို့ကြောင့် သူ့ကိုလယ်ကွင်းများရှိရာဆီသို့ ပို့ပေးပါဟု လမ်းသွား လမ်းလာများအား အသနားခံသည်။ သို့သော်လည်း လမ်းသွားလမ်းလာများက သူ့ကို သူတို့ အိမ်များဆီသာ ခေါ်သွားကြပြီး အစာကျွေးသည်။ တယုတယ ပြုစုသည်။ အိပ်စက်နားနေနိုင်းသည်။ ရှိဆာကလည်း လူတိုင်း၏ စကားကို နားထောင်သည်။ လိုက်နာသည်။ခိုင်းသည့်အတိုင်း လုပ်သည်။ ထို့နောက် သူ့ကို ကျယ်ဝန်းပြန့်ပြူးသော လယ်ကွင်းများဆီသို့ ပို့ပေးပါဟု ပြောသည်။

သူငယ်လေးတစ်ဦးက ရှိဆာပြောသည့်အတိုင်း လုပ်ပေးသည်။ သူငယ်က ရှိဆာ၏လက်ကိုဆွဲ၍ အဝေးပြေးကားလမ်းမ ကြီးဘေးတစ်လျှောက်ရှိ လယ်ကွင်းများဆီသို့ ပို့ပေးသည်။ ထိုနေရာမှစ၍ ရှိဆာသည် တစ်ယောက်တည်း ဆက်လျှောက်လာခဲ့၏။ ဤသို့ဖြင့်ရှိဆာသည် လမ်းမကြီးဘေးတစ်နေရာရှိ ဂျာမန်စစ်သား နှစ်ယောက် ရပ်နေသော ကင်းတပ်သို့ ရောက်သွားသည်။ သူသည် စစ်သားနှစ်ယောက်ရှေ့တွင် ရပ်လိုက်၏။

"ဒီမယ် ဟန်းစ်၊ ရှင် ကျွန်မကို နောက်တစ်ကြိမ်သတ်ဦးမလို့လားဟင်" ဟု ရှိဆာက မေးသည်။

"အရူးမ"

ဟု ဂျာမန်စစ်သားတစ်ဦးက ရုရှားဘာသာဖြင့် အော်သည်။ နောက်တစ်ဦးက ရှိဆာ၏ကျောကို သေနတ်ဒင်ဖြင့် ဆောင့်သည်။


ရှိဆာသည် ကြောက်လန့်တကြားဖြစ်ကာ သူတို့ရှေ့မှ တရှိန်ထိုး ထွက်ပြေးသည်။ လယ်ကွင်းများပေါ်ရှိ မြက်ပင်ကြီးနှင့် ချုံပင်ချုံနွယ်များကြားမှ ဖြတ်၍ မရပ်မနား ဆက်ပြေးသည်။ ဂျာမန်စစ်သားနှစ်ယောက်သည် ရှိဆာပြေးထွက်သွားရာဘက်သို့ မျက်ခြေမပြတ် လိုက်ကြည့်နေကြ၏။

မိုင်းများမြှုပ်ထားသည့် မြေပေါ်၌ အမောတကောပြေးသွားနေသည့် ရှိဆာကိုကြည့်ကာ အံ့အားသင့်နေကြသည်။ ထိုခဏအတွင်းမှာပင် အုန်းခနဲပေါက်ကွဲသံကြီးတစ်ချက်ကို ကြားလိုက်ရပြီး ကောင်းကင်ဆီသို့ ပွင့်အန်ထွက်လာသော မြေစိုင်မြေခဲများကို မြင်လိုက်ကြရလေ၏။

■ မောင်ထွန်းသူ

အားကိုးယုံကြည် မြန်မာ့အာမခံ


MAUNG NOE



“ဒီနာမည်နဲ့ ငွေလွှဲလေးများ ရောက်လား ကြည့်ပေးပါဦး… ငါ့တူ”

လူကြီးတစ်ယောက် မှတ်ပုံတင်လေးကို အိတ်ထဲမှထုတ်၍လာချသည်။

“ဟုတ်ကဲ့‥ ကြည့်ပေးမယ် ခင်ဗျာ”

နာမည်က ဦးကြည်နိုင်တဲ့။ နေ့စဉ်ငွေလွှဲ အဝင်မှတ်တမ်းစာအုပ်တွင် ရှာပေးလိုက်သည်။ ထိုနာမည်တော့မတွေ့။

“ဦးလေး မရောက်သေးပါဘူး ခင်ဗျာ”

မှတ်ပုံတင်အား ပြန်ပေးရင်း ဖြေလိုက် သည်။

“သေချာပြန်ကြည့်ပေးပါဦး ငါ့တူရယ်… ဦးလေးသားကြီးက မနက်က လွှဲထားတယ်ပြောတယ်”

“ဪ‥ ဟုတ်လား”

နာရီကိုကြည့်လိုက်တော့ ၂ နာရီခွဲနေပြီ။ ကျွန်တော် နောက်တစ်ကြိမ် သေချာပြန်ရှာ ပေးလိုက်သော်လည်း မတွေ့။

“ဒါနဲ့ ဦးလေးသားက ဘယ် မြို့က လွှဲမယ်ပြောလဲ”

“ဆယ်စင်းက လွှဲမယ်ပြောတာပဲ ငါ့တူရဲ့”

“ဒါဆိုတစ်ခုခုတော့မှားနေပြီ ဦးလေး ဆယ်စင်းမှာ ဘဏ်မရှိဘူးဗျ”

“ဪ…ဟုတ်လား ဒုက္ခတော့ရောက်ပါပြီ ငါ့တူရာ။ အငယ်ဆုံးသားလေး နေမကောင်းလို့ သားကြီးက ဆေးဖိုးငွေပို့ပေးတာ။ အမှန်အတိုင်းပြောရရင် ဦးလေးမှာ အပြန်စရိတ်တောင် မကျန်တော့ဘူး။

ဦးလေးက မင်းကင်းမြို့နယ် ကြာပင်ရွာကလာခဲ့တာ။ လမ်းက မကောင်း ဆိုင်ကယ်ကမကောင်းနဲ့ တော်တော်လေး ဒုက္ခရောက်ပါတယ် ငါ့တူရယ်"

စိတ်ဓာတ်ကျနေသော လေသံဖြင့် ပြောနေသော ဦးကြည်နိုင်အား သေချာကြည့်လိုက်တော့ ခေါင်းကဆံပင်တွေဖြူနေပြီ။ အင်္ကျီနွမ်းနွမ်းလေးနှင့် ပုဆိုးကို တိုတိုဝတ်ထားသည်။ ခန္ဓာတစ်ခုလုံးလည်း ရွှံ့တွေပေလို့။ မိုးတွင်းဆိုတော့ တောင်တွင်းဒေသရဲ့ လမ်းတွေကမကောင်း။ တချို့နေရာတွေဆိုလျှင် ဆင်း၍တွန်းရသည်။ ဒါကြောင့်လည်း ရွှံ့တွေပေနေတာဖြစ်မည်။

ဦးကြည်နိုင်ကိုမြင်လိုက်တော့ မဆီမဆိုင် ကျွန်တော့်အဖေကို ပြေးပြီး သတိရမိသည်။ အဖေရဲ့ မွေးရပ်ဇာတိကတော့ မြင်းခြံနယ်ဘက်ကပါ။ ဒါပေမဲ့ မြစ်သားမြို့နယ် လမ်းခွရွာမှာ ကျွန်တော် ငယ်ငယ်လေးကတည်းက နေခဲ့ပါသည်။ အဖေက ပညာမတတ်ပေမဲ့ ဘဝပေးအတွေ့အကြုံတွေနှင့် ခက်ခက်ခဲခဲ ရုန်းကန်လှုပ်ရှားခဲ့ရတဲ့ ပတ်ဝန်းကျင်အတွေ့အကြုံတွေအရ လူဘောင်၊ လူ့စည်းကမ်း၊ လူ့ကျင့်ဝတ်တွေကို ကောင်းကောင်းနားလည်သူတစ်ယောက်ပေါ့။ ရုံးဌာနတွေဆို သွားလေ့သွားထမရှိတော့ မသွားချင်ဘူးဆိုပဲ။ အဲ့ဒါကတော့ အဖေ့ရဲ့အားနည်းချက်တစ်ခုပေါ့။

အဖေကပြောဖူးသည်။

"ငါ့သားရေ အပြင်သွားရင် သတိလေးနဲ့ သွားလာနော်… ပြဿနာတစ်စုံတစ်ရာ မဖြစ်စေနဲ့။ အဖေတို့က ရဲစခန်းတို့ အချုပ်ခန်းတို့မပြောနဲ့ ဌာနဆိုင်ရာရုံးတွေ တောင် ကောင်းကောင်းရောက်ဖူးတာ မဟုတ်ဘူး" တဲ့။

အဖေပြောတာမှန်ပါသည်။ ကေတီဗီတို့ မာဆပ်တို့ မပြောနှင့် စတိုးဆိုင်ကြီးကြီးမားမားတောင် မရောက်ဖူးတဲ့အဖေက သားသမီးများ၏ ပညာရေး၊ စားဝတ်နေရေး အတွက်ဆိုရင် ဘယ်အလုပ်ကိုမဆို မရှက်မကြောက်ဘဲ ရိုးရိုးသားသား လုပ်ကိုင်ရှာဖွေကြွေးခဲ့သူ တစ်ယောက်ပါ။ စိတ်ဆင်းရဲစရာတွေဆို အငယ်ဆုံးသားမို့ အသိမပေးဘဲ တိတ်တိတ်လေးဖြေရှင်းတတ်တဲ့ အဖေ။ ကျွန်တော့်အတွက်တော့ အဖေက သူရဲကောင်းတစ်ယောက်ပါ။

ကျွန်တော် မန္တလေးတက္ကသိုလ်မှာဘွဲ့သွားယူတုန်းကပေါ့။ တခြားသူတွေလို အိမ်စီးကားစင်းလုံး မငှားနိုင်လို့ တွေ့တဲ့လိုင်းကားကို တားစီးရ၏။ ဖြစ်ချင်တော့ မိတ္ထီလာကလာတဲ့ ကြက်သွန်နီအိတ်တွေ တင်ခဲ့တဲ့ကားတစ်စီးပဲ ရပ်ပေးသည်။ တခြားကားတွေက အဝေးပြေးကားတွေဆိုတော့ ရပ်မပေးကြပေ။ နောက်ကားတစ်စီးနှင့် လိုက်ကြမလားလို့ အဖေကိုပြောတော့…

"သားက ဘွဲ့ယူရမှာဆိုတော့ အရေးကြီးပါတယ် သားရယ်။ နောက်ကျသွားလိမ့်မယ်၊ ရှေ့ခေါင်းခန်းကလည်း နှစ်ယောက်ပဲ လိုက်လို့ရမှာဆိုတော့ သားနဲ့ သားမေမေပဲ စီးလိုက်ပါ"

"မဟုတ်တာ အဖေရယ်… အဖေနဲ့ အမေပဲ ခေါင်းခန်းထဲက စီးလိုက်ပါ"

ကျွန်တော့်အပြောကို အဖေက လက်မခံပါ။

"သားက ဘွဲ့ယူရမယ့်သူဆိုတော့ အင်္ကျီအဖြူလေးတွေ ပေလို့ မဖြစ်ဘူး သားရဲ့"

ပြောပြောဆိုဆို ကားတံခါးကိုဖွင့်ပြီး အတင်းတက်ခိုင်းတော့သည်။ ပြောလို့ရမှာမဟုတ်ဘူးဆိုတာ ကျွန်တော်သိပါသည်။ ကျွန်တော်တို့ငယ်ငယ်ကတည်းက ဘာမဆို သားသမီးတွေကိုပဲ ဦးစားပေးခဲ့တဲ့ အဖေ။ စားစရာရှိရင် သားသမီးတွေကို အရင်ကျွေးပြီး ကျန်သလောက်နဲ့စားတဲ့ အဖေ။ ပုဆိုးအသစ်လေးတွေဆို မဝတ်ရက်လို့ ကျွန်တော့်ကို အရင်ပေးဝတ်ခိုင်းပြီး ဟောင်းပြီဆိုမှ ယူဝတ်တဲ့အဖေပဲလေ။ အခုလည်း ကားနောက်ထဲက ကြက်သွန်နီအိတ်တွေ အပြည့်နှင့်ဆိုတော့ အဖေဘယ်လိုလိုက်ခဲ့ရလဲ သိချင်စိတ်နဲ့ ကျွန်တော်

အသာလေး နောက်ပြန်လှည့်ကြည့်လိုက်တော့·· ခြေတစ်ဖက်စာပဲ ချစရာရှိတဲ့ ခြေတက်ခုံလေးမှာ ရပ်ပြီး ခေါင်မိုးကို လက်က မြဲမြဲ ကိုင်လို့ လိုက်လာရသည်လေ။ စိတ်မကောင်းဖြစ်ရသည် အဖေ။

ဘွဲ့နှင်းသဘင်ခန်းမတွင် မိသားစုလိုက် ဓာတ်ပုံရိုက်သူတွေကရိုက်နှင့် စည်ကားလို့နေသည်။ ကျွန်တော်တို့ရောက်တာနည်းနည်း နောက်ကျသွားသည် ထင်၏။ ခန်းမအတွင်းသို့ နေရာယူကြရန်ပင် ကြေငြာနေပြီ။ ဘွဲ့ယူမည့် ကျောင်းသားနှင့်ပါလာသည့် ကျောင်းသားမိဘတို့က တစ်နေရာဆီထိုင်ရမည်တဲ့။ ဘွဲ့နှင်းသဘင်ခန်းမ၏ ဧည့်သည်တော်ထိုင်ခုံတွေမှာ ထိုင်နေသည့် ရွှေရောင်တလက်လက်နှင့် တန်ဖိုးကြီး အသုံးအဆောင်တွေ ဆင်မြန်းထားတဲ့ လူကုံထံတွေအကြား၊ ပညာရေးထက် ဂုဏ်ပကာသနတွေကို ဦးစားပေးနေတဲ့ လူ့အသိုင်းအဝိုင်းတွေကြားမှာ အဖေနဲ့အမေ နေသားမကျဖြစ်နေမှာ သေချာသည်။ ဘာပဲပြောပြော အဖေနဲ့ အမေ မျက်နှာငယ်မှာကိုတော့ စိုးရိမ်မိသည်။

×××××××××

ကိုယ့်နာမည်ကြေညာ၍သာ ဘွဲ့တက်ယူလိုက်ရသည်။ ဘာမှန်းတောင်မသိလိုက်။ ဘွဲ့နှင်းသဘင် အခမ်းအနားပြီးဆုံးကြောင်း



ကြေငြာလိုက်သည်နှင့် အပြင်သို့ အမြန်ထွက်လိုက်သည်။ တိုက်ပုံအင်္ကျီကို ပုခုံးပေါ်တင်လို့ထွက်လာသည့် အဖေနဲ့ အမေကိုတွေ့မှ စိတ်အေးသွားရသည်။

"အဖေတို့ နေရာရော ရရဲ့လား··· သားဘွဲ့တက်ယူတာကိုရော မြင်လိုက်ရရဲ့လား"

"နေရာရပါတယ် သားရဲ့၊ သားတက်ယူတာကိုလည်း မြင်လိုက်ပါတယ်။ သားက ဘွဲ့ဝတ်စုံနဲ့ အရမ်းခန့်တာပဲ"

သားရဲ့ တစ်သက်မှာတစ်ခါ ယူရတဲ့ဘွဲ့ယူပွဲဖြစ်လို့။ သားဘွဲ့ရပညာတတ်ကြီးဖြစ်ဖို့ မျှော်လင့်ထားတဲ့ အမေ့ရဲ့အကြီးမားဆုံး ရည်မှန်းချက်ကြောင့်သာ လိုက်ခဲ့ရပေမယ့် ဘယ်လောက်စိတ်ကျဉ်းကျပ်နေလဲဆိုတာ သားသိပါတယ် အဖေ။

"ငါ့တူရေ·· ငါ့တူ ဦးလေးကို ကူညီပါဦးနော်"

အဖေအကြောင်းစဉ်းစားနေတာ ဦးကြည်နိုင် အသံကြားမှ ပြန်သတိဝင်သည်။

"ဦးလေးမှာ လက်ကိုင်ဖုန်းပါခဲ့လား။ ငွေလွှဲပေးလိုက်တဲ့ ဦးလေးသားကို ဖုန်းခေါ်ကြည့်ပါလား။ ဘယ်မြို့က ငွေလွှဲခဲ့သလဲလို့"

"ဖုန်းမပါခဲ့ဘူး ငါ့တူရဲ့·· သားကြီးက ဦးလေးတို့အိမ်နားက ဖုန်းကိုဆက်တာ ဦးလေးလည်း တစ်ခါမှ ဘဏ်မှာငွေမထုတ်ဘူးတော့ ဘယ်ကလွှဲသလဲဆိုတာ မမေးလိုက်မိဘူး"

"ဒါဆို ဦးလေးရဲ့သား ဖုန်းနံပါတ်တော့ရှိလား"

"ရှိတယ် ငါ့တူ··· ရော့"

အားရဝမ်းသာဖြင့် စာရွက်

အပိုင်းလေးအားထုတ်ပေးသည်။

ကျွန်တော်လည်း ဦးကြည်နိုင်ပေးလိုက်သောခဲတံဖြင့် မထင်မရှားရေးသားထားသည့် ဖုန်းနံပါတ်အား ကျွန်တော့်လက်ကိုင်ဖုန်းဖြင့် ခေါ်လိုက်သည်။ တော်တော်နှင့်မကိုင် ရွှေမော်တွင် အလုပ်လုပ်ရသည်ဆိုတော့ မအားလို့ဖြစ်နိုင်သည်။ သုံးလေးခါခေါ်မှ ကိုင်တော့သည်။ ကျွန်တော်ထင်ထားသည့်အတိုင်း ဆယ်စင်းတွင်ရှိသောရွှေဆိုင်တွေမှတစ်ဆင့် မန္တလေးတွင်ရှိသော ရွှေဆိုင်သို့ ငွေချိန်းပေးမည်။ ၎င်းရွှေဆိုင်မှ စီးပွားဘဏ်၊မန္တလေး (၁) သို့သွား၍ ငွေလွှဲပေးမည်တဲ့။ မလွှဲသေး၍ဖြစ်မည်။ ရုံးချိန်မှီအောင်မြန်မြန်ငွေသွားလွှဲဖို့ ပြောခိုင်းရသည်။

"ငါ့တူ ဘာတဲ့လဲ၊ အဆင်ပြေလား"

ဦးကြည်နိုင် ထိုင်နေရာမှ ထ၍ သိချင်စိတ်ဖြင့် လှမ်းမေးသည်။

"ဟုတ်‥ အဆင်ပြေပါတယ်ဗျ‥ ခဏစောင့်ပါဦးနော်"

"ရုံးက ဘယ်အချိန်ပိတ်တာလဲ ငါ့တူ"

"၃ နာရီ ပိတ်တာဗျ"

"၃ နာရီထိုးဖို့ မိနစ်နှစ်ဆယ်ပဲလိုတော့တာဆိုတော့ ရပါဦးမလားကွယ်"

ဦးကြည်နိုင်၏ စိုးရိမ်စိတ်ဖြင့် အမေးအား အသေးစိတ်ရှင်းပြနေလျှင်လည်း နားလည်မည်မဟုတ်သဖြင့် မန်နေဂျာကြီးအား အကျိုးအကြောင်းတင်ပြလိုက်သည်။ အကျိုးအကြောင်းသိရသော မန်နေဂျာကြီးမှာ ချက်ချင်းဆိုသလို မန္တလေး(၁) ကို ဖုန်းခေါ်၍ ငွေလွှဲလာပါက ရုံးချိန်အမီ မြန်မြန်လုပ်ပေးဖို့ နာမည်နှင့်မှတ်ပုံတင်ကြိုပြောလိုက်ရသည်။ ထူး၍ ပြောစရာတော့မလိုပါ။ မန္တလေး(၁) မှ ဝန်ထမ်းတွေသည် သွက်လက်မြန်ဆန်ပြီးသားမို့ အဆင်ပြေပါသည်။

ထို့နောက် မန်နေဂျာကြီးမှ ငွေထုတ်လာသူ ဦးကြည်နိုင်အား စိတ်အေးအေးနေရန်နှင့် အကယ်၍ ရုံးချိန်အမီ ငွေလွှဲရောက်ရှိခဲ့ခြင်းမရှိပါက နေဖို့နှင့် စားဖို့အတွက် စီစဉ်ပေးမည်ဟု နှစ်သိမ့်စကားပြောလိုက်၍ ဦးကြည်နိုင် စိတ်သက်သာရာရသွားသည်။

သိပ်မကြာပါ။ မန္တလေး(၁) မှ ဖက်စ်ပို့လာ၍ ဦးကြည်နိုင် ငွေထုတ်၍ရသွားသည်။

ဩော်‥ ဆရာဖေမြင့် ဘာသာပြန်ထားသည့် နှလုံးသားအာဟာရဆိုတဲ့ စာအုပ်လေးထဲက စာသားလေးလိုပေါ့။ "ရယူခြင်းအရသာထက် ပေးရခြင်းကြောင့်ဖြစ်သော ပီတိက ပို၍ နှစ်လိုဖွယ်ချိုမြိန်လှ၏" တဲ့ သိပ်မှန်တာပဲဗျာ…

"ငါ့တူ‥ ရော့‥ ကျေးဇူးတင်လို့ လက်ဆောင်ပေးတာပါကွယ်"

ဦးကြည်နိုင် ပန်းသီးတွေအိတ်နှင့် ကျွန်တော့်ကို လှမ်းပေးသည်။ ကျွန်တော်ငြင်းလိုက်ပါသည်။

"ကျွန်တော် မယူပါရစေနဲ့ ခင်ဗျာ‥‥ ဦးလေးရဲ့စေတနာကို ကျွန် တော်နားလည်ပါတယ်။ ဦးလေးရဲ့သားငယ်က နေမကောင်းဘူးဆိုသူ့အတွက် ပြန်ယူသွားလိုက်ပါဗျာ"

"ကျေးဇူးတင်လိုက်တာ ငါ့တူရယ် ဒါဆိုဦးလေးပြန်ပြီနော်"

"ဟုတ်ကဲ့ပါဗျ၊ ဆိုင်ကယ်လည်း ဖြည်းဖြည်းစီးသွားဦးနော်"

"အေးပါကွယ်‥ အေးပါ"

သူ့သားအတွက် အရမ်းလိုအပ်နေသော ဆေးဖိုးငွေရသွား၍ ဦးကြည်နိုင် ဝမ်းသာနေသည်။

မန်နေဂျာကြီးအား ကျေးဇူးတင်ကြောင်းနှင့် နောက်နောင်လမ်းကြုံပါက ရွာသို့အလည်ဝင်ခဲ့ရန် နှုတ်ဆက်ပြီး ရှုံ့တွေပေနေသော ဆိုင်ကယ်လေးအား မောင်းထွက်သွားသည်။ အားရဝမ်းသာဖြင့် မောင်းထွက်သွားသော ဦးကြည်နိုင်ကို ကြည့်ပြီး စိတ်ထဲမှာ တစ်ခုတော့ဆုတောင်းမိသည်။

ကျွန်တော်နဲ့ အတူမနေရဘဲ အဝေးမှာရှိနေတဲ့ အဖေ့ကိုလည်း အခက်အခဲတွေကြုံတိုင်း ကိုယ်ချင်းစာတရားဖြင့် ကူညီနိုင်သူ ပေါ်ပါစေ။ ။

■ ကိုနေမျိုး

(ကလေးဝဘဏ်ခွဲ)



# မျှတ၍ နည်းစနစ်ကျသော ပူးပေါင်းဆောင်ရွက်မှုမှသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုဆီသို့

## (Fair and Systematic Collaboration towards Future Development)

ထက်မာန်

မိသားစုတစ်စု၏ စီးပွားရေး၊ လူနေမှုအဆင့်အတန်းကို သိလိုပါက ထိုမိသားစုနေထိုင်ရာ အိမ်၏ဧည့်ခန်းကို ကြည့်ရုံဖြင့် သိရှိနိုင်ပါသည်။ အလားတူစွာပင် နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေ တိုးတက်မှုကို သိလိုပါက ၎င်းနိုင်ငံ၏ပြယုဒ် အခြေခံအဆောက်အအုံများကို လေ့လာကြည့်က သိရှိနိုင်ပါသည်။ ဥပမာ- အိမ်တစ်အိမ်၏ ဧည့်ခန်းနှင့်တူသော နိုင်ငံတစ်နိုင်ငံ၏ လေဆိပ်ကို စတင်ရောက်ရှိသည်နှင့် အကဲခတ်လေ့လာနိုင်ပါသည်။

အခြေခံအဆောက်အအုံဆိုသည်မှာ အဘယ်နည်း။ ပြည်သူ့အခြေခံအဆောက်အအုံဆိုသည်မှာ နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ လုပ်ငန်းများ၊ ဝန်ဆောင်မှုများ အလွယ်တကူလုပ်ဆောင်နိုင်ရန် အတွက် လိုအပ်သော အခြေခံအဆောက်အအုံကို နှစ်မျိုးခွဲခြားထားနိုင်ပါသည်။ "Hard Infrastructure" နှင့် 'Soft Infrastructure" ဟူ၍ ဖြစ်ပါသည်။ **Hard Infrastructure** ဆိုသည်မှာ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များဖြစ်စေနိုင်သော အဆောက်အဦး (သို့) ရုပ်ပိုင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ဆိုလိုပါသည်။ (ဥပမာ- လမ်း၊ တံတား၊ လေဆိပ်၊ သင်္ဘောဆိပ်၊ အကျဉ်းထောင်)။ **Soft Infrastructure** ဆိုသည်မှာ လူမှုစီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများအတွက် ဝန်ဆောင်မှုများ ပေးခြင်းတို့ဖြစ်ပါသည်။ (ဥပမာ- လမ်းသန့်ရှင်းရေး၊ ပညာရေး သို့မဟုတ် အသက်မွေးဝမ်းကျောင်းအတွက် သင်တန်းများပေးခြင်းနှင့် အခြားသော လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ။ ပြည်သူ့အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန်မှာ မည်သူ၌ တာဝန်အများဆုံး ရှိသည်ဟု ထင်ပါသနည်း။ ပြည်သူ့အကျိုးကို ရှေးရှုသော၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားသော အစိုးရ၌သာ တာဝန်အများဆုံးရှိသည် မဟုတ်ပါလော။ မှန်ပါသည်။ သို့သော်လည်း ထိုအဖြေသည် တစ်ရာရာခိုင်နှုန်း လုံးဝဧကန်မှန်သည်ဟု မဆိုလိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် နိုင်ငံအတွင်း၌ အစိုးရသာမက စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူလူထုလည်း နေထိုင်ကြခြင်းကြောင့် နိုင်ငံ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန်မှာ နေထိုင်သူအားလုံး၌ တာဝန်ရှိ၍ အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်မှာ အလွန်အရေးကြီးပါ သည်။

အစိုးရအနေဖြင့် စည်းမျဉ်း၊ ဥပဒေများရေးဆွဲခြင်း၊ စီမံကိန်းများချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများကို ပြည်သူ့အကျိုးအတွက် ဆောင်ရွက်သည် မှန်သော်လည်း အားနည်းချက်များ၊ လိုအပ်ချက်များ ရှိနေခြင်းကြောင့် ပြည့်ဝသော ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို အကောင်အထည်မဖော်နိုင်ပေ။ ဥပမာ- အစိုးရ၏ ဘဏ္ဍာရေးအခြေအနေအရသော်လည်းကောင်း၊ ကျွမ်းကျင်လုပ်သားများ အနေအထားအရသော်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှုအဆင့်များအရသော်လည်းကောင်း၊ အထူးသဖြင့် နည်းပညာပိုင်းဆိုင်ရာ အသုံးပြုမှုအရသော်လည်းကောင်း၊ ထို

လိုအပ်ချက်များကို ကုစားရန်မှာ ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ခြင်းနည်းလမ်းသည် အသုံးအဝင်ဆုံးဖြစ်ပါသည်။ သို့သော်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များသည် အမြတ်အများဆုံးရရှိရေးကို ရှေးရှုသောကြောင့် သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် အဆင်မပြေမှုများ ရှိလာနိုင်ပါသည်။ ပြည်သူ့အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းသည် ရေရှည်အကျိုးဖြစ်ရချက်များကို မျှော်ကိုး၍ ရင်းနှီးမြှုပ်နှံမှုပြုခြင်းဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍသည် ယှဉ်ပြိုင်မှုအားကောင်းပြီး လုပ်ငန်းတစ်ခု အကောင်အထည်ဖော်လုပ်ကိုင်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် အခြားအရာများအား သက်ရောက်ခြင်းများ (Externalities) နှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်နိုင်ခြင်းမရှိပေ။

ထိုသို့သော အခြေအနေအရပ်ရပ်ကို အခြေခံ၍ ပြည်သူ့အခြေခံအဆောက်အအုံများ အထောက်အပံ့ပြုရေးတွင် နိုင်ငံများအား လုပ်ဆောင်သင့်သော နည်းလမ်းနှစ်ရပ်ကို နိုင်ငံတကာသဘောတူညီမှုများအဖြစ် အကြံပြုထားပါသည်။ (၁) အစိုးရမှ တိုက်ရိုက်ထောက်ပံ့မှုနှင့် (၂) ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေးတွင် လွယ်ကူအဆင်ပြေချောမွေ့စေရန် အထောက်အပံ့ပေးရေးတို့ဖြစ်ပါသည်။ ထိုနည်းလမ်းနှစ်သွယ်အနက် ပထမနည်းလမ်းမှာ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအားနည်းသော နိုင်ငံများအတွက် မဖြစ်နိုင်ပေ။

**"မျှတ၍ နည်းစနစ်ကျသော ပူးပေါင်းဆောင်ရွက်မှုမှသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုဆီသို့"**

ထိုအခက်အခဲများကို ဖြေရှင်းရန် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership - PPP)နည်းလမ်းကို အသုံးပြုလာကြပါသည်။

အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း (PPP) ဆိုသည်မှာ ပြည်သူ့အကျိုးပြုအဖြစ် အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကာလရှည်စာချုပ်ချုပ်ဆိုပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ လုပ်ကိုင်ဆောင်ရွက်ရမည့် တာဝန်များနှင့် စီမံခန့်ခွဲမှုများကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား တိတိကျကျခွဲဝေသတ်မှတ်ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ပြင် ပူးပေါင်းဆောင်ရွက်ရာမှ ဖြစ်ပေါ်လာနိုင်သည့် စွန့်စားမှုများ၊ ကောင်းကျိုး၊ ဆိုးကျိုးသက်ရောက်မှုများကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအကြား မျှဝေခံစားခြင်းမျိုးလည်းဖြစ်သည်။ ထို့ပြင် United Nation Economic Commission for Europe အဖွဲ့မှ Mr. Marek Belka (Executive Secretary) ကလည်း PPP သည် အကောင်းဆုံးကမ္ဘာ့နှစ်ခုဖြစ်သည့် ကောင်းမွန်သော သွင်းအားစုများ၊ ထိရောက်သော စီမံခန့်ခွဲမှုအရည်အသွေးနှင့် ခေတ်မီသော နည်းပညာများ ပြည့်ဝပိုင်ဆိုင်သည့် ပုဂ္ဂလိကကဏ္ဍနှင့် စည်းမျဉ်းဥပဒေများ ကိုင်တွယ်နိုင်သော၊ ပြည်သူ့အကျိုးရှေးရှုသော၊ ဆိုးကျိုးသက်ရောက်မှုများမှ ကာကွယ်ပေးနိုင်သော အစိုးရကဏ္ဍတို့ ပေါင်းစည်းဆောင်ရွက်ခြင်းနည်းလမ်းဖြစ်သည်ဟု မှတ်ချက်ပြုထားပါသည်။ PPPသည် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့နှစ်ခုအကြား ဥပဒေအမြင်အရ ပူးပေါင်းဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ စာချုပ်ပေါ်တွင်အခြေခံ၍ စာချုပ်အမြင်သဘောအရ ပူးပေါင်းဆောင်ရွက်ခြင်းမျိုးလည်းဖြစ်သည်။

အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဝေါဟာရသည် အမေရိကန်နိုင်ငံမှ စတင်ပေါ်ပေါက်လာပါသည်။ (၁၉၅၀) ခုနှစ် ကနဦးတွင် ပညာရေးအစီအစဉ်အတွက် အသုံးချမှုရန်ပုံငွေအဖြစ် အစိုးရနှင့်ပုဂ္ဂလိက ချိတ်ဆက်ဆောင်ရွက်မှုမှ စတင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် (၁၉၆၀) နောက်ပိုင်းတွင် မြို့ပြပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အစိုးရပြည်သူ ပူးပေါင်းဆောင်ရွက်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်လာကြသည်။ PPPs နှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီး၊ နိုင်ငံအသီးသီးမှ ပညာရပ်ဆိုင်ရာ ခေါ်ဝေါ်သော ဝေါဟာရအသုံးအနှုန်းအမျိုးမျိုးရှိပါသည်။ ကမ္ဘာ့ဘဏ်မှ Public Participation in Infrastrcture

(PPI)၊ ဖွံ့ဖြိုးတိုးတက်မှု ဘဏ်ဆိုင်ရာ ကိစ္စရပ်များတွင် Private-Sector Participation (PSP)၊ မြောက်အမေရိက အသုံးအနှုန်း P3၊ ဩစတြေးလျအသုံးအနှုန်း Privately-Financed Projects (PEP)၊ Private Finance Initiative (PFI)သည် ဗြိတိန်၏ အသုံးအနှုန်း ဖြစ်ပြီး ယခုအခါ ဂျပန်နှင့် မလေးရှားလည်း အသုံးပြု လာကြသည်။

PPP ဝေါဟာရသည် အသစ်ဖြစ်သော်လည်း ပုဂ္ဂလိက၏ အရင်းအနှီးများကို အစိုးရ၏ ပြည်သူ့အခြေခံအဆောက်အအုံများအတွက် အထောက်အပံ့ပေးခြင်းဟူသော သဘောတရားမှာ အဆန်းတကျယ် မဟုတ်ပေ။ (၁၉၆၀) မတိုင်မီက နိုင်ငံအများစုသည် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကိုသာ အလေးထားခဲ့သော်လည်း နောက်ပိုင်းတွင် ရှိရင်းစွဲ အဆောက်အအုံများကို ပြုပြင်မွမ်းမံခြင်းနှင့် ရေရှည်တည်တံ့အောင် ဆောင်ရွက်ခြင်းတို့ကိုပါ ထည့်သွင်းစဉ်းစားလာပါသည်။ PPPနည်းလမ်း အသုံးပြုခြင်းဖြင့် အစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းများ ပြေလျော့စေခြင်း၊ အစိုးရလုပ်ငန်းစီမံကိန်းများတွင် အရည်အသွေးကောင်းမွန်၍ ထိရောက်သော စီမံခန့်ခွဲမှုမျိုး ရရှိစေခြင်းနှင့် အချိန်ကုန်ငွေကုန်သက်သာစေမှုစသည့် ကောင်းကျိုးများ ရရှိစေနိုင်ပါသည်။ ထို့ပြင် အစိုးရ၏ လူမှုရေးဆိုင်ရာ ပြည်သူ့အခြေခံအဆောက်အအုံများ၊ လုပ်ငန်းစီမံကိန်းသည် စွန့်စားမှုများခြင်းကြောင့် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် Risk Sharing သဘောအရ အစိုးရတစ်ဦးတည်း ခံစားရမှုကို လျော့နည်းစေပါသည်။ PPPနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းသည် စာချုပ်ပေါ်တွင် အဓိကထား အခြေခံသောကြောင့် PPP စာချုပ်ပုံစံ (Contract Nomenclature)များစွာရှိပါသည်။ ဥပမာ- DBFO၊ DBFOM၊ DCMF၊ O&M၊ BOT၊ BOOT၊ BTO၊ BTL နှင့် ROT ယခုနောက်ပိုင်းတွင် BOT ကို Concessionဟုလည်း ခေါ်ဆိုလာကြပါသည်။ ဆိုလိုသည်မှာ ပြည်သူ့အခြေခံအဆောက်အအုံ အသုံးပြုသူ (စားသုံးသူ) များမှ အသုံးပြုခများကို သက်ဆိုင်ရာ ပုဂ္ဂလိကကုမ္ပဏီများသို့ ပေးချေခြင်းဖြစ်သည်။ ထို့ပြင် အစိုးရမှ ပုဂ္ဂလိကသို့ ပေးချေမှုပုံစံ (Private Finance Initiative PFI) ကိုလည်း အသုံးပြုလာကြသည်။

အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းတို့သည် ဆင်တူသည်ဟု ထင်ရသော်လည်း အမှန်တွင် တူညီမှုမရှိပါ။ အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် စာချုပ်အရ အချိန်ကာလတစ်ခုအထိ ပူးပေါင်းဆောင်ရွက်မှုပြုပြီး နောက်ဆုံးတွင် အစိုးရထံ ပြန်လည်လွှဲပြောင်းပေးရပါသည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းဆိုသည်မှာ ၁၀၀% ပုဂ္ဂလိကထံ လွှဲပြောင်းပေးလိုက်ခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုပိုင်းမှကြည့်လျှင် အစိုးရလုပ်ငန်းစီမံကိန်းများသည် အစိုးရမှ အရင်းအနှီးပေးရပြီး PPP လုပ်ငန်းစီမံကိန်းများတွင် အရင်းအနှီးသည် ပုဂ္ဂလိက၊ ဘဏ်များနှင့် Equity များမှ အရင်းအနှီးရရှိပါသည်။ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းတို့၏ ယေဘုယျ ခြားနားချက်များကို အောက်ပါဇယားတွင် တွေ့နိုင်ပါသည်။

| အကြောင်းအရာ | ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း (Privatization) | အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (PPP) |
|---|---|---|
| ၁။ တာဝန်ခံမှု/ တာဝန် (Accountability Responsibility) | ပုဂ္ဂလိက (၁၀၀%) | အစိုးရ (၅၀%) |
| ၂။ ပိုင်ဆိုင်မှု (Ownership) | ပိုင်ဆိုင်မှုအခွင့်အရေး/ အကျိုးအမြတ်အားလုံး သက်ဆိုင်ခြင်း | တရားဝင်ပိုင်ဆိုင်ခြင်း |
| ၃။ ဝန်ဆောင်မှု သဘောသဘာဝ (Nature of Service) | ပုဂ္ဂလိက ဝန်ဆောင်မှု နယ်ပယ်နှင့် သဘောသဘာဝကို ပုဂ္ဂလိကကအပြည့်အဝဆုံးဖြတ်နိုင်ခြင်း | ဝန်ဆောင်မှုနယ်ပယ်နှင့် သဘောသဘာဝကို နှစ်ဦးလုံးဆုံးဖြတ်ပိုင်ခွင့်ရှိခြင်း |
| ၄။ စွန့်စားမှုနှင့် ပြန်ရချက်များ (Risks & Rewards) | ပုဂ္ဂလိက (၁၀၀%) | နှစ်ဦးမျှဝေခြင်း (၅၀/၅၀) |

အောင်မြင်သော အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးဖြစ်ရန်မှာ နိုင်ငံတွင်းရှိ နိုင်ငံရေးအခြေအနေ၊ မေခရိုစီးပွားရေးအခြေအနေ၊ နိုင်ငံ၏ ဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍများအခြေအနေနှင့် ဖွဲ့စည်းပုံအခြေအနေများသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့ပြင် နိုင်ငံ၏ ပြည်သူ့အခြေခံအဆောက်အအုံ လုပ်ငန်းစီမံကိန်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံပါဝင်လာအောင် အစိုးရ၏ မက်လုံးပေးမှု (Incentive)၊ အာမခံပေးမှု (guarantee) များသည် အလွန်အရေးကြီးပါသည်။


PPP နည်းလမ်းဖြင့် လုပ်ငန်းစီမံကိန်းများဖော်ဆောင်ရာတွင် ဖွံ့ဖြိုးမှုမရှိသေးသော နေရာများ၊ တွင် ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း "Greenfield Development" အပြင် ရှိရင်းစွဲများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း "Brownfield Development" ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်လာကြပါသည်။ နိုင်ငံ၏ ပြည်သူ့အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် PPP နည်းလမ်းဖြင့်ဆောင်ရွက်ရမည်ဆိုပါက အောက်ပါကောင်းကျိုး၊ ဆိုးကျိုးများလည်း ရရှိခံစားလာနိုင်ဖွယ်ရှိကြောင်း တွေ့မြင်ရပါသည်။

| ကောင်းကျိုး (Pros) | ဆိုးကျိုး (Cons) |
|---|---|
| ♦ ကာလရှည်ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် လုပ်ငန်းစီမံကိန်းခိုင်မာခြင်း | ♦ ဈေးပြိုင်ကမ်းလှမ်းမှု (Tender) စနစ် အတွက်စရိတ်ကုန်ကျမှု များခြင်း၊ |
| ♦ လုပ်ငန်းလည်ပတ်လုပ်ဆောင်မှုမှ ဖြစ်ပေါ်လာနိုင်သော စွန့်စားမှုများကို လျှော့ကျနိုင်ခြင်း | ♦ အသုံးပြုသူ (သို့) စားသုံးသူများမှ ငွေကြေးဆိုင်ရာအခပေးမှုများပြားခြင်း |
| ♦ သွင်းအားစုရင်းမြစ်များကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးပြုနိုင်ခြင်း | ♦ အစိုးရ၏လုပ်ငန်းဆောင်တာများ၌ပုဂ္ဂလိကကဏ္ဍထိန်းချုပ်ဝင်ရောက်မှုများရှိလာနိုင်ခြင်း |
| ♦ စီးပွားရေးတိုးတက်မှုကို ကာလရှည်ထိန်းထားနိုင်ခြင်း | |
| ♦ ဈေးကွက်ယှဉ်ပြိုင်မှုစနစ်တိုးတက်ကောင်းမွန်လာခြင်း | |
| ♦ ပုဂ္ဂလိကကဏ္ဍကို တိုးမြှင့်နိုင်ခြင်း | |
| ♦ နိုင်ငံတကာအတွေ့အကြုံများ၊ နည်းလမ်းများ ရရှိနိုင်ခြင်း၊ | |
| ♦ ခေတ်မီ နည်းပညာများ အသုံးပြု၍ တီထွင်လာနိုင်ခြင်း | |

နိုင်ငံ၏ ပြည်သူ့အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် အစိုးရတစ်ဦးတည်းသာမက ပုဂ္ဂလိကကဏ္ဍလည်း ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက်အကျိုးရှိသော (Win-Win)သဘောတရားကို အခြေခံ၍ ကာလရှည်စာချုပ်ချုပ်ဆိုကာ စနစ်တကျဆောင်ရွက်မည်ဆိုပါက နိုင်ငံ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာကာ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် အစိုးရ-ပုဂ္ဂလိကအပြင် ပြည်သူလူထုလည်း တစ်သားတည်း ပါဝင်ဆောင်ရွက်မည်ဆိုပါက အချိန်တိုအတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်မည်မှာ မလွဲကေန်ဖြစ်ပါသည်။

■ ထက်မာန်

**သင့်အနာဂတ်ပျော်လင့်ချက် မြန်မာ့အာမခံနှင့်အတူ . . .**




# နိုင်ငံ့ဝန်ထမ်း ပင်စင်စနစ် ဖွံ့ဖြိုးတိုးတက်ရေး

ချယ်ရီခင်

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် မြို့ပြဝန်ထမ်းပင်စင်စနစ်သည် ဗြိတိသျှကိုလိုနီလက်အောက်ရှိ နိုင်ငံများကဲ့သို့ ကိုလိုနီစနစ်မှ အမွေဆက်ခံလာခြင်းဖြစ်ပြီး ယင်းစနစ်သည် အလုပ်ရှင်နှင့် အလုပ်သမားများမှ ထည့်ဝင်ပေးရသည့် ထည့်ဝင်ကြေးများမရှိဘဲ နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းမှ တိုက်ရိုက်ကျခံသုံးစွဲပြီး အနာဂတ်တွင် တာဝန်ယူရမည့် ပင်စင်ပေးရန်တာဝန်အတွက်လည်း ရန်ပုံငွေဖွဲ့စည်းထားခြင်းမရှိသည့်စနစ်ဖြစ်သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ မပြဋ္ဌာန်းမီက မြန်မာနိုင်ငံ၏ ပင်စင်အကျိုးခံစားခွင့်တွက်ချက် ခံစားခွင့်ပြုခြင်းများကို ၁၈၇၁ ခုနှစ် ပင်စင်ဥပဒေ၊ ၁၉၂၀ ခုနှစ် မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ပုဒ်မ ၂၆(ခ) နှင့် ၂၉၀ တို့တွင် နိုင်ငံတော်သည် အငြိမ်းစားဝန်ထမ်းများအတွက် စားဝတ်နေမှုသက်သာချောင်ချိရေးနှင့် အငြိမ်းစားယူခြင်းတို့အတွက် ဥပဒေပြဋ္ဌာန်းသတ်မှတ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရမည်ဟု သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံ့ဝန်ထမ်းဥပဒေအား ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးနောက် နိုင်ငံ့ဝန်ထမ်းများ၏ အငြိမ်းစားယူခြင်းနှင့် အငြိမ်းစားအကျိုးခံစားခွင့် (လုပ်သက်ဆုငွေနှင့် ပင်စင်) တို့အား ယင်းဥပဒေများနှင့်အညီ တွက်ချက်ခံစားခွင့်ပြုခဲ့သည်။

မြန်မာနိုင်ငံ၏ ပင်စင်စနစ်သည် နိုင်ငံတကာအစိုးရများက ကျင့်သုံးနေသကဲ့သို့ ပင်စင်ရန်ပုံငွေထူထောင်ကျခံသုံးစွဲခြင်းမဟုတ်ဘဲ နိုင်ငံတော်ဘတ်ဂျက်က ကျခံသုံးစွဲသည့်စနစ်ဖြစ်သည်။ လက်ရှိပင်စင်စားအင်အားအပေါ် မူတည်၍ ပင်စင်အသုံးစရိတ်ရေးဆွဲပြီး နှစ်စဉ် နိုင်ငံတော်ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထား ကျခံသုံးစွဲခြင်းဖြစ်သည်။

ပင်စင်အင်အားမှာ နှစ်စဉ်တိုးတက်နေသည့်အတွက် ကျခံသုံးစွဲရသည့် လက်ရှိပင်စင်အသုံးစရိတ်ပမာဏမှာ စုစုပေါင်းအသုံးစရိတ်၏ ၃% ခန့်နှင့် GDP ၏ ၀.၇% ဖြစ်ကြောင်း တွေ့ရှိရသည်။ ပင်စင်အင်အားသည်လည်း နှစ်စဉ်တိုးတက်လာသည့်အတွက် ပင်စင်အသုံးစရိတ်ကျခံမှုသည်လည်း နှစ်စဉ်တိုးတက်လျက်ရှိရာ ၂၀၂၀ ခုနှစ်တွင် GDP ၏ ၁% ခန့်ဖြစ်လာနိုင်ပါသည်။

လက်ရှိပင်စင်အသုံးစရိတ်အတွက် ရန်ပုံငွေထူထောင်ထားခြင်းမရှိသကဲ့သို့ အနာဂတ်တွင် ကျရောက်လာမည့် ပင်စင်အသုံးစရိတ်အတွက်လည်း ရန်ပုံငွေထူထောင်ဖွဲ့စည်းထားခြင်း မရှိသဖြင့် ရေရှည်တွင် ပင်စင်ပေးရန်တာဝန်မှာ နိုင်ငံတော်အတွက် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်လာမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်အရ မိသားစုပင်စင် တွက်ချက်ခံစားခွင့်ပြုရာတွင် ကာယကံရှင်အငြိမ်းစားဝန်ထမ်း ကွယ်လွန်ခဲ့သော် ၎င်း၏ဇနီး သို့မဟုတ် ခင်ပွန်းအား ကွယ်လွန်ချိန်အထိ ခံစားခွင့်ပြုထားသကဲ့သို့ မိသားစုပင်စင်

အကျိုးခံစားခွင့်ရှိသူသည် ဝန်ထမ်း၏ ဇနီး/ခင်ပွန်း မဟုတ်ဘဲ အခြားမိသားစုဝင်ဆိုပါက အငြိမ်းစား ကွယ်လွန်သည့်နေ့ရက်မှ ၁၅ နှစ်အထိ ခံစားခွင့်ပြု ထားသဖြင့် လူ၏မျှော်မှန်းသက်တမ်း တိုးမြင့်လာသည် နှင့်အမျှ ပင်စင်ပေးရန်တာဝန်မှာ ရေရှည်ဆက်လက်ရှိ နေမည်ဖြစ်သည်။

လက်ရှိပင်စင်လစာမှာ နောက်ဆုံးထုတ်လစာ၏ ၅၀% ခန့် ထောက်ပံ့ပေးနေခြင်းဖြစ်၍ ဝန်ထမ်းလစာ တိုးမြင့်လာသည်နှင့်အမျှ အငြိမ်းစားလစာမှာလည်း လိုက်လျောညီထွေ တိုးမြင့်လာမည်ဖြစ်သည်။ နိုင်ငံ တကာတွင် ပင်စင်လစာကို နောက်ဆုံးထုတ်လစာ၏ အနည်းဆုံး ၄၀% မှ အများဆုံး ၇၀% အထိသာ ပေးလေ့ရှိကြသည်။ စီးပွားရေးဖွံ့ဖြိုးပြီး နိုင်ငံများသာ ၅၀% ကျော် ခံစားခွင့်ပြုပေးခြင်းဖြစ်ပြီး ယင်းနိုင်ငံ များ၏ ပင်စင်စနစ်မှာ မြန်မာနိုင်ငံကဲ့သို့ ရန်ပုံငွေ ထူထောင်ထားခြင်း မရှိသည့် နိုင်ငံတော်ဘတ်ဂျက်မှ ကျခံသည့်စနစ် (Unfunded Defined Benefit System) မဟုတ်ဘဲ ပင်စင်ရန်ပုံငွေထူထောင်၍ အလုပ်ရှင်၊ အလုပ်သမားက သတ်မှတ်ရာခိုင်နှုန်းအလိုက် ထည့်ဝင် ရသည့်စနစ် (Funded Defined Contribution System) ကျင့်သုံးသည့် နိုင်ငံများသာ ဖြစ်သည်။

မိမိတို့၏ ပင်စင်ဆိုင်ရာအချက်အလက် မှတ်တမ်း ထိန်းသိမ်းသည့်စနစ်မှာလည်း စာရွက်စာတမ်းအပေါ် အခြေပြုပြီး ထိန်းသိမ်းရသည့်အခြေအနေဖြစ်၍ ပင်စင်စားအင်အား၊ ပင်စင်စားအသုံးစရိတ် လျာထား တွက်ချက်မှုသည်လည်း တိကျစွာ ခန့်မှန်းရန် မလွယ် ကူဘဲ အနီးစပ်ဆုံးဖြစ်ရန်သာ ခန့်မှန်းတွက်ချက် လျာထားနေရသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည် နှင့်အမျှ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြင့်လာခြင်းနှင့်အတူ ပင်စင်စားများ၏ အငြိမ်းစား လစာမှာလည်း တိုးမြင့်လာမည်ဖြစ်၍ နိုင်ငံတော်က ကျခံရသည့် ပင်စင်အသုံးစရိတ်မှာလည်း နှစ်စဉ်တိုး တက်နေမည်သာဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံ ၏ ပင်စင်လစာတွက်ချက်မှုသည် ဈေးနှုန်းအညွှန်းကိန်း များနှင့် ချိတ်ဆက်ထားမှုမရှိဘဲ နောက်ဆုံးထုတ်လစာ နှင့် စုစုပေါင်းလုပ်သက်အပေါ်မူတည်၍ ဝင်ငွေအစား ထိုးနှုန်း (Replacement Rate) တွက်ချက်ခံစားခွင့် ပြုခြင်းဖြစ်သောကြောင့် ပင်စင်စားများအတွက် ရေရှည် ထောက်ပံ့ပေးနိုင်ပြီး မျှတသည့်နှုန်းထား သတ်မှတ်၍ မရနိုင်ပေ။ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာ တွင် ကျင့်သုံးလျက်ရှိသည့် ပင်စင်စနစ်များမှာ-

(က) DB (Defined Benefit) - အစိုးရက သတ်မှတ်ထားသည့် ဖော်မြူလာပုံစံအတိုင်း ပင်စင်အကျိုးခံစားခွင့် သတ်မှတ်ပြဋ္ဌာန်း ခွင့်ပြုသည့်ပင်စင်စနစ် (Pension Scheme) ဖြစ်ပါသည်။

(ခ) DC (Defined Contrinution) - သတ်မှတ် အချိန်ကာလအတွင်း ထည့်ဝင်ကြေးပေး ဆောင်ရပြီး ၄င်းထည့်ဝင်ကြေးနှင့် ၄င်းတို့ အပေါ် ရရှိလာသည့် အကျိုးအမြတ်များကို ခံစားခွင့်ပြုသည့်ပင်စင်စနစ်ဖြစ်ပါသည်။ ထိုကဲ့သို့သော အကျိုးအမြတ်များကို ရင်းနှီး မြှုပ်နှံခြင်းမှရရှိနိုင်မည်ဖြစ်ပါသည်။

(ဂ) Pay as you go - လျာထားသတ်မှတ်ထား သည့် အခွန်များ၊ ရငွေများကို အခြေခံ၍ ပင်စင်ခံစားခွင့်ပေးသည့် ပင်စင်စနစ်ဖြစ်ပါ သည်။

(ဃ) Hybrid Scheme - နှစ်ခု (သို့မဟုတ်)နှစ်ခု ထက်ပိုသည့် ပင်စင်စနစ်များကို ပေါင်းစပ် ထားသည့် စနစ်တစ်ခု ဖြစ်ပါသည်။

အထက်ပါ ပင်စင်စနစ်များအတွက် နိုင်ငံတကာ တွင် အများဆုံးအသုံးပြုသည့်စနစ်မှာ ထည့်ဝင်ကြေး ဖြင့် ပင်စင်အကျိုးခံစားခွင့်ပြုသည့်စနစ်ဖြစ်ပြီး စနစ် ကူးပြောင်းဆဲနိုင်ငံများတွင် DB နှင့် DC စနစ်နှစ်ခုကို တစ်ပြိုင်တည်း သီးခြားစီဖြင့်လည်းကောင်း၊ DB နှင့် DC ပေါင်းစပ်၍ Hybrid အဖြစ်လည်းကောင်း အသုံး ပြုလျက်ရှိသည်။

ဖွံ့ဖြိုးပြီး နိုင်ငံများတွင် လူမှုအကာအကွယ် (Social Security) များအတွက် အငြိမ်းစားပင်စင် အပြင်၊ လူမှုဖူလုံရေးနှင့် သက်ကြီးရွယ်အိုပင်စင်များ၊ အလုပ်လက်မဲ့၊ မသန်စွမ်းနှင့် ကလေးသူငယ်များကိုပါ ရန်ပုံငွေထူထောင်၍ အကျိုးခံစားခွင့်ထောက်ပံ့ပေးနေ နိုင်ပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် သက်ကြီး ရွယ်အိုပင်စင် (Social Security) ကို လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနကလည်းကောင်း၊ လူမှုဖူလုံရေးအစီအစဉ်ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနကလည်းကောင်း၊ သီးခြားဥပဒေများ ပြဋ္ဌာန်း၍ ဆောင်ရွက်ပေးလျက်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ပင်စင်အသုံးစရိတ် ခိုင်မာ၍ ရေရှည်တည်တံ့လုံလောက်စေရန်နှင့် နောင် ဝန်ထမ်းသစ်များအပေါ် ပင်စင်ပေးရန်တာဝန် ဝန်ထုပ် ဝန်ပိုးမဖြစ်စေရန်လည်းကောင်း၊ ဝယ်လိုအားကို ထိန်းညှိနိုင်သည့် မျှတသော ပင်စင်အကျိုးခံစားခွင့် များပေးခြင်းဖြင့် ပင်စင်စားများ၏ စားဝတ်နေရေး ဖူလုံစေရန်လည်းကောင်း၊ နိုင်ငံတကာကဲ့သို့ ပင်စင် ရန်ပုံငွေ ထူထောင်ဆောင်ရွက်သွားရန် လိုအပ်ပါ သည်။

ပင်စင်ရန်ပုံငွေထူထောင်၍ လက်ရှိစနစ်အား တစ်ဆင့်ပြီးတစ်ဆင့် အစားထိုးနိုင်ရေးအတွက် ဆောင်ရွက်နိုင်ရန်မှာ ပင်စင်ဦးစီးဌာနမှ ဆောင်ရွက် လျက်ရှိသည့် ပင်စင်လုပ်ငန်းစဉ်များနှင့် ပင်စင်စား အင်အားနှင့် မှတ်တမ်းထိန်းသိမ်းခြင်းစနစ်ကို စာရွက် စာတမ်းအခြေပြုသည့်လုပ်ငန်းစဉ်မှ သတင်းအချက် အလက်နှင့် နည်းပညာ (ICT) အခြေပြုဆောင်ရွက်သည့် လုပ်ငန်းစဉ်သို့ ကူးပြောင်းနိုင်ရေးအတွက် မဖြစ်မနေ ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်သည်။


ယင်းသို့ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက် နေသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း (PFM)အောက်မှ အစိတ်အပိုင်း တစ်ခုအနေဖြင့် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ် သည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ဘဏ်မှ ပင်စင်ဆိုင်ရာ ကျွမ်းကျင်သူများနှင့်ပူးပေါင်း၍ မြန်မာ နိုင်ငံ၏ ပင်စင်စနစ်အား အကဲဖြတ်သုံးသပ်ပြီးနောက် လက်ရှိဆောင်ရွက်နေသည့် ပင်စင်စနစ်အားပိုမိုခိုင်မာ တိုးတက်စေရန်အတွက် ပင်စင်ဆိုင်ရာ ဥပဒေ၊ နည်း ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို သုံးသပ်ခြင်း၊ ပင်စင်စီမံခန့်ခွဲရေးစနစ်မှ မှတ်တမ်းထိန်းသိမ်းခြင်းအား သတင်းအချက်အလက်နည်းပညာ (ICT) ဖြင့် ထိန်း သိမ်းနိုင်ရေးဆောင်ရွက်ခြင်းနှင့် ပင်စင်တွက်ချက်မှု အား ဝန်ထမ်းများက လက်ဖြင့်တွက်ခြင်း (Manual) အစား ICT ဖြင့် တွက်ချက်နိုင်သည့်စနစ်သို့ ပြောင်းလဲ ဆောင်ရွက်ခြင်းများကို PFM စီမံကိန်းအောက်မှ ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် ဆောင်ရွက်သွားမည် ဖြစ်သည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ၏ တတိယပတ်တွင် ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် မစ်ရှင်အဖွဲ့လာရောက်၍ မှတ်တမ်းထိန်းသိမ်းသည့် စနစ်အား Digitalized Recorded System သို့ ပြောင်းလဲနိုင်ရေး ကွင်းဆင်းလေ့လာလျက်ရှိပြီး တွေ့ရှိ ချက်နှင့် ဆက်လက်ဆောင်ရွက်ရန်ကိစ္စများသို့ သုံးသပ်သွားမည်ဖြစ်သည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ပင်စင်လုပ်ငန်း စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှုအား အခြေခံမှစ ၍ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားပြီးနောက် နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် ရန်ပုံငွေထူထောင် ၍ ထည့်ဝင်ကြေးစနစ်ဖြင့် အကျိုးခံစားခွင့်ပြုသည့် စနစ်သို့ လွယ်ကူချောမောလျင်မြန်စွာ ကူးပြောင်းနိုင် မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

■ ချယ်ရီခင်





ကျွန်မတို့အားလုံးရဲ့ မျက်နှာမှာ အပြုံးများကိုယ်စီနဲ့ နေပြည်တော် ကုတင် ၁၀၀၀ ဆေးရုံကြီးဝင်း အတွင်းသို့ ဝင်လိုက်ကြပါသည်။ မနက်ဖြန် ကျရောက်မည့် ကျွန်မတို့ ပင်စင်ဦးစီးဌာနရဲ့ (၄၂) နှစ်မြောက် နှစ်ပတ်လည်နေ့ (Pension Day) ကို ဂုဏ်ပြု၍ စုပေါင်းသွေးလှူဒါန်းကြရန် လာရောက်ကြခြင်းဖြစ်ပါသည်။

ဘာပဲပြောပြော အလှူလုပ်ရသည်ကိုတော့ ပီတိဖြစ်ရသည်။ ပျော်ရွှင်သည်။ မိမိခန္ဓာကိုယ်အတွင်းက သွေးများကို ဖောက်ထုတ်၍ အခြားလိုအပ်နေသော မကျန်းမာသူများအတွက် ပေးလှူရခြင်းက အမြတ်ဆုံးစေတနာပင်။

ကျွန်မကတော့ အပ်မြင်လျှင် ကြောက်တတ်သူတစ်ဦးဖြစ်ပြီး သွေးလှူဒါန်းမည့် ဝန်ထမ်းများကို ကူညီဆောင်ရွက်ပေးရန် ကြီးကြပ်သူအဖြစ်လိုက်ပါခဲ့ရသူဖြစ်ပေမယ့် ကျွန်မလည်း ပျော်နေမိသည်။

"သွေးလှူမယ့်သူများ ဒီမှာ ပုံစံလေးတွေဖြည့်ပါရှင်"

ဆရာမလေးတစ်ဦးမှ သွေးလှူဒါန်းရှင်များ ဖြည့်စွက်ရမည့် ပုံစံများလားပေး၍ ဖြည့်စွက်ကြပြီး သွေးလှူဒါန်းမည့်အခန်းတွင် ဝင်ရောက်သွားကြသည်ကို စောင့်ကြည့်နေရင်း ကျွန်မအတွေးများသည် အတိတ်ဆီသို့ ရောက်ရှိသွားလေသည်။

❖

"ဘာတွေမေးလဲဟင်"

ကျွန်မ မရဲတရဲဖြင့် အင်တာဗျူးလုပ်သည့်အခန်းတွင်းမှ ထွက်လာသော (နောင် ကျွန်မ၏ သူငယ်ချင်း) မိန်းကလေးတစ်ဦးကို မေးလိုက်တော့ "ဒီလိုပါပဲ သတင်းစာက ခေါင်းစဉ်သတင်းတွေကို အင်္ဂလိပ်လို ဖတ်နိုင်းတယ်၊ တခြား ဗဟုသုတ နည်းနည်းမေးတယ်" လို့ သူက ပြန်ဖြေသည်။

ထိုနေ့က ပင်စင်ဦးစီးဌာနမှာ အငယ်တန်းစာရေးဝန်ထမ်းနေရာအတွက် အင်တာဗျူးလာဖြေရသောနေ့ဖြစ်သည်။ 'မခင်ခင်လေး'

ဟော ကျွန်မအလှည့် ရောက်လို့လာခေါ်သည်။ ဘာမှန်းမသိ ကြောက်စွံ့စိုးရိမ်စိတ်ဖြင့် ရင်တွေ တဒိုင်းဒိုင်းခုန်လာရင်း အားတင်းကာ အခန်းအတွင်း လှမ်းဝင်လိုက်ပါသည်။

"ထိုင် သမီး"ဟု ဌာနအကြီးအကဲဖြစ်သည့် လူကြီး (၃) ဦး ထိုင်နေသည့် အခန်းထဲမှ အစွန်ဆုံးမှ လူကြီး (၁) ဦးကပြော၍ လူကြီးများကို အရိုအသေပြု၍ ဝင်ထိုင်ရင်း ဌာနအကြီးအကဲလူကြီးများဆိုသည့် အသိကပင် စိတ်ထဲမှာရှိနေ၍ မေးတာတွေဖြေနိုင်ပါ့မလားဟု စိုးရိမ်မိပြန်သည်။

"နင်ဖြေနိုင်လား။ အေး မေးသမျှတွေတော့ ဖြေလိုက်တာပဲ"

အမသည် ဤရုံးတွင် အကြီးတန်းစာရေးဖြစ်ပြီး ကျွန်မ၏ ဖေဖေမှာမူ မြန်မာ့အာမခံရုံးမှ ပင်စင်ယူခဲ့ပြီး အမအလတ်တစ်ယောက်လည်း အာမခံရုံးတွင် အကြီးတန်းစာရေးတစ်ဦးဖြစ်လေတော့ ကျွန်မတို့မှာ ဝန်ထမ်းမျိုးရိုးဖြစ်သည်။

"နင် လာမယ့်တနင်္လာနေ့မှာ ရုံးစတက်ရမည်" ဆိုပြီးအမက ပြောလာသည်တွင် "ဟယ် ငါ အလုပ်ရပြီ" ဝမ်းသာလိုက်သည့်ဖြစ်ခြင်း စိစစ်ရေးမှူးအဆင့် (၄) အငယ်တန်းစာရေးဆိုတဲ့ ဝန်ထမ်းဘဝကို ကျွန်မရရှိလိုက်ပါပြီ။ ကိုယ့်ဝင်ငွေနှင့် ကိုယ်သုံးရတော့မည်။ သူများဆီက လက်ဖြန့်တောင်းစရာမလိုတော့ဘဲ ကိုယ့်လုပ်အားခ၊ ကိုယ့်ဝင်ငွေနှင့် သိက္ခာရှိရှိရပ်တည်ရမည့် ကိုယ့်ရဲ့ဝန်ထမ်းဖြစ်မယ့် ဘဝလေးကို နှစ်သက်ရင်းကြိတ်ပျော်ရွှင်နေမိ၏။

ကျွန်မဝန်ထမ်းအဖြစ် ရုံးစတက်သောနေ့က "ကျွန်မတက်ရသော ရုံးသည် ရေးဟောင်းအဆောက်အဦတစ်ခုဖြစ်သည်။ ဘဏ်လမ်းဟု ခေါ်သော ရန်ကုန်မြို့၏ အချက်အချာကျစည်ကားသော နေရာတစ်ခုဖြစ်သည်။

ကျွန်မတို့ ဝန်ထမ်းအသစ်တွေ သတင်းပို့ပြီးနောက် စီမံရေးရာဆိုသည့် ဌာနတွင် တာဝန်ကျရာဌာနခွဲများ မခွဲသေးခင် ခေတ္တနေကြရသည်။ တိတ်ဆိတ်စွာ တစ်ဦးကိုတစ်ဦး အကဲခတ်ရင်းပင် ငြိမ်သက်နေကြသလို လုပ်ငန်းခွင်နှင့် စိမ်းနေ၍ အားငယ်နေမိကြမည်ထင်၏။ နောက်တော့လည်း ဆေးစစ်အတူသွားကြရင်းနဲ့ ရင်းနှီးပြီး သူငယ်ချင်းတွေ ဖြစ်သွားကြသည်။ သီရိ၊ အိအိ၊ မူမူနှင့် ဆွေဆွေ၊ ကျန် (၂) ယောက်ကတော့ ကျွန်မခင်ခင်လေးနဲ့ ခိုင်ခိုင်ဝေ ကျွန်မတို့အားလုံး အသက် (၂၀) ကျော် အိမ်ထောင်မရှိသေးသည့် အပျိုတွေဆိုတော့ ငယ်ရွယ်နုပျိုမှုများနှင့်အတူ အလှကိုယ်စီရှိကြသည် ထင်ပါ၏။

"ငါတို့ရုံးက လူတွေက မိသားစုလိုပဲ နေတယ်။ လူကြီးတွေကလည်း နွေးထွေးစွာ ဆက်ဆံတယ်။ နယ်ရုံးခွဲလည်း မရှိဘူး။ ရန်ကုန်မှာပဲ ရှိတာဟု အမက ပြောသည်။ ဒီနေ့တော့ တာဝန်ကျရာ အခန်းတွေထွက်ပြီး ဆွေဆွေကတော့ စီမံရေးရာ၊ မူမူနဲ့ ကျွန်မကတော့ ဟိုဘက်အောက်ထပ်က စီမံစာဝင်/စာထွက်၊ ကျန်တဲ့ မခိုင်၊ အိအိနဲ့ သီရိက အပေါ်သုံးထပ်က စာရင်းခန်းတဲ့။

ကိုယ့်ဆက်ရှင်နဲ့ ကိုယ်လုပ်နေကြပေမယ့် ထမင်းစားချိန် မုန့်စားချိန်၊ တီးတိုးဝေဖန်ချိန်တွေဟာ ရယ်မောပျော်ရွှင်စရာ အချိန်တွေပါပဲ… ကျွန်မတို့မနက်ခင်းရုံးချိန် ၉ နာရီမှ ၁၀ နာရီထိ ကျွန်မတို့ အလုပ်ခွင်ရုံး သင်တန်းနေ့စဉ်တက်ရသည်။ ကျွန်မတို့ရုံးက ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်တွေပေါ် အခြေခံပြီး ဝန်ထမ်းများရဲ့ ပင်စင်အကျိုးခံစားခွင့်တွေကို တွက်ချက်လို့ ငွေပေးမိန့်များကို ဘဏ်သို့ထုတ်ပြန်ဆောင်ရွက်ခြင်းဖြစ်သည်။ (၁) နှစ်ကျော်ခန့် သင်တန်းတက်ပြီးတော့ လုပ်သက် (၂) နှစ်ပြည့်ချိန်တွင် စ-စ-ရ (၃) စာမေးပွဲဖြေဆိုလို့ အကြီးတန်းစာရေးဖြစ်လေပြီ။

ကျွန်မတို့ရုံးရဲ့ ကြည်နူးစရာအကောင်းဆုံးကတော့ ကြာသပတေးနေ့တိုင်း အပေါ်ထပ်ဘုရားခန်းမှာ ဘုရားဝတ်တက်ပြီး မေတ္တာကြော၊ ပဋ္ဌာန်းအလှည့်ကျ ရွတ်ဖက်ပူဇော်ကြတယ်။ ကုသိုလ်ပြုချင်သူများက ကြာစံချက်၊ မုန့်တီ၊ ကြာစံကြော်စသည်တို့ ကျွေးမွေးရန် စုပေါင်းချက်ပြုတ်ကြတဲ့ စီနီယာအစ်ကိုကြီး၊ အစ်မကြီးများရဲ့ ပီတိဖုံးလွှမ်းနေတဲ့ အပြုံးမျက်နှာတွေ ခုထိ မြင်ယောင်ဆဲ…

ဝါတွင်းရောက်လို့ ဝါဆိုသင်္ကန်းကပ်ရင်လည်း တစ်ရုံးလုံးကို မုန့်ဟင်းခါးကျွေးပြီး အပေါ်ထပ်ဘုရားခန်းမှာ ဆက်ရှင်အလိုက် ဟင်းတစ်မျိုးစီ ပေါင်းချက်လို့ ဘုန်းကြီးဆွမ်းကပ်ကြတယ်။ ကထိန်ရာသီမှာလည်း ပဒေသာပင်သီးလို့ ထိုအတိုင်း သင်္ကြန်တွင်းရုံးပိတ်ခါနီး ဆက်ရှင်မုန့်ကျွေးတာလိုက်စားနှင့် ပျော်စရာကာလများဖြစ်ပေသည်။

‘‘ဟယ် ဒီနေ့ ဆန်ရမယ်’’

‘‘ဟုတ်လား ဆီကရော ဘယ်နေ့လည်း မသိသေးဘူး’’ မခိုင်နှင့် သီရိတို့ အပြန်အလှန်ပြောနေကြသည်။ ကျွန်မတို့ရုံးမှာ ဆန်၊ ဆီ၊ အာလူး၊ ဘဲဥတို့ကို ဝန်ထမ်းတွေ သက်သာချောင်ချိရေးအတွက် ရပါသည်။

‘‘မျှော်တော်ရောင်’’ ‘‘မျှော်တော်ရောင်’’

ညနေရုံးဆင်းချိန်ရောက်တိုင်း ကျွန်မ ချစ်သူမောင်က လာကြိုတတ်သဖြင့် စနောက်ကြခြင်းဖြစ်သည်။ ကျွန်မအိမ်ထောင်ပြုတော့ သူငယ်ချင်းများက တစ်ယောက်မှ အိမ်ထောင်မပြုသေး။ ယခုထက်တိုင် အပျိုကြီးများ ဖြစ်နေသေးသည်။ သီရိတစ်ယောက်သာ နောက်ကျမှ အိမ်ထောင်ပြုသည်။ ကျွန်မကတော့ ထိုအချိန်မှာ သမီးလေး တစ်ယောက်ပင် ရနေပြီဖြစ်သည်။

❖

‘‘ဟယ် ငါတို့လုပ်သက်တောင် ၁၀ နှစ်ပြည့်တော့မယ်’’ အိအိက ပြောလာတော့ ကျွန်မတို့ ရုံးက ထိပ်ပိုင်းနေရာနည်းပြီး အောက်ခြေများသည်။ ရာထူးတိုးဖို့ နေရာနည်းတာပေါ့။ ဒီလိုပဲ ကိုယ့်တာဝန်ကို ကျေအောင်လုပ်၊ သူငယ်ချင်းတွေနဲ့နေပျော်လို့ ရာထူးတိုးရန် အခွင့်အလမ်းကိုတောင် မမျှော်မိကြ။

‘‘ငါတို့ရုံးက နယ်ရုံးခွဲတွေ ဖွင့်မယ်တဲ့’’ မခိုင်က ပြောလာသည်။

ကျွန်မတို့ရုံးရဲ့ ဦးစီးမှူးစာမေးပွဲဖြေရတာ ပင်ပန်းလှပါဘိ။ မနက်ပိုင်း စာတွေ့ (၃) နာရီ၊ ညနေပိုင်း လက်တွေ့ (၃) နာရီ ဖြေရသည်။ ဦးစီးမှူးဆိုတာ အကုန်လုံးနားလည်တတ်ကျွမ်းရမတဲ့။ အောက်ခြေနှင့် အထက်ပိုင်းကို ပံ့ပိုးပေးနိုင်အောင် ယခုကဲ့သို့ စာမေးပွဲစစ်ဆေးရခြင်းဖြစ်တယ်ဟု ပြောကြသည်။

တစ်ခုခုကို လိုချင်လျှင် တစ်ခုခုကို ပေးဆပ်ရစမြဲဆိုသည့်အတိုင်း ကျွန်မရာထူးတိုးမယ်၊ ဒါပေမယ့် တောင်ကြီးမြို့ကို သွားရမယ်တဲ့။ သူငယ်ချင်း အားလုံးလည်း သူတို့တာဝန်ကျရာဒေသကို ထွက်ခွာကြရမည်။

‘‘စိတ်ဆင်းရဲပြီး စိတ်ညစ်ခံမနေပါနဲ့ ခင်လေးရယ်၊ သမီးကို မောင်နဲ့ထားခဲ့၊ မောင် အားလုံးအဆင်ပြေအောင် လုပ်ပေးမယ်၊ ခင်လေး သိပ်ပျော်တဲ့ရုံးနဲ့ သိပ်မြတ်နိုးတဲ့ ခင်လေးရဲ့ ဝန်ထမ်းဘဝကို

မစွန့်လွှတ်လိုက်နဲ့ မောင်တို့သား အဖကို ထားခဲ့''

ကျွန်မ ရာထူးတိုးလို့ရမည့် လခက တစ်လလုံး ကျပ် ၆၀၀၀၊ တောင်ကြီးသွားဖို့ ကားခက ၅၀၀၀ ဒီတော့ စဉ်းစားရပါပြီ။ ရတဲ့လခနဲ့ စားစရိတ်၊ နေစရိတ်၊ ပြန်ချင်ရင်တောင် လမ်းစရိတ်တို့တွေးပြီး မိသားစုအတွက် ကိုယ်ကမကူနိုင်ဘဲ ဝန်ပိအောင်လုပ်သလိုဖြစ်မည် သာပင်။ ဒါတွေတွေးပြီး 'မသွားတော့ဘူး။ အလုပ်က ထွက်လိုက်မယ်၊ သမီးလည်း ခုမှမူလတန်းစတက်နေတုံး ဘယ်လိုလုပ်မလဲ''

''ရတယ် မောင်စောင့်ရှောက်မယ်၊ စိတ်မပူနဲ့''

သေတ္တာထဲမှ ကျွန်မဝတ်ရသော အဖြူရောင်အင်္ကျီနှင့် အပြာရောင် ထမီယူနီဖောင်းများကို ထုတ်ကြည့်ပြီး စိတ်မကောင်းဖြစ်နေသော ကျွန်မကိုကြည့်၍ မောင်က ပြောခြင်းဖြစ်သည်။ မောင်သည် အနစ်နာခံတတ်သော ကျောင်းဆရာပီပီ ကျွန်မ မြတ်နိုးသောဘဝကို မစွန့်လွှတ်ခိုင်းပါ။ ကျွန်မကျောင်းပြီးလို့ အလုပ်ဝင်ရန် စောင့်ဆိုင်းနေဆဲ လုပ်အားပေးဆရာမ ဝင်လုပ်ရင်း မောင်နှင့်ဖူးစာဆုံခဲ့ခြင်းဖြစ်သည်။

''သွားကြည့်ပါ ခင်လေးရယ်၊ အဆင်မပြေမှထွက်''

လို့ မောင့်အားပေးစကားနှင့် ကျွန်မ၏ ဖေဖေကလည်း

''မထွက်ချင်မထွက်နဲ့လေ၊ ဖေဖေလည်းရှိသားပဲ''

သွားကြည့်ပါသမီးဟု ဖေဖေကလည်း တိုက်တွန်းတာကြောင့် တောင်ကြီးသွားရန် ဆုံးဖြတ်လိုက်ပါသည်။

❖

တောင်ကြီးသွားဖို့ ကျွန်မနှင့် သူငယ်ချင်း ဦးစီးအရာရှိ အမတစ်ယောက်၊ လက်ထောက်ညွှန်ကြားရေးမှူး ဆရာတစ်ယောက် ကျွန်မတို့အဖွဲ့က တောင်ကြီးရုံးခွဲသို့ သွားရမည်။

''မငိုနဲ့လေ ခင်လေးရယ်၊ သမီးပါ ဝမ်းနည်းနေမှာပေါ့၊ မောင်တို့ ကျောင်းပိတ်ရင်လိုက်လာခဲ့မယ်''

ပါရမီကားဝင်းထဲမှာ ရန်ကုန်တောင်ကြီး ကားပေါ်တက်ခါနီး သမီးနဲ့မောင့်ကို နှုတ်ဆက်နေတုံး ဝမ်းနည်းမျက်ရည်တွေ အလိုလိုကျလာသည်။ သမီးနဲ့မောင့် မျက်ဝန်းမှလည်း မျက်ရည်တွေဝိုင်းလို့။ တကယ်တမ်း မိသားစုနှင့် ခွဲသွားရမည်ဆိုတော့ ရင်ထဲတင်းကြပ်ပေါက်ကွဲတော့မည်အတိုင်း ခံစားရသည်။ သြော်... ဖြစ်ချင်တာဖြစ်ခွင့်မရှိတာ ဝန်ထမ်းဘဝပင်။

ထိုနှစ် ၂၀၀၆ ခုနှစ်မှာပင် ကျွန်မ လစာတိုးပါသည်။ ဦးစီးမှူး လစာလေးသောင်းခွဲဆို၍ ဝမ်းသာလိုက်သည်ဖြစ်ခြင်း။

''အမလေးတော်ပါသေးရဲ့ အလုပ်မထွက်ရတော့ဘူး''လစာတိုးတဲ့အမိန့်စာကိုကြည့်ရင်း ကျွန်မတို့ သူငယ်ချင်းနှစ်ယောက် ဝမ်းသာအားရပြောကြသည်။ ကျွန်မတို့ ရုံးခွဲတွေ စတင်ဖွင့်လှစ်သည့်နေ့မှာ လစာတိုးလာခြင်းသည် ကံကောင်းပေစွ။

ကျွန်မပူပင်သောကတွေရှိပေမဲ့ နယ်မြေသစ်မှာ မိတ်ဆွေသစ်၊ ဝန်ထမ်းသစ်တွေနဲ့ အသားကျလာသည်။ ပျော်ရွှင်နေမိသည်။ ကျောင်းပိတ်ရက်တွေရောက်တော့ မောင်တို့သားအဖ လာလည်ကြ၊ တောင်ကြီးတန်ဆောင်တိုင်ပွဲလာကြနဲ့၊ မောင်နဲ့ကျွန်မရသမျှ ပိုက်ဆံ လမ်းစရိတ်ထောင်းလို့ ဘာမှမစုမိကြပါ။ ဒါပေမယ့် စိတ်ချမ်းသာဖို့ အရေးကြီးသည်မဟုတ်ပါလား။ တောင်ကြီးမှာ နှစ်နှစ်လောက်နေပြီး ရန်ကုန်ပြောင်းမိန့်ကျလာပါသည်။

''မောင်ရေ ခင်လေးရန်ကုန်ပြန်ပြောင်းရတော့မယ်''

ကျွန်မတို့ သူငယ်ချင်း နှစ်ယောက် ရန်ကုန်ရုံးကို ပြန်ပြောင်းဖို့ အမိန့်စာရတော့လည်း အပျော်တွေနှင့် မောင့်ကိုဖုန်းဆက်၊ မိသားစုများလည်း ပျော်ကြသည်။

''ခင်လေး ဖောင်ကြီးသင်တန်းတက်ရမယ်မောင်ရေ'' ကျွန်မက ဖောင်ကြီးသင်တန်း သွားဖို့အလှည့်ရောက်ပြီ။

ကျွန်မက အရာထမ်းငယ် အခြေခံသင်တန်းကို ဗဟိုဝန်ထမ်း တက္ကသိုလ်ဖောင်ကြီးမှာ (၃)လခွဲ သွား

**လိပ်ညာဟန်ဆောင်အခွင့်အရေးယူသူတွေကတစ်ဖုံ။ အချို့ကျပြန်တော့ အပြစ်မြင်ရက်စက်ချင်ထွက်ပြေးရအောင် အနိုင်ကျင့်တောင်ပြသေးသည်၊ အချို့ကျတော့လည်း ကိုယ်ချင်းစာတရားတွေနဲ့ဖြူစင်စွာကူညီသူ၊ ဘယ်လိုပဲဖြစ်ဖြစ်ဘယ်လောက်ပဲကြီးထွားနိမ့်ပါးနေပါစေ အချိန်တန်ရင် ပျောက်ကွယ်သွားရတာပါပဲ။**

တက်ရမည်လေ။ "ဟာ တောင်ကြီးက ပြန်လာတာ ဘယ်လောက်ကြာသေးလို့လဲ" "တောင်ကြီးပြီးတော့ ဖောင်ကြီးပါလား" "သွားပေါ့ကွာ၊ မင်းပျော်တဲ့ဘဝပဲလေ၊ ပျော်တယ်မလား" မောင်က မကျေမနပ်နှင့် ပြောနေသော်လည်း တကယ်တမ်းအခက်အခဲအကြပ်အတည်းတွေ၊ ပင်ပန်းဆင်းရဲမှုတွေ စိတ်ဓာတ်ပိုင်းဆိုင်ရာသောကတွေကို ကူညီဖြေရှင်းပေးတဲ့သူကတော့ ကျွန်မရဲ့ ခင်ပွန်းပါ။ သူ့ရဲ့အားပေးမှု၊ ကူညီစောင့်ရှောက်မှုကြောင့်သာ အပျော်တွေနဲ့ ဆက်ပြီး လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဖောင်ကြီးသင်တန်းက ဆင်းပြန်ပြီး မကြာခင် ရုံးချုပ်နေပြည်တော်ပြောင်းတော့ ကျွန်မတို့ လိုက်ပါခဲ့ရပြန်သည်။ ဒါပေမယ့် အဆင်မပြေမှုကို ကျောနိုင်းဝန်ထမ်းဆိုတာ ထားရာနေ စေရာသွားရတာမို့ အထုပ်အပိုးပြင် နေပြည်တော်သို့ နှင်ခဲ့ရပြန်သည်။

မိသားစုကို အကြိမ်ကြိမ်ခွဲပြီး သွားလာနေရလို့ အိမ်ဆိုတာ ကျွန်မဘဝရဲ့ ခေတ္တနားခိုရာပင်ဖြစ်ခဲ့ရသည်ပင်။ မိသားစုကို လွမ်းလို့ ပိတ်ရက်နဲ့ ခွင့်ရက်ယူခဲ့ရတဲ့ အကြိမ်တွေကြောင့် ကားလက်မှတ်၊ ရထားလက်မှတ်တန်ဖိုးနဲ့ စရိတ်စကတွေဟာ ရသမျှလစာရဲ့ သုံးပုံတစ်ပုံလောက် ဝါးမျိုသွားခဲ့ပြီ။

နေပြည်တော်ရောက်ပြီး တစ်ပတ်အကြာမှာ ရန်ကုန်ပြန်ပြီး ဦးစီးအရာရှိ စာမေးပွဲဖြေရပြန်သည်။ အောင်တော့အောင်ခဲ့ပေမယ့် တန်းစီ ဇယားစောင့်နေစဉ်မှာပဲ (၂) နှစ်သက်တမ်းပြည့်သွားသည်။ ပြန်ဖြေရဦးပေတော့မည်သာ။ ကျွန်မတို့ သူငယ်ချင်းအုပ်စုမှာတော့ ကျွန်မတို့ထဲမှ နှစ်ယောက်သာကျန်ခဲ့ပြီး တစ်ယောက်မှာ ကျွန်မဖြစ်နေခဲ့၏။ စာမေးပွဲဖြေစဉ်တုံးက အရည်အချင်းတူတူပဲလို့ ထင်မိသည်။ စိတ်မကောင်းဖြစ်ပေမဲ့ အောင်မြင်ဖို့ရာအတွက် အထောက်အပံ့ကောင်းဆိုတာ ရှိရမယ်လို့ နားလည်ခဲ့မိပြန်သည်။

ကျွန်မတို့ရုံး နေပြည်တော်ပြောင်းလာတော့ ဝန်ထမ်းသစ်တွေ ထပ်ခန့်ပြီး နေပြည်တော်အမှုထမ်းအိမ်ယာမှာ စိုက်ပျိုးရေးလည်းလုပ်ရသည်။ စားပင်ဆီးပင်တွေ စိုက်ပြီး ဌာနအကြီးအကဲတွေက အမှတ်ပေးဆုချီးမြှင့်သည်။ ကျွန်မတို့မှာ စိုက်ပျိုးရေးအတွက် စိုက်နည်းပျိုးနည်းတွေ သင်ရသည်။ အပင်စာရင်း၊ လူစာရင်းတွေ ပြုစုပြီး တင်ပြရသည်။ စစ်ဆေးရေးတွေကို ကြိုဆိုဧည့်ခံရသည်။ ရုံးအလုပ်နဲ့ မဆိုင်လည်း အဖွဲ့အစည်းဌာနအသိနှင့် ကျွန်မတို့လုပ်ခဲ့ကြလေသည်။

ထိုအချိန်မှာပင်စင်စားတွေ တိုးမြှင့် ပင်စင်ပေးဖို့စီမံချက်များ ရေးဆွဲနေရာ အချိန်ပိုတွေဆင်းနေရချိန်လည်းဖြစ်ပါသည်။

"သမီးရေ ဖေဖေ့ပင်စင်လေး တိုးတော့မယ် တစ်ထောင်ကနေ သုံးသောင်းတိုးမယ်တဲ့... ဟန်ကျလိုက်တာ"

ကျွန်မတို့ဖေဖေကတောင် ပင်စင်တိုးမှာ ပျော်နေရင် တခြားပင်စင်စားကြီးတွေ ဝမ်းသာကြမှာပဲဟူသည့် အတွေးနှင့်ပျော်မိသည်။ ကျွန်မတစ်ဌာနလုံး အလုပ်အများဆုံးအချိန်မှာ အတူနေအစ်မက အူအတက်ရောင်ပြီး ဆေးခန်းရောက်သွားပါတော့သည်။ အလုပ်ပိပြီး အိမ်ရောက်လျှင် ဘာမှမလုပ်နိုင်တော့ပဲ အကြော်နဲ့စား၊ ထမင်းခြမ်းစားနှင့် အစာအိမ်ဒုက္ခပေးရာ ဆေးရုံရောက်သွားပါတော့သည်။

အစ်မခများ... ဝန်ထမ်းအသိနှင့် ကျန်းမာရေးကို မေ့လျော့ခဲ့

သော နေ့ရက်များကိုလည်း စိုးရိမ်ထိတ်လန့် ခွဲခန်းရှေ့မှာ မျက်ရည်လည်ခဲ့ရသည့်အဖြစ်တွေက မနေ့တစ်နေ့ကလိုပင်။

နာကျင်စရာတွေထဲမှာ ရာထူးတိုးစာမေးပွဲအတွက် စာကျက်ရခြင်းတွေလည်း မေ့၍မဖြစ်ပြန်ပေ။

❖

"ခင်လေး"

"ဟင် ဘာလဲ မောင်" ကျွန်မ စာလုပ်နေရင်းမှ ပြန်ထူးလိုက်၏။

"ခင်လေးကသာ အခန်းထဲ တကုတ်ကုတ်နဲ့ စာတွေကျက်နေတာ၊ ဟိုမှာ သူများတွေက သွားလို့ လာလို့ အညောင်းပြေ လမ်းလေး ဘာလေးလျှောက်ပါဦးလား"

ကျွန်မဝရံတာမှအပြင်ဘက် လှမ်းကြည့်လိုက်တော့ ကျွန်မတို့ ရုံးချုပ်ကရော၊ ပြည်နယ်တိုင်းက လာဖြေကြတဲ့ သူတွေကပါ ကား တစ်စီးနှင့်ထွက်သွားကြသည်ကို တွေ့လိုက်သည်။

"သြော် သူတို့တွေက ပိုင်နေလို့နေမှာပေါ့၊ ခင်လေးမှ စာတွေ မပိုင်သေးတာ၊ ကျက်ရဦးမယ်၊ မလျှောက်တော့ဘူး။"

မောင်က ကျွန်မစာမေးပွဲဖြေနိုင်ရန် သမီးကို ဖေဖေတို့နှင့်ထားခဲ့ပြီး ချက်ပြုတ်စောင့်ရှောက်ပေးဖို့ ကျွန်မထံ ခေတ္တလာနေပေးခြင်း ဖြစ်သည်။

"ဖြေနိုင်လား ခင်လေး"

"အေး ဖြေနိုင်ပါတယ်"

"နင်ရောဖြေနိုင်တယ်မလား"

"အေး ဒီတစ်ခါတော့ ငါတို့ ရမှာပါဟာ" စာမေးပွဲခန်းမှထွက်လာပြီး အိအိက ပြောခြင်းဖြစ်သည်။ မိမိရဲ့လက်ရှိတာဝန်၊ အဆောင်မှူး/တိုက်မှူးတာဝန်များအပြင် စိုက်ပျိုးရေးအတွက် မိမိတို့ဌာနအိမ်ယာမှ ဆုရရှိရေး ဖိအားများ၊ ဒီတာဝန်များကြားထဲမှစာတွေ ကြိုးစားကျက်မှတ်ရသည်။ အသက်ကြီးလာခြင်းကြောင့်လည်း ပို၍မှတ်မိအောင် ကျက်ရသည်ကပင် ပင်ပန်းလှပေသည်။

"အောင်စာရင်းတွေ ကပ်နေပြီတဲ့ ခင်လေးရေ" "နင်ရော ငါရော အောင်တယ်" "ဟုတ်လား အိအိ ငါသွားကြည့်ဦးမယ်" ကြော်ငြာဘုတ်တွင် ကပ်ထားသည့် စာရွက်ကို အလုအယက်တိုးဝှေ့ကြည့်မိကြ၏။ ရေးဖြေအောင်ပြီး နှုတ်ဖြေဖြေပြီးမှ တန်းစီဇယားထွက်မည်။ တန်းစီဇယားတွင် ရှေ့ရောက်မှသာ လွတ်နေသော အရာရှိနေရာအတွက် ချက်ချင်းရမည်။ နောက်ရောက်ပါက စောင့်နေရပြီး သက်တမ်းပြည့်သွားလျှင် ပြန်ဖြေရမည် သာပင်။

နောက်ကာလများကိုတော့ ကျွန်မ ဆက်မတွေးချင်တော့ပေ။

"ဝမ်းနည်းခြင်း၊ နာကျင်ခြင်းစသော ခံစားမှုတွေနှင့် စိတ်ပင်ပန်းမှုများကို ထပ်မခံစားလို"

ဒါ့ကြောင့် အဲဒီကာလကို NEXT လုပ်မည်ဟု စဉ်းစားနေတုံး…

"ဟော ဟိုမှာ ဒုချုပ်တို့လာပြီ"

ကျွန်မအတွေးတို့ ဘယ်လောက်လွင့်နေသည်မသိ၊ ကျွန်မနှင့်အတူ ကြီးကြပ်သူအဖြစ်လိုက်ပါလာသူမှ လက်တို့ပြောလို့ ကျွန်မ ကမန်းကတမ်းထ၍ ဆေးရုံအုပ်ကြီး၊ ဆရာဝန်ကြီးများနှင့်အတူ ဝင်လာကြသော ကျွန်မတို့ဌာန အကြီးအကဲနှင့် အဖွဲ့ကို ကြိုဆိုနှုတ်ဆက်ရသည်။

"ညည်းတို့ အဆင်ပြေလား"

"ဟုတ်ကဲ့ ဆရာ"

ဌာနအကြီးအကဲက ကျွန်မတို့ကို မေးရင်း ဆရာဝန်များနှင့်အတူ ဝန်ထမ်းများ သွေးလှူနေသည့်အခန်းထဲသို့ ဝင်သွားပြီး ကုတင်အသီးသီးထက်မှ သွေးလှူနေကြသော ဝန်ထမ်းများကို အားပေးစကား ဂုဏ်ပြုစကားများပြောနေသည်။

"သူတို့ကို အဆောင်တို့အိမ်ယာတို့ ပြန်ပို့ပေးလိုက်ဦး"

"မနက်ဖြန် နားနေကြ။ ရုံးမတက်နဲ့ဦး၊ မိုးပျံဒံပေါက်နဲ့ ကံစမ်းမဲပေါက်တဲ့ပစ္စည်းတွေ အဆောင်ကို ထည့်ပေးလိုက်မယ်၊ ကြားကြလား"

"ဝေး ဟုတ်ကဲ့ ဆရာ"

ကျွန်မနှင့် ကြီးကြပ်သူအဖွဲ့ကို ပြောရင်း သွေးလှူသည့်ဝန်ထမ်းများကို ပြုံး၍ပြောနေခြင်းဖြစ်သည်။ ကျွန်မကတော့ ရုံးသို့ ပြန်ရမည်။ မနက်ဖြန်ဆွမ်းကပ်အဖွဲ့မှာ ပါနေ၍

ညနေကျလျှင် ဈေးသွားဝယ်ချက် ပြုတ်မည့် သူငယ်ချင်းများနှင့် အဆောင်သို့ လိုက်သွားမည်။ ကျွန်မတို့ဌာန၏ (၄၂) နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်၍ သံဃာတော်များကို အာရုံဆွမ်းကပ်၊ နေ့လည် ဖိတ်ကြားထားသူများနှင့် ဝန်ထမ်းများအားလုံးကို ဒံပေါက်ကျွေးပြီး၊ ဝန်ထမ်းများကို ဆုချီးမြှင့်ခြင်းနှင့် ကံစမ်းမဲဖောက်ပေးမည့် အစီအစဉ်များရှိနေပါသည်။


“ဒီနေ့ကျင်းပတဲ့ အခမ်းအနားကတော့၊ ပင်စင်ဦးစီးဌာနရဲ့ (၄၂) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားဖြစ်ပါတယ်” အခမ်းအနားမှူးမှ အစီအစဉ်များကို ကြေငြာနေပါတယ်။ ကျွန်မတို့ဌာန အကြီးအကဲ ညွှန်ကြားရေးမှူးချုပ်မှ အမှာစကားများ၊ ကျေးဇူးတင်စကားများ ပြောနေသည်။

ဆုရသူတွေအတွက် လက်ခုပ်တီး၍ ဂုဏ်ပြုကြသည်။

၂၀၁၇-၂၀၁၈ အတွက် လုပ်ငန်း စွမ်းဆောင်ရည်ဆု၊ အရာထမ်း အမှုထမ်းနှင့် တစ်နှစ်တာလုံး အတွက် ခွင့်ရက်မယူသော အရာထမ်း၊ အမှုထမ်းတို့ကို ဆုများပေးသည်။ ဆုရသူများက ပျော်တပြုံးပြုံး၊ မဲပေါက်သူတွေကလည်း ပြုံးနှင့် အားလုံးပျော်ကြသည်။ အပြုံးတွေ ကိုယ်စီဖြင့်...

“အား ကျွတ်ကျွတ် ညောင်းလိုက်တာ” ကျွန်မအသံထွက်ညည်းရင်း အိပ်ရာပေါ် လှဲချမိသည်။ မနေ့က ဆွမ်းချက်လို့ သူငယ်ချင်းတွေစီ လိုက်သွား၊ ရှေးဟောင်းနှောင်းဖြစ်တွေပြော ရယ်မောလိုက်နဲ့ ညည့်နက်သည်ထိ မအိပ်ကြ၊ မနက်ကျ စောစောထသွား ပင်ပန်းထားသည်ပင်။

ဖုန်းသံလေးမြည်လာလို့ ကိုင်လိုက်တော့ “ခင်လေး ဘာလုပ်နေလဲ၊ အိပ်နေပြီလား”



“အင်း၊ အိပ်တော့မလို့၊ ပင်ပန်းနေလို့လေ” ဟု ကျွန်မပြန်ဖြေတော့ “အိပ် အိပ် ခင်လေး ပင်ပန်းနေရင်၊ နောက်မှပဲပြောတော့မယ်” မောင်က အလိုက်သိစွာ ဖုန်းချသွားသည်။ ဘေးစောင်းလိုက်တော့ မောင်လက်ဆောင်ပေးထားသည့် စာရေးဆရာ မိုးရှင်း (I.M.T) ရဲ့ “သူ စိတ်ဓာတ်ကျတိုင်းဖက်ဖို့” ဆိုတဲ့ စာအုပ်၊ ကျွန်မ ဟိုးအရင် စိတ်ညစ်စိတ်ဓာတ်ကျတဲ့ အချိန်တွေမှာ ဒီစာအုပ်ထဲက စာတွေဖတ်ပြီး အင်အားတွေ ပြန်မွေးခဲ့ရသည်။

အိပ်မပျော်သေးတော့ အတွေးတွေ ဟိုရောက်သည်ရောက်။ ကျမ ပင် ဝန်ထမ်းလုပ်သက် (၂၀) ကျော် ကျွန်မစပြီး ခွဲခွာခဲ့ရသော မူလတန်း အရွယ်သမီးလေးကပင် ယခုတက္ကသိုလ် တတိယနှစ်ပင်ရောက်နေပြီ။ ကျွန်မတို့ ဌာနအကြီးအကဲများသည် ပင် တစ်ဦးပြီးတစ်ဦး ပင်စင်ယူလို့ သွားကြလေပြီ။

❖

“ဆွမ်းခံကြွလာပါပြီခင်ဗျာ” တိုက်အောက်မှ ကျောင်းသားလေး အော်သံကြားရသည်။ “အို (၇) နာရီ တောင်ထိုးတော့မှာပါလား” အောက်သို့ ဆင်းလာသည်။ စနေနေ့တိုင်း မနက် (၇)နာရီဆိုလျှင် တန်းဆွမ်းကြွသော ဆွမ်းပတ်ရက်ဖြစ်သည်။ ဝန်ထမ်းဘဝမှာ ကုသိုလ်ဆိုလို့ အပါတ်စဉ်ဝတ်မပျက် လှူဒါန်းရတာ ဒီစနေ (၁) ရက်ပင်။ ဆွမ်းလောင်းပြီး ပြန်တက်လာတော့ အသိတစ်ယောက်က “အမ ဈေးမသွားဘူးလား” “ဒီနေ့ မသွား

ဖြစ်ဘူး အလုပ်တွေပါလာလို့လေ" သတ်မှတ်ရက်အတွင်း အမီပေးရသော စာရင်းများလုပ်ရန် အိမ်သို့ ယူလာခဲ့ရသည်။

အခန်းပေါက်ဝရောက်တော့ တံခါးဖွင့်ဝင်ရင်း တံခါးပြန်ပိတ် သော့ချိတ်ပြီး ဘုရားခန်း ဝရန်တာ တံခါးကို ဖွင့်လိုက်သည်။ "အို လှလိုက်တဲ့ သက်တံ့ကြီးပါလား" အရှေ့ဆီက ရောက်နီတောက်ပြီး ညက မိုးရွာထားတဲ့ အရှိန်နဲ့ မြူ ဆိုင်းရစ်သိုင်းနေတဲ့ ပတ်ဝန်းကျင် ရယ်၊ ကောင်းကင်ပြာမှာ ရောင်စဉ် တန်းနေတဲ့ သက်တံ့ကို ကျွန်မမြင် တွေ့လိုက်ရသည်။ သက်တံ့ကို ကြည့်ရင်း ကျွန်မတွေးမိသည်ကား။

လူ့စိတ်ဆိုတာ သက်တံ့တစ်ခု လိုပင် သက်တံ့ဆိုတာ မိုးရွာပြီးစ အချိန် မြေပြင်က မိုးရေစက်ဟာ နေရဲ့ အပူရှိန်ကြောင့် အငွေ့ပျံပြီး နေရောင်ကို ဖြတ်သန်းလို့ဖြစ်ပေါ် လာတဲ့ ဝါ၊ စိမ်း၊ နီ၊ ပြာ၊ ခရမ်း၊ မီးခိုး၊ လိမ္မော်စတဲ့ ရောင်စဉ်ငွေ့ တန်းကြီးဖြစ်သည်။

ကျွန်မတို့ဘဝမှာလည်း ပတ် ဝန်းကျင်အမျိုးမျိုးနှင့် ထိတွေ့ပြီး စိတ်မှာ ဖြစ်ပေါ်လာတဲ့ ခံစားချက် တွေက အမျိုးမျိုးပြောင်းသွားသည်။ အချို့လူတွေက စိမ်းကားရက်စက် တက်သည်။ အချို့က ရှေ့မတိုး နောက်မဆုတ် ဝါးတားတား။ လိမ် ညာဟန်ဆောင် အခွင့်အရေးယူ သူတွေကတဖုံ။ အချို့ကျပြန်တော့ အပြစ်မြင်ရက်စက်ချင် ထွက်ပြေး ရအောင် အနီကတ်တောင်ပြသေး သည်။ အချို့ကျတော့လည်း ကိုယ် ချင်းစာ တရားတွေနဲ့ ဖြူစင်စွာကူညီ သူ၊ ဘယ်လိုပဲဖြစ်ဖြစ် ဘယ် လောက်ပဲကြီးထွားနိမ့်ပါးနေပါစေ အချိန်တန်ရင် ပျောက်ကွယ်သွားရ တာပါပဲ။

လူ့ဘဝဆိုတာ လက်ဝဲသုဒ္ဓရ အမတ်ကြီးရေးတဲ့ မျက်ဖြေအလင်္ကာ လို "သမုဒ္ဒရာရေထက်၊ ခဏပွက် တဲ့ ရေပွက်ပမာ၊ တစ်သက်လျှာ တည်း" ဆိုသလိုပါပဲ။ ဟိုတစ် လောဆီက ပင်စင်ယူတော့မယ့် ညွှန်မှူးဆရာတစ်ယောက်ထံသွား ၍ ဂါရဝပြုနှုတ်ဆက်လေတော့ ဆရာက–

"ငါတို့ရဲ့ ဆရာလည်း ပင်စင် ယူကာနီး ငါတို့ကိုပြောခဲ့တဲ့ စကား လေးရှိတယ်၊ ဝန်ထမ်းဘဝမှာ ပျော် ချင်တယ်ဆိုရင် နာစရာတွေကို လွှမ်းစရာနဲ့ဖြေကြပါ"

လို့ ပြောတယ် ငါလည်း အခု မင်းတို့တွေကို ဒီစကားလေး ပြန် ပြောချင်တယ်။ ငါတို့ဝန်ထမ်း လောကမှာ အထက်လူကြီးပဲဖြစ် ဖြစ်၊ အောက်ကလူပဲဖြစ်ဖြစ် ပုထု စဉ်တွေပဲ ဖြစ်တာကြောင့် အားလုံး ဟာ အမှားမကင်းကြဘူး။ ဝန်ထမ်း ဘဝမှာ မကြိုက်တာတွေ မကျေ နပ်တာတွေ၊ ဘဝင်မကျတာတွေ ကြောင့် စိတ်ကို နာကြည်းစေမိတဲ့ အချိန်တွေရှိခဲ့ဖူးပါတယ်။ ဒါပေ မယ့် ဒီဌာနတည်းမှာ အတူဖြစ်တည် လာတဲ့ လုပ်ဖော်ကိုင်ဖက်၊ ဆိုးတူ ကောင်းဖက် ရင်ဆိုင်ဖြတ်သန်းခဲ့ရ တဲ့ ပျော်ရွှင်စရာ၊ ကြည်နူးစရာ၊ ပီတိဖြစ်စရာအားလုံးကို "နာစရာ ရှိရင် လွှမ်းမောစရာ အချိန်ကာလ ကောင်းတွေကို ပြန်တွေးပြီး ကြည် နူးဝမ်းသာနေရသည်မှာ ဝန်ထမ်း ဘဝပင်ဖြစ်ပါတယ်" ဆိုတဲ့ ဆရာ့ စကားကို ကြားယောင်ကာ သက် တံ့ကြီးကို ကြည့်ရင်းကဗျာလေး တစ်ပုဒ် ရင်မှာဖြစ်ထွန်းလာပေ သည်။

"မိုးရေမှုံအောက်၊ နေခြည် တောက်တော့၊
ပေါ်ပေါက်ဖြစ်လာသက်တံ့ ဟာလည်း၊
ဘယ်ခါမတည်၊ ပျက်ပြယ် သည်မို့
ရောင်စုံထွေပြား၊ ဘဝတွေ ကြား၊ သွားလာနေငြား၊
ငါမအားခဲ့၊ သောကမျက်ရည် အခါခါမျိုသိပ်
ရင်နာစရာတွေကြုံပါလည်း
လွှမ်းမောဖွယ်တွေ
အပျော်တွေနဲ့ ကောင်းကွက် ကိုရှာ လွှမ်းလိုက်မှာ......"

*"(၄၂)နှစ်မြောက် PEN-SIONDAY ကို ဂုဏ်ပြုလျက်"*

■ **ခင်မြတ်ထိုက်**

# Beautiful Quotes on Facebook

မြကျောက်

Ego is just a small three letter word, Which can destroy a big twelve letter word called Relationship.

"အတ္တ"ဆိုတာ စကားလေးနှစ်လုံးပေမဲ့ "ကောင်းကောင်းမွန်မွန်ပေါင်းသင်းဆက်ဆံရေး" ဆိုတဲ့စကားလုံး ရှည်ကိုးလုံးကို ဖျက်ဆီးပစ်နိုင်တယ်။

❖

The most expensive thing in the world is trust. It can take years to earn and just a matter of seconds to lose.

ကမ္ဘာပေါ်မှာ တန်ဖိုးအရှိဆုံးက ယုံကြည်မှုပါပဲ၊ သူ့ကိုတည်ဆောက်ဖို့ နှစ်ပေါင်းများစွာ ကြိုးစားအား ထုတ်ခဲ့ရပေမဲ့ စက္ကန့်ပိုင်းလေးအတွင်း ဆုံးရှုံးသွားနိုင်တယ်။

❖

Don't trust too much.Don't love too much.Don't hope too much.Because that much can hury you so much.

အရမ်းမယုံလိုက်ပါနဲ့။ အရမ်း မချစ်လိုက်ပါနဲ့။ အရမ်း မမျှော်လင့်လိုက်ပါနဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီ "အရမ်း" ဆိုတာကြီးက သင့်ကိုအရမ်းဒုက္ခပေးမှာ မို့လို့ပါ။

❖

Bridge and wall are made with the same material. But Bridge joins the people and walldevides the people.Choose the right one!

တံတားနဲ့နံရံဟာ သည်ပစ္စည်းတွေနဲ့ချည်း ဆောက်တာပါပဲ။ တံတားကလူတွေကို ဆက်သွယ်ပေးပေမဲ့ နံရံကတော့ လူတွေကိုခွဲခြားပစ်တယ်။ မှန်ရာတစ်ခုသာ ရွေးချယ်ပါ။

❖

The happiest people in life are the givers not the receivers.

လောကမှာ အပျော်ရွှင်ဆုံးလူသားတွေဟာ ရယူသူတွေမဟုတ်ဘူး၊ ပေးဆပ်သူတွေပါပဲ။

❖

Mother is the only  person who carries you 9 months in her belly, three years in her arms and forever in her heart.

သူ့ဝမ်းထဲမှာ ကိုးလကြာ၊ သူ့လက်ပေါ်မှာ သုံးနှစ်တာ၊ သူ့ရင်ထဲမှာ ထာဝရသာ၊ ထိန်းသိမ်းနိုင်တာ မိခင်ပါ၊ တစ်ဦးတည်းရှိတာ လောကမှာ။

All birds find shelter during a rain, but Eagle avoids rain by flying above the clouds. Problems are common, but attitude makes the difference.

မိုးရွာရင်ငှက်တွေဟာ နားခိုရာကို ရှာကြတာပါပဲ၊ သိမ်းငှက်တွေကတော့ မိုးတိမ်တွေထက် မြင့်အောင် ပျံသန်းရင်း မိုးကိုရှောင်ကွင်းကြတယ်။ တွေ့ကြုံရင်ဆိုင်ရတဲ့ ပြဿနာကတော့ မိုးရွာတာအတူတူပါပဲ။ ဒါပေမဲ့ သဘောထားအမြင်က မတူကွဲပြားမှုကို ဖြစ်ပေါ်စေတာပါ။

❖

Life always offers you a second chance. It's called tomorrow.

ဘဝက နောက်ထပ်အခွင့်အရေးတစ်ခု အမြဲတမ်းပေးတယ်။ အဲဒါမနက်ဖြန်ပဲ။

❖

Difficulties in your life do not come to destroy you, but to help you realize your hidden potential and power

သင့်ဘဝမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေဟာ သင့်ကိုဖျက်ဆီးပစ်ဖို့ ရောက်လာတာမဟုတ်ဘူး၊ သင့်ရဲ့တိမ်မြုပ်နေတဲ့ အစွမ်းအစတွေနဲ့ စွမ်းအားတွေကို သင်သိမြင်နားလည်နိုင်စေဖို့ ကူညီရအောင် ရောက်လာတာပါ။

❖

Understanding is deeper than knowledge. There are many people who know you, But there are very few who understand you.

နားလည်မှုဟာ သိမှုထက် ပိုပြီးတော့နက်နဲပါတယ်။ သင့်ကိုသိကျွမ်းတဲ့သူတွေက အများကြီး ရှိပေမဲ့ သင့်ကိုနားလည်တဲ့သူက နည်းနည်းလေးရယ်။

❖

Walking alone is not difficult but When walked a mile with someone, then coming back alone is difficult.

တစ်ယောက်တည်းလမ်းလျှောက်ရတာ မခက်ပါဘူး၊ တစ်စုံတစ်ယောက်နဲ့ တစ်မိုင်လောက် လမ်း လျှောက်ပြီးရင်တော့ တစ်ယောက်တည်းအပြန်ခက်လှတယ်။

❖

Don't compare your life to others. There's no compairson between the sun and the moon. They shine when it's their time.

သင့်ရဲ့ဘဝကို အခြားသူတွေနဲ့ မနှိုင်းယှဉ်လိုက်ပါနဲ့။ နေနဲ့လဟာ ဘယ်တော့မှ မပြိုင်ဘူး။ သူ့အချိန်နဲ့သူ ထွန်းလင်းတောက်ပကြတာပါပဲ။

■ မြကျောက်




# မြန်မာနိုင်ငံ၏အခွန်ဆိုင်ရာမက်လုံးပေးမှုများနှင့် FDI အလားအလာ

စောသက်စုဝင်း

ရင်းနှီးမြှုပ်နှံမှုဥပဒေအများစုမှာ ရင်းနှီးမြှုပ်နှံမှု တွေ တိုးတက်ပွားများလာစေဖို့ တစ်နည်းအားဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) တွေ စီးဝင် လာစေဖို့အတွက်ရည်ရွယ်ပြီး ဆွဲဆောင်မှုမက်လုံးတွေကို ထည့်သွင်းပြဋ္ဌာန်းလေ့ရှိကြပါတယ်။ မြေဆိုင်ရာ အခွင့်အရေးတွေ၊ ဥပဒေအရရမယ့် အကာအကွယ်တွေနဲ့ အာမခံချက်တွေထက် မက်လုံးအဖြစ် သိသိသာသာဆွဲဆောင်ထားတာကတော့ အခွန်ကင်းလွတ်ခွင့် သက်သာခွင့် ခံစားစေခြင်းပဲဖြစ်ပါတယ်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI) ဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကို ဦးမော့လာအောင် ပံ့ပိုးနိုင်တဲ့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ မဖွံ့ဖြိုးသေးတဲ့နိုင်ငံတွေပါမက ဖွံ့ဖြိုးပြီး နိုင်ငံတွေမှာ မိမိနိုင်ငံထဲကို FDIတွေ ဝင်ရောက်လာရေး မူဝါဒတွေချမှတ်၊ ဥပဒေတွေရေးဆွဲ ပြဋ္ဌာန်းပြီးတော့ အပြိုင်အဆိုင် ဆွဲဆောင်လာကြပါတယ်။

အာဆီယံနိုင်ငံတွေထဲမှာ နိုင်ငံအလိုက် အခွန်ကင်းလွတ်ခွင့် သက်သာခွင့်နဲ့စပ်လျဉ်းပြီး ဘယ်လိုဆွဲဆောင်ကြသလဲဆိုတာကို အောက်ပါအတိုင်းလေ့လာတွေ့ရှိနိုင်ပါတယ်။

စင်္ကာပူနိုင်ငံမှာ အသစ်စတင်လုပ်ကိုင်တဲ့ ထုတ်လုပ်မှုလုပ်ငန်းတွေနဲ့ သတ်မှတ်ထားတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို ထုတ်ကုန်၊ နည်းပညာအသုံးပြုမှုနှင့် စင်္ကာပူနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံတဲ့ငွေပမာဏအပေါ် မူတည်ပြီး အခွန်ကင်းလွတ်ခွင့်ကို ၅ နှစ်ကနေ ၁၅ နှစ်အထိ ပေးထားပါတယ်။ ရေကြောင်းသွားလာမှုနဲ့ဆိုင်တဲ့လုပ်ငန်းမှာ Approved Shipping INvestment Manager ၊ ACIE ၊ ACIM ၊ ASL အစရှိတဲ့ သက်ဆိုင်ရာအတည်ပြုချက်တွေရှိရင် ဝင်ငွေရရှိမှုအပေါ်မူတည်ပြီး အခွန်ကင်းလွတ်ခွင့် ခံစားရရှိမှာဖြစ်ပါတယ်။ နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများ၊ ဆိုက်ဘာအသုံးပြု ကုန်သွယ်မှုလုပ်ငန်းများစတဲ့ ကုန်သွယ်မှုလုပ်ငန်းတွေမှာဆိုရင်လည်း Concessionary Tax Rate ကို ၁၀% အထိ ကင်းလွတ်ခွင့်ရရှိမှာဖြစ်ပါတယ်။ FSI - Standard Tier, FSI- Headquarter Services, FSI-Fund Management, FSI-Capital Market, FSI-Credit Facilities Syndication, FSI - Derivative Market, Real Estate Investment Trust, Insurance အစရှိတဲ့ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းတွေမှာရင်းနှီးမြှုပ်နှံသူတွေအတွက်ကတော့ ရရှိတဲ့ဝင်ငွေအပေါ် မူတည်ပြီးတော့ Concessionary Tax Rate ကို ၅%၊ ၁၀% နှင့် ၁၂%၊ ၅ နှစ်ကနေ ၁၀ နှစ်အထိ သက်သာခွင့် အသီးသီးခံစားရရှိမှာဖြစ်ပါတယ်။ ဒါတွေအပြင် အခွန်ကင်းလွတ်ခွင့် သက်သာခွင့်တွေကို ဖွံ့ဖြိုးမှုနှင့် သုတေသနလုပ်ငန်းများ၊ ထုတ်လုပ်မှုစွမ်းအားနှင့် တီထွင်ဆန်းသစ်မှုများအပေါ်မူတည်ပြီး သီးသန့်ခံစားခွင့်များလည်း ပေးထားပါတယ်။

ဗီယက်နမ်နိုင်ငံကတော့ အခွန်ကင်းလွတ်ခွင့် သက်သာခွင့်များကို အစိုးရမှာ အားပေးမြှင့်တင်လိုသည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၊ အားပေးမြှင့်တင်လိုသည့် နေရာဒေသများမှာ လုပ်ကိုင်တဲ့လုပ်ငန်းများနှင့် သတ်မှတ်ချက်ဝင်တဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏတွေရှိတဲ့ လုပ်ငန်းများကို တစ်ဆက်တည်း ၂ နှစ်မှ ၄ နှစ်အထိ အခွန်ကင်းလွတ်ခွင့် သက်သာခွင့်နဲ့ နောက်ထပ် ၄ နှစ်မှ ၉ နှစ်အထိ ထက်ဝက်သက်သာခွင့်တို့ ခံစားခွင့်ပေးထားတာဖြစ်ပါတယ်။ အားပေးမြှင့်တင်လိုသည် ကဏ္ဍတွေထဲမှာ ပညာရေး၊ ကျန်းမာရေး အားကစား၊ နည်းပညာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အခြေခံအဆောက်အအုံ၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်း၊ ဆော့ဖ်ဝဲလ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့ ပါဝင်ပါတယ်။ အားပေးမြှင့်တင်လိုသည့် နေရာဒေသတွေကတော့ စီးပွားရေးနှင့် နည်းပညာအဆင့်မြင့်ဇုန်များ၊ စက်မှုဇုန်များနှင့် လူမှုစီးပွားခက်ခဲသည့် ဒေသများတို့ပဲဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏအနေနဲ့ ကတော့ ဗီယက်နမ်နိုင်ငံတွင်းမှာ ငါးနှစ်အတွင်း VND 12 trillions နဲ့အထက်ရှိပြီး ဥပဒေအရ နည်းပညာ မြင့်မားစေတဲ့လုပ်ငန်းမျိုး ဖြစ်ရပါမယ်။ ဒါ့ပြင် နည်းပညာမြင့်မားသည့် ထုတ်လုပ်မှုများ၊ အထည်ချုပ် နှင့် အထည်အလိပ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်း၊ သတင်း အချက်အလက်နည်းပညာ၊ ကားတပ်ဆင်ခြင်း၊ စက် ပစ္စည်းထုတ်လုပ်ခြင်း စတဲ့ ထုတ်လုပ်မှုလုပ်ငန်းတွေကိုလည်း အခွန်ကင်းလွတ်ခွင့် သက်သာခွင့် ခံစားခွင့်ပေးထားပါတယ်။ တစ်ဖက်ကလည်း ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့ကစပြီး အသေးစားနဲ့အလတ်စားလုပ်ငန်းလို့ ရွေးချယ်သတ်မှတ်ခြင်းခံရတဲ့ လုပ်ငန်းမှန်သမျှဟာ ဘယ်နေရာ၊ ဘယ်ကဏ္ဍမှာပဲ လုပ်ကိုင်သည်ဖြစ်စေ ထိုကင်းလွတ်ခွင့်နဲ့ သက်သာခွင့်များကို ခံစားရစေဖို့ စီမံပြဋ္ဌာန်းထားပါတယ်။ နောက် ဗီယက်နမ်နိုင်ငံရဲ့ ထူးခြားတဲ့ မက်လုံးတစ်ခုကတော့ ထုတ်လုပ်မှု၊ ဆောက်လုပ်ရေးနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေမှာ အမျိုးသမီးဝန်ထမ်းနဲ့ လူနည်းစု တိုင်းရင်းသားမျိုးနွယ်စုတွေကို ခန့်အပ်ခြင်းနဲ့ တိုင်းတာပြီးတော့ အခွန်ကင်းလွတ်ခွင့် သက်သာခွင့်ပေးတာပါ။ ပေးတဲ့ အခွန်ကင်းလွတ်ခွင့် သက်သာခွင့်ကိုလည်း အဲ့ဒီ

အမျိုးသမီး/ လူနည်းစုတိုင်းရင်းသားမျိုးနွယ်စုတွေ အပေါ် အမှန်တကယ်ပေးတဲ့ လခအပေါ်အခြေခံပြီး ပေးတာတွေ့ရပါတယ်။

မလေးရှားနိုင်ငံရဲ့ အခွန်ကင်းလွတ်ခွင့် သက်သာခွင့်ကတော့ မြန်မာနိုင်ငံနဲ့ နီးစပ်ပါတယ်။ ကုန်ထုတ်လုပ်မှု၊ စားသောက်ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေး၊ ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် စက်မှုဇုန် သို့မဟုတ် စီးပွား ရေးဇုန်များကို ဦးစားပေးမြှင့်တင်မည့် ကဏ္ဍများ အဖြစ် သတ်မှတ်ပြီး ၇၀% ဝင်ငွေခွန် သက်သာခွင့် ၅ နှစ်ပေးထားတာပဲဖြစ်ပါတယ်။ ပို့ကုန်ဦးစားပေး လုပ်ငန်းများကိုလည်း သက်သာခွင့်တွေပေးထားပါတယ်။ ဇီဝနည်းပညာကဏ္ဍအတွက်ကတော့ လုပ်ငန်းစတင်လုပ်ကိုင်သူတွေအတွက် ဝင်ငွေစတင်ရရှိသည့်နှစ်မှစပြီး ၁၀ နှစ်အထိ ၁၀၀% အခွန်ကင်းလွတ်ခွင့် ပေးထားတာဖြစ်ပါတယ်။ လုပ်ငန်းတိုးချဲ့မယ်ဆိုရင် တော့ နောက်ထပ် ၅ နှစ် အခွန်ကင်းလွတ်ခွင့် ထပ်ရမှာ ဖြစ်ပါတယ်။ ဒါ့ပြင် ပညာရေးကဏ္ဍ၊ Green Technology ၊ ကျန်းမာရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာလုပ်ငန်းများနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများမှာလည်း ကဏ္ဍအလိုက် သက်သာခွင့်များ အသီးသီး ပေးထားပါတယ်။

ထိုင်းနိုင်ငံကတော့ သုံးနှစ်အတွင်း နိုင်ငံ၏ အမျိုးသားဝင်ငွေ ၈၅% အောက်ရောက်ရှိတဲ့ဒေသများကို သုံးသပ်ပြီး ဇုန် ၁၊ ဇုန် ၂ နှင့် ဇုန် ၃ အဖြစ် ယေဘုယျအားဖြင့် သုံးနှစ်တစ်ကြိမ် ပြောင်းလဲသတ်မှတ်ပါတယ်။ နိုင်ငံရဲ့ GDP လိုအပ်ချက်၊ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်နဲ့ နိုင်ငံတကာရဲ့ နည်းပညာတိုးတက်မှုတို့အပေါ် မူတည်ပြီး အထူးအခွင့်အရေးရရှိမည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကိုလည်း ပြန်လည်သုံးသပ်သတ်မှတ်ပါတယ်။ အဲ့ဒီ သတ်မှတ်ထားတဲ့ ဇုန် ၁၊ ၂ နှင့် ၃ မှာ လုပ်ကိုင်ရင် ပုံမှန်အားဖြင့် ၃ နှစ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရမှာဖြစ်ပြီး အဲ့ဒီ ဇုန် ၃ ခုထဲမှာ အထူးအခွင့်အရေးရရှိမည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း လုပ်ကိုင်မယ်ဆိုရင်တော့ လုပ်ငန်းအမျိုးအစားပေါ်မူတည်ပြီး ၈ နှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိနိုင်ပါတယ်။

အင်ဒိုနီးရှားနိုင်ငံကတော့ အခွန်ကင်းလွတ်ခွင့် သက်သာခွင့်အတွက် အခြားသတ်မှတ်ချက်များရှိသော်ငြားလည်း ရင်းနှီးမြှုပ်နှံမှုပမာဏအပေါ် အဓိကထားစဉ်းစားတာ တွေ့ရပါတယ်။ ဥပမာအားဖြင့် IDR 1 trillion (အမေရိကန်ဒေါ်လာ ၇၄ သန်းခန့်) ကျော်တာနဲ့ ဝင်ငွေခွန်ကင်းလွတ်ခွင့် ၁၀ နှစ်အထိ ခံစားခွင့် ပေးထားတာဖြစ်ပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနဲ့ကတော့ ယေဘုယျအားဖြင့် ၅ နှစ်ကနေ ၇ နှစ်အထိ အခွန်ကင်းလွတ်ခွင့် ရရှိနိုင်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းအတွက်ကိုတော့ ၁၅ နှစ်အထိ ပေးထားတာတွေ့ရပါတယ်။

ကမ္ဘောဒီးယားနိုင်ငံမှာတော့ သတ်မှတ်ထားတဲ့ အရည်အသွေးပြည့်မီတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဟာ အခွန်ကင်းလွတ်ခွင့် သက်သာခွင့် အများဆုံး ၉ နှစ်အထိ ရရှိနိုင်မှာဖြစ်ပါတယ်။ တင်သွင်း တင်ပို့ခြင်း၊ လက်လီလက်ကားရောင်းချခြင်းစတဲ့ စီးပွားရေးဆောင်ရွက်မှုလုပ်ငန်းများ၊ မီးရထားမှလွဲ၍ ရေကြောင်း၊ လေကြောင်း အစရှိတဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဖျော်ဖြေရေးလုပ်ငန်းများ၊ မီဒီယာလုပ်ငန်းများ၊ သစ်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ 3-star နှင့် 3-star ထက်နိမ့်သော ဟိုတယ်များ၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများစတဲ့ လုပ်ငန်းတွေကိုတော့ အခွန်ကင်းလွတ်ခွင့် သက်သာခွင့်မပေးဘူးလို့ သတ်မှတ်ထားပါတယ်။

လာအိုနိုင်ငံကတော့ နေရာဒေသ ဇုန် ၁၊ ၂၊ ၃ နဲ့ဦးစားပေးမြှင့်တင်မယ့် လုပ်ငန်းအဆင့်အတန်းတွေပေါ် မူတည်ပြီး အောက်ဖော်ပြပါ ဇယားအတိုင်း ခံစားခွင့် ပေးထားတာဖြစ်ပါတယ်။

| ဇုန် | ဦးစားပေးမြှင့်တင်မည့်လုပ်ငန်းအဆင့်-၁ | ဦးစားပေးမြှင့်တင်မည့်လုပ်ငန်းအဆင့်-၂ | ဦးစားပေးမြှင့်တင်မည့်လုပ်ငန်းအဆင့်-၃ |
|---|---|---|---|
| ၁ | ၁၀ နှစ် | ၆ နှစ် | ၄ နှစ် |
| ၂ | ၆ နှစ် | ၄ နှစ် | ၂ နှစ် |
| ၃ | ၄ နှစ် | ၂ နှစ် | ၁ နှစ် |

ဆေးရုံ၊ ပညာရေးဆိုင်ရာကျောင်းများ၊ သုတေသနစင်တာများ စတဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆိုရင်တော့ နောက်ထပ် ၅ နှစ် ထပ်ပေါင်းပြီး ခံစားခွင့်ရရှိမှာဖြစ်ပါတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့ အခွန်ကင်းလွတ်ခွင့် သက်သာခွင့်ကို လေ့လာမယ်ဆိုရင်တော့ ဖွံ့ဖြိုးမှုနည်းပါးတဲ့ ဒေသတွေမှာ လုပ်ကိုင်ရင် လုပ်ငန်းအသစ်များကို ၆ နှစ်နဲ့ လုပ်လက်စလုပ်ငန်းများဆိုရင်တော့ ၄ နှစ် ခံစားခွင့်ပေးထားပါတယ်။ ပြည်ပတင်ပို့တဲ့လုပ်ငန်း၊ သတင်းအချက်အလက်နဲ့ နည်းပညာ၊ အထူးစီးပွားရေးဇုန်မှာ လုပ်ကိုင်သူတွေအတွက်ကတော့ လုပ်ငန်းအသစ်များကို ၆ နှစ်နဲ့ လုပ်ငန်းအသစ်မဟုတ်ရင် ၄ နှစ် ခံစားရမှာ ဖြစ်ပါတယ်။

အခြားအာဆီယံနိုင်ငံတွေရဲ့ အခွန်ကင်းလွတ်ခွင့် သက်သာခွင့်တွေကို တင်ပြပြီးတဲ့အခါ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရခံစားရရှိနိုင်မယ့် အခွန်ဆိုင်ရာ ခံစားခွင့်များကို ဆက်လက်တင်ပြချင်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်/အတည်ပြုမိန့်ရရှိထားတဲ့ ရင်းနှီးမြှုပ်နှံသူတွေဟာ ဝင်ငွေခွန်ကင်းလွတ်ခွင့်နဲ့ အကောက်ခွန်ကင်းလွတ်ခွင့်တွေကို ခံစားရရှိမှာဖြစ်ပါတယ်။ ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိနိုင်ဖို့အတွက်ကတော့ ပထမဦးဆုံးအနေနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဟာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇ အရ သတ်မှတ်ထားတဲ့ ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ (Promoted Sectors)မှာ ပါဝင်ရမှာဖြစ်ပါတယ်။ အဲ့ဒီ Promoted Sectors မှာ ပါဝင်ခြင်းမရှိတဲ့ လုပ်ငန်းမျိုးဆိုရင်တော့ ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ခံစားနိုင်မှာ မဟုတ်ပါဘူး။ Promoted Sectors မှာ ပါဝင်ပြီဆိုရင် ဝင်ငွေခွန်ကင်းလွတ်ခွင့် ဘယ်နှစ်နှစ် ခံစားနိုင်မလဲဆိုတာကတော့ မိမိရင်းနှီးမြှုပ်နှံတဲ့ နေရာဒေသအပေါ်မှာ မူတည်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မြို့နယ်တွေကို ဖွံ့ဖြိုးတိုးတက်မှုအလိုက် ဇုန်-၁၊ ဇုန်-၂ နဲ့ ဇုန်-၃ ဆိုပြီးတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၇ နဲ့ ထုတ်ပြန်သတ်မှတ်ပေးထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးလို ဖွံ့ဖြိုးတိုးတက်ပြီးတဲ့ဒေသတွေက ဇုန်-၃ ထဲမှာပါဝင်ပြီး၊ တောင်ငူမြို့နယ်လို ဒေသတွေကတော့ ဇုန်-၂ နဲ့ ဖလမ်းမြို့နယ်လို မဖွံ့ဖြိုးသေးတဲ့ဒေသတွေကတော့ ဇုန်-၁ ဖြစ်ပါတယ်။ ဇုန်-၁ မှာပါဝင်တဲ့ မြို့နယ်တွေအတွက်ဆိုရင်တော့ စီးပွားဖြစ်စတင်တဲ့နှစ်ကနေ ဝင်ငွေခွန်ကင်းလွတ်ခွင့် တစ်ဆက်တည်း ၇ နှစ်၊ ဇုန်-၂ အတွက် ၅ နှစ်နဲ့ ဇုန်-၃ အတွက်ကတော့ ၃-နှစ် ခံစားရရှိမှာဖြစ်ပါတယ်။ လတ်တလောမှာတော့ ဇုန် ၁၊ ၂ နှင့် ၃ ထဲမှာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်တွေအားလုံး ပါဝင်နေပါတယ်။ နောက်ပိုင်းမှာ FDI အတွက် မက်လုံးပေးစရာမလိုတော့ဘဲ ဖွံ့ဖြိုးတိုးတက်ပြီးလို့ သတ်မှတ်တဲ့နေရာဒေသတွေကို ဒီ ဇုန်-၁၊ ၂၊ ၃ ထဲက ထုတ်ပယ်သွားမှာဖြစ်ပါတယ်။ ဝင်ငွေခွန်နဲ့ ပတ်သက်ပြီး ဒုတိယအနေနဲ့ ခံစားနိုင်တာကတော့ စည်းကြပ်နှစ်မှာ ရရှိတဲ့အမြတ်ငွေကို အဲ့ဒီနှစ်နဲ့ ကပ်လျက်နှစ်မှာ ပြန်လည်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် အဲ့ဒီအမြတ်ငွေအပေါ်မှာ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိမှာဖြစ်ပါတယ်။ ဝင်ငွေခွန်နဲ့ ဆက်စပ်မှုရှိတဲ့ ပစ္စည်းလျော့တွက်နှုန်းထားနဲ့ပတ်သက်ပြီးတော့လည်း မူလသတ်မှတ်ထားတဲ့ ပစ္စည်းလျော့တွက်နှုန်းထားရဲ့ ၁.၅ ဆလျှော့ပြီး ခံစားခွင့်ရရှိမှာဖြစ်ပါတယ်။ သုတေသနနဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းတွေ လုပ်မယ်ဆိုရင် လည်းဝင်ငွေခွန်ထဲကနေ အများဆုံး ၁၀% အထိ ကင်းလွတ်ခွင့်ရရှိ

နိုင်မှာဖြစ်ပါတယ်။ ဒါ့ပြင် ဝင်ငွေ ခွန်ကင်းလွတ်ခွင့် ခံစားပြီးနောက် ဝင်ငွေခွန်ဆောင် ရမယ့်အချိန်မှာဆိုရင် လည်း နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတွေကို ပြည်တွင်းမှာရှိတဲ့ ရင်းနှီးမြှုပ်နှံသူများဆောင်ရတဲ့ ဝင်ငွေ ခွန် နှုန်းထားတွေအတိုင်း ပေးဆောင်ခွင့်ပြုထားပါ သေးတယ်။ ဒါကတော့ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံသူ တွေကို ခံစားခွင့်ပေးထားတဲ့ ဝင်ငွေခွန်ကင်းလွတ်ခွင့်တွေ ဖြစ်ပါတယ်။


အကောက်ခွန်ကင်းလွတ်ခွင့်တွေကတော့ လုပ်ငန်း များ စတင်လုပ်ကိုင်ဖို့အတွက် လိုအပ်တဲ့ တည်ဆောက် ရေးလုပ်ငန်းသုံးပစ္စည်းတွေ၊ စက်ပစ္စည်းနဲ့ စက်အရန် ပစ္စည်းတွေအပေါ်မှာ ပေးထားတာဖြစ်ပါတယ်။ မတည်ရင်းနှီးငွေရဲ့ ၈၀% ထည့်ဝင်ပြီးတဲ့နောက် အနည်းဆုံး အမေရိကန်ဒေါ်လာ ၃ သိန်းနဲ့အထက် ထပ်မံရင်းနှီးမြှုပ်နှံမယ်ဆိုရင် လုပ်ငန်းတိုးချဲ့တယ်လို့ သတ်မှတ်ပေးပြီး အဲ့ဒီလိုတိုးချဲ့ဖို့အတွက် လိုအပ်တဲ့ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းတွေ၊ စက်ပစ္စည်း နဲ့ စက်အရန်ပစ္စည်းတွေအပေါ်မှာ အကောက်ခွန်ကင်း လွတ်ခွင့် ထပ်မံခံစားခွင့်ပေးထားပါတယ်။

ပြည်ပသို့ ၁၀၀% တင်ပို့တဲ့လုပ်ငန်းမျိုးဖြစ်တယ် ဆိုရင်တော့ကုန်ကြမ်းကို အကောက်ခွန်ကင်းလွတ် ခွင့်နဲ့ တင်သွင်းခွင့် ရရှိမှာဖြစ်ပါတယ်။ ၁၀၀% လုံး မတင်ပို့ဘဲ ဥပမာ ၅၀%၊ ၇၅% စသည်ဖြင့် ရာခိုင်နှုန်း တစ်ခုပဲ တင်ပို့မယ်ဆိုရင်တော့ နောက်နှစ်ကုန်ကြမ်း တင်သွင်းတဲ့အခါ တင်ပို့တဲ့ရာခိုင်နှုန်းအပေါ် မူတည် ပြီး အချိုးကျခုနှိမ်ခွင့်ရရှိမှာဖြစ်ပါတယ်။

အခုဖော်ပြခဲ့တာတွေကတော့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်ဖို့ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုဥပဒေအရ ပြဋ္ဌာန်းထားတဲ့ မြန်မာနိုင်ငံရဲ့ အခွန်ဆိုင်ရာ မက်လုံးတွေပဲဖြစ်ပါတယ်။ စင်္ကာပူလို နိုင်ငံတွေကတော့ နည်းပညာပိုင်းနဲ့ SDG Goalsတွေ ဘက်ကို ဖောင်းပေးပြီး အခွန်မက်လုံးတွေ သတ်မှတ် လာနိုင်ခဲ့ပေမဲ့ မြန်မာနိုင်ငံအနေနဲ့ကတော့ ကဏ္ဍ တော်တော်များများမှာ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်နေတဲ့ အတွက် နှစ်တစ်ဆက်တည်း ဝင်ငွေခွန် ကင်းလွတ် ခွင့်ရနိုင်တဲ့ Promoted Sectors စာရင်းထဲမှာ ကဏ္ဍ စုံလင်စွာပါဝင်နေသေးတာကို တွေ့နိုင်မှာဖြစ်ပါတယ်။ ဒါဟာလည်း နိုင်ငံရဲ့လိုအပ်ချက်အရ ထည့်သွင်း ထားရတာဖြစ်သလို FDI ဆွဲဆောင်မှုအတွက်လည်း Range ကျယ်သွားစေတယ်လို့ ပြောရင်လည်း ရနိုင် ပါတယ်။ ထိုင်းနိုင်ငံလို နိုင်ငံမျိုးအနေနဲ့ ကင်းလွတ် ခွင့် သက်သာခွင့်ရနိုင်တဲ့ဇုန်ကို ခပ်ကျဉ်းကျဉ်းသတ် မှတ်ထားပေမယ့် မြန်မာနိုင်ငံအနေနဲ့ကတော့ရင်းနှီးမြှုပ် နှံမှုတွေက နေရာဒေသတိုင်းမှာ လိုအပ်လျက်ရှိနေသေး တာပဲဖြစ်ပါတယ်။

အချုပ်အနေနဲ့ ပြောရမယ်ဆိုရင်တော့ အခွန်ဆိုင် ရာ ကင်းလွတ်ခွင့် သက်သာခွင့် မက်လုံးပေးခြင်း ဆိုတာဟာ FDI များများစီးဝင်စေခြင်းဆိုတဲ့ အဓိက ရည်ရွယ်ချက်ရဲ့နောက်ကွယ်မှာ မိမိနိုင်ငံရဲ့ နိုင်ငံ ရေး၊ စီးပွားရေးနဲ့ လူမှုရေးအရ လိုအပ်လျက်ရှိတဲ့ နေရာတွေ၊ ရှုထောင့်တွေကို ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ဗျူဟာကျဆွဲဆောင်မှုတစ်ရပ်ပဲ ဖြစ်ပါ တယ်။ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ကလည်း နိုင်ငံ တစ်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံတော့မယ်ဆိုရင် အဲ့ဒီနိုင်ငံ ရဲ့ အားနည်းချက်၊ အားသာချက်များအပြင် ပေးထားတဲ့ အခွန်ဆိုင်ရာ အခွင့်အရေးတွေကိုလည်း ထည့်သွင်း စဉ်းစားလေ့ရှိကြပါတယ်။ အားနည်းချက်များအပြင် အားသာချက်ခြင်းတူညီရင်တော့ အခွန်မက်လုံးများတဲ့ နိုင်ငံကိုပဲ ခြေဦးလှည့်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် သတ်မှတ်ပြဋ္ဌာန်းထားတဲ့ အခွန်ကင်းလွတ်ခွင့် သက်သာခွင့်မက်လုံးတွေနောက်ကို FDI များ ကောက် ကောက်ပါအောင် ဝင်လာမစဲ တသဲသဲ ဖြစ်ခဲ့မယ် ဆိုရင်တော့ မြန်မာနိုင်ငံရဲ့စီးပွားရေး ဦးမော့လာနိုင်မယ့် နေ့ရက်များပဲဖြစ်ပါကြောင်း တင်ပြ လိုက်ရပါတယ်။

■ဇေသက်စုဝင်း





မနေ့ညက စာမူတွေ သတ်ပုံစစ် စာဖတ်နေရာနှင့် အိပ်ချိန် အတော်ကြီးနောက်ကျခဲ့ပါသည်။ ရုံးပိတ်ရက်ဖြစ်နေတာကြောင့်လည်း နှိုးစက်ကို ဖွင့်မထားခဲ့ပါ။

ကျွန်မနိုးချိန်မှာ မနက်ဈေးကွဲခါနီး ဖြစ်နေ၍ ဈေးကမန်းကတန်းပြေး...

ဘုရားပန်းဝယ်၊ ထမင်းစချက်ချိန်မှာမှ မနက်စာ လက်ဖက်ရည် တစ်ငုံနှင့် အီကြာကွေးလေးလွေး လိုက်ရသည်။ တစ်ပတ်မှာ ခရီး မထွက်လျှင် ဤတစ်ရက်သာ ကျွန်မ၏သက်သောင့်သက်သာရှိသောအချိန်လေးဖြစ်ပြီး ထိုတစ်နေ့တာကို မရရအောင် နားချင်၍ ဖုန်းနှစ်လုံးစလုံး ညကတည်းက ပိတ်ထားလိုက်မိ၏။ အိမ်ဖုန်းသိသူက ဆက်လိမ့်မည်ဟုသာ မှတ်ထားလိုက်ပြီး စာကြွေးများရှင်းထုတ်နေတော့သည်။ ဖတ်ရန်အများကြီးထဲမှ 'ဖော်ဝေးဒိုင်ယာရီ'ကို ပြန်ဖတ်မည်။ ပြီးတော့ မြို့မကျောင်းဆရာ ဦးစံထွား၏ 'လောကီထုပ္ပတ်လူတို့ဓာတ်'ကို ဖတ်မည်။ ထိုစာအုပ်ကိုဖတ်ဖို့ ချိန်နေရင်း ကျော်ကျော် သွားတာကြာပေါ့။ အခြေခံကမ္ဘာ့သမိုင်း အကျဉ်းချုပ်ဖြစ်ပြီး ၁၉၄၆–၄၇ ခုနှစ်က အကောင်းဆုံးကျောင်း သုံးစာအုပ်ဆုရခဲ့သည်မို့ ထိုစာအုပ်ကိုလည်း ပြီးသရွေ့ဖတ်မည်ဟု တေးထားသည်။

အတွေးတွေနှင့် မီးဖိုချောင်ကိစ္စ အရင်ရှင်းနေရင်းကနေ ဖုန်းပြန်ဖွင့်ရန် သတိရသွား၏။ ဖုန်းတစ်လုံးကို အားသွင်းရင်း ပြန်ဖွင့်လိုက်ရာ ခေါ်ထားသော ဖုန်းတွေ ငါးခါတောင်ဖြစ်နေသည်ကို တွေ့ရ၏။ ပြန်ခေါ်မှဖြစ်မည့် ဖုန်းဖြစ်နေရာ ကျွန်မ ချက်ချင်းပင် ပြန်ခေါ်လိုက်၏။

"ဟဲလို... သမီးလား..."

ကျွန်မအသံကိုကြားတာနှင့် တစ်ဖက်မှပြန်ထူးသံသည် တုန်တုန်ရီ ကိ်ရီ ကိ်ဖြစ်နေပြီး အသံလည်း တိုးလျနေတော့၏။ သည်တော့မှ ကျွန်မအသံက ပိုကျယ်သွားပြီး "ဘာလဲ... သမီးချောလေး... ဘာလဲ... မကြားရဖူး" ဟု ထပ်မေးလိုက်ရာ "ကိုကြီးနှလုံးဖောက်ပြီး ဆုံးသွားပြီ လေးလေး" ဟူသောအသံမှာ ငိုသံအစ်အစ်နှင့်...။

"ဘုရားရေ...ဟင် ဘယ်တုန်းက" ဆက်မေးရန် ထစ်ငေါ့နေပြီး နောက် ကျွန်မ၏ မနက်ခင်းသည်... လောကီထုပ္ပက်လှူတို့ဓာတ်ဖြင့် စခဲ့လေပြီကော...။

❖

"ကိုဖြိုးကို ဘယ်ပို့ရမလဲ ဟင်"

ထိုစကားကို ပြောသောသူသည် ကိုဖြိုး၏ညီမလေးဖြစ်ပြီး... နောက်တစ်ပတ်လောက်မှာ အလုပ်ဖြင့် နယ်သို့ပြန်ရမည့်သူလည်းဖြစ်သည်။ ကျွန်မကို အားကိုးတကြီး မေးနေပေမယ့် ကျွန်မမှာ အဖြေမရှိသေးပါ။ ကျွန်မဘေးမှာ ကိုဖြိုး အစ်မဝမ်းကွဲရှိနေ၏။ ကျွန်မတို့ သုံးယောက်ကို စိတ်ဝင်စားခြင်းမရှိပဲ ဆေးလိပ်ဆင်းဝယ်လိုက်၊ မုန့်ဆင်းဝယ်လိုက်၊ ပြန်တက်လာလိုက်၊ ရေချိုးလိုက်၊ အင်္ကျီချွတ်လိုက်၊ အင်္ကျီပြန်ဝတ်လိုက်နှင့် ကိုဖြိုးလှုပ်ရှားနေသမျှ ဘာတစ်ခွန်းမှ မဟန့်တားကြပဲ စိတ်အပင်ပန်းကြီး ပင်ပန်းနေကြသော ကျွန်မတို့ကတော့ ကိုဖြိုးအရေး သည်လတ်တလော အခက်ခဲဆုံးဖြစ်နေတော့၏။

"သူ့အဖေ အိမ်ပို့ရင် မရဘူးလား သမီးရယ်... သမီး ဖေဖေက သူ့သားတော့လက်ခံမှာပါ"

ကျွန်မဖက်က အဖြစ်နိုင်ဆုံးနှင့် အကောင်းဆုံးအခြေအနေကို ရွေးချယ်ချပြလိုက်ပေမယ့်... ကိုဖြိုးညီမလေး ချောက ခေါင်းကို ဆတ်ခနဲခါလိုက်၏။ ထိုအချိန်မှာ ချောလေး၏ မျက်လုံးအိမ်ထဲ၌ မျက်ရည်တွေပြည့်နေလေ၏။ ချောလေးသည် သူ့အရွယ်လေးနှင့် မလိုက်ဖက်စွာ အလျင်အမြန်ကြီးရင့်ခဲ့ရသူဖြစ်ပြီး... လောကခံကို ခပ်ပေပေစောင်း စောင်းကြည့်တတ်ပေမယ့် ဘယ်တော့မှအများဖက်သို့ ရွေ့ကစားခဲ့သူမဟုတ်ပေ။ သို့သော် ကိုဖြိုးကတော့ အစ်ကိုကြီး အဖရာလည်းမသိ။ သူ့ကိုယ်သူတောင် ကောင်းစွာ မစောင့်ရှောက်နိုင်တော့ပဲ သူ့မနက်ဖြန်အတွက် သူကိုယ်တိုင် ဆုံးဖြတ်နိုင်စွမ်းမရှိသည့် စိတ်အခြေအနေနှင့် လူငယ်တစ်ယောက် ဖြစ်နေချေပြီ။

"ချော မေးပြီးပြီ... ဖေဖေက သူတောင် သူ့ညီမိသားစုအိမ်မှာ နေတာတဲ့... ပြီးတော့ ဖေဖေ့ အဖေနဲ့ အမေလည်းနေတော့" ချောက စကားကိုဖြတ်ချလိုက်ပြီး အိမ်နောက်ဖက် သုတ်ခနဲဝင်ချသွား၏။ ကျွန်မမျက်နှာကို မကြည့်ဘဲ ဆံပင်နက်နက်တွေကို မျက်လုံးဖုံးအောင်ကာပြီး ပြောနေရာမှ ရှိုက်သံတစ်ချက်ထွက်လာကာ စကားရပ်သွားချိန်မှာ ချောထွက်သွားသည်။ ကျွန်မက တစ်အိမ်လုံး အခန်းကျယ်ကြီးအလယ်မှာ ဖျာတစ်ချပ်ခင်း ပြီးသာထိုင်နေကြသည့် ကျွန်မ အပါအဝင်ဤအိမ်ရှိ မိသားစုဝင် သုံးယောက်မှာ အနာဂတ်မဲ့နေသည့်သဖွယ် အလွန်စိတ်ချောက်ချားနေသည့်အချိန်လည်းဖြစ်ပါသည်။

"မမလေးရယ်... သူ့အဖေက သူ့မိသားစုနဲ့ သူအပြင်...ဆွေမျိုးတွေအိမ်မှာနေရတာဆိုတော့ ကိုဖြိုးသွားထားဖို့ အဆင်မပြေဘူးပေါ့... ခေါ်ထားချင်တယ်လည်း မပြောတော့ ခက်တာပေါ့... တကယ်ဆို သူ့အဖေတစ်ယောက်ပဲ ဒီလိုဖြစ်နေတာ တာဝန်ယူပေးသင့်

တာပေါ့"

ချောအစ်မဝမ်းကွဲက ကျွန်မကိုအသံတိုးတိုးလေးနှင့် ဝမ်းပန်းတနည်းရှင်းပြပါသည်။ ကျွန်မက ထိုမိသားစု၏ အတွင်းစည်း၊ အပြင်စည်း၊ အလယ်စည်း စည်းသုံးတန်စလုံး သိထားသူဖြစ်သလို၊ ရပ်ဆွေရပ်မျိုးလည်းဖြစ်ကာ ချောမေမေ၏ အချစ်ဆုံးသူငယ်ချင်းလည်း ဖြစ်နေသည်လေ။

"အေးလေ… တာဝန်ဆိုတာ ယူရင်တောင် တော်တော်လွန်နေတဲ့ဥစ္စာ။ အခုက သူတို့အဖေက တာဝန်မယူနိုင်ဘူးဆိုမှတော့ ကိုဖြိုးကို… သူ့ညီမ ချောကပဲ တာဝန်ယူရတော့မပေါ့"

ကျွန်မတွက်ဆထားသလို ချောအစ်မဝမ်းကွဲကလည်း တွေးပါသည်။

"ချောက တာဝန်ယူချင်ပေမယ့်… ချောကိုယ်တိုင် နယ်မှာအလုပ်လုပ်နေတာဆိုတော့…"

"မဖြစ်သေးပါဘူး… ချောက အခေါင်နေရတာ… သူ့အစ်ကိုကို ဘယ်နားသွားထားမလဲ… တော်ကြာ နယ်မှာအသားမကျပဲ ထွက်ပြေးမှဟုတ်ပေ့ဖြစ်နေမယ်နော်…"

"အဲဒါကြောက်တာပေါ့ မမလေးရယ်‥ ညီမကလည်း လာမနေနိုင်ဘူး"

ဆွေနည်းမျိုးနည်းဖြစ်နေရသည့်အထဲ ချောလေးတို့ညီအစ်မခမျာ ဒီအစ်ကို ဒီမောင်အတွက် သောကစိုက်နေရသည့်အချိန်မှာ ကျွန်မပါ အပူကူးသောအခါ သတိအရဆုံးမှာ ကျွန်မသူငယ်ချင်း 'ရီရီမာ' ကိုသာ။ ရီရီမာကတော့ လွတ်မြောက်နယ်မြေဆီသို့ သံသရာခရီးဆက်သွားလေပြီ။ သူဘယ်လောက်များ စိုးရိမ်ကြောင့်ကြစိုက်ခဲ့မှာပါလိမ့်။ သူ့မျက်ရည်တွေ တစ်လိမ့်ပြီး တစ်လိမ့်ကျရင်း သူ့ကျန်းမာရေးတွေ တစ်စစီချို့ယွင်းလာချိန်မှာ သူစိတ်အပူဆုံးနှင့် စိတ်မချဆုံး သူမှာ သမီးလေး ချောမဟုတ်ခဲ့ပါပဲ သားကြီး ကိုဖြိုးဖြစ်နေခဲ့ပါသည်။ ကိုဖြိုးအတွက် … ကိုဖြိုးအတွက် ကြည့်ပေးပါနော်လို့ တဖွဖွမှာခဲ့သော သူငယ်ချင်း။ သူ့ရောဂါက အမျိုးသမီးရောဂါထက် အသည်းကျွမ်းသည့် ဝေဒနာဆိုတာ ပိုမှန်ပေလိမ့်မည်။

နေကောင်းစဉ်က ခပ်ပြုံးပြုံးနှင့် လောကဓံကို ရယ်ဟယ် မောဟယ်ဖြတ်သန်းရင်း ကိုဖြိုး ကျန်းမာရေး မကောင်းသရွေ့ ဒိုင်ခံပြုစုပေးရင်း 'ဖိုးသူတော်လဲတော့ တောင်ဝှေးမထူနိုင်' ဖြစ်သွားသည့် အမေတစ်ယောက်၏ ပင်ပန်းစိတ်၊ ဝမ်းနည်းစိတ်၊ ကရုဏာစိတ်တွေကြားမှာ ကိုဖြိုးက လူက ကျန်းကျန်းမာမာ၊ စားစားသောက်သောက်။ သတိသာ တစ်ချက်တစ်ချက် လွတ်နေပြီး စိတ်မထင်လျှင်မထင်သလို ဒေါသကြီးနေတာတ်ပြန်ရာ… အိမ်ရှိ မှန်ရှေ့ရပ်ပြီး "မင်းက ဘယ်သူလဲ" ဟု မေးနေတတ်၏။ မှန်ကို တစ်ခါတည်း ရိုက်ခွဲလိုက်သည့်နေ့မှစ၍ ကိုဖြိုး၏ ကျန်းမာရေးကို တစ်မိသားစုလုံး သိသွားကြတော့၏။

"လေးရယ်… ရီရီ့သားလေးက ကျန်းမာရေးမကောင်းဘူး"

မပြောမဖြစ် ပြောပြခဲ့သည့် မိသားစုအရေးတွေကနေ ကျွန်မကိုယ်တိုင် ပါဝင်ကပြခဲ့ရသော သူငယ်ချင်းသောကအရေးမှာ သမီးလေးချောအတွက် တစ်ခါမှ ဗျာပါဒမစိုက်ရပါပဲ…ကိုဖြိုးအတွက်သာ တစ်ချိန်လုံး အရေးကြီးနေခဲ့ခြင်းမှာ ရီရီ့ကို အသက်ရှည်ခွင့်နည်းပါးစေခဲ့ပြီ ထင့်။

"ငါတို့ရှိပါတယ် ရီရီ…ငါ့သားသမီးတွေလို စောင့်ရှောက်မှာပါ"

ထိုစကားက ကျွန်မ၏ကတိစကားဖြစ်ပြီး… ရီရီနေမကောင်းချိန်မှစပြီး… ရီရီမရှိတော့သည့်ယခုအချိန်အထိ… ကျွန်မကို အားကိုးတိုင်ပင်လာသော သမီးချောလေးတို့ကို ကျွန်မအကောင်းဆုံးအကြံဉာဏ်တွေပေးချင်ပေမယ့်… ထိုအကြံဉာဏ်သည် သူ့သားကို သူ့အဖေထံ ပို့ခြင်းက အသင့်တော်ဆုံးဟု ဆုံးဖြတ်သော်လည်း အဖေဖြစ်သူက လက်ဆန့်တန်းမကြိုသောအခါ ကျွန်မတို့ ဘာများတတ်နိုင်ပါမည်နည်း။



**ချည်သံတွေကိုမုန်းနေလိုက်တာများ။ အံ့ဩစရာ။ ကိုဖြိုး ခုတိယနှစ်ကစပြီး ကျောင်းမတက်ပဲ ကွမ်းတွေစား၊ ဆေးလိပ်တွေ သောက်ရင်း... ဆေးပြားတွေပါ ချသည့်အဖြစ်ကို အချိန်လွန်မှ သိရသည့် မအေများ...**

တစ်ဖက်၏ အခက်အခဲကိုလည်း ပြန်စဉ်းစားလိုက်ရာ သီးခြားကမ္ဘာမှာ သီးခြားမိသားစုကြားထဲ ကိုဖြိုးကို သွားထား၍ ဖြစ်မည်မထင်ပြန်။ ချောလေးက မျက်ရည်လည်ရွဲနှင့်ပင် တစ်ရက်သားမှာ ကျွန်မကို ဖုန်းဆက်လာ၏။ ''အန်တီလေးလေး ...အိမ်ခဏလာခဲ့ပေးပါနော်''တဲ့။

ယခုတော့ ထိုအိမ်ရိပ်မှာ မိဘမရှိသည့် အိမ်ရိပ်ဖြစ်နေပြီ။ ညီမလေးက အစ်မကြီးနေရာမှာ ရောက်နေရရှာသည့်အဖြစ်ကလည်း ဆိုးလှပါသည်ဟုကျွန်မ မပြောရက်ပါ။ ချောလေး၏ သတ္တိနှင့် ခံနိုင်ရည်ကိုသာ ချီးကျူးစကားနာနာ ပြောပေးရင်း တွန်းအားပြုနေရပါသည်။

''ချောကသတ္တိကောင်းတယ် ... ချောကပဲကိုဖြိုးကို ဦးဆောင်နော်''

ချောင်ပိတ်မိသည့်ဘဝတွေမှာ ထွက်ပေါက်တစ်ခုတော့ ရှိရပေမည်။ ထိုထွက်ပေါက်သည် စိတ်ခတ်ကြွံနိုင်ခြင်းတည်းဟူသော တစ်ခုတည်းသောအရာသာ ဖြစ်လေ၏။ချောလေးအတွက် ကျွန်မမှာ ထိုစကားကို အကြိမ်ကြိမ် ရွတ်ဖက်သရဇ္ဈာယ်ပေးရင်း ဖျော့တော့နေသော ချောလေးမျက်နှာကို သွေးရောင်ပြန်လွှမ်း စေခဲ့ရပါသည်။

ညီမလေးရင်ဆိုင်ရသော အခက်အခဲကို ဘာတစ်ခုမှ တွေးမိပုံမရသော ကိုဖြိုးက သူ့ အမေမရှိတော့တာကို သိပြီး မှိုင်သည့်အခါ မှိုင်၊ ငိုင်သည့်အခါ ငိုင်နေလေ၏။ အစ်ကိုကိုရန်ကုန်မှာ ထားခဲ့ရမည့်အရေး... တိုက်ခန်းမှာ ထား၍လည်းမဖြစ်။ လူပိုလည်း မခေါ်ရဲ။ အိမ်ရှိပစ္စည်းတွေလည်း ယဲ့ယဲ့သာကျန်တော့သည့်အနေအထားမှာ နောက်ဆုံးတော့ ကိုဖြိုးအတွက် စိတ်ချ လက်ချ ခေါ်ထားပေးမည့် နေရာလေးကို တွေ့ရှိသွားလေ၏။

''ဆေးရုံသွားထားပါလား'' ဟု တစ်စုံတစ်ယောက်က အကြံပေးသည်။ ချောလေးရောကျွန်မရော တို့ပါလက်မခံနိုင်ပါ။ သေးသည့်အမှုကြီးအောင် မပြုရက်ပါ။ ကိုဖြိုးက သူ့ညီမ ချောလေးကို သိသည်။ ကျွန်မကို သိသည်။ မောင်နှမဝမ်းကွဲ အစ်မကိုသိသည်။ ရန်မပြု။ ကျေးသမှုစားသည်။ ဆေးကုပေးစဉ်က ခဏ နှစ်ရက်လောက်သွားထားရင်း ကိုဖြိုးကို ဝိုင်းထိုးထား၍ ဖူးရောင်နေခဲ့ဖူးသည်တဲ့လေ။ ထိုစဉ်က ကျွန်မသူငယ်ချင်း ရီရီမာခမျာ ရှိုက်ကြီးတငင် ငိုဖူးသည်တဲ့လေ။ တစ်ခါတစ်ရံအကောင်းကနေ အဆိုးဖက်ရောက်တတ်လေ၏။

''ခပ်ကြောင်ကြောင်လေးကနေ သွက်သွက်ခါသွားရင် ခက်ပြီ သူငယ်ချင်း... ငါမှား တာ... ငါသွားဆေးကုခိုင်းတာ မှားတာ''

''သူကပြောတယ် နာတယ် မေမေတဲ့''

အသည်းကွဲသူတို့နေရာမှာ ကျွန်မတို့ လဲပြိုမတတ် ဝမ်းနည်းခဲ့ရဖူး၍ အခုတစ်ခါမှာတော့ ကိုဖြိုး စိတ်ရောကိုယ်ပါ အေးချမ်း

သက်သာစေလိုခြင်းသာ ဦးတည်ပါသည်။

"ကိုဖြိုးကို အင်းတကော် ရိပ်သာက လက်ခံမယ်တဲ့ လေးလေး"

"သေချာရဲ့လားသမီးချော"

"သေချာပါတယ်... သမီး မနေ့ကလိုက်သွားတယ်... ဆရာတော်ကခေါ်ခဲ့တဲ့"

ကျွန်မတို့အားလုံး ဝန်ထမ်းတွေ၊ ဌာနတာဝန်ကိုယ်စီနှင့် သွားမကြည့်နိုင်လျှင် မခက်ပေဘူးလား။ တွေးကြ မေးကြ မြန်းကြပါဦးကွယ်။

"ဆေးခန်းလည်းရှိတယ်တဲ့။ ဆေးကုပေးမှာပါတဲ့။ သမီးတို့မေမေ ဇာတိက ဆရာတော်ပါ"

"အမလေး... ဝမ်းသာလိုက်တာ" ဟု အသံကျယ်ကျယ် ပြောမိ၍ ချက်ချင်းအသံတိုးလိုက်ရသည်။ ကိုဖြိုးက အသံကျယ်ကျယ်ကို မုန်းသူတစ်ယောက် ဖြစ်သည်။ မုန်းပေမပေါ့။ သူ ခပ်ငယ်ငယ်ကတည်းက အဖေနှင့်အမေရန်ဖြစ်သံတွေ သူတို့ကို နှိပ်စက်ခဲ့သည်လေ။ ညလယ်ကြီး အိုးခွက်ပန်းကန်တွေပေါက်ခွဲတိုင်း ရီရီမာက ပြန်ရန်ဖြစ်။ ခံသတ်။ ကလေးနှစ်ယောက်က လန့်ငို။ နောက်တော့ ဘာက ဘယ်လိုဖြစ်ကြရသနည်းမှာ... ဆွေရေးမျိုးရေးနှင့် နယ်မြေလုရေးမှသည် လူမှုရေးဆီ ရွေ့သွားခဲ့မှန်း သူ့ကလေးတွေမသိလို့လှ၍ ကြိတ်ရှင်းရင်းရှင်းရင်း ဆူညံခြင်းတွေနှင့် အသားကျနေရာ ထိုမြင်ကွင်းတွေအတွက်ကလေးတွေကို ထည့်တွက်ဖို့ မေ့နေခဲ့မိပြန်၏။

"ကားဟွန်းသံတွေ ဆူတယ်... ဆူညံတယ်ကွ... တိတ်စမ်း"

"ဒီကတ်ဆက်ကြီး ပိတ်နော် ... မပိတ်ဘူးလား"

"ဟာ... ဒီတီဗီထဲက ဆူလိုက်တာ ငါပေါက်ခွဲမိတော့မယ်"

ဆူညံသံတွေကိုမုန်းနေလိုက်တာများ။ အံ့ဩစရာ။ ကိုဖြိုး ဒုတိယနှစ်ကစပြီး ကျောင်းမတက်ပဲကွမ်းတွေစား၊ ဆေးလိပ်တွေသောက်ရင်း...ဆေးပြားတွေပါ ချသည့်အဖြစ်ကို အချိန်လွန်မှ သိရသည့် မအေခများ... ခြေမကိုင်မိ၊ လက်မကိုင်မိ။

ညအိပ်ခါနီး တစ်ချို့မှာ ကိုဖြိုး ထယောင်နေသံတွေက သူ့ မေမေ ရီရီမာ ရင်ဆို့စရာ။

"ရန်မဖြစ်နဲ့နော်... ရန်မဖြစ်နဲ့...နားငြီးတယ်...နားငြီးတယ်"

"တိတ်စမ်း... မငိုနဲ့... တိတ်"

ညလယ်ကြီး ထယောင်နေပေမယ့် သွားမတားရဲ။ ခဏကြာတော့ ပြန်ငြိမ်သွားတတ်၏။ သူ့ရှေ့မှာ ဘာဆူညံသံမှ မကြားလိုတော့သည့် လူငယ်လေးဖြစ်မှန်း သိချိန်မှာ ကိုဖြိုး အရွယ်ရောက်ခဲ့လေပြီ။ ချောလေးလည်း တက္ကသိုလ်ရောက်လာခဲ့ချေ၏။ ထိုအချိန်မှာ... ကိုဖြိုးဖေဖေက အိမ်သို့ လုံးလုံးပြန်မလာတော့ဘဲ နယ်မြို့တစ်မြို့သို့ သူ့မိသားစုနှင့် အလုပ်ထပ်ပြောင်းသွားခဲ့ လေတော့၏။

"အလုပ်ထွက်ချင်ပေမယ့် မထွက်နိုင်ပါဘူး သူငယ်ချင်းရယ် ...ပင်စင်လေးရရင် ကလေးတွေအတွက် ရေဖိုးမီးဖိုးရတာပေါ့"

ကိုယ့်ဒုက္ခနှင့် ကိုယ့်အပူကို တစ်ပါးသူကို မကူးစက်လိုပေမယ့် တစ်ချက်ယိုင်သွားတဲ့ မိသားစုဘဝကို မျက်ရည်နဲ့ရင်းပြီး ထမ်းပိုးပေမယ့် ရီရီမာ မတတ်နိုင်ခဲ့ချေ။ ကိုဖြိုးက အိမ်ရှိပစ္စည်းတွေကို ကြည့်ရင်း စိတ်မရှည်လျှင် ကက်ဆက်ပါပေါက် ခွဲပစ်လိုက်တော့သည်။ ထိုလိုနေ့မျိုးမှာ သူ့အဖေကို သတိရသော နေ့မျိုးတွေဖြစ်သည်ဆိုပဲ။ တကယ်လည်း ကက်ဆက်တွေ ပေါက်ခွဲသည့်အခါမျိုး၊ နားထဲဝွမ်းဆို့ထားတာမျိုးတွေနှင့် ဆေးကုရမည့်အခြေအနေထိဖြစ်သွားခြင်းပင်။ ဆေးရုံသွားပြ၍ ပြန်လာသည့်အချိန်မှစ၍ ရက်ကြာကြာပြန်ငြိမ်သက်သွားရှာပြန် အကောင်းနီးပါးအတိုင်း ပြန်ဖြစ်နေသည်။

"ဖေဖေနဲ့နေချင်တာဗျ"

တစ်ခါတစ်ခါ ကိုဖြိုး ပြောသော စကားတွေကို ကျွန်မ သူငယ်ချင်း ရီရီမာက မျက်ရည် အဝဲ



**အသည်းကွဲသူတို့နေရာမှာ ကျွန်မတို့ လဲပြိုမတတ် ဝမ်းနည်းခဲ့ရဖူး၏ အခု တစ်ခါမှာတော့ ...**

သားဖြင့် ရုံးမှာပြန်ပြောပြချိန်မှာ ကျွန်မတို့က ရင်ဘတ်တွေအောင့် နေတော့၏။ ဖအေကို တစ်စက် ကလေးမှအပြစ်မမြင်သော သား တစ်ယောက်ကိုပြပါ ဆိုလျှင် ကိုဖြိုးကိုပြပါလိမ့်မည်။

"သူ့အဖေ ခုလိုဖြစ်တာ ငါ့ အပြစ်တဲ့။ ဖေဖေ နယ်ပြောင်း သွားတာ... မေမေမှ မလိုက်တာ တဲ့...သူ့ရှစ်တန်းလောက်က ပြော သေးတယ်။ စဉ်းစားကြည့်ပါဦး သူငယ်ချင်းရာ... ငါ ဘယ်လို လိုက်မလဲ... ဒီကလေးနှစ်ယောက် ပညာရေးအတွက် ငါတောင်ရာထူး မယူပဲ ရန်ကုန်မှာ ကုတ်ကတ်နေ နေရတာ... ဝန်ထမ်းလေ... ဝန် ထမ်း... ဒီလို တစ်ကွဲတစ်ပြားနေ ချင်ပါ့မလား... မအေကတော့ သားသမီးကို ကြက်သားအုပ်မကြီး လို တောင်ပံဖြန့်ပြီး အုပ်ထားရ မှာပဲလေ။ ငါ့ရင်ခွင်ထပ်မဲ့ရင် ချော လေးကိုပါ ထပ်ဆုံးရှုံးရမှာပေါ့... ဖအေက ဒါတွေမသိတဲ့လူ"

ကလေးတွေလက်ဆွဲပြီး ရုံး ပိတ်ရက်တွေမှာ ခဏခဏလိုက် သွားဖို့ကလည်း စရိတ်စကတွေ ကထောင်းလှသည်။ ရန်ကုန်နှင့် မန္တလေးတိုင်း ပြေးဟယ်လွှား ဟယ် သွားကြစတမ်းလုပ်နေရင် ဝန်ထမ်းလစာနှင့် ငေတ်ဖို့ပဲရှိလေ တော့မည့်ရီရီမှာ့ခမျာ... စာတော် သောသမီးချောလေးကိုသာ ပညာ တတ်ဖြစ်ရေး စိတ်ဒုံးဒုံးချပြီး အိမ် ထောင်ရေးပစ်ကွင်းထဲမှ သား ကောင်အဖြစ် လည်စင်းပေးလိုက် ရသည့် မိခင်တစ်ယောက်သာ ဖြစ်ကြောင်း ကျွန်မတို့က မိန်းမ သားချင်း ကိုယ်ချင်းစာ၍ နာမဆုံး တော့။

ဤနည်းနှင့် ဤပုံ ဤမျှ လောက်နှင့် ဓာတ်မနှာပဲ ရီရီမှာ မရှိတော့ပြီမှ မချောလေးမှာ သူ့ အစ်ကိုအတွက် ရတက်မအေးပဲ အရပ်ကူပါ လူဝိုင်းပါဖြစ်ရလေ တော့သည်။ သာမန် လူဆို အကြောင်းလားကွယ် ဆိုသည့် အချက်တစ်ချက်တည်းနှင့် ပင် ကိုဖြိုးကို ချော့မော့၍ ရိပ်သာ ကို ပို့ရပါလေပြီ။ သူက အသိစိတ် လုံး လုံးလွှတ်တာမဟုတ်၍ အတော် ကြီး ဖြေသာပါသေး၏။

"ဘယ်သူလိုက်ပို့မှာလဲ ချော လေး"

"ချောလိုက်ပို့မှာပေါ့ ကိုဖြိုး ရယ်"

"ဟင့်အင်း... မသွားဘူး"

သူ့ဆန္ဒကို ချော့ချော့မော့မော့ မေးရာ ရုတ်ချည်းလက်မခံပဲ ပေ ကပ်နေသေး၏။ သို့ပေမယ့် ကံ ကောင်းသည်ပဲလား။ သူ့အတွေး ပြောင်းသွားသည်ပဲမသိ။ တစ်ရက် တော့ ချောလေးကို ပြောသည် တဲ့လေ။

"လေးလေး လိုက်ပို့ရင် သွား နေမယ်"

ထိုအဖြေအတွက် ကိုဖြိုး အသိ ထဲမှာ သူ့အမေ၏ သူငယ်ချင်း ကျွန်မကို သံယောဇဉ်ထားသည့် အခါ မျက်ရည်အဝဲသားဖြင့် ကျွန်မ က ပဲဦးဆောင်၍ ရိပ်သာသို့လိုက် ပို့ရာ တစ်လမ်းလုံး ကိုဖြိုးက တည် ငြိမ်သလောက် စိတ်မချမ်းသာစွာပဲ

သူ့အမေ ကိုယ်စား မျက်ရည်ပိုးပိုး ပေါက်ပေါက်ကျနေရသူမှာ ကျွန်မ ဖြစ်နေ၏။ အသိုက်အမြုံဖြိုခွဲရက် သူတို့၏လက်ရိုက်ကြမ္မာကို အံ့အား တသင့်ဖြစ်ရင်း ကိုယ်ကျင့်တရား သိက္ခာနှင့် နီးစပ်မှုဒဏ်တို့ကိုသာ ကိုဖြိုးတို့အမေကြွေကြွဲခိုင် ကျော် လွှားနိုင်ခဲ့လျှင် သည်ကလေးတွေ သည်လိုတကွဲတပြား အသိုက်အမြုံ မဲ့ ဘဝတွေ ကစဥ့်ကလျား ဖြစ် လိမ့်မည်မဟုတ်ဟု ကျွန်မ ရင်နာ နာ တွေးနေမိပါသည်။

ရိပ်သာမှာ ဆရာတော်ထံ ကျွန်မကိုယ်တိုင် ကိုဖြိုးကို အပ် နှံရင်း ချောလေးက သူ့အစ်ကိုကို ထားရသည့်အကြောင်းတွေ တစ် ရက်ကြိုလျှောက်ထားပြီး၍ အထူး တလည် မပြောမမေးကြပါ။ ကို ဖြိုး နေရေးထိုင်ရေး စားရေး သောက်ရေးအတွက် နေရမည့် အဆောင်လေးမှာ သေချာပြောပြ၍ နေရာချပေးရသည်။ ဘုရားရိပ် တရားရိပ် သံဃာရိပ်အောက်မှာ အေးအေးချမ်းချမ်းနေဖို့နှင့် မကြာ ခင် ချောလေး ရန်ကုန်ပြန်ပြောင်း လာလျှင် ပြန်လာခေါ်ပါမည်ဟု ဆရာတော်ကို ကတိပေးခဲ့ရလေ ၏။ ကိုဖြိုးကဖြင့်ဘာမှမပြောဘဲပါ။ ရိပ်သာမှ ပြန်မည်ဆိုသောအခါ ချောလေး နောက်မှ ကပ်လိုက်လာ ရင်း ရိပ်သာအဝမှာ နှုတ်ဆက်၍ လှည့် အထွက်မှာ…

"ဘယ်နေ့လာခေါ်မှာလဲ ညီ မလေး"

ရုတ်တရက် ကိုဖြိုးအသံက တိုးတိမ်အက်ရှ၍ ပကတိအသိ တရားရှိပြီး သူ့ညီမလေးကို မခွဲ ချင်သော အစ်ကိုတစ်ယောက်၏ မေတ္တာကို ကြားရမြင်ရသော အခါ ကျွန်မရင်ထဲ ဆို့နင့်နေတော့၏။

ချောလေးက မျက်ရည်အဝဲ သားနှင့် အသံတိုးတိုးလေးသာ ကြားရသည့်

"လာခေါ်မှာပါ… ချောခွင့် ရရင်"

စကားမဆုံးခင်ပင် ကိုဖြိုးက ခေါင်းညိမ့်ပြနေရှာလေ၏။

ထိုနေ့ကတည်းက ထိုရိပ်သာ လေးမှာ ကိုဖြိုးကို ကျွန်မတို့ ထား ခဲ့ရလေသည်။

ယခုတော့ဖြင့် အိမ်ပြန်လိုလှ သော ထိုလူငယ်လေးအတွက် နာ ကျင်ဆို့နင့်ရင်း တုတ်တုတ်မျှ မလှုပ်နိုင်သကဲ့သို့ ရှိနေသော ကျွန်မမှာ… "ဘယ်တော့လာ ခေါ်မှာလဲဟင်" ဆိုသည့် အသံ ကိုသာကြားယောင်ရင်း သက် သောင့်သက်သာမရှိလှသောနေ့ကို ဝမ်းပန်းတနည်းဖြတ်သန်းရပေဦး တော့မည်။

"ကိုဖြိုးရေ နောင်သံသရာ မှာ လူဖြစ်ခဲ့ရင်မိဘအစုံအလင် အောက်မှာ ချစ်ခြင်းမေတ္တာ အပြည့်အဝရတဲ့ ဉာဏ်ရည်ဖြင့် ကလေးတစ်ယောက်ဖြစ်ပါစေ။ မိဘရဲ့စောင့်ရှောက်ခြင်းအောက် မှာ လူလားမြောက်ခွင့်ရပါစေ"

ထိုအချိန်မှာ နောက်တစ်ပတ် မှာလည်း တစ်ရက်တောင်မနား လိုက်ရသော ကျွန်မမှာ အိပ်ရာလေး မှာ ရှိနေသော အဖြူရောင်ကဗျာ မှတ်တမ်းစာအုပ် ပေါ်မှာစာသားကို မျက်ရည်များ ကြားမှာ မြင်တွေ့ နေရလေ၏။ ဖော်ဝေးဒိုင်ယာရီတဲ့ လား…။

ကဗျာဆရာဖော်ဝေးရေ ရှင့် စာအုပ်ထဲကစာသားတစ်ကြောင်း ကို ကျွန်မရွတ်ပါရစေရှင်။ ထို စာသားလေးကိုလည်း ကိုယ်ချင်း စာတရား ရှိသူတွေထံ တစ်နည်း တစ်ဖုံ ပို့ဆောင်ပေးပါ။ တကယ် တော့ ကိုဖြိုးဆိုသည့် လူငယ်လေး ဟာ ကဗျာဆရာ ရေးခဲ့သလို…

"ကြေကွဲစရာအိပ်မက်တို့ ဖြင့်…

လူလားမြောက်ခဲ့ရသော… အသင်" လို့… ထိုလူတွေ သိသွား စေနိုင်တာ တစ်ခုပါပဲဟု ကျွန်မ ရေရွတ်နေမိပါတော့သည်။

■ နှင်းဝေငြိမ်း

“မိန်းမသားတစ်ဦးရဲ့ဘဝဟာ ပန်းတစ်ပွင့်ရဲ့ ဘဝလိုပဲ သမီးတော်”

“သမီးတော် နားမလည်ဘူး မယ်တော်”

“ပန်းတစ်ပွင့်ရဲ့ အဆင်းဟာ သူ့ရဲ့အမြင့်ဆုံးဂုဏ်ကျက်သရေ တစ်ပါးပါပဲ၊ ဒါပေမဲ့ပန်းတစ်ပွင့်ကို မြင်သူတွေစိတ်ဝင်တစားဖြစ်ကြရာမှာ သူ့ရနံ့ထက် သူ့အဆင်းက ပိုပြီး အဓိကကျနေတတ်တယ်၊ အေး… ရနံ့ရော အဆင်းပါ တင့်တယ်တဲ့ပန်းဆိုရင်တော့ ပြောစရာ မရှိတော့ဘူးပေါ့ ကွယ်”





"ပန်းပွင့်အကြောင်းကိုတော့ သမီးတော် နားလည်ပါပြီ မယ်မယ်၊ ဒါပေမဲ့ အဲဒါ ကမိန်းမ သားတစ်ဦးနဲ့ ဘယ်လိုဆက်သွယ်နေလို့လဲဟင်"

"သမီးတော်ဟာ ရနံ့ရော အဆင်းပါပြည့်စုံတဲ့ ပန်းတစ်ပွင့် ဖြစ်နေတယ်"

"သမီးတော်က"

"အေး... ဟုတ်တယ်ကွဲ့၊ အဲဒီလိုအလှတွေပြည့်စုံတဲ့ မိန်းမ သားတစ်ဦးအဖို့ အဲဒီအလှသည် ပင်လျှင် သူ့အတွက်အန္တရာယ်ဖြစ် ပေတော့တယ်။ မွှေးလှတဲ့ပန်းကို မြင်သူတိုင်းက ခူးယူပန်ဆင်လိုတဲ့ သဘောပေါ့"

"ဟင်... ဒါပေမယ့် သမီး တော် က ခူးယူပန်ဆင်လိုသူတိုင်း ရဲ့အလိုကို ခေါင်းငုံ့ခံရမယ့် ပန်းမှ မဟုတ်ဘဲ၊ သမီးတော်က လူသား မိန်းမတစ်ယောက်ပဲ မယ်မယ်ရယ်"

"လူသားမိန်းမမို့ ပိုခက်တာ ပေါ့ သမီးတော်ရယ်၊ ပန်းလှလေး တစ်ပွင့် အခူးခံရတာကို မိခင် ပန်း ရုံအနေနဲ့ ဘယ်လိုမှထိခိုက် ခံစား ရမှာ မဟုတ်ဘူး၊ ဟော... သမီး တော်ရဲ့ အလှကွန်မှာ ငြိတွယ်ကုန် ကြတဲ့ ဘုရင်တွေ၊ ဘုရင်တွေရဲ့ အန္တရာယ်ကိုတော့ မယ်မယ်တို့က ဒီအတိုင်း ကြည့်မနေနိုင်တော့ဘူး ပေါ့"

"သမီးတော် ဘုရင့်သမီး ဖြစ် ရတာ စိတ်ပင်ပန်းလိုက်တာ မယ် မယ်ရယ်"

"စိတ်ပင်ပန်းမဖြစ်လေနဲ့ သမီးတော်ရေ၊ ဒီကနေ့ကစ ခုနစ် ရက်မြောက်တဲ့နေ့မှာ သမီးတော်ရဲ့ ကြင်ရာရွေးပွဲအတွက် နန်းရင်ပြင် မှာ လေးတင်ပွဲလုပ်ဖို့စီစဉ်ပြီးနေ ပြီ။ ဇနကဘုရင့် သမီးတော် သီတာ ဒေဝီကို ရယူချင်တဲ့ ဘုရင်တွေ၊ သူတို့လာကြတော့မယ်"

"ဟင်..."

### ပဉ္စမမေတ္တာ

ဤသို့ဖြင့်ပင် ဒေဝီပင်တိုင်စံ ဘဝချုပ်ငြိမ်း ပြောင်းလဲခဲ့ရပါ သည်။ မိထိလာ နန်းရင်ပြင်မှ လေး တင်ပွဲသည် သီတာဒေဝီအား ကမ္ဘာ လောကတစ်ခုမှ အခြားကမ္ဘာ လောကတစ်ခုသို့ ပို့ဆောင် လိုက် သော အခမ်းအနားပင်ဖြစ် ပါ သည်။

"ဩော်... ယောကျ်ားတွေ ဟာ မိန်းမသားတစ်ဦးရဲ့အလှပေါ် မှာ ဒီလောက်အထိ တပ်မက်ယစ်မူး တတ်ကြပါလား"

ဟုလည်း ဒေဝီစိတ်ထဲမှာ ရေ ရွတ်မိပါသည်။

လေးတင်ပွဲကို ဒေဝီအသေး စိတ် မမှတ်မိတော့ပါ။ ပုလဲကြိုး များ သွယ်တန်းထားသည့်နေရာ မှ ရွှေသဉ္ဇာလီပေါ်တွင် ဒေဝီ ရှက် ကြောက်စွာဖြင့် ထိုင်နေခဲ့ရပါသည်။ မလှမ်းမကမ်းနေရာမှ အဠစန္ဒာ လေးတင်ခုံရှိရာသို့ ရောက်လာကြ သည့် ဘုရင်များကိုလည်း ဒေဝီ

မကြည့်ချင် မြင်ရက်သား ဖြစ်နေ ခဲ့ရပါသည်။ ခမည်းတော်ဘုရား စီစဉ်ထားသော 'အဠစန္ဒာ' လေး တော်၏အာနိသင်ကို ဒေဝီမသိပါ။ သို့သော် ဘုရင်တစ်ပါးပြီးတစ်ပါး ရှုံးနိမ့်ဆုတ်ခွာသွားကြသည်ကို ထောက်ရှု၍ ဤလေးသည်တော် ၏ အာနိသင်ကြီးမားပုံကို ဒေဝီ အံ့အားသင့်မိရသည်။ ဘုန်းစွမ်း လှစွမ်းကြီးမားသော ဘုရင်များ လက်မြှောက်အရှုံးပေး သွားကြရ သည့် ဤလေးတော်ကို စိတ်ဝင် စားမိရာမှ -

"ဘယ်သူများ ဒီလေးတော် ကို မ,နိုင် တင်နိုင် ပစ်နိုင်မှာပါ လိမ့်"

ဟု သိချင်လာမိပါသည်။ တစ် ဖန် ထိုသူသည် ဒေဝီနှင့် နှစ်ပါး ရွေလက် ဂဟေဆက်ရမည့်သူဟု စဉ်းစားမိသောအခါ ဒေဝီ ရင်ဖို သွားရပြန်ပါသည်။ စိတ်ပင်ပန်း နွမ်းနယ်လာမိသည်နှင့်အမျှ မိန်းမ သားတစ်ဦးဖြစ်ရခြင်းအတွက် လည်း အလိုလို အားငယ်လာမိပါ သည်။

"အို... ငါဟာ သူတို့ရဲ့အရွေး ချယ်ခံပါလား၊ မယ်မယ် ပြောတာ ဟုတ်တယ်၊ မိန်းမသားရဲ့ဘဝဟာ ပန်းတစ်ပွင့်ရဲ့အလှလိုပဲ။ ငါဟာ မိထိလာပြည်ရဲ့ မိန်းမပျိုအားလုံး ရဲ့ အထွတ် ဘုရင့်သမီးတော်ဖြစ် တယ်။ ဒါတောင်မှ ငါဟာငါ့ရဲ့ ကြင်ရာကို ငါကိုယ်တိုင်မရွေးချယ်



**မိန်းမသားတစ်ဦးကို ချစ်တယ်ဆိုတဲ့ အဓိပ္ပာယ်က**

**ဒါပဲလား လက်ာဒီပဘုရင်၊**

**ရှင့်အပြုအမူ အားလုံးဟာ အချစ်ရဲ့ညွှန်ကြားချက်တွေချည်း ဖြစ်တယ်ဆိုတာကိုရော**

**ရှင့်ကိုယ်ရှင်သိရဲ့လား။**

**ကျွန်မကို မောင်တော်ရာမဆီ ပြန်ပို့ပေးပါ။ အခုပို့ ...**

နိုင်ဘဲ ဟောဟိုက အင္ဂစန္ဒာလေးတော်ရဲ့ ရွေးချယ်ပေးမှုကို ခံယူနေရတော့တယ်။ အို မိထိလာက တခြားမိန်းမပျိုတွေဟာ ဒီလို ဟုတ်ချင်မှဟုတ်မှာပေါ့။ သူတို့ကြင်ရာကို သူတို့ကိုယ်တိုင် ရွေးချယ်နိုင်ကြမှာပါ။ ငါဟာဘုရင့်သမီးတော်မို့ ဒီလိုရွေးချယ်နိုင်ခွင့်မရှိတာဖြစ်မှာပါ။ ဩော်... ကြီးကျယ် ခမ်းနားတဲ့ အမျိုးအနွယ်ထဲက မိန်းမသားတွေဟာ ဒီလိုပဲနဲ့ တူပါတယ်၊ တကယ်လို့သာ ငါဟာ သီတာဒေဝီဆိုတဲ့''

ဒေဝီ၏အတွေးများ အဆုံးမသတ်လိုက်ရပါ။

အုတ်အုတ်ကျက်ကျက် ဖြစ်သွားသော အသံများနှင့် အတူ ကြီးမားထွားကျိုင်းသော ဘုရင်တစ်ပါးသည် ကြွားဝင့်စွာဖြင့် ဒေဝီရှိနေရာသဥ္စာလီသို့ လှမ်းလာပါသည်။ ဒေဝီ့အသည်း နှလုံးများအလိုလို တုန်လှုပ်လာပါသည်။ သူ့ကို ဒေဝီစေ့စေ့ မကြည့်ရဲပါ။

အင္ဂစန္ဒာလေးတင်ခုံ ရှေ့တွင် သူရပ်လိုက်ပြီးနောက် ကျယ်လောင်နက်ရှိုင်းသော အသံကြီးတစ်ခုကို ကြားလိုက်ရပါတော့သည်။

''ကျုပ်ဟာ လက်ာဒီပဘုရင် ဒသဂီရိဘွဲ့ခံ ရာဝဏဖြစ်တယ်၊ ကျုပ်ချစ်တဲ့ သီတာဒေဝီရဲ့ ကြင်ရာ ရွေးပွဲကို ကျုပ် လာရောက်တာပဲ''

❖

ဒေဝီပြောပြချင်ပါသည်။

လက်ာဒီပဘုရင်သည် လေးတင်ပွဲတွင် ရှုံးနိမ့်ခဲ့ပါသည်။ ဤအတွက် ဒေဝီဝမ်းသာမိသည်ဆိုပါက ဒေဝီအား ရက်စက်နိုင်အားသူဟု တစ်လောကလုံးက ဆိုကြမည်လားမသိပါ။ ဆိုကြပါစေတော့...။ ဤစွပ်စွဲချက်ကို ဒေဝီဝမ်းနည်းစွာဖြင့်ပင် ခံယူရပါတော့မည်။

လက်ာဒီပဘုရင်အကြောင်းကို ဒေဝီပြောပြချင်ပါသည်။ ဘုရင် ဒသဂီရိနှင့်သူ့အချစ်သည် ဤလောကရှိယောက်ျားပေါင်း များစွာတို့ကို ကိုယ်စားပြုနေလိမ့်မည်ဟု ထင်ပါသည်။ လက်ာဒီပဘုရင်၏ ရဲဝံ့စွန့်စားမှုကို ဒေဝီ မနှစ်သက်ပါ။

မိန်းမသားတစ်ဦး၏ စကားအဖြစ်ဆိုရပါမူ ဒေဝီသူ့ကို ကြောက်ရွံ့မိပါသည်။ ဤကြောက်ရွံ့မှုမှ မည်သည့်အရာမျှ မွေးဖွားမလာတော့ပါ။ သို့သော် ဤအကြောက်သည် အရှက်သို့ ကူးပြောင်းလာသောအခါတွင်မူ ဒေဝီ သူ့ကို မုန်းတီးစက်ဆုပ်လာသည်ဟုပင် ဆိုရပါတော့မည်။

မောင်တော်ရာမ၊ မတ်တော်လက္ခဏတို့နှင့် မှော်ရုံဝေဟာန်ကို အဖြတ်လမ်းခရီးတွင် သူသည် ဒေဝီကို အတင်းအဓမ္မ ခိုးယူခဲ့ပါသည်။ သူ၏စစ်ရထားပေါ်တွင် တင်၍ ဒေဝီကိုလက်ာဒီပ နန်းတော်သို့ ခေါ်ဆောင်သွားပါသည်။ ကြီးစွာသောစည်းစိမ်ဖြင့် သူ ဒေဝီကို စံမြန်းစေပါသည်။ နေ့စဉ်နှင့်အမျှ

ဒေဝီရှိရာ နန်းဆောင်သို့လာ၍ မေတ္တာတောင်းခံပါသည်။

"မိန်းမသားတစ်ဦးကို ချစ်တယ်ဆိုတဲ့ အဓိပ္ပာယ်က ဒါပဲလား လက်ာဒီပဘုရင်၊ ရှင့်အပြုအမူအားလုံးဟာ အချစ်ရဲ့ဆန့်ကျင်ဘက်တွေချည်း ဖြစ်တယ်ဆိုတာကိုရော ရှင့် ကိုယ်ရှင်သိရဲ့လား၊ ကျွန်မကို မောင်တော်ရာမဆီ ပြန်ပို့ပေးပါ၊ အခုပို့၊ ပြန်ပို့ပါ"

"ကျုပ်ချစ်တဲ့သူကို ကျုပ်က လွဲပြီး ဘယ်သူမှ မပိုင်စေရဘူး သီတာဒေဝီ"

"ထွက်သွား... ရှင်ထွက်သွား"

ဒေဝီကြောက်ရွံ့စွာဖြင့် အော်ဟစ်ပစ်ခဲ့ပါသည်။ တစ်ခါတစ်ရံတွင်မူ ဒေဝီ သူ့အား အသနားခံခဲ့ရပါသည်။

'မိန်းမသားတစ်ဦးကြောင့် ဘာလို့ စစ်ပွဲတွေဖြစ်ရမှာလဲ လက်ာဒီပဘုရင်၊ သတ်ဖြတ် သုတ်သင်မှုတွေဖြစ်လာရင် အဲဒါဟာ ကျွန်မကြောင့်လို့ ကမ္ဘာ့သမိုင်းတွင်ရစ်ခဲ့တော့မယ်၊ ကျွန်မကို မောင်တော်ရာမဆီ ပြန်ပို့ပေးပါ။ အားလုံးကို မေ့ပျောက်ပစ်လိုက်ပါ။ လက်ာဒီပဘုရင်မှာ ကြီးကျယ်ခမ်းနားတဲ့ မင်းစည်းစိမ်တွေ ရှိနေတာပဲမဟုတ်လား"

"အဲဒါတွေအားလုံးကိုကျုပ် အချစ်နဲ့ လဲယူလိုက်မယ် သီတာဒေဝီ"

ဒေဝီ ငိုကြွေးရုံမှအပ ဘာမျှ မတတ်နိုင်တော့ပါ။ ထွားကျိုင်းခက်ထန်သော ထိုဘုရင်ပြောသည့် သူ၏အချစ်ဆိုသည်ကိုလည်း မသိချင်ပါ။ သူ၏မိုက်မဲမှုသည်ပင်လျှင် သူ၏အချစ်ဖြစ်ပါလိမ့်မည်။ တစ်စတစ်စနှင့် သူ့အား ကြောက်ရွံ့ရာမှ မုန်းတီးလာပါသည်။ သူ့ကြောင့် ငါ ချစ်သူနဲ့ ကင်းကွာခဲ့ရတယ်။ သူဟာငါ့ကို နှိပ်စက် ညှင်းပန်းတဲ့သူဟု ယုံကြည်လာပါသည်။

ယခုတော့မူ လက်ာဒီပဘုရင်သည် မောင်တော်ရာမပစ်လွှတ်လိုက်သော မြားအစင်းပေါင်းများစွာ ရင်အုံတွင် စူးဝင်လျက် ကျဆုံးသွားခဲ့ပါပြီ။ သူ့လက်တွင်းမှ ဒေဝီလွတ်ကင်းခဲ့ရပါပြီ။ သူ့ လက်တွင်းဟု ဆိုရစေကာမူ တကယ်တော့ ထိုကြမ်းတမ်းသော ဘုရင်သည် ဒေဝီအပေါ်၌ အစအဆုံးစောင့်စည်းခဲ့သည်ဆိုခြင်းကိုမူကား ဒေဝီချန်လှပ်ထားခဲ့၍ မဖြစ်ပါ။ သူ၏ သားကောင် အကျဉ်းသားဖြစ်သောဒေဝီကို သူလက်ဖျားနှင့်မျှ မတို့ခဲ့ပါ။ ဤအတွက် ဒေဝီ အံ့သြခဲ့ရပါသည်။

'လက်ာဒီပအကျဉ်းသည်' ဘဝတွင် နေ့စဉ်နှင့်အမျှ ထိတ်လန့် နေခဲ့ရသော်လည်း လက်ာဒီပဘုရင်သည် ဒေဝီကို စကားပြောရုံ၊ ခြိမ်းခြောက်ရုံ၊ ချော့မော့သွေးဆောင်ရုံမှအပ၊ ပကတိ ရှောင်ကွင်းနေခဲ့ပါသည်။ ထိုအခါ သူ့ကို အကြောင်းပြု၍ ယောကျ်ားတို့၏ အချစ်တစ်မျိုးကို ဒေဝီ နားလည်မိသလို ရှိလာပါသည်။

သို့သော် ထိုအချစ်၏ ဂုဏ်သရကိုမူ ဒေဝီမတိုင်းတာ တတ်ပါ။ ရှုပ်ထွေးလွန်းလှပါသည်။ ကာယကံအားဖြင့် ဒေဝီသည် လက်ာဒီပဘုရင်ကြောင့် ဆင်းရဲညှိုးချုံးခဲ့ရပါသည်။

အို... အခုတော့ လက်ာဒီပဘုရင်မှ ဒေဝီလွတ်မြောက်ခဲ့ပါပြီ။

## ဒုတိယမေတ္တာ

လက္ခဏမင်းသားငယ်သည် ဒေဝီထက် ငယ်ရွယ်သူဖြစ်ပါသည်။

ငယ်ရွယ်ဖျတ်လတ်သော သူ့အသွင်နှင့် ပျောင်းနွဲ့သော သူ့ရွှေရောင် ဆံပင်များကို ဒေဝီသဘောကျမိပါသည်။ လက်ာဒီပဘုရင်ရှုံးနိမ့်သွားပြီးနောက် သူလေးတင်သော အခါတွင်မူ သက်ဝင်လှုပ်ရှားနေသော ချစ်စဖွယ် ရွှေရုပ်လေးတစ်ခုကို မြင်ရသည့်နှယ် ရှင်ပျကြည်နူးစွာဖြင့် ဒေဝီ ငေးကြည့်နေမိပါသည်။ သူ့ဟန်ပန်လေးများသည် ကလေးဟန်မပျောက်ဟု ဒေဝီထင်ခဲ့ပါသည်။ အဋ္ဌစန္ဒာလေးတော်ကို တင်နိုင်သွားမလား။ ရှုံးနိမ့်သွားမလားဟုပင် ဒေဝီ မတွေးမိပါ။ လက်ာဒီပဘုရင်ကို မခန့်လေးစား ဆက်ဆံဟန်၊ သူ့အစ်ကိုနှင့် သူ့ဆရာ ဘိုးဘိုးတို့အပေါ် ရှိသောကျိုးနွံဟန်တို့ကို ကြည့်ရင်း

ဒေဝီ ပျော်ရွှင်နေမိပါသည်။

သို့သော် တကယ်တမ်း သူ့လေးတော်၏ ညို့ကြိုးကိုရစ်ပတ်ဆွဲငင်နေသည့်အခိုက်တွင်မူ ဒေဝီ သူ့ကိုမကြည့်မိပါ။

သူ့အနီးမှာ ရှိနေသော သူ့အစ်ကို၊ ဝတ်ရုံစိမ်းနှင့် မင်းသားဆီသို့ ဒေဝီမျက်လုံးများရောက်သွားကြပါသည်။ ထိုအကြည့်ကို ဒေဝီရှက်စနိုးဖြင့် ပြန်လည် ဖယ်ခွာရန် ကြိုးစားခဲ့သော်လည်း ဝတ်ရုံစိမ်းနှင့် မင်းသား၏ မျက်လုံးစိမ်းများက ဒေဝီကို ဆွဲငင်ဖမ်းချုပ်ထားသလို ဖြစ်နေပါသည်။

ထိုအခိုက်မှာပင် အသံများ ဆူညံသွားခဲ့ပြန်ပါသည်။ လက္ခဏာ မင်းသားငယ်က ဒေဝီကိုညွှန်ပြ၍ သူ့ဆရာနှင့် သူ့အစ်ကိုတို့ကို တစ်စုံတစ်ရာ ပြောနေသဖြင့် ဒေဝီ ရှက်ရွံ့စွာ ခေါင်းငုံ့ထားခဲ့မိပါသည်။ မင်းသားငယ်၏ အသံကို သဲ့သဲ့ကြားလိုက်ရပါသည်။

''ညီက ငယ်ပါသေးတယ်၊ အစ်ကိုနဲ့ပဲ ထိုက်တန်ပါတယ်''

မောင်တော် ရာမမင်းသားလေးတင်သည့်အခါတွင် အလုံးစုံသော ပွဲသဘင်သည် ပြီးမြောက်သွားခဲ့ပါသည်။ သို့သော် ဤကမ္ဘာလောကကြီးအတွင်း အမှတ်မထင်ဖြစ်ပေါ်သွားခဲ့သည့် သေးငယ်သော ဖြစ်ရပ်ကလေးတစ်ခုကို ဒေဝီ မေ့ပျောက်၍ မရပါ။

မင်းသားငယ်၏ဝါရွှေသော မျက်လုံးများတွင် တန်ခိုးအင်အားကြီးမားသော အရာတစ်ခုကို ဒေဝီ တွေ့လိုက်ရပါသည်။ မိန်းမသားတို့၏ သဘာဝသိမှုဟု ဆိုချင် ဆိုနိုင်ပါမည်။ ပြိုးပြက်သော ထိုမျက်လုံးအစုံတွင် ကိန်းဝပ်နေသည့် စကားလုံးနှစ်လုံးကို ဒေဝီသိလိုက်ပါသည်။ သို့သော် ထိုအမြင် ထိုအသိသည် လျှပ်စီးတစ်ချက် ဝင်းပြက်သွားသလိုသာ ဖြစ်ပါသည်။ မင်းသားငယ်၏ ဝါရွှေသော မျက်လုံးလေးများသည် ရတ်ချည်းပင် ရီဝေညို့မှိုင်းသွားပြီး နောက် တခဏမှာပင် အရွယ်နှင့်မမျှ လေးနက်တည်ငြိမ်လွန်းသော အရိပ်တစ်ခုသည် သူ့မျက်နှာပေါ်သို့ ဖြန့်ကြက်အုပ်မိုးသွားခဲ့ပါသည်။

မှန်သောစကားကို ဆိုရပါမူ တစ်ခဏမျှ ထိုဖြစ်ရပ်ကလေးကို ဒေဝီ မေ့ထားခဲ့ပါသည်။

သို့သော် မှော်ရုံဟောဝန်တောထဲတွင်မူ ပြန်၍ သတိရစရာဖြစ်ခဲ့ပါသည်။

ထိုစဉ်က မောင်တော်ရာမသည် ဒေဝီအတွက် ရွှေသမင် ဖမ်းဆီးရန် ထွက်ခွာသွားချိန် ဖြစ်ပါသည်။ မောင်တော်တွင် တောနက်ဆီမှ ကြောက်မက်ဖွယ်အသံများ ကြားလိုက်ရသဖြင့် ဒေဝီပြင်းစွာ တုန်လှုပ်သွားခဲ့မိပါသည်။

စိုးရိမ်ပူပန်စွာဖြင့်မောင်တော်နောက်သို့ လိုက်သွားရန် ဒေဝီ အမိန့်ပေးခဲ့ပါသည်။ မင်းသားငယ်





က ဒေဝီအမိန့်ကိုမနာခံပါ။ ဤနေရာတွင် မရီးတော်ကို စောင့်ကြပ်နေရန် အစ်ကိုက မှာသွားကြောင်း၊ ဤနေရာ ဘယ်ကိုမှမခွာနိုင်ကြောင်း အကြောက်အကန်ငြင်းဆန်နေပါသည်။

ဤတွင် မောင်တော်အတွက် စိုးရိမ်ပူပန်ရလွန်းသော၊ သောကစိတ်တို့ဖြင့် ဒေဝီ သူ့ကို အော်ဟစ်ငေါက်ငမ်းမိခဲ့ပါသည်။

"လက္ခဏ မင်း ဒေဝီ့အမိန့်ကို မနာခံဘူးပေါ့လေ ဟုတ်လား၊ အေးလေ... ဒေဝီသိပါတယ်၊ မင်းအစ်ကို တောနက်ထဲမှာ သမင်ခတ်ကျားသတ်လို့ သေတော့မှ မင်းက ဒေဝီကို သိမ်းပိုက်မယ်ဆိုတဲ့ အကြံနဲ့"

"တော်... တော်ပါ မရီးတော်"

သူ၏ ဝါရွှေသောမျက်လုံးများ မီးဝင်းဝင်း တောက်သွားသည်ဟု ထင်ရသည်။ သူ ဒေဝီကို စူးစူးရဲရဲ ကြည့်ပါသည်။ ထိုအကြည့်၏ အဓိပ္ပာယ်အနက်ဖွင့်ရန် ဒေဝီ စကားအသုံးအနှုန်း ရှာမရပါ။

"ကျွန်တော်... ကျွန်တော်ဟာ အစ်ကိုရဲ့ညီလက္ခဏသာ ဖြစ်ပါတယ်၊ တခြားဘယ်သူ့ရဲ့ လက္ခဏမှ မဟုတ်ဘူး၊ အစ်ကိုရဲ့အမိန့်သာ ကျွန်တော်လိုက်နာရမယ့် အမိန့်ဖြစ်ပါတယ်၊ ဒါပေမဲ့ အခုဟာက အစ်ကိုရဲ့ကြင်ရာတော်က နိုင်းစေတဲ့ အမိန့် ဖြစ်လာပြီဆိုတော့ ကျွန်တော် လိုက်နာရတော့မှာပေါ့၊ ဒါပေမဲ့ မရီးတော်ကို ကျွန်တော် ရိုသေလေးစားစွာ ပန်ကြားပါရစေ၊ ကျွန်တော့် နှလုံးသားကို မရီးတော်လည်း မသိပါဘူး၊ ဘယ်သူမှလဲ မသိပါဘူး၊ သိစရာလည်း မလိုပါဘူး၊ မသိကြတာကို ကျွန်တော် ရင်နာလွန်းပါတယ် မရီးတော်ရယ်"

ဒေဝီ သူ့ကို အတိုင်းမသိ ကြင်နာသွားခဲ့မိပါသည်။ သောကစိတ်ကြောင့် ပြောခဲ့မိသော ဒေဝီ့စကားများကို ခွင့်မလွှတ်နိုင်တော့ပါ။ သို့သော် မောင်တော်အတွက် အန္တရာယ် ကိုစိုးရိမ်နေမိသဖြင့် သူ့ကို ဘာမှဆက်မပြောတော့ပါ။ မင်းသားငယ်ကမူ ဒေဝီကို ကျောက်ဂူတစ်ခုတွင် လုံခြုံစွာပိတ်ခဲ့ပြီး သူ့အစ်ကို နောက်သို့ လိုက်သွားခဲ့ပါသည်။

**အခုလောက်ထိ မသိတာကို ကျွန်တော် ရင်နာလွန်းပါတယ်** ဟူသော သူ၏အသံသည် မြားမှန်သော သားကောင်၏ အော်မြည်သံအလားပင်ဖြစ်ပါသည်။

အမှန်တော့ ဒေဝီသိခဲ့ပါသည်။ သိသည်ဟုပင် ဆိုပါရစေတော့။

နှပျိုတက်ကြွသော လက္ခဏမင်းသားငယ်ကို အကြောင်းပြု၍လည်း အခြားယောကျ်ားတစ်မျိုးတစ်စားတို့၏ အချစ်ဟူသော သဘောကို ဒေဝီသိခွင့်ရခဲ့ပါသည်။ **သြော်... ယောကျ်ားတို့တွင် ဤသို့သောအချစ်မျိုးလည်း ရှိပါသေးလားဟု ရင်ထုမနာ မြည်တမ်းမိပါသည်။**

သြော်... ယောကျ်ားတို့သည် အချစ်ကို ထုတ်ဖော်ဟစ်ကြွေးခြင်း

ဖြင့် ဆင်းရဲဒုက္ခကို ဖိတ်ခေါ်တတ်ကြသလို...

အချစ်ကိုမျှိုသိပ်သိမ်းဆည်းလိုက်ခြင်းဖြင့်လည်း ဆင်းရဲဒုက္ခကို ရင်ဆိုင်ခံစားတတ်ကြပါကလား... ဟူ၍။

**တတိယမဏ္ဍာ**

အို... အချစ်၏ နက်ရှိုင်းမှုကို ဒေဝီ အဓိပ္ပာယ်များ ဖွင့်နေမိပါပြီ။

မိန်းမသားတစ်ဦးက ဤသို့ အနက်ဖွင့်နေခြင်းကို သစ္စာတရားကတော့ ရယ်မောလှောင်ပြောင်နေတော့မည် ထင်ပါသည်။

တကယ်တော့ လောကဓံတရားက ဒေဝီကို လှောင်ပြောင်နေပါပြီ။

လေးတင်ပွဲ၏ တဲနန်းတွင် စတင် တွေ့ဆုံခဲ့ရပြီး ပထမ အကြည့်များမှာပင် ဒေဝီ၏ရင်ကို လိုက်ဖိုစေခဲ့သော မျက်လုံးစိမ်းများပိုင်ရှင် မောင်တော်ရာမမင်းသား။

အုံမခန်းလေးအစွမ်းကိုပြပြီး ဒေဝီလက်ကို ဖွံ့ဖွံ့စားစားဆွဲကိုင်ခဲ့ပေသော မောင်တော်ရာမမင်းသား။ အို... ဒေဝီချစ်သော မောင်တော်ရာမ မင်းသား။

သူ့အချစ်ကို ကြည့်မြင် သုံးသပ်ရာတွင်ကား ဒေဝီ၏ နှလုံးသားတို့ မောပန်းနွမ်းနယ်ရပါသည်။ သူ ဘုရင့်သားတော် ဖြစ်ခြင်း၊ သူ့အဋ္ဌစန္ဒာလေးတော်ကို စွမ်းဆောင်နိုင်ခြင်းတို့သည် ဒေဝီအတွက် အရေးပါသော အချက်များ မဟုတ်ပါ။ ဒေဝီသိသည်မှာ တစ်ခုသာပင် ရှိပါသည်။ ဤတစ်ခုတည်းသော အရာသည်ပင် လျှင် လင်္ကာဒီပ ဘုရင် တစ်ခါက ပြောခဲ့ဖူးသလို အားလုံးနှင့် လဲယူနိုင်သည့်အရာ ဖြစ်နေပါသည်။

ဒေဝီ သူ့ကို ချစ်ပါသည်။ မောင်တော်သည် အချစ်အတွက် လေးတင်ပွဲသို့ လာရောက်ခြင်းလား၊ လေးတင်ပွဲကြောင့်အချစ်ကို တွေ့ဆုံခြင်းလားဆိုသည်ကိုမူ ဒေဝီ မသိတတ်နိုင်ပါ။ ဒေဝီသိသည်မှာ ဒေဝီ သူ့ကို ချစ်သည်ဟူသော အချက်ပင် ဖြစ်ပါသည်။ ဤအချစ်ကို ရင်ဝယ်ပိုက်လျက် ဒေဝီ ချစ်သော သူ့ရင်ခွင်ကို အားကိုးအားထားပြုလျက် ဘုရင့်သမီးတော် ဒေဝီသည် မောင်တော်နှင့်အတူ ခမည်းတော်ဒသရထ၏ ပြည်နှင် ဒဏ်ကို ခံယူခဲ့ပါသည်။ သားတော်ကြီး ရာမ၊ သားတော်ငယ်လက္ခဏနှင့် ချွေးမတော် သီတာဒေဝီသည် နေပြည်တော်မှ ထွက်ခွာ၊ တောရပ်သို့ မိုး၍ တောပန်းကို ဆယ့်နှစ်နှစ် ပန်စေဟူသော အမိန့်တော်အဆုံး ဝယ် အားလုံးငိုကြွေးကြသော်လည်း ဒေဝီ အပြုံးမပျက်ပါ။

မောင်တော့်နောက်ပါးမှ ဖဝါးခြေမခွာ လိုက်ခဲ့ပါသည်။ တောလမ်း ကန္တာရတွင် ဒေဝီ လက်ဖဝါး၊ ခြေဖဝါးတို့မှ ပွန်းပဲ့ယိုစီးခဲ့သော သွေးများသည် ဒေဝီ၏ နှလုံးသွေးများသာ ဖြစ်ပါသည်။ မောင်တော်ကို ချစ်သော နှလုံးသည်းပွတ်မှ ကျဆင်းသည့် ဤနှလုံးသွေးတို့ အပေါ်ခြံနှင်း၍ သွေးခင်းခြေရာကွက်များအဖြစ် ရောက်စေခဲ့ပါသည်။

**လင်္ကာဒီပအကျဉ်းသည်** ဘဝတွင် နှလုံးသွေးပျက်ဖွယ် အနိဋ္ဌာရုံတို့အကြားတွင် ဒေဝီ လပေါင်းများစွာ နေခဲ့ရစဉ်က မယိမ်းမယိုင်သော ချစ်သစ္စာတို့ဖြင့် မောင်တော်ကို စောင့်မျှော်ခဲ့ပါသည်။ မိန်းမသားတစ်ဦးက ကြင်နာတတ်သော စိတ်ဖြင့် လင်္ကာဒီပဘုရင် ကျဆုံးခန်းကို အလေးမထားနိုင်အားပါ။ မောင်တော်ရာမနှင့် မိုလ်ပါစစ်သည်တို့ လင်္ကာဒီပကို တိုက်ခိုက်သိမ်းပိုက်လိုက်ပြီ၊ မောင်တော် ရာမ လင်္ကာဒီပနန်းတော်မုခ်တွင် ရောက်နေပြီ ကြားလျှင်ကြားချင်း ဒေဝီရာဇပလ္လင်ကိုမှ မငဲ့နိုင်ဘဲ မောင်တော်ဆီသို့ ပြေးသွားခဲ့ပါသည်။

ဝမ်းသာဝမ်းနည်းခြင်းများဖြင့် မောင်တော်၏ ရင်ခွင်ထဲသို့ ဝင်၍ ဒေဝီ သည်းထန်စွာ ငိုကြွေးလိုက်ပါသည်။ သို့သော်-

"သီတာ သီတာရဲ့အချစ်နဲ့ သီတာရဲ့သိက္ခာ သမာဓိဖြူစင်နိုင်မှုကိုမောင်တော် သိပြီးဖြစ်ပါတယ်၊ ဒါပေမယ့် အားလုံး လူတွေက ကဲ့ရဲ့ သဂြိုဟ်စကားမဆိုနိုင်အောင် သီတာ တစ်ခုတော့ လုပ်ရလိမ့်မယ်"

''ဟင်…သီတာ ဘာလုပ်ရမလဲ မောင်တော်''

''လပေါင်းများစွာ လက်ာဒီပဘုရင် လက်ထဲရောက်နေခဲ့တဲ့ သီတာဟာ မိမိကိုယ်မိမိ ဖြူစင်ကြောင်း၊ ကျဆုံးသွားတဲ့ လက်ာဒီပဘုရင်ရဲ့ ဘေးအန္တရာယ်က မှဲ့တစ်ပေါက်မှ မစွန်းဘဲ ကင်းရှင်းသန့်စင်ခဲ့ကြောင်း အားလုံးရှေ့မှာ သီတာ သက်သေပြဖို့လိုမယ်''

''ဟင်…''

ချစ်သူ၏ မမျှော်လင့်သော စကားသည် ဒေဝီ့ရင်ကို ထိုးဖောက်သွားခဲ့ပါသည်။ မောင်တော့် မျက်လုံးစိမ်းကြီးများက ပို၍စိမ်းနေကြပြီထင်ပါသည်။ စကားအလှတန်ဆာဆင်ထားသော ထိုစကားနောက်ဝယ်မှ မောင်တော်၏ သံသယ မကင်းသော စွပ်စွဲမှုများကို ဒေဝီ သိလိုက်ပါပြီ။

''မျက်ရည်တွေ ဝဲမနေစမ်းပါနဲ့ သီတာရယ်၊ ဒါကို သီတာ သက်သေမပြနိုင်ဘူးလား၊ မောင်တော့်ကိုချစ်ရင်''

'ချစ်' ဟူသောစကားကို မောင်တော်သုံးလိုက်ပါပြီ။ ချစ်ရသောချစ်သူ၏ အင်အားကြီးမားသော လွှမ်းမိုးမှုကို ဒေဝီ မခံရပ်နိုင်တော့ပါ။

''သီတာ အားလုံးရှေ့မှာ သက်သေပြတော့မယ်၊ မောင်တော် သီတာရဲ့အချစ်၊ အဲဒီအချစ်ရဲ့ ခိုင်မာမှု၊ သန့်စင်မှုကို သက်သေပြပါမယ်၊ ဟောဟို လက်ာဒီပဘုရင် ကျဆုံးလဲနေတဲ့ နေရာဘေးမှာ မီးဖိုကြီး တစ်ဖို ဖိုပေးပါတော့၊ သီတာ သစ္စာဆိုပါမယ်၊ မီးဖိုထဲ ခုန်ဆင်းပြီး သီတာသစ္စာဆိုပါမယ်''

ဒေဝီချစ်သော မောင်တော် ရာမ ခိုင်းစေချက်အရ–

ဒေဝီကို ချစ်တယ်ဆိုပြီး ကျဆုံးသွားသော လက်ာဒီပဘုရင်၏ အလောင်းဘေး။

အစလောက်အထိ မသိတာကို တော့ ကျွန်တော် ရင်နာလွန်းပါတယ် ဆိုသော လက္ခဏမင်းသားဦးစီးပြီး မီးဖိုကြီးတစ်ဖို ဖိုလို့နေပါပြီ။

မိမိအသည်းနှင့်အောင် ချစ်ရသူဖြစ်လာသောအခါတွင်ကား ချစ်သူ၏ အချစ်ပေါ်၌ ဒေဝီ အနက်အဓိပ္ပာယ် မဖွင့်ချင်တော့ပါ။

မီးတောက်ကြီးတွေ လောင်မြိုက်မြည်ဟည်းလာပါပြီ။

စိမ်းလွန်းသောမောင်တော့် မျက်လုံးများကို ဒေဝီမကြည့်တော့ပါ။

ဤမီးလျှံများသည် ဒေဝီ၏ ခိုင်ကျည်သော ချစ်သစ္စာ အောက်တွင် မုချငြိမ်းသေသွားကြမည်ကို ဒေဝီ သိနေပါသည်။ သို့သော်–

အချစ်မီးလျှံများကမူ ဒေဝီ ရင်တွင်း ဘယ်တော့မှ ငြိမ်းသေတော့မည်မဟုတ်ပါ။

လက်ာဒီပဘုရင်၊ လက္ခဏမင်းသားနှင့် မောင်တော်ရာမတို့ကို အကြောင်းပြု၍ ထိတွေ့ခံစားနားလည်မိသော ယောကျ်ားတို့ အချစ်ကိုလည်း ခွဲခြမ်းစိတ်ဖြာမပြုလိုပါ။ အထူးသဖြင့် ဒေဝီချစ်သော မောင်တော်၏ အချစ်ကို ခွဲခြမ်းစိတ်ဖြာ မပြုလိုပါ။

ဒေဝီ ရင်ထဲမှာ နာကျင်နေပါသည်။

အချစ်၏ အနက်အဓိပ္ပာယ်ကိုလည်း ပို၍နက်ရှိုင်းစွာသိလာပြီဟု ထင်ပါသည်။

အို… ဒေဝီရှေ့မှ မီးလျှံများသည် သူတို့ထက် အဆပေါင်းများစွာ ပို၍ လောင်မြိုက်ပူပြင်းသော သီတာဒေဝီကို ငံ့လင့်နေကြပါပြီ။

ဒေဝီ သစ္စာ ဆိုပါမည်။ ချစ်သူ အလိုကျ သစ္စာဆိုပါမည်။ ဤသစ္စာစကားတို့သည် အချစ်တရားမှ ခက်ဖြာလာသော အသီးအပွင့်များ ဖြစ်ကြပါစေသတည်း။ ဤသစ္စာစကားတို့သည် မိန်းမသားအချစ်ကို ကမ္ဘာ့သမိုင်းမော်ကွန်းထိုးမည့် စကားစုအဖြစ် ကမ္ဘာတည်ပါစေသတည်း။

■ ချစ်ဦးညို

◆❖◆



# ကမ္ဘာတစ်လွှား ကျော်ကြားတာတွေ

စန္ဒာကိုကို

---

*Sky Net ရုပ်သံမီဒီယာ၊ မြန်မာ့စီးပွားရေးရုပ်သံလိုင်းတွင် စန္ဒာကိုကို (အကယ်ဒမီဂီတလုလင်ကိုကို၏ သမီး မှုန်ရွှေရည်၊ အတွယ်အတာ၊ ငယ်ကျွမ်းဆွေ ရုပ်သံဇာတ်ကားတို့တွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် ကလေးသရုပ်ဆောင် စန္ဒာလင်း)တင်ဆက်ခဲ့သော ဆောင်းပါးအချို့ကို ကာယာကံရှင်၏သဘောတူညီချက်ဖြင့် ကောက်နုတ်တင်ပြပါသည်။*

---

ကမ္ဘာ့လေကြောင်းလိုင်းတွေနဲ့ ပတ်သက်ပြီး သုတေသနပြုသူတွေရဲ့ အချက်အလက်တွေအရတော့ ဒီနှစ်ထဲ အကောင်းဆုံးလေကြောင်းလိုင်းအဖြစ် အများစု ရွေးချယ်ပေးခဲ့တာကတော့ Qatar Airways ဖြစ်ပါတယ်။

ဒိုဟာမြို့မှာ အခြေစိုက်ပြီး နိုင်ငံပေါင်း (၁၅၀) ကျော်ကို ပျံသန်းနေတဲ့ Qatar နိုင်ငံပိုင် Qatar Airways က လေယာဉ်ထိုင်ခုံတွေဟာ ခရီးသည်တွေအတွက် သက်တောင့်သက်သာရှိပြီး လေယာဉ်ပေါ်က ဖျော်ဖြေတင်ဆက်မှုအစီအစဉ်တွေကလည်း ကောင်းမွန်တာကြောင့်လို့ အချက်အလက်တွေမှာ ဖော်ပြပါတယ်။ Qatar Airway ဟာ ကမ္ဘာ့အကောင်းဆုံးလေကြောင်းလိုင်းဆုကို အခု 2017 ခုနှစ်အပါအဝင် စုစုပေါင်း

(၄)ကြိမ် ရရှိထားပါတယ်။ စင်္ကာပူနိုင်ငံက Singapore Airlines ကတော့ ဒုတိယအကောင်းဆုံးလေကြောင်းလိုင်း ဖြစ်ပါတယ်။ ကမ္ဘာ့အကောင်းဆုံးလေကြောင်းလိုင်းအနေနဲ့ (၅)ကြိမ်တိတိ ဆုရရှိထားတဲ့ Singapre Airlines ဟာ လေယာဉ်မောင်မယ်တွေရဲ့ ခရီးသည်တွေအပေါ် ဝန်ဆောင်မှုက အလွန်ကောင်းလွန်းပြီး လေယာဉ်ပေါ်က ဖျော်ဖြေရေးအစီအစဉ်တွေကလည်း ကောင်းမွန်တယ်လို့ ခရီးသွားတွေ မှတ်ချက်ပေးထားကြပါတယ်။

တတိယအကောင်းဆုံးနေရာက လေကြောင်းလိုင်းကတော့ ဂျပန်နိုင်ငံ All Nippon Airways ဖြစ်ပါတယ်။ ဝန်ဆောင်မှုကောင်းမွန်တာ၊ သန့်ရှင်းမှုရှိတာနဲ့ လုံခြုံစိတ်ချရမှုတွေရှိတာကြောင့် ဖြစ်ပါတယ်။ Dubai နိုင်ငံက Emirrates လေကြောင်းလိုင်းကတော့ လေယာဉ်ပေါ်မှာ ဖျော်ဖြေပြသတဲ့ ဗီဒီယိုတွေ သီချင်းတွေ ကောင်းမွန်တာကြောင့် ကမ္ဘာ့စတုတ္ထအကောင်းဆုံးအဖြစ် ရွေးချယ်ခံရပါတယ်။ ၁၃နှစ်တာကာလအတွင်း Best In Flight Entertainment ဆုကိုလည်း ရရှိထားတဲ့ လေကြောင်းလိုင်းဖြစ်ပါတယ်။

ကမ္ဘာ့အဆင့်(၅)မှာရှိနေတဲ့ လေကြောင်းလိုင်းကတော့ Hong Kong နိုင်ငံအခြေစိုက် Cathay Pacific လေကြောင်းလိုင်းဖြစ်ပါတယ်။ လေယာဉ်ပေါ်မှာ နေရာထိုင်ခင်း ကောင်းမွန်တာ၊ ဝန်ဆောင်မှုကောင်းမွန်တာ၊ ဖျော်ဖြေရာအစီအစဉ်တွေ ကောင်းမွန်တာတွေကြောင့် ကမ္ဘာ့အကောင်းဆုံးလေကြောင်းလိုင်းတစ်ခုအဖြစ် ရွေးချယ်ခံရတာဖြစ်ပါတယ်။

Sources: Skytrax, Business Insider

**ဒီတစ်ခါတော့ ကမ္ဘာပေါ်မှာ အရောင်းရဆုံး မော်တော်ကားတွေ အကြောင်း ပြောပြမှာပါ။**

အခု ၂၀၁၇ ခုနှစ်၊ နှစ်ကုန်ပိုင်းကို တဖြည်းဖြည်း ရောက်လာချိန်အထိ ကမ္ဘာ့အနှံ့ သုတေသနပြုထားတဲ့



အချက်အလက်တွေအရတော့ FORD F Series ကားတွေက အရောင်းရဆုံးဖြစ်တယ်လို့ ဆိုထားပါတယ်။

Ford F Series ကားတွေဟာ ကမ္ဘာ့အနှံ့ ရောင်းရအစီးရေပေါင်း ၂ သိန်း ၄သောင်း ၃ထောင်ကျော်နဲ့ ကမ္ဘာ့ထိပ်ဆုံးနေရာမှာ ရှိနေတာဖြစ်ပါတယ်။ ဒီနေ့အထိ ကမ္ဘာတဝှမ်း Ford ကားတွေ ထုတ်လုပ်နိုင်ဖို့အတွက် Ford Mortar Car Company ကြီးကို 1903 မှာ အမေရိကန်ပြည်ထောင်စု မီရှီဂန် ပြည်နယ်မှာ Ford ကားတွေ စတင်တီထွင်ထုတ်လုပ်ခဲ့သူ Henry Ford က ရင်းနှီးမြှုပ်နှံသူ (၁၂)ဦး အစုရှယ်ယာဝင်ပေါင်း (၁၀၀၀)နဲ့ စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် အင်အားအကြီးဆုံး ကားကုမ္ပဏီတွေအားလုံးထဲမှာ ကမ္ဘာ့အဆင့် (၅)နေရာမှာရှိပါတယ်။

ရောင်းအားအကောင်းဆုံး ဒုတိယနေရာမှာရှိနေတဲ့ မော်တော်ကားကတော့ ဂျပန် Toyota ကားကုမ္ပဏီက ထုတ်လုပ်တဲ့ Corola အမျိုးအစားကားဖြစ်ပါတယ်။ သူ့ရဲ့ရောင်းအားကတော့ ဒီနှစ်ထဲမှာ ခုချိန်ထိဆိုရင်



၂ သိန်း ၁သောင်း ၄ထောင်ကျော်ရှိနေပါတယ်။ ကိုရီလာကို 1966 ခုနှစ်ကထဲ စတင် ထုတ်လုပ်ခဲ့တာ အစီးရေ (၄၄)သန်းကျော် ရှိသွားပြီ ဖြစ်ပါတယ်။ ဂျပန်ကား Nissan X-Trail ကတော့ ကမ္ဘာပေါ်မှာ တတိယ အရောင်းရဆုံး မော်တော်ကားပါ။ ဒီနှစ်ထဲမှာ အစီးရေ ၂ သိန်း ၁ သောင်း ၂ထောင်ကျော် ရောင်းထားပါတယ်။ ကမ္ဘာ့အဆင့် (၄)အရောင်းရဆုံးကတော့ ဂျပန်ကား Volkswagen Golf ဖြစ်ပါတယ်။ အစီးရေ ၂ သိန်း ၉ထောင်ကျော် ရောင်းရပါတယ်။ ဂျပန်ကား Honda Civic ကတော့ ကမ္ဘာ့အဆင့် (၅)ပါ။ အစီးရေ ၁သိန်း ၇သောင်း ၈ထောင်ကျော် ရောင်းချထားပါတယ်။

Sources: Fobes Magazine

ကမ္ဘာ့ထိပ်တန်း တန်ဖိုးအရှိဆုံး ကုန်အမှတ်တံဆိပ်တွေ အကြောင်းပါ။ အခုလက်ရှိ ကမ္ဘာပေါ်မှာ တန်ဖိုးအရှိဆုံး ကုန်အမှတ်တံဆိပ်ကတော့ ကွန်ပျူတာတွေ ထုတ်လုပ်ပြီး ကမ္ဘာ့အီလက်ထရောနစ်နဲ့ ကွန်ပျူတာ ဈေးကွက်ထဲမှာ ထိပ်ဆုံးနေရာယူထားတဲ့ Apple ပဲ ဖြစ်ပါတယ်။

Apple ကုန်အမှတ်တံဆိပ် ပိုင်ဆိုင်မှု တန်ဖိုးက အမေရိကန် ဒေါ်လာ (၁၇၀) Billion နဲ့ ကမ္ဘာပေါ်မှာ ရှိတဲ့ ကုန်အမှတ်တံဆိပ်တွေအားလုံးရဲ့ ထိပ်ဆုံးမှာ ရှိနေတာပါ။

အမေရိကန် နည်းပညာဆိုင်ရာ Apple Computer Company ကို ၁၉၇၆ ခုနှစ်မှာ Steve Jobs, Steve Wozniak နဲ့ Ronald Wayne တို့က စတင်တည်ထောင်ခဲ့ပါတယ်။ ပထမဦးဆုံး Apple 1 ကွန်ပျူတာကို စတင်တည်ထွင်ထုတ်လုပ်ခဲ့ကြပြီး အဲဒီအချိန်က အမေရိကန်ဒေါ်လာ (၆၆၆.၆၆)နဲ့ ရောင်းချခဲ့ကြပါတယ်။

သက်တမ်း ၄၁ နှစ်ရှိလာပြီဖြစ်တဲ့ Apple ဟာ အခုဆိုရင် ကွန်ပျူတာတွေသာမက ipod, iphone, ipad, Apple နာရီ၊ Apple TV တွေအပြင် OS Software မျိုးစုံကိုပါ ထုတ်လုပ်ပြီး ကမ္ဘာအနှံ့ရောင်းချလာပြီဖြစ်ပါတယ်။

ကမ္ဘာ့ဈေးကွက်ထဲမှာ ဒုတိယတန်ဖိုးအရှိဆုံး ကုန်အမှတ်တံဆိပ်ကတော့ အမေရိကန် နည်းပညာကုမ္ပဏီတစ်ခုဖြစ်တဲ့ Google ဖြစ်ပါတယ်။ သူ့ရဲ့ တန်ဖိုးက အမေရိကန်ဒေါ်လာ (၁၀၁.၈) Billion ရှိပါတယ်။ တတိယနဲ့ စတုတ္ထတန်ဖိုးအမြင့်ဆုံး အမှတ်တံဆိပ်ကလည်း အမေရိကန်နည်းပညာ ကုမ္ပဏီတွေဖြစ်တဲ့ Microsoft နဲ့ Facebook ဖြစ်ပါတယ်။ Microsoft တန်ဖိုးကတော့ အမေရိကန်ဒေါ်လာ (၈၇) Billion ရှိပြီး၊ Facebook အမှတ်တံဆိပ်တန်ဖိုးက (၇၃.၅) Billion ရှိပါတယ်။ ကမ္ဘာ့နံပါတ် (၅)နေရာမှာ ရှိနေတာကတော့ Coca Cola အမှတ်တံဆိပ်ပါ။ Coca Cola အမှတ်တံဆိပ်ရဲ့ တန်ဖိုးက အမေရိကန် (၅၆.၄) Billion ရှိပါတယ်။ Coca Cola ကလည်း အမေရိကန် ကုန်အမှတ်တံဆိပ်ပဲ ဖြစ်ပါတယ်။

Sources: Forbes, Business Insider UK

## ကမ္ဘာပေါ်က တန်ဖိုးအမြင့်ဆုံး ငွေကြေးများ

ဒီနေ့ကမ္ဘာပေါ်မှာ တန်ဖိုးအမြင့်ဆုံး ငွေကြေးကတော့ ကူဝိတ်နိုင်ငံက Kuwaiti Dinar (KWD) ဖြစ်ပါတယ်။ လက်ရှိ ငွေကြေးသတ်မှတ်မှုတွေကိုကြည့်ရင် Kuwaiti Dinar 1 Dinar ကို အမေရိကန်ဒေါ်လာ ၃ ဒေါ်လာခွဲ ဝန်းကျင်ရှိပါတယ်။

အာရှတိုက်အနောက်ဖက်၊ ပါရှန်ပင်လယ်ကွေ့မှာ တည်ရှိတဲ့ ကူဝိတ်နိုင်ငံဟာ ကမ္ဘာပေါ်မှာ ရေနံပိုင်ဆိုင်မှု အများဆုံးနိုင်ငံများအဆင့် နံပါတ် (၆)နေရာမှာရှိပါတယ်။ ကူဝိတ်နိုင်ငံသုံး Dinar ငွေကြေးက လွန်ခဲ့တဲ့ ၂၀၀၇ ခုနှစ်က စပြီး ခုချိန်ထိ ကမ္ဘာ့တန်ဖိုးအမြင့်ဆုံး ငွေကြေးအဖြစ်ရှိနေခဲ့တာပါ။ ကမ္ဘာ့ဘဏ်ရဲ့အချက်အလက်တွေအရတော့ ကူဝိတ်နိုင်ငံဟာ ကမ္ဘာပေါ်မှာ တစ်ဦးခြင်းဝင်ငွေ အမြင့်ဆုံးစတုတ္ထနေရာမှာလည်း ရှိနေပါတယ်။

ပါရှန်ပင်လယ်ကွေ့မှာပဲရှိတဲ့ ဘာရိန်းကျွန်းနိုင်ငံ

လေးရဲ့ ငွေကြေးဖြစ်တဲ့ Barhraini Dinar (BHD) ကတော့ ကမ္ဘာပေါ်မှာ ဒုတိယ တန်ဖိုးအမြင့်ဆုံးငွေကြေး ဖြစ်ပါတယ်။ Barhraini 1 Dinar ကို အမေရိကန်ဒေါ်လာ ခန့်မှန်းခြေ ၂.၆၅ ဒေါ်လာဝန်းကျင်ရှိတာပါ။ အာရေဗျ ကျွန်းဆွယ်မှာရှိပြီး ဆော်ဒီအာရေဗျနိုင်ငံ၊ ယူအေအီး နိုင်ငံ၊ ရီမင်နိုင်ငံတွေရဲ့ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်တဲ့ Oman နိုင်ငံသုံး ငွေကြေးကတော့ တတိယတန်ဖိုး အမြင့်ဆုံးဖြစ်ပါတယ်။ Omen နိုင်ငံရဲ့ငွေကြေးဖြစ်တဲ့ Omani Rial 1 Rial ကို အမေရိကန်ဒေါ်လာ ၂.၆ ဒေါ်လာဝန်းကျင်ရှိပါတယ်။ အာရှတိုက်အနောက်ဖက် မှာရှိတဲ့ ဂျော်ဒန်နိုင်ငံရဲ့ ငွေကြေး Jordanian Dinar (JOD) နဲ့ ဗြိတိသျှပေါင် (GBP) တွေကတော့ တန်ဖိုး အမြင့်ဆုံး စတုတ္ထနေရာမှာ ရှိနေကြတာပါ။ 1 Jordanian Dinar နဲ့ ဗြိတိန် ပေါင် ၁ ပေါင်ကို အမေရိကန်ဒေါ်လာ ၁ ဒေါ်လာခွဲ ဝန်းကျင်မှာရှိကြပါတယ်။ ဥရောပသမဂ္ဂ ရဲ့ ငွေကြေးဖြစ်တဲ့ ယူရိုကလည်း ကမ္ဘာ့တန်ဖိုးမြင့် ငွေကြေးတစ်ခုဖြစ်ပြီး ၁ ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒေါ်လာကျော်ကျော်မှာ ရှိနေတာပါ။

နိုင်ငံတကာ ခရီးသွားတွေအများဆုံး အသုံးပြုကြတဲ့ အမေရိကန်ဒေါ်လာရဲ့ တန်ဖိုးကတော့ ငွေဈေးနှုန်း အတက်အကျပေါ်မူတည်ပြီး ကမ္ဘာ့အဆင့် (၁၀) လောက်မှာ ရှိနေပါတယ်။

Sources: Business Insider

ဒီနေ့တော့ ကမ္ဘာပေါ်က နိုင်ငံတွေအားလုံးထဲမှာ ကိုယ့်နိုင်ငံကနေ တခြားနိုင်ငံတကာကို Export ကုန် တင်ပို့မှု အများဆုံးဘယ်နိုင်ငံလဲဆိုတာကို ပြောပြပေး မှာပါ။

ပြီးခဲ့တဲ့ ၂၀၁၆ခုနှစ်ရဲ့ နှစ်ချုပ်စာရင်းဇယားတွေအရ တော့ မြန်မာ့အိမ်နီးချင်းနိုင်ငံလည်းဖြစ် လူဦးရေ အများဆုံးနိုင်ငံလည်းဖြစ်တဲ့ တရုတ်နိုင်ငံဟာ နိုင်ငံ တကာ ကုန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်ပါတယ်။

၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလက ထုတ်ပြန်ထားတဲ့ အချက်အလက်တွေအရ တရုတ်နိုင်ငံဟာ တစ်နှစ် အတွင်း ပြည်ပကုန်တင်ပို့မှုက အမေရိကန်ဒေါ်လာ သန်းပေါင်း နှစ်သန်းကျော်နဲ့ ကမ္ဘာ့ထိပ်ဆုံးမှာရှိနေ တာပါ။

တရုတ်နိုင်ငံကနေ အဓိကအများဆုံး Export လုပ်နေတဲ့ နိုင်ငံကတော့ အမေရိကန်ပြည်ထောင်စု ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ် အမေရိကန်ဒေါ်လာ သန်း ပေါင်း ၄ သိန်း ၆သောင်းကျော်ဖိုး တင်ပို့ခဲ့တာဖြစ် ပါတယ်။ တရုတ်နိုင်ငံက ကုန်တင်ပို့မှုအားလုံးရဲ့ ၁၈ ရာခိုင်နှုန်းကျော် ဖြစ်ပါတယ်။

တရုတ်ကနေ တင်ပို့မှုအများဆုံး ဒုတိယနေရာမှာ ရှိနေတာကတော့ ဟောင်ကောင်ဖြစ်ပြီး ဂျပန်၊ တောင် ကိုရီးယားနဲ့ ဂျာမဏီနိုင်ငံတွေကလည်း တရုတ်နိုင်ငံရဲ့ ကုန်တင်ပို့မှုအများဆုံး နိုင်ငံတွေ စာရင်းမှာ ထိပ်ဆုံး ကရှိနေတာပါ။

တရုတ်နိုင်ငံကနေ နိုင်ငံတကာကို တင်ပို့တဲ့ ကုန်အများဆုံးကတော့ လျှပ်စစ်ဆိုင်ရာ စက်ပစ္စည်းတွေ နဲ့ အသုံးအဆောင်တွေပဲ ဖြစ်ပါတယ်။

ကမ္ဘာမှာ Export အများဆုံးနိုင်ငံတွေထဲမှာ ဒုတိယနေရာမှာရှိနေတာက အမေရိကန်ပြည်ထောင်စု ပါ။ တတိယနေရာမှာကတော့ ဂျာမဏီနိုင်ငံဖြစ်ပြီး ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတွေကတော့ စတုတ္ထနဲ့ ပဉ္စမနေရာတွေမှာ ရှိနေပါတယ်။

Sources: OECD, Worldatlas.com, www.cia.gov

■ ဇော်ကိုကို

**ပင်စင်စားအရေး စေတနာဖြင့် ဆောင်ရွက်ပေး။**

# To Conduct Millennium Development Goals-MDGs through the Targets of Sustainable Development Goals-SDGs for the Development of the Social and Economic Sector by Providing of the Quality of Statistics

**Mai Ester**

## 1. Introduction

The world is enjoying the fruits of modern technology in many ways which are based on the quality of statistics for socio-economic sector. Statistical system of Myanmar is basically a decentralized one, with the Central Statistical Organization (CSO), under the Ministry of Planning and Finance. CSO's Mission and Vision is to build a coherent National Statistical System in Myanmar that produces comprehensive, accurate and high-quality socio-economic statistics. CSO produces statistical indicators for policy makers, administrators, researchers and users. The Central Statistical Organization (CSO) conducted various surveys such as social and economic situations of the country in terms of statistical indicators accordance with the statistical law.

## 2. National Strategy for the Development of Statistics (NSDS)

NSDS is an instrument used globally to help countries develop their national statistical systems. New statistical law is to support NSDS in critical priority statistical areas. The key national statistical indicators should cover 12 critical program statistical domains. NSDS has organized ten clusters to emerge National Statistical System (NSS). The following of ten clusters are;

(1) National Account Statistics
(2) Survey Coordination and Statistical Standard Statistics
(3) Agricultural and Rural Development Statistics
(4) Energy Statistics
(5) Environment Statistics
(6) Vital Statistics
(7) Trade and Investment Statistics
(8) Macroeconomic Monitoring and Financial Statistics
(9) Social Statistics
(10) Demography Statistics

The one of the action is the creation of clusters or working groups on specific topics to review gaps and recommend improvements in the statistical system. The

government formed objective of Committee for Data Accuracy and Quality of Statistics (CDAQS) for developing evidence-based and planning, establishing effective implementation, monitoring and evaluation mechanism, ensuring effective cooperation for data accuracy and quality statistics with line ministers and stakeholders. Among them, CSO is leading the cluster number (2) of survey coordination and statistical standard statistics for questionnaire designer. CSO aims to continue playing a coordinating role in the statistical system by establishing statistical standards, and scrutinizing plans and budgets for individual censuses and statistical surveys, thus making the official statistical system more consistent and systematic.

**3. 2015 Millennium Development Goals (MDGs) Track of Myanmar**

The MDGs were the world's time-bound and quantified targets for addressing extreme poverty in its many dimensions-income poverty, hunger, disease, lack of adequate shelter, and exclusion-while promoting gender equality, education, and environmental sustainability for monitoring and implementing them between 1990 and 2015 with (8) goals, (18) targets, and (48) indicators. According to the 2015 MDGs Track of Myanmar results, Goal-1, 4, and 5 are not yet achieve on 2015 MDGs target, which are lower in global level.

**Table-1 2015 MDGs Track of Myanmar**

| MDGs | Progress | Achieving target in timeline | Result |
|---|---|---|---|
| **Goal 1**<br>Eradicate extreme poverty and hunger | Off track | 2025 | ✖ |
| **Goal 2**<br>Achieve universal primary education | On track for 2020 | 2016 | ✓ |
| **Goal 3**<br>Promote gender equality and empower women | Early achieved | 2010 | ✓ |
| **Goal 4**<br>Reduce child mortality rate | Off track | 2024 | ☒ |
| **Goal 5**<br>Improve maternal health | Off track | 2022 | ☒ |
| **Goal 6**<br>Combat HIV/AIDS, malaria and other diseases | On track for 2020 | 2018 | ✓ |

| MDGs | Progress | Achieving target in timeline | Result |
|---|---|---|---|
| **Goal 7**<br>Ensure environmental sustainability | On track for 2020 | 2018 | ✓ |
| **Goal 8**<br>Develop a global partnership for development | On track for 2020 | 2019 | ✓ |

*Source: TAC mdgTrack, The World Bank: MDGs (Myanmar)*

The Goal-1of MDGs is very important for social and economic sector, which has two targets that consists of halve, between 1992 and 2015, the proportion of people whose income is less than one dollar a day and halve for target (1) and target (2) indicates between 1990 and 2015, the proportion of people who suffer from hunger. Myanmar is an agro-based country. Major exports are agriculture, forestry and fishery. The rural poor account for 84 per cent of the total poor population. Agriculture is the source of livelihood for 75% of the rural population. Poverty and food security remain serious challenges facing Myanmar. (1 in 4) people lives below the national poverty line and (2 in 5) children below the age of five are under-nourished.

Myanmar's National Strategy on Rural Development and Poverty Alleviation (MNSRDPA) aims to reduce the poverty rate by half (32% to 16% (2005 to 2015) for MDG's target. Poverty in Myanmar has previously been estimated using two different approaches. But, the achievement of poverty reduction is achieved from 32.1 % in 2004 & 2005 to 25.6% in 2009&2010 by the Government of Myanmar and its development partners using data from Integrated Household Living Conditions Assessment Survey (IHLCA-1), which based on the poverty line and estimating of living conditions. According to the World Bank report (2014), Myanmar poverty rate was 37.5% in 2009&2010 by using data of IHLCA-2, which estimate based on living standards.

The Gross Domestic of Product (GDP) will improve when individual's income increased in the country. The government of Myanmar has invited local and foreign investment enterprises to enhance employment opportunities for all urban and rural areas. The government of Myanmar has been conducting the eight-pillars of poverty reduction in Myanmar. The following of eight tasks are;

(1) Development of Agricultural Production Sector
(2) Development of Rural Productivity and Cottage Industries
(3) Development of micro saving and credit enterprises
(4) Development of Rural Cooperative Tasks
(5) Development of Rural Socio-economy
(6) Development of Rural Energy
(7) Development of Livestock, Breeding and Fisheries
(8) Environmental Conservation

In Myanmar, total populations of 70% are living in rural area, which are working mostly agricultural sector. The rest of 30% populations are living in urban area. And then, the populations of 39.7 million are adults in Myanmar. Therefore, financial access is very important in Myanmar to improve household welfare, especially in rural areas, to increase agricultural productivity, to enhance food security, to improve economic opportunities for SMEs, and to improve levels of formal financial intermediation to fund growth and development. However, the government of Myanmar had tried the target (1) poverty to reduce half from 26 % for 2015 target and the target (2) poverty to be fighting hunger and ensuring food security that is conducting "zero hunger" for all people by poverty reduction committee. Myanmar has already laid down the national food security policy to combat extreme poverty and hunger. The six national strategies on food security were adopted with a view to achieving MDGs target. There are;

(1) Household food security
(2) Food quality and safety
(3) Community Health Care relating to nutritional problems
(4) Promotion of appropriate diets and care
(5) Control of micronutrient deficiencies, such as Iodine, Vitamin A and Iron
(6) Monitoring the nutrition situation

The government has been undertaking "people-centered development" policy for nation, which is implementing "Let's invest in the development of community-centered health" for nation's slogan. Healthy life is very important role for everyone which can play the development of national human resources for every sector. Human resources being the key to the progress of a nation, the government have been giving top priority to development of highly qualified human resources. In Myanmar, mothers and children constitutes 60% of total population. The government of Myanmar has given maternal and child health services as priority in national health plan. The Republic of the Union of Myanmar as a member state of the United Nations is working hard for reducing maternal mortality and morbidity. Maternal and Child health services are provided both in urban and rural settings. Ministry of Health has been increasing coverage of the quality of antenatal services to achieve goals set from the International Conference on Population and Development and Millennium Declaration. Maternal and Child Health section is trying to reduce Under-five Mortality Rate of 1990 to 2/3 in 2015 and to reduce Maternal Mortality Ratio of 1990 to ¾ in 2015 to achieve Millennium Development Goal-5.

In this regards, Myanmar as a member of the world organization, believes that it is important to realize the commitments made in Millennium Declaration in comprehensive, integrated, coordinated and balanced manner at the national, regional and international levels. Myanmar's MDG goal (1), (4) and (5) are not yet on track to achieve from results of the 2015 World Bank: MDGs (Myanmar). MDGs provide countries around the world a framework for development and time-bounded targets, which is going to finish 2015 targets. The United Nations continued a process to develop a set of Sustainable Development Goals (SDGs), which will build upon the Millennium Development Goals and converge with the post 2015 development.

**4. MDGs through the targets of Sustainable Development Goals (SDGs)**

NSDS should be in line with the Regional and Global plans and SDGs Agenda. The government of Myanmar also has to conduct MDGs through the targets of SDGs to develop social and economic sector by providing the quality of statistics. The United Nations launched People, Planet, Prosperity, Peace, Partnership (5Ps) to develop a set of Sustainable Development Goals (SDGs), which has 17 Goals, 169 Targets and 232 indicators to end poverty, protect the planet and ensure prosperity for all during 2016-2030.Therefore, data accuracy and quality of statistics are necessary to improve in making better policy, planning, implementation, monitoring and evaluation for the 2030 Global Development Agenda. Every country is trying to conduct SDGs indicators with the accuracy and quality of statistics for SDGs targets. How to measure if SDG targets are met? We need statistical indicators. These are necessary to raise the awareness for SDGs targets, implementation in developing countries, especially in Least Developing Countries (LDCs) for "The Future We Want' by 2030.

**5. Conclusion**

The government had to undertake reconstruction the production bases and rehabilitation of the infrastructure simultaneously as a nationwide scale. With the objective of reducing the undeveloped regions and alleviating the poverty in these areas, the government pumped in a lot of heavy investment for regional and border area developments. The government of Myanmar has been trying health care system to raise the level of health of the country and promote the physical and mental wellbeing of the people with the objective of achieving "Health for all" goal, using primary health care approach, to reinforce the service and research activities of indigenous medicine to international level and to involve in community health care activities, and to strengthen collaboration with other countries for national health development with increasing individual per capital income. The government of Myanmar is conducting MDGs through the targets of SDGs to develop social and economic sector by providing the quality of statistics that indicates "Better Data, Better Lives" for people.

**Reference**

United Nations Report (Sustainable Development Goals-SDGs) http://unstats.un.org/sdgs/;
The World Bank: Millennium Development Goals-MDGs (Myanmar);
An Analysis of Poverty in Myanmar (August 2017);
Kyay Mone News's Note

**မိုင်အက်စတာ (Mai Ester)**

**ပင်စင်စားတွေ စိတ်ချမ်းသာဖို့ တို့တစ်တွေ ဆောင်ရွက်စို့။**

# Gate Way to Success

**Ommarlin**

English has already been recognized as a global language at world summits, conferences, seminars and lectures. Moreover, most of the language used for science and technology and specialized education as well as satellite news is in English. Therefore, English serves very well as a global language.

In the international commercial sphere English has become lingua-francs of the business world irrespective of geographical, social, political or religious differences. It is being recognized as one of the six official languages of the United Nations. It is obvious that English has Played in important role in Myanmar education, political, and social spheres.



The recent political reforms in 2010 have opened the country up to international influences and have led to even greater interest in learning English Myanmar is becoming increasingly integrated in the global economy and expanding as a key player in the Association of South East Asian Nation (ASEAN). In 2009 the 10 nations comprising the ASEAN, including Myanmar officially recognized English as the sole operational language of the organization.

In line with this development in Myanmar, English Language instruction is made compulsory at all elves of education though it is taught as one of the foreign languages. Prior to the colonial era, Burma language had a long literary tradition and it was the most widely spoken language. During the period of British rule (1886-1948) the status of Burma language was declined and English language was adopted as the official language of public administration and the medium of instruction in education.

Upon gaining independence in 1948, the new government declared Burma language to be the official language. In line with this, there was a major reform in the education system in 1964 and became the medium of instruction at all levels, with English taught only as foreign language. It was soon recognized that standards of English language were declining and in the 1970 English was again made a compulsory subject from kindergarten and also became as the medium of instruction at higher levels of education 2014.

Myanmar has opened itself to the world for nearly a decade and experienced the flourishing world economy and globalization; and therefore its people' life and education have been changing alongside with the fast development of the country. A growing number of foreign companies and businesses varying from telecom, construction, shopping mall, luxury housing, hotel and education have entered the country recently.

It is obvious that international relations, import, export and other businesses have been growing and they require lots of international travel and communication with foreign partners and partner institution.

In view of this, the government has been sending senior officers and university faculty members to overseas for seminars, conferees, and training courses with the arrangement of Department of Higher Education, 2012. The country is expecting more foreign investments as the new government has been in place working toward a democracy regime with a strengthening of foreign direct investment policy (FDI).

Similar to other part of the world, especially Asia, this situation has resulted in a increment of professional education, vocational training, as well as second language learning. English Being the international language undoubtedly has attracted many learners and officials.

In today's business perspective, English is known as the global language of business and more and more corporate and multinational organizations use English as their organizational official language worldwide no matter where their headquarters are located. English is used as corporate language to respond and adapt to a high competitive pressure, to achieve globalization of task and resources. In the last few years, job demands have become global and the importance of English has increased manifold as English language is a predominant medium of communication both at the international and intra-national levels.

Due to global Chan ges and awareness of the importance the English language as a major part of education development in Myanmar, the present

government has imitated higher education reform (Higher Education in Myanmar, the present government has initiated higher education reform (Higher Education in Myanmar, 2012). It aims to revamp the development of Myanmar education to be competitive to international education levels.

As Myanmar intends to partake actively in the globe economic system by inviting foreign investors and strengthening diplomatic relationships with outside world, the nature of daily works requires good proficiency of English language especially among the national government officials (panorama of Myanmar Hither Education, 2012). Such necessity has led of a need to create an effective system where the English communicative skills of the government officials can be improved.

In attempts to enhance the skills of the per conformance of government officials, the government has been conduction English language improvement programs such as workshops, seminars and trainings by government agencies.

Efforts of human resources and financial aspects have been invested for the successful of these efforts. While the reforms in government agencies in improving the skills of government officials inf their English skills, it is realized that it is also very important of understand the perspectives of different stakeholders in government works on the opportunities,potentials, challenges and problems in pursuing English language improvement(Pan aroma of Myanmar Higher Education, 2012)

So, it is essential to investigate the communicative needs of government officials in English language who often represent Myanmar in economy and political arena.

Regarding with the importance of English in various fiefs, Hluttaw members urged at recent Amyotha Hluttaw to the Union Government to change the way the subject of English is taught starting from Grade 9 onwards to incorporate the four skills-reading, writing, speaking and listening- in a modern context in order ot acquire students practical English.

Currently, English language is used in legal, business and academic scenarios in more than 50 countries around the world.

As civil servants, in particular, government officials are essential to improve good English skills for acknowledgment their abilities and performance in the relevant workplace. At the same time, the good quality of English is a vital role to provide insignias and to send excursion trips and foreign countries under scholarship programmed.

Actually, English is the gate way to success for persons taking responsibilities in different kind of fields such as government organizations, business communities and so on... Without being good skills in English language, good job opportunity, higher position, higher salary, higher education, good communication and good relationship between two countries or more countries in the world cannot be guess If English Language skills develop; the chance of success for future study can be enhanced. The Gateway to success in life in the Future mostly depends on the improvement of English skills as one of the main facts. According to the Saying of William Raspberry" Good English, well spoken and well written, will open more doors than a so, let's learn and learn more English all the time!

**Written by Ommar Lin**
Assistant Director
Policy and Legal Division
Directorate Investment and Company Administration




# မြန်မာပြည်ကို တကယ်ချစ်သလား

မောင်မျိုးထွန်း (ရုက္ခဗေဒ)

ကျွန်တော်တို့ မြန်မာပြည်နှစ်ကာလကြာရှည် ကိုယ့်မင်း ကိုယ့်ချင်း နေခဲ့ပေမဲ့ ကုသိုလ်ကံလို့ပဲ ဆိုရမလား၊ ၁၈၂၄၊ ၁၈၅၂ နဲ့ ၁၈၈၅ ကျူးကျော်စစ် ၃ကြိမ်အပြီး ကိုလိုနီဘဝ ကျရောက်ခဲ့ရတာ အားလုံး အသိပါပဲ။ တနင်္သာရီနဲ့ ရခိုင်ဒေသအတွက်ဆိုရင် နှစ်ပေါင်း ၁၂၄နှစ်၊ ရန်ကုန်အပါအဝင် မြန်မာပြည် တစ်ဝက်အတွက် ဆိုရင် နှစ်ပေါင်း ၉၆ နှစ်၊ တစ်တိုင်း တစ်ပြည်လုံးအတွက်ဆိုရင် ၆၁နှစ်၊ ကိုလိုနီဘဝရောက်ခဲ့ရတာကို ပြန်လည်ရုန်းထွက်ရတာ ကတော့ ၆၃နှစ် ကြာခဲ့ရပါတယ်။ ၁၉၄၈ ကျွန်တော်တို့ လွတ်လပ်ရေး ရခဲ့သည်။ တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေဆိုတဲ့ လွတ်လပ်ရေးသီချင်းရဲ့ စကားလုံးတစ်လုံးအတွက် အသက်တွေ၊ ခြေတွေ၊ လက်တွေ၊ မုဆိုးမတွေ၊ မိဘမဲ့တွေ ဘဝတွေ ဘယ်လောက် ပေးခဲ့ကြရမှန်းတောင် ရေတွက်ကြည့်လို့ရနိုင်စရာအကြောင်း မရှိပါဘူး။

အဲသည်လိုကျွန်တော်တို့ ဘိုးဘေးမိဘတွေက အသက်တွေ ကိုယ်လက်အင်္ဂါတွေ ပေးဆပ်တည်ဆောက်ပေးခဲ့တဲ့ လွတ်လပ်သော နိုင်ငံတော်ကြီးကို ဆက်လက်တည်တံ့နေစေဖို့ကိုလည်း ဝန်းကျင် ၄ ရပ် ပတ်ပတ်လည်မှာ ကျွန်တော်တို့ရဲ့ ညီအစ်ကိုတွေက သူတို့ရဲ့ အသက်တွေ ကိုယ်လက်အင်္ဂါတွေ မိသားစုတွေကို ပေးဆပ်ရင်းနှီးလို့ ထိန်းသိမ်းပေးနေကြဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက် ချမ်းသာပြည့်စုံဖို့တော့ အသက်တွေ ကိုယ်လက်အင်္ဂါတွေ ပေးဆပ်တည်ဆောက်လို့မရနိုင်တော့ပါ။ ဘာနဲ့တည်ဆောက်ကြရမလဲ၊ ဘယ်သူတွေက ဘာတွေရင်းပြီး တည်ဆောက်ကြရမလဲ။ ကျွန်တော်တို့နဲ့ လွတ်လပ်ရေး ရတဲ့ကာလ သိပ်မကွာတဲ့ တောင်ကိုရီးယား (၁၉၄၅ လွတ်လပ်ရေးရ အမေရိကန်စစ်အုပ် ချုပ်ရေးအောက်မှာ ၃နှစ်၊ ၁၉၄၈ မှာမှ တောင်ကိုရီးယား အဖြစ်ရပ်တည်)က ဘာကြောင့် ကျွန်တော်တို့ထက် အဆများစွာ ဖွံ့ဖြိုးတိုးတက်နေသလဲ။ သူတို့ဘာတွေ ရင်းနှီးမြှုပ်နှံခဲ့ကြသလဲ။ ဘယ်သူတွေက ဘာတွေကို ရင်းနှီးပေးဆပ်ခဲ့ကြသလဲ။

အသက်တွေနဲ့တည်ဆောက်ခဲ့တဲ့ လွတ်လပ်သော နိုင်ငံတော်ကို အသက်လောက်မြတ်နိုးစရာမကောင်းတဲ့၊ အသက်လောက် တန်ဖိုးမကြီးတဲ့ ငွေကြေးကို ရင်းနှီးပြီး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရပါသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ ဆိုတာက တိုင်းပြည်စီးပွားရေး တောင့်တင်းခိုင်မာရမယ်။ စီးပွားရေးတောင့်တင်းခိုင်မာ ကောင်းမွန်သွက်လက်နေဖို့ ဘယ်သူ့တာဝန်လဲ မေးရင်တော့ အစိုးရတာဝန်ပေါ့။ စစ်တိုက်ဖို့က စစ်သားတာဝန်ဆိုပေမဲ့ ကျည်ဆံတော့ ရှိမှရမယ်။ တိုင်းပြည် စီးပွားရေးကောင်းမွန်ဖို့ အစိုးရတာဝန်ဆိုပေမဲ့ အစိုးရမှာ ငွေကြေးရှိမှရမယ်။ အစိုးရက ငွေကြေးဘယ်နေရာကရမလဲ။

ကမ္ဘာပေါ်က ဘယ်အစိုးရမဆို ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ အရင်းရှင်၊ ဒီမိုကရက်၊ လစ်ဘရယ်ဘာဝါဒဘာမှုကို ကိုင်ဆွဲကိုင်ဆွဲ တိုင်းပြည်ကို အုပ်ချုပ်ပြီဆိုတာနဲ့ ငွေကြေးရှာဖွေရန် တာဝန်ရှိလာပါပြီ။ ရှာဖွေနည်းလည်း များများမရှိ ၃ နည်းသာရှိပါတယ်။

၁။ သယံဇာတ၊ ထွက်ကုန်၊ ဝန်ဆောင်မှု စသည်များကို ရောင်းချတဲ့နည်း

၂။ နိုင်ငံတကာအကူအညီ၊ ချေးငွေ၊ ပံ့ပိုးမှုကို ရယူတဲ့နည်း

၃။ အခွန်ကောက်ရှာဖွေကောက်ခံတဲ့နည်း အဲသည် ၃နည်းအပြင်ထပ်မရှိပါ။

ကျွန်တော်တို့ ဘာတွေရောင်းဖို့ရှိပါသလဲ၊ သယံဇာတတွေလား၊ ထွက်ကုန်တွေလား၊ ဝန်ဆောင်မှုတွေလား၊ အဲသည်ကဏ္ဍတွေကနေ တိုင်းပြည်အစိုးရအတွက် ဘယ်လောက်ရရှိထားပါသလဲ၊ ရောင်းရငွေအားလုံးကို အစိုးရကရတာလား၊ ဘယ်လိုငွေကြေးမျိုးနဲ့ရတာလဲ။

နိုင်ငံတကာချေးငွေ၊ အထောက်အပံ့ဆိုတာကရော ဘယ်လောက်ကို ဘယ်လိုရပါသလဲ၊ အတိုးမဲ့ကဘယ်လောက်လဲ၊ အတိုးနဲ့ကဘယ်လောက်လဲ၊ အရင်း ပြန်ဆပ်ရန်မလိုတဲ့ပမာဏက ဘယ်လောက်လဲ၊ အဲသည်အတိုးနဲ့ အရင်းတွေကို ဘာနဲ့ပြန်ဆပ်ကြရမလဲ။

စာမရှည်အောင် တိုတိုပဲပြောပါ့မယ်။ အဲသည် ငွေရလမ်း ၂ရပ်ကို အစိုးရအဆက်ဆက်အားကိုးခဲ့ကြလို့ ခုဘာတွေ ဖြေရှင်းနေရသလဲ။ ဒါကြောင့် တိုင်းပြည်စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အစိုးရကိုယ်တိုင် စီးပွားရေးလုပ်ငန်းတွေ လုပ်တဲ့ ကွန်မြူနစ်နဲ့ ဆိုရှယ်လစ်နိုင်ငံများနဲ့ အခွန်အကောက်ကိုသာ ကောက်ခံတဲ့ အရင်းရှင်နဲ့ ဒီမိုကရေစီ နိုင်ငံများလို့ ၂မျိုး ပေါ်ပေါက်လာပါတယ်။

ကျွန်တော်တို့ ဒီမိုကရေစီစနစ်ကို လိုလားရင် အစိုးရက စီးပွားရေးလုပ်ငန်းတွေ ဝင်လုပ်လို့မရပါဘူး။ လွတ်လပ်သော ဈေးကွက်၊ မိုနိုပိုလီလုပ်ပြီး တစ်စုံတစ်ယောက်တစ်ဖွဲ့က လွှမ်းမိုးထားမှု မရှိသော

ဈေးကွက်၊ ဝယ်လိုအားနဲ့ ရောင်းလိုအားကသာ ဈေးနှုန်းကို ထိန်းသိမ်းနေတဲ့ တကယ့်လွတ်လပ်တဲ့ ဈေးကွက်ကို တည်ထောင်ပေးထားပြီး အဲသည် ဈေးကွက်ထဲကနေ အခွန်အကောက်ကို စနစ်တကျ ယိုဖိတ်မှု အလွဲသုံးစားမှု မရှိစေတဲ့ စနစ်နဲ့ နည်းမျိုးစုံ အသုံးပြု အများပြည်သူခုတုံးလုပ်ရှောင်ရှားမယ့်အခွန် တွေကိုပါ မလွတ်စေရအောင်ကောက်ခံ၊ ဗီးသီးဗန်းမ မှောက်အောင် အကျိုးရှိရှိသုံး ဆိုတဲ့နည်းလမ်းသာ ရှိပါတယ်။



အချုပ် ပြောရရင်တော့ တိုင်းပြည်ကို တကယ် ချစ်သူများက အသက်သွေးချွေး ကိုယ်လက် အင်္ဂါတွေ၊ မိဘမဲ့တွေ၊ မုဆိုးမတွေ၊ ဘဝတွေအများကြီး ရင်းပြီး ရယူပေးခဲ့တဲ့ လွတ်လပ်သော မြန်မာပြည်၊ ထိုမြန်မာ ပြည် တကယ်ချစ်သူများက ရေရှည်တည်တံ့နေဖို့ အသက်သွေးချွေး ကိုယ်လက်အင်္ဂါတွေ၊ မိဘမဲ့တွေ၊ မုဆိုးမတွေ၊ ဘဝတွေအများကြီးရင်းပြီး ကာကွယ်ပေး ထားသော မြန်မာပြည်ကို ဖွံ့ဖြိုးတိုးတက်သော တိုင်းပြည် ဖြစ်လာစေဖို့အတွက် တိုင်းပြည်ကို တကယ့် ချစ်စိတ်နဲ့ ငွေကြေးဖြည့်ဆည်းပေးမယ့် အခွန်ထမ်း ပြည်သူများ လိုအပ်ပါတယ်လို့ ဆိုချင်ပါတယ်။ သည် နေရာမှာ နည်းနည်းဖြည့်ပြောရရင်တော့ တိုင်းပြည် စီးပွားရေးအတွက် လိုအပ်နေတဲ့ အရင်းအနှီး ရလာဖို့ အခွန်က အတားအဆီးဆိုတဲ့ လှည့်စားမှုကို သတိပြု ဖို့တော့လိုပါတယ်။ မြန်မာ့စီးပွားရေး ကဏ္ဍမှာ ထုတ်လုပ်မှုကဏ္ဍတိုးတက်ဖို့ အဓိကမို့ အဲသည်ကို ထုတ်လုပ်မှုကဏ္ဍအတွက် ဝင်လာမယ့် အရင်းအနှီးတွေ မှန်ကန်ရင်တော့ ဖြေလျှော့ပေးပြီး ထိထိရောက်ရောက် ကြီးကြပ်ကိုင်တွယ်ဖို့သာလိုပါတယ်။ အများပြည်သူ တွေအတွက် အဆင့်တစ်ခုသတ်မှတ် ဖြေလျှော့ကျုန်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေကိုတော့ ထုတ်လုပ်မှုကိုသာ ဦးစား ပေးသင့်တာဖြစ်ပါတယ်။

ဒီမိုကရေစီ အစိုးရသည် အခွန်ကောက်တတ် ဖို့၊ စနစ်တကျကောက်တတ်ဖို့၊ နည်းမျိုးစုံနဲ့ တိမ်းရှောင် သူမရှိအောင် ကောက်တတ်ဖို့သာ လိုပါသည်။ အဲသည် အခွန်ကို ပေးဆောင်ရမယ့် လုပ်ငန်းရှင်တွေအနေနဲ့ မြန်မာပြည်ကို တကယ်ချစ်တာမှန်ရင်မလိမ်မညာ၊ မရှောင်မတိမ်း၊ မလှည့်မပတ်ဘဲ အသက်ကို ဆောင် ပေးကြဖို့ အသက်နဲ့မရင်းပါနဲ့ ငွေကြေးတာဝန်နဲ့ ရင်းပေး ကြစမ်းပါ၊ တိုင်းပြည်စီးပွားရေးအတွက် ပါလို့ ဆိုချင်ပါတယ်ခင်ဗျာ။

ဒုတိယပိုင်းအနေနဲ့တော့ ပြည်တွင်းအခွန်က ကောက်နေတဲ့ ဝင်ငွေခွန်၊ ကုန်သွယ်ခွန် တွေကအခွန် ပေါ် အခွန်ဆင့်နေတယ်ဆိုတဲ့ အယူအဆလေးကို ရှင်း ပေးပါရစေ။ ရပ်ကွက်ထဲ ချမ်းသာတဲ့မိသားစုနဲ့ ဆင်းရဲတဲ့မိသားစု ၂ခုကို နမူနာဆိုပါရစေ။ ချမ်းသာတဲ့ မိသားစုက သူ့သားသမီးတွေကို မနက်မိုးလင်းရင် သုံးထောင်၊ လေးထောင်ဖိုး မနက်စာကျွေး မုန့်ဖိုး ငါးထောင်ပေးပြီး ကျောင်းလွှတ်နိုင်ပါတယ်၊ ဆင်းရဲ တဲ့မိသားစုကတော့ ကျောင်းတောင်ထားဖို့ အနိုင်နိုင် ပေါ့။ သို့ပေမဲ့ အမြော်အမြင်ရှိတဲ့ ဆင်းရဲသော ဖေဖေက သူ့သားသမီးတွေလက်ထက် သူ့မြေးတွေ လက်ထက် မဆင်းရဲရအောင် ပညာသင်ပေးဖို့ ဆုံးဖြတ် လိုက်ပြီဆိုရင် သူတို့မိသားစု ဘာလုပ်မလဲ။

လင်ကိုယ် မယားနှစ်ယောက်တည်းမှာ လင်သားလုပ်စာနဲ့ လောက်ငကောင်း လောက်င

နိုင်ပေမဲ့ သားသမီးတွေရှိလာပြီ၊ နောင်ရေးအတွက် ပညာကို အရင်းအနှီးထည့်ဖို့ စီစဉ်ပြီဆိုတော့ လင်သား လုပ်စာနဲ့ မလောက်ငှတော့ဘူးဆိုရင် အဲသည်လင်သား ကိုပဲ ထပ်အလုပ်လုပ် ခိုင်းမလား၊ ဇနီးသည်က တစ်ဖက်တစ်လမ်းကနေ အိမ်ဆိုင်ဖွင့်မလား၊ စက်ချုပ် မလား၊ အဝတ်အဟုားလျှော်မလား၊ တစ်ခုခုစီစဉ်ရတော့ မယ်။ ကလေးက တစ်ယောက်၊ ငါးနှစ်အောက်လောက် ထိ နှစ်ယောက်လုပ်စာနဲ့ အဆင်ပြေနိုင်သေးပေမဲ့ ကျောင်းထားရတော့မယ်၊ နောက်ကလေးတွေရှိလာပြီ ဆိုရင် ဘယ်လိုစီစဉ်မလဲ၊ ကားဒရိုင်ဘာဖေဖေ ညဆို ဆိုက်ကားထွက်နင်းမလား၊ သားကြီးကိုပဲ အလုပ်တစ် ခုခု လုပ်ခိုင်းမလား စသည်ဖြင့် စီစဉ်ရတော့မယ်။ အဲသည်လို စီစဉ်မှသာ သားလတ် သမီးငယ်တွေအတွက် ပညာကို အရင်းပြုတဲ့ လုပ်ငန်းဝင်ငွေ စီစဉ်ပေးနိုင်လာ မယ်၊ ဆင်းရဲတဲ့ဘဝက လွတ်နိုင်မယ် မဟုတ်ပါလား။ ဆင်းရဲပါတယ်ဆို အဖေတို့က သားကို ငွေရှာခိုင်း နေတယ်ဆိုပြီး ငြင်းသင့်မသင့်။

ခုမြန်မာပြည်က ချမ်းသာတဲ့ နိုင်ငံလား၊ ဆင်းရဲတဲ့ နိုင်ငံလား။ ရှင်းပါတယ်ဗျာ။ ဆင်းရဲပါတယ်။ ဆင်းရဲတဲ့နိုင်ငံဘဝက လွတ်ဖို့ အစိုးရကတော့ ဆင်းရဲ တဲ့ မိသားစုမှာ အဖိုးနဲ့တူပါလိမ့်မယ်။ သူကိုယ်တိုင် စီးပွားရေးထလုပ်ဖို့ မဖြစ်နိုင်ဘဲ စီမံခန့်ခွဲရပါမယ်။ တိုင်းပြည်ဝင်ငွေဆိုတာ လုပ်ငန်းရှင်များလက်ထဲက ဝင်ငွေမဟုတ်ပါ။ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရထားတဲ့ ငွေသာ ဖြစ်ပါတယ်။ အဲသည်ငွေက အခွန်အမိကပါ။ ဒါကြောင့် ဖခင်ရဲ့ဝင်ငွေနဲ့တူတဲ့ ဝင်ငွေခွန်ကို ဝင်ငွေ အလွှာအလိုက်ခွဲခြားပြီး ကောက်ခံပါတယ်။ တိုင်းပြည် အတွက် မလုံလောက်တဲ့အခါ ဖခင်ကိုသာ အကြိမ်ကြိမ် ဝင်ငွေရှာခိုင်းသလို ဝင်ငွေခွန်ဆောင်ပြီးတဲ့ ဝင်ငွေနဲ့ အခြေခံကုန်စည် ၈၈မျိုးနဲ့ အခြေခံဝန်ဆောင်မှု ၂၉ မျိုးအတွက် သုံးစွဲသူတွေကလွဲပြီး အခြားကုန်စည် နဲ့ ဝန်ဆောင်မှုတွေကို ခံစားသူတွေအနေနဲ့ အမေ အလုပ် ရှာလုပ်သလို ကုန်သွယ်ခွန်ထပ်မံပေးဆောင် စေတာ ဖြစ်ပါတယ်။

ဆိုလိုတာက ဝင်ငွေခွန်ဆောင်ပြီးတဲ့ ကိုယ့် အိမ်မှာ ထမင်း၊ ဟင်း ချက်စားရင် ကုန်သွယ်ခွန် ထပ်မံဆောင်ရန်မလိုအပ်ဘဲ ဆိုင်မှာ စားသောက်ဆိုင်မှာ ဟိုတယ်မှာ ထွက်စားမယ်ဆိုရင်တော့ ကုန်သွယ်ခွန် ထပ်မံပေးဆောင်စေတာဖြစ်ပါတယ်။ ဒါကြောင့် ဝင် ငွေခွန်နဲ့ ကုန်သွယ်ခွန်ဆိုတာ အခွန်၂ထပ် ကောက်တာ မဟုတ်ဘဲ အဖေနဲ့ အမေ အလုပ်လုပ်ငွေရှာပေးသလို မိသားစုလောက်ငှချမ်းသာဖို့ ထည့်ဝင်ကြသလို တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် တိုင်းပြည်ကို ချစ်သော လုပ်ငန်းရှင်များက ကန့်သတ်ထပ်မံထည့်ဝင်ပေးကြ သော အခွန်၂မျိုးသာ ဖြစ်ပါတယ်။

နိဒါန်းမှာ ပြောခဲ့သလိုပါပဲ မြန်မာပြည်ကို အသက်တွေ ၊ ခန္ဓာတွေ၊ ဘဝတွေနဲ့ တည်တံ့စေခဲ့ပြီးပါ ပြီ။ ဖွံ့ဖြိုးတိုးတက်စေဖို့ကိုတော့ အသက်လောက် ပမာနမကျတဲ့ အခွန်နဲ့ တည်ဆောက်ပေးကြပါလို့ လုပ်ငန်းရှင် အခွန်ထမ်းသင့်သူများအားလုံးကို ဖိတ် ခေါ်တိုက်တွန်း နှိုးဆော်လိုက်ရပါတယ်ခင်ဗျား။

**■ မောင်မျိုးထွဋ် (ရှကမဒ)**

---

**အခွန်ဆောင်ထား နိုင်ငံသား လေးစားသမှု တို့ဂုဏ်ပြု**



IKBZ
Insurance
"ယုံကြည်အားထား IKBZ အာမခံစွမ်းအား"
Hot Line : 01-2307000, 09 792307000